www.burmeseclassic.com

ရွှေမင်းဝံစာစဉ်(၉)

မဟာကမ္မဋ္ဌာနာစရိယ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# ရွှေမင်းဝံဆရာတော်

## အမေရိက ဥရောပ
## (၆) နိုင်ငံဓမ္မဂုဏ်ရည်ပြ
## အမှတ်တရနေ့ရက်များ

BURMESE CLASSIC .com



အမေရိကန် ၊ အင်္ဂလန် ၊ ပြင်သစ် ၊ ဂျာမဏီ ၊ အီတလီ ၊ ဆွစ်ဇာလန်

GRAPHIC NAY WINN AUNG 73108398

www.burmeseclassic.com

www.burmeseclassic.com

မဟာကမ္မဋ္ဌာနာစရိယ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# ရွှေမင်းဝံသဆရာတော်

## အမေရိက ဥရောပ

## (၆) နိုင်ငံ ဓမ္မဂုဏ်ရည်ပြ

## အမှတ်တရနေ့ရက်များ



အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီ၊ ဆွစ်ဇာလန်

သာသနာနှစ် ၂၅၅၄ ကောဇာ - ၁၃၇၂ ခရစ်နှစ် - ၂၀၁၀

www.burmeseclassic.com

www.burmeseclassic.com

**ရွှေမင်းဝံဆရာတော်၏**

၂၀၀၉ ခု

အမေရိက ဥရောပ

# အမှတ်တရနေ့ရက်များ

<u>မာတိကာ</u>


- မမွှဂုဏ်ရည်ပြခရီး နိဒါန်းစကားဦး
  ဒေါက်တာ မမွှပိယ Ph.D (USA) (က)
- ဆရာတော်ရဲ့ ထုတ်မဂ်လာ၊ ကျေးဇူးလွှာ (ဓ)
- အရှင်ဉာဏိကာဘိဝံသ
  (ကာလီဖိုးနီးယားတက္ကသိုလ်)ရဲ့ကျေးဇူးစကား ၁

၁။ ခရီးအစ ပထမနေ့ဝယ် ၇
၂။ ဝေဟင်ခရီး လေယာဉ်စီးကာ ၉
၃။ တိုင်ပေလေဆိပ် စိုးထိတ်ထိတ် ၁၂
၄။ ဒုတိယအကြိမ် ဒုတိယနေ့ ၂၃
၅။ သန္တိသစ္စာ ငြိမ်းရာစခန်း နိဗ္ဗာန်လမ်း ၂၈
၆။ အညာမြေဌာနေကို မှန်းကာဆ ၃၄


www.burmeseclassic.com

www.burmeseclassic.com


၇။ အချိန်နှင့်လူ နိုင်သူစားစတမ်း ၄၀
၈။ အခါကိုလင့်၊ အခွင့်ကိုစောင့် ၄၆
၉။ အခွင့်ကိုစောင့်၊ အခါမလင့် ၅၁
၁၀။ သစ္စာနဲ့အရူဇာ၊ ပေါင်းကူးကာ ၅၈
၁၁။ ဟောလိဝုဒ်မှပေးသော ဒဿန ၆၃
၁၂။ ကောင်းဘွိုင်နယ်မြေ–တက္ကဆပ်အသွား
လေယာဉ်ပေါ်ဝယ် ၆၉
၁၃။ သီတဂူစန်းလ ချမ်းမြလို့သာပါပေ ၇၆
၁၄။ အားသစ်လောင်းမည် တက္ကဆပ်ပြည် ၈၀
၁၅။ တင့်တင့်တယ်တယ် မောင်နှင့်မယ် ၉၀
၁၆။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းချမ်းသာ ၉၄
၁၇။ လက်ပံပွင့်ချိန်၊ နှင်းဝေခဲ့ပြီ ၁၀၀
၁၈။ ဆန်ဖရန် တစ်ဖန်ရောက်ပြန်လေပေါ့ ၁၀၅
၁၉။ သွေးကဖြစ်သော ဝါသနာ ၁၁၀
၂၀။ ခရီးတာဝေးပေမယ့် ရှုငေးလို့ ကုန်နိုင်ဖွယ် ၁၁၅
၂၁။ တောင်ညီနောင်ထိပ်ဖျားက၊ ရှုပါရ မြင်ကွင်းကျယ်၊
လွမ်းချင့်စဖွယ် ၁၂၀
၂၂။ တောနဲ့တောင်စွယ် စိမ်းရောင်ခြယ်လျက် ၁၂၄
၂၃။ သတိတိမ်လျှင်၊ အသိမှိန်မယ် ၁၃၇
၂၄။ တိုင်းတစ်ပါးက ခမ်းနားတဲ့သကြ်န် ၁၄၀
၂၅။ **Red Wood Tree** ခရီးလမ်း အံ့မခန်းဖွယ်
တောင်လယ်ယာခုတ် သူကြွယ်အလုပ် ၁၄၆
၂၆။ မေတ္တာနန္ဒ သကြ်န် အထူးတရားစခန်း ၁၅၄
၂၇။ ကိုယ့်ယာဉ် ကိုယ်စီး၊ ကိုယ့်ခရီး ကိုယ်သွား ၁၆၀
၂၈။ အနောက်ဖျား ပစိဖိတ်ကမ်းမှသည် အရှေ့ဘက်
အတ္တလန်တိတ် ဆီသို့... ၁၇၄
၂၉။ ဒါးလပ်စ်အပြည်ပြည်ဆိုင်ရာ လေဆိပ် ၁၈၂
၃၀။ ရာသီဒဏ် တူညီခံရသော်လည်း ၁၈၅
၃၁။ သဘာဝလွန်၊ ကံ–မလွန် ၁၉၂
၃၂။ တွေ့ရာနှင့်ဆုံ၊ ကြုံရာနှင့်တည့် ၁၉၆
၃၃။ ညီမျှသဒ္ဒါ၊ ရင်းတည်ကာ ၂၀၂
၃၄။ ကျေးရူးကမ္ဘာ အို...နှာဆာ ၂၀၉
၃၅။ သတိမပျက်၊ အသိဆက် ၂၁၄
၃၆။ နယူးယောက် ထူးလောက်တဲ့ ရွှေမြို့တော် ၂၁၉
၃၇။ ကျေးရူးအနန္တာ၊ ပဋ္ဌဂုဏာ ၂၂၃
၃၈။ ကော်ဖီနွေးနွေး ရေအေးအေး
အတိတ်ကိုတွေး စိတ်မအေး ၂၃၁
၃၉။ ဘယ်ရီ တကယ်ညီတဲ့စခန်း အံ့လောက်ခမန်း ၂၃၆
၄၀။ မသိလျှင်၊ လွဲနိုင်တယ် ၂၄၃
၄၁။ လောကချမ်းသာ မြတ်နေရာ
လောကုတ်ချမ်းသာ ရှာဖွေပါ ၂၅၁
၄၂။ တန်ဖိုးသိမှ တန်ဖိုးရှိမယ် ၂၆၂
၄၃။ ဒါနသဒ္ဓါ၊ ရပ်ကြည်သာ၊ ဥစ္စာကုံပြည့်ဝ ၂၆၈
၄၄။ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်၊
ရှည်အောင်တည်ရန် ၂၇၂



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၄၅။ မြေခွဲပေမယ့် သွေးမကွဲ ၂၇၆
၄၆။ အိမ်အပြန် ချိန်တန်ရောက်ပြီမို့ ၂၈၂
၄၇။ Welcome to ဟီသရိုး ၂၈၇
၄၈။ မျက်လုံးကပြောသော စကားများ ၂၉၂
၄၉။ ဝင်ဆာမှာ ရင်နာစရာတွေးမိပြန်တော့ ၃၀၇
၅၀။ ဥရောပ တိုးရ် အစပျိုးပြီ ၃၁၃
(အမေရိကန် - အင်္ဂလန်)မှ → ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ အီတလီသို့
၅၁။ ဗီးနပ်စ်နဲ့ မိုနာလီဇာ
ဘယ်...ဘယ်သူသာပါလိမ့် ၃၁၉
၅၂။ ဘာဆိုင်းနှင့် အီဖယ်လ် ရောက်အောင်ပို့မယ် ၃၂၂
၅၃။ ဂျနီဗာ ရူးရစ်၊ မြူးနစ်က ရှူစရာ၊ ဆန်းထူးစုံစွာ ၃၂၇
၅၄။ မြေအောက်မြို့တော် တင်စားခေါ် ၃၃၂
၅၅။ ရိုင်းမြစ်ရေတံခွန်သို့ ၃၄၁
၅၆။ 'နင်ဖာဘတ်'နန်းတော်၊ အံ့ဖွယ်နော် ၃၄၄
၅၇။ နှုတ်ဆက်ခဲ့ပါသည်၊ ဂျာမနီ ၃၅၀
၅၈။ ဗာတီကန် ရောမဌာနီ ဝေခွဲခက်ပြီ ကော်လစီ ၃၅၅
၅၉။ Shopping ထွက်ကြမည်၊ ရောမဆီ ၃၆၃
၆၀။ ရောမမှသည် ဗင်းနစ်ဆီ ၃၆၇
၆၁။ ဗင်းနစ်နဲ့ရေလှော်၊ ခွဲမရနိုင်ပါ ၃၇၁
၆၂။ လန်ဒန်မှာပြန်ကာသာ တစ်ခါနားပါလေဦး ၃၇၈
၆၃။ ဘဝချင်းတူ ရိုင်းပင်းကူ ၃၈၃
၆၄။ မဒန်တူးဆော့ဒ် ထူးပေ့၊ ဆန်းပေ့ ၃၈၉
၆၅။ စတုန်းဟင်းနှင့်
ရှေးဟောင်းတောင်ပေါ်မြို့လေးဆီသို့ ၄၀၀
၆၆။ ဥရောပတွင် ရှင်သန်နေမယ့်
အာရှအငွေ့အသက်များ ၄၀၃
၆၇။ အလှစုံညီ၊ ရှိတ်စပီးယားမွေးဌာနီ ၄၁၀
၆၈။ ကာရံမညီခဲ့သော ကမ်းခြေ ၄၂၃
၆၉။ နောက်ဆုံးအနမ်း ဘက်ကင်ဟန်နန်း ၄၂၆
၇၀။ ခမ်းနားပါပေ ဝင်ဘလေ ၄၃၁
၇၁။ နိဂုံးစကား၊ နှလုံးသားကစား၊ ကျေးဇူးကမ္ဘာ ၄၃၅
၇၂။ ရွှေပြည်တော် မျှော်မဝေးပြီဘူး ၄၃၉

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

**ရွှေမင်းဝံဆရာတော်**

**ဘဒ္ဒန္တ သောဘန**

www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မဂုဏ်ရည်ပြခရီး နိဒါန်းစကားဦး
## အရှင်ဓမ္မပိယ Ph.D.(USA)

ယနေ့ မျက်မှောက်ခေတ်၌ မြန်မာရဟန်းတော်များ နိုင်ငံရပ်ခြားသို့ အတော်များများ ရောက်ရှိလာကြသည်။ ရောက်ရှိလာခြင်း၏ အကြောင်းရင်းများကတော့ တစ်ပါးနှင့် တစ်ပါး မတူညီကြပေ။ တချို့ ရဟန်းတော်များ (ဆရာတော်များ)က 'ဓမ္မဂုဏ်ရည်ပြ' ခရီးအတွက်ရောက်ရှိလာပြီး တချို့က ပညာသင်ယူရန်၊ တချို့က ဗဟုသုတများ ဆည်းပူးရန်နှင့် တချို့ကြတော့လည်း အခြားအခြားသော အကြောင်းများနှင့် ရောက်ရှိလာကြသည်ကို တွေ့ရှိရသည်။ ဘယ်အကြောင်းနဲ့ပဲ ရောက်ရောက် 'စရထဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ... (လူအများ အကျိုးစီးပွားဖြစ်ထွန်းဖို့ ဒေသစာရီခရီးလှည့်လည်ကြ)' ဟု ဘုရားဟောရှိထားသည်မို့ နိုင်ငံရပ်ခြား၊ တိုင်းပြည်များသို့ မြန်မာရဟန်းတော်များ ကြွရောက်လာမှုကို ကြိုဆိုရပေမည်။ အမေရိကန်နိုင်ငံ 'ဓမ္မဂုဏ်ရည်ပြ' ခရီးအတွက် ရောက်ရှိလာကြသော ဆရာတော်များအထဲတွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေမင်းဝံ သာသနာ့ရိပ်သာ၌ သီတင်းသုံးနေတော်မူသော ရွှေမင်းဝံဆရာတော်လည်း ပါဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းဝံဆရာတော်သည် အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် အခါက ဆရာတော်ဘုရားကြီး၏ အနီးနေ အန္တေဝါသိက၊ ပဋ္ဌာသမဏရဟန်းတစ်ပါးဖြစ်ခဲ့ဖူး၍ ကိုယ်အမူအရာ၊ နှုတ်အမူအရာများ သိမ်မွေ့လှသည်။ စကားပြောရာ၌ ချိုသာ ပျော့ပြောင်းပြီး၊ အများအပေါ်၌ စိတ်ကောင်း နှလုံးကောင်း ထားနိုင်၍ မဟာစည်အသိုင်းအဝိုင်းမှ သံဃာတော်များ၊ ယောဂီ များဆိုလျှင် ရွှေမင်းဝံဆရာတော်အပေါ်၌ 'ချစ်-ကြည်-ရိုသေ' စိတ်နှင့် ခင်မင်လေးစား၊ ကြည်ညိုသဒ္ဓါပွားလျက် ရှိကြသည်။ ရှေးဘုန်း၊ ရှေးကံနှင့် ပြည့်စုံသော ဆရာတော်ဖြစ်၍ ရွှေမင်းဝံ ဆရာတော်၏ ရိပ်သာများ (မြို့ရိပ်သာ၊ တောရိပ်သာများ) သည်လည်း အံ့ဖွယ်ကောင်းလောက်အောင် တိုးတက်နေသည် ကို တွေ့မြင်ရသည်။

လွန်ခဲ့တဲ့ငါးနှစ်ခန့်က ရွှေမင်းဝံ သာသနာ့ရိပ်သာမှာ ရွှေမင်းဝံဆရာတော်ကို စာရေးသူကိုယ်တိုင် သွားရောက် ဖူးတွေ့စဉ်က 'ဆရာတော်ဘုရား ဆရာတော်ရဲ့ တပည့် သာဝကတွေ အတော်များများ နိုင်ငံခြားမှာလည်း ရောက်ရှိ နေကြပြီဖြစ်လို့ အခွင့်အခါ သင့်ခဲ့ရင် ဓမ္မဒူတခရီးမျိုးအနေနဲ့ နိုင်ငံခြားကို ကြွရောက်သင့်ပါတယ် ဘုရား'လို့ လျှောက်ထား တော့ ဆရာတော်က 'ပြည်တွင်းမှာ အလုပ်တွေက မအားလပ် နိုင်အောင်ရှိနေလို့ နိုင်ငံခြားကြွဖို့ စိတ်မရှိသေးပါဘူး'ဟု



အေးအေးဆေးဆေးလေးပဲ အမိန့်ရှိခဲ့သည်။ သို့သော် ထိုမှ နောက်နှစ်၌ နိုင်ငံခြားသို့ ကြွရောက်ရန် ဆရာတော်အား အကြောင်းဆိုက် ရောက်လာခဲ့သည်။ နယူးဂျာစီမြို့။ လောက ချမ်းသာကျောင်း၌ တည်ထားကိုးကွယ်သော'လောကချမ်းသာ စေတီတော်' ထီးတင်ပွဲကော်မတီမှလည်းကောင်း၊ ဝါရှင်တန် ဒီစီ မေရီလင်းဒ်မြို့ မင်္ဂလာရာမကျောင်း တရားစခန်းပွဲနှင့် ကာလီဖိုးနီးယားပြည်နယ်၊ ဖရီးမောင့်မြို့ ၊ မေတ္တာနန္ဒ တရား စခန်း ပွဲများမှလည်းကောင်း ရွှေမင်းဝံဆရာတော်အား ပင့်ဖိတ် ၍ အမေရိကန်ခရီးစဉ်ကို ဆရာတော် ကြွရောက်ဖြစ်ခဲ့သည်။ ဤခရီးစဉ်၌ ရွှေမင်းဝံ ဆရာတော်သည် အချိန်များများမပေး နိုင်၍ အမေရိကန်နိုင်ငံအတွင်း တရားစခန်းပွဲများ ပြီးပြီးချင်း မြန်မာပြည်သို့ ပြန်ကြွခဲ့သည်။ ထိုနှစ်၌ပင် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံများမှ ဒကာ၊ ဒကာမများ၏ ပင့်ဖိတ်ချက်အရ ဓမ္မဂုဏ်ရည်ပြခရီးကိုလည်း ကြွရောက်ခဲ့သည်။

အမေရိကန်နိုင်ငံသို့ ဒုတိယအကြိမ်မြောက် ဓမ္မဒူတ ခရီးစဉ်အဖြစ် ၂၀၀၉ ခုနှစ်၊ မေလတွင် နောက်တစ်ကြိမ် ထပ်မံ၍ ကြွရောက်တော်မူခဲ့သည်။ ယခုတစ်ကြိမ်တွင်မူ အမေရိကန်နိုင်ငံအပါအဝင် အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် ဆွစ်ဇာလန်နိုင်ငံများသို့ပါ ဓမ္မဒူတခရီး ကြွရောက် နိုင်ခဲ့သည်။ ယခုခရီးစဉ်တွင် ဆရာတော်၏ တရားအဆုံးအမ ကို ရရှိခဲ့ကြသော ဆရာတော်၏ တပည့်ယောဂီများသည်

www.burmeseclassic.com

www.burmeseclassic.com



အားရကျေနပ်ခဲ့ကြသည်။ 'နေပြည်တော် မျှော်လေတိုင်းဝေး' ဖြစ်နေခဲ့ကြသော်လည်း ယခုကဲ့သို့ ဆရာတော်ဘုရားများ ကိုယ်တိုင် နိုင်ငံရပ်ခြားသို့ ကိုယ်တိုင်ကြွရောက်တော်မူလာကြပြီး တရားဓမ္မများကို ပြသပေးတော်မူခဲ့၍ ဝမ်းသာကြည်နူးမှု ပီတိများ ဖြစ်ရပါကြောင်း လျှောက်ထားသံများကိုလည်း ပွဲတင်ထပ်မျှ ကြားနေခဲ့ရသည်။ တရားချမ်းသာနှင့်တူသော ချမ်းသာသည် ဤကမ္ဘာပေါ်၌ ဘယ်အရာနှင့်မှ မတူနိုင်ကြောင်းကို ယောဂီတို့ သိခွင့်ရခဲ့ကြသည်။ တရားနှင့်နီးမှ ဆင်းရဲနှင့် ဝေးကြမယ် ဆိုတာ သူတို့လက်ခံ သဘောပေါက်ခဲ့ကြပြီ။

ဆရာတော်သည် ဓမ္မဂုဏ်ရည်များကို ပြသရာ၌ ကျွမ်းကျင်တော်မူလှသည်။ တရားပြသရာ၌ စိတ်ရှည်လှ၍ ယောဂီများသည် ဆရာတော်ဘုရားအား ကြည်ညိုသဒ္ဓါ ပွားခဲ့ကြသည်။ တရားရှုနည်းများကို ညွှန်ကြားပြသရာ၌ မဟာစည်ဆရာတော်ဘုရားကြီးထံမှ ရှုနည်း၊ ဟောနည်း၊ ညွှန်ကြားပုံ ညွှန်ကြားနည်း စသည့် စနစ်များကို ကောင်းမွန်စွာ ရထား၍ ညွှန်ကြား၊ ပြသရာ၌ ရှင်းလင်းပြတ်သားတိကျလှသည်။ ဤအရည်အသွေး များသည် 'ဓမ္မဂုဏ်ရည်ပြ' ရဟန်းတော်များအတွက် အရည်အသွေးကောင်းများပင် ဖြစ်သည်။ အကျင့်သီလကောင်းမွန်ခြင်း၊ သည်းခံစိတ်များခြင်း၊ စာပေကျွမ်းဂန်နှံ့စပ်ခြင်း တို့သည် ပြည်ပ၌ 'ဓမ္မဂုဏ်ရည်ပြ'



ကြွရောက်တော်မူလိုသော ရဟန်းတော်များအတွက် မရှိမဖြစ် လိုအပ်သော အရည်အသွေးများဖြစ်ကြောင်း သိထားရပေမည်။ ဓမ္မဂုဏ်ရည်ပြခြင်း၊ သာသနာပြုခြင်းကိစ္စမျိုးဆိုတာ ဘုန်းကံနည်းပါးသူတို့အတွက်မူ လွယ်ကူသောအရာမျိုး မဟုတ်ကြောင်းလည်း သာသနာပြုမျိုးဆက်သစ်တို့အား တစ်ခါတည်း သတင်းစကားများ ပါးထားလိုက်ချင်ပါသည်။ ဘယ်အရာမျိုးမဆို ဖြစ်ချင်ရင်တော့ ဖြစ်နိုင်သည်ဟု ဆိုရိုးစကားများ ရှိပင်ရှိညားသော်လည်း ဖြစ်ချင်တိုင်း ဖြစ်မလာသောအခါ လုပ်သင့်၊ လုပ်ထိုက်တာကို ကြိုတင်စဉ်းစားထားသူအတွက် အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည်။ ဘဝအခက်ခဲဆိုတာ ဘဝတိုက်ပွဲပင်ဖြစ်ကြောင်း၊ ဘဝပြဿနာများကို ရင်ဆိုင်ဖြေရှင်းကြရာ၌ 'ယောနိသောမနသိကာရတရား'ကို နှလုံးသားထဲ၌ စွဲမြဲစွာသိမ်းဆည်းထားသင့်ပါကြောင်းနှင့် ဖြစ်ချင်တာတွေ ဖြစ်မလာတဲ့အခါမျိုးတွေထက်၊ မဖြစ်ချင်တာတွေ ဖြစ်လာတဲ့အခါမျိုးတွေမှာ 'ဓမ္မစွမ်းရည်'များကို ပြတော်မူကြစေလိုကြောင်း မျိုးဆက်သစ်တို့အား တိုက်တွန်းလိုပါသည်။

ပါဠိတော်များ၌ ဓမ္မဂုဏ်ရည်ပြလိုသော ရဟန်းတော်များ စံနမူယူထိုက်သော နည်းစနစ် (၃) မျိုးကို လေ့လာကြည့်ရှုသတိပြု၍ မှတ်သားထားမိပါသည်။ ထိုနည်းသုံးမျိုးတွင် (၁) ဓမ္မစက္ကပ္ပဝနသုတ္တံ၌ ညွှန်ပြသောနည်း၊ ဤသုတ်၌ မြတ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသည် အစွန်းနှစ်ပါးကိုပယ်၍ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ လမ်းမှန်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကို ကျင့်သုံးရမည် ဟုဟောကြားသည်။ တစ်ဖက်သား၏ အယူဝါဒကို မလွှဲမကင်းသာ၍ ထောက်ပြရသည့်အခါမျိုး၌ လွန်လွန်ကျူးကျူး ရှည်ရှည်လျားလျားကြီး ဝေဖန်ပြစ်တင်ခြင်း မပြုဘဲ၊ အကျိုးမရှိ၍ ပယ်သင့်ကြောင်းကိုသာ တိုတိုကျဉ်းကျဉ်းထောက်ပြပြီး၊ အစားထိုး ကျင့်သုံးရမည့် မဂ္ဂင်ရှစ်ပါးကို အကျယ်တဝင့် ဟောကြားထားသည်ကို မှတ်သားဖွယ်ရာ နည်းတစ်နည်း အနေဖြင့် မှတ်ယူနိုင်သည်။ (၂) ဗြဟ္မဇာလသုတ်၊ ပါယိသိသုတ် စသော သုတ္တံများ၌ ညွှန်ပြသောနည်း၊ ဗြဟ္မဇာလသုတ်၌ မြတ်စွာဘုရားသည် အယူဝါဒ၌ မှားယွင်းနေသော (၆၂) ပါးသော မိစ္ဆာဒိဋ္ဌိ အယူမှားများကို တကန့်စီ တကန့်စီ ပိုင်းခြား ဝေဖန်၍ အကျယ်တဝင့် ဟောပြထားပြီး၊ ပါယာသိသုတ်၌မူ ရှင်ကုမာရကဿပရဟန္တာမထေရ်မြတ်သည် စကားပရိယာယ် ကြွယ်ကြွယ်ဖြင့် တစ်ပါးသူ၏ အယူဝါဒရေးရာများကို သံသယ ကင်းပျောက်သွားသည်အထိ အကျယ်တဝင့် ဟောပြထားပုံမှာလည်း မှတ်သားဖွယ်ရာနည်းတစ်နည်းအနေဖြင့် မှတ်ယူနိုင်သည်။ (၃) မဟာသတိပဋ္ဌာနသုတ်၌ ညွှန်ပြသောနည်း၊ ဤသုတ်၌ မြတ်စွာဘုရားသည် တစ်ပါးသူ၏ အယူဝါဒကို တစ်လုံးတစ်ပါဒမျှ ဖော်ပြပြောဆိုခြင်း မပြုဘဲ၊ မိမိ ညွှန်ကြားလိုသော သတိပဋ္ဌာန်အကျင့်ကို ရိုရိုသေသေ၊



လေးလေးစားစားဖြင့် ကျင့်ကြံပွားများ အားထုတ်သူများအား (၇)ပါးသော အကျိုးတရားများကို ကောင်းစွာရရှိနိုင်ကြောင်း ဟောကြားပြီး အားထုတ်ပုံ၊ အားထုတ်နည်း အဆင့်ဆင့်ကို စနစ်တကျ ရှင်းလင်းဟောပြထားသည်မှာလည်း မှတ်သားဖွယ်ရာ နည်းနှစ်နည်းအနေဖြင့် မှတ်ယူနိုင်သည်။

အထက်၌ဖော်ပြသော နည်းသုံးနည်းတွင် ရွှေမင်းဝံ ဆရာတော်သည် မဟာသတိပဋ္ဌာန်သုတ္တံ၌ ညွှန်ပြသောနည်းကို ကျင့်သုံး၍ ယောဂီသူတော်စင်တို့အား အသိတရားနှင့် အကျင့်တရားနှစ်ပါးကို တပြေးညီဖြစ်စေလျက် ဝိပဿနာ ဉာဏ်အလင်းတို့ကို လင်းစေနိုင်ခဲ့သည်။ ရွှေမင်းဝံဆရာတော်၏ ဓမ္မဂုဏ်ရည်ပြခရီးသည် ပြည်ပရောက် မြန်မာယောဂီများ အပြင် နိုင်ငံခြားသားယောဂီများအတွက်ပါ အကျိုးများစွာ ဖြစ်ထွန်းခဲ့၍ မြတ်စွာဘုရား၏ အလိုတော်ကြ ဓမ္မဒူတခရီးမျိုး ဟုပင် ဆိုရပေမည်။ ဤကဲ့သို့သော ရဟန်းရှင်လူ ယောဂီများ အတွက် အကျိုးမှားလှသော ခရီးမျိုးကို နောင်လည်း အကြောင်းများ ပေါင်းဆုံခဲ့ဦးမည်ဆိုလျှင် ဆက်၍ ဆက်၍ ကြွရောက်တော်မူပါရန် ရွှေမင်းဝံ ဆရာတော်အား ရိုသေစွာဖြင့် လျှောက်ထားပါသည် အရှင်ဘုရား။

ဆရာတော်၏ 'ဓမ္မဂုဏ်ရည်ပြခရီးစဉ်များ'၌ ဟောသူ၊ နာသူ၊ ကျင့်သူ အားလုံး စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခအပေါင်းမှ ကင်းဝေးနိုင်ကြပါစေ။

ဒေါက်တာ ဓမ္မပိယ Ph.D (USA)

www.burmeseclassic.com

www.burmeseclassic.com



## ထုတ်မင်္ဂလာ ကျေးဇူးတင်လွှာ

ဘုန်းကြီးရဲ့ ၂၀၀၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့ကစပြီး ဒုတိယအကြိမ် အမေရိက၊ ဥရောပ (၆)နိုင်ငံ မဟာစည် ဓမ္မဒေသနာပြန့်ပွားစေရန် မြတ်ဗုဒ္ဓရဲ့ ဓမ္မဂုဏ်ရည်ပြ သာသနာပြုခရီးစဉ် ဖြစ်မြောက်ရန် ပင့်ဖိတ်ကြတဲ့ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ရဟန်းမယ်တော်ကြီး ဒေါ်စိန်ရှင်ရဲ့ သမီးများဖြစ်ကြတဲ့ အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယား ပြည်နယ်၊ လော့စ်အိမ့်ဂျလိစ်မြို့နေ ဦးအေးကြူ – ဒေါ်မြမြဝင်း မိသားစုနှင့် မြေးများဖြစ်ကြတဲ့ မောင်ဘင် – မရွှေစင်ထွန်း မိသားစုများမှ အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ လော့စ်အိမ့်ဂျလိစ်မြို့၊ သန္တိသစ္စာဓမ္မရိပ်သာမှာ မဟာစည် ဓမ္မဒေသနာ ပြန့်ပွားရေးအတွက် တရားအားထုတ်လိုကြတဲ့ ပြည်ပရောက် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အား ၁၀–ရက် တရားစခန်းဖွင့် ဓမ္မဒါန၊ အမတဒါနကုသိုလ်ပြုရန် အစပြု ပင့်လျှောက်ကြတဲ့အတွက် ရှေးဦးစွာ ကျေးဇူးတင်ပါကြောင်း



ပြောကြားလိုပါတယ်။ အချိန်ပိုင်းအနေနဲ့ အရှုဇာကျောင်း ဓမ္မရိပ်သာမှာ မောင်ဘင်–မရွှေစင်ထွန်း တို့မှ ဓမ္မဒါန၊ အမတ ဒါနပြုပြီး၊ အာခေးဒီးယားမြို့၊ ကိုမောင်မောင်–မဥမ္မာတို့ မိသားစုမှလည်း မိမိတို့အိမ်မှာ ဓမ္မဒါန အမတဒါနကုသိုလ် ပြုကြပါတယ်။

တက္ကဆက်ပြည်နယ်၊ ကေတီမြို့ရှိ ဦးကျော်တင့်– ဒေါ်ဆုံဆုံချစ် တို့၏နေအိမ်မှာ တရားလိုလားသူ ဓမ္မမိတ်ဆွေ များ စုပေါင်းပြီး (၃)ရက် တရားဟော၊ တရားပြ၊ တရား ဆွေးနွေးကာ အမတဒါန ဓမ္မဂုဏ်ရည်တို့ကို ပြသပေးခဲ့ပါ တယ်။

ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်ဆစ္စကိုမြို့၊ ဓမ္မအကျိုးဆောင်တပည့် မောင်မိုးကျော်ရဲ့ ပင့်လျှောက်မှုဖြင့် ဆန်ဖရန်ဆစ္စကိုမြို့၊ ဒေလီစီးတီးမြို့၊ ဖရီးမောက်မြို့၊ ဆန်ဟိုဆေးမြို့၊ ဟာ့မွန်ဗေးမြို့ တို့မှ မေတ္တာနန္ဒဝိဟာရ၊ ဓမ္မာနန္ဒဝိဟာရ၊ ရတနာဉာဏ်ရောင် ဓမ္မရိပ်သာတို့မှ ဆရာတော်၊ သံဃာတော်များနှင့် ဂေါပကအဖွဲ့များ၊ တပည့် ဒကာ ဒကာမများ၊ ဒေလီစီးတီးမြို့၊ ဗေးဧရိယာ ဓမ္မမိတ်ဆွေ များနှင့် နိဗ္ဗာန်ဆော် အကျိုးဆောင်အဖွဲ့၊ ဒေလီစီးတီးမြို့၊ ဗုဒ္ဓဘာသာ သင်တန်းအဖွဲ့ စသည့် ဘာသာရေးအဖွဲ့ဝင် ပုဂ္ဂိုလ်များမှ စီစဉ်ပင့်လျှောက်ကြပြီး မဟာစည် ဓမ္မဒေသနာ ပြန့်ပွားရေးအတွက် (၇)ရက်တရားစခန်း၊ (၅)ရက်တရား

www.burmeseclassic.com

www.burmeseclassic.com



စခန်း၊ (၃)ရက် တရားစခန်း၊ (၂)ရက်တရားစခန်း၊ (၁)ရက် တရားစခန်း၊ အချိန်ပိုင်း တရားစခန်းများ ဖြစ်မြောက်အောင် တက်တက်ကြွကြွ ဆောင်ရွက်ကြပြီး တရားဝင်ယောဂီများနှင့် တရားနာပရိသတ်တို့အား လိုလေသေးမရှိအောင် အရုဏ် ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အအေးဒါန၊ အာဟာရဒါနတို့ဖြင့် သဒ္ဓါထက်သန်စွာ လှူဒါန်းကြတာဟာဖြင့် အားကျ အတုယူ ဖွယ် အထူးဝမ်းမြောက်ကြည်နူး ဂုဏ်ယူဖွယ်ဖြစ်ရပါကြောင်း။

အမေရိကန်နိုင်ငံ၊ အရှေ့ဖက်ခြမ်း၊ မဟာစည် ဓမ္မဒေသနာပြန့်ပွားစေရန် ပင့်လျှောက်ကြတဲ့ ဝါရှင်တန် ဒီစီ၊ မေရီလင်းပြည်နယ်၊ ဆစ်(လ်)ဗာစပရင်းမြို့၊ မင်္ဂလာရာမ ဝိဟာရဆရာတော်နှင့် မြန်မာအမေရိကန် ဗုဒ္ဓဘာသာ အသင်း ဝင်များ၊ နယူးယောက်မြို့၊ လောကချမ်းသာဆရာတော်နှင့် အမေရိကန် မြန်မာဗုဒ္ဓ ဘာသာအသင်းဝင်များ၊ မေရီလင်း ပြည်နယ်၊ ဘော်တီမိုးမြို့၊ အရှင်ကေလာသဝိဟာရ ဆရာ တော်နှင့် တပည့်၊ ဒကာ၊ ဒကာမများ၊ နယူးဂျာစီ ပြည်နယ်၊ လောကချမ်းသာဘုရားကျောင်းဆရာတော်နှင့် တပည့် ဒကာ ဒကာမများ၊ ဘုန်းကြီးရဲ့ ကျောင်းဒကာ၊ ကျောင်းအမများ ဖြစ်ကြတဲ့ ဦးတင်မောင်ခင်–ဒေါ်မြမြဝင်း(ခ) ဒေါ်စု၊ ဒေါက်တာမျိုးမင်း–မပွင့်သီဂီ (ရွှေပုစွန်)မိသားစု၊ ဦးနီ– ဒေါ်ကျင်လှ မိသားစု၊ မောင်စိန်ဝင်း– မမေဦး မိသားစု၊ တရားစခန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးသိန်းဝင်း–



ဒေါက်တာဒေါ်စမ်းစမ်းဌေး မိသားစု၊ ဘုန်းကြီးရဲ့ကျန်းမာရေး စောင့်ရှောက်ပေးတဲ့ ဒေါက်တာမြတ်စံနှင့် ညီမ မခင်ခင်ကျော် ဆေးခန်းတာဝန်ခံ မသွယ်ဇင်ထွန်း စတဲ့ ပုဂ္ဂိုလ်များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုဖြင့် ကျေးဇူး အထူးတင်ပါ ကြောင်း။

မဟာစည်ဓမ္မဒေသနာများ ကမ္ဘာအနှံ့ ပြန့်စေရန်နှင့် ဒေသန္တရ ဗဟုသုတအဖြစ် လေ့လာရန် အင်္ဂလန်နိုင်ငံ စတဲ့ ဥရောပနိုင်ငံများသို့ ပင်ဆောင်ကြတဲ့ အင်္ဂလန်နိုင်ငံ၊ လန်ဒန် မြို့၊ လန်ဒန်ဝိဟာရ ဆရာတော်ဦးကုသလနှင့် သံဃာတော် များ၊ တပည့် ဒကာ ဒကာမများကိုလည်း ကျေးဇူးအထူး တင်လျှက်ပါ။

အထူးအားဖြင့် အင်္ဂလန်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ ဘုန်းကြီးနဲ့ အတူတကွ လိုက်ပါကြပြီး "အမေရိက၊ ဥရောပ **(၆)နိုင်ငံ ဓမ္မဂုဏ်ရည်ပြ အမှတ်တရနေ့ရက်များ**"ဆိုတဲ့ စာတစ်အုပ်ဖြစ်မြောက်ရန် ရောက်ရှိရာနိုင်ငံ၊ ရောက်ရှိရာမြို့၊ ရောက်ရှိရာဒေသတို့မှာ ဘုန်းကြီး ဘာသာ သာသနာအတွက် ဆောင်ရွက်ခဲ့သမျှ၊ တွေ့ကြုံခဲ့ရတဲ့ ပုဂ္ဂိုလ်များ၊ လေ့လာခဲ့သမျှ ဗဟုသုတများကို နေ့အလိုက် ရေးမှတ်ခဲ့သည့် စာမူကြမ်းများ ကို ဖတ်ရှုလေ့လာသူ ပုဂ္ဂိုလ်များ၊ အဆင်ပြေစွာ ဖတ်ရှုလေ့လာ နိုင်ရန် ဆရာတော်လေး ဦးဉာဏိကာဘိဝံသ (စာရေးဆရာ ဉာဏ်ဦးမောင်)နှင့် ဘုန်းကြီးရဲ့တပည့် ဓမ္မအကျိုးဆောင်

www.burmeseclassic.com



မောင်မိုးကျော်တို့မှ နုတ်သင့်တာ နုတ်၊ ပယ်သင့်တာပယ်၊ ဖြည့်သင့်တာဖြည့်ပြီး ဖတ်ချင့်စဖွယ် စာမူချောဖြစ်အောင် ကူညီပေးကြတဲ့အတွက် အထူးကိုပဲ ကျေးဇူးတင် မှတ်တမ်းပြုပါတယ်။

နောက်ထပ် ကျေးဇူးတင်ရမည့်သူတစ်ဦးကတော့ ဤစာအုပ်ဖြစ်ပေါ်လာအောင် ကွန်ပျူတာစာစီပေးခြင်း၊ စာမူကြမ်းများ စီစစ်ပေးခြင်း၊ မှတ်တမ်းဓာတ်ပုံများကို သူ့နေရာနှင့်သူ အဆင်ပြေအောင် ထားသိုပေးခြင်းနှင့် စာအုပ်အဖြစ်သို့ ရောက်သည်အထိ အစစ ဆောင်ရွက်ပေးသော တပည့် အရှင်ဝိသုဒ္ဓ၊ ဓမ္မာစရိယ(B.Sc) အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဘဒ္ဒန္တ သောဘန  
ရွှေမင်းဝံဆရာတော်  
၈–၁၀–၂၀၁၀



## အရှင်ဉာဏိကာဘိဝံသ (ကာလီဖိုးနီးယားတက္ကသိုလ်)ရဲ့ ကျေးဇူးစကား

၂၀၀၇ ခုနှစ် ရွှေမင်းဝံဆရာတော် ပထမအကြိမ် အမေရိကကို ကြွရောက်စဉ်က စာရေးသူတို့ မေတ္တာနန္ဒဝိဟာရ ကျောင်းမှာ ၅ ရက် တရားစခန်း ဖွင့်လှစ်ပြသခဲ့တယ်။ နောက်ပြီး ဆရာတော်နဲ့အတူ လော့စ်အိန်ဂျလိစ်မြို့ကိုလည်း တစ်ပတ်ခန့် ပဏ္ဍာသမဏအနေနဲ့အတူ လိုက်ပါသွားခဲ့တယ်။ အဲဒီလို စာရေးသူတို့ ကျောင်းမှာ ဆရာတော် သီတင်းသုံးနေခိုက်နဲ့ လော့စ်အိန်ဂျလိစ်ဘက်ကို အတူသွားခိုက်မှာ ဆရာတော်က သူသွားရောက်ခဲ့တဲ့ နေရာဒေသများ၊ လူပုဂ္ဂိုလ်များနဲ့ တွေ့ကြုံခဲ့ရတဲ့အကြောင်းလေးတွေကို ညအိပ်ရာဝင်ခါနီးတိုင်း မှတ်တမ်း ပြန်လည်ရေးသားနေတာကို သတိပြုမိပါတယ်။ သိပ်ပြီး မရင်းနှီးတဲ့ အင်္ဂလိပ်မြို့ရွာနဲ့ နေရာအမည်များကိုလည်း မေးတတ်ပါတယ်။ ဆရာတော် မှတ်စုထဲမှာ အချို့ အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



အမည်လေးတွေရေးပေးရင်း စိတ်ဝင်စားဖွယ် ရေးသားထားတဲ့ ဆရာတော်ရဲ့ မှတ်စုကိုလည်း ဖတ်ခွင့်ရပါတယ်။

ဆရာတော်က သူ့တွေ့ကြုံခဲ့ရတဲ့ အကြောင်းအရာတွေကို စိတ်ဝင်စားအောင် ရေးတတ်ပါတယ်။ ဒါကြောင့် ဆရာတော် မှတ်စုစာအုပ်ကို တပည့်ဒကာ ဒကာမတွေ ဖတ်ရလျှင် အကျိုးများမယ်လို့ ယုံကြည်မိလို့ တကယ်လို့များ ခရီးသွားမှတ်တမ်းစာအုပ်လေး ထုတ်ဖြစ်လျှင်လည်း သုံးလို့ရအောင်ဆိုပြီး ဆရာတော် မှတ်စုစာအုပ်လေးကိုကြည့်ကာ အနည်းငယ်စာလေးချောပြီး 'ကာလီဖိုးနီးယားဝယ် ရက်နှစ်ဆယ်' ဆိုတဲ့ ခေါင်းစဉ်လေးပေးကာ ကွန်ပျူတာနဲ့ ရိုက်ပေးလိုက်ပါတယ်။ အဲဒါကို ဆရာတော်ရဲ့ အမေရိကဓမ္မဒူတခရီးအဖြစ် စာအုပ်လေးထွက်လာတာထဲမှာ တစ်ပိုင်းအနေနဲ့ ဆရာတော်က ထည့်သွင်းရိုက်နှိပ်ပေးခဲ့ပါတယ်။ ဖတ်ဖြစ်ကြတဲ့ ဆရာတော်ရဲ့ တပည့်ဒကာ ဒကာမများက သဘောကျနှစ်ချိုက်ကြကြောင်း၊ ဗဟုသုတရရှိကြကြောင်းကိုလည်း ဆရာတော်က အမိန့်ရှိပါတယ်။

ဆရာတော်ရဲ့ ပြည်ပခရီးစဉ်မှာ ရောက်ရှိခဲ့တဲ့ နေရာဒေသ၊ လုပ်ဆောင်ခဲ့တဲ့ အလုပ်နဲ့ တွေ့ကြုံ ဆုံခဲ့ရတာတွေကို ဖတ်ခွင့်ရကြတဲ့အတွက် တစ်စုံတစ်ရာ အကျိုးရတယ်ဆိုတာ ကောင်းမွန်တဲ့ လက္ခဏာပါပဲ။ ဒါကြောင့် အမေရိကကို ၂၀၀၉ မှာ ဆရာတော်ကြွလာတဲ့အခါမှာလည်း ဆရာတော်ရဲ့ ခရီးစဉ်



မှတ်တမ်း စာအုပ်လေး တစ်အုပ်ဖြစ်နိုင်အောင် တတ်နိုင်သမျှ ကူညီပေးမယ်လို့ အာမဘန္တေခံလိုက်ပါတယ်။

နွေကျောင်းပိတ်ရက်မှာ အချိန်နည်းနည်းရလို့ တစ်နေရာရာကို ခရီးထွက်မယ်လို့ စိတ်ကူးရှိနေတာ ဆရာတော်ကလည်း အမေရိက ခရီးပြီးလျှင် ဥရောပဖက် ခရီးဆက်မယ်ဆိုတာနဲ့ ဆရာတော်နဲ့အတူ ဥရောပဖက်လိုက်ဖို့ စီစဉ်ခဲ့ပါတယ်။ သို့ပေမယ့် အချိန်က နည်းနည်းနောက်ကျမှ စီစဉ်ရလို့ ဥရောပနိုင်ငံတွေအတွက် ဗီဇာယူဖို့ အချိန်မရနိုင်တော့တာကြောင့် အင်္ဂလန်တစ်နိုင်ငံထဲကိုပဲ ဆရာတော်နဲ့အတူ လိုက်နိုင်ပါတော့တယ်။

အခြားဥရောပနိုင်ငံတွေကိုတော့ ဆရာတော်နဲ့အတူ မောင်မိုးကျော်သာ အတူသွားခဲ့ပါတယ်။ ဒါကြောင့် အခြားဥရောပခရီးစဉ်အတွက်ကိုတော့ ဆရာတော့်မှတ်တမ်းကို ကြည့်ပြီး မောင်မိုးကျော်ကိုသာ ကွန်ပျူတာနဲ့ စာရိုက်ပေးဖို့ အကူအညီတောင်းခဲ့ရပါတယ်။ သူမှသာလျှင် ဆရာတော် သွားရောက်ခဲ့တဲ့ မြို့ရွာဒေသတွေရဲ့ နာမည်တွေကို မှန်မှန်ကန်ကန် သိနိုင်မယ်မဟုတ်ပါလား။ ဒီတော့ ဒီစာအုပ်နဲ့ ပတ်သက်ပြီး ကျေးဇူးတင်ရမယ့်သူထဲမှာ ဆရာတော့်အနေနဲ့ မောင်မိုးကျော်ကိုလည်း ထည့်သွင်းရမှာပါ။ ကျန်တဲ့ လန်ဒန်အပိုင်းနဲ့ အမေရိကခရီးစဉ် အများစုကိုတော့ စာရေးသူက ရိုက်ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်မှာ ဆရာတော်နဲ့ လမ်းခွဲပြီး အမေရိကကို ပြန်ရောက်လို့ မကြာမီမှာဘဲ ကျောင်းပြန်ဖွင့်တော့ ကျောင်းစာဖက်ကို လှည့်နေရတာကြောင့် ဆရာတော်ရဲ့မှတ်စုကို ကိုင်ဖြစ်တဲ့ဆီ မရောက်နိုင်ခဲ့ပါဘူး။ ကျောင်းအားတဲ့ရက် လေးတွေကျပြန်တော့လည်း ဘာတွေနဲ့ ရှုပ်နေမှန်းမသိနိုင်လောက်အောင်ကို ရှုပ်နေပြီး ဆရာတော့်မှတ်စု အမြန်ရိုက်ဖြစ်တဲ့အထိ မရောက်နိုင်ပြန်ပါဘူး။ သူများတွေပြောတတ်ကြတဲ့ အချိန်မရဘူးဆိုတဲ့စကားကို ဒီနှစ်မှာမှ ကောင်းကောင်းနားလည်သလို ဖြစ်မိပါတယ်။ တစ်မျက်နှာ နှစ်မျက်နှာလောက် ရိုက်လိုက်၊ အကြောင်းပေါ်လာလို့ ရပ်နားလိုက်။ ဒီလိုနဲ့ပဲ တော်တော်နဲ့ ပြန်မရိုက်ဖြစ်တာ လချီကြာသွားတာမျိုးအထိပင် ဖြစ်သွားတတ်ပါတယ်။

၂၀၀၉ ဇွန်လကုန်က ဆရာတော်ပေးသွားခဲ့တဲ့ မှတ်စုစာအုပ်ကို ၂၀၀၉ နှစ်ကုန်အထိ ပြီးအောင်မရိုက်ဖြစ်ခဲ့ပါဘူး။ ဒါကြောင့် တာဝန်မကျေဖြစ်ရတာအတွက် ကိုယ့်ကိုယ်ကို အပြစ်တင်မိပါတယ်။ ကိုယ်မရိုက်ဘဲ အခြားတစ်ဦးဦးသာ ရိုက်ခဲ့လျှင် ခုဆို ပြီးပြီးလောက်တာ ကြာလှပေါ့လို့လဲ တွေးမိပါတယ်။ ခုလိုနောက်ကျရတဲ့အတွက် ဆရာတော်ကိုလည်း တောင်းပန်စကား လျှောက်ထားပါတယ်။

ဆရာတော်မှတ်စုကို ဖတ်ရတာ သာမန်ခရီးသွားမှတ်စုမျိုး ဖတ်ရတာမျိုးမဟုတ်ဘဲ တွေ့ရမြင်ရတာတွေအပေါ်



မှာ အခြေခံလို့ကောင်းတဲ့ အချက်အလက်၊ အတုယူဖွယ် အချက်အလက်လေးတွေ တွေ့ရလျှင် ကိုယ့်နေရာ ကိုယ့်ဒေသမှာလည်း အတုယူနိုင်အောင် စေတနာရှေ့ထားကာ ပြောပြထားတတ်တာကိုလည်း တွေ့ရပါတယ်။ ဒါသည်ပင်လျှင် ဆရာတော်ရဲ့ ထူးခြားတဲ့စေတနာ အလှဖြစ်မှာပါ။ ဆရာတော်ရဲ့ ခရီးသွားမှတ်တမ်းထဲမှာ ခုလိုနိူင်းယှဉ်ထောက်ပြတာလေးတွေဟာ ဆင်ခြင်စဉ်းစားစရာဖြစ်လို့မို့ ဖတ်ရှုဖွယ် ကောင်းသွားတာ ဖြစ်မယ်လို့ စာရေးသူကတော့ ထင်မြင်မိပါတယ်။ စာဖတ်သူတွေအနေနဲ့တော့ ဆရာတော်မှတ်စုရဲ့ ဘယ်အချက်က ပိုမိုနှစ်သက်စရာဖြစ်လေမလဲတော့ မသိနိုင်ဘူးပေါ့လေ။

ဆရာတော်ကတော့ သူမှတ်ထားတဲ့ စာမူကြမ်းကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက် ဖြတ်တောက်ပယ်နုတ်ကာ သင့်တော်မယ်ထင်သလို ပြုလုပ်ပါလို့ မိန့်ပါတယ်။ သူ့မူအတိုင်း ရိုးရိုးရှင်းရှင်းလေးထားခြင်းက ပိုပြီး စာဖတ်သူတွေကို ဆွဲဆောင်မှုရှိစေနိုင်မယ် ထင်မိလို့ ဘာမှ အပိုများများ မစွက်ခဲ့သလို ဆရာတော် မြင်သမျှ၊ ခံစားသမျှကိုသာ ရေးသားထားတာမို့ ပယ်နုတ်စရာလည်း မရှိလို့ အထွေအထူးလည်း မနုတ်မပြင်ခဲ့ပါဘူး။ ပကတိအလှပေါ်မှာ ဘာများထပ်ကာခြယ်သစရာ လိုမှာလဲလို့ တွေးထင်မိပါတယ်လေ။

ဆရာတော်ရဲ့ စာအုပ်မှာခုလို နိဒါန်းစကားရေးဖို့ အခွင့်ပေးလို့ အမှတ်တရ မှတ်တိုင်ထူရာမှာ ပါဝင်ကူညီခွင့်ရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းအတွက် ဝမ်းသာဂုဏ်ယူပါကြောင်းနဲ့ အင်္ဂလန်ခရီးကို အတူလိုက်ပါဖြစ်အောင် တိုက်တွန်းအားပေးကူညီခဲ့တာတွေ အတွက် ဆရာတော်အား ကျေးဇူးတင်ပါကြောင်း ရိုသေစွာ လျှောက်ကြားပါတယ်။

*ဂါရဝဖြင့်....*

ဉာဏထိက



**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## ခရီးအစ ပထမနေ့ဝယ်

**သာသနာနှစ် ၂၅၅၂ ခုနှစ်**
**ကောဇာသက္ကရာဇ် ၁၃၇၀ ခုနှစ်၊ တပေါင်းလဆန်း (၉) ရက်**
**ခရစ်နှစ် ၂၀၀၉ ခု၊ မတ်လ ၄ ရက်**

အမေရိကန်ပြည်ထောင်စုရှိ ဒကာ ဒကာမများ ပင့်ဖိတ်မှုနဲ့ ဒုတိယအကြိမ် တရားဟောပြောပြသဖို့ ရွှေမင်းဝံရိပ်သာကနေ ဒီနေ့ စတင်ထွက်ခွာခဲ့ တယ်။ အချိန်က နံနက် ၁၀နာရီ ၃၀ မိနစ်။ ဘုန်းကြီးများစီးနင်းရမည့် လေယာဉ်က ချိုင်းနားလေကြောင်းလိုင်း။ ရန်ကုန်လေဆိပ်ကနေ ၁၂ နာရီ ၄၅ မိနစ်မှာ စတင်ထွက်ခွာမယ်။ ရိပ်သာကနေ ရန်ကုန်လေဆိပ်ဆီကို ရွှေဘိုဆရာတော် ဦးကေသရ၊ ဦးသြဘာသ၊ ဥက္ကဋ္ဌ ဦးကျော်မြင့်၊ စာရင်းစစ် ဦးတင်ထွန်း၊ မောင်မျိုး၊ မောင်မိုးပိုင်တို့ ရွှေသံလွင်နာယကကြီး ဒေါ်နီတို့ကားနဲ့ လိုက်ပို့ကြပါတယ်။

ရွှေသံလွင် ဒေါ်နီ၊ အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ ကျောင်းအစ်မကြီးများဖြစ်ကြတဲ့ ဒေါ်ခင်တင့်၊ ဒေါ်ခင်စိန်၊ ဒေါ်ကြူကြူသင်းနဲ့ ဒေါ်သန်းသန်းဆင့်၊ ဒေါ်နွဲ့၊ ဒေါ်ဝင်းဝင်းညွန့်၊ ဒေါ်မူမူမောင်၊ ဦးကြည်မျိုးတို့မောင်နှံ၊မောင်မျိုးနိုင်နှင့် ဂျပန် ဒါယကာ

www.burmeseclassic.com

www.burmeseclassic.com



ကြီး၊ မောင်ကျော်စိုး၊ မအေးမိုး၊ မနုဝါ၊ မမြတ် စတဲ့ယောဂီတွေလည်း လိုက်ပို့ကြပါတယ်။ လေဆိပ်မှာ မှတ်တမ်းဓာတ်ပုံများလည်း စုပေါင်းရိုက်ကြပါတယ်။ လေဆိပ်မှာ ဆောင်ရွက စရာရှိတာတွေကို ကြိုတင်ဆောင်ရွက်ထားပြီး ဘုန်းကြီး ခေတ္တနားနိုင်အောင် နေရာကိုပါ ဦးသစ္စာက စီစဉ်ပေးထားပါတယ်။

လေဆိပ်က တာဝန်ရှိသူတွေကလည်း ခရီးစဉ်အတွင်း အခက်အခဲ မဖြစ်ရလေအောင် တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင် ရွက်ပေးကြပါတယ်။ ဒေါ်အေးမြင့် မိတ်ဆွေတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးနဲ့ ကျောင်းအစ်မကြီးမိတ်ဆွေ တာဝန်ရှိ ဗိုလ်မှူးတို့ လေယာဉ်ဝင်ပေါက်အထိ လိုက်ပို့ပေးပါတယ်။ ဘုန်းကြီးစီးမည့် လေကြောင်းလိုင်း အကြီးအကဲကလည်း လေယာဉ်ပေါ်ထိ လိုက်ပါပို့ဆောင်ပေးပါတယ်။

မှတ်မှတ်ရရပါပဲ။ လေဆိပ်မှာ မောင်မျိုး၊ မောင်မိုးပိုင်တို့က ကော်ဖီပူပူ ကပ်လှူပါတယ်။ သူတို့ကပ်လှူတဲ့ ကော်ဖီပူပူတစ်ခွက်က ကျောင်းမှဘုဉ်းပေးနေကျ ကော်ဖီထက် အရသာထူးကဲနေသလို ခံစားမိပါတယ်။ ဘုန်းကြီးရဲ့ ဒုတိယအကြိမ် အမေရိကန်သာသနာပြုခရီးစဉ် ချောချောမွေ့မွေ့ဖြစ်နိုင်စေဖို့ ကိုယ်စိတ် အပင်ပန်းခံကာ အစစကူညီဆောင်ရွက်ပေးတဲ့ တပည့်မ မအေးအေးမိုးကို အထူး ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ရမှာပါ။

❖ ❖ ❖

## ဝေဟင်ခရီး လေယာဉ်စီးကာ

ရန်ကုန်လေဆိပ်ကနေ လေယာဉ်စထွက်တော့ နေ့လယ် ၁၂ နာရီ ၄၅ မိနစ်။ ဘုန်းကြီးစီးနင်းလိုက်ပါမည့် လေယာဉ်ကြီးက ဘုန်းကြီးနဲ့အတူ ခရီးသည်နှစ်ရာခန့်ကို တင်ဆောင်လို့ ထိုင်ဝမ်နိုင်ငံဆီကို တည်တည်ငြိမ်ငြိမ် ပျံသန်းနေတယ်။ လေယာဉ်ပေါ်မှာ စာအုပ်ဖတ်သူက ဖတ်၊ သတင်းစာကြည့်သူက ကြည့်၊ သီချင်းနားထောင်သူ နားထောင်လို့။ အချို့ကတော့ အိပ်နေကြပါတယ်။

ဘုန်းကြီးကတော့ ကိုယ့်ဝါသနာအတိုင်း မှတ်စုစာအုပ်ထုတ်ကာ ခေါင်းထဲပေါ်လာသမျှကို မှတ်တမ်းရေးနေဖြစ်တယ်။ ခုလိုမှတ်တမ်းတင်ထားတော့ နောင်မှာ ကိုယ်ကိုယ်တိုင်လိုအပ်လို့ ပြန်ကြည့်လျှင် အထောက်အပံ့ ကောင်းကောင်းဖြစ်နိုင်သလို မရောက်ဘူး၊ မသွားဘူးသေးတဲ့သူတွေလည်း ကိုယ့်မှတ်တမ်းကိုဖတ်ပြီး ဗဟုသုတတိုးပွားနိုင်တာပေါ့။ အရင်ရောက်ဘူး သွားဘူးသူက ခရီးမှာ ကိုယ်တွေ့ကြုံရတဲ့ အခက်အခဲလေးတွေကို ရေးပြထားတော့ နောင်မှာကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



လိုပဲ ပြည်ပခရီးသွားလာကြမည့်သူတွေအနေနဲ့ လိုအပ်တဲ့ အရာတွေကို ကြိုတင်ပြင်ဆင်ထားနိုင်တာပေါ့။ ဘုန်းကြီးတို့လိုပဲ အင်္ဂလိပ်ဘာသာစကား မတတ်သူတွေအနေနဲ့က ပြည်ပခရီးကို အဖော်မပါဘဲသွားဖို့ဆိုတာက ကြိုတင်ပြင်ဆင်လေ့လာမထားလျှင် မလွယ်လှပါဘူး။

လေယာဉ်ပြတင်းကနေ ပြင်ပကို လှမ်းမျှော်ကြည့်လိုက်တဲ့အခါမှာတော့ ကောင်းကင်တစ်ခွင် အလိပ်လိပ်နဲ့ လွင့်မျောနေတဲ့ တိမ်တောင်တိမ်ခဲတွေကို မြင်နေရတယ်။ တစ်ခါတစ်ခါမှာ လေယာဉ်ကြီးက တိမ်ထဲကိုတိုးဝင်သွားတဲ့အခါမျိုးမှာ သိမ့်ခနဲ လေယာဉ်ကြီးတုန်ခါသွားတာကိုလည်း သတိထားမိပါတယ်။ ရာသီဥတု ကြည်လင်တဲ့အခါမျိုးမှာဆိုလျှင်တော့ မျက်စိတစ်ဆုံးမြင်နေရတဲ့ ကောင်းကင်ပြာပြာကြီးက အဆုံးအစမဲ့စွာ။ ဖြူလွလွ တိမ်မျှင်တိမ်စတွေနဲ့ ဝါဂွမ်းစိုင်တွေ အစီအရီ ပုံထပ်ထားသလိုထင်ရတဲ့ တိမ်စိုင်တိမ်ခဲတွေကလည်း လေယာဉ်ကြီးရဲ့ ဝမ်းဗိုက်အောက်မှာ ပြားပြားမှောက်လို့။ တိမ်နှစ်စိုင်ကြားမှာ ဘွားခနဲမြင်ရတတ်တဲ့ လေဟာပြင်နယ် အစင်းအကြောင်းကြီးများကလည်း ရေခဲပြင်ကြားမှာ စီးမျောနေတဲ့ ပြာလဲ့လဲ့ ရေစီးကြောင်းများပမာ။ လေယာဉ်ကြီးကတော့ တိမ်လွှာပြင်ပေါ်မှာ လျှပ်တိုက်ပြေးနေသည့် ဘဲငန်းဖြူအကောင်ကြီးကြီးသဏ္ဌာန်ပါပဲ။

လေယာဉ်ပေါ်မှာ လေယာဉ်အမှုထမ်းများက နေ့



လယ်စာကျွေးပါတယ်။ ဘုန်းကြီးကတော့ ကိုကာကိုလာ အဖျော်ရည်ကိုပဲ မှာယူဘုဉ်းပေးလိုက်ပါတယ်။ မုန့်ထုပ်လေးတွေကိုလည်း လိုက်ဝေပါတယ်။ ရေနွေးလိုက ရေနွေး၊ ရေအေးလိုက ရေအေး၊ အလိုရှိရာသုံးဆောင်နိုင်ဖို့ လေယာဉ်မယ်များက လိုက်ဝေပေးကြပါတယ်။ ထိုင်ဝမ်လေဆိပ်ဆင်းကာနီးမှာတော့ မြူတွေအုပ်ဆိုင်းနေတာမို့ အပြင်မှာ ဘာမှသဲသဲကွဲကွဲမမြင်ရတော့ပါ။

တဖြည်းဖြည်း လေယာဉ်ကြီး နိမ့်ဆင်းလာပြီး မြူတွေအောက်အရောက်မှာတော့ ဟိုတစ်စု ဒီတစ်စု ပြိုးပြိုးပြက်ပြက် လင်းလက်တောက်ပနေတဲ့ မီးရောင်စုံလေးတွေကို လှမ်းလို့မြင်ရပါတယ်။ မီးရောင်စုံလေးတွေမြင်ရလို့ မကြာမီမှာဘဲ ဘုန်းကြီးတို့စီးနင်းလိုက်ပါလာတဲ့ လေယာဉ်ကြီးလည်း ထိုင်ဝမ်လေဆိပ်ကို ဆိုက်ရောက်ပါတယ်။ သူလည်း ပျံသန်းရတာ အတော်ကြာလာပြီမို့ အတောင်ညောင်းလို့ နားချင်နေရှာရော့မပေါ့။ အချိန်က ညနေ ၆ နာရီခန့်လောက်ဖြစ်မယ်ထင်ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## တိုင်ပေလေဆိပ် စိုးထိတ်ထိတ်

ရန်ကုန်လေဆိပ်ကနေ ကဒ်လေးပေးလိုက်ပါတယ်။ လေယာဉ်ကအထွက်မှာ မြင်သာတဲ့နေရာကပ်သွားပါ။ လေယာဉ် တာဝန်ရှိသူတစ်ဦးဦးက ကူညီပါလိမ့်မယ်လို့လည်း လျှောက်ထားလိုက်ပါတယ်။ ဒါနဲ့ ဘုန်းကြီးလည်း မြင်သာထင်သာရှိတဲ့ ယပ်တောင်ထိပ်ကပ်သွားပါတယ်။ သို့ပေမယ့် ကူညီမယ့်သူ ဘယ်သူမှတော့ ပေါ်မလာပါဘူး။ အဖော်ပြုပြီး လိုက်မယ်လို့ ဆက်သွယ်ထားတဲ့ (ဝိုးချဲ) ဘီးတပ်ကုလားထိုင်စီးပြီး တရုတ် ဒါယိကာမကြီးက တော်တော်နဲ့ မပေါ်လာနိုင်တာကြောင့် ဒီလမ်းကသွားရမှာ ဖြစ်မှာပဲဆိုပြီး ရှေ့ကသွားနှင့်ရင်း အများသွားတဲ့နောက် လိုက်သွားလိုက်တယ်။ ဒါကြောင့် ဒကာမကြီးနဲ့လည်း ကွဲသွားပါလေရော။

လမ်းဆုံရောက်တော့ ဘယ်ဘက်လိုက်ရမလား၊ ညာဘက်လိုက်ရမလား ဝေခွဲမရဖြစ်နေစဉ်မှာပဲ အနားကို မြန်မာဒကာမလေးတစ်ယောက်ရောက်လာပါတယ်။ သူက ဘယ်ကိုကြွမှာလဲဘုရားလို့ လျှောက်ထားတာနဲ့ အမေရိကန်နိုင်ငံ



လော့စ်အိန်ဂျလိစ်ကိုသွားမှာဖြစ်တဲ့အကြောင်း ပြောပြလိုက်တယ်။ တစ်ဘက်ကို ညွှန်ပြပြီး အပေါ်ကသွားရမယ်ဆိုတာနဲ့ သူညွှန်တဲ့အတိုင်းပဲ လိုက်သွားလိုက်တယ်။ ကိုယ်သွားတဲ့ဘက်မှာ ဘယ်သူမှလည်းမတွေ့၊ ဝိုးချဲဒကာမကြီးလည်း မတွေ့တာနဲ့ ကိုယ်သွားတာ ဟုတ်မှ ဟုတ်ပါလေစလို့ သံသယဖြစ်မိပါတယ်။ တကယ်တော့ လေဆိပ်တွေမှာ လမ်းညွှန်အမှတ်အသား ဆိုင်းဘုတ်တွေ ရေးထားပေမယ့် ကိုယ်က အဲဒီလမ်းညွှန်တွေကို မဖတ်တတ်လေတော့ ခက်တာပေါ့။ လွယ်လွယ်ကူကူ စိုးထိတ်စရာမရှိ သွားနိုင်တဲ့ခရီးပေမယ့် ကိုယ့်ရဲ့ဘာသာစကား အားနည်းချက်က မခက်ရမည့်အရာတွေကို အပိုလာခက်နေရတယ်ပေါ့။ ဒါကြောင့် ပြည်ပခရီးသွားကြမည့်သူတွေအတွက် ကမ္ဘာသုံး ဘာသာစကားလေ့လာဖို့ အကြံပြုစကား အမှတ်တရပြောချင်ပါတယ်။

ဝိုးချဲဒကာမကြီးကို စောင့်နေသေးပေမယ့် မတွေ့နိုင်တဲ့အဆုံး ပတ်စပို့ထုတ်ကာ ကွန်ပျူတာတစ်လုံးနဲ့ အလုပ်ရှုပ်နေတဲ့ အရာရှိတစ်ဦးကို မအေးအေးမိုးရေးပေးလိုက်တဲ့ Please help me ကျေးဇူးပြု၍ ကူညီပါဆိုတဲ့ ကဒ်လေးကို ထုတ်ပြပြီး အကူအညီတောင်းလိုက်တယ်။ ပါလာတဲ့ လေယာဉ် လက်မှတ်တွေပါ တစ်ပါတည်း ထုတ်ပြလိုက်တယ်။ သူကလည်း လိုလိုလားလားပဲ ကူညီပါတယ်။ လေယာဉ်လက်မှတ်ကို သေသေချာချာ ကြည့်ရှုပြီး လက်ထောက်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတစ်ဦးကို ဘုန်းကြီး သွားရမည့်နေရာ လိုက်ပို့ပေးဖို့ တာဝန်ပေးလိုက်ပါတယ်။

လက်ထောက်ဝန်ထမ်းက ဘုန်းကြီးသွားရမယ့်နေရာ အထိ လိုက်ပို့ပါတယ်။ သွားရမည့်နေရာရောက်တော့ လေယာဉ် လက်မှတ်၊ အပ်လိုက်တဲ့ပစ္စည်း ရွေးရမယ့် ကဒ်ပြားများကို ပြရပါတယ်။ နောက်ပြီး သွားမယ့်နေရပ်လိပ်စာကိုလည်း မေးတယ်။ ဘယ်လိုဖြေရမယ်မှန်းမသိ အခက်အခဲဖြစ်နေစဉ် မှာပဲ ဒကာမလေး မမြသူဇာ ရောက်လာပြီး ကူညီပေးလို့ အဆင်ပြေသွားပါတယ်။ မမြသူဇာ ဆိုတာကတော့ ဘုန်းကြီး ရန်ကုန်လေဆိပ်မှာတုန်းက မအေးမိုးကနေ ယောဂီဟောင်း ဒကာမ တစ်ယောက်ခေါ်လာပြီး မိတ်ဆက်ပေးပါတယ်။ ယောဂီဟောင်း ဒကာမကြီးက သူ့သမီးလေးလည်း ဆရာ တော်စီးမည့် လေယာဉ်နဲ့အတူပါမည်ဖြစ်ကြောင်း၊ သူက ဆန်ဖရန်စစ္စကိုသွားမှာဖြစ်တဲ့အကြောင်း၊ သမီးကိုလည်း လမ်းမှာ ဆရာတော်ကို လိုအပ်တာ အကူအညီပေးဖို့ မှာလိုက် တဲ့အကြောင်း လျှောက်ထားခဲ့ပါတယ်။ ဒကာမကြီးပြောတဲ့ သမီးဆိုတာက မမြသူဇာပါပဲ။

ကံအားလျော်စွာ ဒီအချိန်မှာ မမြသူဇာရောက်လာပြီး သူ့ ကိုယ်သူ မိတ်ဆက်စကားပြောကာ အကူအညီပေးသွား ခဲ့တာပါ။ နောက်ပြီး သူကပဲ ဘုန်းကြီးနဲ့ ခရီးစဉ်တူတဲ့ ကလေးအထူးကုဆရာဝန်မကြီး ဒေါက်တာဒေါ်ရူပါနဲ့ပါ မိတ်



ဆက်ပေးပြီး ဘုန်းကြီးတို့စီးရမည့် လေယာဉ်ဂိတ်ဝထိအောင် သူတို့ခေါ်သွားရာနောက် လိုက်ခဲ့ရပါတယ်။ အခက်အခဲဖြစ် နေချိန်မှာ ရတတ်တဲ့အကူအညီဟာ မများသော်လည်း အား ဖြစ်ဖွယ်ပါ။

လေယာဉ်ထွက်မယ့် ဂိတ်ဝရောက်အောင် လမ်းမှာ ကားရထားလည်းစီးရတယ်။ လျှောပြေးနေတဲ့လမ်းပေါ်ကို လည်း စီးသွားခဲ့ရတယ်။ လျှပ်စစ်လှေကားတွေနဲ့ အပေါ်တက် လိုက်၊ အောက်ဆင်းလိုက်၊ ကွေ့လိုက်၊ ကောက်လိုက်နဲ့ ဂိတ်ဝ ကို တော်တော်နဲ့ မရောက်နိုင်ပါဘူး။ မိမိတစ်ယောက်တည်း သာ သွားရမယ်ဆိုလျှင်တော့ လေယာဉ်ဂိတ်ဝရောက်ဖို့ လွယ် မယ်မဟုတ်ပါဘူး။ သူတို့ကို အထူးကျေးဇူးတင်ရပါတယ်။ ဒါလည်း မအေးအေးမိုးရဲ့ အစီအစဉ်အရမို့ မအေးအေးမိုးကို ထပ်ပြီး ကျေးဇူးတင်ရမည့်အချက်ပါပဲ။

မိမိစီးရမည့် လေယာဉ်ထွက်ပေါက်နံပါတ်က D 4 ဖြစ်ပါတယ်။ ဘုန်းကြီးရဲ့အရင် ဝိုးချဲဒကာမကြီးက ဂိတ်ဝကို ရောက်နေတယ်။ သူလည်း ဘုန်းကြီးကိုရှာကြည့်ရင်းနဲ့ ရောက်လာတဲ့အကြောင်း၊ စိတ်ပူပင်မိကြောင်း ပြောပါတယ်။ ဘုန်းကြီးလည်း ဒီဒကာမလေးတွေနဲ့တွေ့လို့ အဆင်ပြေပါ ကြောင်း ပြန်ပြောပြပါတယ်။

လေယာဉ်ထွက်မှာက ည (၁၁) နာရီလောက်မှဆို တော့ အဲဒီမှာ အကြာကြီးစောင့်ရဦးမယ်။ သူတို့မှာတော့

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပစ္စည်းဝယ်ဖို့၊ မုန့်စားဖို့ဆိုတာ ရှိသေးတယ်လေ။ ဒါကြောင့် ဘုန်းကြီးက ပြန်ပြီးကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ သွားချင်တဲ့နေရာသွားကြ၊ ဝယ်ချင်တာရှိတာ ဝယ်ချေကြ။ ဘုန်းကြီးက ဘယ်မှသွားစရာမရှိဘူး။ ဒီမှာပဲနေမယ်။ ပစ္စည်းတွေ စိတ်ချလက်ချသာထားခဲ့ကြဆိုပြီး ကျေးဇူးတုန့်ပြန်ပေးပါတယ်။ သူတို့လည်း ဘုန်းကြီးသောက်ဖို့ ရေပုလင်းဝယ်ကပ်ပြီး စိတ်ချပြီးသွားကြပါတယ်။

အချိန်စောနေသေးတဲ့အတွက် ခရီးသည်တစ်ယောက်စ နှစ်ယောက်စသာ ရောက်နေပါသေးတယ်။ ဝိုးချဲဒကာမကြီးလည်း သူ့မှာပါတဲ့ပစ္စည်းတွေကို ဘုန်းကြီးထံအပ်ပြီး စားစရာတစ်ခုခု သွားဝယ်လိုက်ပါဦးမယ်ဆိုပြီး ထွက်သွားပြန်ပါရော။ ဘုန်းကြီးလည်း ထိုင်ဝမ်လေဆိပ်အတွင်း တလယ်လယ်ဖြစ်နေပုံကို စာအုပ်ထုတ်ပြီး ခုလိုမှတ်တမ်းထားရေးရင်း အချိန်ကို ကုန်လွန်စေလိုက်ပါတယ်။

လေဆိပ်အတွင်းမှာ ညဥ့်နက်လာတာနဲ့အမျှ အဲယားကွန်းက ပိုပိုအေးလာပါတယ်။ အအေးဓာတ် ကာကွယ်ရအောင် ပါလာတဲ့ အိန္ဒိယခြုံထည်လေးကိုထုတ်ပြီး ခြုံထားတယ်။ ဒါပေမယ့် ဦးခေါင်းနဲ့ခန္ဓာကိုယ်သာ သက်သာပေမယ့် ခြေထောက်က မလုံခြုံတော့ ကျင်ခဲလာပါတယ်။ ထပြီး ခရီးသည်အနည်းငယ်ရှင်းတဲ့နေရာမှာသွားပြီး စင်္ကြံလျှောက်နေလိုက်၊ ထိုင်နေလိုက်နဲ့ အချိန်ကိုကုန်လွန်စေပါတယ်။



ဒေါက်တာဒေါ်ရူပါက ဘုန်းကြီး အအေးသက်သာအောင် ဝတ်ဖို့ အနွေးထည်လိုက်ရှာတယ်။ သင်္ကန်းရောင် ရှာလို့မရဘူး။ တခြားအဝါရောင်တော့ရှိတယ်။ ဆရာတော်ဝတ်ရဲ့ပါသလားလို့ လျှောက်ထားပါတယ်။ သိပ်ပေါ်လွင်လွန်းတဲ့အရောင်ဆိုလျှင်တော့ မဝတ်ရဲဘူးလို့ ဖြေလိုက်တယ်။ ဒေါ်ရူပါက နောက်တစ်ကြိမ် ထပ်သွားရှာသေးတယ်။ မတွေ့တဲ့အတွက် ဘုန်းကြီးလည်း စင်္ကြံနဲ့ဘဲ အအေးဒဏ်ကို ကာကွယ်ရပါတော့တယ်။

လေယာဉ်ထွက်ချိန်နီးလာတာနဲ့အမျှ ခရီးသည်တွေလည်း တဖွဲဖွဲနဲ့ ရောက်လာကြပါတယ်။ ဝိုးချဲဒကာမကြီးရဲ့သမီး 'မောင်ရှိုးတီရဲ့ဇနီးလေးလည်း ရောက်လာပြီ။ ဘုန်းကြီးကိုလည်း အဆင်ပြေပါရဲ့လား စသည်ဖြင့် အားပေးစကားလာရောက်လျှောက်ထားပါတယ်။ သူတို့သားအမိနှင့်အတူလိုက်နိုင်ရန် ပတ်စပို့နဲ့ လေယာဉ်လက်မှတ်တောင်းယူပြီး လေကြောင်းတာဝန်ရှိသူများနဲ့ သွားရောက်ညှိနှိုင်းပါတယ်။ ဒါပေမယ့် ခရီးသည်များတဲ့အတွက် ခုံလွတ်မရှိတာကြောင့် မရခဲ့ပါ။ ဘာသန္တရ မတတ်တဲ့ဘုန်းကြီးအတွက် အားလုံးက စိတ်ပူပန်နေကြရတာ။ ဘာမှနားမလည်သေးတဲ့ ကလေးငယ်ကို လူကြုံနဲ့ထည့်လိုက်သလို ဘုန်းကြီးကိုလည်း စိတ်မချနိုင်ဘဲ ဖြစ်နေကြတယ်။ ရဟန်းဒကာ ရဟန်းအမများဖြစ်ကြတဲ့ ဦးတင့်လွင်+ဒေါ်ကြူကြူသင်းတို့ရဲ့ မိတ်ဆွေ ဓာတ်ပုံမောင်မောင်ညွှပ်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ညီနဲ့ အမေရိကန်မှာ ကျောင်းတက်ဖို့လိုက်လာတဲ့ သူ့တူမလေးတို့ကို လေယာဉ်ပေါ်တက်ခါနီးမှာ တွေ့ပါတယ်။ သူတို့ကိုလည်း ဒေါ်ကြူကြူသင်းက ဖုန်းဆက်ပြီး ကူညီဖို့မှာလိုက်ကြောင်း ပြောပြီး လိုအပ်တာကူညီမည့်အကြောင်း လျှောက်ထားကြ၍ အားရှိသွားပါတယ်။

လေယာဉ်ပေါ်တက်တဲ့အခါမှာတော့ မောင်ရှိုးတီဇနီးလေးမှ သူ့အမေ ပိုးချဲ့နှင့် ရှေ့ဆုံးကတက်နိုင်အောင် စီစဉ်ပေးတဲ့အတွက် လေယာဉ်ပေါ်ကို ရှေ့ဆုံးကနေတက်ရပါတယ်။ လေယာဉ်ပေါ်ရောက်တော့ သူတို့ထိုင်ခုံနဲ့ ဘုန်းကြီးခုံက အဝေးကြီးမို့ လမ်းခရီးမှာ အရက်ဆွမ်း၊ နေ့ဆွမ်း အဆင်ပြေအောင် လေယာဉ်မယ်များနှင့် ပြောဆိုစီစဉ်ပေးပါတယ်။

မတ်လ ၄ ရက်ညမှာတော့ လေယာဉ်ကြီးဟာ ခရီးသည် ၄၀၀ ခန့်တင်ဆောင်ပြီး ထိုင်ဝမ်ကနေ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ဆီသို့ ဦးတည်ကာ စတင်ပျံသန်းပါတယ်။ မြန်မာနိုင်ငံက စတင်ထွက်ခွာစဉ်က အရှေ့အရပ်ဆီသို့ ဦးတည်ကာ ထွက်ခွာခဲ့တယ်။ ခုလည်း ထိုင်ဝမ်ကနေ အရှေ့အရပ်ဆီသို့ပါပဲ။ ဒါပေမယ့် ခရီးလမ်းဆုံး ပန်းတိုင်ဖြစ်တဲ့ လော့စ်အိန်ဂျလိစ်ဆီကို ရောက်လျှင်တော့ ကိုယ့်အမိနိုင်ငံရဲ့ အနောက်အရပ်ဆီကို ရောက်သွားလိမ့်မယ်။ ဒါကြောင့်ပဲ အမေရိကန်နိုင်ငံကို အနောက်ကမ္ဘာ၊ အနောက်တိုင်းလို့ ခေါ်ဝေါ်ကြခြင်းဖြစ်လိမ့်မယ်။



ဒီအနောက်ကနေ အရှေ့ဆီကို ဆက်လက် ထွက်ခွာဦးမယ်ဆိုလျှင်လည်း ဘုန်းကြီးတို့နိုင်ငံရဲ့ အနောက်ဘက်ဆီကနေ ပြန်ဝင်သလို ဖြစ်လာဦးမယ်။ အမေရိကကနေ အင်္ဂလန်ဘက်ဆီကို ခရီးဆက်ကာ ဥရောပကနေ ပြန်ဝင်လာမယ့် ဘုန်းကြီးခရီးစဉ်အရဆိုလျှင်တော့ ဒီအနေအထားပဲဖြစ်လိမ့်မယ်။ ဘုန်းကြီးကတော့ အရှေ့ကိုသွားခဲ့တာဖြစ်ပါလျက် အနောက်ကိုရောက်လာရတဲ့အဖြစ်ကို သံသရာထဲကျင်လည်နေတဲ့ သတ္တဝါတစ်ဦးရဲ့ဖြစ်စဉ်နဲ့ နှိုင်းယှဉ်စဉ်းစားနေမိတယ်။ များများသွားလေ ကိုယ့်နေရာ ကိုယ့်ဌာနေနဲ့ ပိုပိုနီးလာလေဖြစ်ရတဲ့အဖြစ်ဟာ ဘယ်လောက်ဆင်ခြင်စဉ်းစားဖွယ် အရာမျိုးပါလဲ။

လေယာဉ်ပေါ်မှာ လေယာဉ်မယ်များက စားသောက်စရာများကို အချိန်မှန် ကျွေးမွေးပါတယ်။ ဘုန်းကြီး ထိုင်ခုံအနီးက ပေါက်ဖော်ကြီးဆိုလျှင် အိပ်လိုက်၊ နိုးလာလျှင် လေယာဉ်မယ်တွေအခန်းသွားပြီး တောင်းစားလိုက်၊ စားပြီးပြန်အိပ်လိုက်နဲ့ ပါးစပ်နဲ့အစားကို မပြတ်ပါဘူး။ ပေးထားတဲ့ငွေနဲ့ တန်အောင်များစားနေသလားလို့ တွေးမိပါတယ်။ ဘုန်းကြီးကတော့ သူစားနေတဲ့အစာတွေရဲ့ အနံ့တွေရပြီး စားချင်စိတ်မရှိသလို ဖြစ်နေခဲ့တယ်။

နံနက် ၅ နာရီအချိန်လောက်မှာတော့ မောင်ရှိုးတီရဲ့ဇနီးလေးကမှာသွားတာကြောင့် လေယာဉ်မယ်တစ်ဦး ရောက်လာကာ လက်ဟန်ခြေဟန်နဲ့ စားချိန်ရောက်ကြောင်း သော

www.burmeseclassic.com



ပြောပါတယ်။ ပထမ လက်နဲ့ပါးစပ်ကို စားဟန်ညွှန်ပြပြီး နာရီကို လက်ညှိုးထိုးပြတယ်။ ပြီးတော့ ငါးနာရီရှိပြီဆိုတဲ့ သဘောနဲ့ လက်ငါးချောင်း ထောင်ပြတယ်။ ဘုန်းကြီးလည်း သူပြောတဲ့ လက်တင်ဘာသာကို ကောင်းကောင်းသဘော ပေါက်ပြီး ဦးခေါင်းညိတ်ပြလိုက်တယ်။ သူတို့အပြောအရ ဆိုလျှင် သူလည်း ဘုန်းကြီးရဲ့ (Body Language) ကိုယ်ခန္ဓာ အမူအယာ စကား၊ ဒါမှမဟုတ် (Nonveral communication) စကားမဲ့ ဆက်သွယ်ရေးကို နားလည်သွားကပုံပါပဲ။ ချက်ခြင်း ပြန်သွားပြီး ဘုန်းကြီးအတွက် ဆွမ်း၊ ငါးဟင်းနဲ့ မုန့်တွေ ယူလာပေးပါတယ်။ ဒါပေမယ့် အာရုံဆွမ်းကို ကောင်းကောင်း မစားနိုင်ပါဘူး။ ညက လေယာဉ်ပေါ်မှာ ကျိန်းစက်လို့မရခဲ့ ဘူး။

ရာသီဥတုကြမ်းတာကြောင့် လေယာဉ်ကြီးက တော်တော်ခုန်ပါတယ်။ လေယာဉ်စီးနေရင်း ဘုန်းကြီးတို့ ရန်ကုန်–မန္တလေး မီးရထားစီးရတာကို သွားသတိရမိတယ်။ ခုလည်း လေယာဉ်စီးရတာက အဲဒီအတိုင်းပဲ။ ဒါကြောင့် ထိုင်ရတာ ညောင်းတာ၊ ရင်ဘတ်အောင့်တာနဲ့ဆိုတော့ စားချင်စိတ်မရှိ တော့ ဆွမ်းစားလို့ မရတော့ဘူးပေါ့။ လေယာဉ်ပေါ်က ကော်ဖီကလည်း သိပ် ခါးလွန်းတယ်။ ဒါကြောင့် ကိုကာကိုလာပဲ မှာသောက်လိုက်တယ်။ တခြားဟာတွေကိုလည်း မှာမှ မမှာ တတ်တာပဲလေ။



ည ၇ နာရီလောက်မှာ LA လေဆိပ်ကိုရောက်ပါတယ်။ မောင်ရှိုးတီရဲ့ဇနီးလေးက လေယာဉ်ထွက်ပေါက်ကနေ စောင့်နေပါတယ်။ ဒေါ်ကြူကြူသင်းရဲ့မိတ်ဆွေဒကာလေးလည်း အပေါက်ကနေစောင့်နေတယ်။ အဲဒီကနေ ပစ္စည်းရွေးတဲ့နေရာကို သွားကြတယ်။ ဟိုရောက်တော့ သူ့နေရာနဲ့သူ တစ်ပေါက်စီဝင်ရတယ်။ မောင်ရှိုးတီရဲ့ ဇနီးလေးနဲ့ သူ့အမေတို့မှာ ရွေးစရာပစ္စည်းတွေများနေတဲ့အတွက် ဒေါ်ကြူကြူသင်းရဲ့မိတ်ဆွေ ဒကာလေးက သူ့တူမလေးကိုထားခဲ့ပြီး ဘုန်းကြီးကို လေယာဉ်ကွင်းအပြင်ရောက်အောင် အလျှင်ပို့ပေးပါတယ်။ ကြိုသူမတွေ့လျှင် သူတို့ကားနဲ့ပဲ ဘုန်းကြီးကြွမည့်နေရာ ရောက်အောင် လိုက်ပို့ပေးမည်ဆိုတဲ့အကြောင်းလည်း လျှောက်ထားပါတယ်။

အပြင်ရောက်တော့ ဘုန်းကြီးကို အမေရိကန်သာသနာပြုခရီး ကြွရောက်နိုင်အောင်ပင့်ဖိတ်တဲ့ ရဟန်းအမကြီး ဒေါ်စိန်ရှင်ရဲ့သမီးငယ် ဒေါ်မြမြဝင်း၊ တူမ မရွှေဇင်မောင်ဘင်တို့နဲ့အတူ သန္တိသစ္စာဓမ္မရိပ်သာမှ ဦးပဥ္စင်းကြီး ဦးသုခနဲ့ ကျောင်းအမကြီး ဒေါက်တာ ဒေါ်ခင်သီဦးတို့က စောင့်ကြိုနေကြပါတယ်။ ကျောင်းကိုရောက်တော့ ည ၁၀ နာရီ ၃၀ ရှိနေပြီ။ ဒေါ်မြမြဝင်းနဲ့ တူမ မရွှေဇင်တို့ကို ပါလာတဲ့ တရားတိတ်ခွေနဲ့စာအုပ်များပေးအပ်ပြီး ပင်ပန်းလာတဲ့အတွက် နှုတ်ဆက်ကာ အိပ်ရာဝင်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါ ဒုတိယအကြိမ် အမေရိကသို့ရောက်ရှိလာခြင်းရဲ့ ပထမနေ့ အိပ်ရာဝင်ခြင်းပဲပေါ့။ ပထမအကြိမ် အမေရိကခရီးစဉ်မှာလိုပဲ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ခရီးစဉ်တစ်ခုလုံး ချောမွေ့အဆင်ပြေစွာ မြတ်ဗုဒ္ဓ ဟောဖော်ညွှန်ပြတော်မူခဲ့တဲ့ တရားတော်တွေကို ထပ်ဆင့်ဟောပြော ဖြန့်ဝေနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ခရီးစဉ်တစ်လျှောက် အစစအရာရာ အဆင်ပြေအောင် အားပေးကူညီကြတဲ့ ဒကာဒကာမများအားလုံး ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်။ အားလုံးသောသတ္တဝါတွေ ဆောရန်ကင်းကွာ ချမ်းသာကြပါစေ။

❖ ❖ ❖



## ဒုတိယအကြိမ်ရဲ့ ဒုတိယနေ့

**မတ်လ ၅ ရက်၊ ၂၀၀၉**

ညက ကောင်းကောင်းနားလိုက်ရတဲ့အတွက် အနည်းငယ် နေသာထိုင်သာရှိတယ်။ သို့ပေမယ့် ကောင်းကောင်းကြည်ကြည်လင်လင်ကြီးတော့ မဟုတ်သေးဘူး။ နံနက် ၂ နာရီ ၃၀ လောက်ကတည်းက နိုးနေခဲ့တာ။ ပြန်ပြီး အိပ်မပျော်တော့ဘူး။ ခရီးသွားနေကြသူတွေပြောတတ်တဲ့ ဂျက်လက်ဆိုတာမျိုးဖြစ်မလားပါပဲ။ ဒီအချိန်မှာဆို ကိုယ့်နိုင်ငံမှာက ညနေခင်း ၄ နာရီဝန်းကျင်လောက်ဖြစ်မှာ။ နံနက် ၅ နာရီမှာ ပြုဖွယ်ကိစ္စများပြုလုပ်ပြီး သန္တိသစ္စာမှာ အမြဲသီတင်းသုံးတဲ့ ဦးဇင်းကြီး ဦးသုခနဲ့အတူ ရိပ်သာမှ ဒေါ်မြမြဝင်းအမှူးရှိတဲ့ ဝေယျာဝစ္စယောဂီများဆက်ကပ်တဲ့ ငါးဆန်ပြုတ်၊ မုန့်ဟင်းခါး၊ ခဲဖွယ် သစ်သီးအစုံကို မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။

အရုဏ်ဆွမ်းဘုဉ်းပေးအပြီးမှာတော့ ဦးခေါင်းကလည်း မကြည်လင်သေး၊ အထူးအထွေလုပ်စရာလည်း ဘာမှမရှိသေးတာကြောင့် ကောင်းကောင်းနားမှဘဲဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



နာရီခွဲလောက်ကနေ နံနက် ၁၀ နာရီကျော်လောက်အထိ မနိုး တစ်ဝက် နိုးတစ်ဝက်နဲ့ အိပ်ရာပေါ်မှ မထဘဲ နားနေခဲ့ပါတယ်။ အပြင်မှာ ရာသီဥတုကတော့ အေးနေဆဲပါပဲ။ ရန်ကုန်မှာ ပူနေရာကနေ ခုဒီမှာတော့ ရာသီက အေးစိမ့်စိမ့်။ နာရီပိုင်းအတွင်း ရာသီက ပြောင်းလွဲသွားခဲ့တာကို ခန္ဓာကိုယ်ကလိုက်ပြီး လိုက်လျောညီထွေဖြစ်နိုင်ဖို့ အချိန်အနည်းငယ်လိုပေလိမ့်မယ်။ အေးစိမ့်စိမ့်ဖြစ်နေတာကြောင့် ရေမချိုးနိုင်ခဲ့။ ရေချိုးလျှင်တော့ ရေနွေးပိုက်ကိုဖွင့်ပြီး ချိုးနိုင်ပါတယ်။ သို့ပေမယ့် အေးနေတဲ့ရာသီဥတုက ရေနွေးနဲ့ထိတွေ့ရမှာကိုကပင် အေးလေမယောင်ယောင်။ နံနက် ၁၁ နာရီမှာ ဦးသုခနဲ့အတူ နေ့ဆွမ်းအလှူရှင် ဦးစိုးဝင်း ဒေါက်တာ ဒေါ်ဝါဝါစော မိသားစုများကပ်လှူတဲ့ဆွမ်းကို မေတ္တာပွားများကာ ဘုဉ်းပေးကြပါတယ်။

ဆွမ်းဘုဉ်းပေးပြီး ခေတ္တနားနေခိုက်မှာပဲ ဓမ္မသုခကျောင်း ဆရာတော် ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဦးသဇ္ဇန ကြွရောက်လာပါတယ်။ ဆရာတော် ဦးသဇ္ဇနနဲ့ မြန်မာနိုင်ငံရှိ သိက္ခာမ်းခဲ့ဖူးသူများအကြောင်း၊ ပြည်ပမှာ နေထိုင်ကြသူများ အကြောင်း စသည်ဖြင့် အပြန်အလှန် မေးပြော ဖြစ်ပါတယ်။ အခြားသော ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည်ကိုလည်း ပြောဖြစ်ပါတယ်။ ညနေပိုင်းမှာ နေသာ နေပွင့်နေတဲ့အချိန်တွင် ဆရာတော် ဦးသဇ္ဇနနဲ့အတူ လိမ္မော်ခြံထဲဆင်းကာ လမ်းလျှောက်ဖြစ်တယ်။ လမ်းလျှောက်ရင်း ကမ္ဘာ့ဗဟုသုတတွေ



အပြည့်ရှိနေတဲ့ ဆရာတော် ဦးသဇ္ဇနထံကနေ တစ်ကမ္ဘာလုံး စီးပွားပျက်ကိန်းဆိုက်နေတဲ့အကြောင်းတွေ၊ နိုင်ငံတကာမှာ ရင်ဆိုင်တွေ့ကြုံနေရတဲ့ အခက်အခဲစတာတွေကို ကြားသိရပါတယ်။

နေရာတိုင်း နေရာတိုင်း နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ သူ့ဒုက္ခနဲ့သူချည်းပါလားလို့ နားလည်ရပါတယ်။ သို့ပေမယ့် ဆင်းရဲအကြီးအသေးကွာခြားသလို ဆင်းရဲအပေါ်ရှုမြင် သုံးသပ်ပုံခြင်း ဖြေရှင်းပုံခြင်းတော့ ကွာခြားပေလိမ့်မယ်ဆိုတာကိုလည်း ဆရာတော်ရဲ့စကားများကို ကြားရပြီး ဆင်ခြင်မိပါတယ်။ ပြဿနာတွေကို မှန်မှန်ကန်ကန် ဖြေရှင်းချင်တဲ့ စေတနာ၊ ဖြေရှင်းနည်းအတတ်ပညာတွေ ပြည့်စုံတဲ့နိုင်ငံတွေကတော့ ပြဿနာအားလုံး အဆုံးစွန် ပြေလည်မသွားနိုင်သည့်တိုင်အောင် ခုသာခံသာရှိပေလိမ့်မယ်လို့လည်း သုံးသပ်မိပါတယ်။ ပြည်ပသာသနာအကြောင်း၊ မြန်မာနိုင်ငံရဲ့ ဘာသာ သာသနာအကြောင်း၊ နာဂစ်လေဘေးအကြောင်း၊ ဆင်းရဲဒုက္ခဖြစ်ကြရပုံတွေအကြောင်း ဇာတ်လမ်းစုံကိုလည်း အပြန်အလှန် ဆွေးနွေးပြောဆိုဖြစ်ကြပါတယ်။

ညနေ ၆ နာရီအချိန်မှာတော့ ဘုန်းကြီးရယ် ဆရာတော် ဦးသဇ္ဇနရယ်၊ သန္တိသစ္စာမှ ဦးသုခရယ်၊ မနက်ဖြန် စခန်းဝင်ဖို့ရောက်နေတဲ့ ယောဂီလေးငါးယောက်ခန့်ရယ် သီလရှင်တစ်ပါးနဲ့အတူ ဓမ္မာရုံအတွင်းမှာ ဘုရားဝတ်တက် တရားရှု

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြပါတယ်။ ည ၉ နာရီခန့်လောက်မှာတော့ ဆန်ဖရန်စစ္စကိုမှ ဘုန်းကြီးရဲ့တပည့်တစ်ဦးဖြစ်တဲ့ မောင်မိုးကျော်နဲ့ ဦးမြတ်သူတို့ ရောက်လာကြပါတယ်။ ဆန်ဖရန်စစ္စကိုကနေ သူတို့ နေ့ ၁ နာရီလောက်က ထွက်လာပြီး လော့စ်အိန်ဂျလိစ်ကို ည ၇ နာရီလောက်မှာ ရောက်တယ်လို့ပြောပါတယ်။ မိတ်ဆွေတစ်ဦးထံ ခဏဝင်နေတာနဲ့ ဘုန်းကြီးရှိရာ သန္တိသုခကို ခု ၉ နာရီလောက်မှ ရောက်လာနိုင်တယ်လို့ လျှောက်ထားပါတယ်။

မောင်မိုးကျော်က ဘုန်းကြီးများနဲ့ သူငယ်စဉ်ကတည်းက ရင်းနှီးခဲ့တာပါ။ ဘုန်းကြီးများ ခုလို ပြည်ပသာသနာပြုခရီး ကြွရောက်ရာမှာ အမြဲက ကူညီပေးခဲ့တဲ့ တပည့်လည်းဖြစ်ပါတယ်။ ၂၀၀၇ ပထမအကြိမ် အမေရိကန်သာသနာပြုခရီးစဉ်တုန်းကလည်း အစစအဆင်ပြေအောင် သူပဲအမြဲက တာဝန်ယူ ဒါနပြုခဲ့တာပါ။ အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်၊ မအားလပ်နိုင်တဲ့ကြားကပဲ ဘုန်းကြီးများ ရောက်တုန်း ရောက်ခိုက် ဗဟုသုတတိုးပွားစေဖို့ဆိုပြီး ရောက်သင့်ရာဒေသတွေဆီကို သူကိုယ်တိုင်ကားမောင်းကာ လိုက်ပို့ပေးပါတယ်။ ခုတစ်ခေါက်လည်း သွားလိုရာအရပ်များကို မိန့်ကြားဖို့လျှောက်ထားပါတယ်။

ဒါတင်မက ဘုန်းကြီးများ အမေရိက သာသနာပြုခရီးအပြီး ဥရောပဘက် ကြွရောက်တဲ့အခါမှာလည်း သူကိုယ်



တိုင်လိုက်ပါပို့ဆောင်ပြီး ဘုန်းကြီးများခရီးစဉ် ချောမွေ့ အဆင်ပြေအောင် စီစဉ်ပေးမယ်လို့လည်း ကြိုတင်လျှောက်ထားပါတယ်။ ဘုန်းကြီးများကလည်း ပြည်ပနိုင်ငံမှာ ဘာသာစကားမတတ် ဘာမတတ်နဲ့ဆိုတော့ မောင်မိုးကျော် ခုလိုလိုက်ပါပို့ဆောင်ပေးမယ်ဆိုတော့ အားရှိသွားပါတယ်။ မောင်မိုးကျော်တင်မက သူ့မိဘနှစ်ပါးဖြစ်တဲ့ ဦးထွန်းမောင် ဒေါ်အေးအေးလင်း၊ ဦးလေးများဖြစ်တဲ့ ဦးမြတ်သူ၊ ဦးကြည်ညွှန့်တို့လည်း လိုအပ်ရာများ လှူဒါန်းကာ စေတနာထက်သန်စွာဖြင့် ဘုန်းကြီးကို ကူညီခဲ့ကြပါတယ်။ ဘုန်းကြီးခရီးစဉ် ချောမွေ့အဆင်ပြေစေရေးအတွက် အမြဲက လူအား ငွေအား ထောက်ပံ့ လှူဒါန်းခဲ့ကြတဲ့ မိသားစုအဖြစ် အမှတ်တရ မှတ်တမ်းပြုရမှာပါပဲ။

ဒီညမှာ ည ၁၁ နာရီခန့်အထိ ဘုန်းကြီး၊ ဆရာတော်ဦးသဇ္ဇန၊ မောင်မိုးကျော်တို့ တူဝရီးနှစ်ယောက်တို့ ထွေရာလေးပါး စကားပြောဖြစ်ကြပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## သန္တိသစ္စာ၊ ငြိမ်းရာ စခန်း နိဗ္ဗာန်လမ်း

မတ်လ ၆ ရက်၊ ၂၀၀၉

နံနက် ၄ နာရီ အိပ်ရာထ မျက်နှာသစ်ပြီးချိန်မှာတော့ ကားကျပ်မှာစိုးတဲ့အတွက်ကြောင့်ဆိုပြီး ဆရာတော် ဦးသဒ္ဒန နှုတ်ဆက်ပြီး စောစောပြန်ကြွသွားပါတယ်။ ဘုန်းကြီးတို့ နှစ်ပါး သီလရှင်တစ်ပါးနဲ့ ယောဂီ လေးယောက်စုပေါင်း ဘုရားဝတ်တက်ကြပါတယ်။ တရားရှုမှတ်ချိန်မှာတော့ မောင်မိုးကျော်ပါ ရောက်လာပြီး တရားရှုမှတ်ပွားများပါတယ်။ နံနက် ၆ နာရီမှာတော့ အလှူရှင် ဒေါ်ညွန့်ညွန့်၊ ဒေါ်ရင်ရင်အေး ကွယ်လွန်သူ မစ္စတာလွိုက်၊ ဒေါ်နန္ဒစာရီ မိသားစုများ ဆက်ကပ်တဲ့ ဆန်ပြုတ်၊ ကော်ရည်ခေါက်ဆွဲဆွမ်း ဘုဉ်းပေးပါတယ်။ အချိုပွဲအတွက် သစ်သီးမုန့်ခဲဖွယ်များလည်း အစုံပါပဲ။ မေတ္တာပွားများကာ ဘုဉ်းပေးကြပါတယ်။


နံနက် ၈ နာရီအချိန်မှာတော့ သီလရှင်တစ်ပါး၊ အမျိုးသမီးယောဂီ ၅ ဦးတို့နှင့် တရားစခန်း စတင်ဖွင့်လှစ်ပါတယ်။ ရန်ကုန်ရိပ်သာမှာလိုပဲ ရှစ်ပါးသီလချီးမြှင့်ပြီး သတိပဋ္ဌာန်




လော့စ်အိန်ဂျလိစ်မြို့ (U.S.A) ၊ ဒေါ်ဆွိတ်ဗိ မိသားစုနှင့်အတူ။

www.burmeseclassic.com

www.burmeseclassic.com





ဟောလီဝုဒ်မြေ၊ ကြယ်တွေပေါ်ဝယ် အမှတ်တရ





(လော့စ်အင်ဂျလိစ်မြို့) ကမ္ဘာကျော် ဟောလီးဝုဒ်ဆိုင်းဘုတ် - စာတန်းကြီး နှင့် အမှတ်တရ

www.burmeseclassic.com




ဟောလီးဝုဒ်တွင် မောင်ဘင် + မရွှေစင် တို့နှင့် အမှတ်တရ




(လော့စ်အင်ဂျလိစ်မြို့) တိရိစ္ဆာန်ဥယျာဉ်ကို နောက်ခံပြု၍ အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com



တိရစ္ဆာန်ဥယျာဉ်အတွင်း၊ ပိဋက (နှစ်ပုံခွဲ) ဆောင်၊ ဦးသဋ္ဌနနှင့်အတူ




(လော့စ်အင်ဂျလိစ်မြို့) သဒ္ဓိသစ္စာဓမ္မရိပ်သာ တရားစခန်းအလှူပွဲ

www.burmeseclassic.com
www.burmeseclassic.com



သန္တိသစ္စာ ဓမ္မရိပ်သာ တရားစခန်းအောင်ပွဲ အမှတ်တရ



(ကာလီဖိုးနီးယားပြည်နယ်) အဂ္ဂဇာကျောင်းအတွင်း တရားချီးမြှင့်နေပုံ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



(ကာလီဖိုးနီးယားပြည်နယ်) အဂ္ဂဇာကျောင်း တရားပွဲတွင် တရားနာပရိတ်သတ်များ တရားတော်ကိုနာယူနေပုံ



(အာခေးဒီးယားမြို့) ကိုမောင်မောင် + မဥမ္မာ တို့နေအိမ်တွင် ယောဂီများတရားရှုမှတ်နေပုံ

www.burmeseclassic.com

www.burmeseclassic.com




လော့စ်အင်ဂျလိစ်၊ အာဒေဒီးယားမြို့ ကိုမောင်မောင် + မဥမ္မာတို့နေအိမ် တရားပွဲအပြီး အမှတ်တရ



အမေရိကန်၊ သာသနာပြုခရီးစဉ် ကြွရောက်ချီးမြှင့်ပါရန် ပထမဆုံးပင့်ဆောင်သော
(U.S.A) Los Angeles} ဦးအေးကြူ + ဒေါ်မြမြဝင်း မိသားစုနှင့်အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com





ဝိပဿနာ ရှုမှတ်ပွားများနည်း အကျဉ်းကို ဘုန်းကြီးက ရှင်းလင်း ဟောကြားပေးပါတယ်။ အဲဒီနောက်မှာတော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ အလုပ်ပေးတရားကို နာယူစေပြီး အချိန်ဇယားအတိုင်း လေးလေးစားစား ကြိုးစားကာ အားထုတ်ကြဖို့ ဘုန်းကြီးက ရှင်းလင်းဟောကြားပေးပါတယ်။ မြန်မာနိုင်ငံမှာလို တချို့ယောဂီများက အချိန်ပြည့် အားမထုတ်နိုင်ကြပါဘူး။ ဝေယျာဝစ္စအခက်အခဲကြောင့် အချို့နေရာများမှာ ယောဂီများကိုယ်တိုင် ဆွမ်းကိစ္စကိုယ်တိုင် ဝိုင်းဝန်းလုပ်ဆောင်ကြရပါတယ်။ နံနက်ပိုင်း စားသောက်ရေး ကိစ္စအားလုံးပြီးမှ အချိန်ပြည့် အားထုတ်နိုင်ကြပါတယ်။ တိုးတက်တဲ့နိုင်ငံများမှာက အချိန်နဲ့တပြေးညီ အလုပ်လုပ်ကြရတာမို့ အားလပ်ချိန် နည်းပါတယ်။ ရသမျှအချိန်လေး၊ ခွင့်ရက်လေးထဲက ဖဲ့ပြီး ရတဲ့အချိန်လေး တစ်ရက်ရရ နှစ်ရက်ရရ ရသမျှ အားထုတ်ကြရတာပါ။ တချို့ကတော့ ခွင့်လုံးဝ မရနိုင်တာကြောင့် စနေ၊ တနင်္ဂနွေ အလုပ်နားရက်မှာမှ လာရောက်အားထုတ်ကြသူများကိုလည်း တွေ့ရပါတယ်။

ဘာသာတရားပေါ် အလွန်စိတ်ဝင်စားတဲ့သူများမှသာ လုပ်နိုင်ကြတာပါ။ သာမန်စိတ်ဝင်စားသူတွေအတွက်တော့ ခုလောက် မအားလပ်တဲ့ကြားထဲကနေ အချိန်လုပြီး တရားရှုမှတ်တဲ့ဆီရောက်အောင် ဦးလှည့်မိဖို့ဆိုတာ လုံးဝ လွယ်လှမယ်မထင်ပါဘူး။ ခုချိန်မှာလို တစ်ကမ္ဘာလုံး စီးပွား

www.burmeseclassic.com

ပျက်ကပ်ကြီးဆိုက်ခိုက်ဆိုတော့ အလုပ်ပြုတ်သူတွေကလည်း အများသား မဟုတ်လား။ ဒီတော့ မပြုတ်ဘဲ ကျန်နေသေးတဲ့ သူတွေကလည်း ကိုယ့်အလှည့် ဘယ်တော့ ရောက်လာလေမလဲလို့ တထိတ်ထိတ်ဖြစ်ကြရ၊ ပြုတ်တဲ့သူတွေရဲ့ အလုပ်ကို ကျန်သူတွေက ပိုပြီးဝိုင်းလုပ်ကြရဆိုတော့ အတော်ပင်ပန်းကြတယ်ဆိုတာကိုလည်း လျှောက်ထားကြလို့ ကြားသိရပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာရှိနေကြသူတွေက ခုလို တရားအားထုတ်နိုင်ဖို့ အခွင့်အလမ်းဖက်က ကြည့်မယ်ဆိုလျှင်တော့ အင်မတန် ကံကောင်းသူတွေလို့ ပြောရမှာပါ။ သူတို့အတွက်က ဒီအမေရိကမှာ နေထိုင်ကြတဲ့သူတွေလို အချိန်အတွက် အလွန်ကြောင့်ကြ ပူပန်နေဖို့ မလိုကြပါဘူး။ သို့ပေမယ့် အခြားဖက်က ပူပင်စရာတွေတော့လည်း ရှိကောင်းရှိနိုင်ကြမှာပေါ့။ နံနက် ၉ နာရီလောက်မှာတော့ နေသာနေတဲ့အတွက် အအေးပေါ့နေပါတယ်။ ဒါကြောင့် မောင်မိုးကျော်တို့ တူဝရီးနှစ်ယောက်နဲ့အတူ လိမ္မော်ခြံထဲ လမ်းလျှောက်ရင်း ရှေ့ဆက်လုပ်ဆောင်မည့် သာသနာပြုလုပ်ငန်းစဉ်များအကြောင်း၊ ဘုန်းကြီးများ ဒီအမေရိကန်ခရီးစဉ်အပြီး ဆက်လက်ကြွမည့် ဥရောပခရီးအကြောင်းကို ဆွေးနွေးတိုင်ပင်ဖြစ်ပါတယ်။

ရေချိုးပြီး နေ့ဆွမ်းကိုတော့ ၁၁ နာရီမှာ ဘုဉ်းပေးပါတယ်။ အလှူရှင်များဆက်ကပ်ကြတဲ့ နေ့ဆွမ်း၊ ခဲဖွယ်



ဘောဇဉ်တို့ကို မေတ္တာပွားများကာ ဘုဉ်းပေးခဲ့ပါတယ်။ နေ့ဆွမ်းအပြီးမှာတော့ ဆန်ဖရန်စစ္စကိုကို ပြန်ကြမည့် မောင်မိုးကျော်တို့အား ဥရောပခရီးစဉ်အတွက် စီစဉ်စရာများ စီစဉ်ဖို့ ပြောဆိုပါတယ်။ လာမည့် ၂၈ ရက်နေ့မှာ ဆန်ဖရန်စစ္စကိုအနီးက ဒေလီစီးတီးမြို့မှာ ကျင်းပမည့်တရားပွဲအတွက် ၂၇ ရက်နေ့မှာ လာရောက်ကြိုဆိုပါမယ်လို့ လျှောက်ထားပြီး မောင်မိုးကျော်တို့ တူဝရီးနှစ်ယောက် နှုတ်ဆက်ဦးချကာ ပြန်သွားကြပါတယ်။

ည ၈ နာရီမှာတော့ တရားစခန်းဝင်ယောဂီနဲ့ တရားနာသူ စုစုပေါင်း ၁၂ ဦးအတွက် အဖွင့်တရားအဖြစ် သတိပဋ္ဌာန အာနိသံသကထာကို စိတ်အားတက်ကြွပြီး တရားကို ပိုမို ကြိုးစားအားထုတ်ချင်လာအောင် တိုက်တွန်း ဟောကြားပေးခဲ့ပါတယ်။ တရားပွဲအပြီး ရေးမှတ်သင့်တာလေးတွေ ရေးမှတ်ပြီး တရားနှလုံးသွင်းကာ အနားယူခဲ့ပါတယ်။

**မတ်လ ၇ ရက်၊ ၂၀၀၉**

နံနက်လေးနာရီ အိပ်ရာထ၊ ပြုသင့်ဖွယ်များပြုလုပ်ပြီး လေးနာရီခွဲမှာ တရားခန်းမသို့သွားပြီး ယောဂီများနဲ့အတူ ဘုရားဝတ်တက် တရားရှုမှတ်ပြီး ၅ နာရီ ၃၀ မှာ ခဏရပ်နားပါတယ်။ ယောဂီများကို သီလပေး၊ တရားအားထုတ်ပုံအကျဉ်း ထပ်မံပြောပြပြီး မေတ္တာပို့ကြပါတယ်။ ၆ နာရီမှာတော့ အလှူ

www.burmeseclassic.com

www.burmeseclassic.com



ရှင် ဆက်ကပ်တဲ့ ဆန်ပြုတ်နဲ့ ခေါက်ဆွဲဆွမ်းတို့ကို မေတ္တာပို့ကာ ဘုဉ်းပေးကြပါတယ်။

နံနက် ၈ နာရီမှာ ယောဂီများကို တရားစစ်ဆေးပါတယ်။ အားထုတ်စ သမာဓိထူထောင်ခါစဖြစ်ကြတာမို့ အထူးလျှောက်ထားစရာ မရှိကြပါဘူး။ ဘုန်းကြီးကနေပြီး ယောဂီများ စနစ်တကျ ရှုမှတ်ပွားများတတ်အောင် သင်ကြားပေးတာပဲ ရှိပါတယ်။ ဒီနေ့တော့ စနေနေ့ဖြစ်တာကြောင့် ဧည့်သည်တွေများပါတယ်။ အလှူရှင်များက ဖိတ်ကြားထားတဲ့ ဧည့်သည်တွေရော၊ ဘုန်းကြီးကိုလာရောက်ဖူးမျှော်ဖို့ ရောက်လာကြတဲ့သူတွေရော၊ ဆွမ်း၊ သစ်သီးအချိုပွဲ စသည် ကပ်လှူလိုလို့ ရောက်လာကြသူတွေရော တော်တော်စုံလင်ပါတယ်။ လာကြသူတွေထဲမှာ တချို့က ဘုန်းကြီးရဲ့ ယောဂီဟောင်းတွေ၊ တချို့ကတော့ ဘုန်းကြီးများ ရွှေမင်းဝံရိပ်သာမှာ ရဟန်းဝတ်သွားဖူး၊ သီလရှင်ဝတ်သွားဖူးသူတွေလည်း ပါပါတယ်။ ကောင်းကောင်းမှတ်မိသူတွေရှိသလို အချို့ကိုတော့လည်း သိပ်ပြီး မမှတ်မိပါဘူး။ ဘုန်းကြီးများထံ လာရောက်သွားစဉ်က ရုပ်ရည်နဲ့ အခုတွေ့မြင်ရတဲ့ရုပ်ရည်က ပြောင်းလဲသွားတာကြောင့် မမှတ်မိနိုင်ဖြစ်ရသူတွေလည်း ပါပါတယ်။ တချို့ကတော့လည်း အများထဲမှာမို့ ရုပ်ရည်ကို မှတ်မိသလိုလိုဖြစ်ပေမယ့် ဘယ်သူဘယ်ဝါဆိုတာ တိတိကျကျ မသိနိုင်ဖြစ်ရသူတွေလည်း ပါသပေါ့။ အချို့ကတော့လည်း သူက ဘယ်သူပါ။



ဆရာတော်ကျောင်းမှာ ရဟန်းဝတ်သွား၊ သီလရှင်ဝတ်သွားတဲ့ ဘယ်သူ့ရဲ့ အဖေပါ၊ အမေပါ၊ အစ်ကိုပါ၊ အစ်မပါ စသည်ဖြင့် ဆက်စပ်ကာ မိတ်ဆက်စကားဆိုသူတွေလည်း ရှိပါတယ်။ အဲဒီလို ကိုယ့်ကိုဖူးသူတွေ၊ ကိုယ့်ဆီမှာ ရဟန်းဝတ်၊ သီလရှင်ဝတ်သွားဖူးတဲ့ ယောဂီဟောင်းတွေကို ပြန်လည်တွေ့ရတော့ ဘုန်းကြီးလည်း အားတက်မိပါတယ်။

ဒီနေ့ဆွမ်းကိုတော့ ကိုရေဘတ် မလီလီချမ်း၊ ကိုမျိုးမင်းသူ၊ မအေးမိုးသူတို့ရဲ့ သားလေး အင်ဒရူးမွေးနေ့ အထိမ်းအမှတ်၊ ဦးမြင့်ဦး ဒေါ်စန်းဝါတို့သား မွေးနေ့အထိမ်းအမှတ်အဖြစ် ဆက်ကပ်ပါတယ်။ အလှူရှင်များ၊ မွေးနေ့ရှင်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ပါစေရန် ဆုတောင်းမေတ္တာပို့ကာ ဘုဉ်းပေးခဲ့ပါတယ်။ အလှူရှင်များဆက်ကပ်ကြတဲ့ ဆွမ်းဟင်း၊ ခဲဖွယ်နဲ့ သစ်သီးတွေက စုံနေတာပါပဲ။ မြန်မာနိုင်ငံသားများရဲ့ ထူးခြားတဲ့ စေတနာကတော့ ယှဉ်တုလို့ရနိုင်မယ် မဟုတ်ဆိုတာကို သက်သေပြနေသလို ထင်ရပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အညာမြေ ဌာနေကို မှန်းကာဆ

သန္တိသစ္စာရိပ်သာဘေးမှာ ထန်းပင်တွေ ဝိုင်းနေလေတော့ ဘုန်းကြီးများမွေးဖွားရာ အညာဒေသကို ပြန်လည်အောက်မေ့ သတိရမိပါတယ်။ တောရွာ၊ တောခလေ့၊ ရိုးရှင်းသောမြင်ကွင်းများပေါ်တွင် ကိုယ်တိုင်သရုပ်ဆောင်ခဲ့သူဖြစ်သဖြင့် သည်မြင်ကွင်းသည် မိမိအတွက် မေ့မရစရာ ဒီအချိန်မှာဆို ဘုန်းကြီးတို့ အညာဒေသမှာ ထန်းတောင်သူတွေအလုပ်များတဲ့ အချိန် ကာလလေ။ နွေဦးကာလ၊ တန်ခူးရာသီ။ သန္တိသစ္စာကျောင်းအနီးမှာ လိမ္မော်ခြံကြီးတွေက ခြံခြင်း ဆက်နေတာကြောင့် လူနေဝေးတာကြောင့် သန္တိသစ္စာက အလွန်တိတ်ဆိတ်ငြိမ်းချမ်းပါတယ်။ တရားရှုမှတ်ပွားများတဲ့ ယောဂီတွေအဖို့တော့ အလွန်သင့်လျော်တဲ့ နေရာလေးပါပဲ။

သမာဓိထူထောင်ကာစ ယောဂီတွေအဖို့ လူသူ တိတ်ဆိတ်တဲ့နေရာမျိုး အလွန်လိုအပ်ပါတယ်။ အထူးသဖြင့် လူစကားသံက တရားရှုမှတ်မှုမှာ အထူးအနှောင့်အယှက် ဖြစ်စေ



တတ်ပါတယ်။ သမာဓိကို ကျားကုတ် ကျားခဲ ထူထောင်နေရချိန်မျိုးမှာ တစ်ဦးဦးရဲ့ ပယောဂကြောင့် ကြိုးစားထူထောင်ခါစ သမာဓိလေး လှုပ်ခါသွားတယ်ဆိုလျှင် ခွင့်လွှတ်ပေးဖို့ ဥပေက္ခာပြုပေးလိုက်ဖို့ ယောဂီတွေမှာ အလွန်ခက်ခဲတတ်ပါတယ်။ အခြားသောအသံကို သည်းခံဖို့ လွယ်ကူပေမယ့် တစ်ဦးတစ်ယောက်ရဲ့ အလိုက်မသိတတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အသံဗလံအပေါ်မှာ သည်းခံနိုင်ဖို့က သမာဓိ စတင်ထူထောင်ကာစ ယောဂီတို့အတွက် မလွယ်ကူလှပါဘူး။

သမာဓိ လုံးဝမဖြစ် သေးသူတွေအတွက် အသံဗလံကဘာမှ အနှောင့်အယှက် မဖြစ်စေနိုင်သလို သမာဓိခိုင်မာသူတွေအတွက်လည်း အသံဗလံဆူညံမှုက အနှောင့်အယှက်မဖြစ်စေနိုင်ပါဘူး။ သို့ပေမယ့် သမာဓိ ခိုင်မာကာစ သမာဓိဦးယောဂီတို့အတွက် ကတော့ အသက်ရှူသံလေး။ မီးခလုတ်ဖွင့်ပိတ်လိုက်သံလေး၊ ပြောရလျှင် အိမ်မြောင်စုတ်ထိုးသံလေးမျိုးကပင်လျှင် နားဝမှာ မိုးကြိုးပစ်သံလေလား ထင်မှတ်မှားလောက်အောင် ပြင်းထန်လှပါတယ်။ ကိုယ်တိုင်ရှုမှတ်မှုလက်တွေ့မရှိသူတွေအနေနဲ့က ဒီလိုအနေအထားမျိုးကိုကိုယ်တွေ့နဲ့ စာနာနားလည်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်တရားရှုမှတ်နေတဲ့ ယောဂီများ အနား သွားလာတဲ့သူတွေအဖို့အထူးပင် ညင်ညင်သာသာ ဂရုစိုက်ကာ သွားလာနေထိုင်ဖို့အရေးကြီးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သန္တိသစ္စာရိပ်သာကတော့ အလွန်တိတ်ဆိတ်တဲ့နေရာလေးပါ။ သာသာယာယာလည်းရှိလို့ မိုင်ပေါင်း ခုနစ်ဆယ်၊ ရှစ်ဆယ်ဝေးတဲ့နေရာက သူများပင်လျှင် လာရောက်ကြတာကို တွေ့ရပါတယ်။ အလုပ်ပိတ်ရက်ဖြစ်တာကြောင့်လည်း ဒီနေ့တော့ ပရိသတ်တွေ တစ်ရာဝန်းကျင်လောက်ပင်ရှိမယ်လို့ ခန့်မှန်းမိပါတယ်။ ဘုန်းကြီးကို လာရောက်ဖူးမျှော်ကြ၊ အချင်းချင်း မိတ်ဆက်စကားဆိုကြနဲ့ဆိုတော့ ပွဲတော်ကြီးတစ်ခုအလား စည်ကားလို့နေပါတယ်။

ကလေးငယ်များကတော့ လိမ္မော်ခြံကြီးထဲမှာ ပြေးလွှား ဆော့ကစားကြလို့ပါ။ လိမ္မော်သီးများကလည်း မှည့်ချိန်ဆိုတော့ တစ်ခြံလုံး လိမ္မော်ရောင်လွှမ်းနေချိန်ပေါ့။ အသီးတွေကလည်း အပင်ပေါ်မှာ ပြွတ်ခဲလို့။ အောက်မှာလည်း ကြွေနေတဲ့ အသီးတွေက အပြည့်။ ဘယ်သူမှလည်း ခူးမယ့်သူ၊ ကောက်မယ့်သူမရှိ။ ဆွမ်းဝိုင်းများမှာ တွေ့မြင်ရတဲ့ စားသောက်ဖွယ်တွေ အလျှံပယ်ဖြစ်နေတာတွေကို ကြည့်ပြီး စားသောက်ဖွယ်တွေ ပေါများပြည့်စုံနေတဲ့ နေရာမှာတော့ အလျှံပယ်။ ရှားပါးတဲ့နေရာများမှာတော့လည်း ရှားပါး။ လူသားတွေရဲ့ ကံကြမ္မာအကြောင်းကို ပြန်ပြောင်းအောက်မေ့မိဖူးပါတယ်။

ခုလည်း တစ်ခြံလုံး လိမ္မော်သီးတွေ ဝါဝင်းနေတာတောင် ကြွေလို့မှ ကောက်ယူမည့်သူမရှိ။ သစ်သီးခြံအတွင်း



ပိုင်ရှင်မသိအောင် ဝင်ရောက်ခူးဆွတ်မှာစိုးလို့ အစောင့်အရှောက် ငှားထားရတယ်ဆိုတာမျိုး ကြားဖူးနားဝရှိနေတဲ့ ဘုန်းကြီးအဖို့တော့ အထူးအဆန်းပါပဲ။ နောက်ပြီး ပိုင်ရှင်အလိုမတူပါဘဲ သိမ်းပိုက်ခိုးယူမှုပြုလုပ်တတ်ကြတဲ့သူတွေရဲ့ ကိုယ်ကျင့်တရားများနဲ့ ပတ်သက်ပြီးလည်း ဆင်ခြင်စဉ်းစားမိပြီး သူတို့နောင်ရေးအတွက် ရင်လေးစိတ်နဲ့ သနားစိတ်ဝင်မိပါတယ်။ ခုလိုပိုင်ရှင် အလိုမတူဘဲ သိမ်းပိုက်ခိုးယူတတ်ကြတာက ကိုယ်ကျင့်တရားစံကို အလွန်ရှေ့တန်းတင် ဦးစားပေးကာ ပြောလေ့ရှိကြတဲ့ ကိုယ့်နိုင်ငံက လူတွေကြားမှာ ဖြစ်နေတယ်ဆိုတာသိရတော့ အလွန်မှပဲ စိတ်မကောင်းကြီးစွာ ဖြစ်မိရတာအမှန်ပါပဲ။ ဘုန်းကြီးများကလည်း ကိုယ်ကသာ ဒီမှာ၊ စိတ်ကတော့ ဟိုမှာတစ်လှည့်၊ ဒီမှာတစ်ခါ။ ကူးချည်သန်းလှည့်။

ပိုင်ရှင် ကျောင်းအမကြီး ဒေါက်တာ ဒေါ်ခင်သီဦးက 'လာဝယ်သူများကို မရောင်းတော့ဘူး။ ဘာကြောင့်လည်းဆိုတော့ ခူးဆွတ်ခ၊ သယ်ယူခစတဲ့ လုပ်အားခတွေနဲ့ တွက်ချက်လိုက်ရင် အဖြေက အနုတ်လက္ခဏာပြနေတဲ့အတွက် ရိပ်သာလာတဲ့သူများ သဘောကျခူးယူနိုင်တယ်လို့ ခွင့်ပြုထားတယ်' လို့ ဆိုပါတယ်။ ခြံထဲမှာ အပင်ပေါင်း ထောင်ချီရှိနေတာဆိုတော့ ဘယ်သူက ကုန်အောင်ခူးနိုင်ပါ့မလဲ။ ဒီတော့ အပင်ပေါ်မှာ အသီးတွေက ဝေလျက်၊ ပင်အောက်မှာလည်း ကြွေလျက်၊ နောက်ထပ်သီးမည့် ဖူးပွင့်တွေကလည်း စီလျက်၊ မမြင်မတွေ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးသူ ဘုန်းကြီးမှာ အံ့သြလွန်းစွာပါပဲ။ ဖြစ်နိုင်လျှင် ခြံကြီး တစ်ခြံလုံး မြန်မာနိုင်ငံမရွှေ့ပြီး သယ်သွားလိုစိတ်ဖြစ်မိပါ တယ်။ စိုက်ပျိုးနည်းစနစ်ကျနမှု၊ ရေပေးဝေခြင်းနည်းစနစ် ကျနမှု၊ နောက်ဆုံးအသီးတွေ ခူးဆွတ်ကြပုံ၊ အသီးတွေ ခြံထဲ ကနေ သယ်ယူထုတ်ဆောင်မှု နည်းစနစ်တွေကို သိစေ မြင်စေ သိနားလည်ကြပြီး အတုယူစေချင်တဲ့ စေတနာကြောင့်ပါ။

အတတ်ပညာ ပြည့်စုံစွာနဲ့ စိုက်ပျိုးနိုင်လျှင် ကိုယ့် ပြည် ကိုယ့်ရွာမှာလည်း အစားအသောက် အသီးအနှံ အလျှံ ပယ်ကာ ပေါနိုင်ရမှာပေါ့။ ကံဆိုတာ အလုပ်၊ အလုပ်ကောင်း ကောင်းလုပ်နိုင်လျှင် ကံကောင်းသူတွေဖြစ်လာနိုင်ကြရမှာပေါ့။

ဘုန်းကြီးတို့ ဆွမ်းဘုဉ်းပေးနေစဉ် ယောဂီများကို ကျောင်းတွင်း စားသောက်ခန်းမထဲမှာ ကျွေးမွေးပြီး ဧည့်သည် များကိုတော့ ကျောင်းအပြင်ခြံထဲမှာ ဘူဖေးစနစ်နဲ့ ကျွေးမွေးပါ တယ်။ ကိုယ်တိုင်ယူ ကိုယ်တိုင်ထည့်စနစ်ကို တွေ့ရတော့ အတော်ပဲ ဝန်ကျဉ်းပါလားလို့ တွေးမိပါတယ်။ ကိုယ့်နေရာ ပြန်ရောက်လျှင် ဒီစနစ်ကို သုံးကြည့်ရကောင်းမလားလို့လည်း စိတ်ကူးမိပါတယ်။ ဒါပေမယ့် ကိုယ့်ဆီမှာက ဗွီအိုင်ပီဆိုတဲ့ အထူးဦးစားပေး ဧည့်သည်ဆိုတဲ့ စနစ်ကြီးက ရှိနေလေတော့ သိပ်ပြီး လွယ်မယ်တော့ မထင်လှပါဘူး။ ဂုဏ်ပကာသနဆို တာတွေက နေရာတကာမှာ ရှေ့တန်းရောက်နေလေတော့ အပေါယံဂုဏ်ရှိဖို့အရေး တကယ့်အနှစ်သာရဖြစ်တဲ့ ဂုဏ်တွေ



ကို စတေးတတ်ကြတာကို တွေ့မြင်ရတော့လည်း စိတ်ထဲ မကောင်းနိုင်ဖြစ်ရတတ်ပါတယ်။

နေ့လယ် ၁ နာရီမှာတော့ ဘုန်းကြီးက ဆွမ်း အနု မောဒနာတရား ဟောပေးပါတယ်။ ခန်းမထဲမှာ လူ ခုနစ် ဆယ်၊ ရှစ်ဆယ်လောက်တော့ရှိမယ်လို့ ခန့်မှန်းမိပါတယ်။ အချို့ကလည်း ပြန်ရမှာက ဝေးတာကြောင့် ပြန်ကြ၊ အချို့က တော့လည်း အခြားဆောင်ရွက်ဖွယ်များရှိတာကြောင့် ပြန်ကြ ပါတယ်။ ‘တရားရိပ်မှာ အေးချမ်းသာ’ဆိုတဲ့ တရားကို ဟော ပေးပါတယ်။ တရားနာပြီး အချို့လည်းပြန်ကြ၊ အချို့လည်း ရသမျှအချိန်လေးအတွင်း ရနိုင်သမျှ ဆက်လက် တရားရှုမှတ် ကြပါတယ်။ ညနေ ၈ နာရီမှာတော့ တရားစခန်းဝင်ယောဂီ များအတွက် “ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ”ဆိုတဲ့ သွားခြင်း ဣရိယာပုထ်နဲ့ ပတ်သက်ပြီး စင်္ကြံန်ဆိုင်ရာ သိသင့်သိထိုက် ဖွယ်ရာများကို အကျယ်တစ်ဝင့် ရှင်းလင်းပြောကြားပေးခဲ့ပါ တယ်။ ည ၁၀ နာရီအချိန်မှာတော့ ရေးသင့်တာလေး ရေးမှတ် ပြီး ရှုမှတ်မှုနဲ့ အိပ်ရာဝင်ခဲ့ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အချိန်နှင့်လူ နိုင်သူစားစတမ်း

မတ်လ ၈ ရက်၊ ၂၀၀၉

ပြိုင်ပွဲလေးတစ်ခုအဖြစ် သတ်မှတ်လိုက်လျှင်၊ အနည်းဆုံး ပြိုင်ဘက်နှစ်ဦးတော့ရှိလာမှာပါ။ ဒီပွဲမှာတော့ တစ်ဦးက လူ၊ ကျန်တစ်ယောက်က အချိန်ပေါ့။ 'အချိန်နှင့်ဒီရေသည် လူကိုမစောင့်' ဆိုပေမယ့် သတိ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ အချိန်ရဲ့ဝါးမျိုခြင်းကို မခံရပါဘူး။ သင်ကော ယခုအချိန်မှာ အောင်နိုင်သူလော့? ရှုံးနိမ့်သူလော့?

နေ့စဉ်ပြုနေကြ ဝတ်တရားများပြုလုပ်ပြီး နံနက် ၆ နာရီမှာတော့ အရဏ်ဆွမ်း ဘုဉ်းပေးပါတယ်။ ဒီနေ့ အရဏ်ဆွမ်းကိုတော့ အလှူရှင်များကိုယ်တိုင် လာရောက်ဆက်ကပ်ကြပါတယ်။ ဆွမ်းဘုဉ်းပေးအပြီးမှာတော့ ဦးပဥ္စင်းကြီးဦးသုခက ဒီနေ့စံတော်ချိန် ၁ နာရီ ရှေ့တိုးသွားတဲ့အကြောင်း ရှင်းပြပြီး လက်ကိုင်ဖုန်းနဲ့ ကွန်ပျူတာကို ဖွင့်ပြပါတယ်။ နံရံမှာ ချိတ်ထားတဲ့ နာရီ၊ ဘုန်းကြီးစားပွဲတင်နာရီတို့နဲ့ ယှဉ်ကြည့်



လိုက်တော့ လက်ကိုင်ဖုန်းနဲ့ ကွန်ပျူတာမှာရှိနေတဲ့နာရီက တစ်နာရီ စောနေတာကို အံ့သြစွာ တွေ့ရပါတယ်။ နာရီအချိန်ပြောင်းတာကိုတော့ စပရင်း ဖော်ဝပ်ဒ်၊ ဖောလ်ဘက်ခ်ဆိုတဲ့ အဆိုလေးနဲ့ မှတ်သားထားကြတယ်လို့ ဆိုပါတယ်။

ခုလို စပရင်းဆိုတဲ့ နွေဦးရာသီရောက်လျှင် နာရီကို တစ်နာရီ ရှေ့တိုးပြီး ဖောလ်ဆိုတဲ့ ဆောင်းဦးရာသီမှာတော့ နာရီကို တစ်နာရီ နောက်ဖက်ပြန်ဆုတ်ရပါသတဲ့။ ကိုယ့်ဆီမှာ မရှိတဲ့ အတွေ့အကြုံအသစ်ပေါ့။ အမေရိကန်မှာ နေ့တာ ညတာ အပြောင်းအလဲက သိသိသာသာဆိုတော့ လျှပ်စစ်အား အသုံးပြုမှု လျှော့နည်းနိုင်အောင် ခုလိုအချိန်ပြောင်းတဲ့စနစ်ကို သုံးထားတာလို့လဲ ဆိုပါတယ်။

ဒီနေ့လည်း ဧည့်သည်တွေတော်တော်များများလာကြပါတယ်။ ငါးဆယ်လောက်တော့ ရှိမယ်ထင်ပါတယ်။ မနေ့က လောက်တော့ မများပါဘူး။ ဘုန်းကြီးကိုလည်း လာရောက်ကန်တော့ကြ၊ နှုတ်ဆက်စကားဆိုကြပါတယ်။ သိသူတွေလည်းပါ၊ မသိသူတွေလည်းပါ။ အချို့ကလည်း ဘုန်းကြီးများရဲ့ ရွှေမင်းဝံရိပ်သာကို ရောက်ဖူးကြပါတယ်။ မြန်မာပြည်က ကြွရောက်လာကာစဘုန်းကြီးဆိုတော့ မြန်မာနိုင်ငံက ဘာသာရေး၊ သာသနာရေးအကြောင်းကို သိလိုသမျှ မေးမြန်းလျှောက်ထားကြပါတယ်။ ဘုန်းကြီးများကလည်း ကိုယ်သိထားသမျှ ပြန်လည်မိန့်ကြားပေးပါတယ်။ အားလုံးကတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမိမြေက ဘာသာသာသနာဆိုင်ရာ အကြောင်းခြင်းရာများကို စိတ်အားထက်သန်စွာ သိလိုကြပါတယ်။

ဘယ်အရပ်၊ ဘယ်ဒေသကိုပဲရောက်ရောက် ကိုယ့်မြေကိုယ့်ရေ ကိုယ့်ဒေသ ကို မမေ့ကြသေးတာကို တွေ့မြင်ရတော့ ဝမ်းသာမိပါတယ်။ တကယ်တော့လည်း သူတို့တွေအနေနဲ့ အခြေအနေအရ ရေကြည်ရာ မြက်နုရာ တစ်နယ်တစ်ကျေးကို ပြောင်းရွှေ့နေထိုင်ကြပေမယ့် ကိုယ့်မြေ ကိုယ့်ဒေသက ကိုယ့်ယဉ်ကျေးမှုရဲ့ အလှကိုတော့ ဘယ်မှာ ခွဲခွာလိုချင်ကြပါ့မလဲ။ မြန်မာနွယ်ဖွားတွေဆိုတာက ဒေသစွဲကြီးမားကြသူတွေပဲလေ။ တော်တော့ အခက်အခဲမျိုးနဲ့ဆိုလျှင်တော့ ပြောင်းဖို့၊ ရွှေ့ဖို့ စိတ်ကူးကို ကူးမိကြမယ်တော့လည်း မဟုတ်ဘူးပေါ့။ ရောက်ရာအရပ်မှာပဲ ဗုဒ္ဓအဆုံးအမတရားများကို လက်တွေ့လိုက်နာကျင့်သုံးပြီး စစ်မှန်တဲ့ ငြိမ်းချမ်းမှုသုခကို ခံစားနိုင်ပါစေလို့ပဲ ဘုန်းကြီးများကတော့ ဆုတောင်းမေတ္တာမျှဝေမိပါတယ်။

ဒီနေ့ နေ့ဆွမ်းကိုတော့ ဒေါက်တာအေးကြူ ဒေါ်ခင်ဦးကြည်တို့ရဲ့သား မောင်ပြည့်ဖုန်းအေးကြူရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆက်ကပ်ပါတယ်။ မနေ့ကလိုဘဲ ဧည့်သည်တွေကိုလည်း ဘူဖေးစနစ်နဲ့ ကျွေးမွေးပါတယ်။ ပျော်ပျော်ပါးပါး စားသောက်ကြတာကိုတွေ့ရပါတယ်။ ဒီနေ့ မောင်ဘင်နဲ့ မရွှေစင်တို့လာကြတယ်။ ဘုန်းကြီးရဲ့သင်္ကန်းနဲ့ အခြားလှူဖွယ်စရာများကို မောင်ဘင်နဲ့ သူ့သူငယ်ချင်းက စက်နဲ့လျှော်



ဖွတ် အခြောက်လှန်းကာ ခေါက်ပြီးတဲ့အထိ ကုသိုလ်ယူလုပ်ဆောင်သွားကြပါတယ်။

နေ့ ၁ နာရီမှာတော့ ဆွမ်းအလှူရှင်များနဲ့ ဧည့်သည်များကို "အချိန်တိုင်း အကျိုးရှိပါစေ"ဆိုတဲ့ အနုမောဒနာတရားဟောကြားပေးပါတယ်။ အမေရိကန်မှာ နေထိုင်ကြရတဲ့သူများအနေနဲ့ အားလပ်ချိန် နည်းပါးတာကြောင့် ရရှိတဲ့အချိန်လေးမှာ အကျိုးရှိရှိ နေထိုင်အသုံးချနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီတရားကို ဟောပေးခြင်းဖြစ်ပါတယ်။ တစ်ဖက်မှာ လောကကြီးပွားရေးနဲ့အတူ အခြားတစ်ဖက်မှာလည်း လောကစီးပွားရေးရှာရင်း စိတ်ချမ်းချမ်းသာသာ နေထိုင်တတ်အောင်၊ ကြုံတွေ့နေရတဲ့ စားဝတ်နေရေး၊ ရှာဖွေရေးဒုက္ခတွေ၊ အို-နာ-သေ-ဒုက္ခတွေကနေ ကျွတ်လွတ်ရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာန်တိုင်အောင် ကျင့်ဆောင်ရမည့် နည်းလမ်းကောင်းများကိုလည်း လက်တွေ့ကျကျ အသုံးချပြီး နေထိုင်တတ်အောင်ဆိုတဲ့ ရည်ရွယ်ချက်လည်းပါပါတယ်။ သန္တိသစ္စာတရားရိပ်သာမှာ သန္တိသုခသို့ ရောက်နိုင်ဖွယ် တရားဟောကြားပေးခဲ့ခြင်းဟာဖြင့် နေရာဌာနနဲ့ အလွန်မှပဲ လိုက်လျောညီထွေဖြစ်နိုင်မယ်လို့လဲ မှတ်ထင်မိပါတယ်။ တရား ဟောကြားမှုအပြီးမှာတော့ ငါးမိနစ်ခန့် တရားရှုမှတ်ခိုင်းပါတယ်။ ဘာကြောင့်လည်းဆိုလျှင်ဖြင့် အချိန်နည်းနည်းလေးပေမယ့် အကျိုးရလာဒ်က များနိုင်တာရယ်၊ နောက်ပြီးလည်း ဒေတာ

www.burmeseclassic.com

www.burmeseclassic.com



ဒကာမတွေ သာသနာတွင်း လူဖြစ်ရကျိုးနပ်စေချင်တာရယ် မိမိတို့ကသာ အချိန်ကို ဝါးမျိုစားသော အောင်ပွဲခံနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်တာကြောင့်ပါ။

ည ၈ နာရီမှာတော့ တရားစခန်းဝင်ယောဂီများနဲ့ ညပိုင်းမှ တရားနာရန် ရောက်လာကြတဲ့ ပရိသတ်တွေကို ဋ္ဌိတောဝါ ဋ္ဌိတောမိတိ ပဇာနာတိဆိုတဲ့ ရပ်ခြင်း ဣရိယာပုတ်နဲ့စပ်ပြီး သိသင့်သိဖွယ်ရာ မှတ်နည်းများကိုလည်း အကျယ်တဝင့် ရှင်းလင်း ဟောကြားပေးပါတယ်။

ဘုန်းကြီးများကို အမေရိကန်နိုင်ငံကို သာသနာပြုခရီးကြွရောက်နိုင်အောင် ပင့်ဆောင်တာက ဦးအေးကြူ ဒေါ်မြမြဝင်း မိသားစုပါ။ ဒေါ်မြမြဝင်းကတော့ ဘုန်းကြီးရောက်လာကတည်းက တရားစခန်းဝင်ရင်း ကျောင်းမှာအမြဲနေကာ ဝေယျာဝစ္စများကိုလည်းဝိုင်းဝန်းလုပ်ပေးပါတယ်။ ဦးအေးကြူကတော့ အလုပ်ရှိနေလို့ အလုပ်အားချိန်များမှာ ကျောင်းကို ရောက်လာပြီး ရသမျှ အချိန်လေးမှာ တရားရှုမှတ်ပါတယ်။ ဘုန်းကြီးအတွက် လိုအပ်တာများကိုလည်း သယ်ယူလာကာ ပံ့ပိုးပေးပါတယ်။ အထိုင်များပြီး ပင်ပန်းနေတဲ့ ဘုန်းကြီးကိုလည်း ချိုးနှိပ်နင်းနယ်ပေးကာ ဝေယျာဝစ္စကုသိုလ်ကိုလည်း ရနိုင်သလောက်ယူကာ ဝတ်ပြုပေးပါတယ်။ သားနဲ့သမီးကတော့ အလုပ်တစ်ဖက် ကျောင်းတစ်ဖက်နဲ့ဆိုတော့ မအားနိုင်ပါဘူး။ တရားလည်း မမှတ်နိုင်ကြရှာပါဘူး။ ဘုန်းကြီးကို



တော့ အပြေးအလွှား လာရောက်ပြီး နှုတ်ဆက်ကန်တော့ကြပါတယ်။ တစ်နေ့တာပြုဖွယ်များ အပြီးမှာတော့ ထုံးစံအတိုင်း ည ၁၀ နာရီမှာ အနားယူခဲ့ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခါကိုလင့်၊ အခွင့်ကိုစောင့်

မတ်လ ၉ ရက်၊ ၂၀၀၉

နံနက်အရုဏ်ဆွမ်းကိုတော့ မိခင်ကြီးဒေါ်မာဂရက်နဲ့ သမီးဒေါက်တာ မိမိသင်းတို့ ကိုယ်တိုင်ချက်ပြုတ်လာတဲ့ မြန်မာဆန်ဆန် စားတော်ပဲနှင့် ဆွမ်းဆီဆမ်း၊ သရက်သီးကု လားဒယ် ဟင်းချိုရည်၊ နောက်အသားဟင်းများလည်း ပါပါ တယ်။ အချိုပွဲမှာလည်း မုန့်သစ်သီး အစုံပါပဲ။ တရုတ်ပဲကို ကြက်သွန်နဲ့သုတ်ပြီး ရေနွေးကြမ်းနဲ့သောက်ရန် ပါလာတဲ့ အတွက် အညာသားဘုန်းကြီးအဖို့ အကြိုက်တွေ့ရပါတယ်။ အရုဏ်ဆွမ်းဘုဉ်းပေးအပြီး ဆွမ်းအနုမောဒနာတရား ချီးမြှင့် ပါတယ်။ ဘုန်းကြီးရဲ့ သာသနာပြုလုပ်ငန်းနဲ့စပ်ပြီး မေး လျှောက်တဲ့အတွက် ဆောင်ရွက်ပြီး ဆောင်ရွက်နေဆဲနဲ့စပ်ပြီး ပြောကြားဆွေးနွေးဖြစ်ပါတယ်။

၈ နာရီမှာ ယောဂီများကို တရားစစ်ဆေးပြီး အသစ် ရောက်လာတဲ့သူများကိုလည်း အားထုတ်ပုံ အကျဉ်းချုပ်ပြော ပြ သင်ကြားပေးပါတယ်။ ဆွမ်းမဘုဉ်းပေးမီ ဦးသုခနဲ့ အမေ



ရိကန်နိုင်ငံ သာသနာအကြောင်းများ ဆွေးနွေးဖြစ်ပါတယ်။ သူက အမေရိကန်ရောက်တာ ၄၇ နှစ်တောင်ရှိသွားပြီဆိုတော့ တောင်ပုလုဆရာတော်၊ မဟာစည်ဆရာတော်ကြီးများ ကြွ ရောက်စဉ်ကစပြီး အမေရိကန်ကို အခြေချနေထိုင်ဖို့ ရောက် လာကြတဲ့ မဟာစည်ဆရာတော်ကြီးရဲ့ တပည့်များဖြစ်ကြတဲ့ ဆရာတော်ဦးသီလာနန္ဒာဘိဝံသ၊ ဦးကေလာသ၊ ဦးဝိမလ၊ ဦးဣန္ဒက ဆရာတော်များရဲ့ အခက်အခဲများကို ကိုယ်တိုင် ပါဝင်ကူညီဆောင်ရွက်ခဲ့တဲ့သူတစ်ဦးဖြစ်တဲ့အတွက် ဒီနေ့ အမေရိကန်ရဲ့ သာသနာ့အခြေအနေကို တော်တော် နှံ့နှံ့စပ် စပ် သိထားသူလည်းဖြစ်ပါတယ်။ သူနဲ့ဆွေးနွေးရတာ ဗဟု သုတ အတော်ရပါတယ်။

ညနေပိုင်းမှာတော့ ဦးဇင်းကြီး ဦးသုခဖန်တီးထားတဲ့ ကျောင်းရဲ့အနောက်ဘက်က လိမ္မော်ပင်ကြီးတစ်ပင်အောက် က သစ်သားခုံလေးတွေပေါ်သွားပြီး နှစ်နာရီကျော်မျှ ရက္ခမူလ ဓုတင်အကျင့်မြတ်ကို ကျင့်ကြံပူဇော်ရင်း ဗုဒ္ဓဘာသာမဟုတ်တဲ့ နိုင်ငံမှာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခွင့်ရခဲ့တဲ့ အကြောင်း စဉ်းစားမိရင်း အထူးပင်ကျေနပ်ဝမ်းမြောက်ဖြစ်မိ ရပါတယ်။

အမေရိကန်နိုင်ငံကို သာသနာပြုခရီးကြွနိုင်အောင် စီမံပင့်ဆောင်ကြတဲ့ ဦးအေးကြူ ဒေါ်မြမြဝင်းမိသားစု၊ မောင်ဘင် မရွှေစင်တို့ကိုလည်း အထူးပင်ကျေးဇူးတင်မဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိပါတယ်။ နေနည်းနည်းကျလာချိန်မှာတော့ ကျောင်းပေါ် ပြန်တက်ခဲ့ပါတယ်။ ဦးဇင်းကြီး ဦးသုခကတော့ အအေးပတ်ပြီး နှာတချွဲချွဲဖြစ်လာပါတယ်။ ဒါကြောင့် သူ့ကို ဆေးသောက်ပြီး နွေးနွေးထွေးထွေး နားနားနေနေ နေရန် တိုက်တွန်းပြောကြားရပါတယ်။ တစ်ရိပ်သာလုံးတာဝန်ကို ယူရသူမို့ တော်တော်လည်း ပင်ပန်းဟန်ရှိပါတယ်။ သက်တော်ကလည်း ခုနစ်ဆယ်ကျော်နေပြီကိုး။

ညနေ ၈ နာရီမှာတော့ တရားစခန်းဝင်ယောဂီများနဲ့ ပြင်ပကနေ တရားနာရောက်လာ ကြတဲ့သူများကို ဣရိယာပထပိုင်းဖြစ်တဲ့ "နိသိန္နောဝါ၊ နိသိန္နောမီတိပဇာနာတိ" ဆိုတာနဲ့ ပတ်သက်ပြီး ထိုင်လျက်တရားရှုမှတ်ပုံများကို ဟောပြောပေးပါတယ်။ ည ၁၀ နာရီကတော့ နားချိန်ပါပဲ။

မတ်လ ၁၀ ရက်၊ ၂၀၀၉

နံနက်ပိုင်းမှာတော့ ပြုနေကြ ဝတ်တရားအတိုင်း တရားရှုမှတ်ခြင်း၊ မေတ္တာပွားများခြင်းနဲ့ အရုဏ်နေ့ဆွမ်းကိစ္စများပါပဲ။ နံနက်ပိုင်းမှာ တရားရှုမှတ်ရင်း အသစ်ရောက်လာတဲ့ ယောဂီများကို ရှုမှတ်နည်းများလည်း ပြောပေးရပါတယ်။ ကြည့်လိုတဲ့စာအုပ်များလည်းရှိတာမို့ ကြည့်ဖြစ်ပါတယ်။ ခေါင်းရိတ်ရေချိုးစသည့် တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စများကိုလည်း ပြုလုပ်ဖြစ်ပါတယ်။ ရာသီက အေးပေမယ့် ရေနွေးနဲ့ ရေချိုးရတာမို့ အဆင်ပြေပါတယ်။



နေ့ပိုင်းခေတ္တအနားယူပြီးချိန်မှာတော့ မနေ့ကလိုဘဲ လိမ္မော်ခြံထဲဆင်းကာ ပါလာတဲ့နေရာထိုင်လေးကို သစ်သားခုံပေါ်မှာခင်းပြီး ဗုဒ္ဓါနုဿတိဂုဏ်ကို ပွားများ၊ အရပ်ဆယ်မျက်နှာရှိ သတ္တဝါတွေ ကျန်းမာချမ်းသာကြစေဖို့ မေတ္တာပို့ကာ မေတ္တာကမ္မဋ္ဌာန်းကိုလည်း ပွားများပါတယ်။ ပြီးတော့လည်း မိမိကိုယ်နဲ့စိတ်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတို့ရဲ့ ဖြစ်မှုပျက်မှု သဘောတရားအပေါ်မှာ မပြတ်တရစပ် ဉာဏ်ဦးစီးတဲ့ ဝီရိယအားထည့်ကာ သတိကပ်လို့ ရှုမှတ်နေခဲ့ပါတယ်။ နေရာဒေသကလည်း တိတ်ဆိတ်ငြိမ်းချမ်း၊ ရာသီဥတုကလည်း မျှတကောင်းမွန်၊ အခြားအနှောင့်အယှက်ကလည်း ဘာမှမရှိလေတော့ တရားရှုမှတ်ပွားများရတာ ထိထိမိမိ ရှိလှတယ်ရယ်လို့ အားရပီတိဖြစ်မိပါတယ်။ အာရုံနဲ့မှတ်စိတ် တစ်ထပ်တည်း ကပ်ခနဲ ကပ်ခနဲဖြစ်ခိုက်မှာ သိလိုက်ရတဲ့ အသိတရားများရဲ့ တန်ဖိုးဟာ ပြောပြလို့မရနိုင်လောက်အောင် ကြီးမားလှပါတယ်။

တောဆိုတော့ တောထုံးစံအတိုင်း တောနံ့လေးတွေ၊ ငှက်ငယ်လေးတွေရဲ့ တွန်ကျူးသံလေးတွေက စိတ်ကို ကြည်နူးစေခဲ့သမို့ သမာဓိထူထောင်ရာမှာ အထောက်အပံ့ကောင်းတွေဖြစ်စေခဲ့တာလည်း ဖြစ်မယ်ထင်ပါတယ်။ ဒါကြောင့်လည်း ရှေးသူတော်ကောင်းကြီးများက တောတောင်အရပ်တွေကို ကပ်မှီကာ တရားတော်များ ရှုမှတ်ပွားများလိုကြတာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ရယ်လို့လည်း ဆင်ခြင်အောက်မေ့မိပါတယ်။ တစ်နာရီခန့် ထိုင်ပြီးရှုမှတ်၊ ၁၀ မိနစ်ခန့် ပါလာတဲ့စာအုပ်ကိုကြည့်၊ နောက် ခဏစင်္ကြံလျှောက်မှတ်၊ ပြီးတစ်ခါ ထပ်ထိုင်ပြီး ရှုမှတ်။ ထိုင်ပြီး ရှုမှတ်လိုက်တဲ့အခါမှာလည်း အထူးကြောင့်ကြ စိုက်နေစရာမလိုဘဲ အာရုံနဲ့မှတ်စိတ် တစ်ထပ်တည်း ကပ်ခနဲ ကပ်ခနဲနဲ့ မှတ်ရတာ အလွန်ကောင်းမွန်ပါတယ်။ နည်းနည်း လေးအေးလာတော့မှ ထိုင်ရှုမှတ်ရာက ထလာပါတယ်။ ကိုယ့် ကိုယ်ကို ပြန်ကြည့်မိတော့မှ လည်ပင်းမှာ အအေးနည်းနည်း ပတ်သွားတာ သတိထားမိပါတယ်။ ကျောင်းပေါ်ပြန်ရောက် တော့ ၄ နာရီ ၅၀ ရှိသွားပါပြီ။ ညနေပိုင်းမှာပဲ နယူးယောက် က တပည့် မချိုနဲ့ တက်ကဆက်က မမိုးတို့ ဖုန်းဆက်ကြပါ တယ်။

ဒီည ၈ နာရီမှာတော့ "သယာနော ဝါ သယာနောမိတိ ပဇာနာတိ" ဆိုတဲ့ လျောင်းခြင်းနဲ့ပတ်သက်တဲ့ ရှုမှတ်ဖွယ်ရာ များကို တရားနာပရိသတ်များကို ဟောပြောဖြစ်ပါတယ်။

❖ ❖ ❖



## အခွင့်ကိုစောင့်၊ အခါမလင့်

**မတ် ၁၁ ရက်၊ ၂၀၀၉**

ဒီနေ့မှာတော့ ချောင်းနည်းနည်းဆိုးတာရယ်၊ ရာသီဥတုကလည်း မှုန်ပျပျ၊ အုံ့ဆိုင်းဆိုင်းမို့ ရေမချိုးဖြစ်ခဲ့ပါဘူး။ ညနေပိုင်းမှာတော့ ကိုယ်ပိုင်အချိန်လေးကို လက်တွေ့အကျိုးရှိရှိ အသုံးပြုတဲ့အနေနဲ့ လိမ္မော်ခြံထဲမှာရှိတဲ့ အလုပ်စခန်း နေရာလေးမှာပဲ အရင်နေ့များအတိုင်း တစ်ကိုယ်တည်း တိတ်တိတ်ဆိတ်ဆိတ် အနှောင့်အယှက်ကင်းကင်း ရှုမှတ်ပွားများနိုင်ခဲ့ပါတယ်။ ဗုဒ္ဓါနုဿတိပွားများခြင်း၊ မေတ္တာကမ္မဋ္ဌာန်းစီးဖျန်းခြင်းနဲ့ သတိပဋ္ဌာန်တရားများကို ကောင်းကောင်း ရှုမှတ်ပွားများနိုင်ခဲ့ပါတယ်။ စင်္ကြံအချိန်မှာလည်း လိမ္မော်ပင်ပျိုအိုများအကြား အလွန်တိတ်ဆိတ်တာမို့ ရှုမှတ်ပွားများလို့ ကောင်းမွန်လှပါတယ်။ ၅ နာရီလောက်အထိ လိမ္မော်ပင်အိုအောက်မှာ ထိုင်ပြီး ရှုမှတ်ဖြစ်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ရန်ကုန်ရိပ်သာက မအေးမိုးထံက ဖုန်းလာပါတယ်။ ရိပ်သာက ဆရာတော် ဦးကေသရနှင့် အားလုံးသောတပည့် ဒကာ ဒကာမတွေလည်း နေကောင်းကြတယ်လို့ သိရပါတယ်။ ဘုန်းကြီးလည်း လက်ရှိ မိမိဆောင်ရွက်နေတဲ့ လုပ်ငန်းတာဝန်များနဲ့ ရှေ့ခရီးစဉ်မှာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း မအေးမိုးကို ပြောပြလိုက်ပါတယ်။ သူကနေတစ်ဆင့် ရိပ်သာမှာရှိတဲ့ ယောဂီတွေသိနိုင်အောင် ထပ်ဆင့်အသိပေးပါလိမ့်မယ်။ ညနေ ၈ နာရီမှာတော့ သတိပဋ္ဌာန် တရားရှုမှတ်ပွားများကြတဲ့ ယောဂီများရနိုင်တဲ့အကျိုးတရားများထဲက ဝိသုဒ္ဓိမဂ်လာ "စိတ်အညစ်အကြေး ကင်းစင်ခြင်း"ဆိုတဲ့ အကျိုးတရားကို ဒီနေ့စတင် ဟောကြားပေးပါတယ်။ ဒေါက်တာ သန့်စင်နဲ့ ဒေါက်တာ ဥမ္မာအောင်တို့လည်း တရားနာအမီရောက်လာပြီး တရားနာယူအပြီးမှာ ၂၀၀၇ ခုနှစ်ကလိုပဲ သူတို့အိမ်မှာလည်း တရားချီးမြှင့်ပေးဖို့ လာရောက်လျှောက်ထားကြပါတယ်။ ည ၁၀ နာရီကျော်ကျော်မှာ ရှုမှတ်မှုဖြင့် အနားယူပါတယ်။

## မတ်လ ၁၂ ရက်၊ ၂၀၀၉

အရုဏ်ဆွမ်းကို ဒေါက်တာ ထိပ်တင်လှ မိသားစုက လှူဒါန်းပါတယ်။ ကြက်သားပလာတာနှင့် မုန့်သစ်သီးစုံ။ မေတ္တာပို့ကာ ဘုဉ်းပေးကြပါတယ်။



ဒီနေ့ ဦးပဥ္စင်းကြီး ဦးသုခ နေမကောင်း၊ အန်ပါတယ်။ နေ့ဆွမ်းကိုတော့ ဒန်ပေါက်ဆွမ်းကပ်ပါတယ်။ နေ့လယ် ၁ နာရီမှာတော့ ဆွမ်းအနုမောဒနာတရားချီးမြှင့်။ အလှူ့အကျိုးများစေဖို့ အလှူပေး အလှူခံ သီလစင်ကြယ်ဖို့လိုကြောင်းကို ပြောပြပေးပါတယ်။ နေ့လယ် ၁ နာရီ ၄၅ မိနစ်မှာတော့ လိမ္မော်ခြံထဲမှာ အရင်နေ့များကအတိုင်း အတ္တဟိတလုပ်ငန်းများ လုပ်ဖြစ်ပါတယ်။ ဒီနေ့တော့ ထူးထူးခြားခြား မိမိဘေးမှာ ယုန်လေးများ လှည့်ပတ်ပြေးလွှားနေတာကို တွေ့ရပါတယ်။

ည ၈ နာရီမှာတော့ စိုးရိမ်ပူဆွေးမှုသောက၊ ငိုကြွေးမှုပရိဒေဝကို ကင်းစေနိုင်ခြင်းဆိုတဲ့ သတိပဋ္ဌာန် ရှုမှတ်ခြင်းအကျိုးတရားကို ဟောပြောပေးပါတယ်။ ဗျာသနတရားငါးပါးမှာ ဒိဋ္ဌိဗျာသနကို ဒီအနောက်နိုင်ငံမှာ ဟောဖို့သင့်မယ် မထင်ဘူးလို့ စိတ်ထဲမှာ ခံစားမိပါတယ်။ တရားဟောပြီးချိန်မှာတော့ တရားနာပရိသတ်ထဲက ဒကာ ဦးမြင့်စိုးလိုက်လာပြီး ဝတ်ပြုပေးပါတယ်။ ဦးမြင့်စိုးက ထင်ရှားတဲ့ဆရာတော်ကြီးများကို အနီးကပ်ပြုစုခွင့်ရတဲ့ ထူးခြားတဲ့ ဒကာတစ်ဦးဖြစ်တာကိုလည်း သူပြောပြလို့ သိရပါတယ်။ ၁၁ နာရီမှာ ရှုမှတ်မှုနဲ့ အနားယူခဲ့ပါတယ်။

## မတ်လ ၁၃ ရက်၊ ၂၀၀၉

မနေ့ညက ဒကာဦးမြင့်စိုး ဝတ်ပြုပေးမှု ကျေးဇူးကြောင့် ဒီမနက် ဆွမ်းကျောင်းမောင်းခေါက်မှ နိုးပါတော့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဦးအေးကိုကို ဒေါ်စန္ဒာကြည်မိသားစု ဆက်ကပ်လှူဒါန်းတဲ့ မုန့်ဟင်းခါးဆွမ်းနှင့် ခဲဖွယ်ဘောဇဉ်အစုံတို့ကို မေတ္တာပွားများကာ ဘုဉ်းပေးခဲ့ပါတယ်။ ဆွမ်းဘုဉ်းပေးအပြီး ဆွမ်းအလှူရှင်များအတွက် အနုမောဒနာတရား ဟောကြားပေးပြီး နံနက် ၈ နာရီမှာတော့ ယောဂီများကို တရားစစ်ဆေးပေးပါတယ်။ နေ့ဆွမ်းကိုတော့ အလှူရှင်များက ထောပတ်ဆွမ်း၊ သစ်သီးခဲဖွယ်အစုံတို့နဲ့ ဆက်ကပ်လှူဒါန်းပါတယ်။

နေ့လယ်ပိုင်းမှာတော့ ရှုမှတ်နေကြ၊ လိမ္မော်ခြံအတွင်း လိမ္မော်ပင်အိုကြီးအောက်မှာ ဗုဒ္ဓါနုဿတိပွားများခြင်း၊ မေတ္တာပွားများခြင်းနဲ့ သတိပဋ္ဌာန်ရှုမှတ်ပွားများခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။ ခန္ဓာညဏ်စိုက်ကာ သတိဦးစီးတဲ့ ဝီရိယ အထူး ထူထောင်ပြီး ရှူးရှူးစိုက်စိုက် အားထုတ်ခဲ့ပါတယ်။ လိမ္မော်ခြံလေးထဲ ရှုမှတ်ခဲ့တဲ့နေ့တွေထဲမှာ ဒီနေ့ရှုမှတ်ပွားများခဲ့ရတာကတော့ မှတ်သားလောက်အောင်ကိုပဲ ကောင်းမွန်ခဲ့ပါတယ်။ အာရုံစိုက်လိုက်တာနဲ့ တန်းမိတော့တာပါပဲ။ မလွတ်တော့ပါဘူး။ သိပ်ရှုမှတ်လို့ကောင်းပါတယ်။ ဓမ္မရသကို ကိုယ်တိုင်ခံစားရပါတယ်။ မမေ့နိုင်ပါ သန္တိသစ္စာလို့တောင် ဆိုရမလိုပါပဲ။

မောင်ဘင်နဲ့ မရွှေစင်တို့လာကြပါတယ်။ အမေရိကန်နိုင်ငံကိုရောက်တဲ့အချိန်ကစပြီး တရားနဲ့ဝေးနေတဲ့ တပည့်မ မရွှေစင်ဟာ ဆရာတော်ရောက်ခိုက် အချိန်လုပြီး တရားအားထုတ်ဖို့ရောက်လာတာပါ။ အချိန်တွေကိုလုပြီး ယောဂီ



လောကုတ် နှစ်ဖြာအတွက် အကျိုးရှိရှိ အသုံးချနေကြတဲ့ ပြည်ပရောက် မြန်မာတို့၏ ကြိုးစားကြပုံကို အမိမြေမှယောဂီများအား သိစေချင်ပါတယ်။ အချိန်နဲ့လု ပြိုင်ဆိုင်ပွဲမှာ အောင်ပွဲခံနိုင်တဲ့ ယောဂီတွေ ဖြစ်နိုင်ကြပါစေ။ အကောင်းဆုံး ကုသိုလ်ကို ပြုလုပ်တဲ့အတွက် အကောင်းဆုံးအကျိုးတွေ ရနိုင်ပါစေကြောင်း ဆုတောင်းပေးပါတယ်။ ည ၈ နာရီမှာ ကိုယ်ဆင်းရဲမှုကင်းစေနိုင်ခြင်းအကျိုးနဲ့ ဒုက္ခဝေဒနာ ရှုမှတ်ပွားများနည်းတရားကို ဟောကြားပေးခဲ့ပါတယ်။

## မတ်လ ၁၄ ရက်၊ ၂၀၀၉

အရုဏ်ဆွမ်းကို ကျောင်းအမကြီး ဒေါ်ခင်သီဦး မိသားစုက ဆန်ပြုတ် ကြာဇံချက် ပဲနံပြားစတဲ့ စားသောက်ဖွယ်အစုံ ဆက်ကပ်ပါတယ်။ အရုဏ်ဆွမ်းဘုဉ်းပေးအပြီးမှာ ကျောင်းအမကြီးက သာသနာရေးကိစ္စများ လျှောက်ထားတဲ့အတွက် ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ကျောင်းအမကြီးကို အစုရှိက အမှုရှိမှာပါပဲ။ သို့သော် စိတ်ရှည်ဖွဲ့သန် သည်းညည်းခံပြုရန် သာသနာဆိုတဲ့အတိုင်း စိတ်ရှည်ပါ။ သည်းခံပါ။ တွေ့ကြုံလာတဲ့ အကောင်းအဆိုးလောကဓံတွေကို သည်းခံပြီး အမေရိကန်နိုင်ငံမှာ ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားလာအောင် သာသနာပြုနိုင်ပါစေလို့ စေတနာစကား အကြံပြုပြောဆိုလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၈ နာရီမှာ ယောဂီများကို တရားစစ်မေး၊ အသစ်ရောက်လာတဲ့ ယောဂီအတွက် ရှုမှတ်နည်းကိုလည်း သင်ကြားပေးခဲ့ပါတယ်။ ယနေ့ နေ့ဆွမ်းအလှူရှင် ဦးအောင်ဆန်းဦးနှင့် ဇနီးဒေါ်ခင်လှဲ့လှဲ့နွယ်ဦးတို့ ဘုန်းကြီးထံလာရောက်ကန်တော့ကြပါတယ်။ ဒေါ်လှဲ့လှဲ့က ကမ္ဘာလှည့်ခရီးသွား ဝါသနာပါကြောင်းနှင့် ခရီးသွားမှတ်တမ်းစာအုပ်များ ရေးသားကြောင်း၊ ပြည်တွင်းပြည်ပ အတွေ့အကြုံများကို ကမ္ဘာ့အတွေ့အကြုံဘဝအတွေ့အကြုံများနဲ့ နှိုင်းယှဉ်ပြောကြားသွားတာဟာဖြင့်စိတ်ဝင်စားစရာကောင်းပါတယ်။

ဒကာဦးအောင်ဆန်းဦးကတော့ မြန်မာပြည်မှာ အိမ်ဆောက်နေကြောင်း၊ အသက်အရွယ်ကြီးလာပြီဖြစ်တဲ့အတွက် ကိုယ့်ပြည်ကိုယ့်ရွာမှာပဲ ပြန်လည်နေထိုင်တော့မှာဖြစ်ကြောင်း လျှောက်ထားသွားပါတယ်။ ဒေါ်လှဲ့လှဲ့နွယ်ဦးက မြန်မာဟင်းမျိုးစုံ ၁၃ မျိုးတောင် ချက်လာပါတယ်။ အချိုပွဲ၊ သစ်သီးပွဲများကိုလည်း မေတ္တာပို့ကာ ဘုဉ်းပေးသုံးဆောင်ခဲ့ပါတယ်။ နေ့ပိုင်းဆွမ်းအနုမောဒနာ တရားဟောအပြီး ခေတ္တနားကာ နေ့လယ် ၂ နာရီမှာတော့ ပြုနေကြဝတ္တရားအတိုင်း လိမ္မော်ခြံထဲဆင်းကာ စင်္ကြံအကျင့်တရားများ ပြုလုပ်ခဲ့ပါတယ်။ ညနေ ၅ နာရီထိုးကာမှ ကျောင်းပေါ်ကို ပြန်တက်ဖြစ်တယ်။ ဒီနေ့ စနေနေ့ဖြစ်တာကြောင့် အဝေးကရောက်လာကြတဲ့ ဧည့်သည်များကလည်း လာရောက်ကန်တော့ကြ နှုတ်ဆက်ကြပါတယ်။



ည ၈ နာရီမှာတော့ လူမှုရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်းမာရေး တစ်မျိုးမျိုးကြောင့် စိတ်ဆင်းရဲဒုက္ခရောက်နေသူများ အဲဒီစိတ်ဆင်းရဲမှ လွတ်မြောက်ချင်လျှင် သတိပဋ္ဌာန်တရားအားထုတ်ဖို့ ဟောကြားခဲ့ပါတယ်။ ည ၁၀ နာရီ ၃၀ မိနစ်မှာ ရှုမှတ်မှုနဲ့ အိပ်စက်အနားယူခဲ့ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## သစ္စာနဲ့ အဋ္ဌာ ပေါင်းကူးကာ

မတ်လ ၁၅ ရက်၊ ၂၀၀၉

ဒီနေ့ တရားစခန်းနောက်ဆုံးနေ့ပါ။ ဒါကြောင့် နံနက် ၈ နာရီမှာပဲ တရားခန်းမထဲသွားပြီး မေးမြန်းလျှောက်ထားလိုသည်များ မေးမြန်းနိုင်ရန် ခွင့်ပေးလိုက်ပါတယ်။ ယောဂီများလည်း နောက်ဆုံးနေ့ဖြစ်တာကြောင့် စောစောစီးစီး လာရောက် ရှုမှတ်နေကြပါတယ်။ လျှောက်ထားလိုတာရှိက လျှောက်ထားနိုင်ကြောင်း ခွင့်ပြုလိုက်တာနဲ့ အားလုံးပဲ လာရောက်ပြီး သိလိုတာများကို လျှောက်ထားကြပါတယ်။ သူတို့နားလည်နိုင်အောင် ကြိုးစားကာ ဖြေကြားပေးခဲ့ပါတယ်။

ဆွမ်းမဘုဉ်းပေးမီ ကျောင်းရှေ့မှာ စုပေါင်းဓာတ်ပုံရိုက်ကြပါတယ်။ နေ့ဆွမ်းကိုတော့ အလှူရှင် ဒေါ်မာဂရက် ဦးဘိုကြီး မိသားစု လှူဒါန်းတဲ့ စုံလင်လှတဲ့ ဆွမ်းခဲဖွယ် ဘောဇဉ်များကို မေတ္တာပွားများကာ ဘုဉ်းပေးခဲ့ပါတယ်။ နေ့လယ် ၁၂ နာရီ ၄၅ မိနစ်အချိန်မှာတော့ ယောဂီများနှင့် ဧည့်ပရိသတ်များ ခန်းမအပြည့် တက်ရောက်ကြပြီး တရားစခန်းကို အောင်အောင်မြင်မြင် သိမ်းခဲ့ကြပါတယ်။



စခန်းသိမ်းပွဲမှာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ "အပါယ်ဘေးငြိမ်းခွင့် ဉာဏ်အဆင့်အသင့်ရောက်ပါစေ"အစချီတဲ့ တရားကို ဟောကြားပေးခဲ့ပါတယ်။ စခန်းသိမ်းပွဲအပြီး ၂ နာရီအချိန်မှာ အသက် ၈၅ နှစ်ရှိပြီဖြစ်တဲ့ ဒကာမကြီး ဒေါ်ဆွိတီ (ခ) ဒေါ်အေးမြင့်ရဲ့ ပင့်ဖိတ်ချက်အရ သူ့အိမ်ကို ဦးပဉ္ဇင်းကြီး ဦးသုခ၊ ကျောင်းအမကြီး ဒေါ်ခင်သီဦးတို့နဲ့အတူ ကြွခဲ့ပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်ခန့်က ကွယ်လွန်သွားခဲ့တဲ့ ဒေါ်ဆွိတီရဲ့ ခင်ပွန်းဒကာကြီးကို ရည်စူးပြီး နဝကမ္မများ လှူဒါန်းတဲ့အတွက် အနုမောဒနာတရားများ ဟောကြားပေးခြင်း၊ ကွယ်လွန်သူအတွက် အမျှအတန်းပေးဝေခြင်းများ ပြုလုပ်ပေးခဲ့ပါတယ်။ ဒီနှစ်မှာတော့ ဒကာမကြီးလည်း ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုး သားသမီးမြေးများနဲ့ ပျော်ပျော်ပါးပါးတွေ့ရလို့ အထူးဝမ်းသာရပါတယ်။ ဒကာမကြီးကိုလည်း တရားမမေ့နိုင်ဖို့ ကျန်းမာစွာနေထိုင်ဖို့စတဲ့ အားပေးစကားများကိုလည်း ပြောပေးခဲ့ပါတယ်။ သားသမီးမြေးများ စုံစုံလင်လင်တွေ့ခဲ့ရပါတယ်။

ဒကာမကြီး ဒေါ်ဆွိတီအိမ်က အပြန်မှာတော့ လော့စ်အိန်ဂျလိစ်မှာ ပိနန်ဆရာတော်ကြီး ပထမဆုံးတည်ထောင်ခဲ့တဲ့ လပွန်းတေးကျောင်းကို သွားရောက်ခဲ့ပါတယ်။ ကျောင်းထိုင်ဆရာတော်ကြီး ဦးသုန္ဒရကို ကန်တော့ပြီး ဆရာတော်ကြီး မိန့်ကြားခဲ့တဲ့ သာသနာရေးဆိုင်ရာ စကားများကိုလည်း နာ

www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့ပါတယ်။ အဲဒီကတစ်ဆင့် ယနေ့တရားဟောကြားမယ့် သုန္ဒရာရာမ ဗြဟ္မာ့ဝိဟာရခေါ် အရှုဇာကျောင်းကို ကြွရောက်ခဲ့ပါတယ်။ ကျောင်းဆရာတော် ဦးဇောသိကကို တွေ့ဆုံနှုတ်ဆက်ပြီး သာသနာရေး ဘာသာရေးစကားများ ပြောဆိုဆွေးနွေးဖြစ်ခဲ့ပါတယ်။

ည ၇ နာရီမှာတော့ ဗြဟ္မာ့ဝိဟာရ တရားခန်းမကို ကြွပြီး သာရိပုတ္တသုတ္တန်ကို အခြေခံပြီး "သောတာပန်ဖြစ်ရန် ကြောင်းလေးတန်"တရားကို ဟောပြောခဲ့ပါတယ်။ တရားနာယူသူ ၅၀ လောက်ရှိပါတယ်။ ဒီနေ့တရားပွဲကိုတော့ ဦးအေးကြူ ဒေါ်မြမြဝင်းမိသားစုနှင့် မောင်ဘင် မရွှေစင်တို့က ဓမ္မဒါနပြုကာ ပြုလုပ်ခြင်းဖြစ်ပါတယ်။ သန္တိသစ္စာကျောင်းကို ည ၉ နာရီ ၄၀ ခန့် ပြန်ရောက်ပြီး ၁၁ နာရီမှာ ရှုမှတ်ခြင်းနဲ့ အနားယူခဲ့ပါတယ်။

## မတ်လ ၁၆ ရက်၊ ၂၀၀၉

နံနက် ၅ နာရီ အိပ်ရာထ ဘုရားဝတ်တက် မေတ္တာပို့ တရားရှုမှတ်ခြင်းများကို တစ်ပါးတည်း ပြုလုပ်ပါတယ်။ အရုဏ်ဆွမ်းကိုတော့ ဒေါ်မာဂရက်တို့ သားအမိဆက်ကပ်တဲ့ စားတော်ပဲပြုတ်၊ ကုလားဒယ်၊ ကန်စွန်းရွက်ကြော်၊ ငါးရံ့ခြောက်ဖုတ်စတဲ့ စားဖွယ်နဲ့ အချိုပွဲ သစ်သီးပွဲတို့ကို မေတ္တာပွားကာ ဘုဉ်းပေးခဲ့ပါတယ်။



နေ့ဆွမ်းကိုတော့ ဦးအေးကြူ ဒေါ်မြမြဝင်းတို့အိမ်က ပင့်ထားတာကြောင့် ဦးပဍ္ဍင်း ဦးသုခနဲ့အတူ သွားကြပါတယ်။ ကားကိုတော့ ဦးပဍ္ဍင်းကြီး ဦးသုခကိုယ်တိုင် မောင်းပါတယ်။ ခရီးက တော်တော်လေးဝေးတာကြောင့် ဆွမ်းဒကာများအိမ်ရောက်တော့ ဦးခေါင်းက သိပ်မကြည်လင်တော့တဲ့အတွက် ဆွမ်းဟင်းတွေ စုံလင်အောင် ချက်ပြုတ်ကာ ဆက်ကပ်ကြပေမယ့် များများ မဘုဉ်းပေးနိုင်ခဲ့ပါဘူး။

ဆွမ်းစားရာက အပြန်မှာတော့ အယ်လ်အေမြို့ရဲ့ ကြီးမားလှတဲ့ ဘူတာရုံကြီးဆီကို ဗဟုသုတအဖြစ် ဝင်ရောက်လေ့လာကြပါတယ်။ ဘူတာရုံကြီးက သိပ်ပြီး ခမ်းနားကြီးကျယ်ပါတယ်။ ခရီးသည်များနားနေတဲ့ ထိုင်ခုံတွေကလည်း သိပ်ကောင်းတဲ့အတွက် ခေတ္တထိုင်ကာ အပန်းဖြေခဲ့ပါသေးတယ်။ အပြန်လမ်းမှာလည်း အကောင်းဆုံးဖိနပ်ဆိုင်ကို ဝင်ပြီး ဦးသုခက အကောင်းဆုံးဖိနပ်တစ်ရံ ဝယ်ယူလှူဒါန်းပါတယ်။ ကျောင်းပြန်ရောက်တော့ ညနေ ၄ နာရီခွဲပါပြီ။ ခေတ္တနားနေခိုက်မှာပဲ တရားဟောရန် ပင့်ဆောင်သူရောက်လာပါတယ်။ ၅ နာရီမှာ ဘုန်းကြီးနဲ့အတူ ဦးသုခပါ လိုက်လာပါတယ်။ တရားပွဲကျင်းပမည့် ကိုမောင်မောင် မဥမ္မာတို့အိမ်ကို ၆ နာရီ ၃၀ ခန့်မှာရောက်ပါတယ်။ ကိုမောင်မောင် မဥမ္မာတို့အိမ်ထဲမှာတော့ တရားနာရန်ရောက်လာကြတဲ့ ပရိသတ်တွေကို စားသောက်ဖွယ်များ တည်ခင်းဧည့်ခံကျွေးမွေးနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၇ နာရီမှာ တရားပွဲစတင်ပါတယ်။ ၅ မိနစ်ခန့် တရားရှုမှတ်ခိုင်းပြီး အချိန်တိုင်း အကျိုးရှိအောင်နေဆိုတဲ့ တရားကို ဟောပေးခဲ့ပါတယ်။ အမေရိကန်ရောက် ဒကာ ဒကာမအများစုဟာ မအားလပ်နိုင်လောက်အောင်ဘဲ အလုပ်များကြပါတယ်။ တိုးတက်မှုနဲ့အညီ တပြေးညီ အမီလိုက်နိုင်အောင် မိသားစုဝင်များမှာ မနားတမ်း လုပ်ကိုင်ကြရတာပါ။ လူတွေက စက်ရုပ်လူသားတွေအလားပါပဲ။ အလုပ်နဲ့ အိမ်၊ အိမ်နဲ့ အလုပ် ပုံမှန်လည်ပတ်နေတဲ့ စက်ရုပ်အသွင်ပါပဲ။ အဲဒီလို မမောနိုင် မပန်းနိုင် လှုပ်ရှားနေကြတဲ့ လူသားတွေကို ကိုယ်စိတ်အမောတွေ ပြေပျောက်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီတရားကို ဟောပေးခဲ့တာပါ။ လိုက်နာကျင့်သုံးသူတိုင်း ဆင်းရဲမှလွတ်မြောက်ပြီး စိတ်ချမ်းသာမှုအကျိုးကို ရကြမှာပါ။ အမေရိကန်ရောက် မိသားစုဝင်အများစုဟာ ရုပ်ပိုင်းဆိုင်ရာ အနေနဲ့တော့ ချမ်းသာ ကြသူတွေကများပါတယ်။ အိမ်တိုင်း အိမ်တိုင်းမှာက လူသားတစ်ဦးရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ နေစရာ စားစရာ ဝတ်စရာ က လုံလုံလောက်လောက်ပါပဲ။

◆◆◆



## ဟောလိဝုဒ်မှပေးသော ဒဿန

**မတ်လ ၁၇ ရက်၊ ၂၀၀၉**

သတ္တဝါတွေဟာ ကံချင်းမတူသလို၊ မမြင်ချင်း၊ အတွေးချင်း၊ အယူအဆချင်း မတူကြပါ။ ဘယ်သူမှား/ ဘယ်သူမှန်တယ်ဆိုတာ ဆုံးဖြတ်စရာ လိုမယ်မထင်ပါ။ သူ့အယူအဆနှင့်သူ မှန်နေကြတာပါပဲ။ ဒါပေမယ့် ခြားနားချင်းနှစ်ခုရဲ့ကြားမှာ အမှန်တရားတစ်ခုတော့ ရှိနေတာသေချာပါတယ်။

ဒီနေ့မနက်မှာတော့ ဦးသုခနဲ့အတူ ဆေါက်တာအေးကြူ မိသားစုအိမ်ကို အရဏ်ဆွမ်းဘုဉ်းပေးရန် ကြွရောက်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် သပ်သပ်ရပ်ရပ် ပြုလုပ်ထားတဲ့ ဘုရားခန်းက စိတ်ကြည်နူးမှုဖြစ်စေခဲ့ပါတယ်။ ဘုရားခန်းမှာပဲ ဆွမ်းအနုမောဒနာ ဟောပေးခဲ့ပါတယ်။ တရားပွဲအပြီး သာသနာရေးအကြောင်း အနည်းငယ်ဆွေးနွေးဖြစ်ကြပါတယ်။

နံနက် ၈ နာရီ ၁၅ မိနစ်လောက်မှာပဲ ကျောင်းကိုပြန်ရောက်ပါတယ်။ ပြုသင့်ဖွယ်များ ပြုလုပ်ပြီး နေ့ဆွမ်းပင့်ဖိတ်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ မဖြူဖြူကျော်အိမ်ကို ဦးသုခနဲ့အတူ ကြွရောက်ပါတယ်။ မဖြူဖြူကျော်အိမ်ကို ဘုန်းကြီးတို့ရောက်သွားချိန်မှာတော့ ဆရာတော်ဦးသဇ္ဇနလည်း ကြိုတင်ကာရောက်ရှိနေပါပြီ။ ဆွမ်းမဘုဉ်းပေးမီမှာဘဲ ဆွမ်းအနုမောဒနာတရား ဟောကြားပေးခဲ့ပါတယ်။ ကွယ်လွန်သူ အနန္တကျေးဇူးရှင် ဖခင်ကြီးဦးကျော်ထင်ကို ရည်စူးပြီး ဆက်ကပ်တဲ့ဆွမ်းပါ။ ဖခင်ကြီးအတွက် အမျှအတမ်းပေးဝေ ရေစက်ချတရားကိုလည်း ချီးမြှင့်ခဲ့ပါတယ်။ ဆွမ်းအလှူပွဲသို့ မဖြူဖြူကျော်ရဲ့ မိတ်ဆွေများလည်း ပူးပေါင်းပါဝင်ဆက်ကပ်ကြပါတယ်။ တစ်ယောက်တစ်မျိုး ချက်ပြုတ်လာတဲ့ဆွမ်းဝိုင်းကတော့ စုံစုံလင်လင် ဖွယ်ဖွယ်ရာရာပါပဲ။ ဦးခင်မောင်လှရဲ့ နမလည်းပါပါတယ်။

နေ့ဆွမ်းအပြီး ဦးသဇ္ဇနနဲ့အတူ မမ္ဘသုခကျောင်းသို့ လိုက်သွားခဲ့ပါတယ်။ ဘုန်းကြီးတို့ရောက်ပြီး မကြာမီမှာဘဲ မောင်ဘင် မရွှေစင်တို့လည်း သူတို့သူငယ်ချင်းတစ်ယောက်နဲ့အတူ ရောက်လာပါတယ်။ ဘုန်းကြီးတို့နှစ်ပါး၊ သူတို့သုံးယောက် စုစုပေါင်းငါးဦး မောင်ဘင်တို့ကားနဲ့ပဲ တိရိစ္ဆာန်ဥယျာဉ်တစ်ခုဆီကို သွားကြပါတယ်။ ဥယျာဉ်က သိပ်ပြီးအကြီးကြီးမဟုတ်ပါဘူး။ သို့ပေမယ့် တိရိစ္ဆာန်တွေ နေပျော်အောင် စနစ်တကျ ပြုလုပ်ထားပါတယ်။ တောထားသင့်တဲ့နေရာမှာ တော၊ တောင်ထားသင့်တဲ့နေရာမှာ တောင်၊ ရေရှိသင့်တဲ့နေရာမှာ ရေနဲ့ဆိုတော့ တိရိစ္ဆာန်တွေအတွက်လည်း



အဆင်ပြေသလို ကြည့်ရှုလေ့လာသူတွေအတွက်လည်း နှစ်သက် သဘောကျစရာဖြစ်စေပါတယ်။

အနိမ့်အမြင့် အကွေ့အကောက်လေးတွေနဲ့ အမြင်အာရုံ မရိုးနိုင်အောင် စီစဉ်ထားတာမို့ စိတ်ပျော်ရွှင်မှုကိုလည်း ပံ့ပိုးပေးရာ ရောက်စေပါတယ်။ သွားလာဖို့ခက်ခဲသူတွေအတွက်လည်း လူနှစ်ဆယ်လောက်ဆန့်တဲ့ ဥယျာဉ်အတွင်းသွား ကားလေးတွေ စီစဉ်ပေးထားတာမို့ ကလေးငယ်တွေ သက်ကြီးရွယ်အိုတွေအတွက်လည်း အဆင်ပြေစေပါတယ်။ ကိုယ်လေ့လာလိုတဲ့နေရာမှာ လေ့လာ၊ လေ့လာလို့ပြီးတာနဲ့ နောက်ထပ်ရောက်လာတဲ့ကားပေါ်ကိုတက်ပြီး နောက်တစ်နေရာသွားဖို့ သက်သက်သာသာ စီးနင်းလိုက်ပါသွားရုံပါပဲ။ ဘုန်းကြီးတို့လည်း ခြေလျင်မသွားနိုင်တော့တဲ့အတွက် အဲဒီကားလေးတွေကိုစီးပြီးပဲ လေ့လာခဲ့ကြပါတယ်။

ဥယျာဉ်ကိုကြည့်ရှုလို့အပြီးမှာတော့ ကျော်ကြားသူတို့ရပ်ဝန်းဆိုတဲ့ ကမ္ဘာ့ရုပ်ရှင် အကျော်အမော်တွေနေထိုင်တဲ့ ဟောလိဝုဒ်ကို ခဏဝင်ရောက်ခဲ့ကြပါတယ်။ ဟောလိဝုဒ်လမ်းမပေါ်မှာရှိတဲ့ အကျော်အမော်တွေရဲ့ နာမည်တွေရေးထိုးထားတဲ့ကြယ်တွေပေါ်မှာ ဘုန်းကြီးတို့လည်း ဆင်းပြီး လမ်းလျှောက်ခဲ့ပါသေးတယ်။ ဘုန်းကြီးတို့ ယဉ်ကျေးမှုလိုဆိုလျှင်တော့ ကိုယ့်နာမည်ကို လမ်းပေါ်ချပြီး လူတကာအနင်းခံရတာမျိုးကို ဘုဉ်းကံနိမ့်တယ်။ လာဘ်နိမ့်တယ်လို့ ယူဆကောင်း ယူဆကြ

www.burmeseclassic.com

www.burmeseclassic.com



မလားပါ။ သူတို့ဆီမှာတော့ ခုလိုလူတကာနင်းတဲ့လမ်းပေါ်မှာ ကိုယ့်နာမည်လေး ရေးထိုးခံရဖို့ဆိုတာ ဧရာမ ဂုဏ်ပြုမှုတစ်ခုအဖြစ် ယူဆထင်မြင်တတ်ကြတာ အရှေ့နဲ့ အနောက်ရဲ့ မတူတဲ့ အချို့ယဉ်ကျေးမှုတွေဟာ တကယ့်ကိုမှပဲ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပါ။

ဘုန်းကြီးတို့အနေနဲ့တော့ အမေရိကန်အလံကို စကပ်ချုပ်၊ ဘောင်းဘီချုပ်ဝတ်တတ်ကြ။ စီးတဲ့ဖိနပ်ပေါ်မှာပင်လျှင်ပဲ အလံကိုရိုက်နှိပ်ကြတာ အဆန်းပေါ့။ ဘုန်းကြီးတို့ဆီမှာကနိုင်ငံတော်အလံဆိုတာကို မြေပေါ်တောင်ချဖို့ဝန်လေးတတ်ကြမဟုတ်လား။ တန်ဖိုးထားမှုနဲ့ မြတ်နိုးမှုခြင်းတူပေမယ့် မြတ်နိုးတန်ဖိုးထားမှုကို ဖော်ပြပုံခြင်းမှာတော့ ခြားနားသွားတယ်လေ။ ဒါကိုပဲ သူ့ယဉ်ကျေးမှုက အမှား၊ ငါ့ယဉ်ကျေးမှုက အမှန်ဆိုပြီး အပေါ်ယံ အသွင်အပြင်ကို အခြေခံပြီး ငြင်းခုံနေလျှင်တော့ ပြီးဆုံးနိုင်တော့မည်မဟုတ်ဘူးပေါ့။ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်မြတ်နိုးလျှင်ဖြင့် အခြားသူများရဲ့ ယဉ်ကျေးမှုကိုလည်း မစော်ကားမိဖို့တော့ လိုပါလိမ့်မယ်။ နောက်ပြီးလည်း ကိုယ့်ယဉ်ကျေးမှုကိုလည်း မှန်မှန်ကန်ကန် စနစ်တကျ ထိန်းသိမ်းတတ်တဲ့ အသိမျိုးရှိဖို့လည်း လိုပေလိမ့်မယ်လို့ ဘုန်းကြီးကတော့ စဉ်းစားမိပါတယ်။ ဟောလိဝုဒ်မှာရှိတဲ့ ဖယောင်းရုပ်တုကို နောက်ခံထားလို့ ဓာတ်ပုံလည်းရိုက်ဖြစ်ပါတယ်။

အပြန်မှာ ဆရာတော် ဦးသဇ္ဇကို ဓမ္မသုခဝိဟာရကျောင်း ပြန်ပို့၊ ပြီးတော့ ဘုန်းကြီးကိုလည်း သန္တိသစ္စာရိပ်သာကို ပြန်ပို့ကြပါတယ်။ ကျောင်းပြန်ရောက်တော့ ၈ နာရီခွဲခန့်ရှိနေပါပြီ။ ရိပ်သာမှာ ကားပြင်ဆရာကြီး ဦးမြတ်ကျော်(ခ) ဦးမြင့်စိုးလည်းရောက်နှင့်နေပါတယ်။ မောင်ဘင်တို့လည်း ခဏစကားပြောပြီး ပြန်သွားကြပါတယ်။ ဘုန်းကြီးများကတော့ ဒကာဦးမြင့်စိုးရဲ့ ဝတ်ပြုပေးမှုကို မေတ္တာပို့ရင်း ခံယူနေခဲ့ပါတယ်။ ည ၁၀ နာရီလောက်မှာတော့ ဒကာဦးမြင့်စိုးလည်း ပြန်၊ ဘုန်းကြီးလည်း အနားယူခဲ့ပါတယ်။



**မတ်လ ၁၈ ရက်၊ ၂၀၀၉**

ယနေ့ ကောင်းကောင်းအနားယူပါတယ်။ ကောင်းကောင်းခေါင်းမကြည်မလင်ဖြစ်နေတဲ့အတွက် အရုဏ်ဆွမ်းမဘုဉ်းပေးတော့။ တရားကိုပဲ ၇ နာရီထိအောင် မှတ်နေခဲ့ပါတယ်။ ညနေပိုင်းမှာ တက္ကဆပ်ပြည်နယ် တရားစခန်းကိုသွားရမှာမို့ ခေါင်းရိပ်၊ ရေချိုး၊ ပြင်ဆင်စရာရှိတာများကို ကြိုတင်ပြင်ဆင်ထားလိုက်ပါတယ်။

နေ့လယ် ၁၁ နာရီမှာတော့ ဒေါက်တာအေးကြူမိသားစု ကပ်လှူတဲ့ ငါးပေါင်းထုပ်၊ ခဝဲသီးနဲ့မှို၊ ကြက်ဟင်းခါးသီးကြော်၊ ပဲသီးကြော်၊ ငါးကြီး ငါးပိချက်၊ တို့စရာတို့နဲ့ ပဲကြီးချက် စတဲ့ မြန်မာဟင်းလျာတို့နဲ့ ဘုဉ်းပေးခဲ့ပါတယ်။ ဂျင်းသုပ်မုန့်ခဲဖွယ်တို့လည်း အစုံအလင်ပါပဲ။ စားပွဲပြည့်လျှံနေအောင် သဒ္ဓါတရားထက်သန်စွာနဲ့ ဆက်ကပ်ကြတာကို မေတ္တာများ

www.burmeseclassic.com

www.burmeseclassic.com



ကာ ဘုဉ်းပေးခဲ့ပါတယ်။ ခေတ္တနားပြီး နေ့လယ် ၁ နာရီ ၁၀ မိနစ်မှာ ဦးပဥ္စင်းကြီး ဦးသုခနဲ့အတူ လေယာဉ်ကွင်းဆင်းခဲ့ကြပါတယ်။ ကိစ္စအနည်းငယ်ရှိတဲ့အတွက် ကျောင်းအမကြီး ဒေါက်တာဒေါ်ခင်သီဦးရှိရာ ဆေးရုံကို ခဏဝင်ခဲ့ကြပါတယ်။ ဦးသုခက ကျောင်းအမကြီးရှိရာဝင်သွားပြီး အပြန်မှာတော့ ကျောင်းအမကြီးပါလိုက်လာကာ ဘုန်းကြီးကို ဝတ်ပြု ကန်တော့ပါတယ်။

လေယာဉ်ကွင်းကို ၃ နာရီ ၃၀ လောက်မှာ ရောက်ပါတယ်။ ဦးပဥ္စင်းကြီး ဦးသုခက လေဆိပ်တာဝန်ရှိသူတွေကို ခွင့်တောင်းပြီး ဘုန်းကြီးနဲ့အတူ အတွင်းထိလိုက်လာပေးပါတယ်။ လေယာဉ်အပေါက်အဝအထိ လိုက်ပို့ပေးတဲ့အတွက် ဘာမှစိတ်မပင်ပန်းဘဲ လေယာဉ်ပေါ်ကို တက်ရောက်စီးနင်းလိုက်ပါနိုင်ခဲ့ပါတယ်။ လေယာဉ်ပေါ်မတက်ခင်မှာလည်း ရေနွေးပူပူလေးနဲ့ ပျားရည်ကိုဖျော်ပြီး ကပ်တဲ့အတွက် ဦးခေါင်းကြည်လင်ပြီး အင်အားတွေ တိုးသွားသလိုလည်း ခံစားမိပါတယ်။ အမေရိကန်စကားနဲ့ ပြောရလျှင်တော့ ဦးသုခရေ ကျေးဇူးမီလျံပါပဲ။ ဘုန်းကြီးကို စိတ်မချနိုင်တဲ့အတွက် လေယာဉ် လက်မှတ်ကို စစ်ဆေးပြီး ကျူထဲဘုန်းကြီးဝင်သွားမှပဲ ဦးသုခလည်း ပြန်သွားပါတော့တယ်။

❖ ❖ ❖

## ကောင်းဘွိုင်နယ်မြေ
## တက္ကဆပ်အသွား ဝေဟင်ပေါ်ဝယ်

မကြာမီကမှ အနားယူသွားတဲ့ အမေရိကန်သမ္မတ အာဏာရလာတော့ ကောင်းဘွိုင်သမ္မတဆိုပြီး ပြောကြတာကို သတင်းများမှာ ကြားလိုက်မိတယ်။ တက္ကဆက်က အမေရိကန် တောင်ပိုင်းနယ်မြေ။ တက္ကဆပ်မှာ နေထိုင်သူတွေက အမေရိကန်နဲ့ အရှေ့ဖျား၊ အနောက်ဖျားနဲ့ မြောက်ပိုင်းတွေနဲ့ စာလျှင် တောသားတွေဆန်ကြတယ်လို့ ဆိုတယ်။ စကားသံလည်း ကွဲပြားသလို လူနေမှုပုံစံလည်း အနည်းငယ်ခြားနားတယ်လို့ဆိုတယ်။ နားလည်လွယ်အောင် ပြောရလျှင် မြို့ကြီးသား သိပ်မဆန်ဘူးပေါ့။ ပြောလျှင်လည်း ဟောဟောဒိုင်းဒိုင်း၊ လုပ်ချင်လည်း ဟောဟောဒိုင်းဒိုင်းတဲ့။

တက္ကဆပ်ပြည်နယ်သားတွေ ဘယ်လိုနေထိုင်ပြောဆိုတယ် မသိရသေးပေမယ့် တက္ကဆပ်ပြည်နယ်သား၊ တက္ကဆပ်

www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်ကို ဂါဗင်နာလုပ်ကာ အုပ်ချုပ်သွားပြီး နောင်မှာ အမေရိကန်သမ္မတအဖြစ် အုပ်ချုပ်သွားခဲ့တဲ့ မစ္စတာဘုရှ်ရဲ့ အကြောင်းကတော့ ပြီးခဲ့တဲ့ ရှစ်နှစ်တာကာလအတွင်းမှာ ကမ္ဘာ့ရဲ့ ထိပ်ဆုံးသတင်းမို့ ကမ္ဘာက မှန်းဆသိနိုင်ခဲ့ပါပြီ။ တက္ကဆပ်ပြည်နယ်သားတွေက ကားတောင်မှပဲ အမိုးပက်လက် ထရပ်ကားကြီးကြီးတွေကို အသုံးများတယ်လို့ ကြားဖူးထားတာ။ တော်တော်များများကလည်း သေနတ်တွေကို ကိုင်ကြပါသတဲ့။ ဘုန်းကြီးများကတော့ အဲဒီ တက္ကဆပ်ပြည်နယ်ကို ဓမ္မခရီးသွားမှာမို့ တက္ကဆပ်သွား လေယာဉ်ပေါ်မှာ စီးနင်းလိုက်ပါပြီးလာခဲ့ပြီ။ ဇာတ်ကားထဲက ကောင်းဘွိုင်မင်းသားတွေလို ခပ်ထွားထွား၊ ခပ်ကြမ်းကြမ်းလူသားတွေကို တက္ကဆပ်ပြည်နယ်မှာများ တွေ့နိုင်မလားတော့ မသိဘူးပေါ့။ ဘာပဲဖြစ်ဖြစ်ပါ။ ဓမ္မခရီးဆိုတော့ အကြမ်းအရမ်းတွေနဲ့ တွေ့ခဲ့မယ်ဆိုလျှင်တောင်မှ ဓမ္မစွမ်းအားက အကြမ်းတရားကို နူးညံ့မှုစွမ်းအားတွေတော့ ပေးစွမ်းနိုင်မှာပါ။

ဘုန်းကြီးထိုင်ခုံနံပါတ်က (D) ပါ။ ဘုန်းကြီးဘေးမှာတော့ အဖြူဒကာလေးတစ်ယောက်။ သူကလည်း သူ့မှာပါလာတဲ့ အိုင်ပေါ့လေးကိုထုပ်၊ နားမှာ နားကြပ်တပ်ကာ အေးအေးဆေးဆေး နားထောင်နေလေရဲ့။ ဘုန်းကြီးလည်း မှတ်စုစာအုပ်ထုတ်ပြီး မနေ့က ရေးမှတ်ဖို့ကျန်နေတာလေးတွေ ရေးမှတ်လိုက်ပါတယ်။ လေယာဉ်ပေါ်မှာတော့ စာကြည့် သူကြည့်၊



သီချင်းနားထောင်သူ ထောင်၊ ကွန်ပျူတာဖွင့်ကာ အလုပ်လုပ်သူက လုပ်၊ အချို့ကတော့လည်း နီးစပ်ရာ မိတ်ဆွေများနဲ့ စကားပြောလို့ လိုက်ပါလာကြပါတယ်။ အနားယူပြီး အိပ်စက်နေသူတွေလည်း ရှိသပေါ့။

ဘုန်းကြီးကတော့ ကိုယ်မရောက်ဖူးသေးတဲ့ ဒေသသစ်ဆီကိုသွားနေတာမို့ တစ်ခါခါမှာ လေယာဉ်ပြတင်းတံခါးကနေ အောက်ဘက်ကို ငုံ့ကြည့်မိပါတယ်။ ရာသီဥတုကကြည်လင်နေတာမို့ အောက်ဘက်မှာရှိတဲ့ လယ်ကွက်ကြီးတွေကို အထင်းသားမြင်ရပါတယ်။ အချို့လယ်ကွက်ကြီးတွေက လေးထောင့်စပ်စပ်၊ အချို့ကတော့လည်း ရှည်ရှည်မျောမျော၊ စက်ဝိုင်းလို ဝိုင်းစက်နေတဲ့ လယ်ကွက်ကြီးများကိုလည်း အမြောက်အများ တွေ့မြင်ရပါတယ်။ လယ်ကွက်တွေကလည်း စိမ်းတဲ့လယ်က စိမ်း၊ နီတဲ့လယ်က နီ၊ ဝါတဲ့လယ်က ဝါဆိုတော့ အရောင်စုံ ကော်ဇောကြီးတွေ ဖြန့်ခင်းထားတဲ့အတိုင်းပါပဲ။

အယ်လ်အေကနေ တက္ကဆပ်ကိုအသွားမှာ ပြည်နယ်သုံးခုလောက်ကျော်ဖြတ်သွားရတယ်လို့ သိရပါတယ်။ ဘုန်းကြီး အယ်လ်အေအိပ်က်စ် လေဆိပ်ကနေ လေယာဉ်ကြီးစတင်လို့ မကြာမီမှာဘဲ နီဗားဒါးပြည်နယ်ကို ဖြတ်ရပါတယ်။ နီဗားဒါးက သဲကန္တာရတွေများတဲ့ပြည်နယ်ပါ။ အောက်ဘက်ကို ငုံ့ကြည့်လိုက်လျှင်ဖြင့် သဲလွင်ပြင်ကျယ်ကြီးများ၊ သစ်ပင်မဲ့

www.burmeseclassic.com



တောင်ကုန်းတောင်တန်းများကို အထပ်ထပ်အလွှာလွှာနဲ့ မြင်ရပါတယ်။ နီဗာဒါးက ကမ္ဘာ့လောင်းကစားနဲ့ ပျော်ရွှင်ဖွယ်ပွဲတော်တွေကို အများဆုံးရှိတဲ့ လပ်စ်ဗေးဂပ်မြို့ရှိတဲ့ ပြည်နယ်ပါ။ ဘုန်းကြီးတို့ အရင်တစ်ခေါက် အမေရိကကိုရောက်စဉ်က လပ်စ်ဗေးဂပ်စ်ကို အလည်ရောက်ဖြစ်ခဲ့ပါသေးတယ်။ ခုတစ်ခေါက်တော့ ရောက်နိုင်တော့မယ်မထင်ပါဘူး။

နီဗားဒါးအလွန်လောက်မှာတော့ နယူးမက္ကဆီကိုပြည်နယ်နဲ့ အရီဇိုးနားပြည်နယ်များပေါ် လေယာဉ်ဖြတ်သန်းပါတယ်။ အရီးဇိုးနားကတော့ ကမ္ဘာကျော်ချောက်ကြီး ဂရင်းကင်ညန်ရှိတဲ့ ပြည်နယ်ပါ။ အရီဇိုးနားကလည်း နွေအခါမှာ အလွန်ပူပြင်းတဲ့ဒေသလို့ပြောကြပါတယ်။ ဘုန်းကြီးများသွားဖို့ ဆန္ဒရှိတဲ့ ခရီးစဉ်ထဲမှာလည်း အရီဇိုးနားပြည်နယ်ရှိ ဂရင်းကင်ညန်လည်း တစ်ခုအပါအဝင်ပါ။ ခရီးစဉ် အဆင်သင့်လျှင်တော့ ဂရင်းကင်ညန်ကိုရောက်ဖြစ်ပါလိမ့်ဦးမယ်။ တကယ်လို့ ဒီတစ်ခေါက် အဆင်မသင့်လျှင်တော့လည်း နောက်အခေါက်များမှာမှပေါ့။ ဘုန်းကြီးများလည်း ကျန်းမာရေးကောင်းမွန်၊ အမေရိကရှိ ဒကာ ဒကာမများကလည်း ဆန္ဒရှိလို့ ပင့်ဖိတ်ဦးမယ်ဆိုလျှင်တော့လည်း ဘုန်းကြီးများ ရောက်လာနိုင်ဦးမှာပါ။ အရင်က အမေရိကကိုလာဖို့ အထူးအစီအစဉ်ရှိမထားခဲ့တာတောင်မှပဲ ခုအခေါက်ပါနဲ့ဆို အမေရိကကိုရောက်တာ နှစ်ကြိမ်ရှိသွားပြီ။ နှစ်အနည်းငယ်အတွင်းမှာကိုပဲ



နှစ်ခေါက်တောင်ရောက်လာဖြစ်တယ်ဆိုတော့ နောင်လည်းရောက်လာနိုင်ဖို့ အခွင့်အလမ်းများပါတယ်။

နယူးမက္ကဆီကိုကလည်း ခြောက်သွေ့တဲ့ပြည်နယ်ဖြစ်ပုံရပါတယ်။ နေရာတော်တော်များများမှာ သစ်ပင် သစ်တောမဲ့နေတဲ့ လွင်ပြင်ကျယ်ကြီးများကိုသာ တွေ့ရပါတယ်။ ခုလိုသစ်ပင်သစ်တောတွေကင်းမဲ့ပြီး ခြောက်သွေ့နေပေမယ့်လည်း အချို့ဒေသတွေမှာတော့ လယ်ကွင်းကြီးများက ကန္တာရကြားကနေပဲ စိမ်းလန်းစိုပြေနေတာကို တွေ့ရပါတယ်။ အဲဒီနေရာတွေကနေ မြောင်းတွေဖောက်ကာ အလွန်ခြောက်သွေ့နေတဲ့ ကန္တာရကြားမှာ စိမ်းလန်းတဲ့စိုက်ခင်းကြီးတွေဖြစ်လာအောင် စိုက်ပျိုးထားကြပုံပေါ်ပါတယ်။ နည်းပညာတိုးတက်တဲ့နိုင်ငံကြီးတွေဆိုတော့လည်း တောင်ကုန်းပေါ်တောင်ကြာပေါက်အောင် စွမ်းဆောင်နိုင်ကြတာပေါ့လေ။

ဘုန်းကြီးက လမ်းမှာ မြေပြန့်လွင်ပြင်တွေကိုချည်းပဲ တွေ့မြင်ရမယ် ထင်ထားတာ။ သို့ပေမယ့် လမ်းတစ်လျှောက်မှာ တောင်ကုန်းတောင်တန်းများကိုလည်း အများအပြားတွေ့ရပါတယ်။ တောင်ကုန်းတွေကလည်း သစ်ပင်သစ်တောတွေနဲ့ စိမ်းတဲ့တောင်က စိမ်း၊ သစ်တောမဲ့လို့ ခြောက်တဲ့တောင်က ခြောက်။ မြေပြန့်လွင်ပြင်မှာတည်ထားတဲ့ မြို့များတွေ့ရသလို တောင်တန်းတွေပေါ်မှာတည်ထားတဲ့ မြို့များကိုလည်း တွေ့ရပါတယ်။

www.burmeseclassic.com



ဘုန်းကြီးတို့စီးလာတဲ့လေယာဉ် တက္ကဆပ်ပြည်နယ်ထဲလောက် အရောက်မှာတော့ အတော်မှောင်လာပါပြီ။ အောက်ဖက်ရှိ မြို့တွေဆီကနေ လျှပ်စစ်မီးရောင်တွေလည်း တောက်ပလို့လာပါပြီ။ အမှောင်ကြားကနေ ဝင်းထိန်လင်းလက်လာတဲ့ မီးရောင်စုံများက ဘုန်းကြီးတို့အရပ်ဆီမှာ ငယ်စဉ်က တွေ့ကြုံခဲ့ရတဲ့ မီးထွန်းပွဲက မီးရောင်စုံတွေကို ပြန်လည်သတိရစေပါတယ်။ အထူးသဖြင့် မြို့ကြီးများမှာ ထွန်းညှိထားတဲ့ မီးရောင်များက မီးပင်လယ်ကြီးတွေ ဖြာနေသလိုပါပဲ။ ညီညာတဲ့ကော်ဇောပြင်ပေါ်မှာ စိန်ပွင့် ပတ္တမြားပွင့်တွေ ကြဲဖြန့်ချထားသလို မျက်စိပသာဒဖြစ်ဖွယ် ကောင်းလှပါတယ်။ ခပ်လှန်းလှန်းတောနဲ့ တောင်တန်းကြားမှာ မကြာခဏတွေ့နေရတဲ့ မီးရောင်များကလည်း နေရာအနှံ့မှာ လျှပ်စစ်မီးတွေရှိနေတယ်ဆိုတာ အမှတ်ရစေနိုင်တဲ့ သင်္ကေတများပမာပါပဲ။

ရေရှားတဲ့ဒေသကလူက ရေတွေ့လျှင် ပျော်တယ်။ အစာရှားတဲ့ အရပ်ကလာတဲ့သူက အစာနဲ့တွေ့ရလျှင် ပျော်တယ်လို့ ကြားဖူးတယ်။ ဘုန်းကြီးများကတော့ အခုလို အမှောင်ကြားမှာ ထွန်းလင်းထိန်ဖြာနေတဲ့ မီးရောင်စုံတွေကို အားပါးတရ ကောင်းကင်ကနေ မြင်ရတော့ အလွန်မှပဲ သဘောကျမိပါတယ်။ ဘုန်းကြီးရဲ့ တောစခန်းရိပ်သာက ဘုရားမှာလည်း ခုလိုမီးရောင်စုံတွေ အမြဲတမ်း ထိန်ထိန်သာအောင် ပူဇော်ထားလိုစိတ်ဖြစ်မိပါတယ်။



ခရီးစဉ်တစ်လျှောက် တစ်ခါ တစ်ခါမှာ ကလေးငိုသံကြားရပေမယ့် တစ်လမ်းလုံး တိတ်ဆိတ်နေတာသာများပါတယ်။

လေဆိပ်ရောက်ကာနီးမှာတော့ လေယာဉ်ကြီးက ဖြည်းဖြည်းဆင်းသက်တာမို့ ဟူစတန်မြို့ကြီးရဲ့ မီးရောင်အောက်က ညအလှကို တစ်ဝကြီး ကြည့်ရှုခံစားနိုင်ပါတယ်။ လေယာဉ်တွေအမြောက်အများ တန်းစီကာရပ်နားထားတဲ့ ဟူစတန် လေဆိပ်ကြီးဆီကို လေယာဉ်ဆိုက်ရောက်ချိန်မှာတော့ ကာလီဖိုးနီးယားစံတော်ချိန် ည ၈ နာရီ ၅ မိနစ်၊ တက္ကဆပ်ဒေသစံတော်ချိန် ည ၁၀ နာရီ ၅ မိနစ်ရှိပါပြီ။

ကာလီဖိုးနီးယားနဲ့ တက္ကဆပ်က နှစ်နာရီအချိန် ကွာခြားပါတယ်။ တစ်ခါမှ မရောက်ဘူးသေးတဲ့ တက္ကဆပ်ကို ဒါ ပထမဆုံးရောက်လာ ခြင်းပါပဲ။ တက္ကဆပ်မြေပေါ်ကိုတော့ ခြေချမိပါပြီ။ တက္ကဆပ်မှာလည်း ခြေရာချန်ထားနိုင်ခဲ့ပါပြီ။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမဒေသနာတွေကိုလည်း တက္ကဆပ်မြေပေါ်မှာ ချန်ထားနိုင်ဖို့ကတော့ ဘုန်းကြီးများရဲ့ ဓမ္မဒေသနာဖြန့်ဖြူးနိုင်မှုက ဘယ်လောက်စွမ်းအား ရှိ မရှိအပေါ်မှာပဲ မူတည်ပါလိမ့်မယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တက္ကဆပ်ပြည်နယ်

ဘုန်းကြီးလည်း ဦးသုခမှာကြားလိုက်တဲ့အတိုင်း စာတန်းကြည့်ကာ လိုက်သွားပါတယ်။ ပစ္စည်းရွေးတဲ့နေရာလဲ ရောက်ရော၊ လာကြိုတဲ့ ဒါယကာဦးကျော်တင့်နှင့် ကိုပြည့်စုံ မမိုးတို့ဇနီးမောင်နှံတို့ကို အဆင်သင့်တွေ့ရပါတယ်။ လေဆိပ်ကနေ ကိုပြည့်စုံ မမိုးတို့အိမ်ဆီကို ကားမောင်းခဲ့ရာ ည ၁၁ နာရီမှာ အိမ်ကိုရောက်ပါတယ်။ ကိုပြည့်စုံရဲ့ မိဘများကို နှုတ်ဆက်အလ္လာပသလ္လာပပြောပြီး ၁၁ နာရီ ၄၅ မိနစ်အချိန်မှာတော့ ဘုန်းကြီးများအတွက် အထူးသေသပ်စွာ ပြင်ဆင်ထားတဲ့ အိပ်ခန်းမှာ ရှုမှတ်မှုဖြင့် အိပ်ရာဝင်ခဲ့ပါတယ်။

## သီတဂူ စန်းလ ချမ်းမြလို့သာပါပေ

မတ်လ ၁၉ ရက်၊ ၂၀၀၉

၄ နာရီ ၃၀ မှာ နိုးနေပြီး မထဘဲ ခဏမှေးနေလိုက်ပါတယ်။ နားထဲမှာ ချိုးကူသံလိုလိုကြားရလို့ နားကြားများ လွဲနေသလားလို့ ပထမတော့ထင်မိပါတယ်။ ၅ နာရီမှာ အိပ်ရာ



ထ၊ ပြုသင့်ပြုဖွယ်ရာများ ပြုလုပ်ပြီး ကိုပြည့်စုံ မမိုးတို့ မိသားစု ကုသိုလ်မင်္ဂလာတရားများ တိုးပွားစေရန် ရည်ရွယ်ပြီး အောက်ထပ်ရှိ ဘုရားခန်းထဲသွားပြီး ဘုရားဝတ်ပြု၊ မေတ္တာပို့၊ အမျှဝေ၊ တရားရှုမှတ်ပွားများမှုများ ပြုလုပ်နေခဲ့ပါတယ်။

ဘုရားဝတ်တက်အပြီး အိပ်ခန်းကိုပြန်တဲ့အခါ ချိုးကူသံထပ်ကြားရလို့ မှန်ပြတင်းကနေ အပြင်ကိုကြည့်လိုက်တော့ အိမ်ရှေ့ ထင်းရှူးပင်ပေါ်မှာ တကယ်ချိုးကူနေတာကို တွေ့ရပါတယ်။ အိမ်တိုင်းရှေ့မှာ ထင်းရှူးပင်တွေရှိပြီး ထင်းရှူးပင်တိုင်းနီးပါးပေါ်မှလည်း ချိုးတွေကို အများကြီးတွေ့ရပါတယ်။ ချိုးတွေကို ခြောက်လှန့်ပစ်ခတ် အနှောင့်အယှက်ပြုမည့်သူ မရှိတာကြောင့် ထင်းရှူးပင်များပေါ်မှာ အသိုက်အမြုံလုပ်ကာ နေနေကြတာလည်းပဲ ဖြစ်နိုင်ပါတယ်။ ၇ နာရီ ၁၅ မိနစ်ခန့်မှာတော့ ကိုပြည့်စုံ မမိုးတို့မိသားစု ဆက်ကပ်တဲ့ ဆန်ပြုတ်၊ မုန့်ဟင်းခါး၊ အချိုပွဲနဲ့ သစ်သီးဆွမ်းများကို မေတ္တာပို့ကာ ဘုဉ်းပေးသုံးဆောင်ခဲ့ပါတယ်။

နံနက် ၈ နာရီကျော်ကျော်မှာတော့ တက္ကဆပ်ပြည်နယ်ရဲ့ မြို့တော် အော်စတင်မြို့မှာရှိတဲ့ သီတဂူ ဗုဒ္ဓဝိဟာရဆီကို သွားကြပါတယ်။ သီတဂူဗုဒ္ဓဝိဟာရက ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိကအကျော် သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရ တည်ထောင်ထားတဲ့ကျောင်းပါ။ ဟူစတန်နဲ့က မိုင် ၂၀၀ နီးပါး ဝေးမယ်ထင်ပါတယ်။ ကားကို ၃ နာရီ

www.burmeseclassic.com

www.burmeseclassic.com



နီးပါးမောင်းရပါတယ်။ ကိုပြည့်စုံတို့ မိသားစုငါးဦးလုံး လိုက်ပါကြပါတယ်။ သီတဂူကျောင်းရောက်မှ နေ့ဆွမ်းဆက်ကပ်မှာမို့ နံနက်စောစောကတည်းက ပြည့်ပြည့်စုံစုံ ပြင်ဆင်ချက်ပြုတ်ကာ ချိုင့်များနဲ့ထည့်ကာ သယ်ဆောင်လာခဲ့ကြပါတယ်။

သီတဂူကျောင်းရောက်တော့ ၁၁ နာရီ မိနစ် ၂၀ ရှိပြီမို့ ဆွမ်းကို မြန်မြန်သွက်သွက် ပြင်ဆင်ကြရပါတယ်။ မမိုးရဲ့ ကျွမ်းကျင်မှုကြောင့် အားလုံးပူပူနွေးနွေးပဲ ဘုဉ်းပေးကြရပါတယ်။ ကျောင်းမှာ အမြဲသီတင်းသုံးနေထိုင်တဲ့ ဆရာတော်အရှင်အရိယမေတ္တက မြန်မာပြည်ခဏပြန်ကြွနေခိုက်မို့ ကျောင်းမှာ စောင့်ရှောက်ရန်ရောက်နေတဲ့ ယိုးဒယားဘုဉ်းတော်ကြီးတစ်ပါးနဲ့ အဖြူကပ္ပိယ ဒကာတစ်ယောက်ပဲရှိပါတယ်။ ဘုဉ်းကြီးကလည်း ယိုးဒယားစကားမတတ်၊ ယိုးဒယား ဘုန်းကြီးကလည်း မြန်မာစကားမတတ်မို့ ဆွမ်းစားနေရင်း တစ်ပါးနဲ့တစ်ပါး ခေါင်းညိတ်ပြုံးပြနှုတ်ဆက်ယုံမျှလောက်သာ ဆက်သွယ်နိုင်ကြပါတယ်။ ခုချိန်မှာတော့ သီတဂူကျောင်းမှာက ဘုန်းကြီးတစ်၊ ကပ္ပိယတစ်ပေါ့။

ဆွမ်းစားအပြီးမှာတော့ ကျောင်းဝင်းအတွင်း လှည့်လည် ကြည့်ရှုကြပါတယ်။ ကျောက်ကုန်းမြေဖြစ်တဲ့အတွက် သစ်ပင်ကြီးတွေ ကြီးကြီးမားမား မတွေ့ရပါဘူး။ အုတ်ထရီးလို့ သူတို့ခေါ်တဲ့ သစ်ပင်ပုပုတွေကိုသာ တွေ့ရပါတယ်။ ကျောင်းဝင်းအကျယ်ကြီးထဲမှာ တစ်ပါးကျောင်းဆောင်လေး



တွေကို စနစ်ချပြီး ဆောက်လုပ်ထားပါတယ်။ ဆက်လက်လည်း ဆောက်လုပ်နေဆဲဖြစ်ပါတယ်။ အလယ်တည့်တည့်ဗဟိုမှာတော့ စေတီကြီးတည်ဆောက်ဖို့ စီစဉ်ထားတာကိုလည်း တွေ့ရပါတယ်။ သီတဂူဆရာတော်ကြီးက ပြည်တွင်းမှာလည်း သာသနာပြုလုပ်ငန်းတွေ အောင်အောင်မြင်မြင် လုပ်ဆောင်နေ၊ ပြည်ပမှာလည်း အောင်မြင်စွာလုပ်ဆောင်နေလို့ သာသနာတော်အတွက် ဝမ်းမြောက်ဂုဏ်ယူဖြစ်မိပါတယ်။

နေ့လယ် ၂ နာရီခွဲလောက်မှာ သီတဂူဝိဟာရကနေ ပြန်လာကြပြီး တက္ကဆပ်ပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ အော်စတင်မြို့လယ် လူစည်ကားရာအရပ်ဆီကို ဗဟုသုတအဖြစ် လိုက်လံပြသပါတယ်။ လမ်းမှာ ၁၅ မိနစ်ခန့်နားပြီး ပြန်မောင်းလာရာ အိမ်ကို ညနေ ၆ နာရီကျော်ကျော်လောက် ပြန်ရောက်ပါတယ်။

ပြန်ရောက်ပြီး ဆရာတော်အတွက်လိုအပ်မည့် အတွင်းဝတ် အနွေးထည်၊ ခြေအိပ်၊ ဓာတ်ပုံရိုက်ရန် ကတ်တို့ကို ထွက်ဝယ်ကြပြန်ပါတယ်။ ပြန်လာပြီး မိသားစုတွေ ညစာစားပြီးတာနဲ့ တရားစခန်းဖွင့်လှစ်မည့် ကေတီမြို့ရှိ ဦးကျော်တင့်ဒေါ်ဆုံဆုံချစ်တို့အိမ်ကို ည ၈ နာရီ ၃၀ လောက်မှာ သွားခဲ့ကြပါတယ်။ ကိုပြည့်စုံ မမိုး၊ သား ရဲရင့်ပြည့်စုံမိုးတို့ မိသားစုသုံးယောက်က ပို့ဆောင်ပေးပါတယ်။ ဦးကျော်တင့်တို့အိမ်ကို ည ၉ နာရီခွဲလောက်မှာ ရောက်ပါတယ်။ ဦးကျော်တင့်

www.burmeseclassic.com


www.burmeseclassic.com



ဒေါ်ဆုံဆုံချစ်တို့နဲ့ သာသနာရေးရာများ ဆွေးနွေးဖြစ်ကြပြီး၊ မနက်ဖြန် အစီအစဉ်များကို မေးမြန်းလျှောက်ထားကြလို့ အပြီးမှာတော့ ဘုန်းကြီးလည်းအနားယူဖို့ အိပ်ရာဝင်ခဲ့ပါတယ်။ ဒီ အချိန်မှာတော့ ည ၁၀ နာရီ ၃၀ မိနစ်ရှိနေပါပြီ။


❖ ❖ ❖






တက္ကဆက်မြို့၊ တပည့်-ကိုပြည့်စုံ+မမိုးတို့ မိသားစုနှင့်အတူ

www.burmeseclassic.com




တက္ကဆက်ပြည်နယ်၏မြို့တော် အော်စတင်မြို့ရှိ သီတဂူဗုဒ္ဓဝိဟာရ တောစခန်း




တက္ကဆပ်ပြည် ကေတီမြို့ ၊ တရားစခန်းတွင် ယောဂီများ တရားရှုမှတ်အားထုတ်နေကြပုံ

www.burmeseclassic.com

www.burmeseclassic.com



ကောတီမြို့ ၊ ဦးကျော်တင့် + ဒေါ်ခိုင်ခိုင်ချစ်တို့နေအိမ်တွင် စကြိန်တရားရှုမှတ်ပုံကို
ဆရာတော်ဘုရားမှ လက်တွေ့ညွှန်ကြားသင်ပြပေးနေစဉ်



ကောတီမြို့ ၊ ဦးကျော်တင့် + ဒေါ်ခိုင်ခိုင်ချစ် တို့နေအိမ် တရားစခန်းအပြီး အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com




တရားစခန်းဖြစ်မြောက်အောင် ဦးဆောင်ကြိုးပမ်းကြသော

## အားသစ်လောင်းမည့် တက္ကဆက်ပြည်

**မတ်လ ၂၀ ရက်၊ ၂၀၀၉**

ဓမ္မဝိနယ အလင်းရောင်ဖြင့် လောကကိုမကြည့်ဘူး ဆိုလျှင် အသိနှင့်အမြင် တစ်မျိုးစီဖြစ်သွားနိုင်ပါတယ်။ ဘုရားရှင်၏ ဓမ္မဝိနယအလင်းရောင်တွေကို သံဃာတော်များမှ ဆီဖြည့်ပေးတော်မူခဲ့သောကြောင့် လောကကို သာယာစေခဲ့ပါတယ်။ လောကငြိမ်းချမ်းသာယာရေးအတွက် တာဝန်ကိုယ်စီရှိကြတာပေါ့။ ယနေ့တော့ ဘုန်းကြီးအနေဖြင့် ဆီအားသစ်ထပ်လောင်းဖို့ တာဝန်တစ်ခုလို့ သတ်မှတ်ယုံကြည်မိပါတယ်။

အရုဏ်ဆွမ်းကို ဦးတင်မောင်ကျော် ဒေါ်ညိုညိုချစ်တို့မိသားစုက ဆက်ကပ်ပါတယ်။ စားသောက်ဖွယ်တွေက အစုံအလင်ပါပဲ။ ဦးတင်မောင်ကျော် ဒေါ်ညိုညိုချစ်တို့က ဘုန်းကြီးတို့ ရွှေမင်းဝံရိပ်သာအနီး ယက်ကန်းရုံဘေးက အိမ်က ဖြစ်ကြတော့ ဆွေမျိုးများနဲ့ပြန်တွေ့ရသလို ဝမ်းသာမိပါတယ်။ သူတို့ဆက်ကပ်တဲ့အရုဏ်ဆွမ်းကိုလည်း မေတ္တာပို့ကာ ဘုဉ်းပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၈ နာရီ ၃၀ မှာ တရားစခန်းကို စတင်ဖွင့်လှစ်ပါတယ်။ ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၊ ငါးပါးသီလပေးပြီး မဟာသတိပဋ္ဌာန်ဝိပဿနာ ရှုမှတ်နည်းကို တစ်နာရီဟောကြားပေးပါတယ်။ ၉ နာရီ ၃၀ မှ ၁၀ နာရီ ၃၀ အထိ ရှုမှတ်စေပြီး မိနစ်သုံးဆယ်ခန့် တရားလျှောက်ထားမေးမြန်းခွင့်ပြုခဲ့ပါတယ်။ ယောဂီ ၁၂ ယောက်ရှိပါတယ်။

နေ့လယ် ၁၁ နာရီမှာတော့ အလှူရှင်များဆက်ကပ်တဲ့ စုပေါင်းနေ့ဆွမ်းကို မေတ္တာပွားကာ ဘုဉ်းပေးကြပါတယ်။ နေ့လယ် ၁ နာရီမှာ ထိုင်ရှုမှတ်ဖြင့် ရှုမှတ်ကြပါတယ်။ ၁၅ မိနစ်ခန့် ရှုမှတ်ပုံပြောပြီး ဆက်လက်ရှုမှတ်စေပါတယ်။ ယောဂီ ၁၆ ယောက်လောက် ရောက်နေပါတယ်။

နေ့လယ် ၂ နာရီမှာ တရားလျှောက်၊ ၃ နာရီမှာ ကမ္မဋ္ဌာန်းရှုမှတ်ခြင်းအကျိုးတရားများဟောကြားပေးပါတယ်။ တရားနာပြီး မေးလိုရာများမေးကြတဲ့အတွက် ဖြေပေးရပြန်ပါတယ်။ ည ၇ နာရီမှာတော့ ဘုရားခန်းမှာပဲ တရားရှုမှတ်။ ဘုန်းကြီးနဲ့အတူ ဦးကျော်တင့်တို့ ဇနီးမောင်နှံနဲ့အတူ ယောဂီ ခြောက်ယောက်လည်း တရားရှုမှတ်ကြပါတယ်။ ပြီးတော့လည်း မေးမြန်းကြတဲ့အတွက် တစ်ခါဖြေဆိုရပြန်ပါတယ်။ သူတို့မှာ မေးမြန်းစရာတွေလည်း တော်တော်ကြာကြာ ကတည်းက စုဆောင်းထားရဟန်ရှိပါတယ်။ ခုလိုကြုံကြိုက်



တုန်း မေးမြန်းကြရတာမို့ တတ်နိုင်သမျှ ဖြေကြားပေးခဲ့ပါတယ်။

ဘုန်းကြီးကတော့ လုပ်ငန်းပိုင်းဆိုင်ရာ မေးခွန်းတွေကိုသာ ဖြေဆိုပေးဖို့ ပိုမိုစိတ်အားထက်သန်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ ဟိုဟိုဒီဒီ ရောက်တတ်ရာရာ ထင်ရာမြင်ရာ မေးတတ်တဲ့ မေးခွန်းများဆိုတာက တိတိကျကျ ဖြေဆိုဖို့ခက်ခဲသလို မေးသူတွေကျေနပ်အောင်ဖြေဖို့လည်း ခက်ခဲတတ်ပါတယ်။ လုပ်ငန်းသဘော အတွေ့အကြုံရှိလျှင် အချို့မေးခွန်းတွေ ဆိုတာက မေးနေစရာမလိုဘဲ သူ့အလိုလို အဖြေထွက်သွားတတ်တာမျိုးပါ။ သို့ပေမယ့် လုပ်ငန်းအတွေ့အကြုံ မပါပါက အဲဒီမေးခွန်းတွေကို နားလည်သဘောပေါက်အောင်ဖြေဆိုဖို့ဆိုတာ လွယ်ကူလှတာ မဟုတ်ပါဘူး။ ၉ နာရီမှာတော့ ဘုန်းကြီးကို နားခွင့်ပြုပါလို့ပြောပြီး စောစောပဲ တရားရှုမှတ်ကာ အနားယူခဲ့ပါတယ်။

**မတ်လ ၂၁ ရက်၊ ၂၀၀၉**

နံနက် ၄ နာရီ ၃၀ မှာ အိပ်ရာထပြီး ပြုဖွယ်ကိစ္စတွေကို ပြုလုပ်ကာ မေတ္တာပွား တရားရှုမှတ်ပါတယ်။ ၆ နာရီ ၁၅ မိနစ်မှာတော့ အလှူရှင်များကပ်လှူတဲ့ အရုဏ်ဆွမ်းကို မေတ္တာပွားများကာ ဘုဉ်းပေး။

၈ နာရီ ၃၀ မှာ စခန်းဝင်တရားအားထုတ်ကြမည့်

www.burmeseclassic.com

www.burmeseclassic.com



ယောဂီများအား သီလပေးပြီး ဂစ္ဆန္တောဝါ ဂစ္ဆာမိတိပဓာနာတိ အရ စင်္ကြံနံတရားရှုမှတ်ပုံများကို လက်တွေ့ရှုမှတ်တတ်အောင် ရှင်းလင်းဟောကြားပေးပြီး တရားရှုမှတ်စေပါတယ်။ ယောဂီ ၃၀ လောက် ရှုမှတ်ကြပါတယ်။

၁၁ နာရီမှာ နေ့ဆွမ်းဘုဉ်းပေးပြီး ၁ နာရီမှာ ထိုင်ဣရိယာပုတ်ဖြင့် ရှုမှတ်ကြပါတယ်။ ၂ နာရီမှာ ယောဂီများ မေးမြန်းလျှောက်ကြားသမျှ ဖြေကြားပေးရပါတယ်။ ဘာသာရေးမှာ အတွေ့အကြုံရင့်ကျက်သူတွေပါသလို ခုမှစတင်ပြီး ဘာသာရေးထိတွေ့သူတွေလည်းပါလို့ မေးမြန်းတဲ့ အကြောင်းအရာများကလည်း ပုံစံအမျိုးမျိုး၊ အဆင့်အတန်း အမျိုးမျိုးပါပဲ။ ၄၅ မိနစ်ခန့် မေးမြန်းသမျှ ဖြေကြားပေးပြီး ၁၅ မိနစ်ခန့် နားပါတယ်။ ညနေ ၃ နာရီအချိန်မှာတော့ မိသားစုဝင်တွေ စုပေါင်းပြီး တရားအားထုတ်ဖြစ်အောင် သတိပေးအားပေးတိုက်တွန်းတဲ့အနေနဲ့ အချိန်အတိုင်း အကျိုးရှိအောင်နေဆိုတဲ့တရားကို ဟောကြားပေးပါတယ်။ တရားနာပြီးပြန်တော့လည်း ထုံးစံအတိုင်း မေးခွန်းတွေက ရောက်လာလို့ ဖြေဆိုပေးရပါတယ်။ အနောက်နိုင်ငံများမှာနေထိုင်သူတွေက မေးခွန်းတွေ ပိုမေးတတ်ကြတာကို ဘုန်းကြီးတို့ အတွေ့အကြုံအရ ပိုမိုသိလာရပါတယ်။

၅ နာရီမှာတော့ ခါးနာတာနဲ့ အနားယူပါတယ်။ ဘုဉ်းကြီး ခါးနာတာကိုသိလို့ ဦးကျော်တင့်က ခါးအောက်မှာထား



ရတဲ့ လျှပ်စစ်နဲ့သုံးရတဲ့ အပူအိပ်လေးယူလာပေးတဲ့အတွက် ခါးအောက်မှာ တစ်နာရီလောက်ထားပြီး နားနေလိုက်ပါတယ်။ သိသိသာသာကိုပဲ သက်သာသွားတာကို တွေ့ရပါတယ်။ ၇ နာရီမှာ ဘုရားဝတ်တက်၊ ဆုတောင်းအမျှဝေ မေတ္တာပို့များကို အိမ်ရှင် ဦးကျော်တင့် ဒေါ်ဆုံဆုံချစ်၊ ဦးလှမိုင်းပြည့် ဒေါ်မေသန်းနွယ်တို့နဲ့အတူ အခြားယောဂီတို့အား ရှေ့တိုင်ပေးပြီး ဝတ်ပြုဆုတောင်းမှုပြုလုပ်ခဲ့ပါတယ်။ သူတို့ မေးမြန်းလျှောက်ထားတာများကို ဖြေကြားပြီး ကိုယ်သိလိုတဲ့ အနောက်နိုင်ငံများရဲ့ လူနေမှုအတွေ့အကြုံ၊ ဒေသန္တရ ဗဟုသုတများကိုလည်း သူတို့ကိုမေးမြန်းရပါတယ်။

တစ်ခါခါမှာ သူတို့ဓလေ့စရိုက်တွေကို သိမထားရင် ကိုယ့်အနေနဲ့ မှန်ကန်တယ်လို့ ယူဆပြီး ပြောဆိုတာတွေက မှန်ပေမယ့် ယဉ်ကျေးမှု မတူညီမှုဆိုတာကြောင့်လည်း အခြားသူများကို စော်ကားသလိုမျိုး ဖြစ်သွားတတ်လို့ အခြားသူများ ဓလေ့စရိုက် ယဉ်ကျေးမှုတွေကို သိထားဖို့လည်း လိုအပ်ပါတယ်။ သိလိုတာကို ဖြေကြားပေးတဲ့အတွက် ဗဟုသုတလည်း တိုးပွားရပါတယ်။ ဓမ္မရေးရာများမှာ ဘုန်းကြီးတို့က ဆရာဆိုပေမယ့် အချို့သော လောကရေးရာမှာက ဒကာတွေက ဘုန်းကြီးတို့ထက်ပိုပြီး အတွေ့အကြုံရှိတတ်တာမျိုးလည်း အများအပြားရှိနိုင်ပါတယ်။ ၁၁ နာရီမှာတော့ တရားရှုမှတ်မှုဖြင့် အနားယူခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မတ်လ ၂၂ ရက်၊ ၂၀၀၉

၄ နာရီ ၃၀ မိနစ် အိပ်ရာထ၊ ဘုရားဝတ်ပြု မေတ္တာပွား၊ တရားရှုမှတ်ပြီး အမှုဝေပါတယ်။ ၆း၁၅ နာရီမှာ ဒါယကာဦးကျော်တင့် ဒါယိကာမ ဒေါ်ဆုံဆုံချစ် မိသားစုများ ကပ်လှူတဲ့ အရုဏ်ဆွမ်း၊ အချိုပွဲတို့ကို မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။

၈း၃၀ နာရီမှ သီလပေးပြီး ဣရိယာပထပိုင်း ဌိတောဝါ ဌိတောမီတိ ပဇာနာတိ၊ နိသိန္နောဝါ နိသိန္နောမီတိ ပဇာနာတိ၊ သယာနောဝါ သယာနောမီတိ ပဇာနာတိ၊ သယာနောမီတိ ပဇာနာတိ၊ တရားတော်အတိုင်း အားထုတ်ပုံ အကျဉ်းချုပ် ဟောကြားပေးပါတယ်။ ယောဂီ ၂၀ ကျော်ခန့်ရှိပါတယ်။

၁၁ နာရီမှာ အလှူရှင်ယောဂီများ ကပ်လှူကြတဲ့ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်သစ်သီးတို့ကို မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။ နေ့ပိုင်း ခေတ္တနားပြီး ၁ နာရီအချိန်မှာ ၁၀ မိနစ် ရှုမှတ်ပုံအကျဉ်းမျှ ပြောပြပြီး ယောဂီများကို တရားရှုမှတ် အားထုတ်စေပါတယ်။

၂ နာရီမှာ တရားဖြုတ်ပြီး ယောဂီများသိလိုသမျှ မေးမြန်းလျှောက်ထားမှုတို့ကို ဖြေကြားပေးပါတယ်။ ၁၅ မိနစ်ခန့်နားပြီး ၃ နာရီအချိန်မှာတော့ ဓမ္မပီတိ တရားတော်ကို ဉာဏ်စဉ်ဖြင့်တွဲပြီး ဓမ္မမိသားစုများ မဟာကပ္ပိဏ မထေရ်ကဲ့သို့ ဓမ္မပီတိ ဓမ္မရသတို့ဖြင့် နေနိုင်ကြပါစေ။ နေနိုင်အောင် ကြိုး



စားနိုင်ကြပါစေလို့ ဆန္ဒပြုပြီး တရားနိဂုံးသတ်ပြီး စခန်းသိမ်းပါတယ်။ ဘုရားရှင်နှင့် သံဃာတော်တို့၏ အလိုတော်ကျ မိမိစွမ်းနိုင်သလောက် ကျေးဇူးပြုရမည်မှာ ဘုန်းကြီးရဲ့တာဝန် မဟုတ်ပါလော။

တရားပွဲအပြီးမှာ သိလိုသမျှ မေးမြန်းကြသည်များကို စိတ်ရှည်ရှည်နဲ့ မေတ္တာထားပြီး ဖြေကြားပေးရပါတယ်။ ယောဂီများအားလုံးကလည်း ဝမ်းမြောက်စွာနဲ့ သာဓုခေါ်ဆိုကာ ကန်တော့ နှုတ်ဆက်ကြပါတယ်။ ရေခြား မြေခြားရောက် မြန်မာများကို ဟောကြားသင်ပြပေးရတာ လမ်းခရီးဒဏ်ခံရလို့ ပင်ပန်းပေမယ့် ပင်ပန်းရကျိုးနပ်ပါတယ်။

ည ၇း၀၀ နာရီမှာ ဘုရားဝတ်ပြု မေတ္တာပွားပြီး တရားရှုမှတ် အမှုဝေခြင်းကို ကျန်ရှိသော ယောဂီများနဲ့အတူ ဝတ်ပြုကြပါတယ်။ မေးမြန်းသမျှကိုလည်း ဖြေကြားရပြန်ပါတယ်။ သိချင်နေကြတာကိုး၊ မြန်မာနိုင်ငံမှာတော့ ရဟန်းသံဃာတော်များနဲ့ ထိတွေ့မှုများတော့ တရားတွေများများ နာရတာကြောင့် မသိသေးတာတွေ သိရတယ်။ ပြည်ပမှာတော့ ရဟန်းတော်များနဲ့ အထိအတွေ့နည်းပြီး တရားနာကြားခွင့်မရကြတော့ ဘာသာရေးနဲ့စပ်ပြီး အသိအမြင်နည်းပါးတဲ့အတွက် မြန်မာပြည်မှ ဆရာတော်များ ကြွလာခိုက်မှာ မေးမြန်းရတဲ့အတွက် အချိန်တိုင်း မေးနေကြခြင်းဖြစ်ပါတယ်။

ည ၁၀း၃၅ နာရီမှာတော့ ရှုမှတ်မှုဖြင့် အနားယူလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မတ်လ ၂၃ ရက်၊ ၂၀၀၉

ဦးကျော်တင့် ဒေါ်ဆုံဆုံချစ် မိသားစုက အရဏ်ဆွမ်း ကပ်လှူပါတယ်။ မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။ ၈ နာရီ ၃၀ မှာ နေ့ဆွမ်းကပ်မည့်အိမ်ကို ကြွဖို့အတွက် အိမ်ရှေ့မှာ ဓာတ်ပုံရိုက်ကြပါတယ်။ လမ်းမှာ မနေ့က တရားပွဲ ပြီး မှတ်တမ်းဓာတ်ပုံရိုက်ထားတဲ့ပုံများကူးရန် ဈေးနှုန်းချို သာစွာရောင်းတဲ့ဆိုင်ကြီးထဲကို ပင့်ဆောင်သွားတဲ့အတွက် ဗဟုသုတအဖြစ် လေ့လာခွင့်ရခဲ့ပါတယ်။ ဒေါ်ဆုံဆုံချစ် ကတော့ ဘုန်းကြီး အမြဲကိုင်ဆောင်လေ့ရှိတဲ့ လက်ကိုင်ပဝါ အဖြူများကို ဝယ်ယူလှူဒါန်းပါတယ်။ ဆိုင်ကထွက်ပြီး နေ့ ဆွမ်းဆက်ကပ်မည့်အိမ်ကို ၁၀ နာရီကျော်ကျော်မှာ ရောက်ရှိ ပါတယ်။

ဆွမ်းအလှူရှင်များဖြစ်ကြတဲ့ ဦးမိုးဟိန်းထွန်း ဒေါ်မာ လာသွင်ထွန်း ၂၅ နှစ်ပြည့် မင်္ဂလာငွေရတုနှင့် ဒေါ်မာလာသွင် ထွန်းရဲ့ နှစ် ၅၀ ပြည့် ရွှေရတုမွေးနေ့အဖြစ် သားမျိုးဟိန်းထွန်း၊ ဥက္ကာမိုးဟိန်းထွန်း၊ သမီး အမရာမိုးဟိန်းထွန်းတို့က ဆက်ကပ် လှူဒါန်းကြတာဖြစ်ပါတယ်။

သမဓိဝိတသုတ်ကို အနုမောဒနာအဖြစ် ဟောကြား ပေးပြီး နေ့ ၁၁ နာရီမှာ ဆွမ်းဘုဉ်းပေးပါတယ်။ ဆွမ်းဘုဉ်းပေး အပြီးမှာတော့ သိလိုတာများမေးမြန်းကြတဲ့အတွက် ဖြေကြား ပေးခဲ့ပါတယ်။ မြန်မာ ဘုဉ်းတော်ကြီးတွေက တစ်ခါခါမှသာ



ရောက်တတ်ကြတော့လည်း သူတို့မှာ ဘာသာရေးနဲ့စပ်ဆိုင် တဲ့ မေးစရာတွေကလည်း များကြပါတယ်။

နေ့လယ် ၁ နာရီမှာ လေဆိပ်ကိုဆင်းပါတယ်။ ဦးကျော်တင့် ဒေါ်ဆုံဆုံချစ်၊ ဦးလှမိုင်းပြည့် ဒေါ်ခင်သန်းနွယ် တို့ လိုက်ပါပို့ဆောင်ကြပါတယ်။ ဘာသန္တရ မတတ်တဲ့ အတွက် အခက်အခဲဖြစ်နေမှာစိုးတာကြောင့် ဦးကျော်တင့် ကိုယ်တိုင် လော့စ်အိန်ဂျလိစ် LAX လေဆိပ်ဆီကို ပြန်သန်း မည့် လေယာဉ်အထိ လိုက်ပို့ပေးပါတယ်။ လေယာဉ်ထွက်ခွာ မှ စိတ်ချကာပြန်သွားပါတယ်။ တက်ကဆပ်ပြည်နယ်စံတော် ချိန် ၃ နာရီ ၄၅ မိနစ်မှာ လေယာဉ် စ,ထွက်ပါတယ်။ LAX ကို လေယာဉ်ဆိုက်တော့ ၅ နာရီ ၄၅ မိနစ်။ တက္ကဆပ် ပြည်နယ် စံတော်ချိန်ဆိုလျှင်တော့ ဒီအချိန်ဟာ ၇ နာရီ ၄၅ မိနစ်ပေါ့။

လေဆိပ်မှာတော့ သန္တိသစ္စာမှ ဦးသုခလာကြိုပါ တယ်။ အားလုံးချောချောမွေ့မွေ့ပါပဲ။ ည ၇ နာရီ ၄၀ မှာ သန္တိသစ္စာကို ရောက်ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## တင့်တင့်တယ်တယ် မောင်နှင့်မယ်

မြန်မာပြည်ကနေ ကြွရောက်လာတဲ့ ဆရာတော်များကို ပင့်ဖိတ်ပြီး မိမိတို့အိမ်မှာ ကျောင်းအဖြစ် သီတင်းသုံးစေကာ တရားစခန်းများ ဖွင့်လှစ်ကြတဲ့ ဦးကျော်တင့် ဒေါ်ဆုံဆုံချစ်တို့ မိသားစုများကိုလည်း အထူးမှတ်တမ်းပြုရမယ်ထင်ပါတယ်။

ဘုန်းတော်ကြီးတွေ လွယ်လွယ်နဲ့ ရောက်ဖြစ်ခဲ့တဲ့ နေရာဒေသမှာ ခုလို တရားစခန်းတွေ ဖွင့်လှစ်နိုင်အောင် စိတ်ကူးရပြီး အပင်ပန်းခံကာ ကုသိုလ်ပြုနိုင်ဖို့ဆိုတာ သာမန်သဒ္ဓါတရား အသိဉာဏ်အားလောက်နဲ့တော့ မလွယ်ကူပါဘူး။ တရားစခန်းတွင်းမှာ ယောဂီများကိုလည်း ကျွေးမွေးပြုစု၊ မိမိတို့ကိုယ်တိုင်လည်းပဲ ရှုမှတ်ပွားများကြ။ အလွန်တရာရခဲလှတဲ့ သာသနာနဲ့ ကြုံဆုံခိုက်မှာ ကျင့်ခွင့်ရဖို့လည်း ခက်ခဲတဲ့ ဝိပဿနာတရားတော်များကို ကိုယ်တွင်မကာ ခင်မင်ရာ မိတ်ဆွေ သူငယ်ချင်းများကိုပါ ကျင့်ခွင့်ရနိုင်စေဖို့ စီမံမှုမျိုးဆိုတာ ကောင်းမွန်တဲ့လုပ်ရပ်ပါ။ ဗုဒ္ဓမျိုးကျူးတော်မူတဲ့ လုပ်ရပ်ပါ။



သာသနာလုပ်ငန်းစဉ်တွေကို လုပ်ရာမှာ ဆရာတွေချည်းသာ ကြိုးစားဆောင်ရွက်နေရုံနဲ့ မပြီးနိုင်ဘဲ ဒကာများဖက်ကလည်း ကိုယ်ဘာတတ်နိုင်သလဲ၊ ဘာအကောင်းဆုံးလုပ်နိုင်သလဲဆိုတာကိုလည်း စဉ်းစားပြီး အကောင်းဆုံးလုပ်ငန်းစဉ်များကို အားတက်သရော ဆောင်ရွက်ကြပါမှ မြတ်ဗုဒ္ဓအဆုံးအမ သာသနာတော်ကြီးလည်း အရှည်သဖြင့် တည်တန့်ကာ ပြန့်ပွားထွန်းကားနိုင်မှာပါ။

ခုလို တရားစခန်းများကို ကြိုးစားကာ ပြုလုပ်ကြတဲ့ ဦးကျော်တင့် ဒေါ်ဆုံဆုံချစ် မိသားစု၊ ကိုယ်ရောစိတ်ပါ ထက်ထက်သန်သန်ဖြင့် ဝိုင်းဝန်းကာ ကုသိုလ်ပါဝင်ခဲ့တဲ့ ဦးလှမိုင်းပြည့် ဒေါ်ခင်သန်းနွယ်တို့ မိသားစုများကို ဘုန်းကြီးအနေနဲ့ အထူးကျေးဇူးတင်ရပါကြောင်းနဲ့ သာသနာတော်အကျိုးကို ဆထက်တိုးလို့ ဆောင်ရွက်နိုင်ပါစေကြောင်းကိုလည်း ဆုတောင်းမေတ္တာပို့သပါတယ်။

### မတ်လ ၂၄ ရက်၊ ၂၀၀၉

ကျောင်းအမကြီး ဒေါက်တာ ဒေါ်ခင်သီဦးက သန္တိသစ္စာနှင့်ပတ်သက်ပြီး လျှောက်ထားလာတဲ့အတွက် စိတ်ရှည်ခွဲသန် သည်းညည်းခံ ပြုရန်သာသနာဆိုတဲ့ ရှေးဆိုရိုးအတိုင်း စိတ်ရှည်ရှည်ထားဖို့ ဘယ်လိုအခက်အခဲနဲ့ပဲ ကြုံကြုံ၊ ခွဲမလျော့ဘဲ ပန်းတိုင်ရောက်အောင်သွားမယ်ဆိုတဲ့ အာဇာနည်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်မျိုးမွေးဖို့၊ အကောင်းအဆိုးလောကဓံနဲ့ ကြုံတဲ့အခါမှာလည်း သာသနာတော်အတွက် ဆောင်ရွက်နေတာပဲလို့ နှလုံးသွင်းပြီး သည်းခံစိတ်အပြည့်အဝထား ဆောင်ရွက်သွားဖို့၊ ဆောင်ရွက်တဲ့အခါမှာလည်း အစွဲကင်းကင်းနဲ့ မြတ်ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးတစ်ခုတည်းအတွက်သာ အာရုံစိုက်ပြီး ဆောင်ရွက်သွားဖို့ အကြံပြုစကားပြောကြားခဲ့ပါတယ်။

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက
နောက်ဆုံးအထိ ပါရမီ
လူနတ်များစွာ ချမ်းသာရေးမို့
အသက်ပေးလို့ ဖြည့်ခဲ့သည်
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့
ငါပါအသက်ဆုံးစေမည်
နောက်မဆုတ်ပေါင် ခုလိုတွေးလို့
ကုသိုလ်ရေးမို့ ကြိုးစားမည်

(မဟာဂန္ဓာရုံဆရာတော်) ဆိုတဲ့ စကားလေးက ဘုဦးကြီးတို့လို သာသနာ့လုပ်ငန်းဆောင်ရွက်နေသူတွေအဖို့ အတုယူဖွယ် မဟုတ်ပါလား။

နံနက်အရုဏ်ဆွမ်းကို ကျောင်းအမကြီးက ဆိုင်ကိုပင့်သွားပြီး အနောက်တိုင်းအစားအစာများ ဆက်ကပ်ပါတယ်။



ကျောင်းအမကြီးရဲ့ သာသနာပြုလုပ်ငန်းများ အစဉ်ချောမွေ့အဆင်ပြေပါစေလို့ ဆုတောင်းမေတ္တာပို့ကာ အရုဏ်ဆွမ်းကို ဘုဉ်းပေးခဲ့ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းချမ်းသာ

အဲဒီကမှတစ်ဆင့် ဗီယက်နမ်ဆရာတော် ခိပ္ပပညော ရဲ့ တရားရိပ်သာကို သွားရောက်လေ့လာပါတယ်။ ကျောင်း ထဲဝင်လိုက်တာနဲ့ ရုပ်တုတော်ကြီး လေးဆူကို လှမ်းတွေ့ရပါ တယ်။ အနီးကပ်ဖူးတွေ့တဲ့အခါ ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီး ရုပ်တုတော်နဲ့ ရွှေဥမင်ဆရာတော်ကြီး ရုပ်တု။ နောက် ဗီယက်နမ်ဆရာတော်ကြီးနှစ်ပါးတို့ရဲ့ ရုပ်တုတွေလို့ သိပါတယ်။

ဘုန်းကြီးတို့ရောက်သွားတော့ တရားစခန်းဖွင့်ထား ပါတယ်။ ဆရာတော်ကြီး ခိပ္ပပညောနဲ့တွေ့ပြီး မဟာစည် ရိပ်သာကြီးမှာ တရားအားထုတ်ခဲ့တဲ့အကြောင်းနဲ့စပ်ပြီး ဆွေး နွေး ဖြစ်ကြပါတယ်။ ဦးသုခက ဘာသာပြန်ပေးပါတယ်။

မဟာစည်ဆရာတော်ကြီးနဲ့ တရားအားထုတ်ခဲ့စဉ်က ရိုက်ထားတဲ့ မှတ်တမ်းဓာတ်ပုံကိုလည်း ထုတ်ပြပါတယ်။



မဟာစည်မှာ တရားအားထုတ်စဉ်က သက်တော် ၅၀ ကျော် သာရှိသေးပြီး ခုတော့ အသက် ရှစ်ဆယ်ကျော်ပြီဖြစ်ကြောင်း မိန့်ပါတယ်။ တရားနဲ့မွေ့လျော်နေတဲ့ ဆရာတော်ကြီးဖြစ်တဲ့ အတွက် အလွန်နုပျိုပြီး စိတ်နှလုံးအေးချမ်းစွာနဲ့ အစဉ်ပြုံးချို နေတာကို ဖူးတွေ့ရပါတယ်။ ဆရာတော်ကြီးနဲ့ မှတ်တမ်း ဓာတ်ပုံများကိုလည်း ရိုက်ကူးယူခဲ့ပါတယ်။

ဆရာတော်ကြီးနဲ့ ဖူးတွေ့ပြီးနောက်မှာတော့ မဟာစည်ဆရာတော်ကြီး ရုပ်တုနဲ့လည်း အမှတ်တရဓာတ်ပုံ မှတ်တမ်းရိုက်ခဲ့ပါတယ်။ ကမ္ဘာအရပ်ရပ်ဆီသို့ ဝိပဿနာ ရောင်ခြည်တွေ ဝင်းလက်ဖြာဝေအောင် ဖြန့်ဝေတော်မူခဲ့တဲ့ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးဂုဏ်တွေကိုလည်း ပြန်လည်အောက်မေ့ အမှတ်ရကာ ပူဇော်ဝန္ဒနာခြင်းကိုလည်း ပြုမိရပါတယ်။

အနောက်ကမ္ဘာဆီသို့ ဝိပဿနာလင်းရောင်ခြည်တွေ ထွန်းလင်းဖြာစေဖို့ရာမှာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ အခန်းကဏ္ဍဟာ အခရာဖြစ်ခဲ့ပါ တယ်ဆိုလျှင်ဖြင့် ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်ပေတယ်လို့ ဆိုနိုင် မယ်မဟုတ်ပေဘူး။ အနောက်ကမ္ဘာမှာ ထင်ရှားတဲ့ ဝိပဿနာ ဆရာတွေကို တွေ့မိတိုင်း မဟာစည်ဆရာတော်ဘုရားကြီးနဲ့ တစ်နည်းတစ်ဖုံ ဆက်စပ်နေတတ်တာကို သတိထားမိပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးရူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကိုခံယူပြီး တရားဘာဝနာ ရှုမှတ်ပွားများခဲ့ကြတဲ့ အတွက် ထိုက်သင့်တဲ့အသိဉာဏ်တွေဖြစ်ပြီး ဆက်လက် တရားရှုမှတ်ကြ၊ ကိုယ်သိထားရထားတဲ့ တရားတော်များကို လည်း ဆက်လက်ဖြန့်ဝေပေးကြတာကြောင့် တပ်သားတွေ တော်တော်များလည်း ကိလေသာဆိုတဲ့ ရန်သူတွေနဲ့ ယှဉ်ပြိုင် တိုက်ပွဲဆင်နွှဲရာမှာ အောင်မြင်သွားကြသူတွေလည်း မနည်း လှတော့ပါဘူး။ ဒါဟာဖြင့် ဆရာတော်ဘုရားကြီးဆိုတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ စွမ်းအားရှိမှု၊ အမျှော် အမြင်ရှိမှုများကြောင့်ပါပဲ။ ရိပ်သာက ၆ ဧကကျယ်တယ်လို့ ဆိုပါတယ်။

ဆရာတော်ကြီး ကျောင်းဆောင်၊ ဆွမ်းချက် ဆောင်၊ ဆွမ်းစားဆောင်၊ အမျိုးသမီး ယောဂီဆောင်၊ သီလရှင်ဆောင်၊ အနည်းငယ်နိမ့်တဲ့နေရာမှာတော့ အပေါ်ထပ်က တရားထိုင်၊ အောက်ထပ်မှာတော့ အမျိုးသမီးများနေထိုင်နိုင်တဲ့ ဓမ္မာရုံကြီး။ အဲဒီထက် တစ်ဆင့်နိမ့်တဲ့အပိုင်းမှာတော့ ရှစ်မြှောင့် သိမ် ကျောင်းတော်ကြီး။ ဓမ္မာရုံနဲ့ သိမ်ကြားမှာတော့ ရေမြောင်းခြား နေပါတယ်။ ရိပ်သာမြေက အနိမ့်အမြင့် မညီညာပါ။ သိမ် ကျောင်းထဲမှာတော့ ပဋ္ဌဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦး ဟောပုံ ရုပ်တုတော်၊ ပရိနိဗ္ဗာန်စံတော်မူပုံ ရုပ်တုတော်များကို ထုလုပ်ထားပါတယ်။ အခြားနေရာများမှာလည်း အခြား



အခြား ရုပ်တုတော်တွေရှိပါသေးတယ်။ ရုပ်တုတော်ကြီးတွေ ကလည်း ကြည်ညိုဖွယ်ရာပါ။

နောက်ထပ်တိုးချဲ့မြေကွက်မှာတော့ အမျိုးသမီးများ နေဖို့ အဆောင်ကိုတော်တော်ကြီးကြီး ဆောက်လုပ်နေတာကို လည်း တွေ့ရပါတယ်။ မျက်စိပသာဒရှိစေဖို့အတွက် မြေ အနိမ့်အမြင့်လိုက်လို့ သူ့နေရာနဲ့သူ သစ်ပင်များကိုလည်း စနစ်တကျ စိုက်ပျိုးထားပါတယ်။ စိတ်ကြည်နူးစရာ နေရာ ဒေသတစ်ခုပါ။ နောက်ထပ်လည်း အဆောက်အဦးတွေ ထပ် တိုးချဲ့ဆောက်လုပ်ရန် စီမံကိန်းများချမှတ်ကာ စနစ်တကျ လုပ် နေကြတာကို တွေ့ရတော့ ဝမ်းမြောက်မိပါတယ်။ နောင် အနာဂတ်သာသနာတော်အတွက်လည်း အားတက်မိပါတယ်။

အဆောက်အဦးတွေဆိုတာ သာသနာအရှည်တည် တန့်ရန်အတွက် အဓိကမဟုတ်ပေမယ့်လည်း ဌာနမရှိတဲ့ နေရာမှာ ဌာနကို အမှီပြုကာ ရပ်တည်ရတဲ့ သာသနာရေး လုပ်ငန်းစဉ်တွေ လုပ်ကိုင်ဖို့ကလွယ်မယ်မဟုတ်ပါဘူး။ ဒီ တော့ သာသနာရေးလုပ်ငန်းစဉ်တွေကို အခြေခံကာထွက် ပေါ်လာမယ့် သာသနာဆိုတဲ့ အညွန့်အညှောက်လည်း ရှင်သန်ထမြောက်ဖို့ အခွင့်အလမ်းနည်းမှာ အမှန်ပါပဲ။ သာသနာ့အဆောက်အဦးဆိုတာ အသုံးမပြုဘဲ အပိုအလုပြ နေရာမျိုးအတွက်သာ တကယ်မလိုအပ်ပေမယ့် တကယ် အသုံးချတဲ့နေရာတွေ အတွက်တော့ အမှန်တကယ်လိုအပ်တဲ့

www.burmeseclassic.com



အရာပါပဲ။ လိုအပ်ရာမှာ လိုအပ်ချက်ကို မှန်မှန်ကန်ကန် ဖြည့်စွက်တတ်ဖို့ဆိုတာကတော့ အလှူရှင်တွေအနေနဲ့ အသိဉာဏ်ယှဉ်တဲ့ သဒ္ဓါတရား လိုသလိုလမ်းညွှန်တဲ့ ဆရာတွေဖက်ကလည်း အကျိုးများရာကိုသာ ညွှန်ပြတတ်ဖို့လိုတာပေါ့လေ။

မြန်မာရဟန်းတော်များလည်း ဗီယက်နမ်ဆရာတော်ကြီးနည်းတူ သာသနာနဲ့စပ်ဆိုင်တဲ့ လုပ်ငန်းစဉ်တွေ စည်ပင်အောင် ဖြန့်ပွားနိုင်ကြလျှင်ဖြင့် ကောင်းမှာပဲလို့ စိတ်ကူးဖြစ်မိပါတယ်။ မြန်မာရဟန်းတော်တွေမှာက ပရိယတ္တိ အရည်အချင်းတွေ၊ ပဋိပတ္တိစွမ်းရည်တွေ အပြည့်အဝရှိကြပေမယ့် စနစ်တကျပြုလုပ်ပေးဖို့ရန်အတွက် ခိုင်ခိုင်ခန့်ခန့် နေရာဌာနမျိုးတွေ မရှိလေတော့ စွမ်းရည်တွေကို အကုန်အသုံးချပြလို့ မရနိုင်ဖြစ်နေကြတာကို တွေ့နေရတတ်တယ်လေ။

ဒီညမှာတော့ မောင်ဖိုးတုတ်တို့ဇနီးမောင်နှံလာပြီး ကန်တော့ကြတယ်။ ဆေးပစ္စည်းများကိုလည်း လှူဒါန်းပါတယ်။ နောက်ပြီး ဦးမြင့်စိုး(ဦးမြတ်ကျော်)လည်း လာပြီး ဝတ်ပြုပါတယ်။ ဣရိယာပုဒ် မျှတကောင်းမွန်မှ ကျန်းမာရေးကောင်းမွန်မယ်၊ ကျန်းမာရေးကောင်းမွန်ပါမှလည်း ဗုဒ္ဓရဲ့ ဂုဏ်ရည်တရားတွေကို ပြသနိုင်မှာဖြစ်တဲ့အတွက် ခုလို ကျန်းမာရေးအတွက် အထောက်အပံ့ကောင်းကို ဖြစ်စေနိုင်မယ့် ဆေးပစ္စည်းလှူဒါန်းမှုများ။ ဝတ်ဖြည့်ကုသိုလ်ပြုမှု အလှူများ



ပေးလှူတာကို အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းပြုပါတယ်။ ည ၁၁ နာရီမှာ ဦးမြတ်ကျော်ပြန်သွားပြီး ဘုန်းကြီးလည်း ရှုမှတ်မှုဖြင့် အနားယူခဲ့ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## လက်ပံပွင့်ချိန် နှင်းဝေခဲ့ပြီ

### မတ်လ ၂၅ ရက်

ဒီနေ့ မတ်လ ၂၅ ရက်နေ့၊ မြန်မာလနှင့် နှိုင်းယှဉ်ရင်တော့ တပေါင်းလပေါ့။ "လတပေါင်း"လို့ အသိဝင်လိုက်တာနဲ့ နွေပန်းချီကားချပ်က အလိုလိုဆေးချယ်ပြီးသား၊ ရိုးတံကျဲကျဲ ရွက်ဝါတွေကြွေ၊ ကြွေကျခဲ့သမျှ ပြန်လည်အလှဆင်ဖို့ ရွက်သစ်တွေက အဆင်သင့်။ မြေခတဲ့ လက်ပံပွင့်တွေ၊ တစ်ပင်လုံးကို အနီရောင်ဇာပဝါကြီးဖုံးအုပ်ထားသည့် ရဲရဲနီနီ လက်ပံပင်ကြီးတွေက နွေသရုပ်ကို ပနာတင့်စေတယ်လေ။

ဘယ်အရပ်ကိုရောက်ရောက် အမိမြေရဲ့သဘာဝအလှဟာ ရင်ထဲမှာစွဲငြိနေပြီးသား။ ခံစားမှုကိုအသာထား၊ ပြုဖွယ်ကိစ္စများ ပြုလုပ်။

ဦးမြတ်ကျော်ကောင်းမှုကြောင့် အိပ်ရာမှ လန်းလန်းဆန်းဆန်း နိုးကြားလာပါတယ်။ ၅ နာရီ ၃၀ မှာ ဒေါ်မာဂရက်တို့အိမ်ကြွပြီး သူတို့မိသားစု ဆက်ကပ်တဲ့ ဆန်ပြုတ်၊ နန်းကြီးသုတ်ဆွမ်းနဲ့ စားတော်ပဲဆီဆမ်း စတဲ့ စားသောက်ဖွယ်ရာ



များ။ အချိုသစ်သီးများကို မေတ္တာပွားကာ ဘုဉ်းပေးခဲ့ပါတယ်။ ဆရာတော် ဦးသဓ္ဓနနဲ့ ဦးသုခတို့လည်း ကြွရောက်ပါတယ်။ ရန်ကုန်ရွှေမင်းဝံရိပ်သာမှာ ဆောက်လုပ်မည့် အမျိုးသမီးယောဂီ ငါးထပ်ဆောင်အတွက် ပထမအကြိမ်အဖြစ် မြန်မာနိုင်ငံသို့ ငွေလွှဲပြီး လှူမည်ဖြစ်ကြောင်း လျှောက်ထားပါတယ်။ အနုမောဒနာတရားဟောပြီး ရေစက်ချအမျှပေးဝေပေးခဲ့ပါတယ်။

နေ့ဆွမ်းကတော့ မြန်မာနိုင်ငံမှ သိဒ္ဓိဗလပုံနှိပ်တိုက်ပိုင်ရှင် ဦးမြင့်လွင်ခိုင်ရဲ့ နှမ မိသားစုများရဲ့ အလှူပါ။ အိမ်မှာ ကိုးကွယ်ထားသော ဘုရားအနေကဇာတင်ပြီး ဆွမ်းဆက်ကပ်ကြတာပါ။ ဘုရားခန်းကိုလည်း သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ကြည်ညိုဖွယ်ဆောင်ရွက်ထားလို့ ကြည်နူးဝမ်းမြောက်ရပါတယ်။

ဆွမ်းဘုဉ်းအပြီးမှာတော့ သန္တိသစ္စာရိပ်သာမှ မိုင် ၅၀ လောက်ဝေးတဲ့ Palm Spring မြို့လေးကို သွားကြတယ်။ ပေ ၈၅၀၀ ကျော်မြင့်ပြီး စနိုးတွေကျနေတဲ့ တောင်ပေါ်အပန်းဖြေစခန်းမြို့လေးက စိမ့်စိမ့်လေးအေးလို့ ချမ်းမြေ့ဖွယ်ရာ။ တောင်ခြေကနေ တောင်ထိပ်ပေါ်ကို လူ ၃၀ လောက်ဆန့်တဲ့ မှန်လုံကြိုးတပ်ကားနဲ့ တက်ရောက်ကာ အနားယူခွင့်ရခဲ့တယ်။ ဦးသုခရဲ့ ကျေးဇူးပေပ။ ခုလိုစနိုးတွေအဖွေးသားနဲ့ တောင်မျိုး မရောက်ဘူးသလို စနိုးတွေကိုလည်း မမြင်ဘူးပါ။ ဓာတ်ပုံတွေ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာသာ မြင်ဖူးခဲ့တာ။ ခုလို ကိုယ်တိုင်တွေ့လိုက်ရတော့ အံ့ဩမိရပါတယ်။ စနိုးတွေပေါ်ကိုလည်း အမှတ်တရ လမ်းလျှောက်ဖြစ်ခဲ့တယ်။ စနိုးတွေက အမှုန့်ဖြစ်အောင် စက်နဲ့ ကြိတ်ထားတဲ့ ရေခဲမှုန့်လေးတွေအလားပါပဲ။

ယခုလိုအချိန်ဟာ မိမိနိုင်ငံမှာ လက်ပံပွင့်တွေ ပွင့်နေပေမယ့် ဒီမှာတော့ နှင်းတွေဝေခဲ့ပါပြီ။ ဒါကလည်း နေရာဒေသ သဘာဝကပေးတဲ့ တရားသဘောလေးတစ်ခုပါပဲ။ နောက်တစ်ခု ထူးထူးဆန်းဆန်း တွေ့ခဲ့ရတာကတော့ လေအားကိုယူပြီး လျှပ်စစ်ထုတ်လုပ်တဲ့ လေပန်ကာကြီးများကို အမြောက်အများတွေ့ရခြင်းပါ။ အရင်က လေအားနဲ့ လျှပ်စစ်ထုတ်တယ်ဆိုတာ ကြားဖူးပေမယ့် လက်တွေ့ မတွေ့ဖူးခဲ့ဘူး။ ခုတော့ ထောင်ချီတဲ့ လေရဟတ်ကြီးတွေ တောင်စဉ် တောင်ဝှမ်းတွေရဲ့ ထိပ်ဖျားမှာ လက်တန်ကြီးတွေ ကားကား မားမား မတ်မတ်ရပ်လို့။ လည်တဲ့ပန်ကာကြီးများက လည်၊ ရပ်တဲ့ ပန်ကာများကလည်း ရပ်လို့။ ဘယ်လိုများ လျှပ်စစ်ဓာတ်ရအောင် ယူနိုင်ပါလိမ့်မလဲလို့ စဉ်းစားမိပါသေးတယ်။

ဒီနေ့ညနေမှာတော့ မောင်မိုးကျော်တို့ ရောက်ရှိလာကြပါတယ်။ ညအိပ်ယာမဝင်မီမှာ မောင်မိုးကျော်တို့နဲ့ မြတ်ဗုဒ္ဓသာသနာရေးအကြောင်း ဆွေးနွေးပြောဆိုဖြစ်ကြပါတယ်။ ည ၁၁ နာရီမှာ ရှုမှတ်မှုဖြင့် အိပ်ရာဝင်ခဲ့တယ်။



**မတ်လ ၂၆ ရက်၊ ၂၀၀၉**

ထုံးစံအတိုင်း ၅ နာရီမှာထ၊ ပြုဖွယ်ကိစ္စများပြုလုပ်ဆောင်ရွက်ပြီး တရားရှုမှတ်၊ မေတ္တာပို့ အမျှဝေ။ ၆ နာရီ ၁၅ မိနစ်မှာ အရဏ်ဆွမ်းဘုဉ်းပေး။ ၉ နာရီမှာတော့ ဒေါ်ဆွိတီရဲ့ သမီးအကြီးဆုံးအိမ်မှာ ဘုရားအနေကဇာတင် အန္တရာယ်ကင်းပရိတ်ရွတ် လျှောက်ထားချက်အရ ဘာသာရေးနဲ့စပ်ပြီး ဆောင်ရွက်ပေးစရာများ ဆောင်ရွက်ပေးကာ မိသားစုများဆက်ကပ်တဲ့ စုံလင်လှသော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို မေတ္တာပို့ကာ ဘုဉ်းပေးသုံးဆောင်ခဲ့ပါတယ်။

ဒါယကာမကြီး ဒေါ်ဆွိတီကိုလည်း အားပေးစကားပြောကြားဖြစ်ပါတယ်။ အသက် ၈၅ နှစ်ရှိပြီး မျက်စိနှစ်ကွင်းအလင်းမရတော့တဲ့အတွက် တရားသာလျှင် မိမိရဲ့ အားထားရာ၊ တရားသာလျှင် မိမိရဲ့ကိုးကွယ်ရာ၊ မိမိရဲ့အဖော်ဖြစ်တဲ့အကြောင်း သတိပေးစကားများကိုလည်း ပြောဖြစ်ပါတယ်။ ဒေါ်ဆွိတီကလည်း သားတွေ သမီးတွေ မြေးတွေ အလုပ်သွားကျောင်းသွားချိန်ကျလို့ အိမ်မှာ တစ်ယောက်တည်း အဖော်မရှိပေမယ့် အရှင်ဘုရား သင်ကြားပေးထားတဲ့ တရားအဖော်တွေက တပည့်တော်နဲ့ အမြဲတမ်း မကွေမကွာရှိနေတာကြောင့် တပည့်တော်မှာ အဖော်မမဲ့ပါကြောင်း၊ ပျင်းချိန်ဆိုတာလည်း မရှိပါကြောင်း၊ အရှင်ဘုရားဟောကြားခဲ့တဲ့ တရားတော်များအတိုင်း လိုက်နာကျင့်ကြံပွားများနေပါကြောင်း လျှောက်ထား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘုန်းကြီး ဟောကြားပေးခဲ့ဘူးတဲ့ ဓမ္မလင်္ကာဆောင်ပုဒ်များကိုလည်း ရွတ်ဆိုပြပါတယ်။ ဒါယကာမကြီးအနေနဲ့ လျှောင်းထိုင်ရပ်သွား ဣရိယာပုဒ်တိုင်းမှာပင် တရားသတိအမြဲရှိနေပါကြောင်း သိရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒါယကာမကြီးရဲ့ သံသရာခရီးအတွက်လည်း စိတ်ချယုံကြည်မိပါတယ်။

အဲဒီကနေတစ်ဆင့် မောင်ဘင် မရွှေဇင်တို့ရဲ့ စားသောက်ဆိုင်ကို ရောက်ရှိပါတယ်။ မြန်မာနိုင်ငံကို ပို့ရန်အတွက် လောလောဆယ် ဘုန်းကြီးအသုံးမလိုတော့တဲ့ ပစ္စည်းများ၊ ဆေးစတဲ့ အခြားပစ္စည်းများကို အဆင်သင့်သလို ပို့ပေးရန် ညွှန်ကြားပြောဆိုပြီးသူတို့ဆက်ကပ်တဲ့ ရေနွေးပူပူနဲ့ ပျားရည်ရောထားတဲ့အထဲကို သံပုရာသီးစိပ်ကလေးတွေ ထည့်ထားတဲ့ သောက်စရာကတစ်မျိုးကို ဘုဉ်းပေးသုံးဆောင်ခဲ့ပါတယ်။ နာမည်ကတော့ တီးတော့တီးပါတဲ့နာမည်။ ဘာရယ်လို့တော့ တိတိကျကျ မသိပါဘူး။ သူ့ကိုသောက်ပြီး စိတ်တွေ တော်တော် ကြည်ကြည်လင်လင်ဖြစ်သွားတယ်။ ဆန်ဖရန် ကနေလာကြိုတဲ့ မောင်မိုးကျော်တို့ကိုလည်း စားသောက်ဖွယ်များနဲ့ ဧည့်ခံပါတယ်။ ဒီအချိန်က ဆိုင်မှာ လူစည်ကားချိန်ဖြစ်တဲ့အတွက် ဘုန်းကြီးတို့လည်း ပြောစရာရှိတာပြောပြီး မြန်မြန်နှုတ်ဆက်ကာ ပြန်လာခဲ့ပါတယ်။

❖ ❖ ❖

## ဆန်ဖရန် တစ်ဖန်ရောက်ပြန်ပေါ့

မောင်မိုးကျော်တို့အိမ်ကိုရောက်တော့ မောင်မိုးကျော်မိခင်ကြီး ဒေါ်စမ်းစမ်းလင်းရဲ့ အစ်ကိုကြီးများဖြစ်ကြတဲ့ ဦးသိန်းထွန်း၊ ဦးမြတ်သူနဲ့ မောင်ဖြစ်သူ ဦးကြည်ညွန့်တို့ကိုလည်း စုံစုံလင်လင်တွေ့ရပါတယ်။

ဘုရားအနေကဇာတင် ဆွမ်းအနုမောဒနာတရားများချီးမြှင့်ပြီး မိသားစုများ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ဆက်ကပ်တဲ့ နေ့ဆွမ်းကိုလည်း မေတ္တာပွားကာ ဘုဉ်းပေးသုံးဆောင်ခဲ့ပါတယ်။

ဆွမ်းဘုဉ်းပေးပြီး မောင်မိုးကျော်တို့အိမ်မှာပဲ ခေတ္တအနားယူပါတယ်။ အနားယူပြီး မောင်မိုးကျော်က ရှေးဟောင်းအဆောက်အဦကြီးရှိရာ Fine art ဆိုတဲ့နေရာကို ဦးဆွာလိုက်ပို့ပါတယ်။ ဒီနေရာက ဆန်ဖရန်စစ္စကိုမှာ ထင်ရှားတဲ့ နေရာတစ်နေရာဖြစ်ပါတယ်။ အထူးသဖြင့် လက်ထပ်မင်္ဂလာပြုလုပ်တဲ့ သတို့သားနဲ့ သတို့သမီးတွေ ဒီနေရာကိုလာရောက်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြတယ်လို့ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦးက ၁၉၁၅ ခုနှစ်မှာ တည်ဆောက်ခဲ့တာတဲ့။ နှစ်ပေါင်းတစ်ရာနီးပါးရှိပြီပေါ့။ ရှေးဟောင်းပုံသဏ္ဌာန်အတိုင်း ထိန်းသိမ်းထားတာမို့ မြင်ရတဲ့ မြင်ကွင်းကပဟောင်းနွမ်းနေသလိုလိုပါပဲ။ ရိုမန်နဲ့ ဂရိလက်ရာများကို ပုံတူယူ တည်ဆောက်ထားတာမို့ ဂရိတို့၊ ရောမတို့ကို မရောက်နိုင်သူတွေအတွက်တော့ ရှေးဟောင်းရောမနဲ့ ဂရိလက်ရာတို့ကိုအစားထိုးခံစားလို့ရနိုင်မယ့်နေရာတစ်ခုပါပဲ။

အဆောက်အဦးရှေ့မှာတော့ အတန်ငယ်ကျယ်တဲ့ရေကန်ရယ်၊ ရေကန်ဆားက မြက်ခင်းစိမ်းစိမ်းရယ်၊ အဆောက်အဦးနဲ့ ရေကန်ရှိရာဖက်ဆီကို မျက်နှာမူကာ ဆောက်လုပ်ထားတဲ့ တန်ဖိုးကြီးအိမ်ရာများရဲ့ အလှနဲ့ဆိုတော့လည်း ဒီနေရာလေး အနီးအနားတစ်ဝိုက်မှာ နေထိုင်ကြတဲ့သူတွေရဲ့ အပန်းဖြေစရာ နေရာတစ်ခုသာပါမက ကမ္ဘာအရပ်ရပ်က ခရီးသွားများကို ဆွဲဆောင်ရာ နေရာတစ်နေရာလည်းဖြစ်နေတယ်ပေါ့။ အထူးသဖြင့် ခေတ်သစ်နဲ့ ခေတ်ဟောင်း၊ ဖန်တီးထားမှုနဲ့ သဘာဝအလှကို အချိုးတကျပေါင်းစည်းကာ တည်နေတဲ့ နေရာလေးနဲ့ အမှတ်တရ ဓာတ်ပုံမှတ်တမ်းတင်လိုသူတွေ၊ အနုပညာမျက်ဝန်းနဲ့ ပန်းချီစုတ်ချက် ချယ်သလိုသူတွေအတွက် စိတ်ဝင်စားစရာကောင်းတဲ့နေရာလေးတစ်နေရာဖြစ်ပေမပေါ့။

မင်္ဂလာဝတ်စုံနဲ့ အမှတ်တရ ဓာတ်ပုံမှတ်တမ်းတင်နေ



တဲ့ စုံတွဲအချို့နဲ့ ကင်းဗတ်တွေထောင်လို့ ပန်းချီဆွဲနေကြတဲ့သူအချို့ကိုလည်း စည်ကားလှတဲ့လူတွေကြားမှာ တွေ့ရပါတယ်။ နေရောင်တောက်တောက်အောက်မှာပေမယ့် ပိစိဖိတ်ကိုဖြတ်တိုက်လာတဲ့ လေအေးအေးက ဘုန်းကြီးတို့လိုလှေလာသူခရီးသွားတွေကို နွေးထွေးမှုနဲ့ ဝေးစေတယ်လေ။ တောင်ပိုင်းကာလီဖိုးနီးယားမှာ နွေးထွေးထွေးလေး အချိန်တော်တော်ကြာနေလာတဲ့ ဘုန်းကြီးအဖို့တော့ ချမ်းစိမ့်စိမ့်ပင်ဖြစ်လို့လာရဲ့။ သို့ပေမယ့် ပန်းချီစုတ်တံကိုချီလို့ ဖိုင်းအတ်ရဲ့အလှကို ဖွဲ့သီနေသူတွကတော့ အအေးဓာတ်က သူတို့နဲ့မဆိုင်လေဟန်။ စိမ်းလဲ့လဲ့မြက်ခင်းပြင်ပေါ်မှာ ကျနစွာထိုင်လို့ အနုပညာအလှကို ဖန်တီးနေကြလေရဲ့။ တကယ်လို့များ သူတို့ရဲ့ပန်းချီကားပေါ်မှာ အပြင်မှာ ခံစားထိတွေ့ရတဲ့ အေးမြမှုရသလေးကိုပါ ထည့်ရေးနိုင်လျှင် သူတို့ပန်းချီကားက သဘာဝနဲ့ ပိုမိုနီးစပ်မှာပ။

ဘုန်းကြီးကတော့ ဖိုင်းအတ်နဲ့အတူ အနီးမှာတည်ဆောက်ထားတဲ့ သိပ္ပံပြခန်းကို စိတ်ဝင်စားမိပါတယ်။ အတွင်းမှာတော့ ကမ္ဘာကြီးလည်ပတ်နေပုံတွေ၊ ဂြိုဟ်ကြီးတွေ လှုပ်ရှားပုံတွေ၊ မီးတောင်တွေအနေအထားတွေ စတဲ့ သိပ္ပံဆိုင်ရာဗဟုသုတဖြစ်ဖွယ်များကို စုံစုံလင်လင်ပြသထားတာကို တွေ့ရပါတယ်။ ကလေးငယ်တွေကလည်း ကိုယ်တိုင်ပျော်ပျော်ပါးပါး စမ်းသပ်လုပ်ကိုင်ကြည့်နေကြတာကို တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနိုင်ငံမှာ ကလေးငယ်တွေအတွက် အားကစားကွင်းတွေ၊ ခုလို သိပ္ပံပြခန်းတွေကို နေရာအနှံ့မှာ ဖန်တီးပေးထားတာကို သဘောကျမိပါတယ်။

မိဘတွေအနေနဲ့လည်း တိရိစ္ဆာန်ဥယျာဉ်တွေ၊ ပန်းခြံတွေ၊ ခုလိုပြခန်းမျိုးတွေကို သူတို့ရဲ့ သားသမီးငယ်တွေကို တကူးတက လိုက်လံပို့ဆောင်ကြတာကို မြင်တွေ့ကြားသိရတော့ ဘုန်းကြီးတို့ဆီက မိဘတွေလည်း အတုယူဖွယ်ကောင်းတယ်လို့ စိတ်ကူးဖြစ်မိပါတယ်။ နောက်ပြီးလည်း ကလေးငယ်တွေ လွတ်လပ်စွာ စူးစမ်းခွင့်ရှိနိုင်အောင်နဲ့ လေ့လာစူးစမ်းနိုင်စရာ နေရာမျိုးတွေရှိအောင်လည်း မိဘတွေ၊ ဆရာသမားတွေနဲ့ သက်ဆိုင်သူများက ဖန်တီးပေးသင့်တယ်လို့ ယူဆမိပါတယ်။ ငယ်စဉ်ကတည်းက စူးစမ်းလေ့လာတတ်တဲ့ အလေ့အကျင့်မျိုးရနေပါမှ ကြီးပြင်းလာတဲ့အခါမှာလည်း လေ့လာလိုစိတ်၊ ဆန်းစစ်ဝေဖန်လိုစိတ်တွေ ဖွံ့ဖြိုးနိုင်ပေလိမ့်မယ်။ ဒါမှသာလျှင် ခေတ်သစ်လူ့အဖွဲ့အစည်းမှာ အများတကာနဲ့ ယှဉ်ပြိုင်နိုင်မယ့် မျိုးဆက်သစ်လူငယ်တွေဖြစ်လာနိုင်ပေလိမ့်မယ်လို့ ထင်မြင်မိပါတယ်။ ဝိဇ္ဇာနဲ့သိပ္ပံက ညီညွတ်မျှတစွာ တိုးတက်ပါမှ လူ့အဖွဲ့အစည်းကောင်းတစ်ခု၊ လူ့အဆင့်အတန်းမီ လူသားအဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်မှာပါ။ ဒီလိုမှမဟုတ်လို့ တစ်ဖက်ဖက်က အားကောင်းပြီး အခြားတစ်ဖက်က အလွန်အားနည်းနေမယ်ဆိုလျှင်တော့ ငြိမ်းချမ်းတဲ့၊ လုံ



www.burmeseclassic.com




ဖရီးမောင့်မြို့ ၊ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၊ သင်္ကြန်(၇)ရက်စခန်းအောင်ပွဲ အမှတ်တရ




ဖရီးမောင့်မြို့ ၊ မေတ္တာနန္ဒဝိဟာရ သင်္ကြန်အထူးစခန်းပိတ်ပွဲတွင် တရားချီးမြှင့်နေစဉ်

www.burmeseclassic.com
www.burmeseclassic.com




ဆန်ဖရန်စစ္စကိုမြို့ ၊ ရွှေမင်းဝံဆရာတော်၏ အကျိုးတော်ဆောင် ကပ္ပိယ မောင်မိုးကျော်စွာ မိသားစုနှင့်အတူ



ဆန်ဖရန်စစ္စကိုမြို့ ၊ မောင်မိုးကျော်စွာ မိသားစုများ၏ ဆွမ်းအလှူတော်

www.burmeseclassic.com
www.burmeseclassic.com



ဟာမွန်ဘေးမြို့ ၊ ဓမ္မာနန္ဒဝိဟာရ (၃)ရက်တရားစခန်းဖွင့်ပွဲ




ဟာမွန်ဘေးမြို့ ၊ ဓမ္မာနန္ဒဝိဟာရ တရားစခန်းဝင် ယောဂီများ

www.burmeseclassic.com
www.burmeseclassic.com




ဒေလီစီးတီးမြို့ ၊ ဗေးရီယာ ဓမ္မမိတ်ဆွေများနှင့် နိဗ္ဗာန်ဆော်အကျိုးဆောင်အဖွဲ့တို့ကျင်းပသော
ရွှေမင်းပဆရာပေါ်၏အထူးပါရားပွဲ




ဆန်ဖရန်စစ္စကို ရှိဆန်းမတီး အမျိုးသားဥယျာဉ်ကြီးအရှေ့ အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





ရှိဆန်းမတီး အမျိုးသားဥယျာဉ်အတွင်းရှိ
တောတောင်ရေမြေအလှကို နောက်ခံထား၍



(ကာလီဖိုးနီးယား) သစ်ပင်လိုဏ်ခေါင်းနှင့်အမှတ်တရ

www.burmeseclassic.com




(ကာလီဖိုးနီးယား) အံ့ဖွယ်သစ်ပင်ကြီးကို နောက်ခံပြုလျက်




ရှိဆန်းမတီး ဥယျာဉ်ကြီးအတွင်း ဦးထွန်းမြ ၊ ဦးမြတ်သူ ၊ မောင်မိုးကျော်စွာတို့နှင့်အတူ

www.burmeseclassic.com
www.burmeseclassic.com




[ (U.S.A) ကာလီဖိုးနီးယား ၊ ဟာမွန်းဗေးမြို့ ]စံလွန်တော်မူသွားတဲ့ ပြည်ပရောက် (မဟာစည်သြဝါဒစရိယ)
ဆရာတော် - သီလာနန္ဒာဘိဝံသ
အထိမ်းအမှတ်အဖြစ် ဆောက်လုပ်ထားသော ဓမ္မာနန္ဒဝိဟာရကျောင်းတော်ကြီးရှေ့တွင်အမှတ်တရ




ကာလီဖိုးနီးယားမြောက်ပိုင်း ကမ္ဘာကျော်သစ်ပင်ကြီးများရှိရာ အဝင်ဝတွင် အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





ပင်စည်ကြီးအား ကားဖြတ်မောင်း၍ရလောက်အောင်
ဖောက်ထွင်းပြီး၊ ဆက်လက်ရှင်သန်နေသော သစ်ပင်ကြီးကိုနောက်ခံပြုလျက်



ဒေလီစီးတီး ထေရဝါဒဓမ္မအသင်း၏ အချိန်ပိုင်းတရားစခန်းသင်တန်းပွဲ

www.burmeseclassic.com

www.burmeseclassic.com




ဆန်ဒီအေဂိုမြို့ ၊ တထာဂတဝိပဿနာရိပ်သာအတွင်းဝယ် ဒေါက်တာကဝိဓဇနှင့်အတူ



လောက်ပြည့်စုံတဲ့ လူ့အဖွဲ့အစည်းမျိုးကို တည်ဆောက်နိုင်မယ်မဟုတ်ဘူးလို့လည်း တွေးမိပါတယ်။ အသိပညာ အတတ်ပညာနဲ့ အကြင်နာစုံညီညာ ပေါင်းစပ်ထားတဲ့ လူငယ်လူရွယ်တွေ၊ လူ့အဖွဲ့အစည်းထဲ များပြားလာပါမှ လူသားကမ္ဘာကြီးက တိုးတက်လှပနိုင်မယ်မဟုတ်လား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## သွေးကဖြစ်သော ဝါသနာ

**မတ်လ ၂၇ ရက်၊ ၂၀၀၉**

နံနက် ၅ နာရီမှာ အိပ်ရာထပြုဖွယ်ကိစ္စများပြုပြီး ဘုရားဝတ်တက်၊ မေတ္တာဘာဝနာပွားပြီး တရားရှုမှတ်ခဲ့ပါတယ်။ ဖ:၁၅ နာရီမှာ အလှူရှင်များနဲ့ ဒေါ်ကြင်ရီတို့ ဆက်ကပ်တဲ့ ဆန်ပြုတ်၊ နန်းကြီးသုပ်ဆွမ်း၊ အချိုပွဲတို့ကို မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။ ၁၁ နာရီမှာ မေတ္တာနန္ဒရိပ်သာ နာယကကြီး ဒေါ်ခင်မြင့်မြင့်နှင့် ဒေါ်ကြင်ရီတို့ ဆက်ကပ်တဲ့ ဆွမ်း၊ အချိုပွဲများကို မေတ္တာပွား ဘုဉ်းပေးပါတယ်။

ဒီနေ့မှာ အားလပ်တဲ့အတွက် တစ်နေ့တာလုံး နားနေပါတယ်။ အထူးသဖြင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ မဟာစည်ဆရာတော်ဘုရားကြီးကို ပထမဆုံးပင့်ဖိတ်ပြီး မဟာစည်ဆရာတော်ကြီးရဲ့ ဩဝါဒအရ လန်ဒန်မြို့မှာ မဟာစည်ရိပ်သာကို စတင်ပြီး မတည် တည်ထောင်ခဲ့တဲ့ ဒါယကာကြီး ဦးစိန်ထွန်းအောင်နဲ့ ဇနီးတို့ လာရောက်တွေ့ဆုံပြီး လန်ဒန်မြို့ မဟာစည်



ဓမ္မရိပ်သာရဲ့ သိသင့်သိထိုက်တဲ့ အကြောင်းအရာများကို လျှောက်ထားကြပါတယ်။ ဒါယကာကြီးကိုတွေ့ရတာ ဆရာတော်ဘုရားကြီးနဲ့ စပ်ပြီး ဆွေဟောင်းမျိုးဟောင်းများတွေ့ရသလို ခံစားရတယ်။

ည ၁၀ နာရီမှာတော့ ရှုမှတ်မှုနဲ့ အနားယူပါတယ်။

**မတ်လ ၂၈ ရက်၊ ၂၀၀၉**

နေ့လယ်ပိုင်းမှာ မေတ္တာနန္ဒဝိဟာရရိပ်သာ ဆရာတော် ဒေါက်တာဓမ္မပီယရဲ့ မိတ်ဆက်ပေးမှုကြောင့် သောဘနာရာမ ရွှေမင်းဝံရိပ်သာမှာ ၁၀ ရက် ရဟန်းဝတ်ဖြင့် တရားစခန်းဝင်ရောက်ခဲ့တဲ့ ဒေါက်တာစံလင်းလည်း ပြန်ရောက်လာလို့ လာရောက်ကန်တော့ပါတယ်။ သူနဲ့အတူ ဘဝကြင်ဖော်ဖြစ်တဲ့ ဒေါက်တာ ဒေါ်သင်းသင်းလည်း ပါလာပါတယ်။ ဒေါက်တာ ဒေါ်သင်းသင်းက ဆန်ဖရန်စစ္စကိုမြောက်ဘက်နားမှာရှိတဲ့ မြို့လေးတစ်မြို့မှာ ရိပ်သာဖွင့်ပြီး ဦးဆောင်တရားပြသနေတဲ့ အနာဂါရိက ဒကာမကြီးတစ်ဦးဖြစ်ပါတယ်။ ဒေါက်တာစံလင်းကလည်း အလုပ်ကနေ ပင်စင်ယူပြီးပြီမို့ တစ်သက်တာလုံး သင်္ကန်းဝတ်နှင့် နေထိုင်သွားရန် ဆန္ဒရှိနေတယ်ဆိုတာ သိရပါတယ်။ သောဘနာရာမ ရွှေမင်းဝံရိပ်သာမှာ ရဟန်းယောဂီကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရန် လျှောက်ကြားတဲ့အတွက် ဘုန်းကြီးမြန်မာပြည်ရောက်မှ စီစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်ဆိုတဲ့အကြောင်း မိန့်ကြားလိုက်ပါတယ်။

ညနေ ၅ နာရီမှာတော့ မောင်မိုးကျော်လာပင့်တဲ့ကား နဲ့ ဒေလီစီးတီးမြို့ကို ကြွခဲ့ပါတယ်။ ဒီညနေမှာ ဒေလီစီးတီး မြို့မှာ ထေရဝါဒဓမ္မအသင်းကနေ ဦးစီးပြီး ဘုန်းကြီးရဲ့တရား ပွဲကို စီစဉ်ထားပါတယ်။ အချိန် နည်းနည်းစောနေသေးတဲ့ အတွက် ထေရဝါဒအသင်း ဥက္ကဋ္ဌ ဒကာကြီး ဦးရိုလင်ဝင်းက သူ့အိမ်ကို ခဏကြွရောက်ကာ သီတင်းသုံးဖို့ ပင့်တာနဲ့ ကြွ ရောက်ပါတယ်။ ဥက္ကဋ္ဌ ဒကာကြီးက ထေရဝါဒအသင်းရဲ့ လုပ်ကိုင်ဆောင်ရွက်နေမှုများ၊ ဆန်ဖရန်စစ္စကို ပေးဇရီယာရှိ မြန်မာနွယ်ဖွား မိသားစုများရဲ့ ဘာသာရေး၊ သာသနာရေး ဆောင်ရွက်နေမှုများကိုလည်း လျှောက်ထားပါတယ်။

မိမိကလည်း ဘာသာ သာသနာအတွက် ဆောင်ရွက် နေကြမှုများကို ကြားမြင်သိရှိရတဲ့အတွက် ဝမ်းမြောက်ပါ ကြောင်း၊ အသင်းအဖွဲ့များပြုလုပ်ကာ ဆောင်ရွက်ရာမှာ ကောက်ရိုးမီးလို ခဏတာဟုန်းခနဲတောက်တာမျိုး၊ ခုမြင် ခုပျောက်တာမျိုး မဖြစ်စေဘဲ ရေရှည်ခံတဲ့ အသင်းအဖွဲ့မျိုးဖြစ် နိုင်စေဖို့ အစစအရာရာ သည်းခံစိတ်ထားကာ ဆောင်ရွက်ဖို့ လိုမယ်ဖြစ်ကြောင်း၊ မိမိတို့ဦးဆောင်သူတွေအနေနဲ့လည်း အခြားသူများထက် ပိုမိုအနစ်နာခံကာ စိတ်ထားမြင့်မြင့်ထား ပြီး လုပ်ဆောင်သွားကြရန် လိုမယ်ဖြစ်ကြောင်း ဆွေးနွေး အကြံပြုစကားများလည်း ပေးခဲ့ပါတယ်။



ထေရဝါဒဓမ္မအသင်းရဲ့ ယာယီရုံးခန်းကိုလည်း ရောက်ခဲ့ပါတယ်။ ကျယ်ကျယ်ဝန်းဝန်းရှိပြီး အပတ်စဉ်ဆောင် ရွက်နေတဲ့ အဘိဓမ္မာသင်တန်း၊ ပရိတ်သင်တန်း၊ ဓမ္မပဒ သင်တန်း၊ ဝိပဿနာသင်တန်းများကိုလည်း ဒီအခန်းထဲမှာ ပဲ ပြုလုပ်ကြပါတယ်ဆိုတာ သိရတဲ့အတွက်လည်း ဝမ်း မြောက်ပီတိဖြစ်ခဲ့ရပါတယ်။

ည ၇ နာရီ ၄၅ မိနစ်မှာ တရားပွဲ စတင်ပါတယ်။ တရားနာပရိသတ် ၂၅၀ ကျော်၊ ၃၀၀ နီးပါးဝန်းကျင်လောက် ရှိမယ်ခန့်မှန်းပါတယ်။ မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာလာတဲ့ ဒုတိယသာရိပုတ္တရာသုတ္တန် (ခ) သောတန်ပန်ဖြစ်ကြောင်း လေးတန်ကို ဟောကြားပေးခဲ့ပါတယ်။

အမေရိကန်ရောက် ဗုဒ္ဓဘာသာဝင်တွေ မအားလပ်တဲ့ ကြားက ဓမ္မတွေကို အထူးလေ့လာလိုက်စားနေကြတာကို တွေ့မြင်ရလို့ မိမိတို့အသုံးချနေကြတဲ့ အချိန်တွေနဲ့တန်အောင် ထိုက်သင့်တဲ့အသိဉာဏ်တွေ ရရှိအောင် ကြိုးစားအားထုတ်နိုင် စေဖို့ ရည်ရွယ်ပြီး ဟောကြားပေးခဲ့တာပါ။ အားလုံးသောသူ တွေကိုလည်း အပါယ်လေးပါးက လွတ်မြောက်စေလိုပါ တယ်။ သာသနာနဲ့တွေ့ရပြီး လူဖြစ်ရကျိုးလည်း နပ်စေဖို့ ရည်ရွယ်မှုလည်းပါပါတယ်။

ည ၁၀ နာရီ ၃၀ မှာ ကျောင်းပြန်ရောက်။ ၁၁ နာရီ မှာ အနားယူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မတ်လ ၂၉ ရက်၊ ၂၀၀၉

ဒီနေ့နံနက်မှာတော့ ၅ နာရီမှာ ဘုရားဝတ်တက်၊ မေတ္တာပို့ကာ တရားရှုမှတ်ပြီး ၆ နာရီမှာ အရုဏ်ဆွမ်းဘုဉ်းပေးကြပါတယ်။ ခေတ္တနားပြီး ကျောင်းဝင်းအတွင်း တံမြက်လှည်းခြင်း ဝေယျာဝစ္စကုသိုလ်ကို ပြုလုပ်ခဲ့ပါတယ်။ လမ်းလျှောက်ကာ မေတ္တာဘာဝနာပွားများခြင်းကိုလည်း ပြုလုပ်ပါတယ်။

နံနက် ၉ နာရီ ၃၀ မှာတော့ မောင်မိုးကျော် လာကြိုတဲ့ကားနဲ့ သူတို့အိမ်ကို နေ့ဆွမ်းဘုဉ်းပေးရန် ကြွကြပါတယ်။ ဘုန်းကြီးနဲ့အတူ ဦးဉာဏိကာဘိဝံသ၊ ဦးယောသိတာဘိဝံသရဲ့ ခမည်းတော်ကြီး ဦးထွန်းမြနဲ့ ဝေယျာဝစ္စကုသိုလ်ကို အားတက်သရော ဆောင်ရွက်ပေးတဲ့ ဒကာမကြီး ဒေါက်တာဒေါ်ကြင်ရီတို့လည်း ပါပါတယ်။

❖ ❖ ❖



## ခရီးတာဝေးပေမယ့် ရှုငေးလို့ဖြင့် မကုန်နိုင်ဖွယ်

၂၀၀၇ ခုနှစ် အမေရိကန်ကို ဘုန်းကြီးများ ပထမအကြိမ်ရောက်စဉ်က ဆန်ဖရန်စစ္စကိုကနေ လော့စ်အိန်ဂျလိစ်ကို ကားနဲ့သွားပြီး အယ်လ်အေကနေ ဆန်ဖရန်စစ္စကိုကို အပြန်မှာတော့ လေယာဉ်နဲ့ပြန်ခဲ့တယ်။

ခု ၂၀၀၉ ခုနှစ် အမေရိကန်ကို ဒုတိယအကြိမ်ရောက်စဉ်မှာတော့ အယ်လ်အေက သန္တိသစ္စာကို တိုက်ရိုက်လာခဲ့တဲ့အတွက် အယ်လ်အေကနေ ဆန်ဖရန်စစ္စကိုကို ကားနဲ့လာခဲ့တယ်။ အယ်လ်အေကနေ ဆန်ဖရန်စစ္စကိုကို သွားရာမှာ ပထမအခေါက်ကသွားတဲ့လမ်းမဟုတ်ဘဲ အခြားလမ်းကသွားခဲ့တာကြောင့် ဗဟုသုတတစ်မျိုးတိုးရပါတယ်။ ဒီလမ်းကိုတော့ ဖရီးဝေးဖိုက် အမှတ်ငါးလမ်းမကြီးလို့ခေါ်ပါတယ်။ ဒီလမ်းကြီးကို မြို့တွေရွာတွေကို မဖြတ်ဘဲ တောင်တန်းများ၊ လယ်ကွင်းများကြားကနေ အဖြောင့်ဆုံးဖြစ်ကာ ဖောက်လုပ်ထားတာမို့ နေရာတော်တော်များမှာ လမ်းကြီးက မိုင်ပေါင်းများစွာ တဖြောင့်တည်းတန်းနေတာကို တွေ့ရပါတယ်။ လမ်းဘေး

www.burmeseclassic.com

www.burmeseclassic.com



ဝဲယာမှာလည်း အလွန်ကျယ်ပြန့်လှတဲ့ စိုက်ခင်းကြီးများကို မျက်စိတဆုံး တမျှော်တခေါ်တွေ့ရပါတယ်။

လယ်ကွင်းများကိုလည်း စက်ယန္တရားကြီးများနဲ့ အစအဆုံး လုပ်ကိုင်ကြတာမို့ ဘုန်းကြီးတို့ဆီမှာလို ကျဉ်းကျဉ်းငယ်ငယ် မဟုတ်ကြပါဘူး။ စပျစ်ခင်းတွေ၊ လိမ္မော်ခင်းတွေ၊ ပန်းသီးခင်းတွေနဲ့ အခြားသော စိုက်ပျိုးခင်းတွေ စိတ် တစ်ကွက်။ ညိုတစ်ကွက်၊ အကွက်လိုက်၊ အကန့်လိုက်ကို မျက်စိပသာဒဖြစ်ဖွယ် တွေ့ရပါတယ်။ စိုက်ခင်းကြီးတွေကတော့ အကွယ်အကာမဲ့ မျက်စိတဆုံး၊ တောတွေရှိတဲ့နေရာမှာ တောတန်းတွေကြားကို ဖြတ်သန်းသွားရတတ်တာ မိုင်ပေါင်းများစွာ ကားနဲ့ဖြတ်သွားဖူးတဲ့ အတွေ့အကြုံ ရှိခဲ့ဖူးတယ်။ ခုလိုကြပြန်တော့လည်း အကန့်အသတ်မရှိတဲ့ လယ်ကွင်းပြင်ကြီးထဲမှာ သစ်ပင်ဆိုလို့ မမြင်ရလောက်အောင် လယ်ကွင်းကြီးတွေက ကျယ်ပြန့်နေလိုက်တာ။ ဟိုတစ်ချိန်တုန်းကတော့ ဒီနေရာ ဒီဒေသဟာ ကန္တာရကြီးတစ်ခုပါတဲ့။ ခုတော့ ဒီကန္တာရကြီးတွေထဲမှာ စားပင်သီးပင်မျိုးစုံနဲ့ စိမ်းလန်းစိုပြည်နေလိုက်တာ လူသားဆိုတာ စွမ်းရည်ပြည့်တဲ့ သူများပါပဲလေ။ စွမ်းရည်ကို အကျိုးရှိရှိ၊ အသိပြည့်ပြည့်နဲ့ အသုံးချတတ်ဖို့သာ အရေးကြီးတာပါ။

သူတို့ဆီမှာတော့ စိုက်ခင်းကြီးတွေထဲကို ရေတွေ အိုင်ထွန်းအောင် လွှတ်ထားတာမျိုးမတွေ့ရပါဘူး။ လိုအပ်



သလောက် ပိုက်လိုင်းများနဲ့သွယ်တန်းပြီး ဖျန်းပက်ကာ စိုက်ပျိုးထားတာကို တွေ့ရပါတယ်။ တစ်ပင်လုံး ဖျန်းပက်လိုလျှင် ဖျန်းပက်နိုင်အောင် စီမံထားတာမို့ ရေကိုအလေအလွင့် မဖြစ်ရအောင် လုပ်ထားနိုင်သလိုမျိုး ဖြစ်ပါတယ်။ ပိုက်ကြီးတွေကို လိမ့်လိမ့်သယ်တဲ့ ဘီးလုံးကြီးကြီးတွေကို လယ်ကွင်းတွေကြားမှာ ထင်ထင်ရှားရှား တွေ့ရတတ်ပါတယ်။ အချို့နေရာများမှာတော့ ရေတွေဖျန်းပက်ထားပုံက လည်တန်ရှည် ငွေငန်းကြီးတစ်ကောင်နဲ့ တစ်ကောင် ဆော့ကစားကျီစယ်နေသည့်နှယ်ပါပဲ။

ဆေးဖျန်းဖို့လိုအပ်တဲ့ စိုက်ခင်းများမှာတော့ လေယာဉ်ငယ်များနဲ့ ဆေးဖျန်းနေတာကိုလည်း အံ့သြဖွယ်ရာ တွေ့မြင်ရပါတယ်။ လေယာဉ်ငယ်တွေ စိုက်ခင်းစိမ်းစိမ်းတွေအပေါ်နားကို ရှပ်တိုက်ပြေးလို့ ဆင်းသက်လာလိုက်၊ အတန်ငယ်ကြာတော့ အမြင့်ကို ပျံတက်သွားလိုက်၊ မြင်ရပုံက ကလေးငယ်တွေ လေယာဉ်ငယ်လေးတွေကို ဆော့ကစားနေသည့်ပမာပါပဲ။ စက်မှုယန္တရားများနဲ့ တောင်သူလုပ်ငန်းခွင်ကို ပြုလုပ်နေကြတာမို့ ပိုမိုထိထိရောက်ရောက် စိုက်ပျိုးထုတ်လုပ်နိုင်ကြသလို လုပင်ပန်းမှုလည်း သက်သာစေနိုင်မှာပါပဲ။ ဒါကြောင့် လက်မှုခေတ်မှသည် စက်မှုခေတ်ဆီသို့လို့ ပြောကြရိုးနေမှာပဲလို့ စဉ်းစားမိပါတယ်။ လူပေါင်းများစွာ၊ နာရီပေါင်းများစွာ လုပ်ဖို့ လိုတဲ့အလုပ်ကို စက်ယန္တရားနဲ့ဆိုတော့ ခဏတာမျှနဲ့ ပြီးစီးအောင်မြင်စေနိုင်တယ်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်တဲ့ လယ်ကွင်းပြင်ကြီးတွေအတွင်းမှာပဲ မကြာခဏဆိုသလို နွားခြံကြီးများကိုလည်း တွေ့ရတတ်ပါတယ်။ နွားကောင်ရေ သိန်းသောင်းချီနေတဲ့ နွားခြံကြီးများကနေ ထွက်လာတဲ့အနံ့အသက်ကိုလည်း သုံးလေးမိုင်လောက် အဝေးကပင်လျှင် ရရှိနိုင်တာမို့ တချို့ နွားခြံများကို မျက်စိနဲ့ မမြင်ရလျှင်တောင် အနီးအနားမှာ နွားခြံတွေရှိကြောင်းကိုဖြင့် မှန်းဆသိနိုင်ပါတယ်။ နွားကောင်ရေတွေများပေမယ့်လည်း နွားစားကျက်ကြီးများက ကျယ်ကျယ်ပြန့်ပြန့် နောက်ပြီးလည်း အစားအစာများကိုလည်း တမင်ပင်လျှင်ဝအောင် ကျွေးမွေးထားတာကြောင့်လည်း နွားများက ဝဖီးနေတာကိုလည်း တွေ့မြင်ရပါတယ်။ စိမ်းလန်းနေတဲ့တောင်စဉ်အထပ်ထပ် နောက်ခံမှာ စနစ်တကျစိုက်ပျိုးထားတဲ့ စားမျိုးစုံသစ်သီးပင်များ၊ ညီညာဖြောင့်တန်းစွာ ထွန်ယက်ထားတဲ့ လယ်ကွက်များကို တွေ့မြင်ရတာက ကိုယ့်ဆီမှာ မမြင်မတွေ့ရတဲ့ မြင်ကွင်းသစ်များဖြစ်လို့မို့ စိတ်ဝင်စားစရာတစ်မျိုးဖြစ်ရပါတယ်။ မိုင်လေးရာလောက်ခရီးကို လမ်းတစ်လျှောက် မြို့ရွာကြီးကြီးမားမား မတွေ့ရပေမယ့် ခုလိုကျယ်ပြန့်တဲ့ မြင်ကွင်း၊ စိမ်းလန်းတဲ့ အမြင်မျက်စိပသာဒဖြစ်ဖွယ်မို့ ငြီးငွေ့ဖွယ်မရှိအောင်လည်း ဖြစ်မိပါတယ်။

တစ်လမ်းလုံးမှာတွေ့ရတဲ့ မြင်ကွင်းတွေကို မိမိအဖို့ အသစ်အဆန်းတွေချည်းသာဖြစ်နေတာမို့ ဆန်ဖရန်စစ္စကိုရောက်သည်အထိ ပင်ပန်းမှုကိုမဖြစ်စေဘဲ စိတ်အေးချမ်းသာစွာနဲ့ ည ၇ နာရီမှာ ဆန်ဖရန်စစ္စကိုအနီးမှာရှိတဲ့ ဖရီးမောင့်မြို့က မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာကျောင်းကို ရောက်ရှိခဲ့ပါတယ်။



မေတ္တာနန္ဒကိုရောက်တဲ့အခါမှာတော့ ကျောင်းထိုင်ဆရာတော် ဒေါက်တာဓမ္မပီယနဲ့ ညီတော်ဖြစ်တဲ့ ဦးယောသိတာဘိဝံသတို့က မြန်မာပြည်ကိုရောက်နေတာမို့ မတွေ့ရပါဘူး။ လောလောဆယ် ကျောင်းမှာ တစ်ပါးတည်းသာရှိနေတဲ့ အရှင်ဉာဏိကာဘိဝံသကလည်း ဘုန်းကြီးများ မကြာမီက ကြွရောက်ခဲ့တဲ့ တက္ကဆပ်ပြည်နယ်ဘက်ကို အသုဘကိစ္စတစ်ခုအတွက် အရေးပေါ်ကြွရန်ရှိတယ်ဆိုတဲ့အကြောင်းကို ဘုန်းကြီးများကို ကြိုတင်ဖုန်းဆက်ထားလို့ သူ့ကိုလည်း လောလောဆယ် မတွေ့ရပါဘူး။ နောက်နှစ်ရက်နေမှ ပြန်လာမယ်လို့ လျှောက်ထားတာမို့ ခုတော့ အာဂန္တုဖြစ်တဲ့ ဘုန်းကြီးကပဲ ယာယီကျောင်းထိုင်လိုဖြစ်နေပြီပေါ့။ ကျောင်းမှာတော့ ဆရာတော် ဦးယောသိတာဘိဝံသရဲ့ ခမည်းတော်ကြီး ဦးထွန်းမြနဲ့ ဝေယျာဝစ္စပြုလုပ်ရန် ခဏရောက်နေတဲ့ ဒကာမကြီး ဒေါ်ကြင်ရီတို့ကိုသာ တွေ့ရပါတယ်။

ည ၁၀ နာရီကျော်ကျော်မှာတော့ မေတ္တာပို့ အမျှဝေကာ အမှတ်သတိဖြင့်သာ အိပ်ရာဝင်ခဲ့ပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တောင်ညီနောင်ထိပ်ဖျားက ရှုပါရ မြင်ကွင်းကျယ် လွမ်းချင့်စဖွယ်

ဖိုင်းအတ်ဆိုတဲ့ ဒီရှေးဟောင်းအဆောက်အဦးကြီးကို ကြည့်ရှုအပြီးမှာတော့ တွင်ပီလို့ခေါ်တဲ့ တောင်ညီနောင်ထိပ်ဆီကို သွားခဲ့ကြပါတယ်။ ဒီတောင်က ဆန်မဖရန်စစ္စကို ပင်လယ်ကွေ့တစ်ခုလုံးကို စီးမိုးမြင်နိုင်တဲ့ နေရာတစ်နေရာပါ။ ရာသီဥတုကြည်လင်နေတာကြောင့် ဗေးဧရိယာတစ်ခုလုံးကို လှန်းမြင်ရပါတယ်။ ဆန်ဖရန်မြို့ရဲ့ စနစ်တကျ တည်ဆောက်ထားတဲ့ မြို့ပြပုံ၊ ဖြောင့်စင်းနေတဲ့လမ်းများ၊ တောင်ကမူတောင်စောင်းများပေါ်မှာ ညီညာစွာတည်ဆောက်ထားတဲ့ တိုက်တာအိမ်ရာများနဲ့အတူ ဆန်ဖရန်စစ္စကိုကျော်ကာ လှန်းကြည့်လိုက်ပြန်တော့ ဗေးဧရိယာတစ်ခွင်ရှိ မြို့ကြီးမြို့ငယ်များကိုလည်း မြင်ရပါတယ်။ ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ပေါ်မှာ အပြိုင်းအရိုင်းတည်ရှိနေတဲ့ ရှည်လျားလှတဲ့ အသွယ်သွယ်သော တံတားကြီးတွေ၊ ပင်လယ်ကွေ့ရဲ့ ရေပြာပြာ တစ်ကျောမှာ ဖြတ်သန်းသွားလာနေတဲ့ ကုန်တင်ပင်လယ်ကူးသင်္ဘောကြီးများကိုလည်းမြင်ရပါတယ်။



အေးမြမြလေးတိုက်ခတ်လာတဲ့ လေနဲ့အတူ ပါဝင်လာတဲ့ ပိစိဖိတ်သမုဒ္ဒရာကြီးရဲ့ အငွေ့အသက်ကလည်း အနည်းငယ်နောက်ကျိုကျိုဖြစ်နေတဲ့စိတ်ကို လန်းဆန်းစေပါတယ်။ ဟိုပြုပြုဆီမှာ မြင်ရတဲ့ ဆန်ဖရန်က ကမ္ဘာကျော် ဂိုးလ်ဒင်းဂိတ် တံတားကြီးရဲ့ နီလွှလွှ တံတားတိုင်ထိပ်ဆီကို ချဉ်းကပ်လာတဲ့ တိမ်စိုင်တိမ်လိပ်တွေက မြင်ကွင်းထဲကနေ တံတားကြီးကို ဖုံးကာလုနီးလာပြီလေ။ ခုပဲ နေရောင်အောက်မှာ တောက်ပလင်းရှင်းစွာ မြင်ခဲ့ရတဲ့ ဆန်ဖရန်စစ္စကိုမြို့ပြရဲ့ အလှလည်းပဲ မြင်ကွင်းထဲကနေ ပျောက်ကွယ်ပေတော့မယ်။ မျက်စိအောက်တွင်မှာပဲ ခုမြင်ခုပျောက်၊ သဘာဝတွေကြားမှာ တရားဖွေရှာနိုင်စရာ သင်ခန်းစာတစ်ခုအလားပ။ ဒီနေရာလေးကို အခေါက်ပေါင်းများစွာ ရောက်နိုင်ပေမယ့် ဒီနေရာကနေ စီးမိုးလို့မြင်ရတဲ့ ဗေးဧရိယာရဲ့ အလှကိုတော့ အခေါက်တိုင်းတွေ့မြင်နိုင်ဖို့ ခက်ခဲပေလိမ့်မယ်လို့ မောင်မိုးကျော်ပြောပြတာကို ကြားယောင်နေမိပါတယ်။

နွေနေ့လယ်ဖြစ်ပေမယ့် ဆန်ဖရန်ရာသီဥတုက စိမ့်စိမ့်လေးအေးလို့။ ပင်ကိုယ်က အေးမြမြရှိလှတဲ့ ရာသီဥတုက ခုလိုနေရောင်ကို ကွယ်ကာလောက်အောင် ထူလေတဲ့ မြူတွေရောက်လာတော့ ဒီမြူတွေနဲ့အတူ ပိစိဖိတ်ကို ဖြတ်တိုက်လာတဲ့လေက ပိုမိုအအေးကဲစေတယ်လေ။ ဒါကြောင့် ဒီနေရာလေးမှာ ကြာကြာရပ်လာတာနဲ့အမျှ ချမ်းစိမ့်စိမ့်ဖြစ်လာအော

www.burmeseclassic.com

www.burmeseclassic.com



မို့ မောင်မိုးကျော်ကို ပြန်ကြဖို့ရန်တိုက်တွန်းပြီး တွင်ပီဆိုတဲ့ တောင်ထိပ်ကနေ ဘုန်းကြီးတို့လည်း ဆင်းလာခဲ့တယ်။ တောင်ကိုပတ်ကာ ဖောက်လုပ်ထားတဲ့ တောင်ပတ်လမ်း တစ်လျှောက်မှာတော့ ဘုန်းကြီးတို့လိုပဲ တောင်ထိပ်ကနေ ပေးဇရိယာ အလှမြင်ကွင်းကို ကြည့်ရှုဖို့ တက်လာကြတဲ့ကား များကိုလည်း အစီအရီတွေ့ရပါတယ်။ အင်း သူတို့တွေ တောင်ထိပ်ကိုရောက်သွားတဲ့အခါမှာ ဇရိယာတစ်ခုလုံးကို ဖုံးကာထားတဲ့ မြူခိုးတွေ ပြယ်လွင့်နေပါစေသားလို့ ဆု တောင်းပေးပါတယ်။ ဒီလိုမှမဟုတ်လျှင်ဖြင့် တောင်ထိပ် အမြင့်ကို ရောက်ပါလျက်ကယ်နဲ့ ဘာကိုမှ မမြင်မတွေ့ရဘဲ သူတို့တွေ ပြန်ဆင်းလှည့်ပြန်ရလျှင် မောရပေဦးမယ်။ သူ တို့တွေအားလုံး ဒီနေရာကို နောက်တစ်ခေါက်ပြန်လာဖို့ အခွင့် အလမ်းရှိတဲ့သူတွေချည်း ဟုတ်ချင်မှ ဟုတ်ကြမယ်လေ။ တစ်ခါတည်းသာရနိုင်တဲ့အခွင့်ကို မဆုံးရှုံးကြပါစေသား။

မေတ္တာနန္ဒကို ပြန်ရောက်တော့ ညနေ ၆ နာရီခွဲနေပြီ။ မေတ္တာနန္ဒမှာလည်း ဒီနေ့ ဓမ္မသင်တန်းရှိတယ်လေ။ ဒီနေ့ သင်တန်းကိုတော့ ဟာမွန်းပေးမြို့ ဓမ္မာနန္ဒကျောင်းမှာ သီတင်း သုံးနေထိုင်တဲ့ ဆရာတော် ဦးသြသဓက သင်ပြပေးပါတယ်။ ဒီဓမ္မသင်တန်းကို ပေးဇရိယာမှာ သီတင်းသုံးနေကြတဲ့ သံဃာ တော်တွေက အလှည့်ကျ သင်ကြားပေးကြပါတယ်တဲ့။ ခုလောလောဆယ်တော့ ဦးသြသဓ အလှည့်ကျနေတာပါ။



သင်တန်းတက်ရောက်ကြတဲ့သူများ၊ သင်တန်းပြီးတဲ့အခါမှာ ကျွေးမွေးဧည့်ခံကြမယ့် အလှူရှင်များရဲ့ ကားများနဲ့ ကျောင်း ဝင်းအတွင်းနဲ့ ကျောင်းဝင်းပတ်ဝန်းကျင်မှာ ပြည့်လျှက်ပါပဲ။ ဦးသြသဓ သင်တန်းအပြီးမှာတော့ ဓမ္မာနန္ဒမှာလည်း ဘုန်းကြီး များရဲ့ ရက်တိုတရားစခန်းဖွင့်ဖို့အကြောင်း ဆွေးနွေးတိုင်ပင် ဖြစ်ကြပါတယ်။

ည ၈ နာရီမှ ၉ နာရီ တရားရှုမှတ်။ ၁၀ နာရီ ရှုမှတ် မှုနဲ့ အနားယူ။

**မတ်လ ၃၀ ရက်၊ ၂၀၀၉**

ဒီနေ့ ဘယ်မှမသွားဖြစ်ပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## တောနဲ့တောင်စွယ် စိမ်းရောင်ခြယ်လျက်

မတ်လ ၃၁ ရက်၊ ၂၀၀၉

ပုံမှန်ပြုနေကြအတိုင်းပဲ နံနက်စောစောထ၊ ဘုရားဝတ်တက်၊ မေတ္တာပို့ကာ တရားရှုမှတ်ပွားများပါတယ်။ အရုဏ်ဆွမ်းကိုတော့ အလှူရှင်များက ညနေကတည်းက ပို့ထားပြီးသားပါ။ ဒကာမကြီး ဒေါ်ကြင်ရီက ပြင်ဆင်ဆက်ကပ်ပါတယ်။ အရုဏ်ဘုဉ်းပေးအပြီးမှာတော့ ဘုန်းကြီးတို့ (Yosemite National Park) ရိုးဆန်းမတီး အမျိုးသားဥယျာဉ်ကြီးဆီကို သွားခဲ့ကြတယ်။ ဘုန်းကြီးနဲ့အတူ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာက အရှင်ဥာဏိက၊ မြန်မာပြည်ကနေ ခဏရောက်ရှိနေတဲ့ ဒကာကြီး ဦးထွန်းမြ (ဦးထွန်းမြက မေတ္တာနန္ဒမှာ သီတင်းသုံးတဲ့ ဘုန်းကြီးဦးယောသိတရဲ့ ခမည်းတော်ကြီး)၊ မောင်မိုးကျော်ရဲ့ ဦးလေး ဦးမြတ်သူနဲ့ မောင်မိုးကျော်တို့ပါ။ မောင်မိုးကျော်က ကားမောင်းပါတယ်။

မနက် ၇ နာရီကျော်ကျော်လောက်မှာ မေတ္တာနန္ဒကနေ စ,ထွက်တယ်။ ရိုးဆန်မတီးကို ရောက်တော့ ၁၁ နာရီ



နီးပါး။ လမ်းမှာ ရှုခင်းလှပတဲ့နေရာ၊ သန့်စင်ခန်းရှိတဲ့ နေရာလေးတွေမှာ ခဏတဖြုတ်နားဆိုတော့ နာရီဝက်လောက်တော့ အချိန်ကုန်မယ်ထင်ပါတယ်။ တိုက်ရိုက်မောင်းမယ်ဆိုလျှင်တော့ ၃နာရီခန့်လောက်ပဲကြာမှာပါ။

ဘုန်းကြီးတို့ဖြတ်ခဲ့တဲ့လမ်းတစ်လျှောက် ဖရီးဝေး လမ်းမကြီးတွေပေါ်မှာတော့ အလုပ်ခွင်ကို သွားကြမည့် ကားတွေနဲ့ ပြည့်ကြပ်လျက်။ ကားဘီးလိမ့်တယ်ဆိုရုံမျှ ကားတွေက ရွေ့နေတယ်။ ဘုန်းကြီးတို့ကားကတော့ သူတို့နဲ့ဆန့်ကျင်ဘက် အရပ်ဆီသွားနေတာမို့ အနှောင့်အယှက်ကင်းစွာ ပုံမှန်ပဲ မောင်းနှင်နိုင်ပါတယ်။

လမ်းမှာ လေအားနဲ့ လျှပ်စစ်ထုတ်လုပ်တဲ့ လေပန်ကာကြီးတွေ အမြောက်အများကို တောင်ကုန်းတောင်တန်းတွေပေါ်မှာ တစ်မျှော်တခေါ်ကြီး တွေ့ရတယ်။ ကိုယ့်ဆီမှာလည်း ခုလိုပန်ကာကြီးတွေတပ်ဆင်ပြီး လေကနေလျှပ်စစ်ထုတ်ယူနိုင်လျှင် သိပ်ကောင်းမှာပဲလို့ တွေးမိပါတယ်။ လေဆိုတာက သဘာဝအတိုင်း အလကားရတဲ့အရာမဟုတ်လား။ ဒါပေမယ့် ဒီလိုအလွန်ကြီးမားတဲ့ ပန်ကာကြီးတွေတပ်ဆင်ပြီး လျှပ်စစ်ထုတ်ယူနိုင်ဖို့က နည်းပညာလိုသလို အရင်းအနှီးလည်းကြီးတယ်တဲ့။ ဒီတော့လည်း လေက အလကားရပေမယ့် အလကားရတဲ့အရာကို သုံးစွဲနိုင်ဖို့က အရင်းအနှီးရှိမှဆိုတော့ ကိုယ့်နိုင်ငံက ရိုးမတောင်တန်းကြီးတွေပေါ်မှာ ခုလိုလေပန်ကာ စကြာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ အပြိုင်းအရိုင်း လည်ပတ်နိုင်ဖို့က နီးစပ်ဦးမယ်တော့
မထင်မိသေးပါဘူး။

လေရဟတ်ကြီးတွေရှိတဲ့ တောင်တန်းကြီးတွေကို
ကျော်ဖြတ်အပြီးမှာတော့ စိုက်ခင်းကြီးတွေတည်ရှိနေတဲ့ ကွင်း
ပြင်ကျယ်ကြီးတွေကို ဘွားခနဲတွေ့လိုက်ရတယ်။ စိုက်ခင်း
ကြီးတွေက မျက်စိတစ်ဆုံး။ ဒီတောင်ခြေကနေ ဟိုမှုန်ပျပျ
မှိုင်းညို့ညို့ တောင်တန်းများရဲ့ အခြေအထိ။ စိုက်ခင်းကြီး
တွေထဲမှာတော့ အစီအရီစိုက်ပျိုးထားတဲ့ အယ်လမွန်ပင်တွေ၊
ပန်းသီးပင်တွေ၊ ပီချ်လို့ သူတို့ခေါ်တဲ့ မက်မန်းသီးနဲ့ အနည်း
ငယ်တူတဲ့ အပင်တွေကိုလည်း အမြောက်အများတွေ့ရတယ်။
ဂျုံတွေလား၊ တခြားအပင်တွေလား ခွဲခွဲခြားခြား မသိရတဲ့
အဖူးအနှံတွေတန်းလန်းနဲ့ စိုက်ခင်းကျယ် စိမ်းစိမ်းတွေကို
လည်း ခပ်လှန်းလှန်းကနေ မြင်ရတယ်။ စတော်ဘယ်ရီစိုက်
ခင်းတွေနဲ့ အခြားအမည်မသိ စိုက်ခင်းတွေကိုလည်း တွေ့ရ
တယ်။ စိုက်ခင်းကြီးတွေက အလွန်ကျယ်ပြန့်ပါတယ်။ တစ်
ကွက် တစ်ကွက်ကိုပဲ လေးငါးဧကမက ကျယ်မယ်ထင်ပါ
တယ်။ ဒီထက်မကကျယ်ပြန့်တဲ့ စိုက်ခင်းကြီးတွေလည်း ရှိနိုင်
ပါလိမ့်မယ်။ ထွန်ယက်တာအစ၊ စိုက်ပျိုးမှုအလယ်၊ ရိတ်သိမ်း
တာအဆုံး၊ အားလုံးက စက်ပစ္စည်းယန္တရားတွေရဲ့ အကူအညီ
ချည်းနဲ့ပဲသာဆိုတော့လည်း စိုက်ကွင်းစိုက်ကွက်ကြီးတွေ
အလွန်ကျယ်ပြန့်ပေမယ့်လည်း လူအားကျွဲနွားအားနဲ့ လုပ်ကြ



ရတဲ့ ကိုယ့်ဆီက တောင်သူတွေလိုတော့ ပင်ပန်းမယ်မဟုတ်ပေဘူးပေါ့။

ဦးဉာဏိကကတော့ ပြောပါတယ်။ လယ်တီ ဆရာတော်ကြီးသာ ဒီအရပ်မှာကြီးထွားခဲ့တာဆိုလျှင် နွားဆိုတာကိုယ့် ကျေးဇူးရှင်မို့ နွားသားမစားသင့်ကြောင်းတရားမျိုးကို ဟောမယ် မထင်ဘူးတဲ့။ ဒီမှာ နွားမွေးတာက ထွန်ယက်စိုက်ပျိုးရာမှာ အသုံးချဖို့မှမဟုတ်တာ။ သူတို့ကို နို့အတွက် အသားအတွက် သက်သက်မွေးထားကြတာကိုး။ စိုက်ခင်းကြီးတွေ ကျော်သွားတော့ တဖြည်းဖြည်းနဲ့ မြင့်တက်လာတဲ့ တောင်ငယ်လေးတွေပေါ်ကို ကားစတင်တက်ရောက်လာပါတယ်။ တောင်ကုန်းတွေပေါ်မှာတော့ မြက်ခင်းပြင်တွေက စိမ်းလန်းစိုပြေလျက်။ အချို့ အချို့နေရာများမှာတော့ မြက်ခင်းပြင်ကျယ်တွေထဲမှာ ကောင်းရေ သိန်းသောင်းချီပြီးရှိနေတဲ့ နွားအုပ်ကြီးတွေကိုလည်း တွေ့ရတတ်တယ်။ ဘုန်းကြီးတို့ဆီမှာ နွားကောင်ရေ ရာဂဏန်းလောက်ပိုင်လျှင် နွားခြံပိုင်ရှင်လို့ ခေါ်ဝေါ်တတ်ကြတာ၊ ခုလို သိန်းသောင်းချီနေတဲ့ နွားအုပ်ကြီးတွေ ပိုင်ဆိုင်နေသူတွေကို ဘယ်လိုများခေါ်လေမလဲလို့ စဉ်းစားမိပါတယ်။

တောင်ကုန်းတွေက နိမ့်လိုက်မြင့်လိုက် ကွေ့လိုက်ပတ်လိုက်နဲ့ တဖြည်းဖြည်း အမြင့်ကိုရောက်မှန်းမသိ ရောက်လာတယ်။ ပတ်ဝန်းကျင်တောနဲ့တောင်စွယ်တွေရဲ့ အလှကို

www.burmeseclassic.com

www.burmeseclassic.com



ရှုကြည့်ရင်းနဲ့ စိတ်ထဲမှာ အလောင်းတော် ဝေဿန္တရာမင်းကြီး အကွေ့ပေါင်းတစ်ထောင် အကောက်ပေါင်းတစ်ထောင်ရှိတဲ့ ဝင်္ကပါတောင်သို့ဝင်တာကို သွားသတိရမိတယ်။ အခုလည်း ရိုးဆန့်မတီးဥယျာဉ်ကြီးထဲရောက်ဖို့ အကွေ့အကောက်ပေါင်း မြောက်များစွာကို ဖြတ်သန်းလို့သွားနေရတယ်။ အလောင်းတော်မှာတော့ ခြေလျင်ခရီး၊ ဘုန်းကြီးများကတော့ ခေတ်မီကားကြီးစီးလို့ပေါ့လေ။ ဒီနေရာ ဒီဒေသကို အလောင်းတော်လိုပဲ ခြေလျင်လျှောက်လှမ်းလို့ လာရမယ်ဆိုလျှင်တော့ နှစ်နဲ့ ချီလာရမလားပါပဲ။ တစ်ဖက်မှာ ကျောက်တောင်တန်းကြီးတွေက မိုးထိနီးပါး။ အခြားတစ်ဖက်မှာတော့ ရှုံမြှောင် ချောက်ကမ်းပါးကြီးက အသူတစ်ရာနက်မည့်သဏ္ဍာန်။ ဒီတောင်တန်းတောင်စွယ်အသွယ်သွယ်ကို ခုလိုလွယ်လွယ်ကူကူ ကျော်ဖြတ်နိုင်အောင် လမ်းတွေဖောက်လုပ်ထားတဲ့သူတွေကို ကျေးဇူးတင်စရာပါပဲ။

ရောက်ခါနီးလာတော့ ကျောက်တောင်တွေကို ထွင်းကာ ဖောက်လုပ်ထားတဲ့ ဥမင်လမ်းတွေ၊ တောင်ကျရေတံခွန်တွေ၊ တောင်စဉ်တောင်တန်း အချင်းချင်းကူးလူးယှက်နွယ်ထားတဲ့ တံတားတွေအထပ်ထပ်ဖြတ်ကာ မောင်းရတယ်။ လမ်းဘေးမှာလည်း ရက်ဝု(ဒ်)လို့ သူတို့ခေါ်တဲ့ ထင်းရှူးမျိုးနွယ်ဖြောင့်စင်းနေတဲ့ သစ်ပင်မြင့်မြင့်ကြီးတွေကလည်း ပိုပြီးကြီးသထက်ကြီးလာ၊ တောအုပ်ကလည်း ပိုစိတ်သထက် စိတ်



လာတယ်။ သစ်ပင်ကြားက မြေပြင်ပေါ်မှာလည်း ဆောင်းလက်ကျန် စနိုးတွေက ဖွေးဖွေးဥလို့။ အချို့နေရာတွေမှာဆို မြေပြင်မမြင်နိုင်လောက်အောင်ကို တစ်ပြင်လုံး ဖုံးလွှမ်းလျက်ရှိနေဆဲ။ လှိုအသွယ်သွယ်၊ တောင်အထပ်ထပ် ဖြတ်သန်း မောင်းလာခဲ့တဲ့ ဘုန်းကြီးတို့ကားလည်း နေ့ ၁၁ နာရီခန့်မှာတော့ ရိုးဆန်းမတီးဗဲလေ့ဂျ် (Yosemite Village) လို့ သူတို့ခေါ်တဲ့ ဥယျာဉ်တွင်းက အဓိကနေရာရွာလေးကို ရောက်ပါတယ်။

ဒီရိုဆန်မတီးရွာကတော့ လေးဘက်လေးတန် ကျောက်တောင်ကြီးတွေ ဝိုင်းပတ်ရံလျက်။ ရွာတည်ရှိတဲ့နေရာလေးတစ်ဝိုက်ပဲ မြေပြန့်လွင်ပြင်ဖြစ်နေတယ်။ ရွာလေးထဲမှာတော့ စားသောက်ဆိုင်တွေ၊ အမှတ်တရ ပစ္စည်းရောင်းဆိုင်တွေ၊ လာရောက်လည်ပတ်ကြတဲ့ ခရီးသွားကားတွေနဲ့ စည်ကားလို့နေတယ်။ ဟိုတစ်စု ဒီတစ်ဖွဲ့ လမ်းလျှောက်သူက လျှောက်၊ ပြေးသူက ပြေး၊ ခွေးလေးတွေလက်မှာဆွဲလို့ အေးအေးဆေးဆေး သွားနေသူတွေရော၊ ပြေးနေသူရော၊ စက်ဘီးစီးသူစီး၊ ပျော်ပျော်ကြီး လေ့လာအပန်းဖြေနေကြထင်ပါရဲ့။ ဒီနေရာတစ် .ဝိုက်က ကြည့်ရှုလေ့လာစရာတွေကို အခမဲ့လိုက်လံပို့ဆောင် ပေးနေတဲ့ ဘတ်စကားကြီးတွေကလည်း ဟိုမှ ဒီမှ မောင်းနှင် နေတာကို လမ်းပေါ်မှာတွေ့ရပါတယ်။

ဆွမ်းချိန်ရောက်နေပြီမို့ မောင်မိုးကျော်က ဘုန်းကြီးတို့ကို အသားနဲ့သစ်သီးသစ်ရွက်တွေ ရောနှောကာ ပေါင်မုန့်

www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ ညှပ်ထားတဲ့ ဆင်းဒဝစ်ချ်ခေါ် ဘိုစာကိုဆက်ကပ်ပါ တယ်။ ဟင်းချိုလိုလို ပူပူနွေးနွေးသောက်စရာ တစ်မျိုးကို လည်း ကပ်ပါတယ်။ ရောမရောက်က ရောမလိုကျင့်ရမယ် တဲ့။ အရာအားလုံးကို ရောမလိုကျင့်နိုင်ကောင်းမှ ကျင့်နိုင်ပါ လိမ့်မယ်။ ဒါပေမယ့် ခုလိုဘိုတိုင်းပြည်ရောက်တော့ ရံခါ ဘိုစာကို ဘုဉ်းပေးလိုက်ရတာအတွက်တော့ ဘာမှ အခက် အခဲတစ်ခု မဖြစ်ခဲ့ပါဘူး။ ငါးပိလေးပါမှ၊ ဗမာအစားအစာ လေးမှဆိုတဲ့ အစွဲအလမ်းမျိုးမထားတဲ့ ကိုယ့်လျှာနဲ့ ကိုယ့်စိတ် ကိုပဲ ကျေးဇူးတင်ရမလိုပါပဲ။ မေတ္တာနန္ဒကနေ ဒကာမကြီး ဒေါ်ကြင်ရီထည့်ပေးလိုက်တဲ့ သစ်သီးများလည်း ကပ်ပါ တယ်။ အတွင်းက ရေခဲမုန့်အေးအေးကို အပြင်ကနေ ခပ်ကျွပ် ကျွပ် ချောကလက်နဲ့ ဖုံးအုပ်ထားတဲ့ မုန့်တစ်မျိုးကိုလည်း ကပ် ပါတယ်။ အတွင်းက ပျော့ပျော့၊ အပြင်က မာမာ။ တစ်ခါမှ မတွေ့ခဲ့ဘူးတဲ့ စားစရာပါပဲ။ ချိုချိုအေးအေး မွှေးမွှေးမြမြ။ ကလေးတွေဆိုလျှင်တော့ အလွန်နှစ်သက်မည့် အစားအစာ ဖြစ်မှာပါပဲ။

ဆွမ်းကိစ္စပြီးတဲ့အခါမှာတော့ စားသောက်ဆိုင်က ထွက်ပြီး ဥယျာဉ်အဝင်ဝကနေ ဂိတ်စောင့်ကထည့်ပေးလိုက် တဲ့ မြေပုံကို ထုတ်ကြည့်ပြီး သွားသင့်ရောက်သင့်တဲ့နေရာတွေ ကို လိုက်ပြပါတယ်။ လာစဉ်တုန်းက တောင်တွေပေါ်ကလာခဲ့ ရပြီး ခုတော့ တောင်အောက်မြေပြန့်ပြန့်ရောက်နေတယ်။ သစ်



ပင်ကြီးတွေကလည်း မြင့်မြင့်မားမား၊ တောင်ကြီးတွေက လည်း မိုးထိနေသည့်ဟန်။ ပျံလွန်တော်မူသွားပြီဖြစ်တဲ့ ဘုဉ်း ကြီးတို့ မဟာစည်သြဝါဒခံ ဆရာတော်များထဲက တစ်ပါး အပါအဝင်ဖြစ်တဲ့ ဓမ္မာနန္ဒဆရာတော် ဦးသီလာနန္ဒာဘိဝံသ မိန့်ကြားခဲ့ဖူးတယ်ဆိုတဲ့စကားကို ဘုန်းကြီးက ပြန်သတိရမိ ပါတယ်။ ဆရာတော်ကြီးက သူ ဒီရိုဆန်းမတီးကိုရောက်တဲ့ အခါမှာမှ အလွန်ကြီးမားတဲ့ သစ်ပင်ကြီးတွေ၊ ကျောက်တုန်း ကျောက်ခဲကျောက်တောင်ကြီးတွေကို ကြည့်ပြီး ကိုယ့်ကိုယ် ကို ပိုပြီးသေးငယ်သွားသလို ခံစားလိုက်ရတယ်ဆိုတဲ့ စကား ကိုပါ။ ဟုတ်ပါရဲ့။ ဆရာတော်မိန့်သလိုပါပဲ။ ပတ်ဝန်းကျင် မှာ မြင်တွေ့ရတဲ့အရာတွေနဲ့ နှိုင်းစာလိုက်တော့ လူသားဆိုတာ က တကယ့်ကိုမှ သေးသေးကွေးကွေး အရာလေးတွေရှိနေ တတ်တာဆိုတော့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး စကားနဲ့ ပြောရလျှင် 'အင်း ဒါကတော့ သိပ်မဟာန်လှပါဘူး လေ'လို့ ဆိုရမလိုပါပဲ။

တကယ်လို့သာ ဒီတောဒီတောင်ထဲမှာရှိတဲ့ ကျောက် တောင်ကြီးတွေလိုများ လူ့ခန္ဓာကိုယ်ကြီးတွေ ကြီးထွားနေ မယ်ဆိုလျှင် အတ္တတွေ၊ မာန်မာနတွေ ဘယ်လောက်များ ကြီးလိမ့်ကြလေမလဲ မသိနိုင်ပါဘူး။ လူ့ခန္ဓာကိုယ်ထဲမှာ အတ္တတွေ၊ မာန်မာနတွေအစား မေတ္တာကရုဏာ မုဒိတာ တရားတွေ များသထက် များ၊ ပွားသထက် ပွားလေလျှင်ဖြင့်

www.burmeseclassic.com



ဘယ်လောက်များ ကောင်းလိုက်လေမလဲ။ ဒီတော ဒီတောင်ကြီးတွေ အေးချမ်းငြိမ်သက်နေသလိုမျိုး လူသားကမ္ဘာကြီး အေးချမ်းငြိမ်သက်နေလျှင်ဖြင့် ဘယ်လောက်တောင် ကောင်းလိုက်လေမလဲလို့လဲ ဆင်ခြင်မိပါတယ်။

ပြောခဲ့သလို ဘုန်းကြီးတို့က အနိမ့်ထဲရောက်နေလေတော့ တစ်ဖက်မှာ ဟိုးကျောက်တောင်ထိပ်ကနေ စီးကျလာတဲ့ ရေတံခွန်ကြီးက နှစ်ထပ်နှစ်လွှာကို မြင်နေရတယ်။ ခပ်လှန်းလှန်းကနေမြင်ရတဲ့ ရေတံခွန်ကြီးက မြစ်တစ်စင်း နှစ်ပိုင်းကျိုးပြီးကျနေလေဟန်။ ရေတံခွန်က ရေသံကိုလည်း ဝေးဝေးကပင် ကြားလို့နေရတယ်။ အခြားတစ်ဖက်က တောင်ထိပ်တွေမှာတော့ စနိုးတွေက ဖွေးဖွေးဥလို့။ စစ်ကိုင်း ကောင်းမှုတော်နဲ့ ဆင်ဆင်တူတဲ့ ကျောက်တောင်ကြီးတစ်ခုကိုလည်း မော့ပြီးကြည့်မိခဲ့တယ်။ အခြားတစ်မျက်နှာမှာတော့ သစ်ပင်ကြီးတွေက အုပ်ဆိုင်းမှိုင်းညို့လို့။

ကတ္တရာလမ်းဖောက်ထားပေမယ့် တစ်မိုင်လောက် လမ်းလျှောက်ကာသွားရတဲ့ Mirror Lake (မှန်ရေကန်) ကမ်းစပ်မှာတော့ ကျောင်းသားကျောင်းသူလေးတွေက သူ့အုပ်စုလေးတွေနဲ့သူ ပြေးသူက ပြေး၊ ခုန်သူက ခုန်။ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး ဆော့ကစားနေတာကိုလည်း တွေ့ရပါတယ်။

နောက်ခံစနိုးတောင်တန်းတွေ၊ ရေကန်နံဘေးက စိမ်းစိုလန်းဆန်းနေတဲ့ သစ်ပင်ကြီးတွေအရိပ်က ကြည်လင်



ငြိမ်သက်နေတဲ့ ကန်ရေပြင်ထဲကို အရိပ်ထိုးကာ ကျရောက်လို့နေပုံဟာဖြင့် တောတောင်တွေရဲ့ သဘာဝအလှက နှစ်ထပ်နှစ်လွှာဖြစ်နေတဲ့ဟန် ထင်ရတယ်။ ကြည်လင်နေတဲ့ မှန်ချပ်ကြီးကြီးထဲမှာ ထင်ပေါ်နေတဲ့ ကြေးမုံရိပ်သွင်ပမာပေါ့။ ဒါကြောင့်လည်း မှန်ရေကန်လို့ အမည်ပေးထားတာဖြစ်မှာပါပဲ။ ကန်လယ်မရောက် တရောက်ဆီထိ ထိုးထွက်နေတဲ့ ကျွန်လေးပေါ်မှာ ကျောက်တုန်းတစ်တုန်းက မှတ်တမ်းပြုလိုသူတွေ ထိုင်ပြီး ဓာတ်ပုံအရိုက်ခံဖို့ ကျောက်ထိုင်ခုံတစ်လုံး ဖန်ဆင်းပေးထားသလို ဖြစ်နေတယ်။ ဘုန်းကြီးတို့လည်း စနိုးတောင်တွေ နောက်ခံထားကာ တစ်သွယ်၊ ရေတံခွန်တွေ နောက်ခံထားလို့ တစ်မျိုး၊ အမှတ်တရ မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ကြပါတယ်။ ဘုန်းကြီးတို့လိုပါပဲ။ အမှတ်တရဓာတ်ပုံရိုက်သူတွေ၊ ဗီဒီယိုမှတ်တမ်းတင်သူတွေကို နေရာတကာမှာပဲ တွေ့ရပါတယ်။

တောတောင်သဘာဝအလှတွေကလည်း အမှတ်တရမှတ်တမ်းမတင်လို့မနေနိုင်လောက်အောင်ကိုပဲ လှပနိုင်လွန်း၊ ဆွဲဆောင်နိုင်လွန်းတယ်မဟုတ်လား။ တောတောင်သဘာဝတရားတွေဆိုတာ စိတ်ကိုငြိမ်းချမ်းစေတယ်။ လတ်ဆတ်စေနိုင်ပါတယ်။ နောက်ပြီး လွတ်လပ်မှုကိုလည်း ဖြစ်စေနိုင်ပါတယ်။ ခုလိုတောတောင်တွေကြောင့် ရာသီဥတုတွေ မှန်ကန်စေတာ၊ လေထုကိုလည်း သန့်ရှင်းစေတာ၊ တောတောင်တွေ

www.burmeseclassic.com

www.burmeseclassic.com



က ထွက်တဲ့ သစ်ဝါးတွေ၊ သဘာဝသယံဇာတအမျိုးမျိုးတွေကို အမှီပြုဖို့ ဘုန်းကြီးတို့ သတ္တလောကလူသားတွေ ရှင်သန်ရပ်တည်နေကြရတယ် မဟုတ်လား။ နောက်ပြီး ဒီတော ဒီတောင်တွေကို မှီတည်ပြီး သမင်၊ ဒရယ်၊ ဂျီငယ်၊ စိုင်ဆတ်၊ ဝက်ဝံ၊ ဆင်၊ ကျား စတဲ့ သတ္တဝါတွေလည်း နေထိုင်ရှင်သန်ကြရတယ်မဟုတ်လား။ ဒီတော့ သတ္တဝါမျိုးနွယ်တွေအတွက်ကောင်းကျိုးများတဲ့ ပြောရလျှင် လူသားအပါအဝင် သတ္တဝါမျိုးနွယ်စုတွေအတွက် မရှိမဖြစ်တဲ့ ဒီတောဒီတောင် ဒီရေဒီမြေတွေ မပြုန်းတီးမပျက်စီးရလေအောင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ဖို့က အလွန်အရေးကြီးတဲ့အရာပဲမဟုတ်လား။

တကယ်တော့ တောတွေတောင်တွေကထွက်တဲ့ သဘာဝအရာတွေကို ရယူသုံးစွဲနေကြတဲ့ သတ္တဝါမျိုးနွယ်တွေထဲမှာ ဒီတော ဒီတောင်တွေကို အရမ်းကာရော သုံးစွဲနေသူ၊ ဖျက်ဆီးနေသူတွေဟာ အသိဉာဏ်ရှိပါတယ်ဆိုတဲ့ လူသားတွေဖြစ်လို့ နေတာကတော့ အလွန်အံ့သြစရာပါပဲ။ ဒါတွေဟာ ရသင့်တာထက် ပိုပြီးလိုနေသူတွေကြောင့် ဖြစ်တာပဲများပါတယ်။ ဒါကြောင့် ရသင့်တာထက်ပိုပြီး လိုတတ်တဲ့ အပိုလောဘစိတ်ထားတွေ ကင်းကွာအောင် စောင့်ထိန်းကျင့်ကြံဖို့အရေးဟာ အလွန်မှအရေးကြီးလှပါတယ်။

သဘာဝတောတောင်တွေ အရှည်တည်တန့်နိုင်အောင် စောင့်ရှောက်ထိန်းသိမ်းဖို့ဆိုတာလည်း လူတိုင်းမှာ



တာဝန်ရှိပါတယ်။ ကမ္ဘာကြီးကပေးတဲ့အရာတွေကိုယူပြီး ဒီကမ္ဘာကြီး ကျန်းမာရှင်သန်အောင် မလုပ်ပေးနိုင်ဘူးဆိုရင်ဖြင့် ဘုန်းကြီးတို့တာဝန်ကျေမယ်မဟုတ်ပါဘူး။

သဘာဝတရားတွေဟာ သာမန်သူတွေမဆိုထားနဲ့ တရားဘာဝနာရှုမှတ်ပွားများကြတဲ့သူတော်စင်တွေပင်လျှင် တရားဓမ္မပွားများရေးမှာ အထောက်အပံ့ကောင်းတွေ ဖြစ်စေနိုင်ပါတယ်။ စာပေများမှာဆို မြတ်ဗုဒ္ဓရှေ့လက်ထက်တော်ကာလက ရဟန်းတော်များ ဗုဒ္ဓထံတော်ကနေ တရားရှုမှတ်ပွားများနည်းများတောင်းယူပြီး စိတ်ငြိမ်ရာ တောတောင်စခန်းဆီသို့ ချဉ်းကပ်ကာ တရားပွားများကြတဲ့အကြောင်း၊ အရဟတ္တဖိုလ်အထိ ပေါက်မြောက်ကာ တရားတော်များ ရရှိသွားတယ်ဆိုတဲ့အကြောင်းတွေ မှတ်တမ်းတင်ထားတာကို အမြောက်အများတွေ့ရပါတယ်။

တောတောင်တွေဆိုတာ ဝိဝေကဆိုတဲ့ စိတ်ငြိမ်မှုတွေ၊ ဧကဆိုတဲ့ အပေါင်းအဖော်ကင်းရှင်းခြင်းတွေ ရှိသလို စိတ်အားထက်သန်စွာ ကြိုးစားအားထုတ်လိုမှုတွေကို အထောက်အပံ့ပေးတဲ့ လတ်ဆတ်လန်းဆန်းမှုတွေကိုလည်း တစ်ပါတည်းသယ်ဆောင်လာနိုင်တယ်မဟုတ်လား။ နောက်ပြီး မြို့နေရွာကြားမှာ ကြားရမြင်ရတတ်တဲ့ လောဘဒေါသကိလေသာတွေနဲ့လည်း ဝေးဝေးရှင်းရှင်းဖြစ်နေတာမို့ မြင်မှုကြားမှုနဲ့စပ်လို့ ဖြစ်ပေါ်စေနိုင်တဲ့ ကိလေသာသစ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



လည်း မဖြစ်လာနိုင်အောင် ကာကွယ်ရာရောက်မယ်လို့လည်း တွေးမိပါတယ်။

ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်လည်း သဘာဝကို မြတ်နိုးတော်မူဟန်ရှိပါတယ်။ ရဟန်းတော်တွေကို သစ်ပင်သစ်ကိုင်း မချိုးမဖျက်မိလေအောင် စောင့်ထိန်းကြဖို့ သိက္ခာပုဒ်တွေ ပညတ်ထားတော်မူခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့ ရည်ရွယ်တော်မူလိုရင်းထဲမှာ သဘာဝကို ထိန်းသိမ်းစောင့်ရှောက်တော်မူစေလိုတာလည်း ပါမယ်ထင်ပါတယ်။ ဗုဒ္ဓက တောမှာမွေး၊ တောမှာဘုရားဖြစ်တော်မူ၊ နောက်ဆုံးပရိနိဗ္ဗာန်စံဝင်တာသည်ပင် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်တောမှာ တောမှာမွေ့လျော်တော်မူတဲ့ တောပျော်ဗုဒ္ဓ။ တောတောင်သဘာဝတို့ရဲ့ အလှကို ဖျက်လိုဖျက်ဆီးပြုတာမျိုးကို ဘယ်မှာနှစ်သက်တော်မူပါ့မလဲ။

ညနေ ၇ နာရီခွဲလောက်မှာ ကျောင်းကိုပြန်ရောက်ပါတယ်။ တစ်နေ့လုံးသွားထားရတာ စိတ်မပင်ပန်းပေမယ့် တစ်နေကုန်မနားတမ်းသွားလာခဲ့တာကြောင့် ခန္ဓာကိုယ်က ပင်ပန်းနေတာကြောင့် စောစောပဲ အနားယူခဲ့ပါတယ်။

❖ ❖ ❖

## သတိတိမ်လျှင် အသိမှိန်မယ်

**ဧပြီလ ၁ ရက်၊ ၂၀၀၉**

ပြုမြဲဝတ္တရားများပြုလုပ်ပြီး အရဏ်ဆွမ်းဘုဉ်းပေး။ ကျောင်းဝင်းအတွင်း ဟိုနားဒီနား အနည်းငယ် တံမြက်လှည်း။ နေ့လယ်ပိုင်းမှာတော့ စာကြည့်တိုက်ထဲက ကြည့်လိုတဲ့ စာအုပ် စာတမ်းများ ရှာဖွေကြည့်ရှု။ ဦးဉာဏိကလည်း သူတက်ရောက်နေတဲ့ တက္ကသိုလ်ကို ကိုယ်တိုင်ကားမောင်းကာ ကြွသွားတာကြောင့် ကျောင်းမှာ တစ်ပါးတည်းသာ။ စာကြည့်တိုက်ထဲက လောကုတ်လောကီ အထွေထွေသောစာအုပ်တို့ကို ကြည့်ရှုဖြစ်ခဲ့တယ်။ မေတ္တာနန္ဒရဲ့ ဗုဒ္ဓစာကြည့်တိုက်ထဲမှာ စာအုပ်စာတမ်းတွေက အင်္ဂလိပ်လိုရော မြန်မာလိုရောပါ တော်တော် စုံစုံလင်လင် စုဆောင်းထားပါတယ်။ ကျောင်းမှာ သီတင်းသုံးတဲ့ ဆရာတော်သုံးပါးလုံးကလည်း စာပေဝါသနာပါကြ။ သုံးပါးလုံးကလည်း ကိုယ်သန်ရာသန်ရာ စာပေတွေကို အခါအားလျော်စွာ ရေးသားနေကြသူများဆိုတော့ စာကြည့်တိုက်မှာ စာအုပ်စာတမ်းစုံလင်တာ ဆန်းလှတယ်တော့ မဆိုသာဘူးပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းမှာတော့ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်က ကွဲကွာသွားတဲ့ ဘုန်းကြီးရဲ့တပည့်ဟောင်း မမွေးမွေးနဲ့ ဘုဉ်းကြီးများရဲ့ ရဟန်းဒကာ ဒကာမများရဲ့ သမီးဖြစ်တဲ့ မယဉ်ယဉ်နွယ်တို့ ရောက်လာကြတယ်။ သိလိုတာများ မေးမြန်းလျှောက်ထားကြတယ်။ ဘုန်းကြီးလည်း သူတို့ဆီကနေ အမေရိကန်နိုင်ငံရဲ့ ဓလေ့များနဲ့ လူမှုရေး၊ စီးပွားရေးအခြေအနေ အနည်းငယ်ကို မေးမြန်းပါတယ်။ ဒီနိုင်ငံမှာတော့ လူတိုင်းလူတိုင်းက အလုပ်နဲ့လက်မပြတ်အောင် လုပ်နိုင်ပါမှ ရပ်တည်လို့ရနိုင်တယ်ဆိုတာကို သူတို့တွေပြောပြတာကို နားထောင်ပြီး နားလည်မိပါတယ်။ မအားမနားရအောင် လှုပ်ရှားရုန်းကန်နိုင်ပါမှ တော်ကာကျတဲ့နိုင်ငံမျိုးမှာ ဘယ်သူမှ အချိန်ပိုဆိုတာ မရှိနိုင်လောက်အောင်ပါပဲ။ သွားသုတ်သုတ်၊ စားသုတ်သုတ်၊ လာသုတ်သုတ်နဲ့ သုတ်သုံးကျမ်းနဲ့အညီဖြစ်နေတဲ့ နိုင်ငံမှာ တရားစခန်းဝင်ကြ၊ ဓမ္မသင်တန်းတွေ တက်ကြ၊ တရားပွဲတွေကိုလည်း သွားရောက်တရားနာကြ စတဲ့ ကုသိုလ်ရေးနဲ့ စပ်ဆိုင်တဲ့အရာများမှာ အချိန်ပေးနိုင်ကြသေးတာကိုပဲ ချီးကျူးရမလိုပါပဲ။

ခုလိုတိုးတက်တဲ့နိုင်ငံကြီးများရှိ လူတွေကို တွေ့ရ မှပဲ အချိန်ဟာ အလွန်တန်ဖိုးရှိလှတယ်ဆိုတာ ပိုမိုပေါ်လွင်နေသလိုပါပဲ။ တချို့များဆို တစ်နှစ်တာလုံးမှာမှ တစ်ပတ်လောက်ပဲခွင့်ရကြတာ။ ရတဲ့ ခွင့်ရက်လေးမှာပဲ ဘုန်းကြီးတို့



လို ခေတ္တကြွရောက်ကာ တရားပြသတဲ့ ဆရာတော်များရဲ့ တရားစခန်းများကို အပြေးအလွှားလာရောက်ကာ တရားစခန်းဝင်ကြရတာ။ အချိန်ပေါများတဲ့ ဘုန်းကြီးတို့ဆီကသူတွေအနေနဲ့ အချိန်ရှိခိုက်မှာ မိမိတို့ရဲ့အချိန်များကို တန်ဖိုးရှိရှိ အသုံးချတတ်စေရန်ကိုလည်း ဘုန်းကြီးတို့အနေနဲ့ မကြာမကြာ တိုက်တွန်းနေရပါတယ်။

ဧပြီလ ၂၊ ၃၊ ၄ ရက်တွေမှာ အထူးမရှိပါ။ ကျောင်းမှာပဲနေပြီး ဖတ်သင့်ဖတ်ရာ စာအုပ်များကိုသာ ဖတ်ဖြစ်ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## တိုင်းတစ်ပါးက ခမ်းနားတဲ့သင်္ကြန်

**ဧပြီလ ၅ ရက်၊ ၂၀၀၉**

ဒီနေ့တော့ မေတ္တာနန္ဒကျောင်းရဲ့ သင်္ကြန်ပွဲကို ဖရီးမောင့်မြို့အနီးက နယူးဝါခ်ဆိုတဲ့ မြို့လေးမှာရှိတဲ့ ပေဗလီယန်ခန်းမမှာ ကျင်းပကြတယ်။ သင်္ကြန်ပွဲကို မေတ္တာနန္ဒကျောင်းရဲ့ ရန်ပုံငွေအဖြစ် စားဖွယ်သောက်ဖွယ်များကိုလည်း ရောင်းချကြပါတယ်။ မြန်မာတို့ထုံးစံအတိုင်း သင်္ကြန်အလှ အကများနဲ့လည်း ထည့်သွင်းဖြေဖျော်ကြတယ်လို့ သိရပါတယ်။

နံနက်စောစော ၇ နာရီခွဲလောက်ကတည်းက ဦးဉာဏိကကတော့ စီစဉ်နိုင်ရန် လူငယ်တွေနဲ့အတူ ကြိုသွားနှင့်ပါတယ်။ ဘုန်းကြီးတို့ကတော့ ၉ နာရီ ၄၅ မိနစ်လောက်မှ ကြွကြပါတယ်။ ကျောင်းနဲ့ ခန်းမနဲ့က ၅ မိနစ်သာသာလောက်ပဲ ကားမောင်းရပါတယ်။ ဘုန်းကြီးတို့ရောက်သွားချိန်မှာတော့ ပွဲကျင်းပရာ ခန်းမအနီးတစ်ဝိုက် ကားရပ်ရာနေရာတွေမှာ ကားတွေပြည့်လို့နေပါပြီ။ ခန်းမဘေးက ကွက်လပ်ထဲမှာလည်း



ယာယီရွက်ဖျင်မဏ္ဍပ်တွေမိုးလို့၊ အစားအသောက်ရောင်းချမည့် ဆိုင်တန်းများနဲ့ စည်ကားနေပြီ။ လူတွေကလည်း ထောင်ချီရှိလောက်မယ်ထင်မိပါတယ်။ ဘုန်းကြီးများ တရားဟောရေစက်ချရန်ကိုတော့ ခန်းမအတွင်းမှာ ကုလားထိုင်တွေချလို့ ပြင်ဆင်ထားပါတယ်။ အပြင်မှာလည်း စီစဉ်သူက စီစဉ်၊ အတွင်းမှာလည်း တရားနာယူကြမည့်သူက တရားနာယူ။ ရေစက်ချ တရားမနာယူမီမှာ မေတ္တာနန္ဒကျောင်းရဲ့ မေတ္တာရောင်ခြည်ဝတ်အသင်းသားများကလည်း ရှစ်လုံးဖွဲ့ဂါထာတွေ ရွတ်ဖတ်ပူဇော်ကြပါတယ်။ ဘုန်းကြီးများ တရားဟောရေစက်ချ ပြုလုပ်နေတဲ့နောက်က စင်မှာလည်း မေတ္တာနန္ဒ ဝိဟာရ သင်္ကြန်ပွဲဆိုတဲ့ ဆိုင်းဘုတ်ကြီးကိုလည်း ပိတောက်ပန်းတွေ ဝိုင်းရံလို့ ချိတ်ဆွဲထားတာကို တွေ့ရပါတယ်။ အမိမြေကနေဝေးကွာတဲ့အရပ်ကို ရောက်နေတဲ့ မြန်မာတွေအနေနဲ့ အမိမြေအလွမ်းပြေအဖြစ် ကိုယ့်ပြည်ကိုယ့်ရွာက သင်္ကြန်ပွဲများနဲ့ တူနိုင်သမျှ တူအောင် ဖန်တီးထားကြတာ ဖြစ်မှာပါပဲ။

ဆွမ်းဝိုင်းမှာလဲ ရောင်းချမည့် ဈေးဆိုင်ပေါင်း ၃၀ ကျော်လောက်ကနေ တစ်ဦးတစ်မျိုးယူလာပြီး ကပ်တာမို့ အစားအစာအမျိုးပေါင်းက စုံလင်လှပါတယ်။ မြန်မာပြည်မှာ ရဖို့ခဲယဉ်းတဲ့ မြန်မာ့ရိုးရာ အစားအစာများကိုပင်လျှင် တွေ့ရပါတယ်။ မုန့်ဝိုင်းတောင့်၊ ဘိန်းမုန့်၊ ရေမုန့်၊ မုန့်ဦးနှောက်၊ မုန့်လုံးရေပေါ် စတဲ့ မြန်မာ့ရိုးရာမုန့်မျိုးစုံတွေနဲ့ စုံမှ စုံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတို့ဆီမှာ ပွဲခမ်းပွဲနားရှိလျှင် အမြတ်တနိုးထားတတ်ကြတဲ့ ကိတ်မုန့်စတဲ့ မုန့်မျိုးကိုတော့ မတွေ့ရပါဘူး။

ဦးညဏိကပြောသလိုပါပဲလေ။ တပည့်တော်တို့ မြန်မာနိုင်ငံမှာရှိနေစဉ်တုန်းက နိုင်ငံခြားနဲ့ အဆက်အသွယ်ရှိတဲ့ မိသားစုတွေက ဆွမ်းဆက်ကပ်တဲ့အခါမျိုးမှာ ထူးထူးဆန်းဆန်း စားသောက်ဖွယ်ရာလေးတွေကို ဒါက အမေရိကမှာရှိတဲ့ သားကပို့လိုက်တာ။ ဒါကတော့ ဂျပန်ကပြန်လာတဲ့ သားကြီးယူလာတာဆိုပြီး မွန်မွန်မြတ်မြတ် ကပ်တတ်ကြပါတယ်။ ခုဒီဘက်ရောက်လာတော့ ပါလာတဲ့ ငါးခြောက်လေး၊ လက်ဖက်လေး၊ ဟာလဝါလေး စတာမျိုးကို ဒါက မြန်မာပြည်က ပါလာတာလို့ပြောပြီး မြတ်မြတ်နိုးနိုး ကပ်ကြပါတယ်တဲ့။ ခုလည်း ဒီလောက်မျိုးစုံတဲ့ မုန့်တွေထဲမှာ ဒီနိုင်ငံမှာ အလွယ်တကူ ဝယ်ယူလို့ရနိုင်တဲ့ မုန့်ပဲသွားရေစာမပါတာလည်း အဆန်းမဟုတ်ဘူးပေါ့။ လူ့စိတ်ကိုက ရှားပါးတဲ့အရာကို တန်ဖိုးထားတတ်ရိုးမဟုတ်လား။

အထူးသဖြင့် ဘုန်းကြီးသတိထားမိတာကတော့ ပွဲမှာ ကပြဖြေဖျော်ကြမယ့် လူငယ်လူရွယ်များနဲ့ သကြံန်ပွဲကို လာရောက်ကြတဲ့သူများရဲ့ ဝတ်စားဆင်ယင်မှုများပဲဖြစ်ပါတယ်။ ခုမြင်ရတဲ့မြင်ကွင်းကို ကြည့်ကာ ပြောရမယ်ဆိုရင်တော့ ဒီကသူတွေက ပြည်တွင်းမှာ နေထိုင်ကြတဲ့သူတွေထက် ရိုးရာဝတ်စားဆင်ယင်မှုများကို ပိုမိုထိန်းသိမ်းကြတာကို



တွေ့ရပါတယ်။ ကပြမည့်သူတွေဆိုလျှင်လည်း မြန်မာ ဆန်ဆန်လေးတွေ ဝတ်စားဆင်ယင်ကြလို့ တကယ့်ကိုမှ ကြည်နူးပီတိဖြစ်စရာကောင်းပါတယ်။

ပြည်တွင်းက သကြံန်ပွဲများမှာ တစ်ခါခါမြင်ရတဲ့ ဝတ်စားဆင်ယင်မှုက တော်တော်လေး ဗရုတ်သုတ်ခနိုင်လှတာကို ဘုန်းကြီးများတွေ့ရတော့ စိတ်မကောင်းဖြစ်မိပါတယ်။ ခုဒီမှာ ကိုယ့်ယဉ်ကျေးမှု ထိန်းသိမ်းကြတာမျိုးတွေ့ရတော့ ဘုန်းကြီးတော့ နေရာမှားနေသလိုမျိုး ခံစားမိပါတယ်။ ခေတ်မီခြင်းဆိုတာ ဝတ်စားဆင်ယင်မှုမှာ လျှပ်ပေါ်လော်လီခြင်းဆိုတာနဲ့ မတူ ကွဲပြားတယ်ဆိုတာ လူငယ်တွေကို ပိုမိုအသိပေးဖို့ လိုမယ်ထင်ပါတယ်။ နောက်ပြီးလည်း ဒူးနေရာ ဒူး၊ တော်နေရာ တော် လိမ္မာပါးနပ်စွာ ဝတ်စားဆင်ယင်တတ်ဖို့လဲ အရေးကြီးကြောင်း နားလည် အောင် ပြောပြကြဖို့လဲ လိုပါလိမ့်မယ်။

ညနေ ၅ နာရီခွဲမှာတော့ ဒေလီစီးတီးမြို့ ထေရဝါဒ ဓမ္မအသင်းရဲ့ ဓမ္မသင်တန်းပေးရန် လျှောက်ထားချက်အရ ဒေလီစီးတီးမြို့ကို ကြွရောက်ပြီး သင်တန်းပေးခဲ့ပါတယ်။ သင်တန်းသားစုစုပေါင်း ငါးဆယ်လောက်ရှိမယ်ခန့်မှန်းမိပါတယ်။ ကာယ၊ ဝေဒနာ၊ စိတ်၊ ဓမ္မကို အခြေခံပြီး ရှုမှတ်ပုံအခြင်းအရာနဲ့ ရှုမှတ်နည်းတို့ကို ရှင်းလင်းသင်ကြားပေးခဲ့ပါတယ်။ မိနစ်သုံးဆယ်လောက်လည်း လက်တွေ့ရှုမှတ်ခိုင်းပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ခေတ္တနားချိန်မှာတော့ အလှူရှင်များက စားသောက်ဖွယ်ရာများနဲ့ သင်တန်းတက်ရောက်လာသူတွေကို ဧည့်ခံကျွေးမွေးပါတယ်။ နောက်ပိုင်းအချိန်ကိုတော့ သိလိုတာများလွတ်လွတ်လပ်လပ် မေးမြန်းဖြေကြားကြတဲ့ အစီအစဉ်ပါ။

ဘာသာရေး သာသနာရေးနဲ့စပ်ပြီး စပ်ဆိုင်တာများကိုသာ အထူးပြု မေးမြန်းကြဖို့ တိုက်တွန်းခဲ့ပါတယ်။ လက်တွေ့ လုပ်ငန်းစဉ်မရှိဘဲ အငြင်းပွားဖွယ်ရာများကို မေးမြန်းရဖြေကြားရတာမျိုးဟာ သိပ်ပြီး အကျိုးဖြစ်ထွန်းဖွယ် မရှိနိုင်ဘူးလို့ ဘုန်းကြီးက ယူဆထားပါတယ်။ ကိုယ်ကိုယ်တိုင်ကလည်း အပြောထက် လက်တွေ့လုပ်ကိုင်တာမျိုးကိုပဲ ဦးစားပေးချင်ပါတယ်။ ၉ နာရီ ၁၀ မိနစ်ခန့်မှာ ဆုတောင်းအမျှဝေ မေတ္တာပို့ပြီး သင်တန်းပြီးဆုံးပါတယ်။ သင်တန်းပြုလုပ်တဲ့ဒေလီစီးတီးမြို့နဲ့ ဘုန်းကြီးများ တည်းခိုသီတင်းသုံးရာ ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရနဲ့က မိနစ်လေးဆယ်ခန့် ကားမောင်းရပါတယ်။ မိုင် ၄၀ နီးပါးဝေးတဲ့ ခရီးပါ။ ကျောင်းကိုပြန်ရောက်တော့ ၁၀ နာရီကျော်ကျော်ရှိနေပြီ။

ည ၁၁ နာရီမှာ ရှုမှတ်မှုဖြင့် အနားယူခဲ့ပါတယ်။

**ဧပြီလ ၆ ရက်၊ ၂၀၀၉**

၉ နာရီ ၃၀ မှာ ဆန်ဖရန်စစ္စကိုမြို့မှာ နေထိုင်ကြတဲ့ယောဂီဟောင်းတွေဖြစ်ကြတဲ့ ဦးဝင်းမောင် ဒေါ်စန်းစန်းညွန့်



မိသားစုအိမ်ကို နေ့ဆွမ်းဘုဉ်းပေးရန် ကြွရပါတယ်။ သူတို့ရဲ့မိတ်ဆွေတွေကိုလည်း စုံစုံလင်လင်ဖိတ်ထားလို့ မိသားစုတော်တော်များများကိုလည်း တွေ့ရပါတယ်။ မြန်မာမိသားစုတွေ ခုလို စည်စည်ကားကားတွေ့ရတော့ ဝမ်းသာမိပါတယ်။ ဒေါ်စန်းညွန့်သမီးဖြစ်တဲ့ ယောဂီဟောင်း မသန်းသန်းဌေးကလည်း ဆန်ဖရန်စစ္စကို ဂျပန်တောင်းမှာ သူဖွင့်ထားတဲ့ စားသောက်ဆိုင်ကို ဗဟုသုတအဖြစ် လိုက်ပြပါတယ်။ စားသောက်ဖွယ်တွေကို စနစ်တကျ သန့်သန့်ရှင်းရှင်း ပြင်ဆင်ချက်ပြုတ်ထားမှုက အတုယူဖွယ်ရာပါ။ ဆိုင်မှာ ချက်ပြုတ်ပညာရှင်နဲ့ လုပ်သားငါးဦးရှိပါတယ်တဲ့။ တစ်ခါ တစ်ခါ စားသောက်သူများတဲ့အခါမှာ အလွန်ပင်ပန်းကြောင်း လျှောက်ထားပါတယ်။ သို့ပေမယ့် ရောင်းကောင်းတဲ့အတွက်တော့ပင်ပန်းပေမယ့် ကြည်နူးပျော်ရွှင်မိကြောင်းကိုလည်း လျှောက်ထားပါတယ်။ စီးပွားရေးလုပ်ကိုင်တယ်ဆိုတာ ကိုယ့်လုပ်ငန်းအောင်မြင်တယ် အလုပ်ဖြစ်တယ်ဆိုလျှင်ဖြင့် ခုလိုပဲ ပင်ပန်းပေမယ့် ပျော်ရွှင်နိုင်တာဖြစ်တတ်တဲ့ သဘာဝပဲလေ။

ဆိုင်ကနေ မေတ္တာနန္ဒကျောင်းကိုတော့ ဒေါ်စန်းညွန့်ရဲ့ သားက ပြန်လည်လိုက်ပို့ပေးပါတယ်။ နေ့လယ်ပိုင်းမှာတော့ စာကြည့်တိုက်ထဲက ကြည့်လိုတဲ့ စာအုပ်စာတန်းတွေရှာဖွေကာ ကြည့်ရှုဖြစ်ပါတယ်။ ည ၈ နာရီမှာ တရားထိုင်မေတ္တာပို့ အမျှဝေ။ ည ၁၁ နာရီမှာ အနားယူခဲ့ပါတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## Red Wood Tree ခရီးလမ်းပန်း အံ့မခန်းဖွယ် တောင်လယ်ယာခုတ် သူကြွယ်အလုပ်

ဧပြီလ ၇ ရက်၊ ၂၀၀၉

နံနက် ၅ နာရီ အိပ်ရာထ၊ ၆ နာရီမှာ အရုဏ်ဆွမ်းဘုဉ်းပေး။

၈ နာရီမှာတော့ ဦးညဏ်ကရဲ့ စီစဉ်ပေးမှုနဲ့ အလွန်ကျော်ကြားတဲ့ သစ်ပင်ကြီးတွေဆီကိုသွားကြတယ်။ ဦးညဏ်က ကတော့ သူ့ရဲ့ စာမေးပွဲရှိတဲ့အတွက် ကိုယ်တိုင်မလိုက်ပါနိုင်ဘူး။ ဒီသစ်ပင်ကြီးတွေဆီသွားဖို့ စိတ်ကူးထားပေမယ့် ခုလိုအကြောင်းတိုက်ဆိုင်တာတောင်မှ မအားနိုင်ဖြစ်ရတဲ့ အကြောင်းလေးတွေ ပေါ်ပေါက်လာလို့ မသွားဖြစ်သေးဘူးလို့ ပြောပါတယ်။ ခုလည်း လိုက်ပါလိုပေမယ့် သူ့အတွက် အခွင့်က လွဲချော်ပြန်ပြီပေါ့။ ဘုန်းကြီးကို လိုက်ပို့မည့်သူများကတော့ မေတ္တာနန္ဒဝိဟာရမှာ ဖွင့်လှစ်ထားတဲ့ ရတနာ့ဂုဏ်ရည် မြွေစာပေသင်တန်းကို ဦးဆောင်စည်းရုံးကာ ကမ္မကထ ပြုလုပ်နေ



ကြတဲ့ လူငယ်များဖြစ်ကြတဲ့ ကိုမောင်မောင်သင်၊ ကိုထက်လင်းနိုင်နဲ့ မောင်ဇေယျာဖြိုးတို့ပါ။

ဒီသစ်ပင်ကြီးတွေအကြောင်းကို မြန်မာပြည်မှာကတည်းက စာထဲမှာ ဖတ်ခဲ့ဖူးထားလို့ အရောက်သွားချင်နေခဲ့တာ။ သစ်ပင်ကြီးရဲ့ ပင်စည်ကြီးကို ဖောက်ထွင်းပြီး အောက်ကနေ ကားမောင်းလို့ရတယ်ဆိုတာကို ဘုန်းကြီးက စိတ်ဝင်စားနေမိတာ။ ခုလောက်ကြီးအောင်ဆိုလျှင် နှစ်ပေါင်းများစွာစောင့်ရှောက်ထိန်းသိမ်းရမှာ။ နောက်ပြီးလည်း ပင်စည်ကြီးကိုအောက်ကဖောက်ထားတဲ့ သစ်ပင်ကြီးက အသက်မသေဘဲ ခုလိုနှစ်ရှည်လျားစွာ ရှင်သန်နေတာကလည်း အံ့ဩစရာ။

သစ်ပင်ကြီးက ကာလီဖိုးနီးယားမြောက်ပိုင်း၊ ဆန်ဖရန်စစ္စကိုကနေ မြောက်ဘက်ဆီကို ဖရီးဝေးလမ်း နံပါတ်(၁) အတိုင်း မောင်းသွားရတဲ့အရပ်မှာရှိတာ။ သစ်ပင်ကြီးတွေရှိရာအရပ်ဆီကို သွားရာတစ်လျှောက်မှာတော့ ကမ္ဘာမှာ ကျော်ကြားတဲ့ နာပါဒေသကို ဖြတ်သွားရပါတယ်။ ဘုန်းကြီးက နာပါဆိုတဲ့ ဒီနာမည်ကို မကြားဖူးပေမယ့် ကမ္ဘာကျော်ဝိုင်ထွက်တဲ့နေရာ ဖြစ်တယ်ရယ်လို့ ကားပေါ်မှာပါလာတဲ့ လူငယ်များက ရှင်းပြကြပါတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာတော့ စပျစ်စိုက်ခင်းကြီးများကို မျက်စိတဆုံးတွေ့ရပါတယ်။ တိုင်တွေ စီစီတန်းတန်း ညီညီညာညာစိုက်ပြီး ကြိုးတွေ သွယ်တန်းကာ ကြိုးတန်းတွေတစ်လျှောက် ရစ်ပတ်ခွေသီတက်သော

www.burmeseclassic.com

www.burmeseclassic.com



ရှင်သန် စိမ်းလန်းနေတဲ့ စပျစ်ပင်တွေက စီးပွားရေးလုပ်ငန်း သဘောထက် အလှပြစိုက်ခင်းတွေ စိုက်ပျိုးထားသလို ထင်ရမိတယ်။ တောင်စောင်းတွေမှာ၊ ချိုင့်ဝှမ်းတွေမှာ နေရာအနှံ့၊ စပျစ်နွယ်တွေ၊ စိမ်းစိမ်းစိုစို။

စိုက်ခင်းကျယ်တွေကြားမှာလည်း ကတ္တရာလမ်းတွေက ချောမွေ့မည်းနက်လို့။ တောင်ယာလုပ်ငန်းခွင်က တကယ့်ကိုယ်မှ လှပခမ်းနားထည်ဝါလွန်းလှစွာ။ အဆောက်အဦးကြီးကြီးတွေ ဟိုနားတစ်စု ဒီနားတစ်စု စိုက်ခင်းကျယ်တွေကြားမှာ တွေ့တွေ့နေရတာ ဘာအဆောက်အဦးတွေလဲလို့ ရှုးစမ်းမေးကြည့်တော့ ဝိုင်းနရီလို့ခေါ်တဲ့ ဝိုင်ချက်တဲ့စက်ရုံတွေလို့ ပြောပြပါတယ်။ အဲဒီဝိုင်စက်ရုံတွေဆီကို အလည်သွားရင် အကောင်းဆုံးဝိုင်တွေကို အမြည်းသဘောမျိုးနဲ့ ဧည့်ခံလေ့ရှိကြောင်းကိုလည်း ပြောပြကြပါတယ်။

တွေ့ရမြင်ရတဲ့ လမ်းတွေ၊ အဆောက်အဦးတွေက သန့်ရှင်းသားနားနေတော့ သူတို့ဆီက သစ်ပင်စိုက်ပျိုးသူတွေ ဘဝက ဘယ်လိုအခြေအနေရှိသလဲဆိုတော့ ဒီက ခုလိုသစ်ပင်စိုက်သူ လယ်စိုက်သူတွေက အရမ်းချမ်းသာတယ်တဲ့။ သူတို့ရဲ့ သားသမီးတွေဆိုရင် နာမည်အရမ်းကြီးတဲ့ တက္ကသိုလ်ကြီးတွေမှာ ထားကြတယ်လို့ ပြောပါတယ်။ လင်မွန်ဇင်းလို့ခေါ်တဲ့ ဇိမ်ခံကားကြီးတွေကို တခြားနေရာမှာထက် ဒီပတ်ဝန်းကျင်က လမ်းတွေပေါ်မှာ ပိုမိုတွေ့ရတာကို ဆရာတော်တွေ့တယ်



မဟုတ်လားလို့ ပြောလို့ သတိထားကြည့်မိတော့ သူတို့ပြောတာ ဟုတ်ပေသားလို့ မှတ်ချက်ပြုမိပါတယ်။

ဆွမ်းချိန်ရောက်တော့ နေ့ဆွမ်းကို ဆိုင်တစ်ဆိုင်မှာ ကပ်ပါတယ်။ အနောက်တိုင်းအစားအစာ ဆင်းဒဝစ်ချ်ပေါ့။ ဘုန်းကြီးကလည်း ဘုန်းကြီးအတွက် အစားအသောက် တကူးတက လုပ်ရတာမျိုးကို သဘောမကျပါဘူး။ ဒါကြောင့် လမ်းမှာ အဆင်သင့်တဲ့နေရာမှာ အဆင်သင့်တဲ့ အစားအစာကိုပဲ ကပ်ဖို့ ပြောခဲ့တာကြောင့် ကျောင်းက ဘာမှထည့်မလာပါဘူး။ ခုလိုခရီးသွားတဲ့အခါမျိုးမှာ အဆင်သင့်ရာ ဘုဉ်းပေး သုံးဆောင်တတ်ခြင်းဟာ ကယိကထများမှုကို လျှော့ပါးစေသလို အချိန်လည်းပိုမိုအကုန်သက်သာစေပါတယ်။

လမ်းတစ်လျှောက် သဘာဝအတိုင်းလှပနေတဲ့ ရှုခင်းတွေ၊ လူတွေစိုက်ပျိုးထားတဲ့ သစ်ပင်တွေရဲ့ အလှတွေကို ကြည့်ရှုရင်း သစ်ပင်ကြီးရှိရာကို ရောက်မှန်းမသိ ရောက်သွားခဲ့ပါတယ်။ အနီးအနားမှာလည်း ဒီသစ်ပင်ကြီးနီးနီး ကြီးမားတဲ့ သစ်ပင်ကြီးများကိုလည်း တွေ့ပါတယ်။ သစ်ပင်ကြီးအောက် ကားဖြတ်မောင်း။ သစ်ပင်ကြီးနဲ့ရော၊ ပတ်ဝန်းကျင်အနီးအနား ရှုခင်းများနဲ့ပါ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပါတယ်။ သွားလိုရောက်လိုခဲ့တဲ့ နေရာဒေသတစ်ခုဆီ ရောက်ရှိခဲ့တဲ့အတွက် ဘုန်းကြီးများရဲ့ ဆန္ဒတစ်ခုပြည့်ဝသွားခဲ့တယ်လို့ ပြောရမှာပါပဲ။ လိုက်ပို့သူတွေကို ကျေးဇူးတင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးက Red Wood လို့ခေါ်တဲ့ သစ်နီပင် အမျိုးအစား သစ်ပင်ကြီးပေါ့။ အမေရိကန်ရဲ့ ကျွန်းလို့ခေါ်ကြပါတယ်။ ဒီသစ်ပင်ကြီးမျိုးတွေထွက်တဲ့ သစ်သားတွေနဲ့ပဲ အိမ်တွေ၊ ကျောင်းတွေ၊ ပရိဘောဂတွေ ထုတ်လုပ်ကြ၊ အထူးသဖြင့် တဖြောင့်တည်းရှိလှတဲ့ သစ်ပင်အမျိုးအစားတွေမို့ လမ်းဘေးဓာတ်မီးတိုင်တွေကို ဒီသစ်သားတွေနဲ့ပဲ ပြုလုပ်ထားတတ်ကြပါတယ်တဲ့။ အမေရိကန်တစ်နံတလျားက တောကြီးတွေထဲကို ဖြတ်သွားတိုင်း ခုလိုသစ်ပင်အမျိုးအစား သစ်ပင်ကြီးငယ်တွေကို အများဆုံးတွေ့ရတတ်တာမို့ ဒီသစ်ပင်တွေကို အမေရိကန်ရဲ့ ကျွန်းလို့ခေါ်ဝေါ်တာ ဆီလျော်ပါတယ်လေ။

သစ်ပင်ကြီးရှိရာကနေ ပြန်ထွက်လာခဲ့တာ ညနေ ၅ နာရီကျော်ကျော်လောက်မှာ ဒေလီစီတီးမြို့ရှိ ရတနာဉာဏ်ရောင်ကျောင်းကို ပြန်ရောက်ပါတယ်။ ရတနာဉာဏ်ရောင်ဆရာတော်တော့ မြန်မာပြည်ကို ပြန်ကြွနေတဲ့အတွက် မတွေ့ရပါဘူး။ ကျောင်းထိုင်ဆရာတော်မရှိတဲ့ ကျောင်းမှာပဲ အာဂန္တုဆရာတော်နှစ်ပါးကပဲ ယာယီကျောင်းစောင့်တာဝန်ယူထားကြပါတယ်။ ကျောင်းထိုင်ဆရာတော်မရှိတဲ့ ကျောင်းမှာပဲ အာဂန္တု သုံးပါးတွေ့ဆုံမိကြပြီး ဘာသာ သာသနာရေးများကိုလည်း ဆွေးနွေးတိုင်ပင်ဖြစ်ကြပါတယ်။ တစ်နေ့လုံး ကားပေါ်မှာဆိုတော့ အနည်းငယ် ညောင်းညာတာကြောင့် ဒီနေ့တော့ စောစောပဲ အနားယူဖြစ်ပါတယ်။



**ဧပြီလ ၈ ရက်၊ ၂၀၀၉**

နံနက် အရုဏ်ဆွမ်းကို မြန်မာနိုင်ငံမှ မိုးဒီဇယ်ဒေါ်လှတို့ရဲ့ တူမမိသားစုများနဲ့ ရတနာဉာဏ်ရောင်ဆရာတော်ရဲ့ ကပ္ပိယဒကာ ဦးဂျင်မီတို့ ဆက်ကပ်တာကို မေတ္တာပွားများဘုဉ်းပေးကြပါတယ်။ အလှူရှင်များက လာရောက်ဆက်ကပ်တယ်။ ကျောင်းအမကြီး ဒေါ်ခင်တင့်ရဲ့ တူမလည်းလာပြီး အချိုပွဲ ဆက်ကပ်ပါတယ်။ ဦးဂျင်မီက သူ့ဆရာတော်မရှိတဲ့အတွက် ဘာမှလိုလေသေးမရှိရအောင် အထူးကြောင့်ကြစိုက်ကာ စောင့်ရှောက်ပါတယ်။ တစ်ညတာကျိန်းစက်ခဲ့တဲ့ ရတနာဉာဏ်ရောင်ကျောင်းက ဒေလီးစီးတီးမြို့မှာ တည်ရှိပါတယ်။

ဒေလီစီးတီးမြို့လေးကတော့ မြန်မာနွယ်ဖွားတွေ ရေယာကျဉ်းကျဉ်းလေးထဲမှာ အများဆုံးစုဝေးနေထိုင်တဲ့ မြို့လေး တစ်မြို့ပေါ့။ အမေရိကန်ရှိ အခြား အခြားဒေသတွေမှာ မြန်မာနွယ်ဖွားတွေရှိတယ်ဆိုပေမယ့်လည်း ဒီဒေလီစီးတီးမြို့မှာလို တစ်ဦးနဲ့တစ်ဦး တစ်အိမ်နဲ့တစ်အိမ် ကပ်လျက်နေကြတာမျိုး မဟုတ်ပါဘူး။ ခပ်လှမ်းလှမ်း အဝေးတစ်နေရာဆီမှာ နေထိုင်တတ်ကြတာပါ။ ဒီဒေလီစီးတီးမြို့လေးမှာတော့ မြန်မာနွယ်ဖွားတွေက အိမ်ချင်းကပ်၊ လမ်းချင်းကပ်လျက် နေကြပါတယ်။ လမ်းတိုင်းမှာ မြန်မာပြည်ကလာတဲ့ အိမ်တစ်အိမ်တော့ အနည်းဆုံးရှိတယ်လို့ ပြောကြပါတယ်။ ဒီအကြောင်းကို ဘုန်းကြီး ပထမအကြိမ် အမေရိကန်ခရီးစဉ်

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်အထဲမှာလည်း လစ်တဲရန်ကုန် မြူသိုင်းခြံဆိုတဲ့ ခေါင်းစဉ်နဲ့ မှတ်တမ်းပြုခဲ့ဖူးပါတယ်။

ညနေ ၆ နာရီမှာတော့ ထေရဝါဒမေ့အသင်းရဲ့ ပင့်ဖိတ်ချက်အရ ၇ နာရီကနေ ည ၉ နာရီအထိ ဝိပဿနာသင်တန်းပေးပြီး လက်တွေ့အားထုတ်စေပါတယ်။ သိလိုသမျှမေးခွန်းများကိုလည်း ဖြေကြားခဲ့ပါတယ်။ မေတ္တာနန္ဒကျောင်းဆီကိုတော့ မောင်မိုးကျော်က ပြန်လည်လိုက်ပို့ပေးပါတယ်။ ၁၀ နာရီလောက်မှာ ကျောင်းပြန်ရောက်ပြီး ခေတ္တနားပြီး အနားယူခဲ့ပါတယ်။

## ဧပြီလ ၉ ရက်၊ ၂၀၀၉

နံနက်အရုဏ်ဆွမ်းကိုတော့ ဒကာမကြီး ဒေါ်ကြင်ရီပြင်ဆင်ဆက်ကပ်ပါတယ်။ မေတ္တာပွားဘုဉ်းပေးခဲ့ပါတယ်။ မိုးတွေရွာနေတဲ့အတွက် ဒီနေ့နည်းနည်းအေးပါတယ်။ စောင်ခြုံပြီး စာကြည့်နေခဲ့ပါတယ်။

၁၁ နာရီမှာ ရွှေမင်းဝံသာသနာ့ရိပ်သာမှာ ရဟန်းဝတ်ပြီး တရားအားထုတ်ခဲ့တဲ့ မောင်ကျော်မိုးသွင် ဇနီး မလွင်မာထွန်း သမီး မဝတ်ရည်သွန်းတို့ မိသားစုဆက်ကပ်တဲ့ မြန်မာဆန်ဆန် ဆွမ်း၊ ဆွမ်းဟင်းတို့ကို မေတ္တာပို့ကာ ဘုဉ်းပေးပြီး ရွှေမင်းဝံရိပ်သာမှာ ဆောက်လုပ်နေတဲ့ ခြောက်ထပ် သိမ်ကျောင်းတော်ကြီးအတွက် နဝကမ္မများကိုလည်း လှူဒါန်းကြ



ပါတယ်။ နေ့ပိုင်းမှာလည်း မိုးရွာနေလို့ အေးသလို ခံစားရပါတယ်။ စောင်ခြုံပြီး ဆရာမြသန်းတင့်ရေးတဲ့ တောင်သမန်ရွှေအင်းက လေညင်းဆော်တော့ဆိုတဲ့ မန္တလေးနန်းတွင်းရာဇဝင်ဝတ္ထုကြီးကို ဖတ်နေခဲ့တယ်။

ညနေပိုင်းမှာတော့ မောင်မိုးကျော်ရဲ့ ဦးလေးများဖြစ်ကြတဲ့ ဦးမြတ်သူ ဦးကြည်မျိုးတို့ ရဟန်းဝတ်ကြပြီး တရားစခန်းဝင်ကြမှာဖြစ်တဲ့အတွက် ဥပသမ္ပဒကံဆောင်ပေးတော်မူကြရပါတယ်။ ကံဆောင်သံဃာငါးပါးဖြစ်ပါတယ်။ နံနက် ၈ နာရီမှာ တရားစခန်းစတင်မှာဖြစ်တဲ့အတွက် ညအိပ်ယောဂီများလည်း အချို့ရောက်ရှိလာကြပြီဖြစ်ပါတယ်။ ည ၁၀ နာရီမှာ ရှုမှတ်မှုနှင့် အနားယူခဲ့ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာနန္ဒ သင်္ကြန် အထူးတရားစခန်း

**ဧပြီလ ၉ ရက်မှ ၁၆ ရက်အထိ**

၅ နာရီ အိပ်ရာထ၊ နေ့စဉ်ဝတ်ပြုနေကြလုပ်ငန်းများ လုပ်ပြီး ၆ နာရီမှာ အရုဏ်ဆွမ်းဘုဉ်းပေး။ အလှူရှင်များက တော့ ဘုန်းကြီးတို့ ရွှေမင်းဝံသာသနာ့ရိပ်သာရုံးခန်းမှာ တာဝန်ယူဆောင်ရွက်နေတဲ့ မမြတ်မြတ်လင်းရဲ့အဒေါ် မိသားစုများက ဆက်ကပ်ပါတယ်။ သံဃာတော်များ၊ ယောဂီများ အားလုံးကိုလည်း ဆက်ကပ်ပါတယ်။ မုန့်ဟင်းခါးနဲ့ အချိုပွဲ စုံစုံလင်လင်ပါပဲ။ အရုဏ်ဆွမ်းအလှူရှင်များဟာ မကြာမီက မှ မြန်မာပြည်က ရွှေမင်းဝံရိပ်သာကနေ ရဟန်း၊ သီလရှင်ဝတ် ပြီး ပြန်လာကြသူများလည်းဖြစ်ပါတယ်။

၈ နာရီမှာ သင်္ကြန်အထူးတရားစခန်းပွဲ စတင်ဖွင့်လှစ် ပါတယ်။ တရားဝင်ကြတဲ့ယောဂီအချိန်ပြည့်နဲ့ အချိန်ပိုင်း ၅၀ နီးပါးရှိပါတယ်။

ဘုန်းကြီးတို့ ပဌမအကြိမ် အမေရိကကို ရောက်ခဲ့ စဉ်ကလည်း ဒီမေတ္တာနန္ဒမှာပဲ ၅ ရက်တရားစခန်းဖွင့်ဖြစ်ခဲ့ပါ



တယ်။ အဲဒီတုန်းကတော့ အမေရိကနိုင်ငံရဲ့ ဖွန်လကုန်နဲ့ ဇူလိုင်လဆန်း၊ နွေပိုင်းမို့ ရာသီက နွေးနွေးထွေးထွေး၊ အချို့ အချိန်များမှာဆိုလျှင် နည်းနည်းပူတဲ့ဖက်ကိုတောင် ရောက် တယ်လို့ ပြောလို့ရပါတယ်။ ခုအကြိမ်မှာတော့ အမေရိကန် နိုင်ငံရဲ့ နွေဦးရာသီ။ စပရင်းအချိန်မှာပေါ့။ စပရင်းဆိုတော့ တစ်ဆောင်းလုံး ခိုက်ခိုက်တုန်အောင် အေးခဲတဲ့အအေးဓာတ် က မကုန်တတ်သေးတာကြောင့် နံနက်စောစောပိုင်းနဲ့ ညပိုင်း များမှာ သိသိသာသာ အအေးဓာတ်က ကဲနေဆဲ။ ဒါကြောင့် ယောဂီတွေ တရားထိုင်တဲ့ ဓမ္မာရုံလေးထဲမှာ ဟီတာဆိုတဲ့ အပူ ဓာတ်ပေးတဲ့ စက်တွေကို ဖွင့်ထားရတယ်။ ဘုန်းကြီးတို့ ပဌမ အကြိမ်ရောက်စဉ်ကတော့ ယောဂီများ ကျောင်းဆောင်အပေါ် ထပ်ပေါ်ရှိ ဘုရားခန်းမှာပဲ တရားထိုင်ကြရတယ်။

ခုတစ်ကြိမ်မှာတော့ ကျောင်းနောက်က မြေကွက်လပ် ထဲမှာ ဓမ္မာရုံလေး ဆောက်ထားတာမို့ ဒီထဲမှာပဲ တရားထိုင် တရားဟောလုပ်ကြပါတယ်။ ဓမ္မာရုံလေးက မေတ္တာနန္ဒမှာပဲ တနင်္ဂနွေညနေတိုင်း ပြုလုပ်နေကြ ဓမ္မသင်တန်းအတွက် ရည်ရွယ်ပြီး ယာယီပြုလုပ်ထားတာမို့ ခိုင်ခိုင်ခန့်ခန့်ကြီးတော့ မဟုတ်ပါဘူး။ သို့ပေမယ့် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နဲ့ စနစ်တကျပြုလုပ်ထားတာမို့ လင်းလင်းချင်းချင်းရှိပါတယ်။ ကျောင်းပေါ်မှာနဲ့စာလျှင် အတော်လေး ကျယ်ကျယ်ပြန့်ပြန့် ရှိတာမို့ ယောဂီ ၅၀ လောက် ချောင်ချောင်ချိချိ သက်သက်

www.burmeseclassic.com



သာသာ ထိုင်နိုင်ပြီ မို့ ပိုမိုအဆင်ပြေပါတယ်။ ဆရာတော်များ၊ ဒကာ ဒကာမများရဲ့ စွမ်းဆောင်မှုနဲ့ ခုလို ပိုမိုအဆင်ပြေလာတာပါ။

အထူးသဖြင့် တရားစခန်းရက်အတွင်းမှာ အားတက်သရော ကိုယ်တိုင်လည်း လုပ်အားဒါနပြုလုပ်ဆောင်ရွက်ကြတဲ့ လူငယ်များရဲ့ အခန်းကဏ္ဍဟာ ဒီဓမ္မာရုံ ကျောင်းဆောင်လေးဖြစ်ပေါ်လာစေရေးမှာ အဓိကနေရာက ပါဝင်တယ်ဆိုတာ သိရလို့မို့ သူတို့ကို အသိအမှတ်ပြုကာ ချီးကျူးရမှာပါ။

မေတ္တာနန္ဒဝိဟာရမှာ သီတင်းသုံးနေထိုင်ကြတဲ့ ဆရာတော်တွေကတော့ ဒေါက်တာဓမ္မပီယ၊ အရှင်ယောသိတာဘိဝံသ၊ အရှင်ဉာဏိကာဘိဝံသတို့ဟာ ပရိယတ္တိစာပေလည်း ကျွမ်းကျင်ကြ။ ကိုယ်တိုင်လည်း လက်တွေ့ကျကျ ဝိပဿနာတရားများကို အားထုတ်ထားကြသူများဖြစ်သလို တရားဟော တရားပြုလုပ်ငန်းများကိုလည်း လုပ်ဆောင်နေကြသူများ ဖြစ်ပါတယ်။ တရားသင်တန်းတွေ၊ တရားစခန်းတွေကိုလည်း ဦးစီးဦးဆောင်ပြုလုပ်ကာ ဆောင်ရွက်နေကြသူတွေမို့ သာသနာရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်တဲ့ စွမ်းအားရှိတဲ့ ဆရာတော်များပါ။

ပရိယတ္တိ ပဋိပတ္တိမှာသာမက ခေတ်နဲ့အညီ ခေတ်မှီတက္ကသိုလ်ကြီးများကို တက်ရောက်ကာ ခေတ်မှီပညာများကိုလည်း သင်ကြားတတ်မြောက်ထားသူများလည်းဖြစ်လို့



စွယ်စုံရ ဆရာတော်များလည်းပဲဖြစ်ပါတယ်။ သူတို့ရဲ့ စွမ်းရည်ရှိတဲ့အတိုင်း အပြည့်အဝ လုပ်ဆောင်နိုင်ကြဖို့ဆိုလျှင် ခုထက်ပိုမိုကျယ်ပြန့်တဲ့ အဆောက်အဦးနဲ့ နေရာမျိုးရှိရင် ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်လိမ့်မယ်လို့ထင်မိပါတယ်။

နေ့လယ်ဆွမ်းကိုတော့ မိခင်ကြီး ဒေါ်ဟယ်လင်လင်းကို အမှူးထားပြီး ဒေါ်မာဂရက်လင်း ဒေါ်ဒေစီလင်းတို့ မိသားစုက ဆက်ကပ်ပါတယ်။ စေတနာထက်သန်တဲ့ မိသားစုများရဲ့ အလှူကတော့ ဖွယ်ဖွယ်ရာရာပါပဲ။ ည ၇ နာရီမှာတော့ တရားစခန်းဝင်ယောဂီများကို သတိပဋ္ဌာန် အာနိသင်များအကြောင်းကို အားတက်ဖွယ်ဖြစ်အောင် ဟောကြားပေးခဲ့ပါတယ်။

မေတ္တာနန္ဒ သင်္ကြန်အထူးတရားစခန်းပွဲမှာ တရားစစ်၊ တရားလျှောက်တာတွေကို နေ့စဉ်လုပ်ဖြစ်ပါတယ်။ ယောဂီတွေ သိလိုတာများကိုလည်း ဖြေကြားပေးခဲ့ပါတယ်။ ည ၇ နာရီမှာတော့ တရားစခန်းဝင်ယောဂီများ၊ ပြင်ပကနေ လာရောက်နာယူကြတဲ့သူတွေအတွက်ပါ နေ့စဉ် တရားဟောပေးပါတယ်။ အချိန်ရှားပြီး မအားလပ်တဲ့ကြားက တရားစခန်းဝင်၊ တရားနာလာကြတဲ့သူတွေ အာတက်စေဖို့ အချိန်တိုင်းအကျိုးရှိအောင်နေ။ အချိန်ရှိခိုက် လုံ့လစိုက်။ တရားရကြောင်းအစွင့်ကောင်း။ သွား၊ လာ၊ စားရာ သတိပါ။ သတိပဋ္ဌာန်တရား အကျိုးများ။ ဝိပဿနာ ညစ်ညူးကြောင်း လွန်ဆေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တရားတို့ကိုလည်း ဟောပေးခဲ့ပါတယ်။

ဧပြီလ ၁၆ ရက်နေ့ နေ့လယ် ၁ နာရီမှာ တရားစခန်း သိမ်းပွဲကို ပြုလုပ်ပါတယ်။ တရားစခန်းပွဲ အောင်ပွဲမှာ မြန်မာ အမေရိကန် ဗုဒ္ဓဘာသာအသင်းရဲ့ နာယကကြီး ဦးခင်မောင် ကျော်ကနေပြီး ၇ ရက်တာ ကျင်းပခဲ့တဲ့ တရားစခန်းပွဲမှာ တရားပြသပေးတဲ့ ဘုန်းကြီးကိုရော၊ ဆွမ်းကွမ်းလှူဒါန်းခဲ့ ကြတဲ့ အလှူရှင်များ၊ ဝေယျာဝစ္စပြုလုပ်ကြတဲ့ လုပ်အား ဒါနရှင်များကို ကျေးဇူးတင်ပါကြောင်းနဲ့ ဓမ္မာရုံလေးအတွင်း မှာ ယောဂီတွေ ချမ်းချမ်းသာသာ တရားအားထုတ်နိုင်စေဖို့ လှူငယ်တွေကို စည်းရုံးကာ ခုလို ယာယီဓမ္မာရုံလေး ဖြစ်ပေါ် လာအောင် အားတက်သရော ဆောင်ရွက်ခဲ့တဲ့ အရှင်ဉာဏိ ကာဘိဝံသနဲ့ ပုံမှန်ဓမ္မ သင်တန်းဖြစ်မြောက်အောင် ဆောင် ရွက်နေကြတဲ့ ရတနာ့ဂုဏ်ရည် ဓမ္မစာပေသင်တန်း လှူငယ် များကို ကျေးဇူးတင်ပါကြောင်း ပြောသွားပါတယ်။

မြန်မာပြည်မှာရှိတဲ့ ငါးကျမ်းပြန် သာသနာ့ရိပ်သာရှိ ရာကျော်သော သာမဏေတွေရဲ့ စားဝတ်နေရေး ပညာရေး တာဝန်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာ့ပြု တက္ကသိုလ်မှာလည်း ပါမောက္ခတာဝန်၊ နာဂစ်မုန်တိုင်းဒဏ် ကြောင့် မိဘမဲ့ကလေးငယ်တွေအတွက် စောင့်ရှောက်ပျိုး ထောင်မှုတာဝန်၊ မလေးရှားနဲ့ စင်ကာပူရှိ တရားဘာဝနာ အားထုတ်လိုသူတွေအတွက် တရားပြသခြင်းတာဝန်တွေနဲ့



မအားလပ်အောင်ဖြစ်နေတဲ့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာရဲ့ ဆရာတော် ဒေါက်တာဓမ္မပီယလည်း မြန်မာပြည်ကနေ ပြန် ရောက်လာပြီမို့ တရားစခန်းသိမ်းပွဲကို တက်ရောက်ပါတယ်။

တရားစခန်းပွဲကို အစအဆုံး ဝင်ရောက်ကြတဲ့ ယောဂီ တွေနဲ့ နှစ်ရက်၊ သုံးရက် စသည် ရသလောက် ရက်ပိုင်းအတွင်း တရားစခန်းဝင်ရောက်ကြသူတွေလည်း စခန်းသိမ်းပွဲကို တက် ရောက်ကြပါတယ်။ ဒီနေ့တရားသိမ်းပွဲမှာတော့ ခြောက်ဆယ် ဝန်းကျင်လောက်ရှိမယ်ထင်ပါတယ်။ ဘုန်းကြီးများကိုလည်း နောက်နောင် အမေရိကန်နိုင်ငံကို ကြွရောက်ဖြစ်လျှင်ဖြင့် ခုလို ပဲ တရားစခန်းများဖွင့်လှစ်ကာ တရားပြသပေးပါရန်ကိုလည်း နာယကဒကာကြီးက လျှောက်ကြားသွားပါတယ်။ ကျန်းမာ ရေးစတဲ့ အကြောင်းပေါင်းညီညွတ်လျှင်ဖြင့် ကြွရောက်နိုင်ပါ လိမ့်မယ်ပေါ့။

မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာလေးက အမေရိကန် နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်မြောက်ပိုင်း၊ ဆန်ဖရန်စစ္စကို မြို့အနီးက ဖရီးမောင့်မြို့လေးရဲ့ အလယ်က စင်ထရယ်လမ်း မပေါ်မှာ တည်ရှိပါတယ်။ နှစ်ပေါင်း ၁၅၀ ကျော်ရှိတဲ့ ရှေး ဟောင်း သမိုင်းဝင်အဆောက်အဦး အိမ်တစ်အိမ်ကို ကျောင်း အဖြစ် ပြုလုပ်ထားတဲ့နေရာလေးပါ။ ဆိုက်ပရပ်လို့ခေါ်တဲ့ အမြဲစိမ်းသစ်ပင်တွေ ခြံရံကာ ခြံဝင်းထဲမှာလည်း စားသောက် ဖွယ် သစ်ပင်တွေ အစုံအလင်စိုက်ပျိုးထားတဲ့ ကျောင်းလေး

www.burmeseclassic.com

www.burmeseclassic.com



ဟာ မကျယ်ပြန့်ပေမယ့်လည်း စိမ်းစိမ်းစိုစို လန်းလန်းဆန်းဆန်း သန့်သန့်ရှင်းရှင်းလေးမို့ စိတ်ကြည်နူးချမ်းမြေ့စရာ နေရာလေး တစ်ခုပါ။

ကျောင်းရဲ့ရှေ့ လမ်းမဘေးမှာ အလွန်မြင့်မားတဲ့ ထန်းပင်ကြီးနှစ်ပင်ရှိလို့ အနီးအနားမြို့ရွာများမှာ နေထိုင်ကြတဲ့ မြန်မာနွယ်ဖွား မိသားစုဝင်များကတော့ ထန်းနှစ်ပင်ကျောင်းလို့ မြန်မာဆန်ဆန်ပဲ ခေါ်ကြပါတယ်။ မေတ္တာနန္ဒ ဆိုတဲ့ နာမည်ထက် ဒီထန်းနှစ်ပင်ကျောင်းဆိုတဲ့နာမည်က ပိုပြီးလည်းထင်ရှားပါတယ်။

တရားစခန်းပွဲတွေကိုလည်း ပုံမှန်ကျင်းပ၊ မြန်မာပြည်ကနေ ကြွရောက်လာကြတဲ့ ဆရာတော်များရဲ့ တရားပွဲတော်တွေကိုလည်း မပြတ်ကျင်းပကာ ဓမ္မသင်တန်းတွေမှာလည်း သင်တန်းသားတွေ လေးငါးဆယ်ဝန်းကျင်ရှိတဲ့ ဒီမေတ္တာနန္ဒ ဝိဟာရ ဓမ္မရိပ်သာလေးဟာ ပြည်ပနိုင်ငံများရှိ မြန်မာ ဘုဉ်းတော်ကြီးကျောင်းများထဲမှာတော့ အောင်မြင်မှုရှိတဲ့ ဘုဉ်းတော်ကြီးကျောင်းတွေထဲမှာ တစ်ကျောင်းအပါအဝင်ဖြစ်တယ်လို့ဆိုလျှင် မှားမယ်မဟုတ်ပါဘူး။ ဆရာတော်တွေ ကျန်းမာ ချမ်းသာစွာနဲ့ သာသနာ့တာဝန်ကို ပိုမိုဆောင်ရွက်နိုင်ပါစေကြောင်းကို ဘုန်းကြီးများအနေနဲ့လည်း မေတ္တာပွားများခဲ့ပါတယ်။

◆ ◆ ◆

## ကိုယ့်ယာဉ် ကိုယ်စီး၊ ကိုယ့်ခရီး ကိုယ်သွား

မေတ္တာနန္ဒဝိဟာရက တရားစခန်းသိမ်းပွဲအပြီးမှာတော့ နောက်ရက်မနက်ကစလို့ သုံးရက်တာ တရားစခန်းကျင်းပမယ့် ဟာ့မွန်ပေးမြို့ ဓမ္မာနန္ဒဝိဟာရကျောင်းကို ကြွပါတယ်။ မေတ္တာနန္ဒမှာ ၇ ရက်စခန်းဝင်ခဲ့ကြတဲ့ အချို့ယောဂီများလည်း ဆက်လက်ရှုမှတ်ပွားများရန်အတွက် ဓမ္မာနန္ဒ ကျောင်းကို သီးသန့်ကားနဲ့ သွားကြပါတယ်။ ဓမ္မာနန္ဒဝိဟာရ ၏ ကျယ်ဝန်းအေးချမ်းလှတဲ့အာဝါသကို နားခိုလိုက်ရရင်ဘဲ ဘုန်းကြီးရဲ့ရင်ထဲမှာ "အရှေ့အရပ်က လင်းလက်ခဲ့တဲ့ ကြယ်တစ်ပွင့်ဟာ အနောက်အရပ်မှာ ကြွေခပျောက်ကွယ် သွားရတာပါလား"ဟု နှမြောတသလွမ်းဆွတ်မိပါတယ်။ ကိုယ့်ယာဉ် ကိုယ်စီး၊ ကိုယ့်ခရီး ကိုယ်သွားနေကြတဲ့ သတ္တဝါတိုင်းဟာ ကံစီမံရာပါပဲ။ "အို–နာ–သေ– တွင်း၊ လူတိုင်းဆင်း ငြင်း၍မရပါတကား" လွန်ဆန်လို့မရတဲ့ သဘာဝတရားကိုက အမှန်ပဲလေ.....။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာနန္ဒဝိဟာရကတော့ စံလွန်တော်မူသွားပြီဖြစ်တဲ့ မဟာစည်သြဝါဒစရိယ (ပြည်ပ) ဆရာတော် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ ဦးစီးတည်ထောင် သီတင်းသုံးသွားခဲ့တဲ့ကျောင်း ဖြစ်ပါတယ်။ မဟာစည်ဆရာတော်ကြီး အစဦး ပြည်ပခရီး ကြွချီစဉ်ကတည်းက ဆရာတော်ဘုရားကြီးနှင့်အတူ လိုက်ပါသွားခဲ့တဲ့ ဆရာတော်ကြီးပေါ့။ ပရိယတ်၊ ပဋိပတ်အပြင် ဘာသန္တရလည်း ကျွမ်းကျင်တော်မူလို့ ဘုန်းကြီးတို့ သာသနာ့လောကမှာ လေးစားအားထားရတဲ့ ဆရာတော်ကြီးတစ်ပါး ဖြစ်ပါတယ်။ ဆရာတော်စံလွန်တော်မူသွားတာဟာဖြင့် ဗုဒ္ဓသာသနာ ပြည်ပနိုင်ငံများကို ပျံ့နှံ့အောင် ဆောင်ရွက်ရေးမှာ ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခုပါပဲ။

လောလောဆယ် ဓမ္မာနန္ဒမှာ ဆရာတော်ဦးဇောတာလင်္ကာရ၊ ဆရာတော် ဦးသြသဓနဲ့ ဦးခမာဝုဓတို့ သီတင်းသုံးနေကြပါတယ်။ သက်တော်ရှည် ဆရာတော်ကြီးတစ်ပါးဖြစ်တဲ့ ဆရာတော် ဦးသောဘဏကတော့ သက်ကြီးဂေဟာမှာ ယာယီကြွရောက်ကာ သီတင်းသုံးနေပါတယ်။ ဒါကြောင့် မဖူးတွေ့ခဲ့ရပါဘူး။ ဆရာတော် ဦးဇောတာလင်္ကာရ၊ ဦးသြသဓတို့နဲ့ ဘာသာရေး သာသနာရေး ဆွေးနွေးပြောဆိုကြပြီး အနားယူပါတယ်။



ဧပြီလ ၁၇ ရက်၊ ၂၀၀၉

၄း၃၀ နာရီ အိပ်ရာမှထ ပြုဖွယ်ကိစ္စများ ပြုလုပ်ဆောင်ရွက်။ ကျောင်းရှိ သံဃာတော်များနဲ့အတူ ဘုရားဝတ်တက်၊ တရားရှုမှတ် မေတ္တာပွားကြပါတယ်။

၆ နာရီမှာ အလှူရှင်များ လှူဒါန်းဆက်ကပ်တဲ့ အရုဏ်ဆွမ်းကို ဆရာတော် ဦးဇောတာလင်္ကာရ၊ ဦးသြသဓ၊ ဦးခမာဝုဓတို့နဲ့အတူ မေတ္တာပွားများပြီး ဘုဉ်းပေးကြပါတယ်။

နံနက် ၈ နာရီမှာ အထူးတရားစခန်းပွဲ စတင်ဖွင့်လှစ်ပါတယ်။ တရားစခန်းဝင်ယောဂီ အချိန်ပြည့်နဲ့ အချိန်ပိုင်း ၃၀ ကျော်ခန့်ရှိပါတယ်။

တရားစခန်းဝင်ယောဂီများကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဥပနိဿအတိုင်း သတိပဋ္ဌာန် ၄ ပါး ရှုပွားအားထုတ်ပုံ အလုပ်ပေးတရားကို ဟောကြားပြီး တရားစခန်းကို ဖွင့်လှစ်ပေးပါတယ်။

နေ့လယ် ၁၁ နာရီမှာ အလှူရှင်များ လှူဒါန်း ဆက်ကပ်တဲ့ နေ့ဆွမ်းကို ကျောင်းရှိ ဆရာတော်များနဲ့အတူ မေတ္တာပွားများပြီး ဘုဉ်းပေးကြပါတယ်။

နေ့လယ် ၁၂ နာရီမှစပြီး တရားစခန်းမဝင်မီ အချိန်နဲ့တပြေးညီ ထိုင်ကမ္မဋ္ဌာန်း၊ စင်္ကြန်ကမ္မဋ္ဌာန်းများကို မပြတ်ရှုမှတ်ပွားများ အားထုတ်နေကြပါတယ်။

၃ နာရီအချိန်မှာတော့ ဓမ္မသာကစ္ဆာ မိမိတို့ ရှုမှတ်

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်လို့ တွေ့သိထားတဲ့ တရားနဲ့စပ်ပြီး မရှင်းလင်းတာများကို ဆွေးနွေးမေးမြန်းလျှောက်ထားမှုကို ဖြေကြားပေး ညွှန်ကြားပေးပါတယ်။ ည ၇ နာရီမှာတော့ တရားစခန်းဝင် ယောဂီများနှင့် အပြင်မှ တရားနာယောဂီတို့အား မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်တဲ့အတွက် နှစ်သစ်မင်္ဂလာတရားကို ဟောကြားပေးပါတယ်။ တရားနာပရိသတ် ၄၀ ကျော် ၅၀ ခန့် လာရောက်တရားနာကြားကြပါတယ်။

၉:၃၀ နာရီမှာ အနားယူပါတယ်။

ဧပြီလ ၁၈ ရက်၊ ၂၀၀၉

နံနက် ၄:၃၀ နာရီ အိပ်ရာထ။ ပြုဖွယ်ကိစ္စများ ပြု၊ ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များနှင့်အတူ ဘုရားဝတ်တက်။ ပရိတ်ရွတ်၊ တရားရှုမှတ် မေတ္တာပွားများကြပါတယ်။

နံနက် (၆) နာရီမှာ ကျောင်းရှိဆရာတော်များနဲ့အတူ အလှူရှင်များကပ်လှူတဲ့ အရုဏ်ဆွမ်းကို မေတ္တာပွားပြီး ဘုဉ်းပေးကြပါတယ်။

အရုဏ်ဆွမ်းဘုဉ်းပေးအပြီးမှာတော့ ဦးခမာဝုဓနဲ့အတူ ဓမ္မာနန္ဒဝိဟာရနဲ့ မနီးမဝေးရှိတဲ့ ပင်လယ်ကမ်းခြေကို သွားပြီး လမ်းလျှောက်ရင်း ပြည်ပသာသနာရေး၊ ဘာသာရေးကိစ္စများကို မေးမြန်းဆွေးနွေးဖြစ်ကြပါတယ်။



နံနက် ၈ နာရီမှာ တရားစခန်းဝင်ယောဂီများအား သတိပဋ္ဌာနသုတ္တန်မှာလာတဲ့ စင်္ကြံအမှတ်တရား ရှုမှတ်အားထုတ်ပုံကို လက်တွေ့ရှုမှတ်တတ်အောင် ဟောကြားပေးပါတယ်။

(၁၁) နာရီမှာ နေ့ဆွမ်းအလှူရှင်များ လှူဒါန်းဆက်ကပ်တဲ့ ဆွမ်းကို ကျောင်းသံဃာတော်များနဲ့အတူ မေတ္တာပွားပြီး ဘုဉ်းပေးကြပါတယ်။

တရားစခန်းဝင်ယောဂီများကတော့ နေ့ဆွမ်းဘုဉ်းပေးပြီး ခေတ္တနားပြီး ၁၂ နာရီအချိန်မှစပြီး ထိုင်လျက် စင်္ကြံလျှောက်လျက်ဖြင့် အချိန်နဲ့တပြေးညီ ည ၉ နာရီထိအောင် မပြတ်ရှုမှတ်ပွားများအားထုတ်ကြပါတယ်။

၃ နာရီအချိန်မှာ တစ်နေ့တာ အားထုတ်ထားမှုနဲ့ စပ်ပြီး မရှင်းလင်းတာသိလိုတာများကို ဖြေကြားပေး ရှင်းလင်းညွှန်ကြားပေးရပါတယ်။

၇ နာရီမှာ တရားစခန်းဝင်ယောဂီများနှင့် အပြင်မှ အချိန်ပိုင်းတရားအားထုတ်ကြတဲ့ ယောဂီများအား အချိန်ကို အကျိုးရှိအောင်နေတတ်ဖို့အတွက် ကာလသုတ္တန်တရားတော်ကို ဟောကြားပေးပါတယ်။ တရားနာပရိသတ် ၅၀ ခန့် တရားနာကြားကြပါတယ်။

ည ၉:၃၀ နာရီမှာ အနားယူပါတယ်။

www.burmeseclassic.com

ဧပြီလ ၁၉ ရက်၊ ၂၀၀၉

၄း၃၀ နာရီ အိပ်ရာထ။ ပြုဖွယ်ကိစ္စများပြု။ ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များနဲ့အတူ ဘုရားဝတ်တက်။ ပရိတ်ရွတ်၊ တရားရှုမှတ် မေတ္တာပွားများကြပါတယ်။

နံနက် ၆ နာရီမှာ အလှူရှင်များ လှူဒါန်းတဲ့ ဆွမ်းကို ကျောင်းရှိ ဆရာတော်များနဲ့အတူ မေတ္တာပွားပြီး ဘုဉ်းပေးကြပါတယ်။

၈ နာရီမှာတော့ တရားစခန်းဝင်ယောဂီများအား သတိပဋ္ဌာနသုတ္တန်မှာလာတဲ့ လုပ်ငန်းစဉ်တရားများကို ဟောကြားပေးပါတယ်။

တရားဟောအပြီးမှာ ဦးခမာဝုဓနဲ့အတူ ကျယ်ဝန်းလှတဲ့ ကျောင်းဝင်းထဲမှာ လမ်းလျှောက်ရင်းနဲ့ ဆောက်လုပ်နေဆဲဖြစ်တဲ့ ဆွမ်းစားကျောင်းအတွင်းဝင်ပြီး လေ့လာကြည့်ပါတယ်။ ကျယ်ဝန်းတဲ့တရားခန်းမရယ်၊ သံဃာတော်များ ဆွမ်းစားခန်းနှင့် ယောဂီများဆွမ်းစားခန်းများ၊ ဆွမ်းပြင်ဆောင် ဆွမ်းချက်ဆောင်များ၊ သန့်စင်ခန်းများ စသည့် သပ်ရပ်သော အခန်းများနဲ့ ဖွဲ့စည်းတည်ဆောက်ထားတယ်။ အပေါ်ထပ်မှာလည်း ယောဂီ (၂၀) ခန့်နေရန် အိပ်ခန်းဆောင်များနဲ့ ဖွဲ့စည်းထားတယ်။ စံလွန်တော်မူသွားတဲ့ ဆရာတော်ကြီး ဦးသီလာနန္ဒာဘိဝံသ အထိမ်းအမှတ်ကျောင်းတော်ကြီးအဖြစ် ဆောက်လုပ်တာဖြစ်ကြောင်းကို ဦးခမာဝုဓက ပြောပြပါတယ်။



၁၁ နာရီမှာ စေတနာရှင်များလှူဒါန်းတဲ့ ဆွမ်းကို ကျောင်းသံဃာများနဲ့အတူ မေတ္တာပွားများပြီး ဘုဉ်းပေးကြပါတယ်။

နေ့လယ် ၂ နာရီမှာ ဓမ္မသာကစ္ဆာ တရားဆွေးနွေးမေးမြန်းမှုများကို ဖြေကြားပေးရပါတယ်။

ဟာမွန်းပေးမြို့ ဓမ္မာနန္ဒဝိဟာရကျောင်း၏ ၃ ရက်တရားစခန်းဟာ ယနေ့ပြီးဆုံးပြီဖြစ်တဲ့အတွက် တရားစခန်းသိမ်းပွဲကို ညနေ ၃း၃၀ နာရီမှာ စတင်ပါတယ်။

ဘုန်းကြီးမှ သီလချီးမြှင့်ပြီး ဆရာတော် ဦးဓေတာလင်္ကာရမှ ဩဝါဒအနည်းငယ်ချီးမြှင့်ပါတယ်။ ဦးဩသဓမှလဲ ဝမ်းမြောက်စကားပြောကြားပြီး နောက်တရားစခန်းများကိုလည်း လာရောက်အားထုတ်ကြဖို့ ဖိတ်မန္တကပြုပါတယ်။

နောက်ဆုံးအနေနဲ့ အပါယ်ဘေးငြိမ်းခွင့် ဉာဏ်အဆင့်အသင့်ရောက်ပါစေဆိုတဲ့ တိုက်တွန်းတရားတော်ကို ဟောကြားပြီး ၃ ရက်တိုင်တိုင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေအအေးနဲ့ တရားနာသူများကို အာဟာရဒါနပြုကြတဲ့ ဒါနကုသိုလ်၊ စောင့်ထိန်းကြတဲ့ သီလကုသိုလ်၊ ပွားများကြတဲ့ ဘာဝနာကုသိုလ်တွေ၊ တရားစခန်းပြီးဆုံးသည်အထိ ဆောင်ရွက်ကြတဲ့ ဝေယျာဝစ္စကုသိုလ် အစုစုတွေကို ရေစက်သွန်းချအမျှပေးဝေကာ တရားစခန်းကို အောင်မြင်စွာ ပိတ်သိမ်းပေးခဲ့ပါတယ်။

www.burmeseclassic.com



တရားစခန်းသိမ်းပြီဖြစ်တဲ့အတွက် ယောဂီများလည်း တရားစခန်းမှာ မိတ်ဆွေဟောင်းတွေ ဆုံတွေ့ကြရလို့ ဝမ်းမြောက် ဝမ်းသာစကားပြောကြ၊ နှုတ်ခွန်းဆက်ကြပြီးတော့လည်း ကိုယ့်အိတ်ကိုယ်ဆွဲ၊ ကိုယ့်ကား ကိုယ်မောင်းပြီး အသီးအသီး ကိုယ့်နေရာ ကိုယ်ပြန်သွားကြတယ်။ ဘဝသံသရာဆိုတာ ဒီလိုပါပဲလေ။ တွေ့ကြ ဆုံကြ ခွဲခွာကြနဲ့ မဆုံးနိုင်တဲ့ ခရီးရှည်ကြီးလျှောက်လှမ်းနေကြရသလိုပါပဲ။ ကိုယ့်ယာဉ် ကိုယ်စီး၊ ကိုယ့်ခရီး ကိုယ်သွားပေါ့။

ဘုန်းကြီးလည်း ရှေ့ခရီးဆက်ရဦးမှာဆိုတော့ ဆရာတော် ဦးဓေါတာလင်္ကာရအား ကန်တော့နှုတ်ဆက်ပြီး ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း လျှောက်ထားတဲ့အခါ ဆရာတော်မှ နောင်လည်း အမေရိကန်နိုင်ငံ ကာလီဖိုးနီယားပြည်နယ် ဆန်ဖရန်စစ္စကိုရောက်တိုင်း ဟာမွန်ဗေးမြို့ ဓမ္မာနန္ဒဝိဟာရမှာ ကြွရောက်ပြီး တရားဟော တရားပြသပါရန် မိန့်ကြားတော်မူပါတယ်။ မိမိကိုယ်တိုင်လည်း မြန်မာနိုင်ငံ မဟာစည် သာသနာ့ရိပ်သာမှာ ရက်ရှည်အားထုတ်ခဲ့ပုံများကိုလည်း ဆရာတော်မှ မိန့်ကြားပါတယ်။

တိုက်အုပ်ဆရာတော် ဦးဩသဓနဲ့ ဦးခမာဝုဓတို့ကိုလည်း တရားစခန်းအောင်မြင်အောင် ကူညီပံ့ပိုးကြတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း မြန်မာနိုင်ငံရောက်ရင်လည်း ရွှေမင်းဝံသာသနာ့ရိပ်သာသို့ ကြွရောက်ပါရန် ဖိတ်



မန္တကပြုပါကြောင်း ပြောကြား နှုတ်ဆက်ပြီး တပည့်မောင်မိုးကျော် လာကြိုတဲ့ကားနဲ့ ဒေလီစီးတီး ထေရဝါဒဓမ္မအသင်းရဲ့ ပင့်လျှောက်ချက်အရ သင်တန်းခန်းမသို့ ၆း၃၀ မှာ အရောက်ကြွရောက်ပြီး ၇း၀၀ နာရီမှစပြီး သတိပဋ္ဌာန် ဝိပဿနာရှုမှတ်အားထုတ်ပုံ အားထုတ်နည်းများ ဟောကြားသင်ပြပေးပြီး လက်တွေ့ ၁း၀၀ နာရီ အားထုတ်စေပါတယ်။ မိနစ် ၃၀ ခန့် သိလိုသမျှမေးခွန်းများကို ဖြေကြားပေးပါတယ်။ ဝိပဿနာသင်တန်းတက်ရောက်အားထုတ်သူ ၅၀ ကျော်ခန့်ရှိပါတယ်။ တပည့်မောင်မိုးကျော်မှ မေတ္တာနန္ဒဝိဟာရသို့ လိုက်ပို့ပါတယ်။ ၁၀ နာရီခန့်လောက်မှ ကျောင်းပြန်ရောက်ပါတယ်။

## ဧပြီလ ၂၀ ရက်၊ ၂၀၀၉

နံနက် ၅ နာရီမှာ အိပ်ရာထ နေ့စဉ်ပြုနေကြပြု။

နံနက် ၆ နာရီမှာ ဒေါ်ကျင်ရီနဲ့ အလှူရှင်များကပ်လှူတဲ့ အရုဏ်ဆွမ်းကို မေတ္တာပွားပြီး ကျောင်းသံဃာများနဲ့အတူ ဘုဉ်းပေးပါတယ်။

ဘုဉ်းပေးအပြီးမှာတော့ လမ်းလျှောက်ပြီးသားလည်း ဖြစ် အမှိုက်သရိုက်များလည်း ရှင်းလင်းပြီးဖြစ်အောင် ကျောင်းဝင်းထဲမှာ တံမြက်လှည်းကုသိုလ်ယူပါတယ်။

နေ့လယ် ၁၁ နာရီမှာ ကုသိုလ်ရှင်များလှူဒါန်းကြတဲ့ ဆွမ်းဘောဇဉ်များကို ဦးဓမ္မပိယ၊ ဦးဉာဏိက၊ ဦးအက္ကရ

www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့အတူ မေတ္တာပွားများကာ ဘုဉ်းပေးကြပါတယ်။

နေ့ပိုင်းမှာတော့ စာကြည့်ခန်းတွင်း ဝင်ပြီး စာကြည့်ရင်းနဲ့ အချိန်ကိုကုန်လွန်စေခဲ့ပါတယ်။

ညပိုင်းမှာတော့ မနေ့ကလို ထေရဝါဒ ဓမ္မအသင်းမှာကြွပြီး ဝိပဿနာရှုနည်း သင်တန်းပေးပြီး လက်တွေ့ ၁း၀၀ နာရီအားထုတ်ခါ မေးမြန်းသမျှ ရှင်းလင်းဖြေကြားပေးပြီး ၁၀ နာရီမှာ ပြန်လာခဲ့ပါတယ်။ သင်တန်းသား ၅၀ ကျော်၊ ၆၀ ခန့် ရှိပါသည်။ မေတ္တာနန္ဒသို့ ၁၁ နာရီပြန်ရောက် အနားယူပါတော့သည်။

၂၁.၄.၀၉ မှ ၂၃.၄.၀၉ ထိ ရက်များမှာတော့ အမေရိကန်နိုင်ငံ အနောက်ဘက်ခြမ်းမှ အရှေ့ဘက်ခြမ်းဖြစ်တဲ့ ဝါရှင်တန်၊ နယူးယောက်၊ နယူးဂျာစီ၊ မက်ဆာချူးဆက် စတဲ့ ပြည်နယ်များဆီသို့ ဓမ္မဒူတခရီးဆက်ရတော့မှာဖြစ်တဲ့အတွက် မေတ္တာနန္ဒဆရာတော် ဒေါက်တာဓမ္မပီယ ဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံက လူငယ်ပရဟိတလုပ်ငန်းများနဲ့ သာမဏေငယ်တစ်ရာကျော်ခန့် လက်ခံပြီး လောကီအတန်းစာများနဲ့ လောကုတ္တရာစာပေတွဲပြီး သင်ကြားပေးတဲ့ နိုဗြောဓသာမဏေ စီမံကိန်းရဲ့ အောင်မြင်မှုအခြေနေများကို ဆွေးနွေးမေးမြန်း အကြံပြုပြောကြားဖြစ်ပါတယ်။

ရောက်သင့်ရောက်ထိုက်တဲ့ နေရာများကိုလည်း ဦးဉာဏိကာဘိဝံသမှ ကိုယ်တိုင်ကားမောင်းပြီး လိုက်ပါပို့



ဆောင်ပေးတဲ့အတွက် တော်တော်စုံနေပါပြီ။ မြန်မာပြည်မှ ရွှေတောင်ကုန်း ဆရာတော်ကြီးကိုယ်တိုင် ကြွရောက်ပြီး တရားပြသရာဌာနဖြစ်တဲ့ ဆန်ဟိုးဆေးမြို့က တထာဂတ ရိပ်သာကိုလည်း သွားရောက်လေ့လာဖြစ်ခဲ့ပါတယ်။ ရိပ်သာကြီးတစ်ခုရဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ဌာနကြီးတစ်ခုပါ။ အနောက်ဘက်နိုင်ငံတွေမှာ ဘုန်းကြီးရောက်ဖူးလေ့လာဖူးခဲ့သမျှထဲမှာတော့ တထာဂတရိပ်သာဟာ အပြည့်စုံဆုံးပါ။

ကျောင်းဝင်းလည်းကျယ်တယ်။ ဆိတ်ငြိမ်မှုလည်းရတယ်။ ကျောင်းများကိုလည်း သူ့နေရာနှင့်သူ တည်ဆောက်ထားတယ်။ ဆရာတော်ကြီး သတင်းသုံးဖို့ စံကျောင်းတော်၊ ယောဂီသံဃာဆောင်၊ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်၊ တရားစုပေါင်းအားထုတ်ရာ ဓမ္မာရုံကြီး၊ ဆွမ်းစားဆောင်၊ ဆွမ်းချက်ဆောင်၊ စာကြည့်တိုက်မှစလို့ အားလုံးပြည့်စုံတဲ့ ရိပ်သာဌာနကြီးတစ်ခုဖြစ်ပါတယ်။

တထာဂတဂရိပ်သာရဲ့ တာဝန်ခံဆရာတော် ဦးပညာဒီပလည်း မြန်မာနိုင်ငံကို ခေတ္တပြန်ကြွနေတဲ့အတွက် မတွေ့ခဲ့ရပါ။ လက်ထောက်ဆရာတော်လေး ဒေါက်တာကဝိန္ဒကပဲ အစစအရာရာ ဆောင်ရွက်နေပါတယ်။

ရိပ်သာကြီးရဲ့ ဆောင်ရွက်ချက်များကိုလည်း ရှင်းပြပါတယ်။ ကျောင်းဆောင်အသီးသီးကိုလည်း လိုက်ပြပေးပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒေါက်တာကဝိန္ဒရေ... အားလုံးကို လိုက်လံရှင်းပြတဲ့ အတွက် ကျေးဇူးပါ။

အားလပ်ချိန်များမှာတော့ စာကြည့်ခန်းထဲဝင်ပြီး ကြည့်လိုရာစာအုပ်များ ကြည့်၊ မှတ်လိုရာများကိုလည်း ရေးမှတ်ရင်းနဲ့ အချိန်ကုန်လွန်စေပါတယ်။

ကျောင်းတိုက်အတွက် အသုံးဝင်မည့်စက်ပစ္စည်းများနဲ့ မိမိ ဓမ္မဂုဏ်ရည်ပြ ပြည်ပခရီးကြွနေစဉ် ကျောင်းတိုက်တာဝန်များကို ဘုန်းကြီးကိုယ်စား ကျေပြွန်စွာ ဆောင်ရွက်စောင့်ရှောက်နေကြတဲ့ တပည့်ဝန်ဆောင်သံဃာများ ချီးမြှောက်ဖို့ အသံဖမ်းလို့ရ ဖွင့်ပြီးနားထောင်လို့ရတဲ့ စက်ပစ္စည်းများကို ရွှေမင်းဝံ သာသနာ့ရိပ်သာသို့ ပို့ဆောင်ပေးနိုင်ရန် ရဟန်းဒကာ ရဟန်းအမများဖြစ်ကြတဲ့ ဦးကြည်မျိုး ဒေါ်ကြည်ကြည်လွင်၊ သမီး မယဉ်ယဉ်နွယ်တို့ မိသားစုများက ဘုန်းကြီးအရင် မြန်မာနိုင်ငံ ပြန်ကြွမှာဖြစ်တဲ့အတွက် ယူနိုင်သမျှယူဆောင်သွားနိုင်ရန် ပေးအပ်ပြီး ကျန်တဲ့ပစ္စည်းများကို တပည့်မောင်မိုးကျော်မှ တာဝန်ယူပို့ပေးမည်ဖြစ်တဲ့အတွက် စိတ်ပူစရာမလိုတော့ပါ။

အားလပ်ချိန်များမှာတော့ ဆရာတော် ဒေါက်တာဓမ္မပိယ၊ ဦးဉာဏိကာဘိဝံသ၊ ဦးအကုံရ တို့နဲ့အတူ ပြည်တွင်းပြည်ပ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးလုပ်ငန်းများ ဘယ်လိုတိုးတက်အောင်၊ ကြီးပွားအောင် ဆောင်ရွက်ကြရင်



ကောင်းမလဲဆိုတဲ့ မေးခွန်းကို အကျေအလည် ဆွေးနွေးပြောကြားဖြစ်ပါတယ်။

မိမိတို့အားလုံးဟာ ကိုယ့်ရေမြေမှာ သာသနာ့ဝန်ကို အမြဲထမ်းရွက်နေချင်ကြပေမယ့် ဘုရားရှင်၏အလိုတော်ကျ တရားဓမ္မတွေကို ဖြန့်ချီပေးရမယ့်တာဝန်ကရှိနေလေတော့ ဘာသာ သာသနာအတွက် ပြည်ပထွက်ပြီး ပင်ပန်းဆင်းရဲမှုကို ပဓာနမထားဘဲ ကြိုးစားနေကြတာမဟုတ်ပါလား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အနောက်ဖျား ပစိဖိတ်ကမ်းခြေမှသည် အရှေ့ဘက် အတ္တလန်တိတ်ကမ်းဆီသို့

ဧပြီလ ၂၄ ရက်၊ ၂၀၀၉

ဒီနေ့နံနက် အရုဏ်ဆွမ်းကို ဒကာမကြီး ဒေါ်ကြင်ရီက ပြင်ဆင်ဆက်ကပ်ပါတယ်။ ဒီအမေရိကမှာက အများစုက တနင်္လာကနေ သောကြာနေ့အထိ အလုပ်လုပ်ကြရတာ။ ဒါကြောင့် ဆွမ်းကိုလည်း ညဦးကတည်းက လာရောက်ပို့ထားကြတာ။ ကျောင်းမှာ ကပ္ပိယရှိတယ်ဆိုလျှင်လည်း ကပ္ပိယက ပြင်ဆင်ဆက်ကပ်၊ ကပ္ပိယမရှိလျှင်လည်း ရဟန်းတော်များကိုယ်တိုင်ပြင်ဆင်ဘုဉ်းပေးကြရပါတယ်။

ဘုန်းကြီးတို့လို အာဂန္တုဆရာတော်များကြွရောက်လာတဲ့အခါများမှာတော့ အဆင်ပြေအောင်ဆိုပြီး အနည်းငယ်အချိန်ရတဲ့သူများကို ဝေယျာဝစ္စပြုလုပ်နိုင်အောင် ဖိတ်ကြားထားရပါတယ်တဲ့။ ခုလည်း ဘုန်းကြီးတည်းခိုနေစဉ် တစ်လျှောက်လုံးမှာတော့ ဒကာမကြီး ဒေါ်ကြင်ရီရှိနေတော့ အရုဏ်ဆွမ်းကိုအများဆုံးသူကပဲ ပြင်ဆင်ဆက်ကပ်ပါတယ်။ နေ့လယ်



ဆွမ်းကိုတော့ အပြင်ကြွတဲ့အခါ ကြွ၊ မကြွဖြစ်လျှင်လည်း အလှူဦးသင့်သလို လာရောက်ဆက်ကပ်ကြလို့ ဒေါ်ကြင်ရီ နားနိုင်ပါတယ်။

သို့ပေမယ့် အမြဲတမ်း သီတင်းသုံးတဲ့ ဆရာတော်များအနေနဲ့တော့ များသောအားဖြင့် အစစအရာရာ ကိုယ်တိုင်လုပ်ကြရပါတယ်။ ကျောင်းတိုင်းမှာက ဝေယျာဝစ္စပြုလုပ်ပေးတဲ့သူဆိုလို့ ပုံမှန်မရှိတတ်ပါဘူး။ ရေးကထက်စာလျှင် မြန်မာပြည်ကလာတဲ့သူတွေ များလာတယ်ဆိုပေမယ့်လည်း မြန်မာပြည်မှာလို အချိန်အားနေသူတွေ၊ ကျောင်းမှာ အမြဲနေပြီး ဝေယျာဝစ္စဆောင်ရွက်နိုင်သူဆိုတာကို ရနိုင်ဖို့က မလွယ်ကူလှသေးပါဘူး။ ပြည်ပသာသနာပြုလုပ်ငန်းဆိုတာ သိပ်ပြီး လွယ်ကူလှတာတော့ မဟုတ်ပါဘူး။

ပြည်ပမှာ သီတင်းသုံးနေထိုင်ကြတဲ့ ဆရာတော်တွေက ဦးဆောင်စီစဉ်ကြလို့သာ ဘုန်းကြီးတို့လည်း ခုလိုအဆင်ပြေပြေ တရားပြသနိုင်တဲ့ အလုပ်ကို လုပ်နိုင်တာပါ။ ဘုန်းတော်ကြီးကျောင်းတွေမရှိလို့ ခန်းမတွေ ငှားရမ်းပြီး တရားစခန်းတွေ ပြုလုပ်ကြရမယ်ဆိုရင် သိပ်ပြီးလွယ်ကူမယ် မထင်ပါဘူး။ နောက်ပြီးလည်း မြန်မာပြည်ကဆရာတော်တွေ အလှူလှူ အမေရိကန်လိုနိုင်ငံမျိုးကို ကြွရောက်နိုင်ကြတယ်ဆိုတာကလည်း အဲဒီမှာရှိတဲ့ မြန်မာဘုန်းတော်ကြီးကျောင်းတွေရှိနေတဲ့အတွက်သာ ပိုမိုလွယ်ကူတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှမဟုတ်ဘဲ ရောက်ရာနေရာတိုင်းမှာ တည်းခိုခန်းတွေမှာပဲ တည်းခို၊ စားသောက်ဆိုင်တွေမှာပဲ စားသောက်ရမယ်ဆိုရင်တော့ မြန်မာပြည်က ဆရာတော်အများစုအနေနဲ့ ခုလောက် လွယ်လွယ်ကူကူ သွားရောက်နိုင်မယ်မဟုတ်ပါဘူး။ ဒါကြောင့်ဘုန်းကြီးတို့လို ခေတ္တကြွရောက်ကြတဲ့ အာဂန္တုဆရာတော်များအနေနှင့်လည်း ပြည်ပနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်းများ အရှည်တည်တံ့နိုင်အောင် ကိုယ်တတ်နိုင်သမျှ အားပေးကူညီကြဖို့လိုပါတယ်။ ကိုယ့်သာသနာ ကိုယ့်ဘာသာ အရှည်တည်တံ့နိုင်စေဖို့ ကိုယ်လုပ်တာမှ အလုပ်လို့မထင်မှတ်ဘဲ လမ်းကြောင်းမှန်တဲ့ အလုပ်မှန်သမျှ သူလုပ်တာပဲဖြစ်ဖြစ်၊ ကိုယ်လုပ်တာပဲဖြစ်ဖြစ်၊ အချင်းချင်း ဝိုင်းဝန်းကူညီသွားကြမယ်ဆိုလျှင်ဖြင့် ပြည်တွင်းရော ပြည်ပမှာပါ ဘုန်းကြီးတို့ သာသနာစည်ပင် တိုးတက်ပြီး အရှည်တည်တံ့နိုင်မှာပါ။

အမေရိကန် အနောက်ဖျားကနေ အရှေ့ဖျားအထိ လေယာဉ်က ၅ နာရီခွဲကျော်ကျော် စီးရမှာ။ ဒါကြောင့် နေ့ဆွမ်းကို လေယာဉ်ပေါ်မှာပဲ ဘုဉ်းပေးရမှာ။ အမေရိကန်ပြည်တွင်းသွား လေယာဉ်တွေမှာက အစားအသောက်က သွားရေစာလောက်သာ ကျွေးတာပါ။ လေယာဉ်ပေါ်မှာ ဝယ်ယူဘုဉ်းပေးလျှင်တော့လည်း ရနိုင်ပါတယ်။ သို့ပေမယ့် ဒါကလည်း ခရစ်ဒစ်ကတ်နဲ့ ဝယ်ရတာတဲ့။ ဘုန်းကြီးတို့လို ဘာသာစကားကလည်း မကျွမ်း၊ ကရစ်ဒစ်ကတ်ဆိုတာကိုလည်း မတွေ့ဘူး။



နောက်ပြီး သူတို့ရဲ့ အစားအစာတွေကိုလည်း ဘာခေါ်လို့ခေါ်မှန်းမသိသူအဖို့တော့ သူတို့အစီအစဉ်နဲ့က အံမဝင်ပါဘူး။ ဒါကိုသိတဲ့ ဦးကြည်တိုးနဲ့ သမီး မစုကြည်ငြိမ်းတို့က လမ်းမှာဘုဉ်းပေးဖို့ရန်အတွက် ဆွမ်းဘူးထည့်ပေးလိုက်ပါတယ်။ အချိန်ရောက်လျှင် အရန်သင့် ဘုဉ်းပေးရုံပါပဲ။ ဒီအတွက် အလှူရှင်များကို အထူးကျေးဇူးတင်ပါတယ်။

မောင်မိုးကျော်လည်း လေဆိပ်လိုက်ပို့ပေးရန် ရောက်လာပြီမို့ ဘုန်းကြီးများ နဝကမ္မကနေ မေတ္တာနန္ဒ ကျောင်းအတွက် ဒေါ်လာငါးရာကို ကပ်လှူစေပါတယ်။ ဆရာတော်ဒေါက်တာဓမ္မပီယ၊ ဦးဉာဏိကာဘိဝံသနဲ့ မြန်မာပြည်မန္တလေး ဖောင်တော်ဦး ပရဟိတကျောင်းကနေ ခဏရောက်နေတဲ့ ဦးအကိုရတို့ကို နှုတ်ဆက်ကာ မေတ္တာနန္ဒကနေ ထွက်ခွာခဲ့ပါတယ်။ တစ်လကြာမျှ သီတင်းသုံးနေထိုင်ခဲ့တာမို့ မေတ္တာနန္ဒက ကိုယ့်ကျောင်း ကိုယ့်ကန်အလား ရင်းနှီးကာ အသားကျနေပါပြီ။ နေထိုင်ရတာလည်း လွတ်လွတ်လပ်လပ်၊ ဘာမှ အားနာနေစရာမလိုဘဲ ရင်းရင်းနှီးနှီး နေထိုင်နိုင်တဲ့ နေရာမို့လည်း အစစ အဆင်ပြေပြေနေနိုင်တဲ့ ကျောင်းလေးပါ။ ခုလိုအသားကျနေတဲ့ နေရာလေးကနေ တစ်နေရာကို သွားရမယ်ဆိုတော့ ခြေလှမ်းတွေက သိပ်မသွက်လက်တော့ဘူး။ ဒါပေမယ့် ရပ်လို့မဖြစ်သေးဘူးလေ။ ရှေ့ကိုဆက်ရဦးမယ်။ စိတ်က လေးတေးတေးနဲ့ပဲ ကျောင်းကို ခွဲခွာရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခြားနေရာများမှာလည်း သာသနာအတွက် ခရီးဆက်ဖို့ ဓမ္မဒူတ ဓမ္မဂုဏ်ရည်ပြခရီးက ရှိနေသေးတယ်လေ။ ကိုယ့်ဘာသာ ကိုယ့်သာသနာအတွက် အသက်နဲ့ခန္ဓာ တည်မြဲနေသမျှတော့ ခရီးဆက်ကာ လှန်းနေရဦးမှာပါပဲ။ သာသနာအတွက် တာဝန်ကျေပွန်သူသာ ဖြစ်ချင်ပါတယ်လေ။ ကိုယ့်ဘာသာ ကိုယ့်သာသနာ ခိုင်မြဲတည်တံ့အောင် လက်တွဲညီညီနဲ့ အားကျိုးမာန်တက် ဆောင်ရွက်နေကြတဲ့ ဆန်ဖရန်စစ္စကိုဗေးဧရိယာမှာနေထိုင်ကြတဲ့ လူကြီးလူငယ် လူရွယ်တွေကို မခွဲခွာလိုပေမယ့် ဘုန်းကြီးမှာ ဓမ္မဂုဏ်ရည်ပြတာဝန်တွေ မပြီးဆုံးသေးပြီမို့ နှုတ်ဆက်ခဲ့ပါသည်။ မောင်မိုးကျော်နှင့် ဒကာမကြီး ဒေါ်ကြင်ရီတို့နဲ့အတူ ဆန်ဖရန်စစ္စကိုလေဆိပ်ကို ဆင်းခဲ့တယ်။

လေဆိပ်ရောက်တော့ နံနက် ၇ နာရီ ၃၀ မိနစ်။ လေဆိပ်ထဲမှာတော့ ခရီးသွားများနဲ့ ပြည့်နေလျက်။ ဘုန်းကြီးတို့လိုပဲ ကိုယ့်အကြောင်းနဲ့ကိုယ် ခရီးသွားကြသူတွေ။ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး စသည်ဖြင့် ရည်ရွယ်ချက်အမျိုးမျိုး၊ ဦးတည်ချက်အဖုံဖုံနဲ့ ခရီးသွားနေသူတွေ၊ မျက်နှာဖြူ မျက်နှာမည်း။ အသားဖြူ၊ အသားဝါ၊ အနိမ့်အမြင့်၊ အတိုအရှည် လူအမျိုးမျိုး၊ ဒေသအမျိုးမျိုးက လာကြသူတွေ။ ခဏတာ ဒီနေရာလေးမှာ လာရောက်ဆုံကြရ။ ကိုယ့်ခရီးနဲ့ကိုယ်၊ ကိုယ့်လမ်းကြောင်းနဲ့ ကိုယ်၊ ပြုံးပြနှုတ်ဆက်သွားသူလည်း ရှိရဲ့။ ဘာသိဘာသာ ကပ်လျှောက်ဖြတ်လျှောက်ကျော်လွန်သွားသူလည်း ရှိရဲ့။



သံသရာခရီးသွားသူတွေဆိုတော့လည်း ဒီလူတွေထဲမှာကိုပဲ အဖေ အမေ၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်း ရင်းရင်းနှီးနှီး တော်စပ်ဖူးသူတွေလည်း နည်းမယ်မဟုတ်ပါဘူး။ လိုရာခရီးရောက်ဖို့ သွားနေသူတွေအားလုံး လိုရာ ပန်းတိုင်ရောက်နိုင်ပါစေလို့ မေတ္တာပွားမိပါတယ်။ တစ်ဘဝခရီးတာလေးသာမက မဆုံးနိုင်စွာ သွားလာနေရတဲ့ သံသရာဆိုတဲ့ ခရီးခဲကနေ လွန်မြောက်နိုင်တဲ့အထိ အရောက်လှမ်းနိုင်ခွင့်ရနိုင်ကြပါစေလို့လည်း ပိုပိုသာသာပဲ ဘုန်းကြီးက ဆုတောင်းပေးလိုက်ပါတယ်။

လေဆိပ်ထဲမှာ မောင်မိုးကျော်ရဲ့ မိတ်ဆွေကနေ သွားရမယ့်နေရာ ဘုန်းကြီးကို ဦးဆောင်ခေါ်သွားပါတယ်။ ကြီးမားရှုပ်ထွေးလှတဲ့ လေဆိပ်ကြီးတွေထဲမှာ ခုလိုဦးဆောင်သူမရှိဘဲ ကိုယ်ချည်းသာသွားရမယ်ဆိုလျှင် လိုရာအရပ်ကို တော်တော်နဲ့ ရောက်နိုင်မယ်မထင်ပါဘူး။ ဂိတ်အမျိုးမျိုး၊ လမ်းအသွယ်သွယ်၊ စက်လှေကားတွေ၊ ဓာတ်လှေကားတွေနဲ့ အထပ်ထပ် ဖြတ်ကျော်သွားရတဲ့ လေဆိပ်ကြီးတွေရောက်တိုင်း ဘုန်းကြီးဖြင့် ဘယ်ကို ဘယ်လိုသွားရမယ် မခန့်မှန်းတတ်အောင်ကိုပဲ ဖြစ်မိတတ်ပါတယ်။

ပစ္စည်းစစ်ဆေးတဲ့ဂိတ်ကိုရောက်တော့ ဖိနပ်ကစလို့

www.burmeseclassic.com

ချွတ်ပြီး စစ်ဆေးပါတယ်။ ဘုန်းကြီးတို့လို သင်္ကန်းရုံထားသူများကို ပိုပြီးစစ်ဆေးပါတယ်။ တစ်ချိန်ကတော့ ဘာသာရေးခေါင်းဆောင်တွေကို ယဉ်ကျေးမှု ရှုထောင့်ကနေကြည့်ပြီး သာမန်သာ စစ်ဆေးခဲ့ပါတယ်တဲ့။ နိုင်းအီးလဲဗင်းဆိုတဲ့ အမေရိကန် ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အဦးကို တိုက်ခိုက်ရာမှာ ဘာသာရေးအစွန်းရောက်သူများက အဓိက ဦးဆောင်ခဲ့တာမို့ ခုတော့ ဘာသာရေးခေါင်းဆောင်ပိုင်းတွေကို ပိုမိုဂရုပြုတာကို ခံရလာတယ်။ ခုလို လေဆိပ်တွေမှာ ဘာသာရေးခေါင်းဆောင်တွေကို အထူးရှာဖွေစစ်ဆေးခြင်းကလည်း ဒီရဲ့နောက်ဆက်တွဲဖြစ်မယ်လို့ ပြည်ပနေဆရာတော်တွေပြောခဲ့တာကိုလည်း ကြားဖူးထားပါတယ်။ အစွန်းရောက်တဲ့ အပြုအမူဆိုတာ ဘယ်အရာမှာမှ မကောင်းတာမို့ ဗုဒ္ဓရဲ့ အလယ်အလတ်လမ်းစဉ် မဇ္ဈိမပဋိပဒါကတော့ အလွန်မှပဲ တည့်မတ်မှန်ကန်လှတာကိုလည်း သတိရမိပါတယ်။

စစ်ဆေးရေးဂိတ်အလွန်မှာတော့ ဆန်ဖရန်စစ္စကို လေဆိပ်မှာပဲ အလုပ်လုပ်တဲ့ ရတနာဉာဏ်ရောင် ကပ္ပိယဒကာကြီး ဦးဂျင်မီက အတွင်းကနေ ကြိုနေပါတယ်။ ဘုန်းကြီးစီးမည့် လေယာဉ်အပေါက်ဝအထိ သူက လိုက်ပါပို့ဆောင်ပြီး ဘုန်းကြီးလေယာဉ်ပေါ်တက်ကာမှ သူလည်း နှုတ်ဆက် ထွက်ခွာသွားပါတယ်။ ဆန်ဖရန်စစ္စကိုလေဆိပ်မှာ ဝန်ထမ်းသုံးသောင်းကျော်ရှိပြီး မြန်မာနွယ်ဖွားဝန်ထမ်းတွေက နှစ်ထောင်ကျော်တောင်ရှိတယ်လို့ ဦးဂျင်မီက ပြောပြပါတယ်။ ဗဟုသုတ ဖြစ်ဖွယ်တစ်ခုပါပဲ။ တစ်နေရာထဲမှာ ကိုယ့်ပြည်က သူတွေ ခုလောက်များများရှိတာအတွက် အံ့သြမိရပါတယ်။ ဦးဂျင်မီကိုလည်း ရတနာဉာဏ်ရောင်မှာ သီတင်းသုံးတဲ့အခိုက် ပြုစုစောင့်ရှောက်ခဲ့တာတွေအတွက်ရော၊ ခုလို လေဆိပ်မှာ လာရောက်ပြီး ဆောင်ရွက်ပေးတာများအတွက်ပါ ကျေးဇူးတင် မှတ်တမ်းပြုပါတယ်။



နံနက် ၉ နာရီ ၅ မိနစ်မှ ဆန်ဖရန်စစ္စကိုလေဆိပ်ကနေ ထွက်လာခဲ့တဲ့ လေယာဉ်က ညနေ ၅ နာရီ ၁၀ မိနစ်မှာတော့ အရှေ့ဘက်ခြမ်းက ဝါရှင်တန်ဒီစီ ဒါးလပ်စ်လေဆိပ်ကို ချောချောမောမော ဆိုက်ရောက်ပါတယ်။ အနောက်ဖက်ခြမ်း စံတော်ချိန်ဆိုလျှင်တော့ နေ့လယ် ၂ နာရီ ၁၀ မိနစ်ပေါ့။ ပြည်တွင်းမှာတင်ပဲ မိုင် သုံးထောင်နီးပါး လာခဲ့ရတဲ့ခရီး၊ ကြီးပဲ ကြီးနိုင်လွန်းတဲ့ နိုင်ငံကြီးပါလေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ဒါးလပ်စ် အပြည်ပြည်ဆိုင်ရာလေဆိပ်

လေယာဉ်ပေါ်ကဆင်းပြီး မနီလာလာကြိုမယ်ဆိုတာနဲ့ ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်မိတယ်။ ဘယ်မှာမှ ရှာမတွေ့တာနဲ့ပဲ သူများတွေသွားတဲ့နောက် လိုက်သွားလိုက်တာ ကားကြီးတစ်ခုထဲရောက်မှန်းမသိ ရောက်သွားတယ်။ အတွင်းမှာလည်း ထိုင်သူ ထိုင်၊ ရပ်သူ ရပ် အပြည့်။ ခဏနေတော့ ကားတံခါးက အလိုအလျောက်ပိတ်သွားပြီး ကားကြီး စထွက်တယ်။

လာကြိုတဲ့ မနီလာနဲ့လွဲနေချည်သော် အခက်ဆိုပြီး တွေးပူမိတာတစ်ဖက်၊ နောက်ပြီးလည်း ပစ္စည်းရွေးရမယ့်နေရာကို ရောက်လျှင် တော်တော်ရှိရဲ့။ မတော်လို့များ နောက်ထွက်မည့် လေယာဉ်တစ်စင်းဆီရောက်သွားမှဖြင့်ဆိုပြီး တစ်ဖက်ကလည်း စိုးရိမ်မိပါတယ်။ ဘာသာစကား မကျွမ်းကျင်မှုရဲ့ နောက်ဆက်တွဲဖြစ်လာရတဲ့ ဆင်းရဲတွေပေါ့။ ဒါတောင်မှ ဘုန်းကြီးက အမေရိကန်နိုင်ငံတွင်းက လေဆိပ်တော်တော်များများမှာ တစ်ပါးတည်းခရီးသွားလာဖူးတဲ့ အတွေ့အကြုံ



အတန်အသင့်ရှိထားလို့မို့သာပေါ့။ ဘာသာစကားမကျွမ်းကျင်ဘဲ ပြည်ပခရီးကို တစ်ပါးတည်းကြွကြတဲ့ ဆရာတော်ကြီးများမှာဆို ဘယ်လောက် ပူပန်ရလေမလဲလို့ စာနာမိပါတယ်။

ကားကြီးပေါ်ကဆင်းအပြီး တံခါးကအထွက်မှာတော့ ဘုန်းကြီးကိုလာကြိုနေတဲ့ မင်္ဂလာရာမကျောင်း အဖွဲ့ဝင်လူကြီးတစ်ဦးဖြစ်တဲ့ ဒေါက်တာချစ်ခင်ဝေနဲ့ ဇနီးဖြစ်သူ ဒေါ်ဘက်တီတို့ကို တွေ့ရမှ ဘုန်းကြီးလည်း သက်ပြင်းချနိုင်ပါတော့တယ်။ လာကြိုသူတွေအနေနဲ့က ဒီနေရာကနေပဲ ကြိုနိုင်တယ်။ စောစောက ဘုန်းကြီးကားစတင်စီးခဲ့တဲ့နေရာက အတွင်းဆောင်၊ အဲဒီဆီကို ခရီးသွားသူတွေသာ ဝင်ရောက်နိုင်တယ်။ လာကြိုသူတွေဝင်လို့မရဘူးလို့ သိရပါတယ်။

သူတို့ဆီက လေဆိပ်ကြီးများက ကြီးမားလွန်းတော့ လေဆိပ်ထဲမှာကိုပဲ အဆောင်တစ်ခုနဲ့တစ်ခု ရထားနဲ့သွားရတဲ့အခါလည်း ရှိ၊ ကားနဲ့သွားရတဲ့အခါလည်း ရှိ။ လေဆိပ်တွေမှာ ဘယ်က ဘယ်လို ဘာနဲ့သွားရမယ်ဆိုတာကို မြေပုံတွေ၊ လမ်းညွှန်တွေပြထားပေမယ့် ဘုန်းကြီးတို့လို အင်္ဂလိပ်ဘာသာစကား မတတ်သူတွေအဖို့တော့ အရာရာက အခက်ချည်းပဲဖြစ်နေတာပေါ့လေ။ မနီလာကို ခဏစောင့်၊ တွေ့နှုတ်ဆက်ပြီး ဒေါက်တာ ချစ်ခင်ဝေတို့ ခေါ်ဆောင်ရာ သူ့ဖခင်ကြီး ဗိုလ်မှူးကြီး ချစ်မြိုင်ရှိရာကို ခဏဝင်ရောက်တွေ့ဆုံခဲ့တယ်။ ဒကာကြီး ဦးချစ်မြိုင်ကို ကျန်းမာရေးအကြောင်း မေးမြန်းပြီး ဘုန်း

www.burmeseclassic.com


www.burmeseclassic.com



ကြီးများ တည်းခိုမည့် မေရီလင်းပြည်နယ်၊ ဖော်လတီမိုးမြို့က ကေလာသဝိဟာရကို ရောက်ရှိပါတယ်။


ကျောင်းကိုရောက်တော့ (၈) နာရီကျော်ကျော်ရှိပါပြီ။ ကေလာသကျောင်းကတော့ ဘုန်းကြီးများနဲ့ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ ကြီးထဲမှာ နှစ်ပေါင်းအတော်ကြာကြာ အတူသီတင်းသုံးဖူးတဲ့ ဆရာတော် ဦးကစ္စာယန သီတင်းသုံးရာကျောင်းပါ။ ဆရာတော်လည်း အမေရိကမှာရောက်ရှိပြီး သီတင်းသုံး သာသနာပြုနေတာ ဆယ်စုနှစ်တစ်ခုမကပင် ကြာနေခဲ့ပါပြီ။ ဆရာတော် ဦးကစ္စာယနနဲ့ ရှေးဟောင်းနှောင်းဖြစ်ပြောကြ၊ သာသနာရေး ဘာသာရေးအကြောင်းများကို ဆွေးနွေးပြောဆိုကြပြီး ည ၁၀ နာရီမှာတော့ အနားယူခဲ့ပါတယ်။

❖ ❖ ❖




ဖော်လတီမိုးမြို့၊ ကယ်လီဖိုးနီးယားအကယ်ဒမီ ပြတိုက်အတွင်း အမှတ်တရ

www.burmeseclassic.com



ဘော်လတီမိုးမြို့၊ ငါးပြတိုက်ရှိ [illegible]ကြီး[illegible]နှင့် အ[illegible]အမှတ်တရ



ငါးပြတိုက်ဝယ်၊ ဒေါ်ပွင့်မာခိုင် (ရွှေပုဇွန်) ၏သားကြီး–မောင်ကောင်းကောင်း နှင့်အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com



(ဇော်လတီမိုးမြို့) ဒေါက်တာမျိုးမင်း + မပွင့်သီရိ (ရွှေပွင့်) မိသားစုတို့၏ ဆွမ်းဒါနအလှူ




(ဇော်လတီမိုးမြို့)ဒေါက်တာမျိုးမင်း + မပွင့်သီရိ(ရွှေပွင့်) မိသားစုတို့၏နေအိမ်တွင်အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com



(မေရှလင်းပြည်နယ် ဖော်လတားမိုးမြို့) ဦးတင်မောင်ခင် + [illegible]မြမြ[illegible]ဒေါ်[illegible] Dr. [illegible] + [illegible]သီဂီ(ဖေပုဇန်) တို့၏
ဆွမ်းအလှူဒါန အမှတ်တရ



ဝါရှင်တန်ဒီစီ ၊ မြန်မာစစ်သံရုံးခန်းမတွင် ဆရာတော်ဦးကစ္စာယန (ကေလာသဝိဟာရကျောင်း) နှင့် အတူ
အန္တရာယ်ကင်း ပရိတ် ကမ္မဝါ ချီးမြှင့်ခဲ့စဉ် အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com




မေရီလင်းပြည်နယ်၊ ဆစ်(လ်)ဗာစပရင်းမြို့၊ မင်္ဂလာရာမဝိဟာရ၊ ဗုဒ္ဓနေ့တရားပွဲ၌ တရားချီးမြှင့်နေစဉ်



(ဝါရှင်တန်ဒီစီ) မင်္ဂလာရာမဝိဟာရ၊ ဗုဒ္ဓနေ့တရားပွဲ မှ၊ တရားနာပရိတ်သတ်များ

www.burmeseclassic.com
www.burmeseclassic.com



(ဝါရှင်တန်)၊ နာဆာမှနေ၍ ဦးစီးပြုသသည့် [illegible]ယ်ပြခန်း[illegible]တွင် အ[illegible]တာရ




နာဆာပြခန်းရှိ ရွက်ဖျင်တဲကြီး နှင့် ယာဉ်ကို နောက်ခံထားလျက်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





(ဝါရှင်တန်ဒီစီ ) နာဆာပြခန်းတွင် လေ့လာနေစဉ်



(ဝါရှင်တန်ဒီစီ ) ဒေါက်တာ-ချစ်ခင်ဝေ + ဇနီးဒေါက်တာ-ဘက်တီ တို့၏သွားဆေးခန်း၌ သွားများကို စစ်ဆေးခံယူနေစဉ်

www.burmeseclassic.com

www.burmeseclassic.com




နယူးယောက်သို့မကြွမီ ဝါရှင်တန်ဘူတာရုံကြီးတွင်
တပည့်မောင်စိန်ဝင်းနှင့် အတူအမှတ်တရ

## ရာသီဒဏ် တူညီခံရသော်လည်း

**ဧပြီလ ၂၅ ရက်၊ ၂၀၀၉**

ပတ်ဝန်းကျင်အခြေအနေက၊ ရှောင်လွှဲ၍မရနိုင်သော လောကနိယာမတရားများကို ဖွင့်လှစ်ပြနေသယောင်၊ နွေတစ်ကျော့ ပြန်ရောက်ပါပြီကော့၊ နွေအကူးဆိုပေမယ့် ဒီမှာက ချမ်းအေးနေတုန်း။ ဘာပဲဖြစ်ဖြစ်လေ... နိယာမ၏ အနိမ့်အမြင့်ကို ရင်ဆိုင်ရမှာက မိမိ၏တာဝန်။ ဖြစ်လွယ်ပျက်လွယ်မှုပုံစံခွက်ထဲက ရာသီဥတုတွေကလည်း သူတို့တာဝန် သူတို့ကျေပွန်အောင် ထမ်းဆောင်ကြမှာပဲ။ သဘာဝတရားကို ခံစားမိတာကိုများ အပြစ်လို့ဆိုကြလေမလား။ ရာသီဒဏ် တူညီခံရသော်လည်း ခံစားချက်တူညီသူတစ်ယောက်လောက်တော့ သည်ကမ္ဘာတွင်ရှိနေမှာပဲဟု ဖြေသာရပြန်ပါတယ်။

ကာလီဖိုးနီးယားအချိန်နဲ့က သုံးနာရီတောင်ကွာတာဆိုတော့ အိပ်ချိန်က လွဲနေပါတယ်။ ဒါကြောင့် မနက်စောစောမနိုးဘဲဖြစ်သွားတယ်။ ဒီအချိန်ဆိုလျှင် ကာလီဖိုးနီးယားမှာက အစောကြီးပဲရှိသေးတာ။ ဆရာတော် ဦးကစ္စာယန လာနိုး

www.burmeseclassic.com

www.burmeseclassic.com



မှပဲ နိုးပါတော့တယ်။ ပြုဖွယ်ကိစ္စများ ခပ်သုတ်သုတ်ပြုလုပ်ပြီး အရုဏ်ဆွမ်း ဘုဉ်းပေးကြပါတယ်။ ဆွမ်းဘုဉ်းပေးအပြီး ကျောင်းဝင်းအတွင်းမှာပဲ လမ်းလျှောက်ကြပါတယ်။ ဆောင်းအကုန် နွေအကူးဆိုတော့ ရာသီက အေးစိမ့်စိမ့်နဲ့ပါ။ ကျောင်းဝင်းအတွင်းမှာကလည်း သစ်ပင်ကြီးတွေက အုပ်ဆိုင်းဝိုင်းရံထားလို့ ချမ်းတာထက် အအေးဓာတ်က ပိုကဲနေသလို ခံစားရပါတယ်။ ကျောင်းဝင်းထဲမှာတော့ စိမ်းလန်းကျယ်ပြန့်တဲ့ မြက်ခင်းပြင်က မြစိမ်းရောင် ကမ္ဗလာခင်းထားသည့်နှယ်။ သစ်ပင်များကလည်း ဆောင်းခြွေလို့ ကြွေထားတဲ့ သစ်ရွက်တွေ ပြန်မဝေသေးသမို့ အရိုးကိုင်းကိုင်း သစ်ခြောက်ပင်လိုဖြစ်တဲ့ အပင်က ဖြစ်လို့။ အချို့သစ်ပင်တွေကတော့ ရွက်ညွှန့်လေးတွေ ထွက်စ။ တစ်ပင်စ နှစ်ပင်စကတော့ အရွက်တွေတွင်မက ပွင့်ဖူးလေးတွေပင် ဝေသီစပြုနေလေပြီ။

တူညီတဲ့ အအေးဒဏ်ကို ခံရတာချင်း အတူတူပေမယ့် အအေးဒဏ်ကို အံတုကာ ရွက်နုသစ်တို့ ဝေတဲ့အပင်က ဝေနိုင်တာကပင်လျှင် သစ်ပင်တွေမှာလည်း ခံနိုင်မှုစွမ်းရည် မတူညီနိုင်တာကိုပြတဲ့ သဘောဖြစ်လေမလားပါပဲ။ အအေးဒဏ်ကို မခံနိုင်သေးတဲ့ ဘုန်းကြီးကတော့ ချမ်းစိမ့်စိမ့်ဖြစ်လာတဲ့အတွက် ကျောင်းထဲကို ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။

၉ နာရီ ၁၅ မိနစ်ခန့်လောက်မှာတော့ နေ့ဆွမ်းဆက်ကပ်မည့် ဒကာ လာပင့်တဲ့ဆီ ကျောင်းဆရာတော်များနဲ့အတူ



ကြွရောက်ကြပါတယ်။ တောင်ပေါ်မြို့လေးတစ်မြို့မှာမို့ အတက်အဆင်း အကွေ့အကောက်ရှိတဲ့လမ်းအတိုင်း ကားကို မောင်းရပါတယ်။ လမ်းကောင်း ကားကောင်းတာကြောင့် တောင်ပေါ်ကို တော်တော်မြင့်ရောက်လာတာတောင် တောင်ပေါ်တက်ခဲ့ရတယ်လို့ မခံစားမိရပါဘူး။ လမ်းဘေးဝဲယာမှာတော့ သစ်ပင်သစ်တောတို့က ဝန်းပတ်ရံလျက် ဆောင်းဒဏ်ကြောင့် အရွက်တွေကင်းနေတဲ့ သစ်ပင်တွေရှိသလို ရွက်နုသစ်တို့ ဝေတဲ့အပင်ကလည်း ဝေစပြုနေပြီ။ မကြာမီရက်ပိုင်းအတွင်းမှာဆိုလျှင်တော့ တစ်တောတစ်တောင်လုံး ရွက်သစ်တွေနဲ့ စိမ်းလန်းစိုပြည်တဲ့ တောကြီးတစ်ခုဖြစ်ပေတော့မယ်။ ဘုန်းကြီးတို့ဆီမှာတော့ နွေဦးမှာ သစ်ရွက်တကြွေကြွေ၊ ဒီမှာတော့ နွေဦးမှာ ရွက်နုတို့ဝေ။ ရေမြေသဘာဝတွေဟာ နေရာဒေသလိုက်လို့ ပြောင်းလဲတတ်တာ သဘာဝတစ်ခုသာပါလေ။

ဒီနေ့ နေ့ဆွမ်းကိုတော့ ဖခင်ဖြစ်သူရဲ့ နှစ်ငါးဆယ်ရွှေရတုမွေးနေ့နှင့် သူတို့ သားလေးရဲ့ တစ်နှစ်ပြည့်မွေးနေ့အဖြစ် ထပ်ဆင့်ကုသိုလ်ဖြစ်အောင် ပြုလုပ်ကြတာပါ။ သံဃာတော် ၆ ပါးတို့အား မြန်မာဆွမ်း၊ ဆွမ်းဟင်းများပါမက အီရန်ဆွမ်းလည်း ကပ်ပါတယ်။ အီရန်ဆွမ်းကတော့ ဒန်ပေါက်နဲ့ဆင်ဆင်ပါပဲ။ အသားနဲ့ ချက်ထားတာမဟုတ်ဘဲ အာလူးနဲ့ချက်ထားတာပါ။ သံဃာတော်များလည်း ထူးထူးဆန်းဆန်းမို့

www.burmeseclassic.com

www.burmeseclassic.com



ဘုဉ်းပေးကြပါတယ်။

ဆွမ်းဘုဉ်းပေးအပြီးမှာ ဆွမ်းဒကာများရဲ့ မိဘများနေထိုင်ရာ သက်ကြီးဂေဟာကိုလည်း ခဏဝင်ကြပါတယ်။ သက်ကြီးဂေဟာက ၇ ထပ်ဖြစ်ပါတယ်။ နှစ်ယောက်ခန်း၊ တစ်ယောက်ခန်းများ ဖွဲ့စည်းပေးထားပါတယ်။ အခန်းတိုင်းမှာ ဧည့်ခန်း၊ အိပ်ခန်း၊ ချက်ပြုတ်ခန်း၊ အိမ်သာရေချိုးခန်းများနဲ့ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ပြုလုပ်ထားပါတယ်။ ဆရာတော် ဦးကစ္စာယနဦးဆောင်ပြီး မေတ္တာသုတ်၊ ဗောဇ္ဈင်သုတ်များကို အဘိုးအဘွားများအတွက် ရွတ်ဖတ်ပေးခဲ့ကြပါတယ်။ သူတို့ကလည်း သံဃာတော်များအတွက် နဝကမ္မများ တတ်နိုင်သလောက် ကပ်လှူကြပါသေးတယ်။ ကျောင်းကို ၁ နာရီ ၃၀ လောက်မှာ ပြန်ရောက်ပါတယ်။

ညနေ ၄ နာရီကျော်ကျော်လောက်မှာတော့ ဒေါက်တာသော်ကောင်းတို့ပင့်တာနဲ့ သံဃာတော်များ ကြွကြပါတယ်။ ဆိတ်ငြိမ်ရပ်ကွက်အတွင်းရှိ ၃ ဧကခန့်ကျယ်တဲ့ မြေနေရာကို ဘူဒိုဇာနဲ့ထိုးပြီး သစ်ပင်များ ရှင်းလင်းထားတာမို့ လုံးဝအရိပ်မရှိတော့ပါဘူး။ မြေကွက်ချည်းသက်သက်ကို ငါးသိမ်းပေးရမယ်လို့ ဆရာတော်ဦးကစ္စာယနက ပြောပါတယ်။ အရိပ်မဲ့ဟင်းလင်းပြင်ထဲ ညနေ ၄ နာရီ ၃၀ မိနစ်အချိန်လောက်မှာ မြေသန့်ကမ္မဝါစာ ရွက်ဖတ်ကြပါတယ်။ ဆောက်လုပ်မည့် သန်းကျော်တန်အိမ်ကြီး မြန်မြန်ဆန်ဆန် ပြီးမြောက်အောင်



ဆောက်လုပ်နိုင်ပါစေလို့ မေတ္တာပွားများကာ ပရိတ်ကမ္မဝါစာများ ရွတ်ဖတ်ပေးခဲ့ပါတယ်။

ကျောင်းပြန်ရောက်တော့ ၆ နာရီထိုးပြီ။ ၁၅ မိနစ်ခန့်နေတော့ ကျောင်းမှာ အချိန်ပိုင်း တရားထိုင်နေကြတဲ့ ယောဂီများအတွက် ဆရာတော်ဦးကစ္စာယနက တရားဟောပေးပါဦးလို့ ဆိုတာနဲ့ ၄၅ မိနစ်ခန့် အလုပ်ပေးတရားဟောပေးပြီး မိနစ် ၃၀ ခန့် လက်တွေ့တရားရှုမှတ်ကာ မေတ္တာပွားများ အမျှဝေပေးခဲ့ပါတယ်။

ညနေပိုင်းမှာ ဒေါက်တာမျိုးမင်း မပွင့်သိင်္ဂီ သားမောင်ဉာဏ်လင်းထွန်းမင်း မောင်ထူးမျိုးမင်းတို့ လာရောက်ကန်တော့ကြပါတယ်။ ဘုန်းကြီးအတွက်လည်း သောက်ဆေးများ ဝယ်ယူလှူဒါန်းကြပါတယ်။

ည ၁၀ နာရီမှာ ရှုမှတ်မှုနဲ့ အနားယူခဲ့ပါတယ်။

## ဧပြီလ ၂၆ ရက်၊ ၂၀၀၉

အရုဏ်ဆွမ်းဘုဉ်းပေးအပြီး ကျောင်းဝင်းထဲမှာ လမ်းလျှောက်ရင်း ဘာသာ၊ သာသနာရေးအကြောင်းအရာများ ဆွေးနွေးဖြစ်ကြပါတယ်။ ၈ နာရီလောက်မှာတော့ ဦးဘခင်ရိပ်သာမှ တရားပြဆရာ အမေရိကန်လူမျိုးတစ်ဦးနဲ့ သူ့ရိပ်သာကိုယ့်ရိပ်သာအကြောင်း အမြင်ခြင်းဖလှယ်ကာ တရင်းတနှီး ပြောဆို ဆွေးနွေးဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၁၀ နာရီ ၃၀ လောက်မှာ နေ့ဆွမ်းဆက်ကပ်မည့် ဒကာရောက်လာပြီး ဘုန်းကြီးတို့ကို ကိုယ်တိုင်ယူစားရတဲ့ ဘူဖေးဆိုင်ကို ဘုန်းကြီးတို့ကို ပင့်သွားပါတယ်။ ဘုန်းကြီးတို့ဆိုင်ထဲကို ဝင်သွားတော့ နှစ်ဝိုင်း၊ သုံးဝိုင်းလောက်မှာပဲ ထိုင်နေသူရှိပါသေးတယ်။ ဒီအချိန်မှာက လူဝတ်ကြောင်တွေအဖို့ နေ့လယ်စာစားဖို့ အနည်းငယ် စောနေပါသေးတယ်။ ဘူဖေးဆိုင်ထဲမှာတော့ ဟင်းမျိုးက စုံလင်လှပါတယ်။ ရေသတ္တဝါ၊ ကုန်းသတ္တဝါ၊ ကောင်းကင်သတ္တဝါ၊ အမျိုးပေါင်းခုနစ်ဆယ်ကျော်တယ်လို့ ဆိုပါတယ်။ အထူးသဖြင့် ရေနေသတ္တဝါတွေ ပိုများပါတယ်။

ဘုန်းကြီးကတော့ ကိုယ်ဆန္ဒရှိတဲ့ ၇ မျိုးလောက်ကိုပဲ လက်ညှိုးထိုးပြပြီး ဆွမ်းဒကာကိုယ်တိုင်ထည့်ကာ ဆက်ကပ်ပါတယ်။ အမျိုးပေါင်းစုံအောင်သာ ဘုဉ်းပေးရလျှင်တော့ လယ်ပင်းကနေ လက်ညှိုးနဲ့ ကလော်ထုတ်ရမည့်အနေပါပဲ။ မြင်ရတဲ့အစာတွေကို ကြည့်ပြီး ဘုန်းကြီးကတော့ ကလိကလိနဲ့ ကြည့်နေရင်းတောင် ယားလာပါတယ်။ အချက်ရော၊ အကြော်ရော၊ အပြုတ်ရော၊ စုံလို့ပါပဲ။ သို့ပေမယ့် အသုပ်တော့ မတွေ့ရပါဘူး။ ဘုန်းပေးရတာ အဆင်ပြေပါတယ်။ ဒါကြောင့် ဆွမ်းဒကာဆွမ်းအမများ ကျန်းမာချမ်းသာစေဖို့ လိုရာဆန္ဒများနဲ့ ပြည့်ဝနိုင်စေဖို့ ဆုတောင်းမေတ္တာပို့သခဲ့ပါတယ်။

ဒီဆိုင်က ကိုယ်ကြိုက်ရာကို ကိုယ်လိုသလောက် စား



သုံးနိုင်ပေမယ့် အသားတစ်တုန်းပိုလျှင်တော့ သုံးဒေါ်လာပေးရမယ်လို့ စည်းကမ်းသတ်မှတ်ထားပါသတဲ့။ အလေအလွင့်မဖြစ်ရအောင် သတ်မှတ်ထားတဲ့ စည်းကမ်းတစ်ခုဖြစ်မှာပါပဲ။ ဘုန်းကြီးတို့ဆိုင်ထဲဝင်လာစက တစ်ဝိုင်းစ နှစ်ဝိုင်းစသာ လူရှိခဲ့ပေမယ့် ဆိုင်ထဲက ပြန်ထွက်ချိန်မှာတော့ ဆိုင်ထဲမှာ လူတွေနဲ့ပြည့်နေပြီ။ ညနေပိုင်းတွေမှာဆို ဆိုင်ကလူပိုစည်တယ်လို့ ဆွမ်းဒကာက ပြောပါတယ်။

ကျောင်းပြန်ရောက်တော့ ၁၂ နာရီ ၃၀ ခန့်ရှိပြီး ခဏနားကာ ၃ နာရီခွဲလောက်မှာ ဘုရားခန်းကိုသွားပြီး မေတ္တာပို့တရားရှုမှတ်လုပ်ငန်းများကို လုပ်ဖြစ်ခဲ့ပါတယ်။ ညနေပိုင်းမှာတော့ ဒေါ်ပွင့်မာခိုင်သားလေး သူသူမှ ဒေါက်တာမျိုးမင်းပိုနိုင်းလိုက်သော မျက်စဉ်းပုလင်းလာပို့ပါတယ်။ တစ်နေ့နှစ်ကြိမ်၊ တစ်ခါခပ်လျှင် တစ်စက်သာ ခပ်ရမယ်လို့လည်း လျှောက်ထားသွားပါတယ်။

ည ၇ နာရီမှာ ဘုရားဝတ်တက် မေတ္တာပွားများပါတယ်။ ဘုရားဝတ်တက်အပြီးမှာ ဦးကစ္စာယနနဲ့ ပြည်တွင်းပြည်ပ မဟာစည်သာသနာ့ရိပ်သာများအကြောင်း ဆွေးနွေးဖြစ်ကြပါတယ်။ ည ၁၀ နာရီလောက်မှာ ရှုမှတ်မှုနဲ့ အနားယူခဲ့ပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## သဘာဝလွန်၊ ကံ-မလွန်

ဧပြီလ ၂၇ ရက်၊ ၂၀၀၉

ပြပွဲဖွယ်ကိစ္စများပြုလုပ်။ တရားရှုမှတ်၊ အမျှဝေ မေတ္တာပို့ကာ နံနက် ၆ နာရီမှာ အလှူရှင်များဆက်ကပ်တဲ့ မုန့်ဟင်းခါးဆွမ်းနဲ့ အရုဏ်ဘုဉ်းပေးကြပါတယ်။ အရုဏ်ဘုဉ်း ပေးအပြီးမှာ ဦးကုသလနဲ့ ကျောင်းဝင်းအတွင်း လမ်းလျှောက် ရင်း ၂၀၀၇ ခုနှစ်လာစဉ်က ကျောင်းထဲမှာ သမင်လေးတွေ၊ ယုန်လေးတွေကို တွေ့ရတတ်တယ်။ ခုကော လာသေးလား စသည်မေးရင်း ထွေရာလေးပါး ပြောဖြစ်ကြပါတယ်။ သူက အမေရိကကိုရောက်တာ အလွန်မကြာလှသေးတာမို့ ကေလာ သဝိဟာရမှာ ဆောင်ရွက်ဆဲ ဆောင်ရွက်လတ္တံ့ဖြစ်သော သာသနာရေးကိစ္စများကို ကာလဒေသလိုက်ပြီး ကြည့်ရှု ဆောင်ရွက်ဖို့ တိုက်တွန်းအားပေးစကားပြောကြားပေးခဲ့ပါ တယ်။

နေ့ဆွမ်းကိုတော့ ဒေါက်တာမျိုးမင်း၊ မပွင့်သိင်္ဂီတို့



မိသားစုကပ်လှူတဲ့ ဆွမ်းကို မေတ္တာပွားများကာ ဘုဉ်းပေးခဲ့ပါ တယ်။ နေ့ဆွမ်းစားအပြီးမှာတော့ ဒေါ်ပွင့်မာခိုင်ရဲ့ သားကြီး ဖြစ်သူ မောင်ကောင်းကောင်းရဲ့ အလုပ်နားရက်မို့ သူလိုက်ပို့ တဲ့ကားနဲ့ ဗော်လတီမိုးမြို့ မြို့လယ်ကိုသွားရောက်ခဲ့ပါတယ်။ ကုန်သွယ်ရေး အဆောက်အဦး ငါးပြတိုက် စတဲ့ ကြည့်ရှုစရာ များကို လေ့လာကြည့်ရှုဖြစ်ပါတယ်။ ထူးဆန်းထွေလာ ရေ သတ္တဝါအမျိုးမျိုးနဲ့ မှန်ကောင်တာအတွင်းက ရေတံခွန်တွေ၊ တောအုပ်ကြီးတွေ ဖန်တီးထားတာထဲမှာ တွေ့ရတဲ့ ငှက်အမျိုး မျိုးတွေကိုလည်း မြင်ခဲ့ရပါတယ်။ ကျေးဇူးပဲ ကောင်းကောင်း ရေ။

ဘောလတီမိုးမြို့အလုကို သင်္ဘောစီးကာ လှည့်လည် ကြည့်ရှုနိုင်ဖို့ စီစဉ်ထားတဲ့ ခရီးစဉ်လည်းရှိတယ်။ ဘုန်းကြီး တို့လည်း ဒီသင်္ဘောခရီးကို လိုက်ပါစီးနင်းဖို့ပါပဲ။ သို့ပေမယ့် ဒီသင်္ဘောရှိရာကိုသွားဖို့ ဦးကစ္စာယနက မောနေပါတယ်။ နေ ကလည်း ပူဆိုတော့ အထက်ပူ အောက်ပူဆိုတော့ သူ့ခန္ဓာ ကိုယ်ကြီးကို မသယ်နိုင်ဖြစ်နေတာနဲ့ပဲ ဘုန်းကြီးတို့လည်း သင်္ဘောစီးမည့်ခရီးစဉ်ကို လက်လျှော့လိုက်ကြပါတယ်။ ဒါနဲ့ ပဲ သင်္ဘောမစီးဘဲ ကျောင်းပြန်လာခဲ့ကြပါတယ်။ ကျောင်း ရောက်တော့ လေးနာရီရှိပါပြီ။ မောင်ကောင်းကောင်းက အအေးများကပ်လှူတဲ့အတွက် နေသာထိုင်သာရှိသွားပြီး မျှတ သွားပါတယ်။ ခဏနားပြီး ညနေ ၇ နာရီမှာ ဘုရားဝတ်တက်၊

www.burmeseclassic.com

www.burmeseclassic.com



တရားထိုင်၊ မေတ္တာပို့အမျှဝေကာ ၉ နာရီ ၃၀ လောက်မှာ စောစောအနားယူခဲ့ပါတယ်။

## ဧပြီလ ၂၈ ရက်၊ ၂၀၀၉

အရုဏ်ဆွမ်းဘုဉ်းပေးအပြီး ဦးကုသလနဲ့ ကျောင်းရှေ့လမ်းမပေါ်မှာ လမ်းလျှောက်ရင်း အမေရိကန်ကို ရောက်ရန်အတွက် ခက်ခက်ခဲခဲကြိုးစားခဲ့ရပုံများကို ပြောပြ၍ သိရပါတယ်။ လမ်းလျှောက်အပြီး ခေတ္တနားကာ စာအုပ်ဗီရိုထဲက ဖတ်လိုရာစာအုပ်များကို ဖတ်နေဖြစ်ခဲ့ပါတယ်။ မှတ်သားစရာရှိတာလေးများကိုလည်း Note ထုတ်ကာ မှတ်သားခဲ့ပါတယ်။ တစ်ခါ တစ်ခါ တစ်နေရာမှာ ဖတ်ခဲ့ပေမယ့် ဘယ်တုန်းက ဘယ်ထဲမှာ ဖတ်မှတ်ခဲ့တယ်ဆိုတာ အသုံးလိုလာတဲ့အခါ ရောက်မှ ပြန်ရှာလျှင် အခက်အခဲတွေ့တတ်လို့ ခုလို Note လေးထုတ်ထားတာက ပိုမိုအဆင်ပြေတာကို တွေ့ရပါတယ်။ နေ့ဆွမ်းကိုတော့ ကျောင်းမှာပဲ ကပ္ပိယဒကာလေး ပြင်ဆင်ဆက်ကပ်တာနဲ့ ဘုဉ်းပေးကြပါတယ်။

ဦးအောင်ကျော်မြင့်ရဲ့ သားငယ်လေးလာရောက်ကာ အားဆေးများဆက်ကပ်ပါတယ်။ နေ့လယ်ပိုင်းမှာလည်း စာကြည့်နေဖြစ်ပါတယ်။ ၇ နာရီမှာတော့ ဘုရားဝတ်တက် မေတ္တာပွား အမျှဝေခြင်းဆိုတဲ့ နေ့စဉ်ပြုမြဲ ဝတ္တရားများကို ပုံမှန်ပဲပြုဖြစ်ပါတယ်။



ဒေါက်တာမျိုးမင်းလည်း လာရောက်ပြီး ကျန်းမာရေးအခြေအနေ မေးမြန်းလျှောက်ထားသွားပါတယ်။ မင်္ဂလာရာမဆရာတော် ဦးအာသဘာစာရလည်း မြန်မာပြည်ကနေ ပြန်ရောက်လာပြီဆိုတာ ကြားတာနဲ့ အကျိုးကြောင်းမေးမြန်းကာ နှုတ်ဆက်စကားပြောဖြစ်ပါတယ်။ နေ့အချိန်မှ ဧည့်သည်တွေရှိနေတတ်လို့ ညခင်းပိုင်းမှာပဲ သူငယ်ချင်းနှစ်ပါးပဲ အေးအေးဆေးဆေး စကားပြောနိုင်ပါတော့တယ်။

ည ၁၀ နာရီမှာ အနားယူခဲ့ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## တွေ့ရနိုင်ဆုံး၊ ကြုံရနိုင်တည်

### ဧပြီလ ၂၉ ရက်၊ ၂၀၀၉

၅ နာရီ ၃၀ မှာ အရုဏ်ဆွမ်းဘုဉ်းပေးရန် အပြင်ကြွ။ ဦးခင်မောင်ဌေးရဲ့ ၄၇ နှစ်မြောက် မွေးနေ့အဖြစ်ကပ်လှူတဲ့ မုန့်ဟင်းခါးဆွမ်းနှင့် ခဲဖွယ်ဘောဇဉ်အစုံတို့ကို မေတ္တာပွားများ ဘုဉ်းပေး။ ဒီနေ့ပဲ ကျန်းမာရေးအတွက် ဆေးရုံတက်ရောက်ကာ ကုသမှုခံယူရမှာဆိုတဲ့အတွက် အထူးပင်မေတ္တာပို့သကာ ဘုဉ်းပေးခဲ့ပါတယ်။ ဆွမ်းဘုဉ်းပေးအပြီးမှာ ဆရာတော် ဦးကစ္စာယနက သီလပေးရေစက်ချ၊ ဘုန်းကြီးက ဆွမ်းအနုမောဒနာတရားချီးမြှင့်ပါတယ်။ မေတ္တာသုတ်၊ ဗောဇ္ဈင်သုတ်များကိုလည်း အထူး မေတ္တာပြုကာ ရွတ်ဆိုပွားများပေးကြပါတယ်။ ဆွမ်းဒကာများနဲ့ နှစ်အိမ်ကျော်လောက်မှာနေတဲ့ ဘုန်းကြီးတို့ သောဘနာရာမ ရွှေမင်းဝံ(ပဲခူး)ရိပ်သာမှာ ယောဂီကျောင်းဆောင် လှူဒါန်းထားတဲ့ ဦးတင်မောင်ခင် ဒေါ်မြမြဝင်းတို့လည်း လာရောက်တရားနာကြားပါတယ်။ သူတို့အိမ်ကိုလည်း ကြွရောက်ကာ ဆွမ်းဘုဉ်းပေးဖို့ ပင့်လျှောက်ပါတယ်။



ကျောင်းပြန်ရောက်ခဏနားပြီး အပြင်မှာမိုးရွာနေတဲ့အတွက် ဓမ္မခန်းမအတွင်းမှာပဲ ဆရာတော် ဦးကစ္စာယနနဲ့ လမ်းလျှောက်ရင်း မိမိအားကိုးရမည့် တပည့်ကောင်းကောင်းတစ်ဦးရရေးဟာလည်း ရခဲတဲ့ ဒုလ္လဘတရားတစ်မျိုးပါပဲဆိုတဲ့ အကြောင်းကိုလည်း ဆွေးနွေးပြောဆိုဖြစ်ကြပါတယ်။

၁၁ နာရီမှာ အလှူရှင်များဆက်ကပ်လှူဒါန်းတဲ့ နေ့ဆွမ်းတို့ကို မေတ္တာပွားများ ဘုဉ်းပေးခဲ့ပါတယ်။ နေ့ပိုင်းမှာတော့ ခန်းမထဲမှာဘဲ တရားစာအုပ်များဖတ်ရှုလိုက် စင်္ကြံလျှောက်လိုက်နဲ့ အချိန်ကို ကုန်လွန်စေခဲ့ပါတယ်။ ညနေ ၄ နာရီကျော်ကျော်လောက်မှာ မစိုးစိုးဝင်း၊ မနီလာတို့ ညီအစ်မတွေ ရောက်လာပြီး နောက်နေ့ အရုဏ်ဆွမ်းအတွက် ခဲဖွယ်ဘောဇဉ်များကိုလည်း လှူဒါန်းသွားကြပါတယ်။

၆ နာရီ ၃၀ မှာ ဘုရားဝတ်တက်။ တရားရှုမှတ်၊ မေတ္တာပို့ အမျှဝေ။ ည ၁၀ နာရီမှာ အနားယူ။

### ဧပြီလ ၃၀ ရက်၊ ၂၀၀၉

ပုံမှန်ပြုလုပ်မြဲအတိုင်း အရုဏ်ဆွမ်း မဘုဉ်းပေးမီ ဘုရားဝတ်ပြု၊ တရားထိုင်၊ မေတ္တာပို့၊ အမျှဝေ။ ၆ နာရီမှာ အရုဏ်ဘုဉ်းပေး။ စင်္ကြံလျှောက်။

နံနက် ၈ နာရီမှာတော့ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး တင်အောင်မိသားစုနေထိုင်ရာ အစိုးရအိမ်ကို ကြွရန် ကားလာ

www.burmeseclassic.com

www.burmeseclassic.com



ကြို၍ ကြွကြပါတယ်။ စစ်သံမှူးကြီးနဲ့ဇနီးတို့က ကြိုဆိုကြပြီး ဘုရားခန်းမှာ အန္တရာယ်ကင်းပရိတ်ကမ္ဗဝါစာတို့ကို မေတ္တာရှေ့ထားကာ ရွတ်ဖတ်ပွားများပေးကြပါတယ်။ ဆရာတော် ဦးကစ္စာယနက အနုမောဒနာတရားဟောကြားအမျှပေးဝေပေးပါတယ်။ ထိုအိမ်မှတစ်ဆင့် မြန်မာစစ်သံရုံးကြီးသို့ ဆက်လက်ကြွရောက်ကြပါတယ်။ ခန့်ညားထည်ဝါတဲ့ နှစ်ထပ် အဆောက်အဦးကြီးဖြစ်ပါတယ်။ ဘုန်းကြီးတို့ကို သံရုံးဝန်ထမ်းများက ပြုံးရွှင်ကြည်လင်သော မျက်နှာများနှင့် ရိုသေစွာ ခရီးဦးကြိုဆိုကြပါတယ်။ စစ်သံရုံးခန်းမအတွင်းမှာ စစ်သံမှူး ဗိုလ်မှူးကြီး တင်အောင်နဲ့ဇနီးတို့ဦးဆောင်ပြီး ငါးပါးသီလခံယူဆောက်တည် အန္တရာယ်ကင်း ပရိတ်ကမ္ဗဝါများကိုလည်း ရိုသေစွာနာယူကြပါတယ်။ ဆရာတော် ဦးကစ္စာယနက အနုမောဒနာတရာချီးမြှင့်ကာ ရေစက်သွန်းချ အမျှပေးဝေပါတယ်။

စစ်သံရုံးဝန်ထမ်းမိသားစုများ စုပေါင်းပြီး တိုင်းရင်းသားများပီပီ တိုင်းရင်းသားရိုးရာ မြန်မာအစားအစာ၊ ရခိုင်က ရခိုင်မုန့်တီ၊ ရှမ်းက ရှမ်းခေါက်ဆွဲ စသည် စုံလင်အောင် ဆက်ကပ်ကြပါတယ်။ ဘုန်းကြီးများလည်း ဒကာ ဒကာမများစေတနာကို တုန့်ပြန်သောအားဖြင့် မေတ္တာပွားကာ ဘုဉ်းပေးကြပါတယ်။ ဆွမ်းဘုန်းပေးအပြီး မှတ်တမ်းတင်ဓာတ်ပုံများကိုလည်း စုပေါင်းရိုက်ကြပါတယ်။ စစ်သံရုံးကနေ ပြန်ကြွလာ



အပြီး ကျောင်းရောက်တော့ ၂ နာရီ ၃၀ ခန့်ရှိနေပါပြီ။

ဘုရားခန်းထဲမှာပဲ တရားစာအုပ်များဖတ်ကာ အချိန်ကို အကျိုးရှိစွာ ကုန်လွန်စေခဲ့ပါတယ်။

ညနေ ၆ နာရီ ၃၀ မှာ ဘုရားဝတ်တက်၊ တရားထိုင်၊ မေတ္တာပို့၊ အမျှဝေပြီး နယူးယောက်မြို့က လောကချမ်းသာ ဆရာတော် ဦးဣန္ဒကနဲ့ တရားစခန်းအကြောင်း ဆွေးနွေးဖြစ်ပါတယ်။ ဒေလီးစီးတီး ရတနာဉာဏ်ရောင် ဆရာတော် ဦးတေဇဝန္တလည်း မြန်မာပြည်ကနေ ပြန်ရောက်လာကြောင်း ဖုန်းဖြင့်နှုတ်ဆက်စကား ပြောကြားပါတယ်။ ည ၁၀ နာရီမှာ ရှုမှတ်မှုဖြင့် အနားယူခဲ့ပါတယ်။

## မေလ ၁ ရက်၊ ၂၀၀၉

မိုးရွာနေလို့ အပြင်မှာအေးနေတယ်။ ကျောင်းထဲမှာပဲ ဦးကုသလနဲ့ လမ်းလျှောက်ရင်း စကားပြောဖြစ်ကြတယ်။ ၉ နာရီမှာ မင်္ဂလာရာမ ဆရာတော် ဦးသဘာစာရ၊ ကပ္ပိယ ဦးသောင်းကြည်(မောင်သီရိ)နဲ့ ဒေါ်တီမေသိန်းတို့ သားအမိ နေ့ဆွမ်းကပ်ရန်အတွက် ဆွမ်း၊ ဆွမ်းဟင်း ခဲဖွယ်များနဲ့ ရောက်လာကြတယ်။ ဆရာတော် ဦးအာသဘာစာရနှင့် သာသနာရေးရာများ ဆွေးနွေးဖြစ်ကြတယ်။

ဒေါ်တီမေသိန်းကတော့ ၂၀၀၇ ခုနှစ် ဘုန်းကြီး အမေရိကန်သာသနာပြုခရီးစဉ်တုန်းက မင်္ဂလာရာမမှာ ၁၀ ရက်

www.burmeseclassic.com

www.burmeseclassic.com



တရားစခန်းပြသစဉ်က နိုင်ငံခြားသားယောဂီများအတွက် ဘုန်းကြီးကို ဘာသာပြန်ကာ ကူညီပေးခဲ့တဲ့ ဒကာမကြီး ဖြစ်ပါတယ်။ ဘုန်းကြီးများအတွက် ကျေးဇူးများတဲ့ ဒကာမကြီး တစ်ဦးဖြစ်ပါတယ်။

မခင်ကျော်ကျော်မှ ဆရာတော် နယူးယောက်ရောက်လျှင် ဆေးစစ်နိုင်ရန် စီစဉ်ထားကြောင်း တယ်လီဖုန်းနဲ့ လျှောက်ထားပါတယ်။

ကာလီဖိုးနီးယားမှ ရတနာဉာဏ်ရောင်ဆရာတော်နှင့် မေတ္တာနန္ဒဆရာတော်တို့ကလည်း အဆင်ပြေလျှင် အင်ဒီယာနာ ပြည်နယ်က မြန်မာတွေအနေများတဲ့ ဖောဝိုင်းမြို့မှာလည်း တရားစခန်းဖွင့်ပေးစေလိုကြောင်း ဖုန်းဆက်အကြောင်းကြားပါတယ်။

မေလ ၂ ရက်၊ ၂၀၀၉

နံနက် ၉ နာရီ ၃၀ မှာ ဒေါက်တာမျိုးမင်းလာကြိုတဲ့ ကားနဲ့ ယနေ့နေ့ဆွမ်းဆက်ကပ်မည့် ဒေါက်တာမျိုးမင်း မပွင့်သီရိ၊ သား မောင်ဉာဏ်လင်းထွန်းမင်း၊ မောင်ထူးမျိုးမင်း မိသားစုတို့အိမ်ကို ကြွကြပါတယ်။ မပွင့်သီရိက ရွှေပုဇွန်မျိုးဆက်ရဲ့ သမီးထွေးလေးဖြစ်ပါတယ်။ ဘုန်းကြီး ဆရာတော် ဦးကစ္စာယန၊ ဦးကုသလတို့က ပရိတ်မေတ္တာ ရွတ်ဖတ်ပွားများပြီး ဘုန်းကြီးက အနမောဒနာတရားချီးမြှင့်ပေးခဲ့ပါတယ်။



ဆွမ်းဆက်ကပ်တဲ့အခါ ရန်ကုန် ရွှေပုဇွန်ခြံထဲမှာ ဆက်ကပ်တဲ့အတိုင်း ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲများ ဖွယ်ဖွယ်ရာရာ စုံစုံလင်လင်အပြင် မြန်မာ့အကောင်းဆုံး အစားအစာဖြစ်တဲ့ မုန့်ပျားသလက် ပူပူနွေးနွေးလည်းပါဝင်ပြီး မိသားစု စုံစုံလင်လင် ပျော်ပျော်ရွှင်ရွှင် ဆက်ကပ်ကြပါတယ်။ ကောင်းကောင်းကတော့ အလုပ်သွားပြီမို့ မတွေ့ရတော့ဘဲ သူ့သူကိုသာ တွေ့ရပါတယ်။

ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အိမ်ရှင်များက အပေါ်ထပ် ဘုရားခန်းကိုပင့်တဲ့အတွက် ခန်းနားကျယ်ပြန့်တဲ့ ဘုရားခန်းထဲမှာ ပူဇော်ထားတဲ့ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များကို ဖူးတွေ့ရပါတယ်။

အထူးသဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌကြီး ဒေါ်ခင်နွဲ့ရီတို့ရဲ့ ပုံများကိုလည်း အမှတ်တရ ကြည့်ရှုခဲ့ရပါတယ်။

နေ့ဆွမ်းဘုဉ်းပြီးအပြန်မှာတော့ မေစီဆိုတဲ့ ဈေးဆိုင်ကြီးကို ခဏဝင်ရောက်ကြည့်ရှုခဲ့ရပါတယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

# ညီမျှသဒ္ဒါ၊ ရင်းတည်ကာ

မေလ ၃ ရက်၊ ၂၀၀၉

ဒီနေ့ ဗုဒ္ဓနေ့အခမ်းအနားကို ကေလာသဝိဟာရမှာ ကျင်းပရန်ရှိတဲ့အတွက် ကျောင်းထိုင်ဆရာတော် ဦးကစ္စာယန နဲ့ ဦးကုသလတို့တော့ အလုပ်တွေများနေကြပါတယ်။ ဘုန်းကြီးကတော့ အမေရိကန်မှာ လုပ်လေ့ရှိတဲ့ အစီအစဉ်ကို ဘာမှ မသိတဲ့အတွက် ဓမ္မာရုံခန်းမထဲမှာသွားပြီး ရွတ်ဖတ်စရာရှိတာများကို ရွတ်ဖတ်နေလိုက်ပါတယ်။ အပြင်မှာလည်း မိုးရွာနေပါတယ်။

မိုးရွာထဲမှာပဲ ပရိသတ်တဖွဲဖွဲရောက်လာပြီး ၁၀ နာရီ အချိန်မှာ ဗုဒ္ဓနေ့အဖြစ် ရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် စတင်ကျင်းပပါတယ်။ အနေကဇာတင်ပြီး ဆရာတော် ဦးကစ္စာယနက ပရိသတ်များကို ငါးပါးသီလ ချီးမြှင့်ပြီး သံဃာတော်များက မေတ္တာသုတ်ရွတ်ဖတ်ကြပါတယ်။ ပြီးတဲ့အခါမှာ ဘုန်းကြီးကနေပြီး ဗုဒ္ဓနေ့အကြောင်း သိဖွယ်ရာများကို ဟောပြောပေးခဲ့ပါတယ်။ နေ့ ၁၁ နာရီမှာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၊ ပရိသတ်များကို



လည်း ကျွေးမွေးဧည့်ခံပါတယ်။ ဗုဒ္ဓနေ့အခမ်းအနားကို ပရိသတ် ၅၀ ခန့် တက်ရောက်ပါတယ်။

နေ့လယ်ပိုင်းမှာတော့ ဒကာကြီးတစ်ဦးလာပင့်တဲ့ ကားနဲ့ ဆရာကြီး ဦးဘခင်ရိပ်သာဆီကို သွားရောက် လေ့လာခဲ့ပါတယ်။ ဒီရိပ်သာကတော့ ဒကာမကြီး ဒေါ်မြတင် ဦးဆောင်ပြီး နိုင်ငံခြားသား ကမ္မဋ္ဌာန်းဆရာများနဲ့ စုပေါင်းဖွင့်လှစ်ထားတာပါ။ ဘုန်းကြီးတို့ရောက်သွားတဲ့နေ့ကလည်း ကမ္မဋ္ဌာန်းဌာနရဲ့ ဥက္ကဋ္ဌဖြစ်သူက ရိပ်သာအကြောင်း ရှင်းလင်းပြောပြပါတယ်။ ဦးဘခင်ရိပ်သာက အပြန်မှာ ဆရာတော် ဦးမဟောသဓပဏ္ဍိတနဲ့ ဦးဣန္ဒာစာရတို့ သီတင်းသုံးရာ ဝေဇယန္တာကျောင်းကိုလည်း ဝင်ရောက်ကာ ဆရာတော်များကို နှုတ်ဆက်စကားပြောကြားခဲ့ပါတယ်။

ကျောင်းကို ၆ နာရီခန့်ပြန်ရောက်ပြီး ခဏနားကာ ဘုရားဝတ်တက် တရားရှုမှတ်အမျှဝေကာ စောစောပဲ အိပ်ရာဝင်ခဲ့ပါတယ်။

မေလ ၄ ရက်၊ ၂၀၀၉

ဒီနေ့မနက်တော့ ဒီနေ့ပဲ ကေလာသဝိဟာရကနေ မင်္ဂလာရာမဝိဟာရကို ခဏပြောင်းရွှေ့ သီတင်းသုံးဖို့ စီစဉ်ထားတဲ့အတွက် သိမ်းဆည်းစရာရှိတာများ သိမ်းဆည်းခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၉ နာရီ ၃၀ မှာတော့ သောဘနာရာမ ရွှေမင်းဝံရိပ်သာ (ပဲခူး)ရဲ့ ယောဂီကျောင်းဆောင် ဒကာများဖြစ်တဲ့ ဦးတင်မောင်ခင် ဒေါ်မြမြဝင်း (ခ)ဒေါ်စုတို့အိမ်ကို ဆွမ်းစားကြွမှာဖြစ်တာကြောင့် ဒကာကြီး ဦးတင်မောင်ခင် ကိုယ်တိုင်လာကြိုတဲ့ကားနဲ့ပဲ ဘုန်းကြီးတို့ ကြွကြပါတယ်။ အိမ်ကိုရောက်တော့ ခဏနားကာ ဆရာတော် ဦးကဗ္ဗာယနက သီလပေးကာ သံဃာတော်များက မေတ္တာပွားများ၊ ဘုန်းကြီးက အနုမောဒနာတရားချီးမြှင့်ခဲ့ပါတယ်။

ဆွမ်းဘုဉ်းပေးအပြီး ကျောင်းပြန်ပို့ရင်း ဒကာကြီး ဦးတင်မောင်ခင်က ဘော်လတီမိုးမြို့ရဲ့ အကြီးဆုံးဈေးဆိုင်ကြီးဖြစ်တဲ့ အပ်ကနေ ကားအထိဝယ်လို့ရနိုင်တယ်ဆိုတဲ့ ဈေးဆိုင်ကြီးကို လိုက်ပို့ပါတယ်။ ဆောက်လုပ်ရေးနဲ့ပတ်သက်တဲ့ အကြီးဆုံးဆိုင်ကြီးကိုလည်း လိုက်ပြပေးပြီး ဘုန်းကြီးအတွက် အော်တိုမစ်တစ် မီးခလုတ်များနှင့် လုံခြုံရေးအတွက် အကောင်းစားသော့တို့ကိုလည်း လှူပါတယ်။ သူ့အချိန်နဲ့သူ တစ်နာရီထိုးတိုင်း ငှက်သံလေးတွေမြည်တဲ့ သံစုံနာရီများလည်း မှာယူပြီး ကျောင်းဒကာ ကျောင်းအမများက လှူဒါန်းလိုက်ကြပါတယ်။

ည ၇ နာရီမှာ မင်္ဂလာရာမကျောင်းကို ပို့ဆောင်ပေးပြီး လိုအပ်တာရှိပါက ဖုန်းဆက်မိန့်ကြားပါရန် လျှောက်ထားပြီး ဒကာကြီးလည်း ပြန်သွားပါတယ်။



မင်္ဂလာရာမကျောင်းမှာလည်း အာဂန္တုဆရာတော်များ ရောက်နေပါတယ်။ နာမည်ကြီး စာရေးဆရာတော်ဖြစ်တဲ့ ဓမ္မဘောရီ အရှင်ဝီရိယ၊ မြေဇင်းဆရာတော် ဦးသောပါက၊ မန္တလေး ဖောင်တော်ဦး ပရဟိတကျောင်းက ဦးအင်္ကုရတို့ ဖြစ်ကြပါတယ်။ အာဂန္တုဆရာတော်များကိုလည်း နှုတ်ဆက်၊ ကျောင်းတိုက်က ဆရာတော်များဖြစ်ကြတဲ့ ဆရာတော် ဦးအာသဘာစာရနဲ့ ဦးဓမ္မသာမိ၊ ကပ္ပိယဒကာ ကိုသောင်းကြည်တို့ကိုလည်း နှုတ်ဆက်ကာ မိမိအတွက် ပေးထားတဲ့ နေရာမှာ ခေတ္တနားပြီး ဆရာတော်များကို ကိုသောင်းကြည် ဆက်ကပ်တဲ့ ဖျော်ရည်၊ ပျားရည်နဲ့ ရေနွေးတို့ကို အလှူခံပြီး ဘုဉ်းပေးရင်း အမေရိကန်နိုင်ငံမှာ မိမိတို့ ကိုယ်တွေ့ကြုံခဲ့တဲ့ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးတို့ကို ဆွေးနွေးဖြစ်ကြပါတယ်။

ကမ္ဘာမှာ ရုပ်ပါဝါဖြစ်ပြီး အချမ်းသာဆုံးဖြစ်တဲ့ အမေရိကန်နိုင်ငံရဲ့ ရုံးစိုက်ရာ၊ နေပြည်တော်ဖြစ်တဲ့ ဝါရှင်တန်မြို့တော်အနီးက မင်္ဂလာရာမမှာ ဓမ္မခန်းမကြီးရဲ့ အောက်ထပ်မှာ အကြောင်းတစ်မျိုးမျိုးကြောင့် မီးများ ပြတ်တောက်ပြီး မီးမလာတဲ့အတွက် တရုတ်ဖြစ်မီးစက်ကလေးနဲ့ မီးရောင်မှိန်မှိန်အောက်မှာ ကျောင်းနေသံဃာတော်များနဲ့ အာဂန္တု သံဃာတော်များ စုထိုင်ကာ လောကအရေး၊ တရားအရေး ဆွေးနွေးဖြစ်ကြတယ်ဆိုလျှင် စာဖတ်သူများအနေနှင့်ယုံမှ ယုံနိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါ့မလား မသိ။ ဒါပေမယ့် တကယ့် ကိုယ်တွေ့ကြုံခဲ့ရတာကို ရေးပြခြင်းပါ။ ကိုယ်တိုင်တောင် မယုံကြည်စရာပါ။

တစ်နေကုန်မိုးရွာနေတာမို့ အပြင်မှာလည်း အေးနေပါတယ်။ ဒါကြောင့် ဘုရားဝတ်တက်ကာ စောစောပဲ အိပ်ရာဝင်ခဲ့ပါတယ်။

## မေလ ၅ ရက်၊ ၂၀၀၉

ကိုသောင်းကြည် ဆက်ကပ်တဲ့ အရုဏ်ဆွမ်းကို သံဃာတော် ၆ ပါး မေတ္တာပွားကာ ဘုဉ်းပေးကြတယ်။ အရုဏ်ဆွမ်းဘုဉ်းပေးအပြီး ဓမ္မဘေရီဆရာတော်နဲ့ ဦးသောပါကတို့က နယူးယောက်ကို ကြွကြမှာမို့ ကန်တော့နှုတ်ဆက်ကြပါတယ်။ မန္တလေး ဦးအက်ုံရကိုလည်း အမေရိကန် ဒကာမကြီး လာရောက်ပင့်သွားပါတယ်။ ဘုန်းကြီးနဲ့ ဦးအာသဘာစာရတို့လည်း လမ်းလျှောက်ရင်း ရေးဟောင်းနှောင်းဖြစ်အကြောင်းအရာများ လက်ရှိရေးရာများကို ပြောဖြစ်ကြပါတယ်။

နေ့ဆွမ်းကိုတော့ ၂၀၀၇ ဘုန်းကြီး မင်္ဂလာရာမမှာ တရားပြသခဲ့စဉ်က တရားဝင်ရောက်ကာ အားထုတ်ခဲ့ဖူးတဲ့ ကမ္ဘောဒီးယားယောဂီ ဒေါက်တာမကလေးက ကမ္ဘောဒီးယားအစားအစာ စုံစုံလင်လင် ဆက်ကပ်ပါတယ်။ ဘိုစာလို့ခေါ်တဲ့ အသီးအရွက်များနဲ့ အသားကင်၊ ငါးကင်များလည်း ပါဝင်



ပါတယ်။ ဆွမ်းဘုဉ်းပေးအပြီး လှူဖွယ်များကိုလည်း လှူဒါန်းပါတယ်။ ဘုန်းကြီးများကို ယခုလိုတွေ့ရတာ အလွန်ကြည်နူးဝမ်းသာဖြစ်ရပါကြောင်းကိုလည်း လျှောက်ထားပါတယ်။

နေ့ပိုင်းမှာ ခေတ္တနားကာ စာကြည့်တိုက်ထဲက စာအုပ်များဆွဲကာ ဖတ်နေလိုက်ပါတယ်။

## မေလ ၆ ရက်၊ ၂၀၀၉

အရုဏ်ဆွမ်းကို ကမ္ဘောဒီးယားယောဂီ ဒေါက်တာမလေးကဘဲ စုံစုံလင်လင် လာပြီးကပ်လှူပါတယ်။ ဆေးပစ္စည်းများလည်း ထပ်ပြီး လှူဒါန်းပါတယ်။ သူ့ရဲ့လှုပ်ရှားမှုတွေက မြန်ဆန်လွန်းလို့ ကြည့်ရင်းမောလာရတယ်။ တစ်ယောက်ထဲ စားသောက်ဖွယ်ရာတွေကို ဇယ်စက်သလို မြန်မြန်ဆန်ဆန်ပြုပြင်ပြီး သံဃာလေးပါးကို ဆက်ကပ်ပါတယ်။ သူ့စေတနာကို တုန့်ပြန်တဲ့အနေနဲ့ မေတ္တာအထူးပွားများကာ ဘုဉ်းပေးပါတယ်။ ၁၀ နာရီမှာ မင်္ဂလာဆရာမကျောင်းရှေ့နားက စတိုးဈေးဆိုင်တန်းထဲမှာရှိတဲ့ မျက်မှန်ဆိုင်ကို ဆရာတော်ဦးအာသဘာစာရနဲ့အတူ သွားရောက်ကြည့်ခဲ့ပါတယ်။ မိမိနှစ်သက်တဲ့ (အကြိုက်ဆုံးမဟုတ်သေး) မျက်မှန်ကိုင်းတွေ့တာနဲ့ နှစ်လက် ဆောင်ကျဉ်းခဲ့ပါတယ်။ ကိုင်းရော၊ မှန်ရောက တန်ဖိုးသိပ်ကြီးတာပါပဲ။

မိုးတိတ်သွားပြီး နေအနည်းငယ်ပွင့်လာပြီ။ သို့သော်

www.burmeseclassic.com



လည်း လျှပ်စစ်မီးက လာရောက်ဆက်သွယ်မပေးသေးတာနဲ့ မီးစက်ကလေးနှိုးပြီး သုံးနေရဆဲပါ။ မီးစက်ကလေးရဲ့ အလင်းရောင်နဲ့ပဲ ဓမ္မခန်းမကြီးအောက်ထပ်မှာ စာဖတ်ရင်း အချိန်ကုန်လွန်စေခဲ့ပါတယ်။

ညနေ ၆ နာရီမှာ ဘုရားဝတ်တက်၊ တရားထိုင်၊ အမျှဝေ။ ၁၀ နာရီမှာ အနားယူခဲ့ပါတယ်။

❖ ❖ ❖



## ကျေးဇူးကမ္ဘာ၊ အို…နာသာ

မေလ ၇ ရက်၊ ၂၀၀၉

ဒီနေ့လဲ မိုးကရွာလိုက် တိတ်လိုက်။ ဒီနေ့တော့ မီးလာမယ်ဆိုလို့ ဝမ်းသာနေမိပါတယ်။ ဆရာတော် ဦးအာသဘာစာရက ပြောတယ်။ မီးလာမယ်ဆိုတာ သိပ်မျှော်လင့်လို့ မရဘူး။ အခုရွာနေတဲ့မိုးလိုဘဲ လူတွေဟာ အခုတစ်မျိုး တော်ကြာတစ်မျိုး။ တော်ကြာ ဘာတွေအကြောင်းပြဦးမယ် မသိဘူးလို့ ပြောပါတယ်။ မီးသမားလဲ မီတာဘောက်ကို တပ်ဆင်နေတာ တွေ့ရတဲ့အတွက် ဒီနေ့တော့ သေချာပေါက် မီးလာမယ်လို့ ယုံကြည်မိပါတယ်။

ဆရာတော် ဦးအာသဘာစာရပြောတာ မှန်နေတယ်။ အကြောင်းတစ်မျိုးနဲ့ ဒီနေ့လည်း မီးမလင်းနိုင်ပြန်ပါဘူး။ ဒီနိုင်ငံမှာ အနေကြာလာကြတဲ့ ဆရာတော် ဦးအာသဘာစာရ၊ ဦးဓမ္မသာမိနဲ့ ဦးသောင်းကြည်တို့ကတော့ အနေအထိုင်ခက်၊ အစားအသောက်ခက်၊ ရေချိုးခက်၊ မျက်နှာသစ်ခက်၊ အကုန်ခက်နေကြတာ တွေ့ရပါတယ်။ သို့ပေမယ့် အရာရာကို သည်းခံနိုင်မှုဖြင့် အနိုင်ယူနိုင်ကြသူတွေမို့ ချီးကျူးစရာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတို့ကတော့ မြန်မာနိုင်ငံမှာနေတာဆိုတော့ မီးမရှိလဲ နေတတ်တယ်။ ရေအေးအေးလဲ ချိုးတတ်တယ်။ အပူပေးစက်လဲ တစ်ခါမှ မသုံးဘူးတော့ စောင်ခြုံပြီးလည်း အိပ်တတ်ပါတယ်။ ဘုန်းကြီးအတွက် ဘာမှ အခက်အခဲမရှိ။ အားလုံး အိုကေပါပဲ။

၁၀ နာရီ ၃၀ မှာ ဦးအာသဘာစာရနဲ့အတူ မျက်စိ စမ်းသပ်တဲ့ ဆေးခန်းသွားကြတယ်။ စမ်းသပ်ခ ဈေးသိပ်ကြီး တာ သိရတယ်။

၁၁ နာရီ နေ့ဆွမ်းအပြီးမှာတော့ ဦးအာသဘာစာရ နဲ့အတူ ရှက်ဖျင်တဲကြီးတွေထိုးကာ နာဆာကနေ ဦးစီးပြသ တဲ့ ပြခန်းတွေဆီသွားကြတယ်။ မောင်ညီလေးမောင်နဲ့ မောင်ထွန်းထွန်းတို့က လိုက်ပို့ပါတယ်။ ပထမဆုံး လေယာဉ် စတက်ချိန်ကစပြီး အဆင့်ဆင့် ပျံသန်းမှုတွေကို ပြသတယ်။ ဒုန်းပျံနဲ့ ဂြိုဟ်တုစတာတွေ တည်ဆောက်ပုံတွေ၊ လွှတ်တင် ပုံအဆင့်ဆင့်တို့ကိုလည်း ဗဟုသုဖြစ်ဖွယ် ပြသထားတယ်။ တကယ့်လေယာဉ်နဲ့ ဂြိုဟ်တုအစစ်တွေရဲ့ ပစ္စည်းတွေနဲ့ ပြသ ထားတာမျိုးမို့ အခြားနေရာတွေမှာ တွေ့မြင်နိုင်ဖို့ လွယ်ကူ မယ် မဟုတ်ပါဘူး။ စိတ်ဝင်စားဖွယ်၊ အံ့သြဖွယ်တွေဖြစ်ပါ တယ်။ "ယောကျ်ားတံခွန် လူရည်မွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်းတည့်"ဟု ဆို တဲ့စကားလို ကောင်းကင်က ကြယ်တာရာတွေကိုပင် လက်



နဲ့ စမ်းကိုင်ကြည့်နိုင်လောက်အောင် တီထွင်နိုင်စွမ်းရှိလေတဲ့ သူတို့ရဲ့စွမ်းအားကို လေးစားမိပါတယ်။

ဒီလို တီထွင်သူတွေရှိခဲ့လို့သာ ဘုန်းကြီးတို့တစ် တွေလည်း ဒီလောက်ဝေးကွာတဲ့အရပ်ဆီကို လွယ်လွယ်ကူကူ ချမ်းချမ်းသာသာနဲ့ အရောက်လာနိုင်ခဲ့တာ။ ဒီလိုမှမဟုတ်လို့ လှည်းနဲ့လှေနဲ့ ခရီးဆက်ရတဲ့အဆင့်မှာသာဆို ခုလိုရောက် လာနိုင်ဖို့ဆိုတာ စိတ်ကူးထဲမှာပင် ထည့်ဖြစ်မယ့်အရာဟုတ် မယ်မထင်ပါဘူး။

အထူးသဖြင့် ရှက်ဖျင်တဲကြီး ယာယီဆောက်လုပ်ကာ ပြခန်းလုပ်ထားတဲ့ နာဆာပြခန်းအပေါက်ဝမှာ ဌာနဆိုင်ရာ တွေ၊ ကုမ္ပဏီတွေကနေ သူတို့ရဲ့ လုပ်ငန်းဆိုင်ရာတွေ၊ ထုတ် ကုန်တွေကို ကြော်ငြာတဲ့အနေနဲ့ စာအုပ်တွေ၊ အမှတ်တရ ပစ္စည်းလေးတွေကို ချထားပါတယ်။ လိုချင်သူ စိတ်ဝင်စားသူ တွေက မိမိနှစ်သက်ရာကို ကောက်ယူသွားနိုင်ပါတယ်။ အဝင် မှာရှိတဲ့ အိတ်တစ်အိတ်ယူပြီး ကိုယ်လိုတာထည့်ယူရုံပါပဲ။ ဘုန်းကြီးတို့လည်း ထည့်ယူခဲ့ကြပါတယ်။ ကျောင်းရောက် တဲ့အခါ ရေတွက်ကြည့်တော့ အမျိုးပေါင်းတစ်ရာနီးပါးရှိပါ တယ်။ ဘောလ်ပင်တွေချည်းကိုက အမျိုးပေါင်း အစိတ် လောက်ရှိပါတယ်။ မိမိပစ္စည်းကိုလည်း ကြော်ငြာပြီးဖြစ်သွား သလို ပြခန်းလာသူတွေအနေနဲ့လည်း သူတို့ရဲ့ အင်ဖော် မေးရှင်းကိုလည်း သိရ၊ ပြခန်းကိုလည်း ကြည့်ရ၊ လက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလည်းရဆိုတော့ နှစ်ဦးနှစ်ဖက် အကျိုးများတဲ့အလုပ်လို့ ပြောနိုင်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်အောက်မှာ စားသုံးသူကို ဆွဲဆောင်အသိပေးတဲ့ နည်းတစ်မျိုးပါပဲ။

မေလ ၈ ရက်၊ ၂၀၀၉

ဦးဓမ္မသာမိနှင့် ဘာသာ သာသနာရေး ဆွေးနွေးဖြစ်ကြ။

နေ့ဆွမ်းကို မွေးနေ့ရှင် မောင်မျိုးကိုကို မစုလှိုင်ဝင်းမိသားစုတို့ရဲ့ စုံလင်စွာ ချက်ပြုတ်ထားတဲ့ ယိုးဒယားအစားအစာများနဲ့ ဘုဉ်းပေးခဲ့ရပါတယ်။ ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ခြင်းကိုလည်း ဘုန်းကြီးမှ ဆောင်ရွက်ပေးပါတယ်။

နေ့လယ်ပိုင်းမှာ ဦးတင်မောင်ခင် ဒေါ်မြမြဝင်းတို့အင်တာနက်ကနေမှာယူထားတဲ့ ငှက်သံအမျိုးမျိုးတွန်မြည်တဲ့တိုင်ကပ်နာရီ ၃ လုံးနဲ့ စားပွဲတင်နာရီတစ်လုံး လာလှူကြတယ်။ ကမ္ဘောဒီးယားယောဂီကလည်း ဖျော်ရည်အကောင်းစားများ၊ နံနက်အရုဏ်ဆွမ်းအတွက် အသားညှပ်ပေါင်မုန့်များလာရောက်လှူသွားပါတယ်။

ညပိုင်းမှာ မောင်မျိုးမင်း မစိုးစိုးဝင်းတို့ လာရောက်ကြပြီး မောင်မျိုးမင်းရဲ့ နှစ် ၅၀ ပြည့် ရွှေရတုနေ့မှာ တရားဟောကြားချီးမြှင့်ဖို့ လာရောက်လျှောက်ထားပါတယ်။ နံနက်



အရုဏ်အတွက် တို့ဟူးသုပ်များလည်း လှူဒါန်းသွားပါတယ်။

မေလ ၉ ရက်၊ ၂၀၀၉

ဒေါ်တီမေသိန်းမိသားစုက အရုဏ်ဆက်ကပ်ပါတယ်။ ၇ နာရီ ၃၀ မှာ တစ်နေ့တာ တရားစခန်းဖွင့်လှစ်မယ့် ဒေါ်တီမေသိန်းအိမ်ကို ဒါယကာမကြီး ဒေါ်ခင်မေသန်းက ယာဉ်မောင်းပြီး လိုက်ပို့ကာ ကုသိုလ်ယူပါတယ်။ နံနက် ၈ နာရီမှာ ယောဂီ ၁၁ ယောက်နှင့် တစ်နေ့တာ တရားစခန်းစတင်ပါတယ်။ အလုပ်ပေးတရား ဟောကြားချီးမြှင့်ပါတယ်။

နေ့လယ် ၁၁ နာရီမှာ စုပေါင်းဆွမ်းကပ်ကြပြီး နေ့လယ် ၁ နာရီမှာ တရားဟောကြားပေးပါတယ်။ ယောဂီ ၁၅ ယောက်လောက်ရှိလာပါတယ်။ ညနေပိုင်းမှာ အချိန်တိုင်းအကျိုးရှိအောင်နေ၊ တရားကို ဟောကြားပေးပြီး တစ်နေ့တာတရားစခန်းကို အောင်မြင်စွာ အဆုံးသတ်ခဲ့ပါတယ်။ အပြန်မှာတော့ ဒေါက်တာမျိုးမင်း မပွင့်သီဂီတို့က လာကြိုပါတယ်။ ကျောင်းရောက်တဲ့အခါမှာ ဒေါက်တာမျိုးမင်းက ဘုန်းကြီးကို ကာကွယ်ဆေးထိုးပေးပါတယ်။ ဘုန်းကြီးရဲ့ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာမှာ အထူးအားပေးတဲ့ သာသနာပြုဖော်ပြုဖက်များဖြစ်ကြပါတယ်။

ည ၁၀ နာရီမှာ စောစောပဲ အနားယူပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## သတိမပျက် အသိဆက်

**မေလ ၁၀ ရက်၊ ၂၀၀၉**

ဒီနေ့ အရုဏ်ဆွမ်းကို ကျန်းမာရေးသိပ်ပြီးမကောင်း မွန်ရှာတဲ့ ဒါယကာမကြီး မိသားစုအိမ်ကပင့်လို့ ကြွကြပါ တယ်။ နန်းကြီးသုပ်အချိုပွဲတို့ ဆက်ကပ်ပါတယ်။ ကျန်းမာ ရေးအတွက် မေတ္တာသုတ်၊ ဗောဇ္ဈင်္ဂသုတ်များ ရွတ်ဖတ်ပေးကြ ပါတယ်။

နံနက် ၉ နာရီ ၃၀ မှာ မင်္ဂလာရာမကျောင်းတိုက် မြန်မာအမေရိကန်ဗုဒ္ဓဘာသာအသင်းကနေ ဦးစီးကျင်းပတဲ့ ဗုဒ္ဓနေ့ပွဲတော် အခမ်းအနား စတင်ပါတယ်။ အနေကဇာတင် ခြင်း ပရိတ်ရွတ်ဖတ်ခြင်းများပြုလုပ်ပြီး ဗုဒ္ဓနေ့အကြောင်းကို ဘုန်းကြီးကနေ ဟောပြောချီးမြှင့်ပေးပါတယ်။ အသင်းဒုတိယ ဥက္ကဋ္ဌ ဦးတင်မောင်သော်က အသင်းဆောင်ရွက်ချက်များကို လည်း လျှောက်ကြားပါတယ်။ အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိတ်ရွတ်ဆိုကာ ရုပ်သိမ်းပါတယ်။ ပရိသတ် ၁၀၀ ကျော် တက်ရောက်ပါတယ်။ ဒေါ်မေရီမိသားစုက သံဃာ တော်များနဲ့ ပရိသတ်များကို ဧည့်ခံကျွေးမွေးလှူဒါန်းပါတယ်။



နေ့ပိုင်းမှာတော့ ဒေါက်တာချစ်ခင်ဝေ၊ ဒေါက်တာ ဘက်တီတို့ မိသားစုက လာရောက်ပင့်ဆောင်ပြီး ၂၀၀၇ ခုနှစ် ဘုန်းကြီး အမေရိကန်ကို ကြွရောက်စဉ်က ပြုပြင်ခဲ့သော သွားများကို ပြန်လည်စစ်ဆေးပြီး သွားသန့်ရှင်းရေးများကို တစ်ခါပြန်ပြီး ပြုလုပ်ပေးကြပါတယ်။ နေအိမ်သို့ပင့်ဖိတ်ပြီး ပစ္စည်းလေးပါးအတွက် လှူဒါန်းမှုများကိုလည်း ပြုလုပ်ပါ တယ်။ ညနေပိုင်းမှာ မောင်ထွန်းထွန်းတို့အိမ်သို့ အန္တရာယ် ကင်းပရိတ်ရွတ် ကြွကြပါတယ်။ အပြန်မှာ ကိုသောင်းကြည် က အီလက်ထရောနစ်ဆိုင်ကို ပို့ပေးပါတယ်။

ည ၈ နာရီမှာ မစိုးစိုးဝင်းနဲ့အတူ မောင်ဝင်းမျိုးသင်း၊ မရည်ရည်မြင့်၊ ကန်တော်လေး ဒေါ်ခင်ခင်ရဲ့တူမ မအိအိ အောင်တို့လည်း လာရောက်နှုတ်ဆက်ကာ ကန်တော့ကြပါ တယ်။ အမျိုးဘာသာ သာသနာအတွက် မမေ့မလျော့နေကြ ဖို့ တရားများကို ဟောကြားပေးခဲ့ပါတယ်။

**မေလ ၁၁ ရက်၊ ၂၀၀၉**

ဒေါ်တီမေသိန်းနှင့် သားသမီးများဖြစ်ကြတဲ့ မောင် ဟန်ဝင်းထွန်း မမေဝင်းသိန်းတို့က ဘုန်းကြီးများ၊ တရား တော်များ ပြန့်ပွားရေးအတွက် အသုံးပြုရန် စီဒီကူးစက်တစ် လုံး လာရောက်လှူဒါန်းပါတယ်။

ဘုရားအမ ကျောင်းအမကြီး ဒေါ်စံလှဝေမိသားစုက

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီဗီဒီ အသံကူးစက်တစ်လုံး လာရောက်လှူဒါန်းပါတယ်။ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် မြန်မာတို့ရဲ့ စေတနာသဒ္ဓါတရားကတော့ ဘယ်လူမျိုးနဲ့မှ မတူအောင် ထက်သန်လှပါတယ်။

ညနေမှာတော့ ဖရီးမောင့်မြို့မှ ဆရာတော် ဒေါက်တာ ဓမ္မပီယနှင့် ဦးဉာဏိကာဘိဝံသတို့ဆီကို နယူးယောက်ကို သွားတော့မည်ဆိုတဲ့အကြောင်း နှုတ်ခွန်းဆက် အကြောင်းကြားပါတယ်။ မကြာမီမှာရောက်တော့မည့် နယူးယောက်မြို့ လောကချမ်းသာကျောင်းဆရာတော် ဦးဣန္ဒကဆီကိုလည်း ဖုန်းဆက်ကာ နှုတ်ဆက်ကန်တော့ပါတယ်။

ဒေါက်တာ မြတ်စံ၏ဇနီး ဒေါ်မီးမီးမြတ်စံမှ ဆရာတော်ရောက်တဲ့အခါ လျှောက်ထားစရာရှိတာများ လျှောက်ထားလိုပါကြောင်း ဖုန်းဖြင့်ကြိုတင်လျှောက်ထားပါသည်။

မေလ ၁၂ ရက်၊ ၂၀၀၉

ဒီနေ့ မေရီလင်းပြည်နယ် မင်္ဂလာရာဝိဟာရကနေ နယူးယောက်မြို့ လောကချမ်းသာကျောင်းကို ခရီးဆက်တော့ မှာမို့ ထည့်စရာရှိတာ ထည့်၊ သိမ်းစရာရှိတာ သိမ်းကာ အချို့ ပစ္စည်းများကိုတော့ ဆရာတော် ဦးအာသဘာစာရနှင့် ဦးမေ့သာမိတို့ထံ အပ်နှံခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အသုံးတည့်မည့် လိုအပ်ရာပစ္စည်းများကိုလည်း ကူညီဆောင်ရွက်ပေးရန်



မေတ္တာရပ်ခံ မှာကြားရပါတယ်။

နေ့ဆွမ်းဘုဉ်းပေးအပြီးမှာတော့ ယခုလို သာသနာပြုခရီးအဖြစ် ခေတ္တရောက်ရှိနေတဲ့အခိုက်မှာ အာဂန္တုက အာဝါသိက ဝတ္တရားပျက်ကွက်မှုများရှိခဲ့ပါက အချင်းချင်းခွင့်လွှတ်ကြပါရန် အကြောင်းကိုလည်း အပြန်အလှန် လျှောက်ကြားကြပါတယ်။ ခုလို ၇ ရက်တာမျှ ချမ်းချမ်းသာသာ သီတင်းသုံးနေထိုင်ပြီး သာသနာရေးကိစ္စများ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါကြောင်းကိုလည်း လျှောက်ကြားခဲ့ပါတယ်။ နောင်မှာလည်း ဘာသာသာသနာရေးကိစ္စများကို ဘယ်သို့ဘယ်ပုံ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်လျှင် သင့်တင့်ပါမည်လဲ စတဲ့အကြောင်းများကိုလည်း ဆွေးနွေးဖြစ်ကြပါတယ်။

နေ့လယ် ၁ နာရီလောက်မှာ ဘုန်းကြီးကိုလာကြိုကြတဲ့ မောင်စိန်ဝင်းနဲ့ မချိုတို့ မောင်နှမရောက်လာပါတယ်။ သူတို့ ခဏနားပြီး ဆရာတော်တွေနဲ့ ကိုသောင်းကြည်တို့ကို နှုတ်ဆက်ကာ ဘုန်းကြီးက မောင်ထွန်းထွန်းကားပေါ် မောင်စိန်ဝင်းတို့ မောင်နှမက ကိုရန်နောင်ကားပေါ်ကိုတက်ကာ ဝါရှင်တန်ဘူတာရုံကြီးဆီသို့ ထွက်လာကြပါတယ်။

ဝါရှင်တန်ဘူတာရုံကြီးကတော့ တွေ့ဖူးသမျှဘူတာရုံတွေထဲမှာတော့ အကြီးကျယ်ဆုံးပါပဲ။ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ခဲ့ပါတယ်။ ရထားတွဲတွေကလည်း သပ်သပ်ရပ်

www.burmeseclassic.com



ရပ် ထိုင်ခုံတွေကလည်း သိပ်ကို ကောင်းမွန်ပါတယ်။ ဝါရှင်တန်ကနေ နေ့လယ် ၃ နာရီမှာ ရထားစထွက်ပြီး နယူးယောက်မြို့ကို ညနေ ၆ နာရီ ၃၀ မှာ ရောက်ရှိပါတယ်။ နယူးယောက်ကို ရောက်ပြန်တော့လည်း ဘူတာရုံကြီးက တစ်မျိုးကြီးကျယ်တာကို တွေ့ရပြန်ပါတယ်။ ရထားစီးသူဦးရေ အလွန်များပြီး ဘူတာကြီးတစ်ခုလုံးကို ကျပ်ညှပ်နေတာပါပဲ။ သွားလိုရာကို အတော်ထိုးထွက်ရပါတယ်။ ည ၈ နာရီ ၃၀ မှာ အိမ်ကိုရောက်ပါတယ်။

ဦးနီ ဒေါ်ကျင်လှ၊ မထွေးနဲ့ မမေဦး၊ သား မောင်အင်ဒရူးနဲ့ ဘရိုင်ယန်တို့မိသားစုက ဝမ်းမြောက်ဝမ်းသာကြိုဆိုနှုတ်ဆက်ကန်တော့ကြပါတယ်။ နှစ်နှစ်ကြာ မတွေ့ရတဲ့အချိန်လေးအတွင်း အင်ဒရူးနဲ့ ဘရိုင်ယန်တို့ ညီအစ်ကိုနှစ်ယောက်အတော်ကို ထွားလာတာကို တွေ့ရပါတယ်။ စာပေလည်း ထူးချွန် လိမ္မာရေးခြားလည်းရှိတယ်ဆိုတာသိရတဲ့အတွက် ဝမ်းသာမိပါတယ်။

မိသားစုကို နှုတ်ဆက်စကားပြောပြီး စောစောပဲ အနားယူခဲ့ပါတယ်။

❖ ❖ ❖

## နယူးယောက် ထူးလောက်တဲ့ ရွှေမြို့တော်

မေလ ၁၃ ရက်၊ ၂၀၀၉

ဦးနီ ဒေါ်ကျင်လှ သမီး မချို၊ မထွေးတို့ မိသားစု ဆက်ကပ်တဲ့ မဘုဉ်းပေးရတာကြာပြီဖြစ်တဲ့ ဒကာမကြီး ဒေါ်ကျင်လှရဲ့လက်ရာ အရဏ်မုန့်ဟင်းခါးနဲ့ အချိုပွဲများကို မေတ္တာပွားများ ဘုဉ်းပေးပါတယ်။ တွေ့ကြုံဆုံတုန်း မြန်မာနိုင်ငံအကြောင်းများကို ပြောဖြစ်ကြပါတယ်။

နေ့လယ် ၁၁ နာရီမှာတော့ နန္ဒသစ္စာကျောင်းမှ မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာကောဝိဒကိုလည်း ပင့်ထားလို့ ကြွရောက်လာပါတယ်။ ဒေါက်တာကောဝိဒရဲ့ ကျန်းမာရေးအခြေအနေ ပကတိအကောင်းတိုင်းနီးပါး တွေ့ရတဲ့အတွက် အထူးပင်ဝမ်းသာရပါတယ်။ သာသနာအတွက်လည်း တအားတက်သွားမိပါတယ်။ ဘုန်းကြီးတို့နဲ့ မဇ္ဈိမဂုဏ်ရည်ရဲ့ ဒကာဒကာမတွေ မေတ္တာပို့၊ ဆုတောင်းမှုတွေ ပြည့်သွားတယ်ဆိုရမယ်။ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ မဇ္ဈိမဂုဏ်ရည်ဆရာတော်ရဲ့ တပည့်ဒကာ ဒကာမတွေလည်း အထူးဝမ်းသာကြပေလိမ့်မယ်။ သာသနာ့တာဝန်တွေကိုလည်း အရင်အတိုင်းပဲ ပြန်လည်ထမ်းဆောင်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။

www.burmeseclassic.com



မဇ္ဈိမဂုဏ်ရည်ဆရာတော်ရဲ့ နန္ဒသစ္စာကျောင်းအမကြီး ဒေါက်တာတင်မာထွန်းကိုလည်း ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုဘဝကိုပိုင်ဆိုင်ပြီး ဝိသာခါကျောင်းအမကြီးကဲ့သို့ အပ္ပာယ်သားငြိမ်းတဲ့ ဉာဏ်အဆင့်ရောက်ရှိပြီး သာသနာတော်ကြီး ပွားတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်တဲ့ သာသနာပြုပုဂ္ဂိုလ်ဖြစ်စေဖို့ သတိပေးစကားပြောကြားခဲ့ပါတယ်။

ဆွမ်းဘုဉ်းပေးရင်း ကျန်းမာရေး။ ပြည်ပသာသနာပြုကိစ္စ ဆောင်ရွက်မှုအတွေ့အကြုံများကိုလည်း ဆွေးနွေးပြောဆိုဖြစ်ကြပါတယ်။

ညနေ ၅ နာရီမှာ ဒေါက်တာမြစံနှင့် ညီမ မခင်ခင်ကျော်တို့ရဲ့ အစီအစဉ်နဲ့ ကျန်းမာရေးစစ်ဆေးရန် ဒေါက်တာမြသန်းစံဆေးခန်းကို မောင်စိန်ဝင်း ညီမ မချိုတို့က လိုက်ပို့ပေးပါတယ်။ ဆေးခန်းရောက်တော့ ဒေါက်တာမြတ်စံတို့ မောင်နှမက ကြိုဆိုပြီး နှလုံးအထူးကုဆရာဝန်နဲ့ တစ်ခါမှ မမြင်ဘူးတဲ့ နှလုံးစမ်းသပ်စက်နဲ့ နေရာတော်တော်စုံစုံကနေ စစ်ဆေးစမ်းသပ်ပေးပါတယ်။ နောက်ပြီး တခြား အခန်းတစ်ခန်းထဲကို ပင့်သွားပြီး မြန်မာပြည်မှာလို အီးစီဂျီစက်နဲ့လည်း အမျိုးမျိုး သေချာအောင် စမ်းသပ်ပါတယ်။ အဲဒီလို စမ်းသပ်နေရင်း သွေးဖောက်ယူလိုက်တာ မသိလိုက်ပါဘူး။ ဖောက်ပြီးလို့ ပလာစတာနဲ့ သွေးဖောက်ယူတဲ့အပေါက် လာကပ်တော့မှ မိမိဆီက သွေးနှစ်ပုလင်းတောင် ဖောက်ယူလိုက်



တာကို သိရပါတယ်။

သွေးပေါင်ချိန်ရာမှာလည်း လဲလျောက်နဲ့ ဘယ်လက် ညာလက် နှစ်ဖက်စလုံး ချိန်ပါတယ်။ နောက်ပြီး တည့်တည့်ထိုင်ပြီးလည်း နှစ်ဖက်စလုံး ထပ်မံချိန်ပြန်ပါတယ်။ ပိုပြီး သေချာအောင် ရပ်လျက်ပါ တစ်ခါချိန်ပြန်ပါတယ်။ သေချာတဲ့ အဖြေရဖို့အတွက် အချိန်ကိုတော်တော်ကြာကြာပေးပြီး ချိန်တာကို တွေ့ရပါတယ်။ စမ်းသပ်စစ်ဆေးရာမှာ သေချာသည်ထက် သေချာအောင် ပြုလုပ်တာကို တွေ့ရပါတယ်။ ဆေးခန်းကနေ ကျောင်းကိုပြန်ရောက်လျှင်လည်း ပုံမှန်ချိန်ပြီး မှတ်တမ်းတင်ဖို့ လျှောက်ထားကာ သွေးပေါင်ချိန်စက်နဲ့ မှတ်တမ်းရေးရန် စာအုပ်ကိုပါပေးလိုက်ပါတယ်။

နံနက်တစ်ချိန် ညတစ်ချိန် ချိန်ပြီး မှတ်တမ်းတင်ထားမှုကို ဖုန်းဆက်ပြီး ဆရာဝန်က မေးလျှင် အတက်အကျကို ကြည့်ပြီး ရောဂါအခြေအနေကို သေချာအောင် မှန်းဆတွက်ချက်နိုင်တယ်လို့ ဆိုပါတယ်။

ဆေးခန်းအပြန် လောကချမ်းသာကို ဝင်ရောက်ပြီး လောကချမ်းသာဆရာတော် ဦးဣန္ဒကကို ကန်တော့ပါတယ်။ ဆရာတော်က တရားစခန်းနဲ့ပတ်သက်ပြီး အမိန့်ရှိပါတယ်။ တရားစခန်းကို ဦးဆောင်စီစဉ်သူဖြစ်တဲ့ ဒေါ်စန်းစန်းဌေးကလည်း လျှောက်ထားစရာရှိတာများ လျှောက်ထားပါတယ်။ တရားစခန်းအတွက် အချိန်ဇယားကိုလည်း မေးမြန်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် စီစဉ်ပေးခဲ့ပါတယ်။

မိမိနေ့စဉ်သုံးစွဲနေတဲ့ဆေးတွေကို ဆရာဝန်ကြီး ဒေါက်တာမြတ်စံက သိချင်တဲ့အတွက် မြန်မာနိုင်ငံက အကျိုးဆောင် မအေးအေးမိုးထံ ဖုန်းဆက်ပြီး ဘုန်းကြီးကို အမြဲကြည့်ရှု စောင့်ရှောက်နေတဲ့ ဒေါက်တာ စန်းမောင်ထံ ဘုန်းကြီးနေ့စဉ် စားသုံးနေတဲ့ ဆေးအမည်များကို အီးမေးနဲ့ အမြန်ဆုံးပို့ပေးဖို့ အကြောင်းကြားရပါတယ်။

ဒီနေ့စောစောပဲ အနားယူပါတယ်။


**မေလ ၁၄ ရက်၊ ၂၀၀၉**

ဦးနီ ဒေါ်ကျင်လှတို့ မိသားစုကပ်လှူတဲ့ အရုဏ်ဆွမ်း နေ့ဆွမ်းများကို မေတ္တာပွားများ ဘုဉ်းပေးပါတယ်။


နေ့လယ်ပိုင်းမှာတော့ မောင်စိန်ဝင်းတို့ မောင်နှမ ရောက်လာပြီး မေစီကုန်တိုက်ကြီးဆီကို ဘုန်းကြီးအား လိုက်ပို့ပေးပါတယ်။ ကုန်တိုက်ကနေ ပတ်စပို့အဖုံး ကင်မရာအဖုံးစတဲ့ ကိုယ်နဲ့မကွာ အမြဲသုံးတဲ့ပစ္စည်းများနဲ့ ခရီးသွားရာ တိုလီမိုလီထည့်တဲ့ ခရီးဆောင်အိတ်တစ်လုံး ဝယ်ယူကပ်လှူကြပါတယ်။

ညပိုင်းမှာ ရေးမှတ်စရာများရေးမှတ်ပြီး စောစော အနားယူပါတယ်။

◆◆◆



www.burmeseclassic.com



ကုလသမဂ္ဂဌာနချုပ်၊ ဗုဒ္ဓ[illegible]အခမ်းအ[illegible]ားသို့ တက်ရောက်ရန် နိုင်ငံကိုယ်စားလှယ်များ အသီးသီးနေရာယူကြစဉ်


ကုလသမဂ္ဂအစည်းအဝေးခန်းမကြီးအတွင်း၌ မဟာယနဘုန်းတော်ကြီးများမှ ဗုဒ္ဓနေ့ကိုကျင်းပ ပူဇော်နေပုံ

www.burmeseclassic.com
www.burmeseclassic.com



ကုလသမဂ္ဂအစည်းအဝေးခန်းမကြီးအတွင်း ရွှေမင်းဝံဆရာတော် အပါအဝင်
ထေရဝါဒဘုန်းတော်ကြီးများမှ ဗုဒ္ဓမေ့[illegible]ကျင်း[illegible]ဇော်[illegible]



နယူးယောက်(U.S.A)ကုလသမဂ္ဂရုံးချုပ်အတွင်း ကိုယ်စားပြု - အမိနိုင်ငံတော်အလံနှင့်အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com



မက်ဆာချူးဆက်ပြည်နယ် ဘယ်ရီမြို့ အပြည်ပြည်ဆိုင်ရာ ကမ္မဌာန်းဌာနသို့အသွား လမ်းခရီးနားနေစခန်း၌
ဒေါက်တာမြတ်စံနှင့်အဖွဲ့မှ နေ့ဆွမ်းဆက်ကပ်ခဲ့စဉ်




ဘယ်ရီကမ္မဌာန်းဌာန ၊ ပထမနေရာ (ပထမအဆင့်) ဘာသာရေးလေ့လာဌာနကို ဤသို့မှတ်တမ်းပြုခဲ့ပါသည်။

www.burmeseclassic.com
www.burmeseclassic.com




ဘယ်ရီကမ္ဘာဗျာန်းကန - ဒုတိယနေရာ (ဒု-ဆင့်)တရားအားထုတ်ရာ ဓမ္မရုံကြီးကိုနောက်ခံပြုလျက်




ဘယ်ရီကမ္ဘာဗျာန်းဗျာန၊ တတိယနေရာ(အဆင့်မြင့်ဗျာန)သို့ ဆရာကြီးဂျိုးဇက်ဂိုးလ်စတိန်းမှ ကိုယ်တိုင်လိုက်ပို့ရှင်းပြပေးနေပုံ

www.burmeseclassic.com
www.burmeseclassic.com




မက်ဆာချူးဆက်ပြည်နယ် ဘယ်ရီကမ္မဋ္ဌာန်းဌာန၏ ဆရာကြီးဂျိုးဇက်ဂိုးလ်စတိန်းနှင့် ဤသို့တရားဓမ္မများဆွေးနွေးနေပုံ




ဒုတိယနေရာ (ဒု-အဆင့်)တွင် ဆရာကြီးဂျိုးဇက်ဂိုးလ်စတိန်းအပါအဝင် အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com




နယူးယောက်၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးတစ်ခုအတွင်း ဂိုဏ်းအုပ်ဘုန်းတော်ကြီးများနှင့် အမှတ်တရ




ဆရာတော်အား ကျန်းမာရေးအထူးစစ်ဆေးပေးသော ဒေါက်တာမြတ်စံ၊ (ညီမ)ခင်ခင်ကျော်တို့နှင့် ဤသို့အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



(U.S.A) နယူးယောက်မြို့ လောကချမ်းသာတရားစခန်းပွဲတွင် တရားချီးမြှင့်ပေးနေပုံ




နယူးယောက်မြို့ လောကချမ်းသာ တရားစခန်းပွဲအပြီး ယောဂီများနှင့် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com




နယူးဂျာစီ လောကချမ်းသာဘုရား၊ သတိပဋ္ဌာန်ရိပ်သာကျောင်း
ဆရာတော်ဦးပညာသီဟနှင့်အမှတ်တရ




နယူးယောက်မြို့လယ် ပလက်ဖောင်းဈေးတွင် (ကျောင်းဒကာ၊ရဟန်းဒကာ) ဦးနီနှင့်အတူ

www.burmeseclassic.com



(U.S.A) နယူးယောက်မြို့ သဘာဝမြူဇီယံပြတိုက်အတွင်း ကုန်းသတ္တဝါရုပ်ကြွင်း တချို့ကိုလေ့လာခဲ့စဉ်




(နယူးယောက်မြို့)၊ စံကျောင်းတော်ဝိဟာရဒါန၊ ယာနဒါန၊ ဘောဇနဒါန ပစ္စည်းလေးပါးပြည့်စုံအောင်လှူဒါန်းသော သာသနာပြုဖက် ဦးနီ+ဒေါ်ကျင်လှ၊ သားမောင်စိန်ဝင်း၊ သမီး-မချို၊ မထွေးတို့နှင့်အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးအနန္တာ ပဉ္စဂုဏာ

မေလ ၁၅ ရက်၊ ၂၀၀၉

သတ္တဝါမှန်လျှင် ကျေးဇူးတရားနဲ့ကင်းလို့မရပါဘူး။ ဆက်စပ်ပုံတွေကတော့ အများကြီးပေါ့။ အကျဉ်းချုပ်လိုက်ရင်

(က) ပတ်ဝန်းကျင်သည် မိမိကျေးဇူးရှင်ဖြစ်၏။

(ခ) မိမိသည်သာလျှင် ပတ်ဝန်းကျင်၏ ကျေးဇူးရှင်ဖြစ်၏။

အုပ်စု (က) တွင် ပါဝင်နေလျှင်တော့ ချမ်းသာစစ်ကို ရယူနိုင်ပေမယ့်၊ အုပ်စု (ခ)တွင်သာ ပါဝင်နေလျှင်တော့ ချမ်းသာစစ်ကို ရနိုင်မည်မဟုတ်ပေ။

ယနေ့ နံနက် (၄း၃၀) နာရီမှာ နိုးလာပါတယ်။ အနန္တော အနန္တ ငါးပါး၏ဂုဏ်ကျေးဇူးကို အထူးသတိရမိလို့ ထင်ပါရဲ့ ကြည်လင်လန်းဆန်းတက်ကြွ ပေါ့ပါးတဲ့စိတ်ထားမျိုးနဲ့ အရုဏ်ဦးကို ဆီးကြိုတွေ့ထိခံစားလိုက်ရပါတယ်။ ပြုဖွယ်ကိစ္စများ ပြုလုပ်၊ ဘုရားဝတ်တက်၊ တရားနလုံးသွင်းပြီး ဒေါ်ကျင်လှ၊ မမေဦး၊ မချိုတို့ဆက်ကပ်တဲ့ အရုဏ်ဆွမ်း ဘုဉ်းပေးအပြီး မောင်စိန်ဝင်းနဲ့ ထွေရာလေးပါး စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ပင်လယ်ကမ်းခြေမှာ လမ်းလျှောက်ကြပါတယ်။ ၁၀ နာရီမှာ လောကချမ်းသာကျောင်းကို လိုက်ပို့ပါတယ်။ လောကချမ်းသာဆရာတော်နဲ့ သာသနာရေးရာများ အနည်းငယ်ပြောပြီး ၁၁ နာရီမှာ ဘုန်းကြီးတို့ သံဃာလေးပါး နေ့ဆွမ်းဘုဉ်းပေးကြပါတယ်။

နေ့လယ် ၂ နာရီ ၃၀ မှာ မြန်မာသံရုံးက လာကြိုသော ကားနဲ့ ဆရာတော်ဦးဣန္ဒကနဲ့အတူ သံဃာတော်သုံးပါး ဗုဒ္ဓနေ့ ဦးဆောင်ကျင်းပမည့် ကိုရီးယားသံရုံးရှေ့ စုရပ်သို့ သွားကြရပါတယ်။ ကုလသမဂ္ဂရုံး အဆောက်အဦးဆီသို့ လိုက်ကြပြီး မြန်မာသံရုံးဝန်ထမ်းဦးဆောင်ခေါ်ရာနောက်သို့ လိုက်ကြရပြီး ပြစရာရှိတာပြ၊ စစ်ဆေးခံစရာရှိတာ စစ်ဆေးခံရပြီး ကုလသမဂ္ဂရုံးအတွင်း အစည်းအဝေးခန်းမဆောင်ကြီးအတွင်း မြန်မာလိုရေးထားတဲ့ စာတမ်းရှေ့မှာ ဆရာတော် ဦးဣန္ဒကနဲ့ ဘုန်းကြီးကနေရာယူပြီး ဘုန်းကြီးတို့နောက်က ဦးသောဘဏက နေရာယူပါတယ်။

ဘုန်းကြီးတို့နည်းတူ ကိုရီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန်၊ ဘူတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ် စတဲ့ နိုင်ငံစုံက ထေရဝါဒ ဘုန်းတော်ကြီးများ မဟာယာနဘုန်းတော်ကြီးများလည်း မိမိတို့နိုင်ငံစာတမ်းရှေ့မှာ အသီးသီး နေရာယူကြပါတယ်။ နိုင်ငံ အသီးသီးမှ သံအမတ်များလည်းရောက်လာပြီး မိမိတို့နိုင်ငံ



အသီးသီးက သံဃာတော်များကို ဂါရဝပြုကြပါတယ်။ မြန်မာသံအမတ်ကြီးလည်း ဘုန်းကြီးတို့ထံလာရောက်ဂါရဝပြုပါတယ်။

အားလုံးစုံချိန်မှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းရောက်လာပြီး အခန်းအနားကို စတင်ပါတယ်။

**နံပါတ်တစ် အစီအစဉ်အရ ။** ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းဦးဆောင်တဲ့ နိုင်ငံစုံသံ အမတ်ကြီးများမှ ပဒုမ္မာကြာပန်းနဲ့အတူ မီးညှိထွန်းပူဇော်ကြပါတယ်။

**နံပါတ်နှစ် အစီအစဉ်အရ ။** ။ ကိုရီးယား မဟာယာန ဘုန်းတော်ကြီးများမှ ဘုရားရှင်ပုံတော်ကို အာရုံပြုမတ်တတ်ရပ်လျက် ဗုဒ္ဓဂုဏ်တော်များကို သံပြိုင်ညီညီ လက်ကိုင် တုံးလေးတီးကာ ရွတ်ဆိုကန်တော့ပြီး ဘုရားရှင်ဖွားမြင်တော်မူစက 'ဇေဋ္ဌောဟမသ္မိ လောကဿ' စသည် ကြုံးဝါးတော်မူတဲ့ လက်ညှိုးလေးထောင်နေတဲ့ ရုပ်တုလေးကို ရေသွန်းလောင်းကြပါတယ်။ မဟာယာနဘုန်းတော်ကြီးများ ပူဇော်ပြီးတဲ့အခါ...

**နံပါတ်သုံး အစီအစဉ်အရ ။** ။ ထေရဝါဒ ဘုန်းတော်ကြီးများဖြစ်ကြတဲ့ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ နှစ်ပါးစီ ပြင်ဆင်ပေးထားတဲ့ ထိုင်ခုံများမှာ ကြွကြရပါတယ်။ မြန်မာနိုင်ငံမှ-လောကချမ်းသာဆရာတော်ဦးဣန္ဒကနဲ့ ဘုန်းတော်ကြီးနှစ်ပါး ကြွရောက်သော

www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်အုပ်ချီကြကာ "နမောတဿဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဘုရားကန်တော့ချီး သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ကြပြီး "ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ"ဟု သရဏဂုံသုံးကြိမ်ရွတ်ဆိုပါတယ်။

နောက်ပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို မဟာယနများကဲ့သို့ သာယာနာပျော်ဖွယ်ဖြစ်အောင် သံပြိုင်ညီညီ ရွတ်ဆိုပူဇော်ကြပါတယ်။ အားလုံး ပူဇော်ပြီးတဲ့အခါ သီရိလင်္ကာဆရာတော်ကြီးမှ ဗုဒ္ဓနေ့ကို တက်ရောက်လာကြတဲ့ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် တကွ အားလုံးပရိသတ်ကို မတ်တတ်ရပ်စေပြီး နမောတဿ ဘုရားရှိခိုးနဲ့ သရဏဂုံသုံးပါး၊ ငါးပါးသီလတို့ကို လိုက်ဆိုစေပြီး ချပေးတော်မူပါတယ်။ ပြီးမှ ဘုန်းကြီးတို့ သံဃာတော်များက "ဘဝတုသဗ္ဗမင်္ဂလံ၊ ရက္ခန္တုသဗ္ဗဒေဝတာ၊ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ (ဓမ္မာ၊ သံဃာ) သဒါသုခီဘဝန္တုတေ" ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုပြီး ပူဇော်မှုကို အဆုံးသတ်ခဲ့ကြပါတယ်။

ထေရဝါဒသံဃာတော်များနဲ့ မဟာယနသံဃာတော်များ ဗုဒ္ဓနေ့ပူဇော်မှုပြီးသောအခါမှာ...

**အစီအစဉ်အရ ။** ။ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းမှ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို ပြောကြားပါတယ်။ အဲဒီနောက် ဗုဒ္ဓနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ သံအမတ်ကြီးများဖြစ်ကြတဲ့ ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ မြန်မာ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်း၊ ပါကစ္စတန်၊ ဗီယက်နမ်၊ ဂျပန်၊ နီပေါ စတဲ့ သံအမတ်ကြီးများမှ ဗုဒ္ဓနေ့မှာ ဗုဒ္ဓရဲ့ ဂုဏ်တော်များကို အသီးသီး ဂုဏ်ပြုပြောကြားကြပါတယ်။



**နောက်ဆုံး အစီအစဉ်အရ ။** ။ နိုင်ငံစုံအနုပညာရှင်များက သီဆိုတီးမှုတ် ကပြပူဇော်ကြပြီး ဗုဒ္ဓနေ့ အခမ်းအနားကို ၇ နာရီအချိန်မှာ ပြီးဆုံးကြပါတယ်။ ဒီလို ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်တော်ကြီးများသာ တက်ရောက်ကြပြီး နိုင်ငံအသီးသီးမှာ ဖြစ်ပေါ်နေတဲ့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး စတဲ့ အရေးကိစ္စများကို ငြိမ်းချမ်းရေးရအောင် ညှိနှိုင်းဆွေးနွေးဖြေရှင်းပေးနေတဲ့ ကမ္ဘာ့ကုလသမဂ္ဂရုံးချုပ်ကြီးရဲ့ စည်းဝေးခန်းမကြီးထဲမှာ တက်ရောက်ပြီး ကိုယ်တိုင်ပါဝင်ခွင့် ရရှိလိမ့်မည်ဟု ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ပါ။

ယနေ့တော့ ရတနာသုံးပါးဂုဏ်ကျေးဇူး၊ မိဘဆရာဂုဏ်ကျေးဇူး၊ ဆရာတော် ဦးဉာဏိန္ဒကရဲ့ ဂုဏ်ကျေးဇူးကြောင့် ကမ္ဘာ့ခေါင်းဆောင်ကြီးများ ကမ္ဘာ့အရေး၊ နိုင်ငံ့အရေးကို စုဝေးညှိနှိုင်း ဆုံးဖြတ်ပေးကြတဲ့ ကုလသမဂ္ဂ အစည်းအဝေးခန်းမကြီးအတွင်းမှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကိုယ်တိုင် တက်ရောက်ပြီး နိုင်ငံအသီးသီးမှ သံအမတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



များ၊ ကိုယ်စားလှယ်တော်များ၊ ထေရဝါဒ ဗုဒ္ဓဘာသာမှ ဘာသာရေးခေါင်းဆောင်များ၊ မဟာယနဗုဒ္ဓဘာသာမှ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံစုံမှ ဗုဒ္ဓဘာသာဝင်များနှင့်အတူ ကိုရီးယားသံရုံးမှ ဦးစီးကျင်းပတဲ့ ဗုဒ္ဓနေ့ အခမ်းအနားသို့ တက်ရောက်ပြီး အစီအစဉ်ထဲမှာ ငြိမ်းချမ်းရေးဖခင်ကြီးဖြစ်တဲ့ ဗုဒ္ဓရဲ့ဂုဏ်တော်များကို ကိုယ်တိုင်ပါဝင် ရွတ်ဆိုပူဇော်ခွင့်ရရှိတဲ့ အတွက် ဒီနေ့ဟာဖြင့် ဘုန်းကြီးရဲ့ ဘဝမှာ အမှတ်တရအဖြစ် ဆုံးနေ့ တစ်နေ့ရယ်လို့ မော်ကွန်းတင်ရမှာဖြစ်ပါတယ်။

ဒါကြောင့် ဘုန်းကြီးရဲ့စိတ်ထဲမှာတော့ "ကျေးဇူး အနန္တာ ပဋ္ဌဂုဏာ"ဟု အကြိမ်ကြိမ် ရေရွတ်မိပါတယ်။ ဘုန်းကြီးရဲ့ ရင်ထဲမှ ထွက်ပေါ်လာတဲ့ ဝမ်းမြောက်ပုံတင်သံ ဟာ ငြိမ်းချမ်းရေးခန်းမကြီးထဲ အဆက်မပြတ် ထွက်ပေါ်နေပေမယ့် မိမိမှတစ်ပါး တခြား ဘယ်သူမှ ကြားနိုင်လိမ့်မယ်လို့ မထင်မိပါဘူး။

မောင်စိန်ဝင်း၊ မမေဦး သားကောင်းမြတ်ဝင်းတို့နဲ့ အတူ ဒကာမကြီး ဒေါ်ကျင်လှ၊ သမီးမထွေးတို့ လာကြိုကြပါတယ်။ ရေးမှတ်စရာများရေးမှတ်ပြီး စောစောအနားယူပါတယ်။

မေလ ၁၆ ရက်၊ ၂၀၀၉

မောင်စိန်ဝင်းနဲ့ ကမ်းနားမှာ လမ်းလျှောက်ဖြစ်တယ်။ နေ့ဆွမ်းကိုတော့ မောင်စိန်ဝင်းရဲ့ဦးလေး အဒေါ်တို့အိမ်မှာ



ဦးလေးဖြစ်သူ မွေးနေ့ဆွမ်းအဖြစ် ကပ်လှူပါတယ်။ ဆွေမျိုးတွေ တော်တော်စုံစုံလင်လင်တွေ့ရပါတယ်။ အားလုံးကလည်း မဟာစည်မိသားစုဝင်များဖြစ်ကြပါတယ်။ ဆရာတော် ဦးသုဇာတ၊ ရွှေဥမင်ဆရာတော် ဦးကောသလ္လ၊ ဆရာတော် ဦးသံဝရစတဲ့ မဟာစည် ဩဝါဒဆရာတော်များနဲ့လည်း ရင်းနှီးကြပါတယ်။ ကိုယ့်မိသားစုများ ပြန်လည်တွေ့ဆုံရ သလိုပါပဲ။ ဆွမ်းမဘုဉ်းပေးမီ ဆွမ်းအနုမောဒနာတရား ချီးမြှင့်ပါတယ်။ တရားနဲ့စပ်ပြီး မေးမြန်းလျှောက်ထားကြတာများကိုလည်း ဖြေကြားပေးခဲ့ပါတယ်။

ညနေပိုင်းမှာ မဇ္ဈိမဂုဏ်ရည် ဆရာတော် သီတင်းသုံးနေတဲ့ နန္ဒသစ္စာကျောင်းက ဓမ္မခန်းမမှာ တရားဟောကြားရပါတယ်။ သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးတရားကို ဟောကြားပေးခဲ့ပါတယ်။ တရားနာပရိသတ် ၃၀ ကျော်လောက်ရှိပါတယ်။ တရားဟောပြီး မဇ္ဈိမဂုဏ်ရည်ဆရာတော်နဲ့ ပြည်တွင်းပြည်ပ သာသနာရေးကိစ္စများကိုလည်း ဆွေးနွေးဖြစ်ကြပါတယ်။ ကျန်းမာရေးအခြေအနေများကိုလည်း ဆွေးနွေးဖြစ်ကြတယ်။

လက်ရှိကျန်းမာရေးအနေအထားအရ ဆောင်ရွက်နေဆဲဖြစ်တဲ့ သာသနာရေး၊ လူမှုရေးကိစ္စများကို ခဏနားထားပြီး မိမိကျန်းမာရေးအတွက် အတ္တဟိတ လုပ်ငန်းကိစ္စများကိုသာ ဦးစားပေးကာ လုပ်ဖို့ကိုလည်း တိုက်တွန်းစကားပြောကြားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒသစ္စာမှာ မဇ္ဈိမဂုဏ်ရည် ဆရာတော်ဦးဆောင်ပြီး ကျောင်းအမ ဒေါက်တာ တင်မာထွန်းနှင့် ယောဂီနှစ်ဆယ်ခန့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပွားများကြတာကိုလည်း ကြည်ညိုကြားနာရလို့ အထူးပဲဝမ်းသာမိပါတယ်။ ဒီနေ့ တရားနာပရိသတ်များကို ဦးနီ ဒေါ်ကျင်လှမိသားစုက ကြာဇံ ဟင်းခါးများနဲ့ လှူဒါန်းဧည့်ခံကြပါတယ်။

❖ ❖ ❖



## ကော်ပီနွေးနွေး ရေအေးအေး၊ အတိတ်ကိုတွေး စိတ်မအေး

**မေလ ၁၇ ရက်၊ ၂၀၀၉**

ဒီနေ့ မက်ဆာချူးဆက်ပြည်နယ် ဘယ်ရီမြို့ အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာန်းဌာနကို သွားရောက်လေ့လာမှာမို့ အနည်းငယ်စောပြီး အရုဏ်ဘုဉ်းပေးပါတယ်။ မမေဦးကပ်တဲ့ ဂျပန်ခေါက်ဆွဲပြုတ်ကလည်း ကောင်း၊ ဒေါ်ကျင်လှကပ်တဲ့ ဆီချက်ကလည်း ကောင်းလို့ မြန်မာပြည်ကို ပြန်လည်သတိရစေပါတယ်။ ၇ နာရီ ၄၅ မိနစ်မှာတော့ အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာန်းဌာနကို လိုက်ပို့ပေးမယ့် ဆရာဝန်ကြီး ဒေါက်တာ မြတ်စံနဲ့ ညီမ မခင်ခင်ကျော်၊ ကားမောင်းပေးမယ့် ဒကာ ကိုကျော်သက်ရဲ့ တူနဲ့ တူမဖြစ်တဲ့ မောင်ရဲလင်းထွန်းနဲ့ မသွယ်ဇင်ထွန်းတို့ မောင်နှမလည်း လာရောက်ကြိုဆိုကြပြီ ဖြစ်တဲ့အတွက် မောင်စိန်ဝင်းက လွယ်အိတ်ထဲထည့်စရာရှိတဲ့ ပစ္စည်းများထည့်ပြီး ကားပေါ်လိုက်ပို့ကာ နှုတ်ဆက်ထွက်ခွာသွားပါတယ်။

ဒေါက်တာမြတ်စံရဲ့ မာစီးဒီးကားပေါ်မှာ ဘုန်းကြီးရယ်၊ ဒေါက်တာမြတ်စံရယ်၊ မခင်ခင်ကျော်ရယ်၊ ကိုကျော်

www.burmeseclassic.com

www.burmeseclassic.com



သက် တူမ မသွယ်ဇင်ထွန်းနဲ့ ကားမောင်းတဲ့ မောင်ရဲလင်း ထွန်းရယ်၊ ပေါင်းငါးဦးဖြစ်ပါတယ်။ နောက်တစ်စီးမှာတော့ ဒေါက်တာမြတ်စံရဲ့ ဆေးခန်းမှာထိုင်တဲ့ ဆရာဝန်တစ်ဦးနဲ့ နောက်ဆရာဝန်တစ်ဦး။ ဘုန်းကြီးရဲ့ ရန်ကုန်ရိပ်သာမှာ တရားဝင်ခဲ့ဖူးတဲ့ လူငယ်ဇနီးမောင်နှံနှစ်ဦးရယ်ဆိုတော့ လေးဦး၊ စုစုပေါင်း ကိုးဦးသွားကြပါတယ်။

ဆွမ်းချိန်ရောက်တော့ လမ်းဘေး နားနေစခန်းထဲ ဝင်ရောက်ပြီး ပါလာတဲ့ စားသောက်ဖွယ်ရာများကို ဘုဉ်းပေးသုံးဆောင်ကြပါတယ်။ ခုလို ကားနဲ့ ခရီးရှည်တွေသွားတိုင်း ခရီးသွားတွေ အဆင်ပြေချောမွေ့စေဖို့ နားနေစခန်းများကို ပြုလုပ်ထားတာကို တွေ့ရပါတယ်။ အိမ်သာတွေ၊ ကော်ဖီဆိုင်တွေ၊ အမှတ်တရလက်ဆောင်ပစ္စည်းရောင်းတဲ့ဆိုင်တွေ၊ ခရီးသွားရာမှာ အများဆုံးသုံးတတ်တဲ့ ပစ္စည်းရောင်းတဲ့ဆိုင်လေးတွေပါ ပူးတွဲဖွင့်လှစ်ထားတတ်ပါတယ်။ စက်ထဲကို ခရစ်တစ်ကဒ်ဖြစ်ဖြစ်၊ ဒေါ်လာစက္ကူဖြစ်ဖြစ် ထည့်လိုက်ပြီး ကိုယ်အလိုရှိတဲ့ စားစရာ၊ သောက်စရာ အမှတ်အသားပြထားတဲ့ ခလုတ်ကိုနှိပ်လိုက်လျှင် ထွက်လာတဲ့ သေတ္တာပုံးထောင်ထားသလိုပုံစံရှိတဲ့ ဘင်ဒင်းမက်ရှင်းခေါ် စက်များကိုလည်း ချထားတတ်ပါတယ်။ မိသားစုလိုက်သွားသူတွေပဲဖြစ်ဖြစ်၊ ဘတ်စကားတွေနဲ့ သွားကြသူတွေပဲဖြစ်ဖြစ် ခုလိုနားနေစခန်းတွေကို ဝင်ရောက်ပြီး နံနက်စာ၊ နေ့လယ်စာ၊ ညစာများကို ခဏအပန်း



ဖြေကာ နားနားနေနေ စားတတ်ကြပါတယ်။

ကိုယ့်မှာ စားစရာအပြည့်အစုံပါလာလို့ အပြင်ကရှုခင်းကိုကြည့်ပြီး အေးအေးဆေးဆေး စားသောက်ချင်သပဆိုလျှင်လည်း ဆိုင်အပြင်ဘက်က သစ်ပင်ကြီးကြီးများအောက်မှာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် မြက်ခင်းစိမ်းစိမ်းပေါ်မှာပဲဖြစ်ဖြစ် ဝိုင်းဖွဲ့စားသောက်လို့ရတဲ့ ခုံလေးတွေကိုလည်း ဟိုနားတစ်စု ဒီနားတစ်စု ချထားတတ်ပါတယ်။ ကိုယ့်အစုနဲ့ကိုယ့်ဝိုင်းနဲ့ အေးအေးဆေးဆေး စကားတပြောပြော နားနားနေနေ စားနိုင်တယ်ပေါ့။ စားပြီးတဲ့အခါမှာလည်း စားကြွင်းစားကျန်ကအစ အပိုပစ္စည်း စွန့်ပစ်နိုင်အောင် အမှိုက်ပုံးများကိုလည်း လုံလုံလောက်လောက် ချပေးထားပါတယ်။ အများစု နားနေစခန်းများမှာ ဓာတ်ဆီဆိုင်များကိုလည်း ပူးတွဲဖွင့်လှစ်ထားတာ တွေ့ရပါတယ်။ ဒီတော့ သွားရင်းလာရင်း စားဖို့သောက်ဖို့ နားနေဖို့ကို အထူးပူပန်ကြောင့်ကြနေဖို့မလိုသလို ဓာတ်ဆီကုန်မှာကိုလည်း အထူးစိုးရိမ်နေဖို့မလိုတော့ဘူးပေါ့။

ဘုန်းကြီးကိုလည်း ကားနောက်ခန်းမှာပါလာတဲ့ စားသောက်ဖွယ်ရာ အစုံအလင်နဲ့ ဆက်ကပ်ကြ၊ သူတို့အားလုံးလည်း မိသားစုသဖွယ် ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့ကာ စားသောက်ကြပါတယ်။ ဘေးပတ်ဝန်းကျင်က မြင်ရတဲ့ တောတောင်သဘာဝတွေက စိမ်းစိမ်းလန်းလန်း စိုစိုပြေပြေနဲ့ စိတ်အေးချမ်းမှုဖြစ်ဖွယ်မို့ ဘုန်းကြီးလည်း ဟိုဟိုဒီဒီ ငေးမျှော်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။

သူတို့ဆီမှာက ဘုန်းကြီးတို့ဆီနဲ့ တခြားစီ။ ဘုန်းကြီးတို့ဆီမှာက နွေမှာဆို အရိုးကိုင်းကိုင်း သစ်ပင်တွေကို အတွေ့များတာ။ သူတို့ဆီမှာကြတော့ နွေမှာ သစ်ပင်တွေက ရွက်နုသစ်တွေဝေလို့ စိမ်းလန်းစိုပြည်နေတတ်တာ။ ခုအချိန်က နွေဦးရာသီဆိုတော့ စိမ်းဖန့်ဖန့် ဖက်ဖူးရောင်တောများက မြရည်သွန်းထားတဲ့ ကမ္ဗလာခြုံလွှာ စနယ်မို့ ကြည့်လေမြင်လေရာမှာ မျက်စိကို အေးချမ်းစေနိုင်တယ်လေ။ သို့ပေမယ့် အအေးက မျက်စိတွင်သာမက တစ်ကိုယ်လုံးအထိပါ ကူးစက်ကာ ပျံ့နှံ့လာလေသမို့ ပါလာတဲ့ ခြုံထည်ကို အသာဖြန့်ကာ ဘုန်းကြီးတော့ ခြုံထားရပါတယ်။ သူတို့တွေကတော့ အမေရိကမှာ အနေကြာလို့ ခုလောက်အအေးကိုတော့ မှုဟန်မတူပါဘူး။ အေးအေးဆေးဆေး စကားတပြောပြောနဲ့ စားသောက်နေကြပါတယ်။ ခဏလှည့်ပတ်ဓာတ်ပုံမှတ်တမ်းတင်ကာ ဘုန်းကြီးကတော့ အဆောင်ထဲဝင်နေခဲ့ပါတယ်။ အဆောင်တွင်းမှာတော့ နွေးနွေးထွေးထွေးပါ။

စားအပြီးမှာတော့ ဘုန်းကြီးတို့အဖွဲ့လည်း တန်းစီကာ ကော်ဖီပူပူ မှာယူသောက်ကြပါတယ်။ ဘုန်းကြီးက ဗဟုသုတအဖြစ် သိချင်တာနဲ့ တစ်ခွက်ဘယ်လောက်ပေးရလဲလို့ ဒကာတွေကိုမေးကြည့်တော့ ဘယ်လောက်ရယ်လို့ သတ်မှတ်မထားပါဘူး။ ကိုယ်ပေးချင်သလောက်ပေး၊ မပေးချင်လည်း ရပါတယ်တဲ့။ သတ်မှတ်ထားရင် သတ်မှတ်သလောက်ပဲရမယ်။ သတ်မှတ်မထားတော့ ကိုယ်လိုအပ်တဲ့အရာလေးလိုအပ်ချိန်မှာရလျှင် ကျေနပ်ပြီး ပိုပေးသွားတတ်တာကြောင့် သတ်မှတ်ထားတာထက် ပိုရတယ်လို့ ပြောပြပါတယ်။ ထူးထူးဆန်းဆန်း အလှူအတန်းတစ်မျိုးပါပဲ။ အေးနေချိန်မှာ နွေးနွေးထွေးထွေးလေးနဲ့ ဧည့်ခံကြိုဆိုတယ်ပေါ့။



ဟိုတစ်ချိန်က ဘုန်းကြီးတို့ အညာဒေသ နွေအခါ လမ်းဘေးမှာ ရေချမ်းစင်လေးတည်ပြီး ရေအေးအေးလေး ကုသိုလ်ပြုတတ်ကြတဲ့ ချစ်စရာခလေ့ကို ပြန်လည်သတိရမိပါတယ်။ ပူတဲ့ဒေသမို့ ရေအေးအေးလေးက အပန်းပြေစေနိုင်တယ်လေ။ ခုနောက်ပိုင်းနှစ်များမှာတော့ ကံကောင်းထောက်မလို့ ရေအိုးစင်လေးတွေ့မိရင်တောင် ရေခွက်ကို ကြိုးနဲ့ချည်နှောင်ထားရတဲ့ အခြေအနေတွေ့ရတော့ ကိုယ့်လူမျိုးအချို့တွေရဲ့ နိမ့်ပါးလာတဲ့ ကိုယ်ကျင့်တရားကိုလည်း တွေးမိကာ ဝမ်းနည်းမိပါတယ်။ သူတို့တွေရဲ့ အနာဂတ်အတွက် စိတ်မအေးနိုင်ဖြစ်မိပါတယ်။

စားသောက်၊ ကိုယ်လက်သုတ်သင်၊ သန့်ရှင်းပြီးတာနဲ့ ဘုန်းကြီးတို့အဖွဲ့လည်း ခရီးဆက်ကြပါတယ်။ ဘယ်ရီကမ္ဗောဒ်န်းဌာနကိုတော့ နေ့လယ် ၁၂ နာရီကျော်ကျော်မှာ ရောက်ရှိပါတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## ဘယ်ရီ တကယ်ညီတဲ့စခန်း အံ့လောက်ခမန်း

ဘယ်ရီဌာန လွန်သာစွ၊ ဝမ်းမြောက်ဖွယ်ပ ရှုမြင်ရ ဘယ်ရီကမ္မဋ္ဌာန်းဌာနရဲ့ ၁ ရက်၊ ၂ ရက်၊ ၃ ရက်ကနေ ၁၀ ရက်အထိ ရက်တိုဖွင့်လှစ်တဲ့ တရားစခန်းများ တစ်လတစ်ကြိမ် ဖွင့်လှစ်တဲ့နေရာကို ပထမရောက်ရှိပါတယ်။ အဲဒီမှာ တာဝန် ရှိ အမျိုးသမီးက ကြိုဆိုပြီး ရိပ်သာအကြောင်း သိကောင်း စရာများကို ရှင်းလင်းပြောပြပါတယ်။ ဒီနေရာမှာတော့ ယောဂီ ၃၀ လောက် လက်ခံနိုင်တယ်လို့ ပြောပါတယ်။ ခုတော့ တရား စခန်းရက် မဟုတ်တဲ့အတွက် ယောဂီများမရှိကြကြောင်းကို လည်း ပြောပြပါတယ်။ ဘယ်ရီရဲ့ ဒုတိယနေရာကို ဆက် လက် လှေလာနိုင်ရန်အတွက် လမ်းညွှန်ပြောပြပါတယ်။ ဆက် လက်ပြီး ၁၀ မိနစ်ခန့် ကားမောင်းသွားတဲ့အခါမှာ ဘယ်ရီ ကမ္မဋ္ဌာန်းဌာနရဲ့ ဒုတိယနေရာကို ရောက်ပါတယ်။

ဒီနေရာမှာတော့ ယောဂီကမ္မဋ္ဌာန်းကျောင်းဆောင်ကြီး ဟာ ပထမနေရာထက် ပိုပြီးကြီးကျယ်ခန်းနားပါတယ်။ တာဝန်ရှိ အမျိုးသမီးတစ်ဦးက ခရီးဦးကြိုဆို အရိုအသေပြုပြီး



ဘာများအကူအညီပေးနိုင်ပါမည်လဲလို့ မေးတာနဲ့ ဆရာကြီး ဂျိုးဇက်ဂိုးလ်စတိန်းနဲ့ တွေ့လိုကြောင်း ဒေါက်တာမြတ်စံက တစ်ဆင့် ဘုန်းကြီးက အမိန့်ရှိပါတယ်။ အမျိုးသမီးက ဆရာ ကြီးက အလွန်အလုပ်များကြောင်း၊ တွေ့ဖို့ခက်ခဲကြောင်း၊ သို့ ပေမယ့် ခု ဆရာကြီး ဂိုးလ်စတိန်းတောင်ပေါ်မှာ ရှိနေတဲ့ အတွက် လှန်းအကြောင်းကြားပေးမယ်ဖြစ်ကြောင်း၊ အဆင် သင့်လျှင်တော့ တွေ့နိုင်မည်ဖြစ်ကြောင်း ပြောပြပါတယ်။

ဧည့်ခန်းမှာ ခဏနားပြီး ဘုန်းကြီးတို့ကို ယောဂီများ တရားရှုမှတ်နေရာ ခန်းမဆီကို လိုက်လံပြသသပါမယ်ဆိုတဲ့ အကြောင်း ပြောကြားနေစဉ်မှာပဲ ဆရာကြီး ဂိုးလ်စတိန်းလဲ လက်ထောက်ကမ္မဋ္ဌာန်းဆရာတစ်ဦးနဲ့အတူ တောင်ပေါ်ကနေ ဆင်းလာပြီး ဧည့်ခန်းထဲဝင်လာပါတယ်။ တာဝန်ခံအမျိုးသမီး က လေးစားစွာနဲ့ပဲ ဆရာကြီးဆီသွားပြီး ဘုန်းကြီးကို ညွှန်ပြ ကာ အကျိုးအကြောင်း ရှင်းပြပါတယ်။ ဆရာကြီးလည်း အတူပါလာတဲ့ လက်ထောက်ကမ္မဋ္ဌာန်းဆရာကို ပြောဆိုညွှန် ကြားပြီး ဘုန်းကြီးဆီကိုလာကာ အရိုအသေပြု လက်အုပ်ချီ ကာ နှုတ်ဆက်စကားပြောကြားပါတယ်။ ဘုန်းကြီးကလည်း ဒေါက်တာမြတ်စံကနေ တစ်ဆင့် ဝမ်းမြောက်စွာ နှုတ်ဆက် စကားပြောကြားပါတယ်။

ဘုန်းကြီးကလည်း ဆရာကြီး မြန်မာနိုင်ငံ စစ်ကိုင်း တိုင်း ရွှေဘိုမြို့နယ်ဆိတ်ခွန်အထိ လိုက်လာပြီး မဟာစည်

www.burmeseclassic.com



ဆရာတော်ဘုရားကြီးဆီကို တပည့် (၂၀) လောက်နဲ့ ဖူးမြော် ခဲ့ပုံ၊ ဆရာတော်ဘုရားကြီးအားလည်း၊ ဆရာကြီးအနေဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ လမ်းညွှန် ဟောကြားတဲ့နည်းအတိုင်း အမေရိကနိုင်ငံ မက်ဆာချူးဆက်ပြည်မှာ သတိပဋ္ဌာန်တရားရိပ်သာ ဖွင့်လှစ်ပြီး တရားပြသနေတယ်ဆိုတဲ့အကြောင်း လျှောက်ထားပုံ၊ အဲဒီလို ပြသရာမှာ သတိပဋ္ဌာန်ရှုနည်းအတိုင်း လက်တွေ့ အားထုတ်ကြတဲ့ ယောဂီများမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ မိသားစုအရေးများကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်နှလုံးမသာယာမှု၊ စိတ်ဆင်းရဲမှု၊ စိတ်ပင်ပန်းမှုတွေ ကင်းဝေးလွန်မြောက်ပြီး စိတ်ချမ်းသာမှုတွေကို ပြည့်ပြည့်ဝဝ ရရှိခံစားကြရပါတယ်။

ယခုလို လက်တွေ့သတိပဋ္ဌာန် အကျိုးကို ခံစားရတဲ့ တပည့်များက ဆရာတော်ဘုရားကြီးကို ဖူးတွေ့လိုတာကြောင့် လိုက်ပို့ပေးရန် တောင်းဆိုလာတဲ့အတွက် ခုလို အဝေးကနေ ဆရာတော်ဘုရားကြီး သီတင်းသုံးရောက်ရှိနေရာ အရပ်အထိ တကူးတက လာရောက်ဖူးမြော်ခြင်းဖြစ်ကြောင်း၊ ဆရာကြီးက လျှောက်ထားပုံ၊ အဲဒီလျှောက်ထားစဉ်က ဘုန်းကြီးလည်း ဆရာတော်ကြီးအနီးမှာရှိနေလို့ ဆရာကြီးရဲ့ ဘာရှိ ကမ္ဘာ့ဌာန်းဌာနကို အထူးစိတ်ဝင်စားမှု ဖြစ်ခဲ့ပါသည်။ တစ်ချိန်အမေရိကကို ရောက်ခဲ့လျှင် ဆရာကြီးရဲ့



ကမ္ဘာ့ဌာန်းရိပ်သာကို လာရောက်လေ့လာမယ်လို့ ဆန္ဒရှိနေခဲ့တဲ့အတွက် ခုလိုအတိတ်ကပုံရိပ်ကို အကောင်အထည် ဖော်ရအောင်လို့ လာရောက်လေ့လာတာဖြစ်ကြောင်းကို ဒေါက်တာမြတ်စံမှ တစ်ဆင့် စကားပြန်ပြောကြားပေးတဲ့အခါ ဆရာကြီးဂိုးလ်စတိန်းမှ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မှတ်မိပါကြောင်း ဒီကမ္ဘာ့ဌာန်းရိပ်သာကို စပြီးဖွင့်စကဖြစ်ပါကြောင်း သူလည်း အဲဒါကို သတိရပါကြောင်း ခုလိုဒီမှာ ဆုံတွေ့ရတဲ့အတွက် ဝမ်းမြောက်ပါကြောင်းနှင့် လာရောက်လေ့လာခြင်းအတွက်လည်း ကျေးဇူးတင်ပါကြောင်း ပြန်လည်ပြောကြားပါတယ်။

နောက်တစ်နေရာဖြစ်တဲ့ အဆင့်မြင့်တရားရှုမှတ်ရာနေရာကိုလည်း သူကိုယ်တိုင်လိုက်လံပြသမည်ဖြစ်ကြောင်းကို ပြောပြီး သူကိုယ်တိုင် ရှေ့ကဦးဆောင်ကာ တောလမ်းခရီးအတိုင်း သွားကြပါတယ်။ ၁၅ မိနစ်ခန့် လမ်းလျှောက်အပြီးမှာတော့ အလွန်ဆိတ်ငြိမ်ပြီး ယောဂီများ တရားရှုမှတ်ရန် သင့်လျော်တဲ့နေရာကို ရောက်ပါတယ်။ ဒီနေရာ အဆောက်အဦးများကတော့ ပိုမိုသစ်လွင်ပါတယ်။ တရားတကယ်လိုလားပြီး ထိထိရောက်ရောက် အားထုတ်လိုတဲ့ ယောဂီအတွက် အလွန်ကောင်းမွန်တဲ့နေရာပါ။

ယောဂီများ ချမ်းချမ်းသာသာ အားထုတ်နိုင်ရန်အတွက် စနစ်တကျစီမံထားပါတယ်။ စုပေါင်း တရားအားထုတ်နိုင်ရန် တရားခန်းမဆောင်၊ ဆွမ်းစားဆောင်၊ စုပေါင်း

www.burmeseclassic.com

www.burmeseclassic.com



စကြံန်လျှောက်ရန်အဆောင်၊ တစ်ဦးတည်း သီးသန့်စင်္ကြံန် လျှောက်ရန် အလုံခန်းမများ၊ ယောဂီအိပ်ခန်းများ၊ သူ့နေရာနဲ့သူ ယောဂီ ၅၀ ဦးခန့် ချမ်းချမ်းသာသာ အားထုတ်နိုင်ရန် အတွက် စနစ်တကျ စီမံထားမှုများက အတုယူချီးကျူးဖွယ် ဖြစ်ပါတယ်။ ခုလိုရေးပြတာထက် ကိုယ်တိုင်သွားရောက် လေ့လာမှသာ ပိုမိုအံ့အားသင့်စရာ၊ ကြည်နူးဝမ်းသာစရာ ဖြစ်နိုင်မှာမို့ ကိုယ်တိုင်သွားရောက်လေ့လာဖို့ကိုပဲ ဘုန်းကြီး ကတော့ တိုက်တွန်းချင်ပါတယ်။

ဆရာကြီး ဂိုးလ်စတိန်းကိုယ်တိုင် သူ့နေရာနဲ့သူ ယောဂီများအတွက် လိုလေသေးမရှိအောင် စီစဉ်ထားပုံများ ကို ရှင်းလင်းပြသပြီး ဘုန်းကြီးတို့ကို ဒုတိယကမ္မဋ္ဌာန်း ကျောင်းဆောင်အထိ ပြန်လည်ကာ လိုက်ပါပို့ဆောင်ပါတယ်။ မှတ်တမ်းတင်ဓာတ်ပုံများလည်း စုပေါင်းရိုက်ကြပြီး တာဝန် ရှိ အမျိုးသမီးကိုလည်း ဒုတိယကမ္မဋ္ဌာန်းကျောင်းအတွင်းက ယောဂီဆောင် စသည်တို့ကိုလည်း လိုက်လံပြသဖို့ ညွှန်ကြား ခဲ့ပါတယ်။

ဒီနေရာမှာတော့ ယောဂီ ၁၀၀ လောက် စုပေါင်းတရား အားထုတ်နေကြပါတယ်။ စုပေါင်းတရားရှုမှတ်ရာ ခန်းမ၊ စုပေါင်းစင်္ကြံန်လျှောက်ရန်နေရာများ၊ ဆွမ်းစားဆောင်၊ စာ ကြည့်ခန်းမ၊ တစ်ကိုယ်ရေ စင်္ကြံန်လျှောက်ရန်နေရာများ၊ စသည်ဖြင့် သူ့နေရာနဲ့ သူ၊ ဘာမှလိုလေသေးမရှိအောင်



အကွက်စိစိ၊ စနစ်တကျ ပြည့်ပြည့်စုံစုံ တည်ဆောက်ထားတဲ့ ကမ္မဋ္ဌာန်းဌာနတစ်ခုကို လေ့လာခွင့်ရခဲ့ပါတယ်။

ဒီနေ့အတွက်တော့ ဘုန်းကြီးအဖို့ တော်တော်များများ ဗဟုသုတရခဲ့ပါတယ်။ ဆရာကြီး ဂိုးစတိန်းအပါအဝင် ကမ္မဋ္ဌာန်းဆရာများနဲ့ အဆင်ပြေပြေ ပြောဆိုမေးမြန်း ဆွေးနွေး နိုင်အောင် စကားပြန်ပေးခဲ့တဲ့ ဒေါက်တာမြတ်စံနဲ့ မသွယ်ဇင် ထွန်းတို့အား အထူးကျေးဇူးတင် မှတ်တမ်းပြုအပ်ပါတယ်။

ဒီညမှာ စောစော အနားယူခဲ့ပါတယ်။

**မေလ ၁၈ ရက်၊ ၂၀၀၉**

နေ့ဆွမ်းကို မောင်စိန်ဝင်း မမေဦးတို့က ဆက်ကပ်ပါ တယ်။ ဒီဆွမ်းကပ်နိုင်စေဖို့ မမေဦးမှာ အလုပ်ကခွင့်ယူပြီး စုံစုံ လင်လင် အထူးစီမံကာ ချက်ကပ်ခဲ့ရတာပါ။ မရွှိမဂုဏ်ရည် ဆရာတော်နဲ့အတူ ဘုဉ်းပေးကြပါတယ်။ အလွန်ကောင်းမွန် ပြီး အရသာရှိပါတယ်။ မြန်မာဟင်း အချက်ကောင်းသလို နိုင်ငံ ခြားအစားအစာများကိုလည်း ကျွမ်းကျင်စွာ ချက်နိုင်တာ တွေ့ ရပါတယ်။ ချက်တာရော၊ ကြော်တာရော၊ ပေါင်းတာရော၊ အစုံအလင်ပါပဲ။ အလှူခံပုဂ္ဂိုလ်များ နှစ်သက်ကျေနပ်နိုင် လောက်တဲ့အထိ ချက်ပြုတ် ကြော်လှော်စီမံပြီး ကိုယ်တိုင် သာဟတ္ထိက ဒါနမြောက်အောင် ကပ်လှူတာကို မေတ္တာပွား ကာ ဘုဉ်းပေးပါတယ်။ နေ့ပိုင်းမှာတော့ တရားအားထုတ်

www.burmeseclassic.com



နည်းသိလိုလို့ လာရောက်မေးမြန်းလျှောက်ထားသူများကို တရားအားထုတ်ရန် နည်းလမ်းများကို မိန့်ကြားခဲ့ပါတယ်။ ညနေပိုင်းမှာ မခင်ခင်ကျော်ရောက်လာတဲ့အတွက် ရန်ကုန်ရွှေမင်းဝံရိပ်သာအကြောင်းနှင့် အမေရိကန်နိုင်ငံအကြောင်းတို့ကို ပြောဖြစ်ပါတယ်။

ည ၁၁ နာရီမှာ အနားယူပါတယ်။

❖ ❖ ❖



## မသိလျှင် လွဲနိုင်တယ်

မေလ ၁၉ ရက်၊ ၂၀၀၉

လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး အရေးတကာ့အရေး 'ဘာ'အရေးပင်ဖြစ်နေပါစေ သိထားလျှင်တော့ ဆောင်ရန်/ရှောင်ရန် လိုက်နာကျင့်သုံးရမည်မဟုတ်ပါလား။

ဆင်ရဲ့အစွယ်ကိုသာစမ်းမိပြီး 'ဆင်'ဟာ 'သန်လျက်' လိုပဲလို့ပြောတဲ့ မျက်မမြင်ပုဏ္ဏားအမြင်မျိုးနဲ့ ကြည့်ရင်တော့ အမှန်တရားကိုသိဖို့မလွယ်သလို၊ မသိလျှင်လည်း ချမ်းသာနဲ့ လွဲသွားနိုင်တယ်လေ။ ဘုန်းကြီးအနေဖြင့် ကျန်းမာရေးကောင်းတယ်ဆိုပေမယ့် သေချာအောင် ခေတ်မီစက်ကိရိယာတွေနဲ့ စမ်းသပ်ကြည့်လျှင်တော့ အကောင်းဆုံးပေါ့။ မိမိရဲ့ ကျန်းမာရေးကဏ္ဍကိုလည်း စိတ်ဝင်တစားသိချင်နေတယ်။ ဒါကြောင့် ဒီနေ့ ဘုန်းကြီး ဦးခေါင်းကို စက်နဲ့စမ်းသပ်စစ်ဆေးကြည့်မှာဖြစ်တဲ့အတွက် ၇ နာရီအချိန်မှာ ဒေါက်တာမျိုးမြင့်

www.burmeseclassic.com

www.burmeseclassic.com



လာကြိုပါတယ်။ ဆေးရုံကြီးကို ၇ နာရီ ၄၅ မိနစ်မှာ ရောက်ရှိပါတယ်။ ဆေးရုံအဝင်ကနေ မြန်မာဆရာဝန်လေးတစ်ဦးက ကြိုဆိုပြီး ရှေးဦးဆောင်ရွက်ရမည့်ကိစ္စများကို ဒေါက်တာမြတ်စံ ညွှန်ကြားထားတဲ့အတိုင်း ဆောင်ရွက်ပေးပြီး ၈ နာရီ ၃၀ မှာ သူ့ဂျူတီအချိန်ကျပြီမို့ ဘုန်းကြီးနဲ့ ဒေါက်တာမျိုးမြင့်တို့ကို ဧည့်ခန်းထဲမှာထားခဲ့ကာ အခန်းထဲကနေ ထွက်ခွာသွားပါတယ်။

ဆေးရုံကြီးက ၁၂ ထပ်ရှိပါတယ်။ စောင့်ဆိုင်းနေလို့ မကြာမီမှာပဲ ဒေါက်တာမြတ်စံရောက်လာပါတယ်။ စမ်းသပ်ရမည့်နေရာခေါ်သွားပြီး အဲဒီက တာဝန်ကျ ဆရာမတစ်ယောက်ကို မှာစရာရှိတာတွေမှာကြားကာ ဘုန်းကြီးကိုလည်း မစိုးရိမ်ရန်၊ ပြီးလျှင် နေ့ဆွမ်းကိုလည်း သူကပဲ ဆက်ကပ်မည်ဆိုတဲ့အကြောင်း လျှောက်ထားကာ အခန်းထဲကနေ ထွက်ခွာသွားပါတယ်။

ဘုန်းကြီးအနီးမှာ ဒေါက်တာမျိုးမြင့်ရှိတဲ့အတွက် တာဝန်ကျဆရာမနှင့် ပြောဆိုစရာရှိတာများကို သူက တစ်ဆင့်ပြောဆိုပါတယ်။ စက်ခန်းထဲမဝင်မီမှာ လေယာဉ်ကွင်းတွေမှာ စစ်ဆေးလေ့ရှိတဲ့အရာမျိုးနဲ့ စစ်ဆေးပြီး စက်ခန်းထဲကို ဝင်စေပါတယ်။ စက်ပေါ်မှာ ပက်လက်အနေအထား လှဲရပါတယ်။ အသံတွေဆူညံမှာဖြစ်တဲ့အတွက် အာရုံပြောင်းအောင် နားကြပ်နဲ့ ဘယ်သီချင်းကို နားထောင်မလဲလို့ မေးပါတယ်။ ဘုန်းကြီး



က ဘာမှမသိတဲ့သီချင်းတွေ နားမထောင်လိုကြောင်း ဒေါက်တာမျိုးမြင့်ကနေ တစ်ဆင့်ပြောတော့ သီချင်းနားမထောင်ချင်ရင်လဲ အသံတွေဆူညံမှာဖြစ်တဲ့အတွက် နားကြပ်ကိုတော့ တပ်ရမယ်ဆိုတဲ့အကြောင်းပြောလို့ နားကြပ်တပ်ထားရပါတယ်။

စက်ထဲဝင်ရောက်တဲ့အခါ ဦးခေါင်းမလှုပ်ဖို့ပြောပါတယ်။ တကယ်လို့ စက်ထဲမှာ မခံသာတာတွေရှိလျှင် ဒီအလုံးလေးကိုနှိပ်ပါဆိုပြီး လက်ထဲမှာ လေလုံးလေးတစ်လုံး ထည့်ပေးပါတယ်။ ပြီးတော့ ဘုန်းကြီးရဲ့ခန္ဓာကုယ် မြောက်ကြွတက်လာပြီး တဖြည်းဖြည်းနဲ့ ဦးခေါင်းဖက်ဆီ ရွေ့သွားတာကို သတိထားမိပါတယ်။ ကိုယ်ခန္ဓာမြောက်ကြွသွားချိန်ကစပြီး မျက်စိမှိတ်ကာ တရားရှုမှတ်နေလိုက်ပါတယ်။ ပြီးတော့ တံခါးပိတ်သံကိုကြားရပြီး စက်တွေရဲ့ စတင်အလုပ်လုပ်သံကို နားကြပ်ပိတ်ထားတဲ့ကြားကနေပဲ ကျယ်ကျယ်လောင်လောင်ကြားရပါတယ်။

အနေအထားတစ်မျိုးရိုက်ပြီး လိုက်၊ စက်သံတစ်မျိုးပြောင်းသွားလိုက်၊ ငြိမ့်ခနဲဖြစ်သွားလိုက်၊ စက်သံတွေ တစ်ခါပြန်မြည်လာလိုက်နဲ့ သုံးလေးကြိမ်လောက်ဖြစ်နေတာကို သတိရှိနေတဲ့အတွက် မျက်စိမဖွင့်ပေမယ့် အကုန်သိနေရပါတယ်။ မိနစ်သုံးဆယ်ကျော်ကျော်လောက်မှာ စက်သံရပ်သွားပြီး ဦးခေါင်းအစိတ်အပိုင်းကို ရိုက်ကြည့်မှု ပြီးဆုံးကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ်။ ဒေါက်တာမျိုးမြင့်နဲ့အတူ ဆရာဝန်ကြီး ဒေါက်တာ မြတ်စံ ဆေးခန်းရှိရာကို ဆေးရုံကြီးကနေ ခြေလျင်လမ်းလျှောက်သွားကြပါတယ်။

ဆေးခန်းမှာ ခဏနားပြီး ဒေါက်တာမြတ်စံက ဘုန်းကြီးတို့ကို မြို့ထဲက တန်ဖိုးကြီးကြီးပေးရတဲ့ စားသောက်ဆိုင်ကို ပင့်သွားပါတယ်။ စားသောက်ဆိုင်မှာ အနောက်တိုင်းအစားအစာများ ဆက်ကပ်ပါတယ်။ မရောက်ဘူးတဲ့နေရာမှာ မစားဖူးတဲ့ အစားအစာများ ဘုဉ်းခဲ့ရတဲ့အတွက် ဆွမ်းဒကာများကို ကျေးဇူးတင်ရှိပါတယ်။

ဆွမ်းစားအပြီး ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးတစ်ခုဆီကိုလည်း လိုက်ပို့ပေးကြပါတယ်။ ဘုရားရှိခိုးကျောင်းကြီးမှာ ခရစ်ယာန်ဂိုဏ်းအုပ် ဘုန်းတော်ကြီးများနဲ့လည်း နှုတ်ဆက်စကားများ ပြောဖြစ်ကြပါတယ်။ ဘုန်းကြီးများပြောဆိုဆွေးနွေးတာတွေကို ဘာသာပြန်ပေးတဲ့ မိတ်ဆက်ပေးတဲ့ ဒေါက်တာမြတ်စံ၊ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ပေးတဲ့ မသွယ်ဇင်ထွန်း၊ မခင်ခင်ကျော်တို့ကိုလည်း ကျေးဇူးတင်ပါတယ်။

ဘုရားရှိခိုးကျောင်းကအထွက်မှာတော့ ဒေါက်တာမြတ်စံက ဆေးခန်းတာဝန်များရှိနေသေးတဲ့အတွက် ဘုန်းကြီးကို နှုတ်ဆက်ကာ ပြန်သွားပါတယ်။ မသွယ်ဇင်ထွန်းနဲ့ မခင်ခင်ကျော်တို့က လိုက်လံပြသသင့်တဲ့နေရာများကို ဘုန်းကြီးကို လိုက်ပို့ပေးကြပါတယ်။ စာကြည့်တိုက်တစ်ခုထဲကိုဝင်တဲ့အခါမှာ အစစ်ဆေးခံပြီးမှ ဝင်ရပါတယ်။ စာကြည့်တိုက်ထဲမှာလည်း ပညာလိုလားသူတွေ၊ ဗဟုသုတရှာဖွေလိုသူတွေ ရာချီရှိတာတွေ့ရပါတယ်။



အထူးသဖြင့် ကမ္ဘာအရပ်ရပ်က ရှေးပညာရှိ ကျမ်းပြုအကျော်အမော်များ ရေးသားပြုစုခဲ့တဲ့ စာအုပ်များကို စုဆောင်းသိမ်းဆည်းထားတဲ့ စာကြည့်တိုက်ကို လိုက်ပို့ပါတယ်။ ဒီရှားပါးစာအုပ်တွေကို အခြားဘယ်နေရာမှာမှ ရှာလို့မတွေ့နိုင်ဘူးလို့လဲ သိရပါတယ်။ ပညာလိုလားပြီး လေ့လာလိုသူတွေအတွက်တော့ အလွန်တန်ဖိုးရှိတဲ့ ရတနာတွေပါပဲ။

ဘုန်းကြီး၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းကြောင်းကို အဆင့်မြင့်ဆေးရုံကြီးရှိ ခေတ်မီစက်ကိရိယာတွေက သက်သေထူလိုက်သလို၊ စိတ်ပိုင်းဆိုင်ရာမှာတော့ စာကြည့်တိုက်ကြီးရှိ စာအုပ်ဟောင်းတွေက သက်သေထူလိုက်တယ်လေ...။ ဘာကြောင့်လဲဆိုတော့ "ဟောင်းပေမယ့်၊ အသစ် နှင့် ကင်းလို့မသွားဘူးဆိုတဲ့ သဘော"။ ယခုအခါဟာ (I.T) ခေတ်ဆိုပေမယ့် အဟောင်းနဲ့အသစ်တို့ရဲ့ အထောက်အပံ့ဖြစ်နေတဲ့သဘော။ ကာလ(၃)ပါးရဲ့ ဆက်စပ်နေတဲ့သဘော။ ရုပ်နာမ်ဓမ္မတို့၏ ဟောင်းပေမယ့် အသစ်ဖြစ်နေတဲ့သဘော။ အပျက်နဲ့ အဖြစ်တို့၏ သံသရာလည်နေတဲ့ သဘော။ ဒါတွေကို ကောက်ချက်ချလိုက်ရင်ဖြင့် တရားကတော့ တရားပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တရားသဘောကို မသိလျှင်တော့ စိတ်ချမ်းသာမှုနဲ့ လွဲသွားနိုင်ပါတယ်။ ခုလို လေ့လာမှတ်သားဖို့ကောင်းတဲ့ အလွန်ကြီးကျယ်တဲ့ နေရာမျိုးကို လေ့လာခွင့်ရအောင် လိုက်ပါ ပို့ဆောင်ပေးသူများကို အထူးကျေးဇူးတင်ပါတယ်။

စာကြည့်တိုက်ကနေ မြေအောက်ရထားနဲ့ ပြန်လာကြပြီး ဘုန်းကြီးယာယီကျောင်းအဖြစ် သီတင်းသုံးနေထိုင်ရာ မောင်စိန်ဝင်း မမေဦးတို့အိမ်ကို လိုက်ပို့ပေးပြီး မခင်ခင်ကျော်နဲ့ မသွယ်ဇင်ထွန်းတို့လည်း ဆေးခန်းကိုပြန်ကြပါတယ်။ မနက်ဖြန်ဆိုလျှင် မဟာသတိပဋ္ဌာန် ၅ ရက်တရားစခန်းဖွင့်လှစ်မယ့် လောကချမ်းသာကျောင်းကို ပြောင်းရွှေ့သီတင်းသုံးတော့မှာမို့ ဦးနီ ဒေါ်ကျင်လှ၊ မောင်စိန်ဝင်း မမေဦး၊ မထွေးတို့ မိသားစုများ စုံညီခိုက် မိသားစုအရေး၊ ကျန်းမာရေး၊ ကလေးများ ပညာရေးများကို ပြောဆိုဆွေးနွေးဖြစ်ကြသလို ဘာသာရေး၊ သာသနာရေးများကိုလည်း မမေ့ကြဖို့ သတိပေးသင့်တာကို သတိပေး၊ တိုက်တွန်းသင့်တာကို တိုက်တွန်းအားပေးခဲ့ပါတယ်။ ကုသိုလ်ရေးနဲ့ တရားအားထုတ်ရေးကို အထူးတိုက်တွန်း အားပေးခဲ့ပါတယ်။ မိသားစုအားလုံးကလည်း မြန်မာနိုင်ငံမှာလိုပဲ ကုသိုလ်ရေးလဲ မမေ့၊ တရားရေးမှာလဲ မမေ့ မလျော့၊ သတိမြဲကြပါတယ်ဆိုတဲ့အကြောင်း လျှောက်ထားကြတဲ့အတွက် ဝမ်းမြောက်မိပါတယ်။



မေလ ၂၀ ရက်၊ ၂၀၀၉

၅ နာရီ အိပ်ယာထ၊ ပြုဖွယ်များပြု၊ ဘုရားဝတ်တက်၊ တရားရှုမှတ်၊ မေတ္တာပွား။

ဒေါ်ကျင်လှကပ်လှူတဲ့ ညှပ်ခေါက်ဆွဲ မမေဦးနဲ့ မထွေးတို့ကပ်လှူတဲ့ ကြက်သွန်ဖြူအနံ့နဲ့ ပေါင်မုန့်မီးကင် အချိုပွဲတို့ကို အရုဏ်ဆွမ်းအဖြစ် ဘုဉ်းပေးခဲ့ပါတယ်။ ခေတ္တစကြ်န်လျှောက်ပြီး အကြွေးတင်နေတဲ့ မှတ်စုမှတ်တမ်းများကို ရေးပါတယ်။

ခေါင်းရိပ် ရေချိုးပြီး နေ့ဆွမ်းပင့်ထားတဲ့ နန္ဒသစ္စာကျောင်း မစ္ဆိမဂုဏ်ရည်ထံမှ ကားလာကြိုတဲ့အတွက် ဒကာကြီး ဦးနီ ဒေါ်ကျင်လှတို့နဲ့အတူ လိုက်ပါခဲ့ပါတယ်။ မစ္ဆိမဂုဏ်ရည် ဆရာတော်ရဲ့ ကျောင်းအမကြီး ဒေါက်တာတင်မာထွန်း မိသားစု ဆက်ကပ်လှူဒါန်းတဲ့ ချိုချဉ်စပ် ရသစုံလင်လှတဲ့ ဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ်တို့ကို ဒေါက်တာကောဝိဒနဲ့အတူ မေတ္တာပွားကာ ဘုဉ်းပေးသုံးဆောင်ခဲ့ပါတယ်။ ဆွမ်းစားအပြီး ပြည်တွင်းပြည်ပ ဘာသာ သာသနာရေးများကို ဆွေးနွေးရင်း မိမိကျန်းမာရေးကို အထူးစောင့်ရှောက်ပြီး သာသနာရေး ဆောင်ရွက်ဖို့ သတိပေးစကား ပြောကြားရပါတယ်။ ကျောင်းအမ ဒေါ်တင်မာထွန်းကိုလည်း မိမိရဲ့ သာသနာပြုလုပ်ငန်းကိစ္စများကို စိတ်ရည်ဖွဲ့သန် သည်းညည်းခံပြီး အရှည်တည်တန့်နိုင်မြဲအောင် လုပ်ဆောင်ဖို့ တိုက်တွန်းပြောကြားအားပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းစားအပြန် ခေတ္တနားပြီး ညနေ ၃ နာရီအချိန်မှာတော့ တရားစခန်းဆောင်ရွက် ဟောပြောပြသရန်အတွက် လောကချမ်းသာကျောင်းကို မောင်စိန်ဝင်းက လိုက်ပို့ပေးပါတယ်။ ကျောင်းရောက်တော့ လောကချမ်းသာ ဆရာတော်ဦးဣန္ဒကကို ကန်တော့နှုတ်ဆက်ပြီး ယောဂီတစ်ဦးအား သီလရှင်အဖြစ် ချီးမြှင့်ဆောင်ရွက်ပေးပါတယ်။ ချမ်းမြေ့ရိပ်သာရဲ့ တပည့်ယောဂီများဖြစ်ကြတဲ့ ဒေါက်တာ ဒေါ်မြမြအေးတို့နဲ့ တွေ့တာနဲ့ အလ္လာပသလ္လာပစကားများလည်း ရေးဟောင်းနှောင်းဖြစ် ပြောဖြစ်ပါတယ်။

၁၀ နာရီမှာ အနားယူပါတယ်။

❖ ❖ ❖



## လောကချမ်းသာ မြတ်ဌာန၊ လောကုတ်ချမ်းသာ ရှာဖွေပါ

မေလ ၂၁ ရက်၊ ၂၀၀၉

၄ နာရီ ၃၀ အိပ်ရာထ၊ ပြုဖွယ်များပြု၊ ၅ နာရီမှာ ယောဂီများနဲ့အတူ တရားရှုမှတ်ပါတယ်။ ၆ နာရီမှာ အလှူရှင် ဦးအေးကျော် ဒေါ်ခင်ဆွေနွဲ့ မိသားစုများ ဆက်ကပ်တဲ့ အရုဏ်ဆွမ်းကို ကျောင်းသံဃာများ ယောဂီများနဲ့အတူ ဘုဉ်းပေးသုံးဆောင်ကြပါတယ်။ ဆွမ်းမဘုဉ်းပေးမီမှာ ဘုန်းကြီးက ပေစ္စဝေကျွဏာဆင်ခြင်ပုံနှင့် မေတ္တာပွားများပုံများကို ရှေ့တိုင်ပေးပြီး ဆင်ခြင်မေတ္တာပွားစေပါတယ်။

နံနက် ၈ နာရီမှာတော့ တရားစခန်းဝင် ယောဂီများကို ရှစ်ပါးသီလ ချီးမြှင့်ပြီး ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယအတိုင်း သတိပဋ္ဌာန်လေးပါး ရှုမှတ်နည်းတရားကို ဟောကြားပေးပါတယ်။ ယောဂီများနဲ့အတူ ၁၀ နာရီအထိ တရားရှုမှတ်ပွားများပြီး ယောဂီများကို စကြံန်တရား ဆက်လက်ရှုမှတ်စေပြီး မိမိကတော့ ခဏနားပါတယ်။

နေ့ဆွမ်းမှာလည်း သံဃာတော်များနဲ့အတူ ပေစ္စဝေကွဏာဆင်ခြင် မေတ္တာပွားများကြပြီး အလှူရှင် ဒေါ်ပြုံးရှည်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လီလီ မိသားစုများ ကပ်လှူတဲ့ နေ့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ကြပါတယ်။ ဘုန်းကြီးကပဲ ပေစ္စဝေက္ခဏာ ဆင်ခြင်မေတ္တာပွားများပုံများကို တိုင်ပေးပါတယ်။

နေ့ပိုင်းမှာလည်း အချိန်ဇယားအတိုင်း ဆက်လက်တရားရှုမှတ်စေပြီး ညနေ ၆ နာရီ ၃၀ မှာ စခန်းဝင်ယောဂီများနဲ့ ပြင်ပကနေ လာရောက်တရားနာယူကြတဲ့ ပရိသတ်များအတွက် အာနိသံသကထာ တရားကို ဟောကြားပေးခဲ့ပါတယ်။ ၉ နာရီ ၃၀ မှာ အနားယူခဲ့ပါတယ်။

## မေလ ၂၂ ရက်၊ ၂၀၀၉

၄ နာရီ ၃၀ မိနစ် အိပ်ရာထ၊ ပြုဖွယ်များပြု၊ ဘုရားဝတ်တက်၊ ယောဂီများနဲ့အတူ တရားရှုမှတ် မေတ္တာပွား။

၆ နာရီမှာ အလှူရှင် ဦးလှဖံ ဒေါ်စိုးစိုးဝင်း မိသားစုများ ဆက်ကပ်တဲ့ ဆီချက်ခေါက်ဆွဲ ဆွမ်းအချို့ပွဲများကို သံဃာတော်များ၊ ယောဂီများနဲ့အတူ ပေစ္စဝေက္ခဏာ ဆင်ခြင်မေတ္တာပွားများပြီး ဘုဉ်းပေးကြပါတယ်။

နံနက် ၈ နာရီမှာ တရားစခန်းဝင်ယောဂီများအား လုပ်ငန်းစဉ်တရားဖြစ်တဲ့ ဣရိယာပထပိုင်းမှ စင်္ကြန်အမှတ်ဖြင့် တရားရှုမှတ်အားထုတ်ပုံကို လက်တွေ့ရှုမှတ်တတ်အောင် ဟောကြားပေးပါတယ်။

၁၁ နာရီမှာ နေ့ဆွမ်းအလှူရှင် ကိုပြည့်စုံ မငြိမ်းငြိမ်းအိမိသားစုများ ဆက်ကပ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ပေစ္စဝေက္ခဏာဆင်ခြင်၊ မေတ္တာပွားများကြပြီး ဘုဉ်းပေးသုံးဆောင်ကြပါတယ်။



နေ့လယ် ၁၂ နာရီမှစပြီး အချိန်နဲ့ တပြေးညီ မပြတ်ရှုမှတ်ပွားများအား ထုတ်နေကြပါတယ်။

နေ့လယ် ၂ နာရီမှာ ယောဂီအမျိုးသမီးတစ်ဦးကို သိက္ခာရှင်အဖြစ် မြှင့်တင်ပေးပါတယ်။

၃ နာရီအချိန်မှာတော့ ဓမ္မသာကစ္ဆာ မိမိတို့ ရှုမှတ်အားထုတ်လို့ တွေ့သိထားတဲ့တရားနှင့် စပ်ပြီး ဆွေးနွေးမေးမြန်းလျှောက်ထားမှုကို ဖြေကြားပေး ညွှန်ကြားပေးရပါတယ်။

ဦးနီ ဒေါ်ကျင်လှနဲ့ မမေဦးတို့လည်း တရားစခန်းဝင်ရန် ရောက်လာကြပါတယ်။

ည ၆:၃၀ နာရီမှာတော့ တရားစခန်းဝင် ယောဂီများနဲ့ အပြင်မှ တရားနာယောဂီတို့အား မဟာသတိပဋ္ဌာန် အားထုတ်သူမှာ ရရှိနိုင်တဲ့ အကျိုးတရားများကို ဟောကြားပေးပါတယ်။ တရားနာပရိသတ် ခန်းမပြည့်လာရောက်နာကြားကြပါတယ်။

၉:၃၀ မှာ အနားယူပါတယ်။

## မေလ ၂၃ ရက်၊ ၂၀၀၉

၄:၃၀ အိပ်ရာမှထ။ ပြုဖွယ်ကိစ္စများပြုပြီး ကျောင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် သံဃာတော်များ စခန်းဝင်ယောဂီများနဲ့အတူ ဘုရားဝတ်တက်၊ တရားရှုမှတ်ပြီး မေတ္တာပွားများကြပါတယ်။

နံနက် ၆ နာရီမှာ အရုဏ်ဆွမ်းအလှူရှင် ဒေါက်တာ သိန်းကြည်၊ ဒေါက်တာ သန်းသန်းဌေး မိသားစုများကပ်လှူတဲ့ ခေါက်ဆွဲပြုတ်၊ ဆွမ်း၊ အချိုပွဲတို့ကို သံဃာတော်များ၊ ယောဂီများနဲ့အတူ ပေစ္စဝေက္ခဏာဆင်ခြင်၊ မေတ္တာပွားများပြီး ဘုဉ်းပေးကြပါတယ်။

နံနက် ၈ နာရီမှာ စခန်းဝင်ယောဂီများနဲ့ အပြင်မှ အချိန်ပိုင်း တရားအားထုတ်ကြမည့် ယောဂီများကို လုပ်ငန်းစဉ်တရားဖြစ်တဲ့ ဣရိယာပထပိုင်းကို ဒုတိယနေ့အဖြစ် ရှုမှတ်အားထုတ်တတ်အောင် ဟောကြားသင်ပြပေးပါတယ်။

နေ့ ၁၁ နာရီမှာ နေ့ဆွမ်းအလှူရှင် ဒေါ်တင်နွယ်အေး မိသားစုများဆက်ကပ်တဲ့ ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို သံဃာတော်များ ယောဂီများနဲ့အတူ ပေစ္စဝေက္ခဏာဆင်ခြင်၊ မေတ္တာပွားပြီး ဘုဉ်းပေးကြပါတယ်။

ညနေ ၃ နာရီမှ ဓမ္မသာကစ္ဆာ ရှုမှတ်မှုတရားနှင့် စပ်၍ ဆွေးနွေးမေးမြန်း လျှောက်ထားမှုများကို ရှင်းလင်းဖြေကြား ညွှန်ကြားပေးရပါတယ်။

ယနေ့ အလုပ်ပိတ်ရက်ဖြစ်တဲ့အတွက် ညတရားပွဲကို နေ့စဉ် အချိန်ထက်စောပြီး ၅ နာရီ ၄၅ မိနစ်အချိန်မှာ စခန်းဝင်ယောဂီများ အချိန်ပိုင်းယောဂီများနဲ့ အပြင်မှ တရားနာ



ယောဂီတို့အား သတိပဋ္ဌာန် အားထုတ်သူများ ရရှိနိုင်တဲ့ အကျိုးတရားများကို ဆက်လက်ဟောကြားပေးပါတယ်။

အားလပ်ရက်ဖြစ်တဲ့အတွက် တရားနာပရိသတ် ပိုမိုများပြားပါတယ်။

၉ နာရီ ၃၀ မိနစ်မှာ အနားယူပါတယ်။

**မေလ ၂၄ ရက်၊ ၂၀၀၉**

၄ နာရီ ၃၀ အိပ်ရာမှထ။ ပြုဖွယ်ကိစ္စများပြုပြီး ကျောင်းရှိ ဆရာတော် သံဃာတော်များ စခန်းဝင်ယောဂီများနဲ့အတူ ဘုရားဝတ်တက်၊ တရားရှုမှတ်ပြီး မေတ္တာပွားများကြပါတယ်။

နံနက် ၆ နာရီမှာ အလှူရှင်များဖြစ်ကြတဲ့ AB BA အမေရိကန် မြန်မာဗုဒ္ဓဘာသာအသင်းကြီးရဲ့ ဒု-ဥက္ကဋ္ဌ ဦးစိန်မြင့်+ဒေါ်လီလီဌေး မိသားစုများမှ သားဖြစ်သူ မောင်ပြည့်စုံမြင့် ကွယ်လွန်တစ်လပြည့် ရည်စူးပြီး သံဃာတော်များနဲ့ ယောဂီများကို မုန့်ဟင်းခါးဆွမ်း အချိုပွဲတို့ဖြင့် ဆက်ကပ်ကြသည်ကို ပေစ္စဝေက္ခဏာဆင်ခြင်၊ မေတ္တာပွားပြီး ဘုဉ်းပေးကြပါတယ်။

နံနက် ၈ နာရီမှာ စခန်းဝင်ယောဂီများအား လုပ်ငန်းစဉ်တရားဖြစ်တဲ့ ဣရိယာပထပိုင်းကို တတိယနေ့အဖြစ် ဆက်လက်ဟောကြားပေးပါတယ်။

နံနက် ၁၀ နာရီအချိန်မှာတော့ ကွယ်လွန်သူ

www.burmeseclassic.com

www.burmeseclassic.com



မောင်ပြည့်စုံမြင့် တစ်လပြည့် ကုသိုလ်အစုစုအတွက် အနုမော ဒနာတရား ဟောကြားချီးမြှင့်ပြီး ရေစက်ချအမျှပေးဝေပေးပါ တယ်။

နံနက် ၁၁ နာရီမှာ သားဖြစ်သူ မောင်ပြည့်စုံမြင့် တစ် လပြည့် ရည်ရွယ်ပြီး မိဘများဖြစ်ကြတဲ့ ဦးစိန်မြင့် ဒေါ်လီလီငွေး တို့ လှူဒါန်းဆက်ကပ်ကြတဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ပေစ္စ ဝေကွဏာ ဆင်ခြင်၊ မေတ္တာပွားများပြီး ဘုဉ်းပေးကြပါတယ်။ မြန်မာပရိသတ် ၁၀၀ ကျော်ခန့်လောက်လာရောက်ကြတယ်။

ညနေ ၃ နာရီမှာ မိမိတို့ တစ်နေ့တာရှုမှတ်အားထုတ် ထားလို့ တွေ့သိကြတဲ့ တရားနှင့်စပ်ပြီး ဆွေးနွေးမေးမြန်း လျှောက်ထားမှုများကို ရှင်းလင်းဖြေကြား အားပေးညွှန်ကြား ပေးရပါတယ်။

တရားရှုမှတ်မှုရက်လေးရလာတာနဲ့ အမျှ သတိ သမာဓိများ ရရှိလာကြတဲ့အတွက် တရားနဲ့စပ်တဲ့ မေးမြန်းမှု ဟာလည်း ပိုမိုအဆင့်မြင့်လာကြပါတယ်။

ည ၆ နာရီမှာတော့ တရားစခန်းဝင်ယောဂီများနဲ့ အပြင်မှ တရားနာယောဂီတို့အား မဟာသတိပဋ္ဌာန်တရားကို လက်တွေ့အားထုတ်သူများမှာ သတိ သမာဓိပြည့်စုံရင် ရရှိ နိုင်တဲ့ တရားရဲ့အရသာ၊ တရားရဲ့နှစ်သိမ့်ဝမ်းမြောက်မှုကို ကိုယ်တိုင်တွေ့ရှိခံစားနိုင်ပုံကို ဖွင့်ပြတဲ့ ဓမ္မပီတိတရားကို ဟောကြားပေးပါတယ်။



ည ၉ နာရီအချိန်မှာ မနက်ဖြန် တရားစခန်းသိမ်းတော့ မှာဖြစ်တဲ့အတွက် လောကချမ်းသာ ဆရာတော် ဦးဣန္ဒကထံ သွားပြီး အစီအစဉ်များကို မေးလျှောက်ပြီး ပြည်ပသာသနာ ရေးကိစ္စများ ဆွေးနွေးလျှောက်ထားဖြစ်ပါတယ်။

ည ၁၁ နာရီမှာ အနားယူ။

## မေလ ၂၅ ရက်၊ ၂၀၀၉

၄ နာရီ ၃၀ မိနစ် အိပ်ယာထ၊ ပြုဖွယ်ကိစ္စများပြု။ ကျောင်းရှိဆရာတော် သံဃာတော်များ စခန်းဝင်ယောဂီများ နှင့်အတူ ဘုရားဝတ်တက်၊ တရားရှုမှတ်ပြီး မေတ္တာပွားများ ကြပါတယ်။

နံနက် ၆ နာရီမှာ အရုဏ်ဆွမ်းအလှူရှင် ဦးနီ ဒေါ်ကျင်လှ သမီး မချို၊ မထွေးတို့ မိသားစု ဆက်ကပ်လှူဒါန်း တဲ့ ကြာဇံချက်ဆွမ်း အချိုပွဲတို့ကို သံဃာတော်များ စခန်းဝင် ယောဂီများနဲ့အတူ ပေစ္စဝေကွဏာ ဆင်ခြင်။ မေတ္တာပွားပြီး ဘုဉ်းပေးကြပါတယ်။

နံနက် ၈ နာရီမှာ ကိုယ်စိတ်၏ ငြိမ်းအေးရာကို ရှာ နေကြတဲ့ စခန်းဝင်ယောဂီများနှင့် တရားနာပရိသတ်တို့အား တရားသည်သာ ငြိမ်းအေးရာ တရားတော်ကို ဟောကြားပါ တယ်။

နံနက် ၁၁ နာရီမှာ နေ့ဆွမ်းအလှူရှင် ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ထင်၊ ဒေါက်တာ ချိုညွန့်ဝေ မိသားစုများလှူဒါန်းတဲ့ ဆွမ်းဘောဇဉ် ခဲဖွယ်တို့ကို သံဃာတော်များ၊ ယောဂီများနဲ့ အတူ ပေစ္စဝေက္ခဏာဆင်ခြင် မေတ္တာပွားများပြီး ဘုဉ်းပေးကြပါတယ်။

နယူးယောက်မြို့ လောကချမ်းသာဘုရားကျောင်း၏ ၅ ရက် တရားစခန်းဟာ ယနေ့ပြီးဆုံးပြီဖြစ်တဲ့အတွက် တရားစခန်းသိမ်းပွဲကို နေ့လယ် ၁း၃၀ မှာ စတင်ပါတယ်။ ဘုန်းကြီးမှ သီလချီးမြှင့်ပြီး ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး အမြဲပေးတော်မူခဲ့တဲ့ ဩဝါဒတရားဖြစ်တဲ့ အပါယ်သေားငြိမ်းခွင့် ဉာဏ်အဆင့် တရားတော်ကို ဟောကြားပြီး ၅ ရက်တိုင်တိုင် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အအေးနဲ့ အာဟာရဒါနပြုကြတဲ့ ဒါနကုသိုလ်တွေ စောင့်ထိန်းကြတဲ့ သီလကုသိုလ်တွေ၊ ပွားများကြတဲ့ ဘာဝနာကုသိုလ်တွေ၊ တရားစခန်းအတွင်းမှာ ဆောင်ရွက်ကြရတဲ့ ဝေယျာဝစ္စကုသိုလ် အစုစုတွေကို ရေစက်သွန်းချအမျှပေးဝေကာ တရားစခန်းကို အောင်မြင်စွာ ပိတ်သိမ်းပေးခဲ့ပါတယ်။

လောကချမ်းသာ ဆရာတော် ဦးဣန္ဒကမှလည်း ဩဝါဒစကား မြွက်ကြားပေးပါတယ်။

အားလုံးစုပေါင်း ဓာတ်ပုံရိုက်ကြပါတယ်။

ညနေ ၄း၃၀ မှာ ဒကာမောင်စိန်ဝင်းတို့ မိသားစုများမှ နယူးယောက်မြို့လယ်မှာ ပလက်ဖောင်းဈေးကို လိုက်ပြ



ကြပါတယ်။

ည ၈း၃၀ မှာ ဆရာတော် ဦးဣန္ဒကနဲ့ ယောဂီများ မရှိတော့တဲ့အတွက် တရားခန်းမအတွင်းမှာ လမ်းလျှောက်ရင်းနဲ့ ပြည်ပသာသနာပြုရေးနဲ့ စပ်ပြီး ခက်ခဲကြမ်းတမ်းစွာ သာသနာပြုခဲ့ရပုံ၊ တွေ့ကြုံလာတဲ့ အဆိုးလောကဓံများကို ကြံ့ကြံ့ခံပြီး သာသနာ့မျက်နှာကိုကြည့်ပြီး စိတ်ရှည်ရှည် ဇွဲသန်သန်ဖြင့် သာသနာ့အရေးဟာ ကိုယ့်အရေးပဲလို့ စိတ်မှာထားပြီး သာသနာပြုခဲ့ကြောင်းများကို ပြောကြားပါတယ်။

ည ၁၁ နာရီမှာ နားပါတယ်။

## မေလ ၂၆ ရက်၊ ၂၀၀၉

၄း၃၀ နာရီမှာ အိပ်ရာမှထ။ ပြုဖွယ်ရာများပြု။ ဘုရားဝတ်တက်၊ တရားရှုမှတ် မေတ္တာပွားများပါတယ်။ နံနက် ၆ နာရီမှ ဒေါ်စမ်းစမ်းဌေး ဆက်ကပ်တဲ့ အရုဏ်ဆွမ်းအချိုပွဲတို့ကို ပေစ္စဝေက္ခဏာ ဆင်ခြင် မေတ္တာပွားပြီး ဘုဉ်းပေးကြပါတယ်။

ဆွမ်းဘုဉ်းပေးအပြီးမှာတော့ လောကချမ်းသာကျောင်း ဝန်ဆောင် သံဃာများဖြစ်ကြတဲ့ ဦးဝိမလ၊ ဦးသောပါက တို့နဲ့ ပြည်တွင်းပြည်ပ သာသနာရေးများကို ဆွေးနွေးပြောကြားဖြစ်ကြပါတယ်။

၉း၃၀ နာရီမှာ ရန်ကုန်မြို့ ကျိုက္ကလဲ့ မိုးကုတ်ရိပ်သာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဒေါက်တာ စန္ဒာဝရ ကြွလာတဲ့အတွက် ပြည်ပ သာသနာပြုခရီးအကြောင်းများကို အပြန်အလှန် အမြင်ခြင်း ဖလှယ်ဖြစ် ဆွေးနွေးဖြစ်ကြပါတယ်။

မြန်မာနိုင်ငံ ထေရဝါဒတက္ကသိုလ်ရဲ့ ပရိယတ္တိဌာန မှူး ဆရာတော်ဖြစ်တဲ့အတွက် တွေ့ဆုံခိုက်မှာ ထေရဝါဒ တက္ကသိုလ် တက်ရောက်လိုတဲ့ ကျောင်းသားမှာ ဘယ်လို အရည်အချင်းနဲ့ ပြည့်စုံမှ တက်ခွင့်ရနိုင်မည်လဲ စသည်ဖြင့် သိလိုသည်များကိုလည်း မေးမြန်းဆွေးနွေးခွင့်ရရှိပါတယ်။

၁၁ နာရီမှာ ဒေါ်စန်းစန်းဌေး၊ ဒေါ်မီးမီးတို့ ဆက်ကပ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ် သစ်သီးတို့ကို မေတ္တာပွားပြီး ဘုဉ်း ပေးကြပါတယ်။

နေ့လယ်ခင်းမှာ အားလပ်နေတဲ့အတွက် ဦးဝိမလ၊ ဦးသောပါကတို့နဲ့အတူ အနီးအနားမှာရှိတဲ့ ရှောပင်းမောလို့ ခေါ်တဲ့ စတိုင်းဆိုင်ကို လှေ့လာကြည့်ရှုခွင့်ရပါတယ်။

အဲဒီကအပြန် ရေးမှတ်စရာများ ရေးမှတ်ရပါတယ်။ အမေရိကန် မြန်မာဗုဒ္ဓဘာသာအသင်း ဒုဥက္ကဋ္ဌ ဒေါ်ဌေးဌေး ဝင်းနှင့် မိခင်ကြီးတို့ လာရောက်ကန်တော့နှုတ်ဆက်ကြပါ တယ်။

ညနေ ၅း၃၀ နာရီမှာတော့ နယူးယောက်မြို့ ကွင်းစ် ရပ် ဓမ္မရံသီမြန်မာကျောင်း (သုံးပါးကျောင်း) တရားဟော ကြား ချီးမြှင့်ရန် ဦးသိန်းဝင်း၊ ဒေါ်စန်းစန်းဌေးနှင့် သမီးလေး



များ ယာဉ်အလှူဒါနပြုပြီး ကြိုပို့ပေးကြပါတယ်။

၂၀၀၇ ခုနှစ်တုန်းကလည်း ဒီသုံးပါးကျောင်းကို တစ် ခေါက်ရောက်ဖူးပါတယ်။

ယခု ၂၀၀၉ ခုနှစ်မှာတော့ တရားချီးမြှင့်ဖို့ ပင့်တာနှင့် ရောက်ရှိခြင်းဖြစ်ပါတယ်။ ကျောင်းရှိ ဆရာတော် သံဃာတော် များနှင့် ဝမ်းမြောက်ဖွယ်စကားများ ပြောဆိုနှုတ်ဆက်စကား ပြောကြားပြီး ကျောင်းခန်းပြည့်လာရောက်ကြတဲ့ တရားနာ ပရိသတ်များအား အချိန်တိုင်းအကျိုးရှိအောင်နေ တရားကို ဟောကြားချီးမြှင့်ခဲ့ပါတယ်။

ည ၁၀ နာရီမှ ကျောင်းပြန်ရောက်။

၁၁ နာရီမှာ အနားယူပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## တန်ဖိုးသိမှ တန်ဖိုးရှိမယ်

မေလ ၂၇ ရက်၊ ၂၀၀၉

တောနက်ထဲမှာရှိတဲ့ အဖိုးတန်ရတနာတွေကို ကျား၊ သမင်စသော တိရိစ္ဆာန်တွေက တန်ဖိုးထားရမှန်းမသိကြပေမယ့် ရတနာတွေရဲ့တန်ဖိုးကတော့ လျော့သွားတာမဟုတ်ပါဘူး။ အသုံးချတတ်တဲ့သူတွေအဖို့တော့ တန်ဖိုးရှိနေမှာပါ။

ဘုရားရှင်ကလည်း တန်ဖိုးကြီးမားတဲ့ ဓမ္မရတနာအလင်းရောင်ကို စတင်ထွန်းညှိပေးခဲ့ပြီးပါပြီ။ တန်ဖိုးကိုသိကြတဲ့ အရှင်မဟာကဿပ အမှူးပြုသော ရဟန္တာမထေရ်ကြီးတွေကလည်း အလင်းရောင်မမှေးမှိန်စေရန်၊ ပထမသင်္ဂါယနာတင်သောအားဖြင့် ဆီဖြည့်ပေးတော်မူခဲ့ကြပါပြီ။ ရာဇဂြိုလ်မှ စတင်ခဲ့တဲ့ ဓမ္မရတနာအလင်းမီးတိုင်းဟာ ယနေ့ဘုန်းကြီးတို့လက်ထဲသို့ရောက်နေပြီလေ။ ကျရောက်လာတဲ့တာဝန်ကို စေတနာပါပါဖြင့် ထမ်းရွက်ဖို့အဓိကလိုအပ်ပါတယ်။ '**လောကမှာ စေတနာဖြင့်လုပ်သော အလုပ်ထက်ပို၍ လှပသော အလုပ်မည်သည်၊ အဘယ်မှာရှိမည်အံ့နည်း**'၊ စေတနာတန်ဖိုးကို ကိုယ်တိုင်ခံစားသိတဲ့ပုဂ္ဂိုလ်မှသာ တန်ဖိုးရှိမယ်လေ။



ဒီနေ့ ၄း၃၀ နာရီ အိပ်ရာမှ ထ၊ ပြုဖွယ်များ ပြု။

ဘုရားဝတ်တက်၊ တရားရှုမှတ် မေတ္တာပွားများပါတယ်။

ယနေ့ လောကချမ်းသာရိပ်သာကျောင်းမှ မောင်စိန်ဝင်း မမေဦးတို့ မိသားစုရဲ့ ယာယီစံကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးပြီး ကျန်းမာရေးစစ်ဆေးရန်ရှိသေးတဲ့အတွက် ဆရာတော် ဦးဣန္ဒကအား ကန်တော့နှုတ်ဆက်ပါတယ်။

ဆရာတော်မှ လောကချမ်းသာ မဟာစည်သတိပဋ္ဌာန်ကျောင်းရဲ့ သာသနာ ရေရှည်တည်တံ့ ထွန်းကား ပြန့်ပွားရေးအတွက် အဝေးရောက် နာယကဆရာတော်အဖြစ်နဲ့ နှစ်နှစ်တစ်ကြိမ်ဖြစ်ဖြစ်၊ သုံးနှစ်တစ်ကြိမ်ဖြစ်ဖြစ် ကြွရောက်ပြီး စောင့်ရှောက်ဖို့ အမိန့်ရှိပါတယ်။

ဆရာတော် ဦးဣန္ဒာကအနေနဲ့ သူ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြိုးစားတည်ထောင်လာခဲ့ရတဲ့ လောကချမ်းသာမဟာစည်ရိပ်သာကျောင်းကြီး အင်အားချိနဲ့လျော့နည်းယိမ်းယိုင်ပြီး ပျောက်ကွယ်သွားမှာကို စိုးရိမ်ပူပန်နေပုံပါ။

သူကိုယ်တိုင်ကလည်း ကျန်းမာရေးအထူးအားနည်းနေတဲ့အတွက် သာသနာပြုရေးမှာ အားလိုနေပါတယ်။

ဒါကြောင့် ၂၀၀၇ ခုနှစ် တစ်ခေါက်ကြွစဉ်ကလည်း သူကတော့ မဟာစည်ဌာနကြီးဖြစ်အောင် ကြိုးစားခဲ့ပြီးပြီ။ အရှည်တည်တံ့အတွက်ကတော့ အရှင်ဘုရားတို့မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိပါတယ်။ စောင့်ရှောက်ပေးဖို့ ယခုလိုပဲ အမိန့်ရှိခဲ့ဖူးပါတယ်။

ယခုလည်း စောင့်ရှောက်ပေးဖို့ လိုလိုလားလားအမိန့်ရှိနေပြန်တဲ့အတွက် ဘုန်းကြီးမှလည်း စွမ်းနိုင်သမျှ အားပေးစောင့်ရှောက်ပါမည့်အကြောင်း အားပေးလျှောက်ထားခဲ့ပါတယ်။ ဓမ္မရတနာအလင်းရောင် ချုပ်ငြိမ်းမပျောက်သွားဖို့ မိမိမှာ တာဝန်ရှိနေတယ်လေ။

နံနက် ၆ နာရီမှာ ဒေါ်စန်းစန်းဌေး ကပ်လှူတဲ့ ကြာခဲကျော် ဆွမ်းအချိုပွဲတို့ကို မေတ္တာပွားပြီး ဘုဉ်းပေးကြပါတယ်။

ဝန်ဆောင်သံဃာများဖြစ်တဲ့ ဦးဝိမလနဲ့ ဦးသောပါကတို့အားလည်း ပြည်ပသာသနာပြုရာမှာ စိတ်ရှည်ရှည် ဇွဲရှိရှိနဲ့ အရာရာတိုင်းမှာ သီးခံမှု ရှေ့တန်းတင်ခါ အောင်မြင်သည့်တိုင်အောင် ကျိုးစားဆောင်ရွက်ကြဖို့ အားပေးတိုက်တွန်းပြီး ဆရာတော်ရဲ့ ကျန်းမာရေးကိုလည်း အထူးဂရုစိုက်ကြဖို့ ပြောကြားနှုတ်ဆက်ခါ မောင်စိန်ဝင်းနဲ့ မချိုတို့ မောင်နှမ ပင့်ဆောင်ရာသို့ ကြွပါတယ်။

နယူးယောက်မြို့ကြီးထဲသို့ ပင့်သွားကြပြီး ၁၁ နာရီအချိန်မှာ မြို့လည်မှ စားသောက်ဆိုင်ပင့်ပြီး နေ့ဆွမ်းအဖြစ် ဟမ်ဘာဂါဆိုတဲ့ ဘိုစာနဲ့ ပန်းလိုတစ်မျိုး အလိမ်လိမ်က တစ်ပုံ အချောင်းလေးလိုကတစ်သွယ် ပုံစံအမျိုးမျိုးနဲ့ ပြုလုပ်ထားတဲ့ ခေါက်ဆွဲကျော် ပင်လယ်အစားအစာမျိုးစုံနဲ့ ကျော်လာတဲ့



ဆွမ်းကျော်စတဲ့ စားဖွယ်သောက်ဖွယ်များကို စုံနေအောင် ပြုပြင်ပြီး ဆက်ကပ်ကြပါတယ်။

အဲဒီမှတစ်ဆင့် သဘာပမြူဇီယံပြတိုက်ကြီးကို ဗဟုသုတအဖြစ် လေ့လာနိုင်ရန် လိုက်ပို့ကြပါတယ်။

ပြတိုက်ထဲမှာ သက်မဲ့ဖြစ်တဲ့ ရေမြေသဘာဝနဲ့ သက်ရှိဖြစ်တဲ့ သတ္တဝါတို့ရဲ့ အပြန်အလှန် ကျေးဇူးပြုပြီး ရှင်သန်နေကြပုံများကို လေ့လာနိုင်ရန် ပြသထားပါတယ်။

မြေ၊ ရေ၊ လေမှာ နေထိုင်ကျက်စားကြတဲ့ တိရိစ္ဆာန်ကြီး လတ် ငယ်တို့ရဲ့ ပကတိရုပ်လုံးတွေကိုလည်း လေ့လာကြည့်ရှုခွင့်ရခဲ့တယ်။

နိုင်ငံတော်တော်များများရဲ့ ပြခန်းများကို ကြည့်ရှုခွင့်ရခဲ့တယ်။ ဘုန်းကြီးတို့ မြန်မာနိုင်ငံပြခန်းလည်း ပါပါတယ်။ ထေရဝါဒ သာသနာထွန်းကားတဲ့ နိုင်ငံဖြစ်တဲ့အတွက် သံဃာတော်များ အသုံးအဆောင်ဖြစ်တဲ့ ပရိက္ခရာရှစ်ပါးကိုလည်း အထူးပြသထားတာ လေ့လာတွေ့ရှိခဲ့ရပါတယ်။

အာကာသပြခန်းကြပြန်တော့လည်း အာကာသထဲမှာ သွားလာပြန့်သန်းနေကြတဲ့ ကြယ်တွေ၊ လတွေ၊ နေတွေ၊ ဥက္ကာတွေရဲ့ ဆန်းကြယ်စွာ သွားလာလှည့်ပတ်နေကြပုံတွေကို ကြည့်ရှုခွင့်ရခဲ့ပါတယ်။

ဗဟုသုတရှာမှီးသူများအတွက် လေ့လာကြည့်ရှုသင့်တဲ့ နေရာဌာနကြီးတစ်ခုဘဲလို့ မှတ်တမ်းပြုရမှာပါ။ တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားတဲ့ ပြခန်းတွေ၊ ဆန်းသစ်တီထွင်ထားတဲ့ သဘာဝ လွန် အံ့ဩဖွယ်တွေ၊ ဒါတွေရဲ့အလယ်မှာ ဗုဒ္ဓရဲ့ အမွေဖြစ်သော ပရိက္ခရာရှစ်ပါးရဲ့တန်ဖိုးကို စာဖတ်သူအနေဖြင့် တန်ဖိုးဖြတ်ကြည့်ပေါ့...။ ကမ္ဘာကျော်ပြတိုက်ကြီး၏ ဂုဏ်ကို ပရိက္ခရာရှစ်ပါးရဲ့တန်ဖိုးက အတိုင်းထက်အလွန်မြှင့်တင်ပေးလိုက်တယ်ဆိုတာကို တန်ဖိုးသိတဲ့ပုဂ္ဂိုလ်တွေကသာ တန်ဖိုးရှိနေပေလိမ့်မည်။ ဒီအတွက် ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုးအတွက် ဂုဏ်ယူမိပါတယ်။

ပြခန်းတွေက များပြားတဲ့အတွက် ပြတိုက်ထဲက ထွက်လာချိန်ဟာ အတော်နောက်ကြသွားပြီ။

နယူးယောက်မြို့ရဲ့ အကြီးဆုံးပန်းခြံကြီးကိုတော့ အချိန်သိပ်နည်းနေတဲ့အတွက် မရောက်ဖြစ်ခဲ့တော့ပါ။

မမေဦးရဲ့ မိခင်ကြီး ဒေါ်နွဲ့လည်း သမီးငယ်ထံမှ မျက်စိဆရာဝန်နဲ့ ပြသစစ်ဆေးဖို့အတွက် ရောက်ရှိလာပါတယ်။ ကျန်းမာရွှင်လန်းစွာ တွေ့ရတဲ့အတွက် ဝမ်းသာရပါတယ်။

ဘုန်းကြီးပြန်ရောက်လာတဲ့အတွက် ဒကာကြီး ဦးနို ဒကာမကြီး ဒေါ်ကျင်လှမိသားစု မောင်စိန်ဝင်း မမေဦးတို့ မိသားစုများ စုံစုံညီညီ လာရောက်ဝတ်ပြုကြတယ်။ တရားစခန်းအတွေ့အကြုံများလည်း ပြန်လည်ပြောကြားကြပါတယ်။



မြန်မာနိုင်ငံအကြောင်း၊ ဘာသာ သာသနာအကြောင်း တရားအကြောင်းများ ဆွေးနွေးပြောကြားဖြစ်ကြပါတယ်။ ရတနာသုံးပါး မမေ့ကြဖို့နဲ့ အသက်အရွယ်ကြီးကြပြီဖြစ်တဲ့ ဦးနို ဒေါ်ကျင်လှတို့လည်း ကျန်းမာရေးဂရုစိုက်ကြဖို့ကိုလည်း သတိပေးပြောကြားဖြစ်ပါတယ်။

ရန်ကုန် ရွှေမင်းဝံသာသနာ့ရိပ်သာမှ ဦးဩဘာသ၊ မောင်ကျော်စွာ၊ မအေးမိုးတို့နဲ့ ဖုန်းစကားပြောဖြစ်ပါတယ်။

ည ၁၁ နာရီမှာ အနားယူပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ဒါနသဒ္ဓါ၊ ရပ်ကြည်သာ၊ ဥစ္စာကံပြည့်ဝ

မေလ ၂၈ ရက်၊ ၂၀၀၉

၅ နာရီ အိပ်ရာထ၊ ပြုဖွယ်ရာပြု။

ဘုရားဝတ်တက်၊ တရားရှုမှတ် မေတ္တာပွားများ။ နံနက် ၆ နာရီမှာ ဒေါ်ကျင်လှ မမေဦးနဲ့ မချို မထွေးတို့ ဆက်ကပ်ကြတဲ့ ညှပ်ခေါက်ဆွဲ ဆွမ်း၊ ပေါင်မုန့်မီးကင် စတဲ့ အချို ပွဲများကို မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။

မမေဦးတို့ မချို မထွေးတို့ အသီးသီး အလုပ်သွားကြပြီဖြစ်တဲ့အတွက် ဒေါ်ကျင်၊ ဒေါ်နွဲ့တို့နဲ့ ဟိုအကြောင်း ဒီအကြောင်းဖြစ်တဲ့ ကျန်းမာရေးအကြောင်း၊ စီးပွားရေး အကြောင်းများနဲ့ ကလေးငယ်လေးတွေရဲ့ ပညာရေး အကြောင်းများကို ဆွေးနွေးပြောကြားဖြစ်ကြပါတယ်။

ရေးမှတ်စရာများကိုလည်း ရေးမှတ်နေပါတယ်။

၁၁ နာရီမှာ ဘုန်းကြီးအတွက် နေ့ဆွမ်း၊ ဆရာကြီး ဒေါက်တာမြတ်စံမှ လှူဒါန်းပြီး တာဝန်ခံ မသွယ်ဇင်ထွန်းမှ ဘုန်းကြီးကို ထူးထူးဆန်းဆန်း ဘုဉ်းပေးရအောင် စပိန်ဆွမ်း



ခဲဖွယ်များ အချိုပွဲအတွက် သစ်သီးမျိုးစုံတို့ကို စီစဉ်ပေးပြီး ဒေါက်တာမျိုးမြင့်နဲ့ မခင်ခင်ကျော်တို့မှလာပြီး ဆက်ကပ်လှူဒါန်းကြပါတယ်။

ထူးထူးခြားခြား မဘုဉ်းပေးဘူးတဲ့ ဆွမ်းခဲဖွယ်တို့ကို ဘုဉ်းပေးရတဲ့အတွက် ဆွမ်းအလှူရှင်နှင့် စပ်သမျှသော ပုဂ္ဂိုလ်အားလုံးကို မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။

နေ့ပိုင်းမှာတော့ ဒေါ်နွဲ့နဲ့ ရောက်တတ်ရာရာ စကားတို့ကို ပြောကြားကြတယ်။ ရောက်တတ်ရာရာဆိုတော့ ပြည်တွင်း ပြည်ပအကြောင်းတွေ၊ ဘာသာ သာသနာအကြောင်းတွေ၊ သားတွေ သမီးတွေရဲ့အကြောင်းတွေ၊ မြေးတွေရဲ့အကြောင်းတွေရော စုံလို့ပေါ့။

ညနေ ၅ နာရီမှာ မောင်စိန်ဝင်းမှ ဆရာကြီး ဒေါက်တာမြတ်စံရဲ့ ဆေးခန်းကို လိုက်ပို့ပါတယ်။ ဆေးခန်းပိတ်ချိန်ဖြစ်ပေမယ့် လူနာများနေသေးတဲ့အတွက် ဆေးခန်းတာဝန်ခံ မသွယ်ဇင်ထွန်းနဲ့ မခင်ခင်ကျော်တို့မှ ဘုန်းကြီးကို ဧည့်ခန်းမှာ နားနေစေပြီး လူနာများရှင်းသွားချိန်မှာတော့ ဒေါက်တာမြတ်စံကိုယ်တိုင် ဘုန်းကြီးကို ပြန်လည်စမ်းသပ်ကြည့်ပြီး ယမန်နေ့က ဘုန်းကြီးကို နှလုံးစမ်းသပ် စစ်ဆေးပေးခဲ့တဲ့ ဆရာဝန်ကြီးနဲ့ ဖုန်းစကားပြော ဆွေးနွေးပြီး ဘုန်းကြီးမှာ နှလုံးရောဂါ ရှိ မရှိ သိရှိနိုင်ရန် ဆရာတော် ဥရောပခရီးစဉ် မကြွမီ နှလုံးအထူးကုဆေးခန်းမှာ ထပ်မံစမ်းသပ်စစ်ဆေးပေး

www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်ကြောင်း လျှောက်ထားပြီး တာဝန်ခံ မသွယ်ဇင်ထွန်းကို မနက်ဖြန်ဖြစ်နိုင်အောင် စီစဉ်ရန်ပြောကြားစီစဉ်ပေးပါတယ်။

ည ၉ နာရီလောက်မှာ ဆေးခန်းမှ ပြန်ရောက်ပါတယ်။

အမေရိကန်နိုင်ငံမှ အင်္ဂလန်နိုင်ငံသို့ သာသနာပြုခရီးကြွဖို့ ရက်နီးကပ်လာပါပြီ။ နှစ်ရက်၊ သုံးရက်သာလိုပါတော့တယ်။ သာသနာပြုခရီးဟာ မပြီးဆုံးသေးပါဘူး ရှေ့ဆက်ကြွနေရဦးမှာပါ။

ရှေ့ခရီးမကြွမီ တပည့်မ မချိုမှ စီဒီ၊ ဗီဒီယို၊ နာရီသုံးမျိုးပါတဲ့ သံဃာတော်အသုံးတည့်မည့် ပစ္စည်းများ သာသနာပြုခရီးမှာ မှတ်တမ်းများ ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်နိုင်ရန်အတွက် ဗီဒီယိုကင်မရာတစ်လုံးနဲ့ ဓာတ်ပုံကင်မရာတစ်လုံးတို့ကိုလည်း လှူဒါန်းပါတယ်။

မထွေးမှ သာသနာပြုမှတ်တမ်းဓာတ်ပုံများနဲ့ ဗီဒီယိုဓာတ်ပုံများကို ထိန်းသိမ်းရလွယ်ကူအောင် ပြုပြင်ပေးပြီး ဘုန်းကြီးအလိုရှိတဲ့ ဗီဒီယိုခွေများလည်း ရှာပြီး လှူဒါန်းကြပါတယ်။

သိပ်အားကိုးရတဲ့ တပည့်တွေဖြစ်ပါတယ်။

ဒကာကြီးဦးနီ ဒကာမကြီး ဒေါ်ကျင်လှ မိသားစု၊ မောင်စိန်ဝင်း မမေဦးမိသားစုတို့မှ ဘုန်းကြီးရဲ့ ပြည်ပ သာသနာပြုခရီးမှာ ကိုယ်စိတ်ပင်ပန်းမှုမရှိရအောင် မိမိတို့နေအိမ်တစ်ထပ်လုံးကို ယာယီကျောင်းအဖြစ် လှူဒါန်းပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်း ညနေပိုင်းမှာ ဖျော်ရည်တို့ဖြင့် နေ့စဉ် သဒ္ဓါတရားထက်သန်စွာနဲ့ အမျိုးအမည်မထပ်ရအောင် ဆက်ကပ်လှူဒါန်းကြပါတယ်။ ဘုန်းကြီးကြွလိုရာကိုလည်း ချမ်းချမ်းသာသာ ကြွနိုင်ရန် ယာဉ်အလှူကိုလည်း မောင်စိန်ဝင်းကိုယ်တိုင် အလုပ်ကို ရပ်နားပြီး လိုက်ပို့လှူဒါန်းပါတယ်။ လိုအပ်တဲ့ အသုံးအဆောင်တို့ကိုလည်း ပြည့်စုံအောင် လှူဒါန်းကြပါတယ်။ ပြည်ပသာသနာအတွက် အားကိုးအားထားပြုရမယ့် သာသနာပြု မိသားစုအဖြစ် ဘုန်းကြီးမှတ်တမ်းတင် ဂုဏ်ပြုပါတယ်။



ည ၁၁ နာရီမှာ အနားယူပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## လေးဖြာစာတ်ဆောင် ဤကိုယ်ကောင် ရှည်အောင်တည်ရန်

မေလ ၂၉ ရက်၊ ၂၀၀၉

လက်ရှိဘဝမှာ ပျော်ရွှင်ချမ်းမြေ့မှု ရရှိနိုင်ရေးအတွက် အခြေပြဟာ မိမိကိုယ်မိမိ ကျန်းမာရေးဂရုစိုက်ပြီး ပြုစုပျိုးထောင်ရေးသည် မဖြစ်မနေ လိုအပ်ပါတယ်။ ကျန်းမာရေးအဆင်ပြေမှ သာသနာ့တာဝန်တွေကို ကောင်းစွာဖြည့်စွက်ခွင့်ရနိုင်မှာမို့ ယနေ့တော့ ၅ နာရီအိပ်ရာမှ ထ။ ပြုဖွယ်ကိစ္စများပြု။

ဘုရားဝတ်တက် တရားရှုမှတ် မေတ္တာပွားများ နံနက် ၆ နာရီမှာ ဒေါ်ကျင်လှ၊ မမေဦး၊ မချိုတို့ ဆက်ကပ်ကြတဲ့ ကိုရီးယားခေါက်ဆွဲ၊ ကော်ရည်ခေါက်ဆွဲနဲ့ အချိုပွဲတို့ကို မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။

၇ နာရီမှာ ကျန်းမာရေးစစ်ဆေးရန် ဒေါက်တာမျိုးမြင့် လာပင့်ပါတယ်။

နှလုံးအထူးကုဆေးခန်းကို သွားတဲ့အခါမှာတော့ ဆရာဝန်ကြီး ဒေါက်တာမြတ်စံကိုယ်တိုင် ကားမောင်းပြီး



ဘုန်းကြီးနဲ့အတူ တာဝန်ခံ မသွယ်ဇင်ထွန်း၊ မခင်ခင်ကျော်၊ မောင်ရဲလင်းထွန်းတို့ လိုက်ပါလာကြပါတယ်။

ဆေးခန်းသို့ရောက်တဲ့အခါ ဆရာဝန်ကြီး ဒေါက်တာမြတ်စံနဲ့ တာဝန်ခံ မသွယ်ဇင်ထွန်းတို့မှ ဆေးခန်းတာဝန်ခံ ဆရာဝန်မများနဲ့ ဆောင်ရွက်စရာများ ဆောင်ရွက်ပြီး ဘုန်းကြီးကို နှလုံးကောင်း မကောင်း စစ်ဆေးပေးမည့် စက်ခန်းတွင်းသို့ ခေါ်ဆောင်သွားကြပြီး အိပ်စဉ်ပေါ်မှာ လှဲစေပါတယ်။ အီးစီဂျီရိုက်ရန်အတွက် အပေါ်မှ ရုံထားတဲ့သင်္ကန်းကို ခွာစေပြီး ခန္ဓာကိုယ်မှာ တွယ်ကပ်စရာများကို တွယ်ကပ်ပြီး ဆရာဝန် ဆရာမများမှ စက်များဖြင့် နေရာပြောင်းရွှေ့ပြီး အကြိမ်ကြိမ် စမ်းသပ်စစ်ဆေးမှတ်တမ်းများ ရေးမှတ်ကြပါတယ်။

နောက် ဘုန်းကြီးရဲ့ ဘယ်ဘက်ရင်အုံ ပတ်ဝန်းကျင်ကိုလည်း စက်ကိရိယာတစ်ခုနဲ့ တောက်ပြီး တီဗွီဖန်သားပြင်မှာ နှလုံးအလုပ်လုပ်နေပုံများကို ကြည့်ပြီး စစ်ဆေးရေးမှတ်ကြပါတယ်။ ဘာမှ နားမလည်ပေမယ့် ဘုန်းကြီးကိုယ်တိုင် စက်ထဲမှာ အလုပ်လုပ်နေပုံတွေကို မြင်တွေ့နေရပါတယ်။ နှလုံးစက်ဖြင့် ကျေနပ်အောင် အထပ်ထပ် စမ်းသပ်ကြည့်ရှုပြီးတဲ့အခါ ဘုန်းကြီးရဲ့ ရင်ဘတ်ကို စက်တတ်ထားတဲ့ ခါးပတ်ကြိုးပတ်ပြီး လမ်းလျှောက်စက်ပေါ်မှာ ရပ်စေပြီး ပထမခလုတ်ကို နှိပ်တဲ့အခါ လမ်းသွက်သွက်လျှောက်သလို သုံးမိနစ်လျှောက်ရတယ်။ လျှောက်နေစဉ်မှာ ဆရာဝန်မှ သွေးပေါင်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းတယ်။ ဆရာဝန်မှ ရရဲ့လား မေးပါတယ်။ ဘုန်းကြီးမှ ရတယ်လို့ ဦးခေါင်းညိတ်ပြတဲ့အခါ ဒုတိယခလုတ်ကို နှိပ်ပါတယ်။ ခပ်မြန်မြန်ပြေးသလို သုံးမိနစ်ပြေးရပါတယ်။

ဆရာဝန်မှ သွေးပေါင်တိုင်းပါတယ်။ ဆရာဝန်မှ ရသေးရဲ့လားလို့မေးပါတယ်။ ဘုန်းကြီးလည်း အတော်မောနေပြီ။ ဒါပေမယ့် ကိုယ့်မှာ နှလုံးရောဂါရှိရင်လည်း ရှိမှန်းသိသာနိုင်ဖို့အတွက် ဦးခေါင်းညိတ်ပြတဲ့အခါ တတိယခလုတ်ကို နှိပ်ပါတယ်။ အမြန်နှုန်းပြေးသလို သုံးမိနစ်ပြေးစေပြီး ဆရာဝန်မှ သွေးတိုင်းပြီး ဘုန်းကြီးကို ပြေးစက်ပေါ်ကနေ စမ်းသပ်စင်ပေါ်ကို အမြန်ပွေ့တင်ကြပြီး နှလုံးစက်နဲ့ အမြန်စမ်းသပ်ကြပါတယ်။ ဘုန်းကြီးကတော့ အလွန်ကို မောနေပြီး သတိလစ်မသွားအောင် သတိထားပြီး အသက်ကို မှန်မှန်ရှူပေးနေရပါတယ်။ ဆရာဝန်များနဲ့ ဆရာမများလည်း တီဗွီဖန်သားပြင်ကို အားလုံးအာရုံစိုက်ပြီး ကြည့်ရှုနေရာမှ အိုကေပဲလို့ ပြုံးတုံ့အသံထွက်လာပြီး ဆရာဝန်ကြီး ဒေါက်တာမြတ်စံမှ ဘုန်းကြီးအား နှလုံးရောဂါမရှိတဲ့အကြောင်းကို လျှောက်ထားပါတယ်။

ပိုပြီးသေချာအောင်ဆိုရင် နောက်ထပ် စမ်းသပ်နည်းတစ်နည်းရှိပါသေးကြောင်း၊ နောက်တစ်ရက် နှစ်ရက်အတွင်းမှာ ဥရောပခရီးဆက်ကြွရမှာဖြစ်တဲ့အတွက် နောက်တစ်ခေါက် ကြွလာတဲ့အခါကြမှ စမ်းသပ် စစ်ဆေးပေးမည်ဖြစ်



ကြောင်း လျှောက်ထားပါတယ်။

နှလုံးမရှိကြောင်း ရှင်းရှင်းလင်းလင်း သိရတဲ့အတွက် စိတ်ထဲမှာလည်း အထူးပေါ့ပါးရွှင်လန်းသွားပါတယ်။

ဆရာဝန်ကြီး ဒေါက်တာမြတ်စံကိုလည်း ဘုန်းကြီးအတွက် လူရော၊ အချိန်ရော၊ ပညာရော၊ ငွေရော အကုန်အကျခံပြီး စိတ်စေတနာ ထက်ထက်သန်သန်နဲ့ စမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်ပေးတဲ့ ကျေးဇူးတရားကိုဖြင့် ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ပါ။

ဆေးခန်းမှ စစ်ဆေးပြီး ဂရိစားသောက်ဆိုင်မှာ ပင့်ပြီး ဂရိအစားအစာများ ဗိုလ်စာများဖြင့် ဖွယ်ဖွယ်ရာရာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်။

မြို့တွင်းသို့ ရောက်သင့်ရောက်ထိုက်တဲ့ နေရာများနဲ့ နယူးယောက်မြို့ရဲ့ အလှပဆုံးနေရာများကိုလည်း ဆရာဝန်ကြီး ဒေါက်တာမြတ်စံကိုယ်တိုင် လိုက်ပို့ပေးပြီး ဘုန်းကြီးခေတ္တတည်းခိုရာ မောင်စိန်ဝင်း မမေဦးတို့နေအိမ် ယာယီကျောင်းသို့ ပို့ဆောင်ပေးပါတယ်။

❖ ❖ ❖



www.burmeseclassic.com

## မြေခွဲပေးမယ့် သွေးမကွဲ

မေလ ၃၀ ရက်၊ ၂၀၀၉

၅ နာရီ အိပ်ရာမှထ။ ပြုဖွယ်ရာပြု။

ဘုရားဝတ်တက်၊ တရားရှုမှတ်၊ မေတ္တာပွားများ။

နံနက် ၆:၁၅ နာရီမှာ မောင်စိန်ဝင်း၊ မမေဦး၊ ဒေါ်ကျင်လှ၊ မချိုတို့မှ ကြာဇံချက်ဆွမ်း၊ ပေါင်မုန့်ကြက်ဥကြော် စတဲ့ စားဖွယ်တို့ကို ကပ်လှူကြပါတယ်။ မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။

ဆွမ်းဘုဉ်းပေးအပြီးမှာတော့ မိသားစုများ စုံစုံညီညီ လာရောက်ကြပြီး လှူဒါန်းဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပါတယ်။ မိသားစုအားလုံး ငါးပါးသီလခံယူဆောက်တည်စေပြီး ၁၄ ရက်တာကာလ မိမိတို့၏နေအိမ်တစ်ထပ်လုံးကို ဆရာတော် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယာယီစံကျောင်းအဖြစ် လှူဒါန်းတဲ့ ဝိဟာရဒါန သွားလိုရာကို ချမ်းသာလွယ်ကူစွာ ကြ



သွားနိုင်ရန် လှူဒါန်းတဲ့ ယာနဒါန၊ နေ့စဉ်နေ့တိုင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများနှင့် ညနေပိုင်း၌ အအေးအဖျော်တို့ကို စေတနာသဒ္ဓါထက်သန်စွာဖြင့် မမောနိုင် မပန်းနိုင် ဆက်ကပ်လှူဒါန်းကြတဲ့ ဘောဇနဒါန ဆရာတော်၏ မပြီးဆုံးသေးသော သာသနာပြုခရီး၌ လိုအပ်ရာအသုံးပြုနိုင်ရန် ကပ္ပိယထံ အပ်နှံပြီး လှူဒါန်းတဲ့ ဝတ္ထုဒါန စတဲ့ မျက်မှောက်မှာရှိတဲ့ လှူဖွယ်ပစ္စည်းများပါမကျန် လှူဒါန်းမှု အစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေပေးပါတယ်။

မှတ်တမ်းဓာတ်ပုံများလည်း ရိုက်ပြီးမှတ်တမ်းတင်ကြပါတယ်။

နံနက် ၈:၃၀ နာရီမှာ နယူးဂျာစီပြည်နယ်၊ နယူးဂျာစီမြို့မှ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်သာဝကများဖြစ်ကြတဲ့ ဒေါက်တာ သက်ဝင်း၊ ဒေါ်မြသက်ညို၊ မောင်ကျော်သက် စတဲ့ ညီအစ်ကိုမောင်နှမများမှ သူတို့ရဲ့ မိခင်ကြီးကျန်းမာရေးအတွက် ဆွမ်းဘုဉ်းပေးကြရန် ပင့်ဆောင်ထားကြတဲ့အတွက် ကြွရန် ပို့ဆောင်ပေးကြမယ့် မသွယ်ဇင်ထွန်း၊ မောင်ရဲလင်းထွန်းတို့ မောင်နှမနှစ်ယောက်နဲ့အတူ မခင်ခင်ကျော်တို့ ကားနဲ့လာရောက်ပင့်ကြပါတယ်။

မြန်မြန်ရောက်လိုဇောနဲ့ မောင်ရဲလင်းထွန်းမှ အမြန်နှုန်းနဲ့ မောင်းနှင်တဲ့အတွက် တစ်ကဒ်ထိပြီး US 125 ဒေါ်လာဒဏ်ငွေပေးဆောင်လိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၀း၃၀ နာရီမှာ နယူးဂျာစီမြို့က မောင်ကျော်သက်တို့အိမ်ကို ရောက်ကြပါတယ်။ အားလုံး မိသားစု ညီအစ်ကိုမောင်နှမများ စုံစုံလင်လင်တွေ့ရပါတယ်။ ခေတ္တနှုတ်ဆက်စကားပြောဆိုကြပြီး ဆွမ်းများဆက်ကပ်ကြပါတယ်။ မော်လမြိုင်အဆက်တွေဖြစ်တဲ့အတွက် မော်လမြိုင်လက်ရာအစုံ ဆွမ်းဘောဇဉ်ခဲဖွယ် သစ်သီးအချိုပွဲတို့ကို ညီအစ်ကိုမောင်နှမများ စုပေါင်းပြီး ဆက်ကပ်ကြပါတယ်။

ဆွမ်းကပ်ပြီးချိန်မှာတော့ အသက် ၉၀ကျော်ခန့်ရှိပြီဖြစ်တဲ့ မကျန်းမာတဲ့မိခင်ကြီးကို သားငယ်ဖြစ်သူ မောင်ကျော်သက်မှ ပွေ့ချီလာပြီး ဘုန်းကြီးရှေ့တည့်တည့်မှာ ဝှီးချဲပေါ်နေရာချပေးပြီး ဆရာတော်ကိုကန်တော့ဖို့ သားသမီးများက ပြောဆိုပြီး လက်နှစ်ဘက်ကို နဖူးပေါ်တင်ပေးပြီး အရိုအသေပြုစေပါတယ်။

၂၀၀၇ ခုနှစ် လောကချမ်းသာစေတီတော်၊ ရွှေထီးတော်တင်လှူပွဲကြွရောက်စဉ် ဒါယိကာမကြီး မိသားစုများရဲ့ ကုသိုလ်အစုစုများကို ရေစက်သွန်းချအမျှပေးဝေခဲ့ရပါတယ်။ အဲဒီအချိန်တုန်းကလည်း လေထိထားတဲ့အတွက် သတိအားနည်းနေတာကို တွေ့ခဲ့ရတယ်။ အသက်ကလည်း သိပ်ကြီးနေပြီဆိုတော့ ဘုန်းကြီးနောက်တစ်ခေါက် အမေရိကန်နိုင်ငံကိုလာရင် တွေ့နိုင်တော့မယ်ကို မထင်ခဲ့တာ။

အခု ဘုန်းကြီးရှေ့မှာတွေ့နေရတဲ့ ဒါယိကာမကြီးဟာ



စကားပြောပြီး နှုတ်မဆက်နိုင်တာကလွဲပြီး ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုး ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း သန့်သန့်ပြန့်ပြန့်နဲ့ တွေ့ရတော့ အထူးကို အံ့အားသင့်မိတယ်။ ဒီလိုကျန်းမာစွာနဲ့ အသက်ရှည်အောင် အချိန်ပေးပြီး ယုယုယယ ပြုစုစောင့်ရှောက်ပေးကြတဲ့ သားလိမ္မာ၊ သမီးလိမ္မာတို့ကို အမိအခိုရတဲ့ မိသားစုဟာ ကိုယ်စိတ်ကျန်းမာချမ်းသာပြီး အသက်ရှည်ရှည်နေရတာကို မျက်မြင်တွေ့နေရပြီဖြစ်တဲ့အတွက် လောကမှာ အမှီအခိုကောင်းဟာ သိပ်အရေးကြီးပါလားဆိုတာကို သတိပြုမိပါတယ်။

မိသားစုများအားလုံးကို ငါးပါးသီလခံယူ ဆောက်တည်စေပြီး ဒါယိကာမကြီး၏ ကျန်းမာရေးပိုမိုကောင်းမွန်လာစေရန်အတွက် မေတ္တသုတ္တန်ပရိတ်တရားတော်၊ ဗောဇ္ဈင်္ဂသုတ္တန် ပရိတ်တရားတော်နဲ့ ဂိလာနဗောဇ္ဈင်သုတ္တန် ပရိတ်တရားတော်ကိုလည်း မေတ္တာထားပြီး ရွတ်ပွားပေးပါတယ်။ ပြီးနောက် ဆွမ်းအနုမောဒနာတရား အနည်းငယ်ဟောကြားပြီး လှူဒါန်းမှုအစုစုတို့ကို ရေစက်ချအမျှပေးဝေပေးပါတယ်။

လှူဖွယ်ရာများမှာ ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု စာသူငယ်ကျေးရွာ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ ထာဝရဆွမ်းပဒေသာပင် အလှူတော်အတွက် ငွေကျပ် ၅၅ သိန်းတို့ကို စိုက်ထူလှူဒါန်းကြပါတယ်။ ဆရာတော်၏ ကျန်းမာရေးအတွက် သွေးပေါင်ချိန်စက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆေးပစ္စည်းများ သာသနာပြုခရီးကြွရာ၌ လွယ်ကူစွာ အပါယူသွားနိုင်ရန်။ (Tablet BC) လို့ခေါ်တဲ့ Not Book စက်ကလေးတစ်လုံးကိုလည်း လှူဒါန်းလိုက်သေးတယ်။

နယူးဂျာစီ လောကချမ်းသာဘုရားသို့လည်း သွားရောက်ပြီး ဘုရားဖူးမျှော်ကြည်ညိုခဲ့ပါတယ်။ ဆရာတော်ဦးပညာသီဟကိုလည်း တွေ့ဆုံနှုတ်ဆက်ပြီး ပြန်လာခဲ့ကြပါတယ်။

ည ၈ နာရီမှာ ပြန်ရောက်ရှိပါတယ်။

ဥရောပနိုင်ငံများဖြစ်တဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဆွစ်ဇာလန် စတဲ့ နိုင်ငံများသို့ ဘုန်းကြီးနဲ့အတူကပ္ပိယအဖြစ် သာသနာပြုခရီးလိုက်ပါမည့် အမေရိကန်နိုင်ငံအနောက်ဘက်ခြမ်းဖြစ်တဲ့ ကာလီဖိုးနီးယားပြည်နယ်ဆန်ဖရန်စ္စစကိုမြို့မှာ အခြေချနေထိုင်ကြတဲ့ မောင်မိုးကျော်တို့ မိသားစုများလဲ ဘုန်းကြီးနဲ့ ရှေ့ဆင့် နောက်ဆင့်ဘဲ ဘုန်းကြီး ခေတ္တ သီတင်းသုံးရာ မောင်စိန်ဝင်း မမေဦးတို့နေအိမ်ကို ရောက်ရှိလာကြပါတယ်။ အားလုံး မိတ်ဟောင်း ဆွေဟောင်းများဖြစ်ကြတဲ့အတွက် ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကန်တော့ကြပြီး ခေတ္တနားပြီးတဲ့အခါ ဦးနိုဒေါ်ကျင်လှ မိသားစုများမှ ညစာဖြင့် ဧည့်ဝတ်ပြု ကျွေးမွေးဧည့်ခံကြပါတယ်။

ညပိုင်းမှာ နယူးယောက်မြို့ရဲ့ သာယာလှပပုံ ညရှုခင်းများ ကြည့်ရှုကြရန် မောင်မိုးကျော်တို့မိသားစုကို မချို



မထွေးတို့ ညီအစ်မများမှ လိုက်ပါပို့ဆောင်ပြသပေးကြပါတယ်။

ည ၁၁ နာရီမှာ အနားယူသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အိမ်အပြန် ချိန်တန်ရောက်ပြီမို့

မေလ ၃၁ ရက်၊ ၂၀၀၉

၅ နာရီအိပ်ရာမှထ၊ ပြုဖွယ်ကိစ္စများပြု။ ဘုရားဝတ်တက်၊ တရားရှုမှတ်၊ မေတ္တာပွားများ။

နံနက် ၆ နာရီမှာ ဒေါ်ကျင်လှ၊ မမေဦး၊ မချို၊ မထွေးတို့ ကပ်လှူတဲ့ မုန့်ဟင်းခါးဆွမ်း အချိုပွဲတို့ကို မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။

ဧည့်သည်များဖြစ်တဲ့ မောင်မိုးကျော်တို့ မိသားစုများကိုလည်း ဧည့်ခံကျွေးမွေးကြပါတယ်။

အားလုံး စားသောက်ပြီး နယူးယောက်မြို့ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်စည်ကားပုံ မြေပေါ် မြေအောက် ရေပေါ် ရေအောက် ဖွံ့ဖြိုးတိုးတက်စည်ကားပုံတို့ကို ကြည့်ရှုလေ့လာနိုင်ရန် ကုလသမဂ္ဂရုံး အဆောက်အဦးကြီးကို လေ့လာနိုင်ရန်အတွက် မထွေးမှ ဂိုက်လုပ်ပြီး မောင်မိုးကျော်တို့ မိသားစုများကို လိုက်လံပို့ဆောင်ပြသပေးပါတယ်။



ဘုန်းကြီးလည်း ရှေ့ခရီးဆက်ရမှာမို့ မပါမဖြစ်တဲ့ အသုံးအဆောင်ပစ္စည်းတို့ကို ခရီးဆောင်အိတ်ထဲထည့်ပြီး အဆင်သင့်ဖြစ်ရန် ပြင်ဆင်ရပါတယ်။

မလိုအပ်တဲ့ပစ္စည်းများကိုတော့ မြန်မာနိုင်ငံ ပို့ပေးရန် မချို၊ မထွေးတို့ထံ ထားခဲ့ပါတယ်။

၁၁ နာရီမှာ ဦးနီ ဒေါ်ကျင်လှမိသားစုနဲ့ မောင်စိန်ဝင်း မမေဦးတို့မိသားစုများ ဆက်ကပ်ကြတဲ့ ပင်လယ်အစားအစာများနဲ့ မြန်မာအစားအစာများ အချိုပွဲများ စုံစုံလင်လင် ကပ်လှူကြပါတယ်။ မေတ္တာပွားပြီး ဘုဉ်းပေးပါတယ်။

မောင်မိုးကျော်တို့ မိသားစုများလည်း နယူးယောက်မြို့တွင်းကို မထွေး အကူအညီနဲ့ လှည့်လည်လေ့လာပြီး ၁၂ နာရီအချိန်လောက်မှာ ပြန်လာကြတယ်။ ရောက်တာနဲ့ ရေမိုးချိုးပြီး နေ့လယ်စာ ကျွေးမွေးဧည့်ခံကြပါတယ်။

၁ နာရီအချိန်မှာ ဘုန်းကြီးရဲ့ မပြီးဆုံးသေးတဲ့ ဓမ္မဂုဏ်ရည်ပြ သာသနာပြုခရီးဆက်ရဦးမှာမို့ ဘုရားဒကာ ဘုရားဒကာမ၊ ကျောင်းဒကာ ကျောင်းဒကာမများဖြစ်ကြတဲ့ ဦးနီ ဒေါ်ကျင်လှ မိသားစု၊ မုခ်ဦးဒကာ မုခ်ဦးဒကာမများဖြစ်ကြတဲ့ မောင်စိန်ဝင်း မမေဦး မိသားစုများကို ကမ္ဘာမှာ အတိုးတက်ဆုံး အင်အားအကြီးဆုံး ပါဝါအကြီးဆုံးဖြစ်တဲ့ အမေရိကန်နိုင်ငံမှာ အခြေချနေထိုင်ကြသူတွေဖြစ်တဲ့အတွက် မိမိတို့ရဲ့ ဘာသာရေး၊ သာသနာရေးတို့ကို အထူးအလေးထားပြီး

www.burmeseclassic.com

www.burmeseclassic.com



မမေ့ကြဖို့ နောက် ကျန်းမာရေး၊ စီးပွားရေး စတာတွေကိုလည်း ကြိုးစားဆောင်ရွက်ကြဖို့နဲ့ အထူးသဖြင့် မောင်ကောင်းမြတ်ဝင်းနဲ့ မောင်လပြည့်ဝင်းတို့ရဲ့ ပညာရေးကို ရေ့တန်းရောက်အောင် အထူးအလေးထားကြပြီး စီးပွားရေးကို ဒီလောက်နဲ့ အားရကျေနပ်မနေဘဲ အချိန်နဲ့တပြေးညီ ဆထက်တန်ပိုးတိုးတက်အောင် ဆောင်ရွက်လုပ်ကိုင်ကြဖို့ မေတ္တာရှေ့ထားပြီး မေတ္တာစကား သတိပေးဩဝါဒစကား မိန့်ကြားပေးခဲ့ပါတယ်။

လုပ်ငန်းခွင်ရောက်နေတဲ့ တပည့်မလေး မချိုကိုလည်း ဟန်းဖုန်းမှတစ်ဆင့် ရတနာသုံးပါးနဲ့ မိဘဆရာသမားများကို မမေ့ဖို့နဲ့ မိမိဘဝ တိုးတက်ရေးကို ဆောင်ရွက်ရာမှာ တွေ့ကြုံလာတဲ့ အခက်အခဲ အတားအဆီးတွေကို သည်းခံမှုနဲ့ ကျော်လွှားပြီး အောင်မြင်အောင်ဆောင်ရွက်ဖို့ သတိပေးပြောကြားခဲ့ပါတယ်။

နေ့လယ် ၁း၃၀ နာရီမှာ နယူးယောက်မြို့မှ ထွက်ခွာတော့မှာမို့ ဘုန်းကြီးရဲ့ ဒုတိယအကြိမ် ဓမ္မဂုဏ်ရည်ပြ သာသနာပြုခရီးမှာ တရားစခန်းပွဲများနဲ့ တရားပွဲများဖြစ်မြောက်အောင် ကူညီဆောင်ရွက်ကြတဲ့ လောကချမ်းသာ မဟာစည်သတိပဋ္ဌာန်ရိပ်သာကျောင်း ဆရာတော် (အဂ္ဂမဟာ သဒ္ဓမ္မဇ္ဓောတိကဓဇ) ပြည်ႉ မဟာစည်နာယက ဆရာတော်နှင့် တပည့် အရှင်ဝိမလ၊ အမေရိကန်-မြန်မာ ဗုဒ္ဓဘာသာအသင်းအဖွဲ့ဝင် ဦးသိန်းဝင်း ဇနီး ဒေါ်စန်းစန်းဌေး မိသားစု၊ နန္ဒသုခ ဓမ္မရိပ်သာကျောင်း ဆရာတော် ဒေါက်တာကောဝိဒနဲ့ ကျောင်းအမ ဒေါက်တာတင်မာထွန်း မိသားစုများကို အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါတယ်။



ဆရာတော် နယူးယောက်မြို့သို့ ဓမ္မဂုဏ်ရည်ပြ သာသနာပြုကြွစဉ်မှာ နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေးတို့ကို အခက်အခဲမရှိရလေအောင် မိမိတို့ရဲ့ အလုပ်တာဝန်များအပျက်ခံပြီး သဒ္ဓါတရားထက်ထက်သန်သန်နဲ့ ပြုစုကြတဲ့ ဦးနီဒေါ်ကျင်လှ သမီး မချို၊ မထွေးတို့ မိသားစု၊ မောင်စိန်ဝင်း မမေဦး၊ သား မောင်ကောင်းမြတ်ဝင်း၊ မောင်လပြည့်ဝင်း မိသားစုတို့ကိုဖြင့် ဘုန်းကြီးရဲ့ ဓမ္မဂုဏ်ရည်ပြ သာသနာပြုခရီးမှာ မမေ့သင့်မမေ့ထိုက်တဲ့ ဘုန်းကြီးအပေါ်မှာ ကျေးဇူးအထူးများတဲ့ သာသနာပြုဖော်ပြုဘက်များအဖြစ် မှတ်တမ်းတင် ဂုဏ်ပြုပါတယ်။

သာသနာပြုခရီးကြွရာမှာ နောက်ထပ် ကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်များကတော့ မိမိတို့ရဲ့ အချိန်တွေ၊ လုပ်အားတွေ၊ ငွေကြေးတွေ အကုန်အကျခံပြီး ဘုန်းကြီးရဲ့ ကျန်းမာရေးကို အထူးဂရုတစိုက် စစ်ဆေးပေးကြတဲ့ ဆရာဝန်ကြီး ဒေါက်တာမြတ်စံနဲ့ ညီမ မခင်ခင်ကျော်၊ ဆေးခန်းတာဝန်ခံ မသွယ်ဇင်ထွန်း တို့ကိုလည်း အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ပါတယ်။

ကျေးဇူးပြုသူအားလုံးကို ကျေးဇူးတင်ပါတယ်။ နှုတ်ခွန်းဆက်ပါတယ်။ ဘုန်းကြီးရဲ့ ဘဝမဆုံးမခြင်း ဒီလိုဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဂုဏ်ရည်ပြ သာသနာပြုခရီးတွေ ဆက်ကြွနေမှာပါ။ နှုတ်ခွန်းဆက်နေဦးမှာပါလို့ ကတိပြုပါတယ်။

ညနေ ၆း၃၀ နာရီမှာ ဝါရှင်တန်ဒီစီ မေရီလင်းပြည်နယ် မင်္ဂလာရာမဝိဟာရသို့ ရောက်ရှိပါတယ်။

မောင်မိုးကျော်ရဲ့ မိဘများဖြစ်ကြတဲ့ ဦးထွန်းမောင် ဒေါ်အေးအေးလင်း၊ ဦးလေးဦးမြတ်သူတို့က ဒေသန္တရ ဗဟုသုတအဖြစ် အမေရိကန်နိုင်ငံရဲ့ ရုံးစိုက်ရာမြို့တော် ဝါရှင်တန်ဒီစီကို လေ့လာရေးခရီးဆက်ထွက်ကြမယ်။ ဘုန်းကြီးနဲ့ မောင်မိုးကျော်တို့က ဥရောပနိုင်ငံများဆီသို့ ဓမ္မဂုဏ်ရည် ပြဿနာပြုခရီး၊ ဒေသန္တာရခရီးဆက်ထွက်ကြပါမယ်။ ဒါကြောင့် ဒီမှာ လမ်းခွဲလိုက်ကြပါတယ်။

မင်္ဂလာရာမဆရာတော် ဦးအာသဘာစာရ၊ ဦးဓမ္မသာမိ၊ ဒကာကိုသောင်းကြည်တို့ကိုလည်း နှုတ်ဆက်စကားကျေးဇူးစကားများပြောကြားကြပါတယ်။ ဥရောပခရီးစဉ်မှာ ဘုန်းကြီးနဲ့အတူတကွလိုက်ပါမည့် ဦးဉာဏိကာဘိဝံသ (ဉာဏ်ဦးမောင်)လည်း ရောက်ရှိနေပြီဖြစ်တဲ့အတွက် စကားဝိုင်းက စိုစိုပြည်ပြည်နဲ့ ပြည်တွင်းပြည်ပ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးများအကြောင်းတို့ကို ကြုံခိုက် ဆုံခိုက် ပြောကြား ဆွေးနွေးဖြစ်ကြပါတယ်။

ည ၁၁ နာရီမှာ အနားယူကြပါတယ်။

❖ ❖ ❖

## Welcome to ဟီသရိုး

အင်္ဂလန်သီး ဘုန်းကြီးရဲ့ မှတ်တမ်းလွှာ

**ဇွန်လ ၁ ရက်၊ ၂၀၀၉**

ယနေ့ အမေရိကန်မှ အင်္ဂလန်သို့ ဓမ္မဒူတ ခရီးစဉ်စတင်ရမှာမို့ နံနက် ၄ နာရီ ၃၀ မှာ အိပ်ရာထ၊ ပြုဖွယ်ကိစ္စများပြုကာ မောင်မိုးကျော်၊ ဦးဉာဏိကာဘိဝံသတို့နဲ့အတူ အရုဏ်ဆွမ်း ဆက်ကပ်မည့် ဦးတင်မောင်သော်၊ ဒေါ်စင်သီယာတို့အိမ်ကို ကြွကြပါတယ်။ သူတို့အိမ်က ဝါရှင်တန်ဒီစီ ဒါးလပ်စ်လေဆိပ် အနီးမှာမို့ မင်္ဂလာရာမနဲ့ ဆက်စပ်တဲ့ ဆရာတော်တွေကြွရောက်လာတိုင်း ဒါးလပ်စ်လေဆိပ်ကို အသုံးပြုတယ်ဆိုလျှင် သူတို့မိသားစုက အများဆုံးကြိုဆိုမှုတာဝန်ကို ယူကြသလို ခုလိုပဲ ကာလဒါနဆွမ်းများကိုလည်း ကပ်လှူလေ့ရှိပါတယ်။

ဘုန်းကြီးများ ၂၀၀၇ ခုနှစ် ပထမအကြိမ် သာသနာပြု ခရီးကြွစဉ်ကလည်း အမေရိကန်နိုင်ငံရဲ့ အနောက်ဘက်ခြမ်းဖြစ်တဲ့ ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စ္စစကိုမြို့အနီး

www.burmeseclassic.com

www.burmeseclassic.com



ဖရီး မောက်မြို့ မေတ္တာနန္ဒဝိဟာရ တရားစခန်းကြွစဉ်ကလည်း ဦးတင်မောင်သော် ဒေါ်စင်သီယာတို့အိမ်မှာ ညအိပ်သီတင်းသုံး အရုဏ်ဆွမ်းဘုဉ်းပေးပြီးမှ လေဆိပ်ဆင်းခဲ့ရပါတယ်။

ယခုလည်း ဘုန်းကြီးတို့ သူတို့အိမ်ကနေ အရုဏ်ဆွမ်းဘုဉ်းပေးအပြီး လေဆိပ်ကို သွားကြပါမယ်။ လေဆိပ်နဲ့ သူတို့အိမ်နဲ့က ၁၀ မိနစ်ခန့်ခရီးဆိုတော့ အဆင်ပြေပါတယ်။ အရုဏ်ဘုဉ်းပေးအပြီး ၇ နာရီထိုးအရောက် လေဆိပ်ကို ဦးတင်မောင်သော်က ပို့ပေးပါတယ်။

ဒီခရီးစဉ်မှာတော့ မောင်မိုးကျော်တို့ ဦးညဏ်ကတို့ပါပါတဲ့အတွက် ဘုန်းကြီးအဖို့ စိတ်ပူစရာမလိုဘဲ အေးအေးဆေးဆေး သူတို့ဦးဆောင်ရာနောက်ကို လိုက်ယုံပါပဲ။ ဘုန်းကြီးတို့ စီးနင်းလိုက်ပါမည့် လေယာဉ်ထွက်ရာ ဂိတ်ပေါက်ဖြစ်တဲ့ C 4 ကို ချောချောမွေ့မွေ့ပဲ ရောက်ရှိပါတယ်။

ဘုန်းကြီးတို့ လိုက်ပါစီးနင်းမည့်လေယာဉ်က နံနက် ၉ နာရီပါ။ သို့ပေမယ့် ဂိတ်ဝမှာ ဘုန်းကြီးတို့လိုပဲ လက်မှတ်တွေကိုင်ဆောင်ပြီး မလိုက်နိုင်ဘဲ ကျန်နေရစ်သူတွေက ၂၀ လောက်ရှိပါတယ်။ လေကြောင်းဝန်ထမ်းတွေကလည်း အကြောင်းစုံကို ပြေပြေလည်လည် ရှင်းပြပါတယ်။ အချို့သူတွေက ကြိုတင်ဘွတ်ကင်လုပ်ထားပြီး မလာဘဲ ပျက်ကွက်တတ်တော့ လက်မှတ်တွေကို ပိုရောင်းထားတယ်ဆိုတဲ့ အကြောင်း၊ သို့ပေမယ့် ခုလို လက်မှတ်တင်ကြို ဘွတ်ကင်



လုပ်ထားသူတွေ အားလုံးလိုက်ပါတဲ့အခါမျိုးမှာ အခက်အခဲဖြစ်တတ်တာကို ခွင့်လွှတ်ပါရန်အကြောင်း၊ သူတို့ဘက်က ခရီးသည်တွေ ကျေနပ်အောင် တတ်နိုင်သမျှ ဆောင်ရွက်ပေးပါမယ်ဆိုတဲ့အကြောင်း ရှင်းပြတယ်လို့ သိရပါတယ်။

ကျန်နေရစ်တဲ့ ခရီးသည်များ လေကြောင်းလိုင်းရဲ့ ဝန်ဆောင်မှုလုပ်ငန်းပေးရာဌာနဖြစ်တဲ့ C 21 ကို လာရောက်ပါရန်ဆိုတဲ့အကြောင်း ကြေညာလိုက်တာနဲ့ ကိုယ့်အိပ် ကိုယ်ဆွဲပြီး ဒရောသောပါး ဂိတ် စီ ၂၁ ရှိရာကို ခရီးသည်တွေ အမြန်ပြေးလွှားကြရပါတယ်။ ဘုန်းကြီးတို့လည်း ဘာရယ်မသိဘူး။ သူတို့ကိုမီအောင် အတင်းလိုက်ကြရပါတယ်။

ဘုန်းကြီးတို့ လေယာဉ်ထွက်ချိန်ကိုတော့ ညနေ ၅ နာရီ ၃၀ ကို ပြောင်းပေးလိုက်ပါတယ်။ နစ်နာမှုအတွက် လေယာဉ် လက်မှတ်ခ တစ်ဝက်ကိုလည်း ပြန်ပေးပါတယ်။ ဦးတင်မောင်သော်တို့အိမ်ကို ပြန်သွားမယ်ဆိုလျှင်လည်း မဝေးလှပေမယ့် လေဆိပ်ထဲဝင်ရောက်ဖို့ စစ်ဆေးရေးဂိတ်တွေကို ဖြတ်ရသန်းရနဲ့ဆိုတော့ မလွယ်ကူတာမို့ (၈) နာရီလောက် အချိန်ကို ဘုန်းကြီးတို့လည်း ဒါးလပ်စ်လေဆိပ်ထဲမှာပဲ ကုန်လွန်လိုက်ပါတယ်။

မောင်မိုးကျော်ဆက်ကပ်တဲ့ ဘိုစာနေ့ဆွမ်းကို ဘုဉ်းပေးပြီး လေဆိပ်ထဲက ထိုင်ခုံပေါ်မှာပဲ အိပ်မပျော်ပေမယ့် ခဏအနားယူခဲ့ပါတယ်။ မောင်မိုးကျော်ကတော့ အင်္ဂလန်က ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော် ဦးကုသလတို့ဆီကို လေယာဉ်အချိန်ပြောင်းသွားတဲ့ အကြောင်း အကြောင်းကြားပါတယ်။ လေယာဉ်က ဒီကနေ ညနေမှ ထွက်မှာဆိုတော့ လန်ဒန်ကို နောက်ရက်မှပဲ ရောက်တော့မယ်လေ။ ဒီနေရာမှာ ဘုန်းကြီးတစ်ပါးထဲသာ ဆိုလျှင်တော့ အင်္ဂလိပ်စာမတတ် စကားမတတ်နဲ့ဆို ခက်ရချည်ဆိုပြီး တွေးမိပါတယ်။ ဘာသန္တရစကား မသင်ယူခဲ့မိတဲ့ မိမိကိုယ် မိမိလည်း မကျေမနပ်ဖြစ်မိပါတယ်။

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ၊ ဒါးလပ်စ်လေဆိပ်က နေ ဇွန်လ ၁ ရက်နေ့၊ ညနေ ၅ နာရီ ၃၀ မှာ စထွက်ခဲ့တဲ့ လေယာဉ်ကြီးက အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့က ကမ္ဘာကျော် ဟီသရိုးလေဆိပ်ကြီးထဲကို နောက်နေ့ ဇွန်လ ၂ ရက်နေ့ နံနက် ၆ နာရီမှာ ဆိုက်ရောက်ပါတယ်။ ဘုန်းကြီးတို့ မြန်မာပြည်က နေ အမေရိကကိုလာတော့ အတ္တလန်တိတ်သမုဒ္ဒရာကြီးကို ဖြတ်လို့။ ငယ်စဉ်ကတည်းက အလွန်ရင်းနှီးနေခဲ့တဲ့ သမုဒ္ဒရာကြီးတွေကို ဖြတ်ကာ သာသနာပြုခရီး ကြွချီနေနိုင်ခဲ့တာ။ အနန္တဉာဏ်တော်၊ တန်ခိုးတော်တို့ အရှင်မြတ်ဗုဒ္ဓ ကျေးဇူးတရားတွေနဲ့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကျေးဇူးဂုဏ်တော်တွေကြောင့်သာပါပဲ။ အတ္တလန်တိတ်သမုဒ္ဒရာရေပြင်ကို ဖြတ်သန်းရင်း ဂုဏ်တော်တွေကို မှန်းမျှော်ကာ ပူဇော်နေမိပါတယ်။

လေဆိပ်ကိုတော့ လန်ဒန်ဝိဟာရမှာ သီတင်းသုံးနေ



ကြတဲ့ မုဒုံဆရာတော် ဦးကုသလ၊ ဦးဝိသုတနဲ့ ဦးတောသနတို့ ကိုယ်တိုင်လာရောက်ကြိုဆိုကြပါတယ်။ ကျောင်းရောက်တော့ (၈) နာရီကျော်ကျော်ရှိနေပြီ။ ကျောင်းမှာ အဆင်သင့်ပြင်ဆင်ထားတဲ့ နန်းကြီးသုပ်ကို ဘုဉ်းပေးပြီး မိမိအတွက်ပြင်ဆင်ထားတဲ့ အိပ်ရာပေါ်မှာ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားခဲ့တာ နံနက် ၁၀ နာရီလောက်မှ နိုးပါတော့တယ်။ ၁၁ နာရီမှာ အလှူရှင်များ ဆက်ကပ်တဲ့ နေ့ဆွမ်းကို မေတ္တာပွားကာ ဘုဉ်းပေးပြီး ဆွမ်းအလှူရှင်များကို အနုမောဒနာတရားချီးမြှင့်ခဲ့ပါတယ်။ လန်ဒန်မှာ ပထမဆုံးဟောခဲ့တဲ့ တရားဦးပါပဲ။

မောင်မိုးကျော်နဲ့ ဦးတောသနတို့ ဘုန်းကြီးများရဲ့ ဥရောပခရီးစဉ်အတွက် ဆွေးနွေးတိုင်ပင်ကြပါတယ်။ ညနေပိုင်းမှာတော့ ဦးကုသလနဲ့ ဦးတောသနတို့ ပို့ပေးတဲ့ လန်ဒန်ပါလီမာန် အဆောက်အဦး၊ ကမ္ဘာကျော်သိမ်းမြစ်နဲ့ လန်ဒန်အိုင်းဆိုတဲ့ ခြားရဟတ်ကြီးတွေဆီရှိရာကို သွားရောက်လည်ပတ်ကြည့်ရှုခဲ့ကြပါတယ်။ ဘုန်းကြီးတို့သွားခဲ့တဲ့ ဒီခရီးစဉ်အကြောင်းကိုတော့ ဘုန်းကြီးနဲ့အတူ အမေရိကကနေ အတူပါလာတဲ့ အရှင်ဉာဏိကာဘိဝံသ (ဉာဏ်ဦးမောင်)က ခုလိုမှတ်တမ်းတင်ထားတာကို သူ့ခွင့်ပြုချက်နဲ့ပဲ ဗဟုသုတအဖြစ်ဖော်ပြလိုက်ပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မျက်လုံးမှပြောသောစကားများ
## (အင်္ဂလန်သို့ မပြီးသေးပါ)
## (အရှင်ဉာဏိက) - ၁

"အင်္ဂလန်"လို့ ကြားလိုက်ရတာနဲ့ နေမဝင်နိုင်ငံမှန်း အားလုံးသိကြမှာပါ။ နေမဝင်ဘူးဆိုမှတော့ နေအလင်းရောင် အမြဲရှိနေပြီပေါ့။ ဒါကြောင့်ထင်ပါရဲ့... လန်ဒန်မြို့တော်ကို အသက်သွင်းပြီးမြင်ရဖို့ ဗိသုကာပညာရှင်တွေက လန်ဒန်ရဲ့ မျက်လုံးမျက်လုံးက အဆင်သင့်ပဲလေ။ လာ... အခုပဲ လန်ဒန်မျက်လုံး လို့ခေါ်တဲ့ လန်ဒန်အိုက်ကို သွားကြစို့...။ နေ့လယ်စာစားပြီး လန်ဒန်မြို့ထဲကို ထွက်ခဲ့ကြတယ်။ ပထမ ဘတ်စကားစီး၊ လန်ဒန်ဘတ်စကားတွေက အနီရောင် နှစ်ထပ်ကားကြီးတွေ၊ မြင့်မြင့်ထောင်ထောင်နဲ့ ဘတ်စကားကြီးတွေက ရှေ့တည့် တည့်ကကြည့်ရင် ပါးလွှာလွှာလှီးထားတဲ့ ပေါင်မုန့်ချပ်ကြီး တွေအလား ထင်ရတယ်။

ကြည့်ကြည့်လေရာ နေရာအနှံ့ လမ်းကျဉ်း လမ်းသွယ် နေရာတကာ ကားနဲ့ လမ်းအကျယ်အဝန်းက မဆန့်



တာရဲ့။ သူတို့မို့ ကျဉ်းကျဉ်းကြပ်ကြပ်ထဲ မောင်းရဲတယ်။ ဘတ်စကားက ဆင်း၊ ရထားပြောင်းစီးရတယ်။ ရထား ဘူတာက ဝင်ဘလေပါ့ခ်။ ဝင်ဘလေကတော့ ကိုယ်နဲ့ သိပ် မစိမ်းတဲ့ နာမည်။ ကိုယ်တင်မဟုတ်ပါဘူး အားကစားနဲ့ မစိမ်းတဲ့ ကမ္ဘာအရပ်ရပ်ကလူတိုင်း အင်္ဂလန်နိုင်ငံရဲ့ အမျိုးသား အားကစားကွင်းကြီး ဝင်ဘလေဆိုတာကို ကြားဖူးမှာပါ။ ဒီကွင်းကြီးမှာပဲ ကမ္ဘာကျော် အားကစားအမျိုးမျိုးကို ကျင်းပ လေ့ရှိတယ် မဟုတ်လား။

ဝင်ဘလေဘူတာက ဝင်ဘလေ အားကစားကွင်းကြီး နဲ့ မျက်နှာချင်းဆိုင် လမ်းတစ်ဘက်၊ မလှမ်းမကမ်းမှာ ဘူတာ ကနေကြည့်လိုက်လျှင် ဘီးကုံးကြီးတစ်ခု အပေါ်ကနေ တင် ထားသလိုဖြစ်နေတဲ့ ဝင်ဘလေကွင်းကြီးက ခန့်ခန့်ထည် ထည်။ မပြန်ခင်မှာ ဝင်ဘလေကွင်းကြီး နောက်ခံပြုကာ အမှတ်တရ ဓာတ်ပုံရိုက်ဦးမယ်။ ကမ္ဘာကျော် အားကစား သမားတွေ ခြေချချင်ကြတဲ့၊ ခြေချကြတဲ့နေရာ။ ရှာတောင် မကျော်တဲ့ အားကစား ဝါသနာရှင်တစ်ယောက်တည်း ဒီ နေရာကိုရောက်ခဲ့ပါကြောင်း ဝင်ဘလေစောင့် နတ်မင်းတွေ အပျင်းပြေ မှတ်တမ်းပြုနိုင်အောင်ပေါ့။

လန်ဒန်ဝိဟာရက ထွက်စကတည်းက လမ်းထိပ်က စတိုးဆိုင်မှာ တစ်နေ့တာအတွက် လက်မှတ်ဝယ်ခဲ့တယ်။ ရှိ ပြီးသား (Oyster card) ခေါ်တဲ့ လက်မှတ်ဟောင်းပေါ်မှာ တစ်

www.burmeseclassic.com

www.burmeseclassic.com



နေ့တာအတွက် ဘတ်စကားနဲ့ရထားပါ အတူတွဲသုံးနိုင်အောင် ငွေပေါင်းထည့်ရတဲ့ လက်မှတ်မျိုး။ ဒါကို Top-up လုပ်တယ်လို့ ခေါ်တယ်။ ဘာကြောင့် ဒီလိုခေါ်တယ်တော့ မသိဘူး။ ကားတို့ ရထားတို့ တက်ရာမှာ ဝင်ပေါက်မှာရှိတဲ့ ကဒ်ဖတ်စက်ပေါ်မှာ ဒီကဒ်လေးကို အပေါ်ကနေ တင်လိုက်ရတာကြောင့် ခုလိုခေါ်တာလည်းပဲ ဖြစ်နိုင်မယ်။ တစ်နေ့တာအတွက် ငါးပေါင်နဲ့ ပြားရှစ်ဆယ်ပေးရတယ်။

လန်ဒန်တစ်မြို့လုံးကို သွားလိုရာသွားနိုင်တာမို့ တစ်နေ့တာအတွက် ခြောက်ပေါင်းနီးပါးဆိုတာ ထိုက်တန်ပါတယ်။ ခုခါဆို ဆီ ဈေးတွေ တက်နေတဲ့အခါမှာ ပိုပြီးတန်ပါတယ်လို့ ဆိုရမှာပါ။(Peak Hours လို့ဆိုတဲ့ ရထားကား အသုံးများဆုံး နံနက် ရုံးသွားအလုပ်သွားချိန် ၉ နာရီခွဲ မတိုင်မီဆို လက်မှတ်ခက တစ်ဈေးတဲ့။ ၉ ပေါင်ပေးရတယ်။ ဒါကိုတော့ နောက်မှ သိရတယ်။)

နယူးယောက်မြေအောက်ရထားတွေနဲ့ စာလျှင်တော့ လန်ဒန်မြေအောက်ရထားက ပိုမိုသန့်ရှင်းသစ်လွင်တောက်ပပါတယ်။ ဒါပေမယ့် ကိုယ်တွေ့ပြောရလျှင် စင်ကာပူ MRT ကိုတော့ မမီသေး။ အေးပေါ့လေ။ လန်ဒန်တို့ နယူးယောက်တို့ရဲ့ မြေအောက်ရထားစနစ်က ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့တာ။ နောက်ပြီးလည်း ရထားလမ်းကြောင်းတွေ၊ ရထားတွေဆိုတာကလည်း နှိုင်းယှဉ်မရအောင်



ပိုမိုရှည်လျားများပြားတာ။ ဒီတော့ ပြုပြင်ဖို့၊ ထိန်းသိမ်းစောင့်ရှောက်ဖို့ကလည်း ပိုမိုခက်ခဲမယ်။ အကုန်အကျလည်း နှိုင်းမရအောင် များမှာပေါ့။ ဘာပဲဖြစ်ဖြစ် ဟောင်းနွမ်းမှုတွေကို ထိန်းသိမ်းတတ်တဲ့ လန်ဒန်မြို့တော်မှာ မြေအောက်ရထားများကတော့ သစ်လွင်တောက်ပမှုဖက် ကဲတယ်လို့တောင် ဆိုရမှာပါ။

ဝင်ဘလေဘူတာကနေ မိနစ် ၂၀ လောက် မြေအောက်ရထားစီးပြီး ဝက်စ်မီနီစတာဘူတာမှာ ဆင်းရတယ်။ ဘူတာကနေ ထွက်လျှင်ထွက်ခြင်း လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက အမြင်အကြားအရ ရင်းနှီးနေခဲ့ဖူးတဲ့ ဘစ်ဘင်းနာရီစင်ကြီးကို ရုတ်တရက်တွေ့လိုက်ရတယ်။ ခုမှ လန်ဒန်ကို တကယ်ရောက်နေပါလားလို့လဲ ရုတ်တရက်ခံစားမိလိုက်တယ်။ ဟုတ်တယ်။ အင်္ဂလန်နိုင်ငံရှိ သမိုင်းဝင်အရာများထဲမှာ ဘစ်ဘင်းနာရီကြီးက ကိုယ်နဲ့ရင်းနှီးအကျွမ်းဝင်ဆုံး။ အင်္ဂလန်လို့ ဆိုလိုက်တာနဲ့ ကိုယ့်စိတ်ထဲမှာ ပေါ်လာတတ်တာက ဒီဘစ်ဘင်းနာရီမျှော်စင်ကြီး။ ဒီတော့ ဒီနာရီစင်ကြီးကိုတွေ့ရတော့ ကိုယ့်မိတ်ဆွေဟောင်းနဲ့ ပြန်တွေ့လိုက်ရသလို ဘစ်ကင်းက ပုံတွေထဲ မြင်ရတာထက်ပိုပြီး အနုပညာမြောက်တယ်။ ခန့်ညားထည်ဝါတယ်လို့လည်း ထင်မိတယ်။ ဒါပေမဲ့ အမေရိကန်မှာကြီးကြီးတွေ၊ မြင့်မြင့်အရာတွေနဲ့ ယဉ်ပါးနေတဲ့ ကိုယ့်မျက်စိအတွက် ဘစ်ဘင်းနာရီစင်ကြီးက ထင်ထားတာ

www.burmeseclassic.com

ထက် အနည်းငယ်နိမ့်နေသလို ဖြစ်နေတယ်။

ဘစ်ဘင်းနဲ့တွဲလျက်တည်ရှိနေတဲ့ အင်္ဂလိပ်ပါလီမန် အဆောက်အဦးကြီးကလည်း ရှေးဟောင်းအနုလက်ရာတွေ တစ်ပုံတစ်ပင်နဲ့ ဝင့်ထည်ခန့်ညားစွာ သိမ်းမြစ်ကမ်းခြေမှာ ကျန်နေကြီးစွာရပ်တည်လို့။ ပါလီမန်လမ်းမနဲ့ ဝက်စ်မီနိစတာ တံတားပေါ်မှာတော့ နိုင်ငံတကာခရီးသွားများနဲ့ ပြည့်နှက် လျက်။ ကိုယ်လည်း နိုင်ငံတကာခရီးသွား ဧည့်သည်တစ်ဦး ပဲလေ။ ဘစ်ဘင်းနဲ့ ပါလီမန်ကို နောက်ခံပြုလို့ ဗီဒီယိုကင်မရာ နဲ့ ဓာတ်ပုံကင်မရာ မှတ်တမ်းတင်သူများကြားမှာ ကိုယ့် အတွက် နေရာအားလေး တစ်နေရာရဖို့ ရှာဖွေရတော့တာပဲ ပေါ့။ ကိုယ်လည်း ဘိလပ်ပြန်တစ်ဦးပါလို့ တကယ်လို့ နောင် တစ်ချိန်မှာ ဂုဏ်ယူဝင့်ကြွားလိုစိတ် ဖြစ်လာမယ်ဆိုရင် အခိုင် အမာ သက်သေပြစရာ ကိုယ့်အတွက် ဒါအခွင့်ကောင်းပဲ မဟုတ်လား။

အင်္ဂလန်နဲ့ လန်ဒန်ရဲ့ သင်္ကေတတွေဖြစ်တဲ့ ဘစ်ဘင်း နာရီစင်ကြီးရယ်၊ နာရီစင်ရှေ့ ဝက်မီနိစတာလမ်းပေါ်မှာ ပြေးလွှားနေတဲ့ Routemaster ဆိုတဲ့ အနီရောင် နှစ်ထပ်ဘတ် စကားကြီးများနဲ့ Black cabs ဆိုတဲ့ အနက်ရောင် တက္ကစီ ဆလွန်းကားများရယ်ကို တစ်ပါတည်းပါနိုင်အောင် ဓာတ်ပုံရိုက်ဦးမယ်။ သစ်ရွက်တွေလည်း ကြွေ၊ စနိုးတွေလည်း ကျ၊ မှုန်ပျပျရာသီဥတုကြားက ဘစ်ဘင်းနာရီစင်ကြီးနဲ့ ပါလီ



မန် အဆောက်အဦးပေါ်ကနေ မီးရောင်လေးတွေ လက်လက် ပြေးနေတဲ့ သိမ်းမြစ်ပြင်အလှကိုလည်း မျှော်ငေးတသနေချင် မိသေးတာ။ ခုတော့ အချိန်မကြသေး။

ကိုယ်ဟာ သာမန်ခရီးသွားဧည့်သည်သက်သက် တစ်ဦးသာပါ။ ဘာရယ်လို့ရေရာစွာ မရှိတဲ့ခရီးတစ်ခုကို သွား နေသူပါ။ "ဘယ်နေရာရယ်လို့ အတိအကျ မသိနိုင်တဲ့ ခရီးကို သွားနေခြင်းဟာ အကောင်းဆုံးအချိန်ကို သုံးစွဲနေခြင်းပါ"တဲ့။ လန်ဒန်မြေအောက်ရထားဘူတာတစ်ခုမှာ ကြော်ငြာစာတမ်း တစ်ခု ထိုးထားတယ်။ ကိုယ်ကလည်း အကောင်းဆုံး ခရီး သွားနေသူ သက်သက်ပဲဖြစ်ချင်သူတစ်ဦးမဟုတ်လား။ ဒီ တော့ သူ့ကြော်ငြာစာတမ်းက ကိုယ့်အတွက်မဟုတ်လျှင် တောင် ကိုယ့်အကြိုက်နဲ့တော့ ကိုက်နေတာအမှန်။ သင်က ကော ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ခရီးသွားချင်သူလဲ။ အချိန် ရလျှင် ကိုယ့်ကိုပြောပြပါဦး။

ဘစ်ဘင်းနာရီစင်၊ ပါလီမန်အဆောက်အဦးတို့နဲ့ အမှတ်တရဓာတ်ပုံရိုက်ပြီး သိမ်းမြစ်ကို ဖြတ်ဆောက်ထားတဲ့ ဝက်စ်မီနိစတာ တံတားပေါ် လျှောက်ခဲ့တယ်။ လန်ဒန်နဲ့အပြိုင် ကျော်ကြားတဲ့ သိမ်းမြစ်က ပြောပလောက်အောင်တော့ မကျယ်ပါဘူး။ ဒါပေမယ့် လန်ဒန်က ကမ္ဘာကျော်တော့ လန်ဒန်ရဲ့အသည်း သိမ်းမြစ်ကလည်း ပူးတွဲကာ ကမ္ဘာကျော် ရတာပေါ့။ ကိုယ်ကတော့ လန်ဒန်သိမ်းမြစ်ထက် ကိုယ့်အမိ

www.burmeseclassic.com



နိုင်ငံက ဇရာဝတီရဲ့အလှက အဆရာထောင်မက သာလွန်တယ်လို့ ထင်မိတယ်။ ကိုယ်ဖြတ်ခဲ့ဖူးတဲ့ ဇရာဝတီရဲ့ အစိတ်အပိုင်းတိုင်းရဲ့ အလှက သိမ်းမြစ်ရဲ့ ခုမြင်ရတဲ့ မြင်ကွင်းအလှထက် ပိုမိုတယ် ထင်မိတယ်။ ဒါဟာ သဘာဝကိုချစ်တဲ့ ကိုယ့်ရဲ့ မူလစိတ်ကြောင့်လည်း ဖြစ်နိုင်သလို ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တဲ့ ဇာတိစိတ်ကြောင့်လည်း ဖြစ်နိုင်တယ်။ နောက်ပြီး ဇရာဝတီရဲ့ သမိုင်းအစိတ်အပိုင်းတိုင်းဟာလည်း ခုမြင်နေရတဲ့ သိမ်းမြစ်နဲ့ နှိုင်းဆမရအောင် နက်ရှိုင်းမှုတွေ စီးမျောပေါင်းယှက် ပါဝင်နေတယ်လို့လည်း ခံစားမိတယ်။ ကိုယ့်ဘဝဟာလည်း ဇရာဝတီရဲ့ အစိတ်အပိုင်းထဲမှာသာ ထာဝရရှိနေမှာပါ။

သာလွန်ထူးခြားမှုက အင်္ဂလိပ်တွေဟာ သိမ်းမြစ်ကို စနစ်တကျ အသုံးချနိုင်ကြတယ်။ ကိုယ်တို့က ဇရာဝတီကို သူတို့လို အသုံးဝင်အောင် ပြုလုပ်နိုင်ခဲ့ပါရဲ့လား။ ဒီအချက်အပေါ်မှာတော့ သိမ်းမြစ်က ဇရာဝတီထက် အဆသိန်းသန်းကုဋေမက သာလွန်ကောင်းသာလွန်နိုင်မယ်။ ဒါနဲ့အတူ သိမ်းမြစ်ရဲ့ ကျော်ကြားမှုကလည်း ဇရာဝတီထက် ပိုကောင်းပိုနေမယ်။ သိမ်းမြစ်ရဲ့ အောင်မြင်မှုကလည်း ဇရာဝတီထက် ပိုကောင်း ပိုနိုင်တယ်။ ဟော ကိုယ်ကြည့်နေစဉ်မှာပဲ ဝက်မိန်စတာ တံတားအောက်က ဖြတ်မောင်းသွားတဲ့ သင်္ဘောငယ်တစ်စီး။ ဒုတိယထပ် လေဟာပြင်မှာ ကမ္ဘာ့အရပ်ရပ်က ကမ္ဘာ



လှည့်ခရီးသည်တွေ အပြည့်တင်လို့။ လန်ဒန်မြင်ကွင်းအလှကို သိမ်းမြစ်တွင်းကနေ လိုက်ပြနေတယ်။ သင်္ဘောပေါ်ပါ ဒီလူတွေက သိမ်းမြစ်နဲ့ လန်ဒန်ရဲ့ အလှကို ကမ္ဘာနှံ့အောင် သယ်ဆောင်သွားလိမ့်မယ်ဆိုတာ ဘယ်မှာယုံမှားဖွယ်ရှိဖို့ လိုမှာလဲ။ ကိုယ့်စိတ်ကူးအတွေးထဲမှာက သိမ်းမြစ်ဆိုတာ စနိုးပွင့်လေးတွေ တဖွဲဖွဲကျနေတဲ့ မှုန်ပျပျ ကောင်းကင်အောက်မှာ ပြာလဲ့လဲ့ စီးဆင်းနေတဲ့ မြစ်တစ်စင်းပါ။ ခုကိုယ်တွေ့နေတဲ့ သိမ်းမြစ်က ကြည်လင်တဲ့ ကောင်းကင်နဲ့အတူ တောက်ပတဲ့ နေရောင်အောက်မှာ နောက်ကျုကျု စီးမျောနေတဲ့ မြစ်ငယ်တစ်စင်းသာသာ။ သေချာပါတယ်။ ကိုယ်ဟာ ဇရာဝတီကိုပဲ တမ်းတစွာ ဖွဲဖွဲလန်းလန်း ချစ်ခင်သူပါ။ သိမ်းမြစ်ကိုဖြတ်လျှောက်ပြီး ကမ်းခြေအတိုင်း ဘယ်ဘက်ကို ကိုက်တစ်ရာလောက် လျှောက်လိုက်တော့ လန်ဒန်အိုင်းရဲ့ အခြေကိုရောက်သွားတယ်။ လန်ဒန်အိုင်းဆိုတာ ဘာလဲလို့ သိချင်မလားပါပဲ။ လန်ဒန်အိုင်းဆိုတာ.... လန်ဒန်အိုင်းတဲ့။


သက္ကရာဇ် ၂၀၀၀ ခုနှစ်၊ မတ်လမှာ မီလီနီယံ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့တာ လန်ဒန်အိုင်းက လန်ဒန်ရဲ့ အထိမ်းအမှတ် တစ်ခုဖြစ်လာသလို ခေတ်သစ်ဗြိတိန်နိုင်ငံရဲ့ သင်္ကေတတစ်ခုလည်း ဖြစ်သပေါ့။ အင်ဂျင်နီယာနဲ့ ဗိသုကာပညာရဲ့ အောင်မြင်မှုတစ်ခုလို့လည်း ဂုဏ်ယူစွာ အလေးထားကြပါတယ်။ ခုဆို လန်ဒန်အိုင်းဟာ ခရီးသွားတွေကို အများဆုံး

www.burmeseclassic.com

www.burmeseclassic.com





လန်ဒန်မြို့၊ ရှေးဟောင်းအနုပညာလက်ရာတွေ စုဝေးရာဖြစ်သော
အင်္ဂလိပ်ပါလီမန် အဆောက်အဦးကြီး နှင့်အတူ




လန်ဒန်၏အထင်ကရ တာဝါတံတား (Tower Bridge) နှင့်ကမ္ဘာကျော်
သိမ်းမြစ်ကို နောက်ခံထားလျှက် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်ဗိသုကာပညာရှင်တို့၏ အရည်အသွေးကို ဖော်ကျူးထားသော
ခေတ်မီအဆောက်အဦး တစ်ခု၏ရှေ့တွင် အမှတ်တရ




လန်ဒန်မြို့၊ နန်းတော်ဟောင်း(ဝင်ဆာရဲတိုက်ကြီး) တနေရာ၌
ဦးဉာဏိကာဘိဝံသ၊ ဦးတေဇသနတို့ နှင့်အတူ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com




[illegible] Madame Tussauds (London) [illegible]



Madame Tussauds (London) ဖယောင်းပြတိုက်အတွင်း
ပုပ်ရဟန်းမင်းကြီးရုပ်ထုနှင့်အတူအမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com





လန် [illegible] ဟာရ [illegible] ျှောင်းရှေ့ [illegible] မင်းဝံ [illegible] ဘာဂေါ [illegible] အဖွဲ့ [illegible] ဥက္ကဋ္ဌဦး [illegible] သောင်း၊ (သား)Dr.မင်းကိုကိုသောင်းတို့နှင့်အတူ




[illegible]သန်ဒန်ဗိဟာရကျောင်းရှေ့၊ ဦးဝိသုတ၊ ဦးဉာဏိကာဘိဝံသ၊ ဦးကုသလ၊ ဦးတောသန၊ တပည့်ဒကာ/ဒကာမများနှင့်ဤသို့အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်၊ စတုန်းဟင်ဂျ် ကွင်းပြင်၌၊ လန်ဒန်ဝိဟာရကျောင်းဆရာတော်ဦးကောသန၊ ဦးကုသလနှင့် ဦးဉာဏိကာဘိဝံသတို့နှင့်အတူ




အင်္ဂလန်၊ ဘာမင်ဂန်ကျောင်းဆရာတော် - Dr. ဦးရေဝတဓမ္မ နှင့်
ကျောင်းဝန်းအတွင်းအမှတ်တရ

www.burmeseclassic.com



လန်ဒန်မြို့၊ ဘက်ကင်ဟမ်နန်းတော် "ကိုနောက်ခံပြု [illegible] ပြင် [illegible] အမှတ်တရ



လန်ဒန်မြို့၊ အနောက်တိုင်းသားရဟန်းဦးစီးသော "အမရဝတီရိပ်သာဝင်း" အတွင်း အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်နိုင်တဲ့ လန်ဒန်ရဲ့ အထင်ကရ နေရာများစွာထဲမှာ တစ်ခုအပါအဝင် ဖြစ်လို့နေပါပြီ။ ထောင်စုနှစ် အထိမ်းအမှတ် အဖြစ် တည်ဆောက်ခဲ့တာကြောင့် the Millennium Wheel (ထောင်စုဘီးကြီး)ရယ်လို့လည်း သိထားကြတဲ့ လန်ဒန် အထိမ်းအမှတ် ခြားရဟတ်ဘီးကြီးကို အမိက ငွေကြေးပံ့ပိုး ခဲ့သူက ဗြိတိသျှလေကြောင်းကုမ္ပဏီပေါ့။ ကမ္ဘာအရပ်ရပ်က ဧည့်သည်တွေ တစ်နှစ်ကို သုံးသန်းခွဲကျော်ကျော် ဒီလန်ဒန် အိုင်းကို အလည်ရောက်ပါတယ်တဲ့။

ရာသီဥတုကြည်လင်တဲ့နေ့တွေမှာဆိုရင် ၄၄၃ ပေ အမြင့်ရှိတဲ့ လန်ဒန်အိုင်းကြီးရဲ့ အမြင့်ကနေ ကီလိုမီတာလေး ဆယ် (နှစ်ဆယ့်ငါးမိုင်)ခန့်ဝေးတဲ့ ဝင်ဆာရဲတိုက်ကိုပင် မြင် နိုင်တယ်လို့ ဆိုပါတယ်။


လန်ဒန်အိုင်းက လန်ဒန်ရှိ အဆောက်အဦး အားလုံး နီးပါးထက်မြင့်နေတာမို့ အရပ်မျက်နှာကို မျှော်ငေးလို့ ကြည့် ရှုနိုင်ပါတယ်။ လန်ဒန်အိုင်းရဲ့ ရှည်မျောမျော မှန်အလုံတပ် အခန်းထဲကနေ အနောက်ယွန်းယွန်းဆီ မျှော်ကြည့်လိုက် လျှင်ဖြင့် ဘက်ကင်ဟန်နန်းတော်ကို စိမ်းညို့ညို့ သစ်ပင် တွေကြားကနေ ထင်ထင်ရှားရှား တွေ့ရမှာပါ။ နန်း တော်ရဲ့ ရှေ့မှာလည်း အတန်အသင့်ကျယ်ဝန်းတဲ့ မြေကွက်လပ် တစ်ခု။ နန်းတော်နေ အင်္ဂလန်ဘုရင်မကြီးရဲ့ ပွဲထွက် အခမ်း အနားတွေကျင်းပရာ နေရာဖြစ်လေမလား။ မြင်နေရတဲ့



လန်ဒန်မြို့၊ ကမ္ဘာကျော်သိမ်းမြစ်၊ လန်ဒန်အိုက်၊ တာဝါတံတား (Tower Bridge) တို့ကို နောက်ခံပြုလျက် ဦးညာဏိကာဘိဝံသ၊ တပည့် မိုးကျော်စွာတို့နှင့် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com





ရေကန်ကရော သားတော်သမီးတော်တွေ ရေတော်သုံးရာ ဖြစ်လေမလား။ ဒါတော့ အေးလွန်းလို့ ဖြစ်နိုင်မယ် မထင်ပါ။ ပြောရလျှင်ဖြင့် ဘက်ကင်ဟန်နန်းတော်အကြောင်းကို လေ့လာမထားလို့ များများစားစား မသိပါဆိုတာပါပဲ။

အနောက်တောင်ယွန်းယွန်း သိမ်းမြစ်တစ်ဖက်ကမ်းမှာတော့ ပါလီမာန်နဲ့ ဘစ်ဘင်းနာရီစင်။ အရှေ့မြောက်ဆီမှာတော့ လန်ဒန်ရဲ့ အထင်ကရ တာဝါတံတား (Tower Bridge) ကြီးက ကောင်းကင်ပြာပြာ နောက်ခံအောက်မှာ မားမားမတ်မတ်ရပ်လို့။ မြစ်ပြင်တွင်းက သင်္ဘောငယ်လေးတွေဆီကနေ ထွက်ပေါ်လာတဲ့ မီးရောင်လဲ့လဲ့လေးတွေကလည်း ရေပြင်ကျယ် မျက်နှာပေါ်မှာ စိန်ပွင့်လေးတွေ လင်းလက်နေတဲ့သဏ္ဌာန်။ မျက်စိတစ်ဆုံးမြင်နေရတဲ့ သိမ်းမြစ်ပေါ်မှာတော့ တံတားကြီး ငယ်ပေါင်းများစွာက ကန့်လန့်ဖြတ် လဲလျောင်းလို့။ သိမ်းမြစ်ကမ်းတစ်လျှောက်မှာလည်း လူအုပ်တွေက ဖွေးဖွေးလှုပ်လှုပ်။ သွားသူသွားလို့ လာသူလာ။

လန်ဒန်အိုင်းခြေရင်းမှာရှိတဲ့ မြက်ခင်းပြင်မှာတော့ လန်ဒန်သူ လန်ဒန်သားတွေက လဲလျောင်းလို့ တသွယ်၊ ထိုင်နေလျက် တစ်စု၊ သူ့အုပ်စုလေးတွေနဲ့သူ နေစာလှုံနေကြလေရဲ့။ ၇ နာရီကျော်လို့ ည ၈ နာရီထိုးလုနီးတာပင် ကောင်းကင်မှာ နေမင်းကြီးက ထွန်းလင်းတောက်ပနေဆဲ။ လန်ဒန်မှာနေသာချိန်နည်းလေတော့ ကြုံရတဲ့နေသာ ချိန်လေးကို အမိ

www.burmeseclassic.com



အရ အသုံးချနေကြဟန်တူရဲ့။ ကိုယ့်အတွက်တော့ နေသာချိန်ထက် မှုံပျပျရာသီက သဘာဝအလှကို ပိုမိုခံစားရာမှာ ပိုမိုပီပြင်တယ်လို့ ထင်မိပါရဲ့။ လွမ်းတတ်သူမို့လားတော့ မဆိုနိုင်ဘူးပေါ့ နော့။

လန်ဒန်အိုင်းဟာ လန်ဒန်သားတွေအတွက် ဂုဏ်ယူစရာ ဖြစ်ကောင်းဖြစ်နေမှာပါ။ ကိုယ့်အတွက်တော့ သမိုင်းဝင်ရှေးဟောင်းအနုပညာတွေ နက်နက်နဲနဲ ပျော်ဝင်နေတဲ့ လန်ဒန်ရဲ့ အလှကြားမှာ ခေတ်မီကိရိယာတွေနဲ့ ခေတ်မီစွာ တည်ဆောက်ထားတဲ့ ဒီလန်ဒန်အိုင်းက လန်ဒန်ရဲ့ မဟာဆန်တဲ့ ဂန္ထဝင်အလှကို ဖျက်ဆီးနေဟန် ခံစားမိတယ်။ ကိုယ်ငယ်ငယ်ပုဂံကိုလည်ခဲ့စဉ်က နီညိုရောင်ပုဂံရဲ့ သမိုင်းအလှကြားမှာ ကြိုးကြားကြား မြင်ရတတ်တဲ့ ထုံးအဖွေးသား စေတီပုထိုးအချို့ကို တွေ့ရတော့ ဆို့နင့်စွာ ကြေကွဲခဲ့ရတဲ့ ရင်နာဒဏ်တွေဟာ ခုထိတိုင် မပြယ်နိုင်နေသေးတာကို ပြန်လည်လို့ အမှတ်ရမိစေပါတယ်။ ဒီလိုဆိုတော့ ကိုယ့်ကိုယ်ကို ရာဇဝင်ထဲမှာပဲ ထားရစ်ရမည့် ရှေးခေတ်ဂူအောင်းလူသားတစ်ဦးရယ်လို့ မှတ်ချက်ပြုကောင်း ပြုလိမ့်မယ်။ တကယ်တော့ ခေတ်မီနည်းပညာတွေနဲ့ သိပ်ပြီးမစိမ်းကားလှသလို ခေတ်သစ်လူမှုအဖွဲ့အစည်းရဲ့ အတွေးအခေါ် အယူအဆတွေနဲ့ အလွန်ကြီးမကင်းဝေးသူတစ်ဦးမို့ ဂူနေလူအတွေးမျိုးနဲ့ ကိုယ် ဒီစကားကိုဆိုတာ မဟုတ်ပါဘူး။ ရာဇဝင်နယ်ပယ်မှာ မော်ဒန်ရောင်



ခြယ်သခြင်းဟာ ရာဇဝင်လည်း မပီ၊ မော်ဒန်ဟန်လည်း မကျ၊ စကောစက အသွင်းအပြင်မျိုး ဖြစ်တတ်တာမျိုး ခံစားမိတတ်လို့ပါ။ ကိုယ်က သူ့နေရာနဲ့သူ ရာဇဝင်ကိုလည်း ထင်ကျန်စေချင်သူပါ။ လျော်ကန်တဲ့ တော်လှန်မှုမျိုးနဲ့ မော်ဒန်ကိုလည်း ရှင်သန်စေချင်သူပါ။ ဒါ ကိုယ့်အမှား ဟုတ်မယ်မထင်ပါဘူး။

လန်ဒန်ရဲ့ သမိုင်းဝင်အလှတွေကို ကောင်းကင်ကနေ တစ်ဝကြီးငုံ့ကြည့်နိုင်တဲ့ လန်ဒန်အိုင်းကဆင်းပြီး သိမ်းမြစ်ကမ်းဘေးတစ်လျှောက် ခြေကျင်ခရီးနဲ့ အရှေ့မြောက်ယွန်းယွန်းဆီရှိ တာဝါတံတားကြီးထိအောင် လမ်းလျှောက်ခဲ့တယ်။ သိမ်းမြစ်ကို ဖြတ်တိုက်လာတဲ့ လေပြေညင်းက ကိုယ့်ခရီးအတွက် အေးမြတဲ့အတွေ့အထိနဲ့အတူ လိုက်လံနှုတ်ဆက်ကြိုဆိုခဲ့ပါတယ်။ တကယ်ဆို ဒီအချိန်မှာ ကိုယ်နဲ့အတူ မင်းရှိနေမယ်ဆိုလျှင် မင်းလည်းကိုယ့်လိုပဲ ဝမ်းမြောက်မှုနဲ့အတူ ကြည်နူးမှုနဲ့အမျှ အလွန်ချမ်းမြေ့ဖွယ်ကောင်းတဲ့ လန်ဒန်ရဲ့ ဂန္ထဝင်အလှရသလို ပြည့်ပြည့်ဝဝ မျှဝေလို့ခံစားမိမှာပါ။ တကယ်ပါ။ လန်ဒန်ဟာ အလည်ပျော်တို့အတွက် တကယ်သင့်လျော်တဲ့နေရာတစ်ခုဖြစ်နိုင်မှာပါ။

မေတ္တာဖြင့်

အရှင်ဉာဏိက

သူက စာရေးဆရာလေ။ ဒီတော့ ဘုန်းကြီးတို့နဲ့စာလျှင် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးတတ်ပါတယ်။ ဘုန်းကြီးတို့ကတော့ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



မြင်ရာလောက်ကိုပဲ မှတ်တမ်းတင်တတ်တာ။ သူ့လိုတော့ တစ်ဖွဲ့တစ်နွဲ့ မရေးတတ်ဘူးပေါ့။

လန်ဒန်အိုင်းက လန်ဒန်မြို့အလယ်ကို ဖြတ်သန်းစီးဆင်းနေတဲ့ သိမ်းမြစ်ကမ်းနံဘေးမှာ။ လန်ဒန်အိုင်းပေါ်ကနေ မြင်ရတဲ့မြင်ကွင်းက လန်ဒန်တစ်မြို့လုံးပါမက မြို့ကိုကျော်ပြီး ဟိုတော်တော်ဝေးဝေးကိုတောင်မှ လှမ်းမြင်နိုင်ပါတယ်။ လန်ဒန်အိုင်းပေါ်မှာ အမှတ်တရဓာတ်ပုံမှတ်တမ်းများလည်း ရိုက်ကြပါတယ်။ လန်ဒန်အိုင်းပေါ်ကဆင်းပြီး သိမ်းမြစ်ကမ်းခြေတစ်လျှောက် တာဝါတံတားကြီးအထိ လမ်းလျှောက်ကြပါတယ်။ မြစ်ကမ်းဘေးတစ်လျှောက် ဘီယာဆိုင်များမှာ ဘီယာသောက်နေကြတဲ့ မိန်းမယောကျ်ား တော်တော်များတာကို တွေ့ရပါတယ်။

တာဝါတံတားကြီးပေါ်ကနေ သိမ်းမြစ်ကို ဖြတ်လျှောက်ကာ တစ်ဖက်ကမ်းမှာရှိတဲ့ ရဲတိုက်ကြီး အနီးအနားဘူတာကနေ လန်ဒန်ဝိဟာရဆီကို မြေအောက်ရထားနဲ့ တစ်သွယ်၊ ဘတ်စကားစီးကာ တစ်မျိုး ပြန်ခဲ့ကြတယ်။ မြေအောက်ရထားက အချို့ဘူတာများမှာဆို မြေအောက်ပေ ၁၀၀ ကျော်အနက်မှာ ရှိတယ်လို့ပြောပါတယ်။ ရွေ့လျားစက်လှေကားနဲ့ဆင်းတာ တက်တာတောင် တော်တော်လေး တက်ဆင်းရပါတယ်။ ဒီမြေအောက်ရထားလမ်းတွေ၊ ဘူတာရုံတွေကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက တည်



ဆောက်ထားခဲ့တာတဲ့။ စက်မှုနည်းပညာ ရှေ့တန်းရောက်တဲ့ နိုင်ငံများမို့သာ ခုလောက်တတ်နိုင်တာပေါ့။ ည ၉ နာရီ ၂၀ မိနစ်မှ ကျောင်းကို ပြန်ရောက်တယ်။ ၁၀ နာရီကျော်ကျော်မှာ အနားယူခဲ့ပါတယ်။

## ဇွန်လ ၃ ရက်၊ ၂၀၀၉

၅ နာရီ အိပ်ရာထ၊ ပြုဖွယ်ကိစ္စများပြုလုပ်၊ ဘုရားဝတ်တက်၊ တရားထိုင်၊ မေတ္တာပို့။ ၆ နာရီမှာ ကုသိုလ်ရှင်များ လှူဒါန်းတဲ့ အရုဏ်ဆွမ်းကို မေတ္တာပွားများ ဘုဉ်းပေးပါတယ်။

အရုဏ်ဆွမ်းဘုဉ်းပေးအပြီးမှာတော့ ဆရာတော် ဦးကုသလနဲ့ သာသနာပြုရာမှာ တွေ့ကြုံရတတ်တဲ့ အခက်အခဲများကို ကျော်လွှားနိုင်အောင် ဘယ်လိုဆောင်ရွက်သင့်တယ်၊ ဆောင်ရွက်ကြရမယ်ဆိုတာကို အပြန်အလှန် ဆွေးနွေးဖြစ်ကြပါတယ်။ နေ့ဆွမ်းကိုတော့ မောင်မျိုးခိုင်က ဆက်ကပ်ပါတယ်။ ရွှေမင်းဝံသာသနာ့ရိပ်သာရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဒကာကြီး ဦးမြင့်သောင်းနဲ့ သားဖြစ်သူ ဒေါက်တာ မင်းကိုကိုသောင်းတို့ ရောက်လာပြီး ကန်တော့ကြ နှုတ်ဆက်ကြပါတယ်။ ဒေါက်တာမင်းကိုကိုသောင်းရဲ့ မွေးနေ့အဖြစ် ဘုန်းကြီးရဲ့ သာသနာပြုခရီးစဉ်မှာ အသုံးပြုနိုင်အောင် နဝကမ္မများလည်း လှူဒါန်းပါတယ်။

ညနေ ၃ နာရီ ၃၀ မှာတော့ ကမ္ဘာကြီးရဲ့ အလယ်

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့် စံတော်ချိန်နေရာကို ပြသထားတဲ့ ဂရင်းနစ်စံတော်ချိန်နေရာကို ဦးတောသနက လိုက်ပါပို့ဆောင်ပေးတဲ့အတွက် လေ့လာခွင့် ရရှိပါတယ်။ ဂရင်းနစ်ကအပြန်မှာတော့ အင်္ဂလန်နိုင်ငံရဲ့ အစိုးရရုံးများစိုက်ရာ ကင်နေရီဝက်ဆိုတဲ့ နေရာကိုလည်း ဝင်ရောက်လေ့လာခဲ့ကြ၊ မှတ်တမ်းတင်ဓာတ်ပုံများလည်း ရိုက်ဖြစ်ကြပါတယ်။ ကျောင်းပြန်ရောက်တဲ့အခါမှာ တော့ လန်ဒန်ဝိဟာရရဲ့ တရပ်စတီခေါ်တဲ့ အဖွဲ့ဝင်များဖြစ်ကြတဲ့ ဒေါ်ခင်မျိုးသန့်နဲ့ ဒေါက်တာ ဒေါ်တင်တင်လွင်တို့ ကန်တော့ရန် လာရောက်စောင့်ဆိုင်းနေတာကို တွေ့ရပါတယ်။

ည ၁၁ နာရီမှာ အနားယူခဲ့ပါတယ်။

❖ ❖ ❖



## ဝင်ဆာမှာ ရင်နာစရာတွေးမိပြန်တော့

**နွန်လ ၄ ရက်၊ ၂၀၀၉**

၅ နာရီမှာ အိပ်ရာထ၊ ပြုဖွယ်ကိစ္စများပြုလုပ်၊ ဘုရားဝတ်တက်၊ တရားထိုင်၊ မေတ္တာပို့။ ၆ နာရီမှာ ကုသိုလ်ရှင်များလှူဒါန်းတဲ့ အရဏ်ဆွမ်းကို မေတ္တာပွားများ ဘုဉ်းပေးပါတယ်။

ဆွမ်းဘုဉ်းပေးအပြီး ဆရာတော်ဦးကုသလနဲ့ လမ်းလျှောက်ရင်း ပြည်ပသာသနာပြုလုပ်ငန်းများနဲ့ ပြည်တွင်းသာသနာရေးများကို ဆွေးနွေးဖြစ်ပါတယ်။

၁၁ နာရီမှာ ဒေါ်အေးမြခင်၊ ဒေါ်ခင်မျိုးသန့်တို့ မိသားစုနဲ့ အလှူရှင်များ ဆက်ကပ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို မေတ္တာပွားများကာ ဘုဉ်းပေးခဲ့ပါတယ်။ ဆွမ်းဘုဉ်းပေးအပြီးမှာ ဆွမ်းအလှူရှင်များကို ဆွမ်းအနုမောဒနာတရား ဟောကြား ရေစက်သွန်းချ အမျှပေးဝေမှု ပြုလုပ်ပေးခဲ့ပါတယ်။

နေ့ ၁ နာရီ ၃၀ မှာတော့ လန်ဒန်မြို့က ရှေးအင်္ဂလန်ဘုရင်များ နေထိုင်သွားရာ ဝင်ဆာရဲတိုက်ကြီးဆီ သွားရောက်လေ့လာကြပါတယ်။ ဝင်ဆာရဲတိုက်ကြီးရှိရာ မြို့လေးက လန်ဒန်မြို့ပြင်မှာရှိပါတယ်။ ရဲတိုက်ကြီးကို တောင်ကုန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



မြင့်လေးပေါ်မှာ တည်ဆောက်ထားတာမို့ ခပ်လှန်းလှန်းကပင် လှန်းလို့မြင်ရပါတယ်။ ကြီးကျယ်ခမ်းနားမှုတွေကို လေ့လာခွင့်ရခဲ့ပါတယ်။

ဝင်ဆာရဲတိုက်ကြီးဆိုတာကို နာမည်မှုကြားဖူးနေခဲ့တာတော့ ကြာပါပြီ။ ခုလို ကိုယ်တိုင်ဝင်ရောက်တာ လေ့လာခွင့်ရလိမ့်မယ်လို့တော့ မျှော်လင့်မထားခဲ့ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တည်ဆောက်ထားခဲ့တယ်ဆိုပေမယ့် ထိန်းသိမ်းစောင့်ရှောက်မှုက ကောင်းလေတော့ မပျက်မစီး အကောင်းပကတိအတိုင်းတွေ့ရမြင်ရပါတယ်။ အဆောက်အဦးကြီးက တော်တော်ကြီးကျယ်ပေမယ့် အဆောက်အဦးရဲ့ တစ်စိတ်တစ်ပိုင်းကိုသာလျှင် ဝင်ရောက်လေ့လာခွင့် ပေးထားပါတယ်။ တစ်ပိုင်းမျှ လေ့လာရတာကိုပဲ အချိန်တော်တော်ကြာကြာ လေ့လာရပါတယ်။ ဒါတောင် မြန်မြန်သွက်သွက် လေ့လာခဲ့တာမို့ပါ။ ပြသထားတဲ့အရာအားလုံးကို အသေးစိတ် စနစ်တကျလေ့လာမယ်ဆိုလျှင်တော့ အချိန်တော်တော်ပေးရလိမ့်မယ်ထင်ပါတယ်။

မြန်မာပြည်ကနေ သယ်ဆောင်ပြီး ပြသထားတဲ့ ခေါင်းလောင်းတစ်ခုနဲ့ အမြောက်တစ်လက်ကိုလည်း တွေ့ရလေတော့ အတိတ်က သူ့ကျွန်ဘဝအခြေအနေကို စိတ်ရောက်သွားတာမို့ ရင်နာစရာ ဖြစ်ရသေးတယ်။ 'ဩော်... ပြောင်းလဲတတ်တဲ့သဘော၊ မတည်မြဲတဲ့သဘော'ကိုက ဒီတိုင်းပဲ



မဟုတ်ပါလောဟု ဖြေသိမ့်ရင်းကျေနပ်လိုက်ရပါတယ်။

ရဲတိုက်ကြီးအတွင်းထဲမှာတော့ သူ့နေရာနဲ့ သူ၊ သူ့အပိုင်းနဲ့ သူ၊ စနစ်တကျ ပြသထားတာပါ။ နန်းတွင်း အသုံးအဆောင်တွေ၊ စက်မှုခေတ်ဦးလက်ရာတွေအပြင် ရှေးဟောင်းအနုလက်ရာတွေပါ အပြည့်အစုံရှိတာမို့ ရာဇဝင်သမိုင်းကို ဝါသနာပါသူတို့အနေနဲ့ဆို အထူးစိတ်ဝင်စားမယ့်နေရာ၊ သွားရောက်လေ့လာသင့်တဲ့နေရာ ဖြစ်လိမ့်မယ်လို့ ထင်မိပါတယ်။

ည ၁၁ နာရီမှာ အနားယူခဲ့ပါတယ်။

## ဇွန်လ ၅ ရက်၊ ၂၀၀၉

ပြုလုပ်မြဲဝတ္တရားများပြုလုပ်ပြီး ၆ နာရီ ၁၅ မိနစ်မှာ ကိုမင်းခန့်ရဲ့ မွေးနေ့အဖြစ် ဆက်ကပ်တဲ့ အနောက်တိုင်းနံနက်စာ စားဖွယ်များကို ဘုဉ်းပေးသုံးဆောင်ရပါတယ်။ ဆွမ်းဘုဉ်းအပြီး ဆွမ်းအနုမောဒနာတရားများလည်း ဘုန်းကြီးက ချီးမြှင့်ပေးခဲ့ပါတယ်။

ဒီနေ့တော့ အပြင်မှာ မိုးနည်းနည်းကျနေတာမို့ လမ်းလျှောက်မထွက်ဖြစ်ကြတော့ပါဘူး။ စောင်ခြုံကာ အိပ်ရာထဲမှာပဲ နားနေလိုက်ပါတယ်။ နေ့လယ်ဆွမ်းကိုတော့ ဦးကြည်ညွှန့်၊ ဒေါက်တာ ဒေါ်တင်တင်လွင်တို့က ဆက်ကပ်ပါတယ်။ မေတ္တာပွားများကာ ဘုဉ်းပေးသုံးဆောင်ခဲ့ပါတယ်။ နေ့လယ်ပိုင်းမှာ မိုးကရွာနေတော့ တရားဆွေးနွေးမေးမြန်းလိုသူတွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း ရောက်မလာနိုင်ကြတော့ အေးအေးဆေးဆေးပဲ စာဖတ်ရင်း အချိန်ကုန်လွန်စေခဲ့ပါတယ်။

၂ နာရီကျော်ကျော်လောက်မှာမှ တရားရှုမှတ်ပွားများသူများ ရောက်လာတဲ့အတွက် ၃ နာရီအချိန်မှာ သတိပဋ္ဌာန်တရားလေးပါး ရှုမှတ်ပွားများပုံကို ဟောကြားပေးပြီး မိနစ်သုံးဆယ်ခန့် လက်တွေ့ရှုမှတ်ပွားများစေခဲ့ပါတယ်။ ယောဂီအမျိုးသား ၅ ဦး၊ အမျိုးသမီး ၄ ဦးရှိပြီး အနောက်တိုင်းသားအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့လည်း ပါဝင်ပါတယ်။ တရားပွဲအပြီး သိလိုသမျှ မေးခွန်းများကိုလည်း ဖြေကြားပေးခဲ့ပါတယ်။

ည ၇ နာရီအချိန်မှာတော့ တရားနာပရိသတ် ၂၇ ဦးရှိပါတယ်။ "အာနိသံသကထာ ကမ္မဋ္ဌာန်းအကျိုးတရား"ကို ဟောကြားပေးပြီး ၁၀ မိနစ်ခန့်လည်း လက်တွေ့တရားအားထုတ်စေခဲ့ပါတယ်။ မေးမြန်းကြည့်တော့ နှစ်ခြိုက်မှုရှိကြတယ်လို့လည်း ပြောကြပါတယ်။

ည ၁၁ နာရီမှာ အနားယူခဲ့ပါတယ်။

**ဇွန်လ ၆ ရက်၊ ၂၀၀၉**

ဘုရားဝတ်တက်၊ တရားထိုင်၊ မေတ္တာပို့ အမျှဝေပြီး နံနက် ၆ နာရီ ၁၅ မိနစ်ခန့်မှာ အလှူရှင် မအိနှင်းခိုင်တို့ မိသားစု ဆက်ကပ်တဲ့ ကြက်သားပလာတာ၊ အချိုပွဲတို့ကို မေတ္တာ



ပွားကာ ဘုဉ်းပေးခဲ့ပါတယ်။ မိုးရွာနေတဲ့အတွက် ကျောင်းထဲမှာပဲ အနည်းငယ်လမ်းလျှောက်ကာ အနားယူနေခဲ့ပါတယ်။

နေ့ဆွမ်းကိုတော့ ဒေါ်ချို၊ ဒေါ်သက်၊ အေးနှင်းမိုး၊ အိလင်းခိုင်တို့ မိသားစုက လှူဒါန်းကြပါတယ်။ မေတ္တာပွားကာ ဘုဉ်းပေးပြီး ဆွမ်းအနုမောဒနာတရားချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေပေးခဲ့ပါတယ်။ ခဏနားပြီး နေ့လယ် ၂ နာရီမှာ တရားပွဲပြုလုပ်ပါတယ်။ ယောဂီ ၁၃ ဦးရှိပါတယ်။ ဣရိယာပထတရား ဟောကြားပေးပြီး ၄၅ မိနစ် တရားရှုမှတ်ခိုင်းပါတယ်။ မေးမြန်းသမျှကိုလည်း ဖြေကြားပေးခဲ့ပါတယ်။ များသောအားဖြင့် ဝေဒနာရှုမှတ်ပုံကို အမေးများပါတယ်။ တချို့ကတော့ စိတ်ကို ရှုမှတ်ပုံကို မေးကြပါတယ်။

ည ၇ နာရီမှာတော့ တရားနာပရိသတ် ၂၀ လောက် လာရောက်နာယူကြပါတယ်။ "သတိပဋ္ဌာန်အကျိုး"တရားကို ဟောကြားပေးခဲ့ပါတယ်။ ည ၁၁ နာရီမှာ ရှုမှတ်မှုနဲ့ အနားယူခဲ့ပါတယ်။

**ဇွန်လ ၇ ရက်၊ ၂၀၀၉**

၅ နာရီ အိပ်ရာထ၊ ပြုဖွယ်ကိစ္စများပြုလုပ်ကာ ဘုရားဝတ်တက်၊ တရားထိုင်၊ မေတ္တာပို့၊ အမျှဝေပြီး ၆ နာရီ ၁၅ မိနစ်မှာ မောင်နန္ဒ မဩေးဥမ္မာတို့ လှူဒါန်းတဲ့ အရဏ် ခေါက်ဆွဲကြော်ဆွမ်း အချိုပွဲတို့ကို မေတ္တာပွားများ ဘုဉ်းပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဘုဉ်းပေးအပြီး မောင်မိုးကျော်ကနေ ဥရောပခရီးစဉ်အကြောင်း အသေးစိတ်ကို ဘုန်းကြီးနားလည်သဘောပေါက်အောင် မြေပုံများဆွဲပြကာ ရှင်းပြပါတယ်။

နေ့ဆွမ်းကိုလည်း မောင်နန္ဒနဲ့ မအေးဥမ္မာတို့ကပဲ ဆက်ကပ်ပါတယ်။ မောင်နန္ဒက ရန်ကုန် ရွှေမင်းဝံရိပ်သာ ပန်းတင့်ရတနာစံကျောင်းအမကြီး ဒေါ်ခင်တင့်ရဲ့တူ ဖြစ်ပါတယ်။

ဒီနေ့ ၂ နာရီမှာ ဆရာတော်ဦးကုသလ၊ ဦးဝိသုတ၊ ဦးတောသနတို့ ဦးဆောင်ပြီး ပရိသတ်များနဲ့အတူ နယုန်လပြည့် မဟာသမယနေ့မှာ မဟာသမယသုတ်တော်ကို ရွတ်ဆိုပြီး ပူဇော်ကြပါတယ်။ ၃ နာရီမှာ ဘုန်းကြီးက ဆက်လက်ပြီး "ဣရိယာပထပိုင်းတရား"ကို ဟောကြားပေးခဲ့ပါတယ်။ ပရိသတ် ၁၅ ဦးရှိပါတယ်။

◆◆◆



# ဥရောပတိုးစ် အစပျိုးပြီ

(အမေရိကန်-အင်္ဂလန်)မှ ⇨ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ အီတလီသို့

## ဇွန်လ ၈ ရက်၊ ၂၀၀၉

ဇွန်လ ၈ ရက်နေ့မနက်မှာ နိုးနေကျထုံးစံအတိုင်း နံနက် ၄ နာရီမှာ အိပ်ရာကထ တစ်ကိုယ်ရည်သန့်ရှင်းမှု ပြုဖွယ်များ ဆောင်ရွက်ပြီး နေ့စဉ်လုပ်နေကျလုပ်ငန်းစဉ်အတိုင်း ဘုရားဝတ်တက်တရားရှုမှတ် မေတ္တာပွားများပြီး ၅ နာရီမှာ အလှူရှင် မမွန်မွန် လှူဒါန်းသော နန်းကြီးသုပ်ဆွမ်းနှင့် အချိုပွဲတို့ကို မေတ္တာပွားဘုဉ်းပေးပါတယ်။

ဆွမ်းဘုဉ်းပေးအပြီးမှာတော့ ပြင်သစ်နိုင်ငံ ပါရီမြို့ခရီးကို စတင်ဖို့အတွက် လန်ဒန်ဝိဟာရကျောင်းမှ ဦးတောသနနဲ့ ဦးဉာဏိကတို့က ပြင်သစ်နိုင်ငံကို ထွက်ခွာမယ့် ဘူတာရုံကြီးကို လိုက်လံပို့ဆောင်ပေးကြပါတယ်။

ကျောင်းကထွက်ပြီး ဘတ်စ်ကားတစ်ဆင့် မြေအောက်ရထားတစ်ဆင့်နဲ့ လန်ဒန်ဘူတာရုံကြီးဆီသို့ ၆း၅၀ နာရီမှာ ရောက်ရှိခဲ့ပါတယ်။ ဦးတောသနနှင့် ဦးဉာဏိကတို့

www.burmeseclassic.com



နဲ့အတူ ဘူတာရုံအဝင်ဝမှာ မှတ်တမ်းဓာတ်ပုံများ ရိုက်ယူခဲ့ပါတယ်။ ဘူတာရုံကြီးက ခမ်းနားကြီးကျယ်တော့ တွေ့ဖူးသမျှ အမိုးမိုးအဆောက်အဦးတွေထဲမှာ အကြီးဆုံးဖြစ်မယ်တောင် ထင်မိပါတယ်။ အဆောက်အဦးကြီးက ကြီးပေမယ့် လျှပ်စစ်မီးရောင်အပြင် သဘာဝနေအလင်းရောင်ကိုပါ ရအောင်ဖန်တီးထားလို့ လင်းလင်းချင်းချင်း ရှိပါတယ်။ သပ်ရပ် သန့်ရှင်းနေတဲ့ ဘူတာရုံကြီးဟာ ဘူတာရုံဆိုတာထက် ဈေးရုံကြီးတစ်ခုနဲ့ ပိုတူနေတယ်လို့ ခံစားမိပါတယ်။ ဓာတ်ပုံရိုက်အပြီး ဦးတောသနနဲ့ ဦးဉာဏိကတို့ကို နှုတ်ဆက်ကာ ဘူတာအတွင်းထဲကို ဝင်ခဲ့ပါတယ်။ သူတို့လိုက်ပါပို့ဆောင်ဖို့က ဒါနောက်ဆုံးနေရာပါပဲ။ ဒီက ဟိုဘက်ကို ဖြတ်သန်းဖို့က လက်မှတ်လိုတယ်လေ။

ဘူတာအတွင်းပိုင်းကို ဝင်ဖို့အတွက် အင်တာနက်ကနေ ထုတ်လာတဲ့ ဘားကုဒ်ပါတဲ့ စက္ကူလေးကို အဝင်ဝ ဘားကုဒ်ဖတ်တဲ့ စက်မှာ ကပ်လိုက်ရပါတယ်။ သူတို့ဆီမှာတော့ လက်မှတ်ကိုလည်း အင်တာနက်က ကြိုဝယ်၊ အင်တာနက်က ကြိုထုတ်လုပ်ရတာမို့ လက်မှတ်ဝယ်ဖို့ တန်းစီရတဲ့ ဒုက္ခကင်းဝေးစေသလို အချိန်ကုန်နေစရာမလိုလို့ အခြားအလုပ်တွေ လုပ်နိုင်ဖို့လည်း အချိန်ပိုရပါတယ်။ မလိုအပ်တဲ့ အချိန်တွေကုန်ဆုံးရခြင်းဟာ အလွန်နှမြောဖို့ကောင်းတာကိုလည်း တွေးမိပါတယ်။



နံနက် ၇း၂၇ နာရီမှာ ရထားစတင်ထွက်ခွာခဲ့ပါတယ်။ ရထားဟာ ပထမပိုင်းမှာ မြေပြင်ပေါ်မှာ ခုတ်မောင်းသွားခဲ့ပြီး ခရီးတစ်ဝက်လောက်မှာ ပင်လယ်ပြင်အောက်ကနေ ခုတ်မောင်းတော့မှာဖြစ်ကြောင်း ရထားရဲ့အသံလွှင့်စက်က ကြေညာသံကိုကြားရပြီး အချိန်အတော်ကြာအောင် လိုဏ်ခေါင်းတစ်ခုအတွင်းမှ ခုတ်မောင်းခဲ့ပါတယ်။ ၂၅ မိုင်ကျော်ကျယ်တဲ့ အင်္ဂလိပ်ရေလက်ကြားကို ပြင်သစ်နဲ့ အင်္ဂလန်နှစ်နိုင်ငံ ဆက်သွယ်ဖို့ ပင်လယ်ရေအောက်ကြမ်းပြင်ကနေ ဖောက်လုပ်ထားတဲ့ ရထားလမ်းပါ။ လိုဏ်ခေါင်းထဲက အထွက်မှာတော့ ပြင်သစ်နိုင်ငံ၏ နယ်နိမိတ်လို့ သိရပြီး သဘာဝအတိုင်းလှပနေတဲ့ရှုခင်းများကို တွေ့ရပါတယ်။ အဲဒီရှုခင်းများကို မြင်လိုက်ရတဲ့အချိန်မှာတော့ စိတ်ထဲမှာ ကြည်လင်လန်းဆန်းခဲ့ပါတယ်။

ခရီးချိန် စုစုပေါင်း နှစ်နာရီကျော်ကျော်လောက်အပြီးမှာတော့ ပြင်သစ်နိုင်ငံ ပါရီမြို့မြောက်ဘက်မှာရှိတဲ့ ဘူတာရုံကြီးကို ပြင်သစ်စံတော်ချိန် ၁၁ နာရီမှာ ဆိုက်ရောက်ခဲ့ပါတော့တယ်။

အင်္ဂလန်နိုင်ငံထက် ပြင်သစ်နိုင်ငံက တစ်နာရီစောတဲ့အတွက် ၃ နာရီခွဲလောက်စီးရမယ့်အစား ကြားထဲမှာ တစ်နာရီပျောက်သွားတဲ့အတွက် ၂ နာရီခွဲသာ စီးခဲ့ရပါတယ်။ ပြင်သစ်ဘူတာရုံကြီးသို့ ရထားဆိုက်ရောက်တဲ့အခါ အင်္ဂလန်

www.burmeseclassic.com


www.burmeseclassic.com



မှ ဦးတောသနက ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဘုန်းတော်ကြီး ဦးကုမာရက လာရောက်ကြိုဆိုနေခဲ့တဲ့အတွက် ပြင်သစ်နိုင်ငံ လေ့လာရေးခရီးအတွက် အပူအပင်ကင်းစွာနဲ့ လည်ပတ်နိုင်ပြီလို့ တွေးမိပြီး ကျေနပ်ကြည်နူးမိပါတယ်။ ဆရာတော် ဦးကုမာရက ပြင်သစ်မှာ သီတင်းသုံးနေတဲ့ ဆရာတော်တစ်ပါးဖြစ်ပါတယ်။ ဘာသာစကား အခက်အခဲရယ်၊ မြန်မာနွယ်ဖွားတွေ ပြင်သစ်မှာ များများစားစား မရှိတာရယ်ကြောင့် ပြင်သစ်မှာ သီတင်းသုံးတဲ့ မြန်မာရဟန်းတွေလည်း အင်မတန် နည်းပါးပါတယ်။ ဘုန်းကြီးတို့ ကြားမိဖူးသလောက်တော့ ၂ ပါး၊ ၃ ပါးထက် မပိုပါဘူး။ ဆရာတော် ဦးကုမာရကတော့ အဲဒီ ရှားရှားပါးပါးထဲက တစ်ပါးပါပဲ။

အဲဒီနေ့ နေ့ဆွမ်းကိုတော့ အချိန်သိပ်နည်းနေတဲ့အတွက် ဘုန်းတော်ကြီး ဦးကုမာရ ပင့်ဆောင်သွားတဲ့ အိန္ဒိယဆိုင်တစ်ဆိုင်မှာ အိန္ဒိယအစာနှင့် ဥရောပခရီးကို စတင်ခဲ့ပါတော့တယ်။ တစ်ချိန်ချိန်မှာတော့ ပြင်သစ်ရောက်ခိုက် ပြင်သစ်အစားအစာတစ်မျိုးမျိုးကို စမ်းဘုဉ်းပေးကြည့်ဖို့ စိတ်ကူးထားပါတယ်။ သူ့ရောက်ရာဒေသမှာ ဒေသအစားအစာများ စားကြည့်ခြင်းဟာလည်း ခရီးသွားခြင်းအတွေ့အကြုံရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်မယ်လို့ ယူဆမိပါတယ်။


ဆွမ်းဘုဉ်းပြီးအထွက်မှာ ပါရီရဲ့ မိုးက ဘုန်းကြီးတို့ရဲ့ ပါရီခရီးစဉ်ကို အေးအေးချမ်းချမ်းနဲ့ ကြိုဆိုလိုက်ပါတယ်။




မြို့ အမြင့်ပေ(၁၀၄၀)ရှိတဲ့ ကမ္ဘာကျော် အီဖယ်မျှော်စင်ကြီးကိုနောက်ခံပြုလျက် တပည့်မိုးကျော်စွာနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com





ပြင်သစ်၊ ပါရီမြို့၊ ဗီးနစ်ရက်ကျ၊ မိုနာလီဇာပန်းချီကား စသည့်၊ သဘာဝအတိုင်းထုလုပ်ချယ်သထားသော ရှေးဟောင်းအနုပညာများစုဝေးရာ
ဖြစ်တဲ့ - ကမ္ဘာ့ကျော်လူဗြူဆီယံ ပြတိုက်ကြီး အတူ



ပြင်သစ်၊ စစ်အောင်ဘုရင်၊ နပိုလီယံ -အထိမ်းအမှတ်၊ အပ်ဒီထရိုင်ရှိပီ မုခ်ဦးကို နောက်ခံပြုလျှက်၊ (လမ်းတို့၏ထိပ်ခေါင်)
ချမ်းအဲစီးလမ်းပေါ်မှာ ဤသို့အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com





ခရီးစဉ်မှာ အေးချမ်းပေမယ့် နိမိတ်ကောင်းတစ်ခုလို့ပဲ မှတ်ယူလိုက်ပါတယ်။ သို့ပေမယ့် သွားလာလည်ပတ်ဖို့အတွက်တော့ အနည်းငယ် ကသီလင်တဖြစ်မှာ အမှန်ပါပဲ။

သည်းသည်းမည်းမည်းရွာသွန်းနေတဲ့ ပါရီရဲ့ မိုးကြားကပဲ ကမ္ဘာလှည့်ခရီးသွားများအတွက် အထူးစီစဉ်ထားတဲ့ အမိုးပွင့် နှစ်ထပ်ဘတ်စ်ကားကြီးနဲ့ ကမ္ဘာကျော် လူးဗြူဆီယံကြီးကို သွားရောက်ခဲ့ပါတယ်။ ပြတိုက်ကြီးအပြင်ဘက်မှ ကြည့်လျှင် ဂငယ်ပုံစံကြီးမားပြီး ရှေးကျတဲ့ အဆောက်အအုံကြီးဖြစ်ပြီး ကျောက်ရုပ်တုကြီးများနှင့် တန်ဆာဆင်ထားပါတယ်။ အလယ်ခေါင်က သုံးမြှောင့်ပုံစံ ခေတ်မီအဆောက်အဦးကတော့ အဲဒီပြတိုက်ထဲကိုဝင်ဖို့အတွက် ဝင်ပေါက်ဖြစ်ပါတယ်။ အဲဒီဝင်ပေါက်ကနေ စက်လှေခါးနဲ့ဆင်းသွားပြီး ဝင်ခွင့်လက်မှတ်ဝယ်ယူရပါတယ်။ လက်မှတ်ဝယ်ယူပြီး အတွင်းဘက် စက်လှေခါးကနေ ကိုယ်စိတ်ဝင်စားရာ အဆောက်အဦးဝင်ပေါက်မှ စတင်ဝင်ရောက် လေ့လာနိုင်ပါတယ်။

ပြတိုက်အတွင်းမှာ သဘာဝအတိုင်း ထုလုပ်ထားတဲ့ လူရုပ်တုများနှင့် ရှေးဟောင်းဘုရင်ခေတ် နန်းတွင်း အဝတ်အစားအပြည့်နဲ့ လူရုပ်တုများ၊ သဘာဝအတိုင်း ရေးဆွဲထားတဲ့ ပန်းချီကားများ ချိတ်ဆွဲပြသထားပါတယ်။ သူတို့ ယဉ်ကျေးမှုအရတော့ ခုလို အဝတ်မပါ ဗလာပုံတူတွေ၊ ရုပ်တုတွေဟာ အဆန်းဖြစ်မယ်မထင်ပါဘူး။ ကြည့်ရှုသူတွေအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာမှမဝံ့မရဲဖြစ်နေတာ၊ ရှိုးတို့ ရှန့်တန့်ဖြစ်နေတာမျိုးကို မတွေ့ရပါဘူး။ ဘုန်းကြီးတို့ အရှေ့တိုင်း ယဉ်ကျေးမှု၊ အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုမှာဆိုလျှင်တော့ ဒီလိုပုံတွေ ရုပ်တုတွေကို ခုလိုအများကြည့် ရှုလေ့လာစရာအဖြစ် ထားကောင်းမှ ထားမှာလို့ စဉ်းစားမိပါတယ်။ ဒါဟာ ယဉ်ကျေးမှု မတူတဲ့အတွက် မြင်ပုံ စဉ်းစားတွေးခေါ်ပုံ မတူခြင်းရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်လေမှာပါပဲ။ ဒီတော့ ကိုယ့်အတွက် မယဉ်ကျေးဖွယ်လို့ ယူဆတဲ့အရာဖြစ်ပေမယ့် အခြားသူတွေအတွက် ယဉ်ကျေးမှုဖြစ်စေနိုင်တာမို့ ကိုယ့်အယူအဆနဲ့ မတူရုံမျှနဲ့ အရာရာမှာ အပြစ်လို့ မယူဆနိုင်ကြောင်းကို အမှတ်ရစေပါတယ်။

❖ ❖ ❖



## ဗိနပ်စ်နဲ့ မိုနာလီဇာ ဘယ်...ဘယ်သူသာပါလိမ့်

ပြင်သစ်ပြည်ရဲ့ ကမ္ဘာကျော် ပန်းချီပန်းပုလက်ရာများဖြစ်တဲ့ ဗီးနစ်ရုပ်တုနဲ့ မိုနာလီဇာပန်းချီကားအပြင် အခြားသော အနုပညာလက်ရာများကို အနီးကပ်ကြည့်ရှု လေ့လာခဲ့ရပါတယ်။ ပန်းချီပန်းပု အနုလက်ရာတွေရဲ့ အလှရသကို ပြည့်ပြည့်ဝဝကြီး ခံစားနားလည်နိုင်လောက်အောင် ဘုန်းကြီးမှာ နောက်ခံအကြောင်းမရှိလို့ ဗိနပ်စ်နဲ့ မိုနာလီဇာ ဘယ်သူကသာပြီး လက်ရာမြောက်တယ်ဆိုတာကိုတော့ အကဲမဖြတ်တတ်ပါဘူး။ တကယ်တော့လည်း ပန်းချီနဲ့ ပန်းပုဘယ်အရာက သာတယ်ဆိုတာကလည်း နှိုင်းယှဉ်သင့်တာမျိုးမှ မဟုတ်တာ။ သူတို့အနောက်က လူတွေပြောသလို ပန်းသီး ပန်းသီးခြင်း၊ လိမ္မော်သီး၊ လိမ္မော်သီးခြင်းမှသာ နှိုင်းယှဉ်သင့်မယ် မဟုတ်လား။ ပန်းချီနဲ့ ပန်းပုက အနုလက်ရာခြင်း တူတယ်ဆိုပေမယ့် ပန်းသီးနဲ့ လိမ္မော်သီး သစ်သီးခြင်းတူတယ်ဆိုရုံမျှ ဆိုသလိုပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကမှတစ်ဆင့် နော်ထယ်ဒိန်းလို့အမည်ရတဲ့ ရှေးဟောင်း ခရစ်ယာန်ဘုရားကျောင်းတော်ကြီးကို သွားရောက်လေ့လာခဲ့ပါတယ်။ ကျောင်းတော်ကြီးဟာ ရှေးကျပေမယ့် အကောင်းအတိုင်းပါပဲ။ နောက်ပြီးလည်း ခိုင်ခန့်ကြီးမားထည်ဝါလှပါတယ်။ အပြင်ရော အတွင်းမှာပါ သဘာဝကျောက်ဆစ်ရုပ်တုများနှင့် ခန်းနားစွာဆောက်လုပ်ထားပါတယ်။

အဲဒီနောက်မှာတော့ ပြင်သစ်စစ်ဘုရင် နပိုလီယံစစ်ပွဲအောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုမုခ်ဦး အပ်ဒီထရိုင်ရိုပ်ရှိပြီး ပါရီမြို့ရဲ့အလှဆုံးလို့ တင်စားခေါ်ဝေါ်ရတဲ့ ချမ့်အဲစီးလမ်းကို ရောက်ရှိခဲ့ပါတယ်။ ဘေးနှစ်ဘက်လုံးမှာ သစ်ပင်ကြီးများကို ညီညာစွာ စိုက်ပျိုးထားတဲ့ အဲဒီလမ်းမကြီးဟာလည်း ခန့်ညားထည်ဝါလှတဲ့ မုခ်ဦးကြီးနဲ့ ပဏာရလှပါတယ်။ မုခ်ဦးကြီးရဲ့ ဘေးပတ်ပတ်လည်မှာ ကျောက်ရုပ်တု ပန်းခက်ပန်းဆွယ်များနဲ့ တန်ဆာဆင်ထားခြင်းဟာလဲ ပြင်သစ်နိုင်ငံရဲ့ ရှေးဟောင်းအနုပညာပြောင်မြောက်မှုရဲ့ ထင်ရှားတဲ့ပြယုဂ်တွေပါပဲ။ ပထမဆုံးနေ့ ပါရီမြို့ အပေါ်အမြင်ကို သုံးသပ်ရမယ်ဆိုရင်ဖြင့် ပါရီမြို့ကြီးဟာ ရှေးကျတဲ့အဆောက်အအုံများ ရုပ်တုများနဲ့ ပြည့်နှက်နေပေမယ့် ခေတ်မီတဲ့အမြင်နဲ့ စနစ်တကျ ပုံစံချတည်ဆောက်ထားတဲ့ လှပတဲ့မြို့တစ်မြို့ပါပဲ။ လေ့လာစရာကောင်းတဲ့ ကမ္ဘာ့မြို့ကြီးတစ်မြို့ပါပဲ။



ဥရောပခရီး ပထမဆုံးနေ့ကတော့ အပ်ဒီထရိုင်ပီမုခ်ဦးမှာ အဆုံးသပ်ပါတယ်။ ဘုန်းကြီးတို့ တည်းခိုတဲ့ အတ္တလန်တာ ဖရီးဒေါ့ ဟိုတယ်ကိုပြန်အရောက်မှာတော့ တစ်နေ့လုံးသွားခဲ့တာတွေကြောင့် ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားပါတော့တယ်။ ဟိုတယ်ရဲ့ အိပ်ခန်းမှာ ကျယ်ဝန်းပြီး ပရိဘောဂအစုံအလင်နဲ့ နေရအိပ်ရတာ အဆင်ပြေပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ဘာဆိုင်းနှင့် အီတယ်လီ ရောက်အောင်ပို့မယ်

(ဥရောပခရီးစဉ် ဒုတိယနေ့) ဇွန်-၉ ရက်၊ ၂၀၀၉

ကျောင်းမှာလို ဆွမ်းအလှူရှင်တွေမရှိတဲ့အတွက် ဟိုတယ်က စီစဉ်ထားပေးတဲ့ နံနက်စာစားဖို့အတွက် သူတို့ရဲ့ နံနက်စာစားချိန်အမီ ၆း၃၀ မှာ အိပ်ရာကထပြီး သန့်စင်ခန်းဝင် ပြုဖွယ်ကိစ္စတွေ ဆောင်ရွက်ပြီး နံနက်စာစားခန်းကိုသွားပြီး ပေါင်မုန့်ထောပတ်သုပ် ကော်ဖီနဲ့ ကြက်ဥကြော် ဘုဉ်းပေးပြီး ၈း၃၀ အချိန်မှာ ဦးကုမာရနဲ့အတူ ဟိုတယ်နဲ့ မနီးမဝေးမှာရှိတဲ့ ဘာစလီက ဘုရားရှိခိုးကျောင်းကို လမ်းလျှောက်သွားခဲ့ပါတယ်။ အဲဒီဘုရားရှိခိုးကျောင်းဟာ တောင်ကုန်းလေးပေါ်မှာ တည်ရှိတဲ့အတွက် စက်ရထားနဲ့ တက်နိုင်ပါတယ်။ ဘုန်းကြီးတို့ကတော့ စကားတပြောပြောနဲ့ ကမ္ဘာ့ပေါ်က အနုပညာရှင်တွေ စုစည်းတယ်လို့ ကျော်ကြားတဲ့ ဘုရားကျောင်းနားက ရပ်ကွက်ကလေးထဲကနေ လမ်းလျှောက်ပြီး တက်ခဲ့ကြပါတယ်။ ရပ်ကွက်ကလေးထဲမှာ လမ်းလျှောက်ရတာဟာ မြန်မာပြည်က ဆင်ခြေဖုံးရပ်ကွက်ကလေးတစ်ခုကို ရောက်



နေသလို ခံစားရပါတယ်။ ရပ်ကွက်ထဲက ပန်းချီပန်းပုဆိုင်တွေနဲ့ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တွေသာ ရှိမနေခဲ့ဘူးဆိုရင်တော့ မြန်မာပြည်ကို ပြန်ရောက်နေတဲ့အတိုင်းပါပဲ။

အဲဒီဘုရားကျောင်းမှတစ်ဆင့် မြေအောက် နှစ်ထပ်ရထားစီးပြီး ပါရီမြို့ရဲ့အစွန်မှာရှိတဲ့ ဘာဆိုင်းနန်းတော်ကို သွားရောက်ခဲ့ပါတယ်။ အဲဒီကို ၁၁ နာရီလောက်မှာ ရောက်ရှိခဲ့ပါတယ်။ ဘာဆိုင်းနန်းတော်ရှိရာ အနီးဆုံးဘူတာမှာ ဆင်းပြီး ဆွမ်းဘုဉ်းဖို့အတွက် စီစဉ်ရပါတယ်။ ဘူတာရုံအနီးမှာရှိတဲ့ ပြင်သစ်စားသောက်ဆိုင်မှာ မောင်မိုးကျော် ဆက်ကပ်တဲ့ ပြင်သစ်အစားအစာတွေနဲ့ ပြင်သစ်နိုင်ငံရဲ့ အရသာကို စတင်ထိတွေ့ခဲ့ရပါတယ်။

ပြင်သစ်အစားအစာတွေကတော့ ခေါက်ဆွဲပြားပေါ်မှာ ခပ်ရှည်ရှည်တုံးထားတဲ့ ဆော်လမွန်ငါးကို သုံးမြှောင့်ပုံကလေး တင်ထားပြီး ၃ လက်မလောက်ရှည်တဲ့ ကြက်သွန်မိတ် အပြားရှည်ရှည် နှစ်ချောင်းကိုလဲ ကန့်လန့်ဖြတ်တင်ထားတယ်။ လက်သဲခွန်လောက် လှီးထားတဲ့ ခရမ်းချဉ်သီးဆယ်တုန်းခန့်ကိုလည်း ခေါက်ဆွဲရဲ့ ဘေးပန်းကန်နှုတ်ခမ်းမှာ ဖြန့်ကျဲထားတယ်။ ငရုတ်မှုန့်ရဲရဲကလေးတွေကိုလည်း ပန်းကန်ပြားပတ်လည်မှာ လှနေအောင် ဖြူးထားတာကို တွေ့ရတယ်။ ဆီလုံးဝမပါ အပြုတ်လို့ပဲထင်ပါတယ်။ နောက်တစ်မျိုးကတော့ အသီးအရွက်တွေကို စက်နှင့်ကြိတ်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟင်းချိုလိုက တစ်ခွက်၊ နောက်တစ်ခုက ပေါင်မုန့်ကို ဓားနဲ့ လှီးပြီး တုန်းထားတာလေးက လေးငါးတုန်းဆိုတော့ ခံတွင်းသိပ်မလိုက်ချင်ဘူး။ ဘုန်းကြီးကလည်း ပြင်သစ်ရောက်တုန်း ပြင်သစ်စာစားချင်တာဆိုတော့ သိပ်ပြီး အာသာကမပြေချင်ဘူး။ ဒါနဲ့ အာလူးချောင်းကြော်လေး မှာခိုင်းပြီး စားလိုက်မှ နဲနဲအဆင်ပြေသွားတယ်။ ဦးကုမာရကတော့ ပြင်သစ်နိုင်ငံမှာ နေတာကြာနေပြီဖြစ်တဲ့ ဘုန်းကြီးဆိုတော့ အဆင်ပြေမယ်လို့ တွေးရတာပဲ။ ဆွမ်းဘုဉ်းပြီးတာနဲ့ ဘုန်းကြီးတို့လည်း ဘာဆိုင်းနန်းတော်ပြခန်းတွေနဲ့ ဥယျာဉ်တို့ကို သွားရောက်လေ့လာကြည့်ရှုခဲ့ပါတယ်။ ဘာဆိုင်းနန်းတော်ကြီးဟာ ပါရီမြို့ရဲ့ အနောက်တောင်ဘက် ကီလိုမီတာ ၂၀ လောက်အကွာမှာ တည်ရှိပြီး တကယ့်ကို ပြင်သစ်သမိုင်းမှာ ထင်ရှားကျော်ကြားခဲ့တဲ့ နန်းတော်ကြီးဖြစ်လို့ လေ့လာသင့်တဲ့နေရာတစ်ခု ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့တဲ့ ပြင်သစ်နိုင်ငံရဲ့ ရှေးဟောင်းအမွေအနှစ် အဖိုးတန်နေရာတစ်ခုဖြစ်ပါတယ်။

နန်းတော်ကအပြန်မှာတော့ မြေအောက်ရထားစီးပြီး ကမ္ဘာကျော် အီဖယ်လ်မျှော်စင်ကြီးကို သွားရောက်လေ့လာခဲ့ပါတယ်။ ၁၈၈၉ ခုနှစ်မှာ ဆောက်လုပ်ခဲ့ပြီး အလေးချိန် တန် ၇၀၀၀ နဲ့ အမြင့်ပေ ၁၀၄၀ ရှိတဲ့ အီဖယ်လ်မျှော်စင်ကြီးကို မြင်တွေ့ရတဲ့အချိန်မှာ တည်ဆောက်ခဲ့တဲ့ ဗိသုကာတွေကို



လိုက်လိုက်လှဲလှဲကို ချီးကျူးမိပါတယ်။ အဲဒီခေတ် အဲဒီအချိန်က ပုံစံဆွဲခဲ့ပေမယ့်လည်း ယနေ့ထိတိုင်အောင် ခေတ်မီနေတဲ့ မျှော်စင်ကြီးဟာ ရင်သပ်ရှုမော အံ့သြလို့မကုန်နိုင်ပါဘူး။ မျှော်စင်ကြီးအပေါ်ဆုံးအထိတက်ရောက်ခဲ့ပြီး ပါရီမြို့ကြီးရဲ့ သာယာလှပပုံကို အပေါ်စီးမှ ကြည့်ရှုခံစား မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးရင်းနဲ့ အကွက်ချပြီး စနစ်တကျ တည်ဆောက်ထားပုံကို မြင်ရတော့ မြတ်စွာဘုရားလက်ထက်၊ အဇာတသတ်မင်းဟာ သူ့တိုင်းပြည်ရဲ့ နယ်စပ်ဖြစ်တဲ့ ပါဋလိပုတ် ရွာငယ်လေးကို အမတ်ချုပ်နှစ်ဦးဖြစ်တဲ့ သုနိတနဲ့ ဝဿကာရ တို့ကို စေလွှတ်ပြီး မြို့အဖြစ် တည်ဆောက်စဉ်က အကွက်ချပြီး သူ့နေရာနဲ့သူ သတ်မှတ်ပြီး စနစ်တကျ တည်ဆောက်ခဲ့သလိုပါပဲလို့ စိတ်ထဲမှာ ဖြစ်ပေါ်လာခဲ့တယ်။ မျှော်စင်ကြီးမှ မြေအောက်ရထားစီးပြီး အပြန်လမ်းမှာ ဘုန်းကြီးနဲ့ မောင်မိုးကျော်တို့ကို ပြင်သစ်နိုင်ငံ ပါရီမြို့အနှံ့ မိုးထဲရေထဲမှာ ရထားတစ်တန် ကားတစ်တန်နဲ့ အပင်အပန်းခံပြီး နှစ်ရက်လုံးလုံး လိုက်ပါပို့ဆောင်ပေးခဲ့တဲ့ ပြင်သစ်ဆရာတော် ဦးကုမာရကို ကျေးဇူးတင်ဝမ်းမြောက်ကြောင်း စကားပြောကြားကာ နှုတ်ဆက်လမ်းခွဲခဲ့ကြပါတယ်။

တည်းခိုရာဟိုတယ်သို့ ည ၇ နာရီကျော်ကျော်မှာ ပြန်ရောက်ရှိခဲ့ပါတယ်။ ခေတ္တအနားယူရေချိုးပြီးတဲ့နောက် ည ၁၀ နာရီလောက်မှာ မောင်မိုးကျော်နဲ့အတူ တည်းခိုရာအနီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်မှာရှိတဲ့ အော်ပရာပြဇာတ်ရုံများဘက် လမ်းလျှောက်လေ့လာကြည့်ပြီး ည ၁၂ နာရီမှာ အိပ်ရာဝင်အနားယူခဲ့ကြပါတယ်။

❖ ❖ ❖



## ဂျနီဗာ ငွေးရစ်၊ မြူးနစ်က ရှုပွယ်ရာ၊ ဆန်းထူးစုံစွာ

(ဥရောပခရီးစဉ် တတိယနေ့) ၄၄-၁၀ ရက်၊ ၂၀၀၇

ဒီနေ့တော့ ပြင်သစ်နိုင်ငံ ပါရီမြို့ကနေ ဆွစ်ဇာလန်နိုင်ငံကို ထွက်ခွာဖို့ဖြစ်တဲ့အတွက် အိပ်ရာမှ ၄း၃၀ မှာ ထပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ပြီး တည်းခိုရာဟိုတယ်မှာ ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာမည့် ဂါဒီလီရန် မီးရထားဘူတာရုံသို့ ကြိုတင်မှာထားတဲ့ အငှားကားနဲ့ ဆရာတပည့်နှစ်ယောက် ထွက်လာခဲ့ကြပါတယ်။ ဘူတာရုံမှာ ကြီးမားလွန်းလို့ စီးရမယ့် ဝင်ပေါက်ဂိတ်ကို မေးရင်းမြန်းရင်း ရှာရပြန်ပါတယ်။ ဘာသန္တရ မကျွမ်းကျင်သူအနေနဲ့တော့ ဒီလောက်ကြီးမားတဲ့ ဘူတာရုံကြီးထဲမှာ ကိုယ်စီးရမယ့်ရထားကို ရှာတွေ့ဖို့ကတော့ တော်တော့်ကို မလွယ်ကူတဲ့ အလုပ်ဖြစ်မှာပါ။

ရထားလက်မှတ်ရောင်းတဲ့ ဂိတ်ပေါင်းတင်ကို ၅၀ လောက်ရှိတာကို တွေ့ရပါတယ်။ ဘုန်းကြီးတို့စီးရမယ့် ဂိတ်က ၂၁ တဲ့။ နောက်မှာ ဘယ်လောက်များရှိဦးမှာပါလိမ့်လို့ တွေးကြည့်မိတယ်။ တကယ်တော့ ဘုန်းကြီးရဲ့ ဥရောပခရီး

www.burmeseclassic.com

www.burmeseclassic.com



စဉ်ဟာ တပည့်တော်မောင်မိုးကျော်ပါလာတဲ့အတွက် အခုထိ ရောက်သမျှနေရာတိုင်းမှာ ဘာမှအခက်အခဲမရှိ အဆင်ပြေ ချောမွေ့စွာ ဖြတ်ကျော်နိုင်ခဲ့တာပါ။

ဒီနေရာမှာ အလျဉ်းသင့်လို့ အဆင်ပြေတာလေးတစ်ခု ရေးပြချင်ပါတယ်။ အခု ဘုန်းကြီးတို့ ပြင်သစ်နိုင်ငံကနေ ဆွစ်ဇာလန်နိုင်ငံအသွားမှာ နိုင်ငံရပ်ခြားဖြစ်နေပေမယ့် နိုင်ငံကူးလက်မှတ်ကို ထုပ်ပြီး တစ်နိုင်ငံနဲ့ တစ်နိုင်ငံရဲ့ လူဝင်မှုကြီးကြပ်ရေးကို ပြစရာမလိုတော့ပါ။ အဲဒါက ဥရောပနိုင်ငံများအချင်းချင်း သဘောတူညီမှုယူထားပြီးဖြစ်တဲ့အတွက် ဥရောပ ၁၉ နိုင်ငံအတွက် ရှန်ဂန်ဗီဇာတစ်ခုတည်းနဲ့တင်ကို လုံလောက်ပါတယ်။ ခရီးသွားများအတွက် အဆင်ပြေတဲ့အစီအစဉ်လေးတစ်ခုဖြစ်တဲ့အတွက် စာရွက်စာတန်းအလုပ်များများ မလုပ်နိုင်မလုပ်ချင်သူတွေအတွက် အဆင်ပြေပါတယ်။

ဆွစ်ဇာလန်နိုင်ငံသွားမယ့်ရထားကြီးဟာ ၇း၂၀ အချိန်မှာ စတင်ထွက်ခွာခဲ့ပါပြီ။ ခရီးဆုံးဖြစ်တဲ့ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့ရောက်တာနဲ့ နေ့လယ်ပိုင်းမှာ လေ့လာရဦးမှာမို့ ရထားပေါ်မှာ အနားယူအိပ်စက်ပြီး လိုက်ပါခဲ့ပါတယ်။ ၁၀း၄၅ နာရီမှာ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့ကို ဆိုက်ရောက်ခဲ့ပါတယ်။ အာရုံဆွမ်းကိုတော့ ပါရီကအထွက်ဘူတာမှာ ပေါင်မုန့်နဲ့ ပြီးခဲ့တာပါ။ ဒါကြောင့် ဂျနီဗာကိုရောက်တယ်ဆိုရင်ပဲ တပည့်မောင်မိုးကျော်မှာတော့ နေ့ဆွမ်းကပ်ဖို့အတွက် အပြေး



အလွှားလေး စီစဉ်ရပါတယ်။ ပထမဆိုင်တစ်ဆိုင်ဝင်တာ အဆင်မပြေခဲ့ပါဘူး။ မောင်မိုးကျော်ရဲ့အဆိုအရ အဲဒီဆိုင်က နေ့လယ်စာကို မရောင်းသေးလို့တဲ့။ နောက်တစ်ဆိုင်ဝင်လိုက်တော့မှပဲ နေ့ဆွမ်းအတွက် ရန်ကုန်က အချို့လူတွေစားပြီး သဘောကျကြတယ်ဆိုတဲ့ အီတာလီယံခေါက်ဆွဲကို ဆက်ကပ်ခဲ့ပါတယ်။

ပြင်သစ်မှာပြီးခဲ့တဲ့နေ့က စားတဲ့ပြင်သစ်စာထက်စာရင်တော့ ဘုန်းကြီးအတွက် အဆင်ပြေတယ်လို့ ဆိုရမှာပါပဲ။ နေ့ဆွမ်းဘုဉ်းပြီးချိန်မှာတော့ နောက်တစ်နေ့ ဆက်ရမယ့်ခရီးစဉ်အတွက် ဘူတာရုံကို ပြန်သွားပြီး အချိန်စာရင်းကြည့်၊ လက်မှတ်ဝယ်နဲ့ နည်းနည်းအလုပ်များသွားပါတယ်။ အဲဒီကပြီးမှ တည်းခိုမည့်ဟိုတယ်သို့ အငှားကားနဲ့ သွားကြရပါတယ်။ ကိုယ်မရောက်ဘူးတဲ့ တိုင်းပြည်ကို ကွန်ပျူတာကနေတစ်ဆင့်ကြည့်ပြီး စီစဉ်ထားရတဲ့အတွက် ဖြစ်တတ်ကြတဲ့အခက်အခဲလေးတစ်ခုကို စတင်ရင်ဆိုင်ရပါပြီ။ ဂျနီဗာမှာနေဖို့ စီစဉ်ထားတဲ့ဟိုတယ်ဟာ မြို့နဲ့အတော်အလှမ်းကွာနေမှန်းကို အငှားကားစီးရင်း သတိပြုမိပါတယ်။

ကားနဲ့တစ်နာရီခန့်သွားလို့ မရောက်နိုင်သေးတဲ့ဟိုတယ်ကို မသွားတော့ဘဲ ဟိုတယ်ခ အဆုံးခံပြီး တစ်ရက်တာနေရမယ့်အချိန်မှာ အဆင်ပြေပြေ လေ့လာကြည့်ရှုနိုင်ဖို့ အဓိကထားဆုံးဖြတ်လိုက်ပြီး ယာဉ်မောင်းကို မြို့တွင်းဘက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်လည်လှည့်စေကာ မြို့တွင်းက ဟိုတယ်တစ်ခုကို တစ်ညစာအတွက် ရှာပေးဖို့ တောင်းဆိုရပါတယ်။ သူပို့ပေးတဲ့ ဟိုတယ်မှာ ခဏအနားယူ၊ ဆွစ်ဇာလန်နိုင်ငံ၊ မြို့ခံ ဒကာမကြီးဖြစ်တဲ့ ဒေါ်အေးအေးမြနဲ့ ဖုန်းပြောပြီး နောက်တစ်နေ့မှာဆုံဖို့ အချိတ်အဆက်တွေလုပ်ပြီး နေ့လယ် ၃ နာရီလောက်မှာ ဟိုတယ်ကနေ ဂျနီဗာမြို့ လေ့လာရေးခရီးကို စတင်ခဲ့ပါတယ်။

ဘုန်းကြီးလေ့လာရသလောက်ကတော့ ဂျနီဗာမြို့ဟာ အချက် ၂၀ ချက်နဲ့ နာမည်ကြီးပါတယ်။ ပထမတစ်ချက်က ဒုတိယကမ္ဘာစစ်အပြီးမှာ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုခဲ့တဲ့နေရာဆိုတာရယ်၊ ဆွစ်ဇာလန်လုပ်နာရီအချို့တွေရဲ့ ဒိုင်ခွက်တွေမှာပါလာတတ်တဲ့ သူ့ရဲ့အမည်ဖြစ်ပါတယ်။ မြို့ရဲ့အထင်ကရနေရာများဖြစ်တဲ့ ကုလသမဂ္ဂအဆောက်အဦးများ၊ ကမ္ဘာကျန်းမာရေးအဖွဲ့ အဆောက်အဦး၊ ကမ္ဘာကြက်ခြေနီအဖွဲ့ချုပ်ရုံး၊ ကမ္ဘာအလုပ်သမားအဖွဲ့ရုံး၊ ဂျနီဗာမြို့ရဲ့ သင်္ကေတတစ်ခုဖြစ်တဲ့ ဂျနီဗာကန်အတွင်းက ရေပန်း၊ ကမ္ဘာအထင်ကရ နာရီထုတ်လုပ်တဲ့မြို့ရဲ့ အထိမ်းအမှတ်အဖြစ် ပန်းများနဲ့ ပုံဖော်ထားတဲ့ မြက်ခင်းပေါ်က နာရီတို့ကို ကမ္ဘာလှည့်ခရီးသည်များအတွက် စီစဉ်ပေးထားတဲ့ ကားကလေးနဲ့ လိုက်လံလေ့လာပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ပါတယ်။ ဟိုတယ်အပြန်လမ်းမှာတော့ မြို့လယ်မှာရှိတဲ့ အလွန်ကြီးကျယ်ခမ်းနားပြီး ဈေးအကြီးဆုံးနာရီများနဲ့ လက်ဝတ်ရတနာအရောင်းဆိုင်ကြီးများ



ကို ခရီးသွားဟန်လွဲ ကြည့်ရှုလေ့လာရင်း ၇း၃၅ မိနစ်အချိန်မှာ ဟိုတယ်ကိုပြန်လည်ရောက်ရှိခဲ့ပါတယ်။ ညဘက်မှာ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့မှာနေထိုင်တဲ့ မခင်ခင်ကျော်ထံမှ ဇွန်လ ၃၀ ရက်နေ့မှာ မြန်မာပြည်အပြန်အတွက် လေယာဉ် လက်မှတ်ရပြီဆိုတဲ့သတင်း ကြားရပါတယ်။

အခုညမှာလည်း ယခင်ညနည်းတူ အိပ်ရာဝင်နောက်ကျခဲ့ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

## မြေအောက်မြို့တော် တင်စားခေါ်


(ဥရောပခရီးစဉ် စာတွေ့နေ့) ၄ွန်-၁၁ ရက်၊ ၂၀၀၇

ယခင်နေ့က စီစဉ်ထားတဲ့ရထားကို အေးအေးချမ်းချမ်း မီနိုင်ဖို့အတွက် နံနက် ၆ နာရီမှာ အိပ်ရာကထပြီး ဟိုတယ်မှ အငှားကားနဲ့ ဘူတာရုံရာကို ထွက်ခဲ့ကြပါတယ်။ နံနက်စာကိုတော့ ဘူတာမှာပဲ မောင်မိုးကျော်ဆက်ကပ်တဲ့ ပေါင်မုန့်ထောပတ်သုပ်၊ ကော်ဖီနဲ့ ပြီးလိုက်ပါတယ်။ နံနက်စာ ဘုဉ်းပေးအပြီးမှာ ရေသောက်ချင်လာလို့ ရေပုလင်းဝယ်ခိုင်းတဲ့အချိန်မှာ မနေ့ညကဖြစ်ခဲ့တဲ့ အဆင်မပြေမှုအတိုင်း ထပ်ကြုံတွေ့ရပြန်ပါတယ်။ အဲဒါကတော့ ဆိုဒါလိုဖြစ်နေတဲ့ရေကိုဝယ်လိုက်မိလို့ပါပဲ။ အဲဒီတော့မှ သတိထားမိသွားတယ်။ ဒီဥရောပနိုင်ငံတွေမှာရှိတဲ့ လူတွေ ရေသောက်တာကို အမေရိကန်မှာလောက် မတွေ့ရဘူး။ ဆိုင်တွေမှာလဲ ရေပုလင်း ပေါပေါများများ တင်ရောင်းတာကို အမေရိကန်မှာလို မတွေ့ရဘူး။ ရေသောက်ချင်ရင် ရေပုလင်းရှာရတာ ဒုက္ခတစ်ခုလိုဖြစ်လာတယ်။




www.burmeseclassic.com

www.burmeseclassic.com




ဆွစ်ဇာလန်ရှိ၊ ကမ္ဘာကျော်တောင်ကွဲကြီးနှင့် ဤသို့အမှတ်တရ



ဆွစ်ဇာလန်၏ အထင်ကရ ရေခဲတောင်အလုကို "သာသနာပြုခရီးစဉ် ကျိုးတော်ဆောင်" (တပည့်) မောင်မိုးကျော်စွာနှင့်အတူ ဤသို့မှတ်တမ်းပြုခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com




ဆွစ်ဇာလန် ၊ ခရီးသွားရထားပေါ်ဝယ် မှတ်တမ်းစာများရေးသားနေစဉ် အမှတ်တရ




ဆွစ်ဇာလန်၊ ပန်းများဖြင့်စီမံထားသောနာရီကြီးနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com





ဘုန်းကြီးရေဆာလို့ မောင်မိုးကျော်ရေရှာတဲ့အခါမှာ လွယ်လွယ်ကူကူနဲ့ဝယ်လို့မရတာ သတိထားမိတယ်။ ဆိုဒါပါတဲ့ ရေလား၊ မပါတဲ့ရေလားဆိုတာ မေးဝယ်ရတာ သူ့အတွက် အလုပ်တစ်ခုလိုဖြစ်နေတာ။ ဘုန်းကြီးတို့လိုက်ပါမယ့် ရထားစကြိန်ဘက်လာခဲ့ပြီး ၇း၁၀ မှာ ဆွစ်ဇာလန်နိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ ဗန်းမြို့ကိုသွားရောက်မည့် ရထားဝင်လာတဲ့အခါမှာ ဆရာတပည့်နှစ်ဦး ခရီးဆောင်အိပ်ကိုယ်စီဆွဲပြီး ရထားပေါ် ခပ်သုတ်သုတ်တက်ကြပြီး နေရာယူရပါတယ်။ အဲဒီလိုနေရာယူတဲ့အခါမှာ မောင်မိုးကျော်က ဘုန်းကြီးအတွက် ထိုင်ခုံနေရာရရေးအတွက် ခပ်သွက်သွက် ဆောင်ရွက်ရာမှာ နိုင်ငံကြီးသားပီသတဲ့ နိုင်ငံတွေရဲ့ အပြုအမူတစ်ခုနဲ့ ဆန့်ကျင်သလို ဖြစ်သွားခဲ့ပါတယ်။ အဲဒါကတော့ ရှေ့ကလူတစ်ယောက်ကို ဖြတ်ကျော်လိုက်ပြီး ဘုန်းကြီးအတွက် နေရာဦးလိုက်တာပါပဲ။ ကြားဖြတ်ခံလိုက်ရတဲ့သူက နောက်တစ်နေရာကို ဘာမှမပြောဘဲ ထွက်သွားပြီး ထိုင်လိုက်လို့ သူ ဘယ်လိုခံစားလိုက်ရသလဲဆိုတာ မသိလိုက်ရပေမယ့် ဘုန်းကြီးတို့ထိုင်မဲ့ခုံရှေ့က လူနဲ့မောင်မိုးကျော် စကားနည်းနည်းပြောလိုက်ရပါတယ်။ ဘုန်းကြီးကမေးကြည့်တဲ့အခါမှာ လူတစ်ယောက်ကို ကသိကအောက်ဖြစ်အောင် အခုလိုကြားဖြတ်ခြင်းမျိုး မလုပ်သင့်ကြောင်းကို အဲဒီလူက မောင်မိုးကျော်ကို ရှင်းလင်းပြောပြလို့ မောင်မိုးကျော်က တောင်းပန်လိုက်ပြီး နောက်မဖြစ်

www.burmeseclassic.com



အောင် ကြိုးစားပါမယ်လို့ ကတိပေးလိုက်ရကြောင်း ဘုန်းကြီးကို ဘာသာပြန်ပြီး ရှင်းပြပါတယ်။ တော်တော်လေးကို လေးစားထိုက်တဲ့ သူတို့ဆီက ယဉ်ကျေးမှုတစ်ခုပါပဲ။

ဘုန်းကြီးကတော့ စကားမပြောတတ်တဲ့အတွက် တောင်းပန်ပြုံးလေးပဲ ပြုံးပြလိုက်ရပါတယ်။ ရထားထွက်ပြီးတဲ့နောက်မှာတော့ ဆွစ်ဇာလန်နိုင်ငံရဲ့ သဘာဝစိမ်းလန်းစိုပြေတဲ့ တောတောင်များစိုက်ခင်းများရဲ့အလှကို စတင်ခံစားရပါတော့တယ်။ အဲဒီစိုက်ခင်းတွေ၊ စက်ရုံတွေကို ကြည့်နေရင်း ဆွစ်ဇာလန်နိုင်ငံသား ရာခိုင်နှုန်းတော်တော်များများ ချမ်းချမ်းသာသာနေနိုင်ခြင်းရဲ့အကြောင်းကို ဘုန်းကြီးတွေးနေမိတယ်။ ကျေးရွာလေးတွေက လူတွေကလည်း သူ့အစုနဲ့သူ မွေးမြူရေးတွေ စိုက်ပျိုးရေးတွေ လုပ်နေကြသလို မြို့ပြကလူတွေကလည်း သူ့အစုနဲ့သူ စက်ရုံအလုပ်ရုံတွေမှာ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှု တိုးတက်ရေးတွေကို လုပ်ကိုင်နေကြတာကို တွေ့နေရတယ်။

နံနက် ၉ နာရီအချိန်မှာတော့ ဆွစ်ဇာလန်နိုင်ငံရဲ့ မြို့တော် ဗန်းမြို့ဘူတာကြီးကို ဆိုက်ရောက်ခဲ့ပါတယ်။ ကြီးမားလှတဲ့ ဘူတာရုံကြီးထဲမှာ ရထားအသီးသီးကဆင်းပြီး လိုဏ်ခေါင်းငယ်တွေကနေ တစ်ဆင့် လိုဏ်ခေါင်းလတ်၊ အဲဒီကမှ တစ်ဆင့် ပင်မဘူတာကြီးရဲ့ အကြီးဆုံး လိုဏ်ခေါင်းကြီးထဲကို သွားလာနေကြတဲ့ ဘုန်းကြီးတို့အပါဝင် အခြားခရီးသည်တွေ



ကို ကြည့်ရတာဟာဖြင့် ခြအိမ်ကြီးထဲကထွက်လာတဲ့ ခြတွေလိုပါပဲ။ အဲဒီလိုဏ်ခေါင်းကြီးကနေ တစ်ဆင့် မိမိတို့သွားလိုရာ နေရာတွေကို ပြန့်ကျဲပြီး သွားနေကျတာဟာလည်း ပုရွက်ဆိတ်အိမ်ကို တုတ်နဲ့ထိုးလိုက်သလိုပါပဲ။ ဘုန်းကြီးတို့ကတော့ ခရီးသည် နားနေခန်းလေးရှာပြီး လာကြိုမယ့် ဒေါ်အေးအေးမြကို စောင့်ရင်း ချမ်းချမ်းသာသာနဲ့ မှတ်တမ်းလေးရေးနေရပါတယ်။ အချိန်က တော်တော်လေးစောနေသေးတဲ့အတွက် ကြီးမားလှတဲ့ ဘူတာကြီးထဲမှာ အညောင်းပြေ လမ်းလျှောက်ရင်း ကြီးကျယ်ခန်းနားလှတဲ့ ဘူတာကြီးရဲ့ တည်ဆောက်ထားပုံကို လေ့လာခွင့်ရခဲ့ပါတယ်။

ခရီးစဉ်အချိန်ဇယားများ၊ အထပ် ၃ ထပ်ရှိတဲ့ မြေအောက်ဘူတာရုံကြီးရဲ့ ဝင်ပေါက် ထွက်ပေါက်များ၊ ခရီးသည်များအတွက် နားနေခန်းများ စားသောက်ဆိုင်များ၊ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များအားလုံးကို စုံစုံလင်လင်ထည့်သွင်း တည်ဆောက်ထားတာဟာဖြင့် မိမိကိုယ် မိမိဘူတာရုံထဲမှာမှ ဟုတ်ပါရဲ့လားလို့တောင် သံသယဖြစ်မိတဲ့အထိပါပဲ။ နောက်ထပ်ထူးဆန်းတာလေးတစ်ခု အလျဉ်းသင့်လို့ ထည့်ရေးချင်ပါသေးတယ်။ အဲဒါကတော့ ဗန်း ဘူတာရုံက သန့်စင်ခန်းပါ။ ဘုန်းကြီးရဲ့ ခရီးတစ်လျှောက်တော့ ဘယ်မှာမှ မတွေ့ဘူးသေးဘူးလို့ ထင်ပါတယ်။ အဲဒါကတော့ သန့်စင်ခန်းဝင်တဲ့ အခနှုန်းထားပါ။ အမျိုးသားများအတွက် သန့်စင်

www.burmeseclassic.com

www.burmeseclassic.com



ခန်းကို ၂ ခု ထားရှိထားပြီး အခင်းလေးသွားတဲ့အခန်းကို ဝင်တာနှင့် အခင်းကြီးသွားတဲ့အခန်းကိုဝင်တာ ဈေးမတူပါ။ မောင်မိုးကျော် ရှင်းပြလို့ သိရတာပါ။ သူတို့နိုင်ငံရဲ့ ထူးခြားတဲ့ စနစ်ကလေးတစ်ခုပါ။ ရေချွေတာရေးစနစ်ဖြစ်မယ်ထင်ပါတယ်။

အဲဒီနောက်မှာတော့ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့အနီးက မြို့လေးတစ်မြို့မှာ နေထိုင်တဲ့ ဒေါ်အေးအေးမြတို့ ဇနီးမောင်နှံတို့ ရောက်လာကြပြီး ဘူတာအတွင်းမှ ကော်ဖီဆိုင်ကို ပင့်ပြီး ကော်ဖီပူပူလေးကို ဆက်ကပ်ကြပါတယ်။ ဒေါ်အေးအေးမြရဲ့ ခင်ပွန်းသည်ဟာ နိုင်ငံခြားသားဆိုပေမယ့် ဟိတ်ဟန်လုံးဝမရှိဘဲ အင်မတန် ဖော်ရွေပြီး ပျော်ပျော်နေတတ်တာကို တွေ့တွေ့ခြင်းပဲ သတိထားမိပါတယ်။ သူတို့ဇနီးမောင်နှံကပဲ ဘူတာကနေ ကားနဲ့ ကြိုဆိုပင့်ဆောင်သွားပြီး ဇန်းမြို့ကိုဖြတ်ကာ စိမ်းလန်းလှပလှတဲ့ သစ်တောတွေ၊ တောတောင်တွေ ဖြတ်ရင်း ဆီးနှင်းတွေ ဖုံးလွှမ်းနေတဲ့ ရေခဲတောင်တွေကို ဦးတည်မောင်းနှင်သွားပါတော့တယ်။ ကားပေါ်မှာ ဘုန်းကြီးတို့အား ဆွစ်ဇာလန်နိုင်ငံရဲ့ ရေမြေတောတောင်တွေအကြောင်း၊ ထွက်ရှိတဲ့ သယံဇာတတွေအကြောင်းနဲ့ နိုင်ငံရေး စီးပွားရေးအမြင်များကို ဒေသန္တရ ဗဟုသုတရအောင် စိတ်ဝင်စားစွာ ပြောကြားနိုင်တဲ့ ဒေါ်အေးအေးမြရဲ့ ဗဟုသုတကြွယ်ဝမှုကလည်း ဘုန်းကြီးတို့ လေ့လာရေးခရီးအတွက် အထော်



ကိုပဲ အထောက်အကူဖြစ်စေပါတယ်။

မမောနိုင် မပန်းနိုင် ရှင်းပြနေတဲ့ ဒေါ်အေးအေးမြရဲ့ စကားပြောသံတွေနဲ့အတူ ဆွစ်ဇာလန်နိုင်ငံရဲ့ တောအလှတောင်အလှတောင်ကုန်းလေးတွေပေါ်မှာ သူ့အစုနဲ့သူ နေထိုင်ဖို့ ဆောက်ထားတဲ့ ရွာငယ်ကလေးတွေရဲ့ အလှ၊ စိုက်ခင်းလေးတွေ သူ့နေရာနဲ့သူ၊ မွေးမြူထားတဲ့ နွားတွေ၊ မြင်းတွေ၊ ဆိတ်တွေ၊ သိုးတွေ၊ မြည်းလားတွေ၊ သူစားကျက်နဲ့သူ အစုလိုက် ကျက်စားနေကြတာတွေ၊ မြက်ခင်းစိမ်းစိမ်းလွင်ပြင်ကျယ်ကြီးတွေ၊ ပတ်ပတ်လည်က တောင်တန်းကြီးတွေကို တွေ့နေမြင်နေရတာ အလွန်လှပတဲ့ ဆေးရောင်စုံ သတင်းရုပ်ရှင်တစ်ခုကို ကြည့်နေရသလိုပါပဲ။

သွားရင်းလာရင်းနဲ့ပဲ ဆွမ်းချိန်နီးလာပြီဖြစ်တဲ့အတွက် ဆွစ်ဇာလန်အခေါ် အင်တာလားကင်ဆိုသော တောင်တွေ ခြံရံထားတဲ့ကြားမှာရှိတဲ့ ရေကန်ကြီးဘေးက နားနေခုံမှာ ဒေါ်အေးအေးမြတို့ ဇနီးမောင်နှံ ဆက်ကပ်လှူဒါန်းတဲ့ မြန်မာအစားအသောက်များကို မေတ္တာနဲ့ ဘုဉ်းပေးသုံးဆောင်ခဲ့ပါတယ်။ အဲဒီ မြန်မာအစားအစာတွေဟာ မကြာသေးခင်ကမှ ရန်ကုန်မှ ပြန်လည်ရောက်ရှိလာခဲ့တဲ့ ဒေါ်အေးအေးမြနဲ့ ပါလာခဲ့တာတွေလို့ သိရပါတယ်။ အဲဒီဆွမ်းစားတဲ့နားမှာပဲ မောင်မိုးကျော်နှင့် ဒေါ်အေးအေးမြရဲ့ခင်ပွန်းသည် မြန်မာနာမည် ဦးမာတင်တို့ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုများရိုက်ကူးခဲ့ပါတယ်။ နေ့

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဘုဉ်းပြီး ခရီးဆက်ကြပြန်ရာမှာ မြေအောက်လိုဏ်များ၊ တောင်ဖောက်လိုဏ်များအတွင်းမှ တစ်ခါတစ်ရံမှာ ဖြတ်သန်းခဲ့ရပါတယ်။ အတော့်ကို ရှည်လျားတဲ့ လိုဏ်ခေါင်းကြီးများအတွင်းမှလဲ ဖြတ်သန်းခဲ့ကြရပါတယ်။ တစ်ခုဆိုရင် တော်တော်နဲ့ကို မထွက်နိုင်လို့ စိတ်တောင် ပူမိပါသေးတယ်။ နောက်တော့လည်း သူတို့ရဲ့ အံ့မခန်းဆောက်လုပ်နိုင်စွမ်းကို ရင်ထဲက ချီးကျူးမိလို့ မကုန်နိုင်အောင်ကို ဖြစ်ခဲ့ရပါတယ်။ သူတို့နိုင်ငံတွေက လူတွေက မြေအောက်ရေအောက် ဖောက်ထွင်းရာမှာ အထူးနိုင်နင်းကျွမ်းကျင်လွန်းလှတာကို တွေ့ရတော့ မြေအောက်မှာ မြို့များတည်များထားလေမလားဆိုတဲ့ အတွေးမျိုးတောင် ဝင်လာမိပါတယ်။

ဦးမာတင် ဒေါ်အေးအေးမြတို့ဟာ ဘုန်းကြီးတို့ကို ဒီအတိုင်း လိုက်လံပို့ဆောင်ရုံတင်မဟုတ်ပါဘူး။ တစ်နေရာရောက်တိုင်းလည်း အဲဒီနေရာနဲ့ဆိုင်တဲ့ သမိုင်းဖြစ်စဉ်တွေ၊ ပထမဝီဝင်အနေအထားတွေကိုပါ အချက်ကျကျ ရှင်းလင်းပြောပြပါသေးတယ်။ မကြာသေးခင်က ဆွစ်ဇာလန်နိုင်ငံမှာ လာရောက်ရိုက်ကူးသွားတဲ့ အတိတ်ရဲ့ အရိပ်ဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းတွေ ရိုက်ကူးသွားကြတယ်ဆိုတဲ့ ရေခဲတောင်ရှိတဲ့ နေရာတွေကိုပါ လိုက်ပို့ပြီး ပြောပြခဲ့ပါတယ်။ အဲဒီဇာတ်ကားရဲ့ အဓိကဇာတ်ဆောင်မင်းသား အောင်သူရဆိုတာကလည်း သူတို့ရဲ့ တစ်ဦးတည်းသော သားဆိုတော့ ရုပ်ရှင်အဖွဲ့



သားတွေနဲ့ အနီးကပ်သွားလာခဲ့တဲ့အကြောင်းတွေကိုပါ စုံစုံလင်လင် ရှင်းပြနိုင်ကြပါတယ်။

ရှုခင်းကောင်းတဲ့နေရာတွေမှာလည်း ကားရပ်ပြီး ဓာတ်ပုံမှတ်တမ်းများကိုလည်း ရိုက်ကူးပေးခဲ့ပါတယ်။ သွားခဲ့တဲ့နေရာတွေထဲက အလွန်စိတ်ဝင်စားဖို့ကောင်းတဲ့ နေရာတစ်ခုကတော့ တောင်ကွဲကြီးတစ်ခုအတွင်းထဲမှာ လူတစ်ကိုယ်စာ သွားလို့ရတဲ့ လမ်းကလေးကို တောင်ကွဲရဲ့ အမြောင်းကလေးအတိုင်း ဖောက်ထားတဲ့နေရာလေးပါပဲ။ တောင်ကွဲရဲ့ အောက်ခြေကျဉ်းကျဉ်းလေးထဲကနေ ချောင်းကလေး တစ်ခုဖြတ်စီးနေတာဆိုတော့ အဲဒီချောင်းရဲ့ရေစီးကလည်း တော်တော်လေးကိုသန်ပြီး ရေသံတွေဆူညံနေတာပါပဲ။ ဘုန်းကြီးက အမေရိကန်မှာ အဲလိုနေရာမျိုးရှိတယ်ဆိုလို့ သွားဘူးချင်နေတာ။ အခု ဆွစ်ဇာလန်ရောက်တော့မှပဲ ရောက်ဖူးရတော့တယ်။ ဒီအတွက် ဦးမာတင်တို့ဇနီးမောင်နှံကို အထူးကျေးဇူးတင်မိပါတယ်။

ဘုန်းကြီးငယ်ငယ်တုန်းက သင်ဘူးခဲ့တဲ့ လေးသည်တော် သူရဲကောင်းကြီးဝယ်လ်တဲဆိုတာဟာ အခုမှပဲ ဆွစ်ဇာလန်နိုင်ငံရဲ့ သူရဲကောင်းကြီးတစ်ယောက်ဆိုတာ အမှတ်မထင် သိခဲ့ရပါတယ်။ အဲဒါဟာလည်း ဒေါ်အေးအေးမြရဲ့ ကျေးဇူးပါပဲ။ ည ၆ နာရီအချိန်လောက်မှာ သူတို့မိသားစု နေထိုင်ရာ ဇူးရစ်မြို့ကနေ မလှမ်းမကမ်းမှာရှိတဲ့ မြို့ကလေးအိမ်

www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်ရှိခဲ့ပါတယ်။ ခေတ္တခဏ အနားယူပြီးတဲ့နောက်မှာတော့ ဒေါ်အေးအေးမြနဲ့ ပြည်တွင်းပြည်ပ သာသနာရေးရာကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ဦးမာတင် လမ်းမှာရိုက်ကူးယူလာခဲ့တဲ့ ဗီဒီယိုမှတ်တမ်းများနဲ့ သူတို့ရဲ့သား အောင်သူရပါဝင်ရိုက်ကူးခဲ့တဲ့ အတိတ်ရဲ့အရိပ် ဇာတ်ဝင်ခန်းအချို့မှာ ဘုန်းကြီးတို့ မရောက်နိုင်ခဲ့တဲ့နေရာအချို့ကိုပါ ကြည့်ရှုခွင့်ရခဲ့ရပြန်ပါတယ်။

ည ၁၁ နာရီမှာ ဘုန်းကြီးတို့ တည်းခိုမည့် ဟိုတယ်ကို မောင်အောင်သူရ လိုက်ပို့ခဲ့ပါတယ်။ ရောက်ချိန်နောက်ကျသွားတဲ့အတွက် အခက်အခဲအနည်းငယ် တွေ့ရတာကလွဲလို့ ဟိုတယ်တည်းခိုရတာ အတော့်ကို အဆင်ပြေပါတယ်။ နယူးယောက်မြို့မှ ဒေါက်တာဦးမြတ်စံမှ ဆရာတော်၏ ရန်ကုန် အပြန်ခရီးစဉ်အတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖုန်းဖြင့်လျှောက်ထားခဲ့ပါတယ်။

ဒီနေ့တော့ မီးရထားစီးချိန် ကားစီးချိန် အလွန်များသွားတဲ့အတွက် ပင်ပန်းမှုအနည်းငယ်ဖိစီးပြီး မအိပ်ခင်မှာ ခေါင်းကိုက်တဲ့ဝေဒနာကို ခံစားရတဲ့အတွက်ကြောင့် ဟိုတယ်ရောက်ပြီး မကြာခင်မှာဘဲ အနားယူခဲ့ရပါတယ်။

❖❖❖

## ရိုင်းမြစ်ရေတံခွန်သို့

(ဥရောပခရီးစဉ် ပဥ္စမနေ့) ၄၄-၁၂ ရက်၊ ၂၀၀၃

ခေါင်းကိုက်တဲ့ဝေဒနာကို ညက အတော်ခံစားခဲ့ရတာကြောင့် ယနေ့နံနက်တော့ ၆း၃၀ နာရီလောက်မှာမှ အိပ်ရာကနိုးလာခဲ့ပါတယ်။ ပြုဖွယ်ကိစ္စများပြုအပြီးမှာတော့ မောင်မိုးကျော်ဆက်ကပ်တဲ့ ဟိုတယ်က နံနက်စာကိုဘုဉ်းပေးပြီးတဲ့နောက်မှာ ဟိုတယ်ကထွက်ခဲ့ကြပါတယ်။ ၈း၃၀ နာရီရထားကို ဖူးရစ်မြို့ ဘူတာရုံကစီးပြီး ဒေါ်အေးအေးမြတို့ နေထိုင်ရာမြို့ကလေးကို ၉း၀၀ နာရီသာသာလောက်မှာ ရောက်ရှိခဲ့ပါတယ်။ ဘူတာမှာ ဒေါ်အေးအေးမြ လာရောက်ကြိုဆိုခဲ့ပြီး အိမ်သို့ ပင့်ဆောင်ကာ မြန်မာလက်ရာ ဆွမ်းဟင်းများနှင့် ဖွယ်ဖွယ်ရာရာ ယခင်နေ့ကနည်းတူ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

နေ့ဆွမ်းဘုန်းအပြီး နေ့လယ် ၁ နာရီအချိန်မှာ သူတို့နေထိုင်ရာမြို့နဲ့ မလှမ်းမကမ်းမှာရှိတဲ့ နာမည်ကျော် ရိုင်းမြစ်ရေတံခွန် ဖြတ်သန်းစီးဆင်းတဲ့မြို့ကလေးကို လိုက်လံ ပို့ဆောင်ပေးခဲ့ပြန်ပါတယ်။ အဲဒီ ရိုင်းမြစ်ရေတံခွန်ဟာဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဆွစ်ဇာလန်နိုင်ငံနဲ့ ဂျာမနီနိုင်ငံ နယ်စပ်အနီးမှာ တည်ရှိပါတယ်။ အဲဒီရေတံခွန်ဖြစ်ပေါ်စေတဲ့ ရိုင်းမြစ်ဟာဆိုရင် ဂျာမနီမှာသာမက ဥရောပတိုက်တစ်ခုလုံးမှာပါ အရှည်ဆုံးနဲ့ အရေးအပါဆုံးမြစ်များထဲမှာ တစ်ခုအပါအဝင်ဖြစ်ပြီး မိုင် ၈၀၀ ကျော် ရှည်လျားပါတယ်။

ရိုင်းမြစ်ရေတံခွန်အနီးမှာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးအပြီးမှာတော့ ဂျာမနီနိုင်ငံ မြူးနစ်မြို့ကို ခရီးဆက်ဖို့အတွက် အဲဒီမြို့ကလေးက ဘူတာရုံရှိရာသို့ ဒေါ်အေးအေးမြကပဲ လိုက်လံပို့ဆောင်ပေးခဲ့ပြန်ပါတယ်။ ဘူတာမှာ ဒေါ်အေးအေးမြက ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်အချိန်က မဟာစည်ရိပ်သာမှာ တရားအားထုတ်ခဲ့တဲ့အကြောင်းများကို ရေးဖြစ်ဟောင်းအောက်မေ့ဖွယ်တွေ ပြောပြခဲ့ပြီး ဘုန်းကြီးနဲ့ ဆရာတော်ဘုရားကြီးရဲ့ အတွေ့အကြုံတွေကို ဖလှယ်ခဲ့ကြပါတယ်။ ညနေ ၃:၄၅ အချိန်မှာတော့ ဆွစ်ဇာလန်နိုင်ငံ ရှက်ဖားဆန်မြို့ ဘူတာရုံမှ ဆွစ်ဇာလန်နိုင်ငံနဲ့ ဧည့်ဝတ်ကျေပွန်လှတဲ့ ဆွစ်ဇာလန်နိုင်ငံရဲ့ အိမ်ရှင်ဒကာမကြီး ဒေါ်အေးအေးမြတို့ကို နှုတ်ဆက်ခဲ့ပြီး ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ ခရီးဆက်ထွက်ခွာခဲ့ပါတယ်။

လမ်းမှာရထားနောက်တစ်စင်း ပြောင်းစီးခဲ့ရပြီး ခရီးဆုံးဖြစ်တဲ့ မြူးနစ်မြို့ကို ညနေ ၇:၃၀ နာရီမှာ ရောက်ရှိခဲ့ပါတယ်။ ဘူတာရုံကနေ အငှားယာဉ်နဲ့ တည်းခိုမယ့်ဟိုတယ်



သို့ ဆက်လက်ထွက်ခွာခဲ့ရာမှာ တည်းခိုမယ့် ကွန်းဖော့ဟိုတယ်သို့ ည ၈ နာရီအချိန်မှာ ရောက်ရှိခဲ့ပါတယ်။ မနေ့ကပင်ပန်းထားတဲ့အရှိန်က နည်းနည်းကျန်နေသေးတဲ့အတွက် ဆောင်ရွက်စရာရှိတာလေးတွေ အနည်းငယ်ဆောင်ရွက်ပြီးတဲ့အချိန်မှာ အိပ်ရာစောစောဝင်ခဲ့ပါတယ်။



www.burmeseclassic.com


www.burmeseclassic.com

## "နင်ဖာဘာတ်" နန်းတော် အံ့ဖွယ်နော်

(ဥရောပသိုးစဉ် သဌမမြောက်နေ့) ၁၄-၁၃ ရက်၊ ၂၀၀၉

ဒီနေ့တော့ ညကလည်း စောစောအိပ်လိုက်ရတဲ့အတွက် အတော့်ကိုပဲ အားရှိသွားပြီး မြူးနစ်မြို့တစ်ခွင်ကို လှေ့လာဖို့အတွက် အင်အားအပြည့်ဖြစ်နေပါပြီ။ နံနက် ၆ နာရီမှာ အိပ်ရာကထခဲ့ပြီး မောင်မိုးကျော်ဆက်ကပ်တဲ့ ဟိုတယ်က နံနက်စာကို နံနက် ၇ နာရီမှာ ပေါင်မုန့်ထောပတ်သုပ်နဲ့ ကြက်ဥမွှေကြော်တို့ကို ကော်ဖီနဲ့ဘုဉ်းပေးသုံးဆောင်ခဲ့ရပါတယ်။ ဘုဉ်းပေးရတာ အတော့်ကို အဆင်ပြေပါတယ်။ နံနက် ၈ နာရီအချိန်မှာ ဂျာမနီနိုင်ငံရဲ့ တတိယအကြီးဆုံးမြို့တော်ဖြစ်တဲ့ မြူးနစ်မြို့တွင်းမှာ ထင်ရှားတဲ့နေရာတွေကို လေ့လာနိုင်ရန်အတွက် ဘတ်စ်ကားတစ်တန် မြေအောက်ရထား တစ်တန်နဲ့ မြူးနစ်မြို့လယ်ကို ထွက်ခဲ့ကြပါတယ်။

မြို့ထဲကိုအရောက်မှာတော့ ပါရီမြို့ကအတိုင်း ကမ္ဘာလှည့်ခရီးသည်များအတွက် အထူးစီစဉ်ပေးထားတဲ့ အမိုးပွင့်




ဂျာမနီ ၊ မြူးနစ် အကြိမ်(၂၀)မြောက်ကျင်းပခဲ့သော ၊ အိုလံပစ်အားကစားကွင်းအတွင်းတစ်နေရာဝယ် တပည့် မောင်မိုးကျော်စွာနှင့်အတူ

www.burmeseclassic.com



ဂျာမနီ ၊ ဘီအမ်ဒဗလျူ (B.M.W)ကားပြခန်းနှင့် စီမံခန့်ခွဲရေးရုံးချုပ်အတွင်း အမှတ်တရ



ဂျာမနီ ၊ မြူးနစ်ရဲ့ ဂုဏ်ကျက်သရေကိုတောက်ပစေတဲ့ "နင်ဖာဘတ်နန်းတော်" ဥယျာဉ် ရင်ပြင်အတွင်းအမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## Shopping ထွက်ကြမည် ရောမဆီ

(ဥရောပသီးစဥ် နဝမမြောက်နေ့) ၄၇-၁၆ ရက်၊ ၂၀၀၇

မနက် ၆ နာရီအချိန်မှာ ကျင့်သားရနေပြီဖြစ်လို့ သူ့အလိုလို နိုးလာခဲ့ပါတယ်။ ရောမမြို့ရဲ့ လေ့လာရေးခရီး ဒုတိယနေ့ကို စတင်ဖို့အတွက် ဟိုတယ်မှာ နံနက်စာကို ဘုဉ်းပေးပြီးတာနဲ့ ဟိုတယ်ကနေ မြေအောက်ရထားနဲ့ ရောမမြို့လည်ခေါင်သို့ ထွက်ခဲ့ကြပါတယ်။ ဘူတာရုံကြီးမှာ နောက်တစ်နေ့ခရီးစဉ်အတွက် ရထားချိန်များကို စုံစမ်းပြီး မြို့လယ်ခေါင်မှာရှိတဲ့ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်တွေကို ခြေဦးတည့်ခဲ့ကြပါတယ်။ မြို့လယ်ခေါင်မှာရှိတဲ့ အဆောက်အဦးတွေ အားလုံးနီးပါးရဲ့ အပြင်ပိုင်းဟာ ရှေးမူမပျက် ထိန်းသိမ်းထားတာကို တွေ့ရပါတယ်။ အချို့လူသုံးကုန်ဆိုင်များရဲ့ အထဲကို ဝင်ရောက်လေ့လာကြည့်ရှုခဲ့ရာမှာ အပြင်ဘက်က ရှေးမူနဲ့ လုံးဝကွာခြားတဲ့ ခေတ်မီအဆင်အပြင်များကို တွေ့ရှိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




ဂျာမနီ ၊ မြူးနစ်ရဲ့ အိုလံပစ်အားကစားကွင်း မီးရှူးတိုင်အဆောက်အဦးတို့နှင့်အတူ
အမှတ်တရ



နှစ်ထပ်ဘတ်စ်ကားလက်မှတ်ဝယ်ပြီး မြူးနစ်မြို့ လေ့လာရေးခရီးကို စတင်ခဲ့ပါတယ်။ အဲဒီကားတွေရဲ့ သဘောက မြို့ရဲ့ ထင်ရှားတဲ့နေရာတွေကို လှည့်လည်မောင်းနှင်ပြီး ခရီးသည်က လေ့လာချင်တဲ့နေရာရောက်ရင် ဆင်းနေခဲ့ရုံပါပဲ။ ကားများက နာရီဝက်မှာ တစ်စင်းထွက်ပြီး ခရီးသည်က ကျေနပ်အောင် လေ့လာပြီး နောက်လာတဲ့ ကားတစ်စီးနဲ့ နောက်တစ်နေရာကို သွားဖို့ပါပဲ။

ဘုန်းကြီးတို့ကတော့ 'နင်ဖာဘတ်'လို့ခေါ်တဲ့ နန်းတော်မှာဆင်းပြီး လေ့လာခဲ့ကြပါတယ်။ ၁၇ ရာစုနှစ်ကတည်းက ဆောက်ထားတဲ့ အီတာလျံဗိသုကာပညာရှင်တွေရဲ့ လက်ရာ ဒီနန်းတော်ကြီးနဲ့ နန်းတော်ကြီးရဲ့ နောက်ဘက်မှာရှိတဲ့ ဥယျာဉ်တော်ကြီးဟာ အလွန်တစ်ရာမှ ကြီးကျယ်ခမ်းနားလွန်းလှပါတယ်။ နန်းတော်ကြီးရဲ့ အခန်းတိုင်းမှာဆိုလျှင်လည်း ဂျာမနီနိုင်ငံ ရှေးဟောင်းအနုပညာရှင်ကြီးများရဲ့ လက်ရာမြောက်လှတဲ့ ပန်းချီပန်းပုလက်ရာများဟာ အံ့မခန်းလောက်အောင် များပြားလှပါတယ်။ ဘုန်းကြီးရဲ့ နေ့ဆွမ်းကို အဲဒီနန်းတော်ရဲ့ ဥယျာဉ်တော်မှာ ဖွင့်လှစ်ထားတဲ့ စားသောက်ဆိုင်တစ်ခုက ဂျာမနီအစားအစာနဲ့ ဘုဉ်းပေးသုံးဆောင်ရပါတယ်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ဂျာမနီရဲ့ ဒေသအစားအစာဟာလည်း အဆင်အပြင်က အစ တစ်မျိုးထူးခြားလှပါတယ်။ ဘုန်းကြီးတို့ မြန်မာလျှာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရာခိုင်နှုန်းပြည့် အဆင်မပြေပေမယ့်လည်း တစ်ခါတစ်ရံလာတဲ့ ဘုန်းကြီးတို့လို ဒေသန္တရ ဗဟုသုတရှာမှီးချင်သူတွေအတွက်ကတော့ ဘဝမှာ မစားဘူးတဲ့အရာတစ်ခု စားဖူးသွားတာပေါ့။

ဆွမ်းကိစ္စပြီးသွားတဲ့အခါမှာတော့ မြူးနစ်မြို့ရဲ့ အခြားထင်ရှားတဲ့နေရာတွေကို ခရီးဆက်ဖို့ ဆက်လက် ပြင်ဆင် ရပါတယ်။ နောက် စိတ်ဝင်စားစရာနေရာတစ်ခုလို့ ဘုန်းကြီးတို့ ရွေးချယ်ထားတဲ့နေရာကတော့ အိုလံပစ်ကစားကွင်းနဲ့ ပန်းခြံပါပဲ။ အဲဒီအိုလံပစ်ကစားကွင်းကြီးဟာ ၁၉၇၂ ခုနှစ် နွေရာသီအိုလံပစ် အားကစားပွဲတော် ကျင်းပခဲ့ရာ အားကစားကွင်းကြီးဖြစ်ပါတယ်။

အကြိမ် ၂၀ မြောက် အိုလံပစ်အားကစားပွဲဖြစ်ခဲ့ပြီး ဂျာမနီနိုင်ငံက အိမ်ရှင်နိုင်ငံအနေနဲ့ ဒုတိယအကြိမ် ကျင်းပခဲ့တယ်လို့ သိရပါတယ်။ အစ္စရေးနိုင်ငံက အားကစားသမား ၁၁ ယောက် လုပ်ကြံခံရလို့ အိုလံပစ်ရာဇဝင်မှာ ယနေ့တိုင် အောင် မမေ့နိုင်တဲ့ ကြေကွဲဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်နဲ့ အတူ ထင်ရှားတဲ့နေရာတစ်ခုပါ။ ဘုန်းကြီးတို့ကတော့ ဗဟုသုတအနေနဲ့ အားကစားရုံတစ်ခုကို ဝင်ရောက်ခဲ့ရာမှာ ရေကူးတဲ့ အားကစားရုံဖြစ်နေခဲ့ပြီး အလွန်တစ်ရာကို ကြီးမားလှတဲ့ ရေကူးကန်ကြီးကို အားကစားရုံနဲ့အပြည့် တည်ဆောက်ထားတာကို တွေ့ခဲ့ရပါတယ်။ နောက်ထပ်အဲဒီပန်းခြံထဲက ဘုန်းကြီးတို့ရောက်ခဲ့တဲ့ နေရာတစ်ခုကတော့ အိုလံပစ်မျှော်စင်ဖြစ်ပါတယ်။ အမြင့် ၂၉၁ မီတာရှိတဲ့ အဲဒီမျှော်စင်ဟာ ပြင်သစ်မြို့က အီဖယ်မျှော်စင်နဲ့ အမြင့်တူတယ်လို့ သိရပါတယ်။



ဘုန်းကြီးတို့ တက်ရောက်ခဲ့တဲ့ အပေါ်ဆုံးအဆင့်က ဆိုရင် မြူးနစ်မြို့လုံးကို မြင်နိုင်ပါတယ်။ အနီးအနား တစ်ဝိုက်မှာရှိတဲ့ အားကစားရုံတွေကို အတွင်းဝင်မကြည့်နိုင်ပေမယ့် အပေါ်ကကြည့်လိုက်တော့လည်း ကွင်းကွင်းကွက်ကွက်ကို မြင်ရပါတယ်။ ဘောလုံးကစားကွင်း၊ တင်းနစ်ကစားကွင်းများကို အပေါ်စီးကနေကြည့်နေရတာဟာ ဆောက်လုပ်ရေးပညာရှင်များ ဖန်တီးထားတဲ့ ပုံတူအရုပ်ကလေးများကို ကြည့်နေရသလိုပါပဲ။ အဲဒီမျှော်စင်ရဲ့ နောက်ဘက်ကို ကြည့်လိုက်တဲ့အခါ လမ်းတစ်ခုသာခြားတဲ့နေရာမှာ နောက်ထပ် ခေတ်မီမျှော်စင်တစ်ခုကို တွေ့ရပါတယ်။ အဲဒီမျှော်စင်အဆောက်အအုံကတော့ ဂျာမနီနိုင်ငံက ထုတ်လုပ်တဲ့ကားတွေထဲက တစ်မျိုးဖြစ်တဲ့ ဘီအမ်ဒဗလျူ ကားပြခန်းနဲ့ စီမံခန့်ခွဲရေးရုံးချုပ်လို့ သိရပါတယ်။ အချိန်နည်းနည်းရနေသေးတဲ့အတွက် အိုလံပစ်မျှော်စင်က အဆင်းမှာ အဲဒီ ကားပြတိုက်ဘက်ကို ကူးခဲ့ကြပါတယ်။ အဲဒီကားပြတိုက်မှာ နောက်ဆုံးပေါ်ထွက်ရှိနေတဲ့ ကားများ၊ မော်တော်ဆိုင်ကယ်များအပြင် နောက်နှစ်တွေမှာ ထွက်ရှိဖို့ ရည်မှန်းထားတဲ့ ကားတွေကိုပါ ပြသထားပါတယ်။ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးအပြီးမှာတော့ နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာတဲ့ ကားနဲ့ ဆက်လက်ထွက်ခွာခဲ့ပြီး ပါရီမြို့မှာ ဘုန်းကြီးတို့ရောက်ခဲ့တဲ့ နပိုလီယံ စစ်ဘုရင်တည်ဆောက်ခဲ့တဲ့ မုခ်ဦးနဲ့အလားတူ မုခ်ဦးတစ်ခုကို ဝင်ရောက်လေ့လာခဲ့ကြပါတယ်။

ဘုန်းကြီးတို့ကို ပို့ဆောင်ပေးတဲ့ကားက ရောက်ရှိတဲ့နေရာရဲ့ သမိုင်းကြောင်းတွေကို ရှင်းပြတဲ့လူရဲ့ အပြောအရ မြူးနစ်မြို့တည်ထားတဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကို မြို့ရဲ့ နေရာတော်တော်များများမှာ ကျင်းပနေတယ်လို့ သိရပါတယ်။ သူ့အပြောအတိုင်းပါပဲ။ မြို့ရဲ့နေရာတော်တော်များများမှာ လူတွေစုရုံးနေကျပြီး လမ်းဘေးဈေးဆိုင်တန်းကြီးများနဲ့ နေရာအနှံ့ စည်ကားနေတာကို တွေ့ရပါတယ်။ တစ်နေရာမှာဆို စင်မြင့်တစ်ခုရှေ့က ခုံတန်းရှည်ကြီးတွေမှာ စီတန်းထိုင်နေကြပြီး သောက်နေစားနေကြတာ မြင်ရတာ တော်တော်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ မြို့ရဲ့ နှစ်ပတ်လည် အခမ်းအနားကို ဆင်နွှဲနေကြတဲ့ပုံပါ။ အဲဒီနောက်မှာတော့ ဘုန်းကြီးတို့ စီးနင်းလိုက်ပါလာတဲ့ ကားကြီးဟာ မူလထွက်ခဲ့တဲ့ စုရပ်ကို ပြန်ရောက်ခဲ့ပြီး လေ့လာရေးအစီအစဉ် အဆုံးသပ်ခဲ့ပါတယ်။

အဲဒီစုရပ်နဲ့ မနီးမဝေးမှာရှိတဲ့ စတိုးဆိုင်ကြီးတစ်ခုအတွင်း ဝင်ရောက်ပြီး လူကြီးများအတွက် မှုးမော်လာတဲ့အခါ ရှူဖို့သင့်လျော်တဲ့ အော်ဒီကလုံး ရှူဆေးပုလင်းများကို ဝယ်ယူခဲ့ပါတယ်။ ပြီးတဲ့နောက်မှာတော့ လာခဲ့တဲ့လမ်းအတိုင်း မြေ



အောက်ရထားတစ်တန်၊ ကားတစ်တန်နဲ့ တည်းခိုတဲ့ဟိုတယ်ကို ပြန်ခဲ့ပါတယ်။ ဟိုတယ်သို့ ည ၆း၃၀ မှာ ရောက်ရှိခဲ့ပြီး မောင်မိုးကျော်စီစဉ်ပေးတဲ့ ရေနွေးကန်ထဲမှာ ရေစိမ်ချိုးခဲ့ပြီး ခပ်စောစောပဲ အနားယူခဲ့ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## နှုတ်ဆက်ခဲ့ပါသည် ဂျာမနီ

(ဥရောပသိုးစဉ် သတ္တမမြောက်နေ့) ဇွန်-၁၄ ရက်၊ ၂၀၀၉

မနေ့ညက စောစောအိပ်ခဲ့ရတာရော၊ ရေနွေးနဲ့ ရေစိမ် ချိုးခဲ့ရတာကြောင့်ရောလို့ ထင်ပါတယ်။ နံနက်စောစောမှာ ပေါ့ပေါ့ပါးပါး ကြည်ကြည်လင်လင်နဲ့ နိုးလာခဲ့ပါတယ်။ တမြန်မနေ့ကအတိုင်း နံနက် ၇ နာရီမှာ မနက်စာ ဘုန်းပေးပြီး အခန်းမှာ ခေတ္တအနားယူနေခဲ့ပါတယ်။

နံနက် ၁၀ နာရီလောက်မှာ မနေ့ကအတိုင်းဘဲ ဘတ်စ်ကားတစ်တန် မြေအောက်ရထားတစ်တန်နဲ့ ဆရာတပည့် နှစ်ဦးသား ဟိုတယ်မှလေဆိပ်သို့ ထွက်ခဲ့ကြပါတယ်။ ခေတ်မီတိုးတက်တဲ့နိုင်ငံဖြစ်တဲ့အတိုင်း နေရာတကာမှာ လူလုပ်ရမယ့် အလုပ်တွေကို စက်နဲ့လုပ်တာမြင်နေကျအတိုင်း မြင်ရပြန်ပါပြီ။ ဒီတစ်ခါတော့ ဘတ်စ်ကားပေါ်က ကားလက်မှတ်ရောင်းတဲ့ စက်ပါ။ ခရီးဆုံးအထိကို ပထမဆုံးတက်တဲ့ ကားမှာတင်ပဲ လက်မှတ်အပြီးဝယ်လို့ရအောင် လုပ်ထားတဲ့စနစ်ကလေး တစ်ခုကို သတိထားမိခဲ့ပါတယ်။ အဲဒီမှာ အလျဉ်းသင့်သလို



အလှဲလေးတစ်ခုဖြစ်ခဲ့ပုံနဲ့ မြူးနစ်မြို့သားများရဲ့ ကူညီရိုင်းပင်းမှုလေးအကြောင်းကို ရေးပြချင်ပါတယ်။ ဟိုတယ်ကတည်းက ဘုန်းကြီးတို့ နှစ်ဦး လက်မှတ်ဝယ်ဖို့ မောင်မိုးကျော်က ဂျာမနီနိုင်ငံသုံး အကြွေစေ့များ လဲလှယ်ခဲ့ပါတယ်။ ကားပေါ်အရောက် အကြွေစေ့တစ်စေ့ချင်းကို လက်မှတ်ရောင်းတဲ့စက်မှာထည့်ပြီး လက်မှတ်ဝယ်ပါတယ်။ အကြောင်းတစ်ခုခုကြောင့် လက်မှတ်ထွက်ကျမလာဘဲ တော်တော်လေး အခက်အခဲဖြစ်နေပုံကို တွေ့ရပါတယ်။ အနားမှာရှိတဲ့လူတွေကလည်း သူ့ရဲ့ အကြွေစေ့ကို သူတို့မှာပါလာတဲ့ အကြွေစေ့တွေနဲ့ လဲလှယ်ပေးနေတာ တွေ့ရပါတယ်။ တော်တော်ကြာအောင် လုပ်နေတာဖြစ်တဲ့အတွက် ကားတစ်စီးလုံးမှာရှိတဲ့လူတွေရဲ့ ဂရုပြုချင်းကို ခံနေရတဲ့ မောင်မိုးကျော်ဟာ ၃ ယောက်မြောက် ခရီးသည်ရဲ့ အကြွေစေ့နဲ့ လက်မှတ်ကို အောင်မြင်စွာရယူလိုက်တဲ့အချိန်မှာ တစ်စင်းလုံးရဲ့ ဟင်းခနဲသက်ပြင်းချပြီး ပြုံးနေတဲ့ခရီးသည်တွေကို မြင်တွေ့ကြရပါတယ်။

ဘုန်းကြီးကတော့ သူတို့ရဲ့စက်တွေ စနစ်တကျ ပြုလုပ်ထားပုံကိုသာ အံ့သြမိနေပါတော့တယ်။ ဘုန်းကြီးတို့လို ဘာသန္တရမတတ်သူအတွက်သာဆိုရင်တော့ တော်တော်လေးကို အခက်တွေ့မယ့် အဖြစ်ပါ။ ဒီနိုင်ငံတွေ သွားရလာရစားရသောက်ရတာ တော်တော်လေးကို မလွယ်ကူပါဘူး။

ရောက်ခဲ့သမျှ ဘူတာတွေဟာ ကြီးမားလွန်းတ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဝင်ပေါက်ထွက်ပေါက်ရှာရတာနဲ့တင်ကို ခေါင်းမူးလောက်ပါတယ်။ လက်မှတ်ဝယ်ဖို့ အပေါက်၊ ရထားထွက်မယ့် စကြ်န်အပေါက်တွေ ပါလာခဲ့မယ်ဆိုရင်တော့ ဘယ်လိုမှကို တစ်ယောက်တည်းသွားနိုင်ဖို့ဆိုတာ မဖြစ်နိုင်လောက်ပါဘူး။ ဟိုတယ်ကနေ ဘူတာတို့ လေဆိပ်တို့၊ မြို့ထဲကိုသွားတဲ့အခါမှာလဲ ဘတ်စ်ကားလိုင်းကို မြေပေါ်ကသွားရမလား၊ မြေရဲ့ အလယ်ပိုင်းကဟာကို စီးရမလား၊ မြေအောက်က မီးရထားကို စီးရမလားဆိုတာ စာတွေအကုန်လုံးက အင်္ဂလိပ်လိုချည်းပဲ ရေးထားတာမဟုတ်လေတော့ အင်္ဂလိပ်စာတတ်နိုင်ရုံနဲ့တောင် တော်တော်မလွယ်တဲ့ အလုပ်ပါ။ အငှားကားနဲ့သွားမယ်ဆိုရင် အဲဒီဒုက္ခတွေ အားလုံးပြေလည်သွားနိုင်ပေမယ့် ဗဟုသုတရပုံချင်းကတော့ တူမယ်မဟုတ်ပါဘူးလေ။

လေဆိပ်အဆောက်အဦးတွေဆိုရင်လည်း ဒီအတိုင်းပါပဲ။ ရောက်ခဲ့တဲ့လေဆိပ်တွေတိုင်းဟာ သူ့ထက်သူ ကောင်းအောင် လုပ်ထားတာဖြစ်လေတော့ လေဆိပ်တိုင်း လေဆိပ်တိုင်းဟာ ဘုန်းကြီးတွေအတွက်ကတော့ မျက်စိလည်စရာတွေချည်း ဖြစ်လို့နေပါတယ်။ လေဆိပ်အဆောက်အအုံများ၊ မြေပေါ်မြေအောက် မီးရထားဘူတာရုံကြီးများ၊ လမ်းတံတားများကို တည်ဆောက်တဲ့ ဗိသုကာပညာရှင်များ အင်ဂျင်နီယာများရဲ့ ပညာများဟာဖြင့် ချီးမွမ်းလို့မကုန် အံ့ဩလို့မကုန်လောက်အောင် တော်ကြပါပေတယ်လို့ ဘုန်းကြီးတော့



အကြိမ်ကြိမ် ချီးကျူးမဆုံးနိုင်အောင်ကို ဖြစ်မိပါတယ်။ နံနက် ၁၁ နာရီမှာ မြူးနစ်မြို့လေဆိပ်ကို ရောက်ရှိခဲ့ပြီး နေ့ဆွမ်းကိစ္စဆောင်ရွက်ရပါတယ်။ ဒီနေ့တော့ စားလိုစိတ် သိပ်မရှိတဲ့အတွက်ကြောင့် လေဆိပ်စားသောက်ဆိုင်တစ်ခုမှာ ခရမ်းချဉ်သီးဟင်းချိုတစ်ပန်းကန်၊ ကော်ဖီတစ်ခွက်နဲ့ အဲဒီနေ့အတွက်ဆွမ်းကိစ္စပြီးလိုက်ပါတယ်။

ဘုန်းကြီးတို့ခရီးစဉ်မှာ တစ်ခုအားသာချက်က ကိုယ်သွားချင်တဲ့အချိန် သွား၊ ကိုယ်စားချင်တဲ့အစာကို ကိုယ်စားချင်တဲ့အချိန်မှာ စားနိုင်ပါတယ်။ ဒီဥရောပအစီအစဉ်ကို စပြီးစီစဉ်ချိန်တုန်းက လေးနိုင်ငံ ၁၁ ရက်ခရီး ဘတ်စ်ကားကြီးတွေနဲ့ သွားကြဖို့ စီစဉ်ခဲ့ပေမယ့်လည်း သူတို့ရဲ့ ကန့်သတ်ချက်တွေကြောင့် အဆင်မပြေလို့ မသွားဖြစ်ခဲ့တာ။ ဆောကလူတွေအပြောအရဆို သူတို့ရဲ့ အစီအစဉ်အတိုင်း ကိုယ်ကလိုက်သွားရမှာဆိုပဲ။ ကိုယ့်အချိန်နဲ့ ကိုယ် စားရတဲ့ ဘုန်းကြီးတို့ဘဝနဲ့တော့ အဲလိုစီမံပြီးသားခရီးစဉ်နဲ့ မသွားဖြစ်တာ ကောင်းဖို့ဖြစ်လာသလိုပဲ။ မဟုတ်ရင် ကိုယ်က အခုလိုခံတွင်းမလိုက်လို့မစားချင်တဲ့အချိန်မှာ သူတို့ရပ်ပေးတဲ့ စားသောက်ဆိုင်မှာ စားရမယ်ဆို သိပ်အဆင်ပြေမှာမဟုတ်ဘူး။ ဆွမ်းစားအပြီးမှာတော့ လေဆိပ်အတွင်း မိမိတို့လိုက်ပါစီးနင်းမဲ့ လေယာဉ်ထွက်ပေါက်မှာ စောင့်နေခဲ့ပြီး နေ့လယ် ၂:၂၀ အချိန်မှာတော့ ဂျာမနီနိုင်ငံ မြူးနစ်မြို့ကနေ လေယာဉ်ထွက်ခွာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ဟာ ဂျာမနီနိုင်ငံရဲ့ နောက်တစ်မြို့ဖြစ်တဲ့ ဒူဆင်ဒရော့ဆိုတဲ့ မြို့ရဲ့ လေဆိပ်မှာ တစ်ထောက်နားခဲ့ပြီး နောက် လေယာဉ်တစ်စင်းနှင့် အီတလီနိုင်ငံ ရောမမြို့သို့ ဆက်လက် ထွက်ခွာခဲ့ပါတယ်။ အီတလီနိုင်ငံ ရောမလေဆိပ်သို့ ညနေ ၄း၁၅ မှာ ရောက်ရှိခဲ့ပြီး တည်းခိုရာ ဒေါနာလော်ရာ ဟိုတယ်သို့ ညနေ ၆ နာရီလောက်မှာ ရောက်ရှိခဲ့ပါတယ်။

နောက်တစ်ရက်အတွက် ရောမမြို့လေ့လာရေးခရီးစဉ်များကို မောင်မိုးကျော်ပြင်ဆင်မှုတွေ ဆောင်ရွက်နေချိန်မှာ ဘုန်းကြီးကတော့ နောက်နေ့ခရီးအတွက် အားအင်အပြည့်ဖြစ်နေဖို့ အနားယူခဲ့ပါတယ်။

❖ ❖ ❖

## ဟာတီကန် ရောမဗျာနီ ဝေခွဲခက်ပြီ ကော်လစီ

(ဥရောပခရီးစဉ် အငှမပြောက်နေ့) ၄နှ-၁၅ ရက်၊ ၂၀၀၇

ဥရောပခရီးစဉ်ရဲ့ အငွှမမြောက်နေ့ကို စတင်ဖို့အတွက် နံနက် ၆း၃၀ မှာ အိပ်ရာမှထပြီး ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီးတဲ့နောက် ဟိုတယ်ရဲ့ နံနက်စာစားတဲ့အဆောင်ကို ရောက်ရှိခဲ့ပါတယ်။ ဟိုတယ်က စီစဉ်ပေးတဲ့မနက်စာကို ဘုဉ်းပေးပြီးတဲ့အချိန်မှာ ရောမမြို့ရဲ့ ပထမနေ့ လေ့လာရေးခရီးကို မနက် ၈ နာရီမှာ စတင်ခဲ့ပါတယ်။ ရောမမြို့ဟာ ရောမအင်ပါယာကြီး ဘုန်းမီးနေလတောက်ပချိန်မှာ အလွှန်ကို စည်ပင်ဝပြောတဲ့ တိုင်းနိုင်ငံ မြို့ကြီးတစ်မြို့ဖြစ်ခဲ့တယ်လို့ ဖတ်ဖူးလေ့လာထားဖူးတဲ့အတွက် အခုရောက်တုန်းရောက်ခိုက်မှာ လက်တွေ့ဘယ်လိုရှိမယ်ဆိုတာသိရအောင် အတော်ကို အချိန်ပေးပြီး လေ့လာမယ်လို့ အားခဲထားခဲ့တဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ရောမမင်းတွေ တန်ခိုးကြီးထွားစဉ်က သူတို့တည်ဆောက်ခဲ့တဲ့ နန်းတော်ကြီးများ၊ မြို့တော်ကြီးများ၊ တည်ဆောက်ထားပုံ စနစ်တွေ၊ သူတို့ရဲ့ အကန့်အသတ်မဲ့ အာဏာ

www.burmeseclassic.com

www.burmeseclassic.com



တွေကို အသုံးချပြီး လူတွေရဲ့အသက်တွေကို တန်ဖိုးမထားဘဲ ဖျော်ဖြေရေးကိရိယာတစ်ခုအဖြစ် မြိန်မြိန်ယှက်ယှက် ရှုစားဖို့ တည်ဆောက်ထားတဲ့ ကော်လစီယံလို့ခေါ်တဲ့ လူသတ်ကွင်းပြင်ကြီးတွေ၊ ဘာသာရေးအထင်ကရ အဆောက်အဦးကြီးလို့ ကမ္ဘာမှာကျော်ကြားတဲ့ 'ဗာတီကန်'နန်းတော်ဆိုတာတွေကို လေ့လာနိုင်ဖို့အတွက် ၂ ရက်ခွဲလောက်ကို အချိန်ယူထားခဲ့တာပါ။ အရင်မြို့တွေအတိုင်း မြေပေါ်တစ်တန်၊ မြေအောက်တစ်တန်နဲ့ ရောမရဲ့မြို့လယ်ကိုရောက်ရှိခဲ့ပြီး အမိုးပွင့် ၂ ထပ်ကားကို အသုံးပြုခဲ့ပြန်ပါတယ်။ အဲဒီအမိုးပွင့် ဘတ်စ်ကားတွေဟာ ဘုန်းကြီးတို့ရောက်တဲ့ မြို့တိုင်းမှာ တွေ့ရပြီး လေ့လာရေးခရီးသွားများအတွက် အလွန်ကို အဆင်ပြေလှပါတယ်။

ကားတွေရဲ့ အဆင်အပြင်နဲ့ ခရီးစီစဉ်ပုံချင်း ကွာခြားပေမယ့် ထင်ရှားတဲ့နေရာတွေကို ရောက်တာချင်းတော့ ကားတိုင်းလိုလို တူညီကြပါတယ်။ မြန်မာပြည်ရဲ့ နွေရာသီလိုပူပြင်းလှတဲ့ ရောမမြို့ရဲ့ နေရောင်အောက်မှာ ဘုန်းကြီးတို့ရဲ့ ရောမမြို့ လေ့လာရေးခရီးကို စတင်လိုက်ပါတယ်။ ဘုန်းကြီး အနှစ်နှစ်အလလက စိတ်ကူးနဲ့ ရောက်ရှိခဲ့တဲ့ ပုပ်ရဟန်းမင်းကြီးသီတင်းသုံးနေထိုင်ရာ 'ဗာတီကန်'နန်းတော်ကို ပထမဆုံး စလေ့လာမယ့်နေရာအဖြစ် ရွေးခြယ်ခဲ့ပါတယ်။ ဘုန်းကြီးတို့ စီးနင်းခဲ့တဲ့ လေ့လာရေး ၂ ထပ်ကားဟာ အခြားနေရာတွေကို စတင်ဖြတ်သန်းခဲ့ပေမယ့်လည်း 'ဗာတီကန်'နန်းတော်ဟာ



ဘုန်းကြီးရဲ့စိတ်ကို အရင်လာဖို့ ဆွဲဆောင်နေသလိုပါပဲ။ ကြီးကျယ် ခမ်းနားလှတဲ့ ဗာတီကန် အဆောက်အဦးကြီးရဲ့ရှေ့က ကြီးမားလှတဲ့ ရင်ပြင်ကြီးနဲ့ အဲဒီ ရင်ပြင်ကြီးရဲ့ ဘေးပတ်ပတ်လည်က မှန်ဦးကြီးတွေနဲ့ လက်ရာမြောက်လှတဲ့ ကျောက်ရုပ်တုတွေက အဆောက်အဦးအတွင်းကို ဝင်မကြည့်ဘဲမနေနိုင်လောက်အောင် ဖိတ်ခေါ်နေတဲ့အလား ခံစားရပါတယ်။

အဲဒီရင်ပြင်မှာ လူတွေစုရုံးပြီး အဆောက်အဦး ရှေ့စင်မြင့်မှ ပုပ်ရဟန်းမင်းကြီးရဲ့ တရားဆုတောင်းများကို နာနိုင်ဖို့အတွက် ရင်ပြင်ပတ်ပတ်လည်က မှန်ဦးတွေတိုင်းမှာ စပီကာ အလုံးပေါင်းမြောက်များစွာကို တပ်ဆင်ထားတာတွေ့ရပါတယ်။ အဝင်ဝမှာတင်းကျပ်တဲ့ လုံခြုံရေးကိုဖြတ်ပြီး ဗာတီကန် အဆောက်အဦးထဲကို ဝင်ခဲ့ပြီး အတွင်းက အဆင်အပြင်အနေအထားတွေကို အသေးစိတ်လေ့လာကြည့်ရှုခဲ့ပါတယ်။ ရောင်စုံမှန်များနဲ့ တည်ဆောက်ထားတဲ့ ပြတင်းပေါက်နဲ့ အမိုးများကြောင့် အတွင်းမှာ လင်းလင်းချင်းချင်း သိပ်မရှိတဲ့အပြင် လျှပ်စစ်မီး များများစားစား အသုံးမပြုတာကြောင့် အတွင်းက ဗိသုကာလက်ရာများကို ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား မှတ်တမ်းမတင်ခဲ့နိုင်တဲ့အတွက် အနည်းငယ်တော့ စိတ်ကသိကအောက်ဖြစ်ရပါတယ်။

ဘုန်းကြီးကလည်း ကိုယ်ရောက်ခဲ့သမျှနေရာတွေကို မရောက်ဘူးတဲ့တပည့်တွေကို ပြောချင်၊ ရေးချင်၊ ပြချင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြောင့် ခမ်းနားတဲ့ အဆင်အပြင်များကို မပြုရလေချင်းလို့ စိတ်ထဲမှာ ဖြစ်မိတာပါ။ တကယ်တော့ ငြိမ်းအေးတဲ့ ပတ်ဝန်းကျင်ကို တည်ဆောက်တဲ့ပတ်ဝန်းကျင်တိုင်းမှာ ဒီလိုပဲ အလင်းအား ပျော့ပျော့အနေအထားကို ဖန်တီးထားတတ်တာဟာ ဘာသာတိုင်းမှာရှိတတ်တဲ့ အသွင်အပြင်တစ်မျိုးသာပါ။ လူ့စိတ်ကိုက အလင်းရောင်တောက်တောက်ထက် ခုလိုမှုန်ပျပျ အနေလေးမှာ စိတ်ငြိမ်းချမ်းမှုကို တည်ဆောက်ရတာ ပိုမို အာရုံစိုက်လို့ လွယ်ကူတယ်လို့ ခံစားမိတတ်တာပါ။ အလင်းရောင်သဲ့သဲ့ရှိတဲ့ ခန်းမထဲမှာ တရားမှတ်ရတာမျိုးနဲ့ မိုးအုပ်ဆိုင်းတဲ့ ရာသီမျိုးမှာ စိတ်ပိုပြီး ငြိမ်းချမ်းသလိုမျိုး ခံစားရတတ်တာမျိုးဟာ ပတ်ဝန်းကျင်နဲ့ လူ့မနော ဆက်စပ်နေခြင်းရဲ့ သင်္ကေတပဲဖြစ်မှာပါ။

အဆောက်အဦးအတွင်းမှာ အဲဒီမြို့ရဲ့ စတင်တည်ဆောက်ချိန်မှ စခဲ့တဲ့ အဆောက်အဦးပုံစံငယ်များ နောက်ပိုင်းခေတ် ပုပ်ရဟန်းမင်းများရဲ့ ဝတ်စုံပြည့်နဲ့ ဆေးစိမ်ထားတဲ့ ခန္ဓာကိုယ်များ၊ ပုပ်ရဟန်းမင်းအဆက်ဆက်ရဲ့ အမည်များရေးထိုးထားတဲ့ ကျောက်စာ။ ပုပ်ရဟန်းမင်းရဲ့ တရားဟောစင်မြင့်တို့ကို ကြည့်ရှုလေ့လာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခွင့်ရခဲ့ပါတယ်။ ဗာတီကန်အဆောက်အဦးကို လေ့လာပြီးချိန်မှာတော့ ဆွမ်းချိန်ရောက်ပြီဖြစ်လို့ ဆွမ်းကိစ္စစီစဉ်ဖို့ အနားမှာရှိတဲ့ စားသောက်ဆိုင်များဘက်ကို ဦးတည်ခဲ့ပါတယ်။



ဘုန်းကြီးတို့ရဲ့ ဆွမ်းချိန်နဲ့ သူတို့ဆီကလူတွေရဲ့ နေ့လယ်စာစားချိန် မတူညီကြတဲ့အတွက် အဆင်မပြေဖြစ်တတ်ပါတယ်။ ဆိုင်တော်တော်များများက နေ့လယ် ၁၂ နာရီ မထိုးမီမှာ နေ့လယ်စာကို မပြင်ဆင်ပေးဘူးလို့ သိရတယ်။ မေးရင်းနဲ့ တတိယဆိုင်အရောက်မှာတော့ ဘုန်းကြီးက ဘာပဲဖြစ်ဖြစ် ဘုဉ်းပေးလို့ရပါတယ်ဆိုတဲ့ ခွင့်ပြုချက်နဲ့ မောင်မိုးကျော်စီစဉ်ပေးတဲ့ အီတာလျံပီဇာလို့ခေါ်တဲ့ နံပြားလို အပြားပေါ်မှာ ချိစ်များ၊ ပင်လယ်စာများပါတဲ့ မုန့်တစ်ခြမ်းနဲ့ အချိုပွဲအတွက် ဇီးသီးအကြီးစားတစ်မျိုး ဘုဉ်းပေးရပါတယ်။ ဥရောပခရီးမှာ အမြတ်လို့ခေါ်နိုင်တာကတော့ ဥရောပနိုင်ငံများဖြစ်တဲ့ ပြင်သစ်၊ ဂျာမနီနဲ့ အီတာလျံ အစားအသောက်တွေကို အဲဒီနိုင်ငံတွေမှာ ဘုဉ်းပေးသုံးဆောင်ရခြင်းပါပဲ။ သူ့ဒေသ အစားအစာကို သူ့နေရာမှာ သုံးဆောင်ရခြင်းဆိုတော့ အတုအစစ်ဆိုတဲ့ ပြဿနာ စဉ်းစားနေဖို့ မလိုတော့ဘူးပေါ့။ ဆွမ်းကိစ္စပြီးတဲ့ နောက်မှာတော့ ဗာတီကန်မှာလဲ လေ့လာစရာကုန်ပြီမို့ နောက်တစ်နေရာကို ခရီးဆက်ခဲ့ပါတယ်။ နောက်ထပ် ရောက်ရှိခဲ့တဲ့နေရာကတော့ ရောမမြို့ရဲ့ မြို့လယ်ခေါင်မှာရှိတဲ့ ပြတိုက်တစ်ခုပါပဲ။

လှေကားအမြင့်ကြီးတက်ရလို့ အတော်လေး မောသွားပေမယ့်လည်း အပေါ်ကိုရောက်သွားတဲ့အချိန်မှာ ရောမမြို့ရဲ့ ဆေးရောင်စုံမြင်ကွင်းကျယ်နဲ့ တိုက်ခတ်လာတဲ့ လေ

www.burmeseclassic.com

www.burmeseclassic.com



နအေးလေးက အမောကို လုံးဝကို ပြေပျောက်သွားစေပါတယ်။ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးအပြီးမှာတော့ ရောမမြို့ရဲ့ အထင်ရှားဆုံးနေရာများထဲမှာ တစ်နေရာဖြစ်တဲ့ ကော်လီစီယမ်လို့ခေါ်တဲ့ နေရာကို ဆက်လက်သွားရောက်ခဲ့ပါတယ်။ ရှေးနှစ်ပေါင်း တစ်ထောင့်ကိုးရာကျော်လောက်ကတည်းက ဆောက်ထားတဲ့ အဲဒီအဆောက်အဦးကြီးဟာ သဘာဝ ဘေးအန္တရာယ်တွေ အမျိုးမျိုးကြားက အခုအချိန်အထိ ထုထည်ကြီးမားစွာနဲ့ တည်ရှိနေတာကိုမြင်ရတော့ အဲဒီခေတ်က ဗိသုကာပညာရှင်တွေရဲ့ လက်ရာတွေကို အံ့သြလို့မကုန်နိုင်အောင်ကို ဖြစ်ခဲ့ရပါတယ်။ စာထဲမှာ ဖတ်ဖူးတဲ့ ညှာတာမှုတရားကင်းမဲ့လှတဲ့ ရောမဘုရင်တွေရဲ့ ဖျော်ဖြေရေးအစီအစဉ်အတွက် လူတွေရဲ့ အသက်ပေါင်းများစွာ စတေးခဲ့ရတဲ့ ဒီအားကစားရုံကြီးဟာ သမိုင်းရဲ့အရိပ်တွေ ပြည့်နှက်နေသလိုပါပဲ။ အဲဒီမှာ တစ်ခုဘဝင်မကျတာကတော့ ကြည့်ရှုတဲ့ စင်မြင့်တွေရဲ့ အလယ်မှာရှိနေတဲ့ ကွင်းကြီးဟာ ဟင်းလင်းပြင်ကွင်းမဟုတ်ဘဲ ဝင်္ကဘာလို အကွေ့အကောက်တွေနဲ့ လမ်းမျိုးတွေဖြစ်နေတာပါပဲ။ ခြသေ့်နဲ့လူတိုက်ကျတဲ့အခါမှာ တစ်ဦးကိုတစ်ဦး ဘွားဘွားကြီးမမြင်နိုင်အောင် ဝင်္ကဘာလုပ်ထားလေတာလား။ အဲဒီကွင်းပြင်ကြီး မြေပြိုသွားပြီး အောက်မှာရှိနေတဲ့ မြေအောက်အခန်းတွေကို တွေ့နေရတာလားဆိုတာတော့ မပြောတတ်ပါ။



ဗာတီကန်ကိုလေ့လာခဲ့စဉ်က ရင်ထဲကငြိမ်းအေးမှုရှိခဲ့ပေမယ့် ယခုကော်လိစီယံမှာတော့ ဘုန်းကြီးရဲ့ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေပါတယ်။ ရောမအင်ပါယာ၏ ကြီးကျယ်ခန့်ညားခဲ့ပုံကို စဉ်းစားရင်း... ကာလအတန်ကြာ ကျော်ကြားခိုင်မာခဲ့တဲ့ အင်ပါယာ(နိုင်ငံ)ကြီးတွေကို ဘယ်သူတွေ တည်ဆောက်ခဲ့ကြတာလဲ။ အယ်လက်စ်ဇန္ဒာ (Alexander) လား၊ ဆီဇာ (Caesar) လား၊ သို့မဟုတ် ဗုဒ္ဓလား၊ ဗုဒ္ဓမဟုတ်ဘူးဆိုတာကိုတော့ ဘုန်းကြီး အသေအချာပြောရဲပါတယ်။ ရောမအင်ပါယာ၊ ပြင်သစ်အင်ပါယာ၊ ရုရှအင်ပါယာတွေအကြောင်းကို မိမိတို့ မကြာခဏပြောကြလေ့ရှိပါတယ်။ အဲဒီအင်ပါယာကြီးတွေ အခု ဘယ်ရောက်ကုန်ကြပြီလဲ။ ဘယ်လောက်ပဲ ကြီးကျယ်ခဲ့ပေမယ့် ယာယီသာခံတဲ့ သဘောလား?၊ ဟုတ်မှာပေါ့။ ချစ်ခင်မှုအပေါ်မှာမှ အခြေမခံဘဲကိုး။ မလိုမုန်းထားခြင်း၊ မာန်မာနထောင်လွှားခြင်းနဲ့ မိမိကိုယ် မိမိ အထင်ကြီးခြင်းတို့အပေါ်မှာ အခြေခံပြီး တည်ဆောက်ခဲ့ကြလို့ပဲ ဖြစ်ပါလိမ့်မယ်။ ချစ်ခြင်း(မေတ္တာ)တရားအပေါ်မှာ အခြေမခံတဲ့ မူဝါဒဟာ ဘယ်တော့မှ ကြာရှည်မခံပါဘူး။ ကော်လစီယံက မိမိအား အတိတ်ကအကြောင်းတွေကို ပြောနေသလို ခံစားရပါတယ်။

ရောမမြို့ရဲ့ သမိုင်းဝင် အထင်ကရ ကော်လစီယံကို ကြည့်ရှုလေ့လာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပြီးချိန်မှာတော့ ပူပြင်းလှတဲ့နေရောင်အောက်မှာ မြေအောက်ရထား

www.burmeseclassic.com


www.burmeseclassic.com



ဘူတာရုံဆီကို ဆရာတပည့်နှစ်ဦး လမ်းလျှောက်ပြီး ရောက်ရှိခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် တည်းခိုရာ ဟိုတယ်သို့ မြေအောက်ရထားနဲ့ ပြန်ခဲ့ကြပါတယ်။ ဟိုတယ်ကို ပြန်ရောက်ချိန်မှာတော့ ညနေ ၅ နာရီကျော်နေပါပြီ။ တစ်နေကုန်နီးပါး ပူပြင်းတဲ့ ရာသီဥတုဒဏ်ကို ခံခဲ့ရပေမယ့် ကမ္ဘာကျော်နေရာတွေကို လေ့လာခွင့်ရတဲ့အတွက် ရင်ထဲမှာ အတော်လေးကိုပဲ ကျေနပ်မှုရရှိခဲ့ပါတယ်။

❖❖❖






၊ ရောမမြို့ ပုပ်ရဟန်းမင်းကြီးသီတင်းသုံးရာအထင်ကရ-ဗာတီကန်နန်းတော် ရင်ပြင်ရှေ့တွင် တပည့်မောင်မိုးကျော်စွာ နှင့်အတူအမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



(အီတလီ) ရောမမြို့ရှိ သမိုင်းဝင် ကော်လစီယမ် ၊ ကိုအပြင်ဘက်မှ ရှုမြင်ရသည့် အနေအထား



ရှေးရောမဘုရင်တို့၏ ၊ လူ့အသက်များစွာကို ဖျော်ဖြေရေးဌါနအဖြစ် အသုံးပြုခဲ့သော ၊ ရှေးဟောင်းသမိုင်းဝင်
ကော်လစီယမ်အတွင်းပိုင်းတစ်စိတ် တစ်နေရာကိုဤသို့မှတ်တမ်းပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူသုံးကုန်ပစ္စည်းများကို ခင်းကျင်းပြသထားရာမှာလည်း ရှုချင်စဖွယ် ဝယ်ချင်စဖွယ်ဖြစ်အောင် ဖိတ်ခေါ်နေသလိုပါပဲ။ အဝတ်အထည်မျိုးစုံရောင်းတဲ့ ကုန်တိုက်ကြီးနှစ်ခုနဲ့ လက်ဝတ်ရတနာနဲ့ အမျိုးသမီးအသုံးအဆောင် လက်ကိုင်အိတ် အဝတ်အစားများနဲ့ နေကာမျက်မှန်များရောင်းတဲ့ ဆိုင်အလတ်စားသုံးခုလောက်ကို ဝင်ရောက်လေ့လာခဲ့ပါတယ်။ ဆွစ်ဇာလန်က နာရီထုပ်လုပ်မှုမှာ နာမည်ကြီးသလို အခု အီတလီက ဖိနပ်များ၊ သားရေလက်ကိုင်အိတ်များ၊ မျက်မှန်များ၊ ထုတ်လုပ်မှုမှာ နာမည်ရတယ်လို့ ကြားဖူးနေလို့ လေ့လာကြည့်တဲ့သဘောပဲ ဈေးများကို စုံစမ်းပြီးတဲ့အခါ မောင်မိုးကျော်ရဲ့ ပြောပြချက်အရ အမေရိကန်မှာနဲ့ ဈေးအများကြီးမကွာလှဘူးဆိုတာကို သိရပါတယ်။ အဲဒီမှာ ဘုန်းကြီးတစ်ခုနားလည်မိတာကတော့ ပစ္စည်းထုတ်လုပ်ရာ ပင်ရင်းနေရာ ဖြစ်နေလို့ ပေါတယ်ဆိုတာ ဈေးကိုပြောတာမဟုတ်ဘဲ ပစ္စည်းအမျိုးအမည်များတယ်ဆိုတာကိုပါပဲ။

ပစ္စည်းအမျိုးအမည်များတယ်ဆိုတာကလည်း တစ်ခါတလေမှ ခဏလာတဲ့ ဘုန်းကြီးတို့အတွက်တော့ မမှန်နိုင်ဘူးဆိုတာကိုတော့ တမနက်စာသာ အချိန်ရလို့ သွားရောက်လေ့လာရတဲ့ ဈေးဆိုင်တွေမှာ ပစ္စည်းများများ မတွေ့ရခြင်းက သက်သေပြနေပါတယ်။ မြို့လယ်မှာရှိတဲ့ ဆိုင်လေးငါးဆိုင်နဲ့ ဘုရားကျောင်းလို နေရာတစ်ခုမှာ မှတ်တမ်းတင်ဓာတ်ပုံများ



ရိုက်အပြီးမှာတော့ ဆွမ်းချိန်ရောက်နေပြီဖြစ်တဲ့အတွက် နေ့လယ်စာ စောစောစီစဉ်ပေးနိုင်မယ့် စားသောက်ဆိုင်ကို ရှာရပါတယ်။ ပထမနေ့ကလို မွန်းမလွဲမီ ကပ်မှ ရှာတာမဟုတ်တဲ့အတွက် ကံအားလျော်စွာပဲ နေ့လယ်စာကို စီစဉ်ပေးနိုင်မယ့် ဆိုင်ကြီးတစ်ဆိုင်ကို စုံစမ်းရှာဖွေတွေ့ရှိခဲ့ပါတယ်။ သူတို့ရဲ့ ဓလေ့နဲ့ ဘုန်းကြီးများရဲ့ အချိန်ဇယား အံဝင်ခွင်ကျမှုမရှိတာ အခက်အခဲလေးတစ်ခုပါပဲ။ အနုတ္တလက္ခဏာလေးတစ်ခုပဲလေလို့ တွေးမိ သံဝေဂရမိပါတယ်။ မောင်မိုးကျော်က ရရှိနိုင်မည့် အစားအသောက်များကို စုံစမ်းပြီးတဲ့နောက်မှာ ဆွစ်ဇာလန်မှာ ကပ်လှူခဲ့တဲ့ အီတာလျံ ခေါက်ဆွဲကို အခု အီတလီရောက်ခိုက်မှာ ထပ်ပြီးကပ်လှူမဲ့အကြောင်း လျှောက်ထားပြီး ပင်လယ်စာများနဲ့ ပြင်ဆင်ထားတဲ့ အီတာလျံခေါက်ဆွဲနဲ့ မြန်မာပြည်ရဲ့ သီးစုံချဉ်ဟင်းနဲ့တူတဲ့ အီတာလျံဟင်းချိုကို ဆက်ကပ်ပါတယ်။ အချိုပွဲကတော့ နမည်ကြီး အီတာလျံကော်ဖီပါ။ ဆွမ်းစားတာများသွားတဲ့အတွက် ဘုန်းကြီးမှာ ကော်ဖီကို တစ်ငုံလောက်ပဲသောက်နိုင်မယ်ထင်တယ်လို့ ပြောမိပါတယ်။ လာပို့တဲ့အခါမှာလည်း တကယ်ပဲ တစ်ငုံစာ ခွက်ကလေးဖြစ်နေတဲ့အတွက် အတော့်ကို အဆင်ပြေသွားပါတယ်။ အီတာလျံကော်ဖီဟာလည်း ကျော်ကြားလောက်ပါတယ်။ တစ်ငုံစာဆိုပေမယ့် သောက်ဖူးတဲ့အထဲမှာ ဘယ်ကော်ဖီနဲ့မှ မတူတဲ့အရသာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကိစ္စပြီးတဲ့အချိန်မှာတော့ မြို့အတွင်း ကြည့်ရှုစရာတွေလည်း ကုန်ပြီဖြစ်တာကတစ်ကြောင်း၊ ရောမမြို့ရဲ့ နေပူဒဏ်ကို ထပ်မခံချင်တာ တစ်ကြောင်းကြောင့် တည်းခိုရာကို ပြန်ဖို့ မြေအောက်ရထားဘူတာရုံကို ရှာခဲ့ပါတယ်။ မြေပုံကို ကြည့်လိုက်တဲ့အခါ ရောက်နေတဲ့နေရာနဲ့ တည်းခိုတဲ့နေရာ သိပ်မဝေးတော့ဘူးဆိုတာ သိရတဲ့အတွက် လမ်းလျှောက်ပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ရောမမြို့ရဲ့ လမ်းတွေကိုလည်း လျှောက်ရတဲ့အတွေ့အကြုံလဲ ရဖူးတယ်ရှိအောင်ဆိုပြီး ဟိုတယ်အထိ လျှောက်ခဲ့ကြပါတယ်။ ပူပြင်းလွန်းတဲ့အပူထဲမှာ လမ်းအတော် လျှောက်လိုက်ရတဲ့အတွက် ဟိုတယ်အရောက်မှာတော့ တော်တော်လေးကို ပင်ပန်းနေပါတယ်။ ဟိုတယ်မှာ အနားယူနေချိန်မှာ မောင်မိုးကျော်ကတော့ လူငယ်ပီပီ ရတဲ့အချိန်လေးမှာ နေရာလပ်မကျန်အောင် လေ့လာနိုင်အောင်လို့ အပြင်ကို တစ်ခါထပ်ထွက်သွားခဲ့ပါတယ်။ ညနေ ၄ နာရီခွဲလောက်မှာ ပြန်ရောက်လာပြီး သူမြင်တွေ့ခဲ့ရတဲ့ အတွေ့အကြုံလေးများကို ပြန်ပြောပြကာ နောက်တစ်နေ့မှာ ထွက်ရမယ့်ခရီးစဉ်အတွက် တိုင်ပင်ပြီး စောစောပဲ နားလိုက်ကြပါတယ်။

❖ ❖ ❖

## ရောမမှသည် ဗင်းနစ်သို့

(ဥရောပခရီးစဉ် အသေးမှတ်) ၁၆-၁၇ ရက်၊ ၂၀၀၃

ထုံးစံအတိုင်းပဲ မနက် ၆ နာရီမှာ အိပ်ရာမှ နိုးလာခဲ့ပါတယ်။ ဥရောပခရီးစဉ်တစ်လျှောက်လုံး တည်းခိုတဲ့နေရာအားလုံးက မနက်စာစီစဉ်ပေးတာကြောင့် အရုဏ်ဆွမ်းဘုဉ်းတဲ့အချိန်ကိုလည်း သူတို့ကျွေးတဲ့အချိန်နဲ့ ပြေလည်အောင် ကိုယ့်ဘာသာကိုယ် စီစဉ်ထားတဲ့အတွက်ကြောင့် စောစောထစရာလဲမလိုတော့တာလဲပါတာပေါ့။ ဟိုတယ်မှ စီစဉ်ပေးတဲ့မနက်စာကို ဘုဉ်းပေးပြီး ဗင်းနစ်ကိုသွားဖို့ ရထားချိန်က စောနေသေးတဲ့အတွက် ဟိုတယ်မှာ ခဏအနားယူရေချိုးပြီး မနက် ၁၀ နာရီလောက်မှာ ဟိုတယ်က ဆရာတပည့်နှစ်ဦးသား ထွက်ခဲ့ပါတယ်။ ဗင်းနစ်ကိုသွားဖို့ ဘူတာရုံအသွားမှာ မနေ့က အတိုင်းပဲ မြေအောက်ရထားနဲ့ သွားခဲ့ကြပါတယ်။

ဘုန်းကြီးတို့ နှစ်ဦးလုံးက ၁၂ ရက်စာအတွက် လိုအပ်တဲ့ အသုံးအဆောင်များကို လက်ဆွဲအိတ် အသေးတစ်လုံးစီနဲ့ ထည့်ထားခဲ့တဲ့အတွက် ရထား၊ ကား၊ လေယာဉ်စီးနင်းရာ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ ဝန်ကျဉ်းပြီး အဆင်ပြေလှပါတယ်။ ဘုန်းကြီး လက်ဆွဲအိတ်ထဲက သက်န်းတစ်စုံကလည်း မနေ့က ဟိုတယ်မှာ လျှော်ခိုင်းထားပြီးဖြစ်တဲ့အတွက် နောက်ထပ် ၄ ရက်လောက်အတွက် လဲစရာကို ပူပင်စရာမလိုတော့ပါဘူး။ မြတ်စွာဘုရားရဲ့ သားတော်တစ်ပါးအနေနဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမနဲ့အညီ ကိစ္စနည်းပါးပြီး ပေါ့ပါးသောအဖြစ်ရှိသူ ဖြစ်ရတာကို စဉ်းစားမိပြီး ဂုဏ်ယူပီတိဖြစ်မိပါတယ်။

ရောမမြို့ရဲ့ ဗဟိုဘူတာရုံကြီးမှာ ဗင်းနစ်သွားဖို့အတွက် လက်မှတ်ဝယ်ယူပြီးတဲ့အချိန်မှာ ဘုန်းကြီးက နားနေခန်းမှာ စောင့်နေခဲ့ပြီး မောင်မိုးကျော်က ဆွမ်းစီစဉ်ဖို့အတွက် စားသောက်ဆိုင်ရှာရန် ထွက်သွားပါတယ်။ ခဏနေတော့ ပြန်ရောက်လာပြီး အပြောင်းအလဲအဖြစ် ဘုန်းကြီးကိုကပ်လှူဖို့ တရုတ်စားသောက်ဆိုင်တစ်ဆိုင်တွေ့ခဲ့တဲ့အကြောင်း လျှောက်ထားပါတယ်။ ဆရာတပည့်နှစ်ဦးသား ဘူတာကြီးနဲ့ မလှမ်းမကမ်းမှာရှိတဲ့ တရုတ်စားသောက်ဆိုင်ကို ဆွမ်းဘုဉ်းရန်ထွက်ခဲ့ကြပါတယ်။ အနောက်တိုင်းအစားအစာတွေကို ဆွစ်ဇာလန်က ထွက်ကတည်းက စားခဲ့ရတာဆိုတော့ ကိုယ်စားနေကျ ဆွမ်းလေးကို သတိရနေမိတာ အခုတော့ မြန်မာဆွမ်းဟင်း မဟုတ်ပေမယ့် အနီးကပ်ဆုံးတူညီတဲ့ တရုတ်အစားအစာဆိုတော့လည်း သိပ်မဆိုးလှဘူးပေါ့လေ။ ပြောမယ့်သာ ပြောတာပါ။



တကယ်တမ်းဆွမ်းဘုဉ်းဖို့ အစားအသောက် စာရင်းကြည့်လိုက်ပြီး ညည်းစိစိဖြစ်လာလို့ ဘာမှစားချင်စိတ်မရှိတာနဲ့ အရည်ပါတာလေးတစ်ခုလောက်ဆိုရင် အဆင်ပြေမှာပဲလို့ ပြောလိုက်တဲ့အခါ မောင်မိုးကျော်က ကြာဆန်ပြုတ်စီစဉ်ပြီး ကပ်ပါတယ်။ နေ့လယ် ၁၂:၅၀ နာရီမှာ ဘုန်းကြီးတို့ စီးနင်းလိုက်ပါမယ့်ရထားကြီး ရောမမြို့မှ ထွက်ခွာပါတယ်။ ပြင်သစ်တို့၊ ဆွစ်ဇာလန်တို့ရဲ့ လယ်ယာစိုက်ခင်းတွေလိုပဲ ရှုမငြီးနိုင်တဲ့ အီတလီရဲ့ လယ်ယာစိုက်ခင်းတွေ ငေး မောရင်း ညနေ ၅:၃၀ မှာ ဘုန်းကြီးတို့ တည်းဖို့စီစဉ်ထားတဲ့ ဗင်းနစ်မြို့အနီးက မက်စထရီလို့ခေါ်တဲ့ မြို့လေးကို ရောက်ရှိ ခဲ့ပါတယ်။

ဘာသာစကား မကျွမ်းကျင်ပေမယ့် ဘုန်းကြီးရဲ့စိတ်က နှိုးဆော်လို့လား မသိပါဘူး။ မောင်မိုးကျော်ကို သတိပေးလိုက်မိတာ။ သူကလဲဗင်းနစ်မြို့ ဘူတာမှာပဲ ဆင်းမယ်လို့ စိတ်ချနေတာထင်တယ်။ မြို့နာမည်နဲ့ ဟိုတယ်လိပ်စာတိုက်ကြည့်ပြီး တည်းမဲ့ဟိုတယ်ရှိတဲ့ မြို့မှန်းသိတာနဲ့ ဆရာတပည့်နှစ်ဦးသား ကသုတ်ကရက်နဲ့ ဆင်းလိုက်ကြတာ မှန်နေတဲ့အတွက် အငှားကားခ သက်သာသွားတာကတော့ သေချာပါတယ်။ ဘယ်အရာမဆို ကိုယ်မရောက်ဘူးတဲ့နေရာတွေ သွားတဲ့အခါ ကားတွေရထားတွေရဲ့ သယ်ဆောင်ရာကို အမှတ်မဲ့လိုက်မသွားဘဲ သတိလေးထားပြီး အရာရာစူးစမ်းခြင်းကြောင့် ရရှိတဲ့အကျိုးလေးတစ်ခုပါပဲ။

www.burmeseclassic.com

ဟိုတယ်ရောက်ပြီး ဘုန်းကြီး အနားယူနေချိန်မှာတော့ နောက်တစ်နေ့ လေ့လာရေးခရီးစဉ်တွေ စုံစမ်းဖို့နဲ့ ညနေစာစားဖို့ မောင်မိုးကျော် မြို့ထဲထွက်သွားခဲ့ပါတယ်။ ည ၈ နာရီလောက်မှာ သူပြန်ရောက်လာပြီး နောက်တစ်နေ့ခရီးစဉ်အတွက် အစီအစဉ်တွေကို လျှောက်ထားပြီး အနားယူခဲ့ကြပါတယ်။ အခြား ဥရောပလေ့လာရေးသွားသူတွေတော့ မပြောတတ်ပါ။ ဘုန်းကြီးတို့ကတော့ ကိုယ်နားချင်တဲ့အချိန်လေး နားလိုက်၊ သွားချင်တဲ့ အချိန်လေး ထသွားလိုက်နဲ့ အတော့်ကို အဆင်ပြေပါတယ်။ အားလုံးဟာ တပည့်မောင်မိုးကျော်ရဲ့ ကြိုးစားမှုတွေပါ။

❖ ❖ ❖



## ပင်းနစ်နဲ့ရေလှေ၊ ခွဲမရနိုင်ပါ

(ဥရောပခရီးစဉ် ကြာသပတေးနေ့) ဇွန်-၁၈ ရက်၊ ၂၀၀၉

နံနက် ၆ နာရီမှာ နိုးနေကျအတိုင်း နိုးလာခဲ့ပြီး ဗင်းနစ်မြို့ လေ့လာရေးခရီး စတင်ဖို့အတွက် ပြင်ဆင်ပါတယ်။ ဟိုတယ်က စီစဉ်ပေးတဲ့ နံနက်စာကို ဘုဉ်းပေးသုံးဆောင်ခဲ့ပါတယ်။ အဲဒီမှာကြုံလို့ သူတို့ ဥရောပမှာ စားသုံးကြတဲ့ မနက်စာလေးအကြောင်း ရေးပြချင်ပါတယ်။ ဟိုတယ်တိုင်းမှာကျွေးတဲ့ နံနက်စာတွေဟာ အကြမ်းဖျင်းအားဖြင့်တော့ တူကြတာချည်းပါပဲ။ ပေါင်မုန့်က သုံးလေးမျိုးလောက်ရှိနေတတ်ပြီး မီးကင်ချင်ရင် ကင်လို့ရအောင်လို့ မီးကင်တဲ့စက်ကလေးများထားပေးပါတယ်။ ပုံမှန်အားဖြင့် ပေါင်မုန့်ရိုးရိုးအပြင် ပေါင်မုန့်ခြောက်နဲ့ ပူတင်းအစာသွတ်ထားတာမျိုးကိုလည်း တွေ့ရတတ်ပါတယ်။

အဲဒါအပြင် တစ်ခါတစ်ရံမှာ ဖရင့်တို့လို့ခေါ်တဲ့ ပေါင်မုန့်ကို ကြက်ဥနဲ့ သစ်ကြံပိုးခေါက်အနံ့ထည့်ပြီး ကြော်ထား

www.burmeseclassic.com

www.burmeseclassic.com



တာမျိုးကိုလည်း တွေ့ရတတ်ပါတယ်။ ပေါင်မုန့်နဲ့ တွဲစားဖို့ ဒိန်ခဲသုံးမျိုးလေးမျိုးလောက်ရယ် ကြက်ဥမွှေကြော်ရယ် ရေခဲစိမ်ထားတဲ့ အသားအပြားရယ် ဝက်သားသုံးထပ်သားကို အပြားလေးတွေလုပ်ပြီး ကြော်ထားတာရယ်ကတော့ အမြဲလိုလို တွေ့ရပါတယ်။ နောက် နို့နဲ့ဖျော်စားရတဲ့ မုန့်ကြွပ်ဂရိပ်ဖရုဖျော်ရည်များကို အများအားဖြင့် တွေ့ရတတ်ပါတယ်။ မြန်မာပါးစပ်နဲ့ အဆင်ပြေမယ့် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကြာဇံချက်၊ နန်းကြီးသုပ်တို့လို မဟုတ်ပေမယ့်လည်း သူ့ဟာနဲ့သူကတော့ မြန်မာအစာတွေနဲ့ယှဉ်ရင် ဝန်ကျဉ်းတယ်လို့ ဆိုရမှာပါ။ နံနက်စာ စားပြီးချိန်မှာ တည်းခိုတဲ့ မက်စ်ထရီမြို့ကနေ ကမ္ဘာကျော် ရေပေါ်မြို့တော်လို့ နာမည်ကြီးတဲ့ ဗင်းနစ်မြို့ကို လှေလာဖို့အတွက် ဘတ်စ်ကားနဲ့ ထွက်ခဲ့ကြပါတယ်။ ဘတ်စ်ကားနဲ့ သွားရတဲ့ ခရီးအနီးအဝေးကို ကြည့်ခြင်းအားဖြင့် မနေ့က ဘူတာကို ကြိုဆင်းမိတာ အဆင်ပြေသွားတဲ့ အကြောင်းလေးကို တွေးမိပါတယ်။ ဘတ်စ်ကားနဲ့ တော်တော်သွားရတဲ့အတွက် အငှားကားနဲ့သာ တည်းခိုရာကို လာခဲ့ရတယ်ဆိုရင် ပေးရမှာနည်းမယ်မဟုတ်ပါဘူး။ ဗင်းနစ်မြို့အဝင် ဘတ်စ်ကားများ ဆိုက်ကပ်ရာနေရာကနေ တစ်နေ့လုံး ကုန်းကြောင်း ရေကြောင်း နေရာအနှံ့စီးသွားဖို့အတွက် လက်မှတ်ဝယ်ယူပြီး လိုင်းမော်တော်ဘုတ်များရှိရာသို့ သွားရောက်ခဲ့ပါတယ်။



ဗင်းနစ်မြို့ရဲ့ အထင်ရှားဆုံးနေရာကို လိုင်းမော်တော်တစ်စီးနဲ့ သွားခဲ့ကြပါတယ်။ လိုင်းမော်တော်ဘုတ်လို့ ရေးရတာကတော့ လိုင်းကားတွေလို မှတ်တိုင်တွေ တစ်ခုပြီး တစ်ခုကို သွားနေတဲ့ မော်တော်ဘုတ်တွေဖြစ်နေလို့ပါပဲ။ တစ်စင်းစီမှာ လူ ၅၀ လောက် တင်ဆောင်နိုင်ပြီး တစ်ယောက်ဆင်းတစ်ယောက်တက်နဲ့ မြို့နေလူများရော၊ ကမ္ဘာလှည့်ခရီးသည်များအတွက်ပါ အဆင်ပြေစေတဲ့ ပြည်သူ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းပါ။ အဲဒီလို မော်တော်ဘုတ်များဟာ ရေပေါ်ဗင်းနစ်မြို့ရဲ့ အနှံ့အပြားမှာ ဥဒဟိုသွားလာနေကြတာကို မြင်တွေ့နေရပါတယ်။ ရေထဲကမြို့ဆိုတော့ တစ်နေရာနဲ့ တစ်နေရာအသွားမှာ မော်တော်ယာဉ်တွေအစား မော်တော်ဘုတ်တွေ သုံးကြတာကတော့ အဆန်းမဟုတ်ပါဘူး။ အဲဒီလို လိုင်းမော်တော်ဘုတ်တွေအပြင် အငှားမော်တော်ဘုတ်များ၊ အိမ်သုံးတစ်အိမ်ထောင်စီး မော်တော်များ၊ ကမ္ဘာလှည့်ခရီးသည်များအတွက် အလှစီးမော်တော်ဘုတ်ကလေးများအပြင် အလယ်မှာ မင်္ဂလာဆောင်မယ်လို စုံတွဲများအတွက် နှစ်ယောက်သာစီးနိုင်တဲ့ မော်တော်ဘုတ်များ၊ အရောင်အသွေးစုံစွာ တွေ့မြင်ပါတယ်။

ဘုန်းကြီးတို့ မြန်မာပြည် အင်းလေးဒေသမှာလည်း ရေပေါ်မှာတည်ဆောက်ထားတဲ့ရွာတွေရှိပါတယ်။ အဲဒီရွာများမှာ တွေ့ရတတ်တာကတော့ သစ်သားနဲ့ဆောက်ထားတဲ့ အိမ်တွေလောက်သာ ဖြစ်ပါတယ်။ ယခုတွေ့မြင်နေရတဲ့ ဗင်းနစ်

www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးရဲ့ အဆောက်အဦးတွေအားလုံးကတော့ ကျောက်တွေ အများဆုံးပါဝင်ပြီး သံတွေ၊ အုတ်အင်္ဂတေတွေနဲ့ အခိုင်အမာ ဆောက်ထားတာကို တွေ့ရှိရပါတယ်။ အဆောက်အဦးဆိုတဲ့ နေရာမှာလည်း အိမ်များသာမက ဘုရားကျောင်းကြီးများ၊ ဈေးဆိုင်တန်းများ၊ စားသောက်ဆိုင်တန်းများ၊ လူကူးတံတား များ၊ အတိုအရှည် အနိမ့်အမြင့် ပုံစံစုံကို တွေ့ရှိရပါတယ်။

ဘုန်းကြီးတို့ရဲ့ ခရီးဆုံးကတော့ 'ဆန်မာကိုစကွဲ'လို့ ခေါ်တဲ့ ဆိပ်ကမ်းပါပဲ။ အဲဒီနေရာမှာ မြို့မြင်ကွင်းလို တစ်ဖက် တစ်ချက်မှာ အိမ်တွေ၊ ဘုရားကျောင်းတွေ မတွေ့ရတော့ဘဲ တစ်ဖက်က ကမ်းခြေနဲ့ ပင်လယ်ဝဖြစ်နေပါတယ်။ ရေတွေနဲ့ ဝန်းရံနေတဲ့ မြို့ဒီနေရာက နေရာတော်တော်ကျယ်ကျယ်မှာ ၉ ရာစုနှစ် လောက်ကတည်းကစပြီး စိန့်မတ်ဘာစလီကာဆိုတဲ့ ဘုရား ကျောင်းကို စတင်တည်ထားခဲ့တယ်လို့ သိရပါတယ်။ နောက် ပိုင်းမှာ နေရာကို အနည်းငယ်တိုးချဲ့လိုက်ပြီး နန်းတော် အဆောက်အဦးတွေကို တည်ဆောက်ခဲ့တယ်လို့ သိရပါတယ်။ နန်းတော်ရဲ့ အခြားဖက်တစ်ခြမ်းမှာတော့ အခုအခါ ဈေးဆိုင် တန်းတွေအဖြစ် ပြောင်းလဲနေကြပါပြီ။ ဘုန်းကြီးကတော့ ဘုန်းကြီးပီပီ ဘာသာရေးအဆောက်အဦးဖြစ်တဲ့ ဘုရား ကျောင်းကိုတော့ ဝင်ဖြစ်အောင် ဝင်ကြည့်ခဲ့ပါတယ်။ နန်းတော် ဆိုတာကတော့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီတို့မှာလဲ တော်တော် များများ ကြည့်ခဲ့ပြီးဖြစ်လို့ ထပ်မဝင်ဖြစ်တော့ပါ။



ရှေးက နန်းဆောင်တော်တွေအဖြစ် အသုံးပြုခဲ့တဲ့ အဆောက်အဦးတွေရှေ့က ရင်ပြင်ကျယ်ကြီးမှာတော့ စား သောက်ဆိုင်တွေရဲ့ ခုံတွေနဲ့ အမိုးတွေ ချခင်းထားပြီး လူပေါင်း ရာနဲ့ချီပြီး တစ်ချိန်ထဲမှာ ကျွေးနိုင်အောင် စီစဉ်ထားတဲ့ပုံပါ။ အဲဒီနန်းဆောင်တွေရဲ့ဘေးမှာရှိတဲ့ လမ်းကြားကလေးကနေ ဝင်လိုက်တဲ့အခါမှာတော့ နောက်ထပ်လမ်းသွယ်လေးတွေ အများကြီးကို ထပ်တွေ့ရပါတယ်။ အဲဒီလမ်းတွေထဲက အဆောက်အဦးမှန်သမျှကတော့ ဈေးဆိုင်တွေချည်းပါပဲ။ စား သောက်ဆိုင်၊ ရေခဲမုန့် ဆိုင်၊ အချိုမုန့်အမျိုးမျိုးအရောင်းဆိုင်၊ အဝတ်အထည်ဆိုင်၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်၊ ရတနာဆိုင်၊ မျက်မှန်ဆိုင် စသည်ဖြင့် အတော်လေးကိုပဲ စုံလင်လှတာ တွေ့ရပါတယ်။

ဘုန်းကြီးတို့အပါအဝင် ကမ္ဘာအရပ်ရပ်က ခရီးသွား ဧည့်သည်တွေကို နေရာအနှံ့မှာ ပျားပန်းခတ်မျှ တွေ့ရှိနေရခြင်း အားဖြင့် ဒီဗင်းနစ်မြို့ရဲ့ ခရီးသွားလုပ်ငန်းဝင်ငွေကို ခန့်မှန်းနိုင် ပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ဆက်နွှယ်ပြီး ထွက်ကုန်ပစ္စည်း အရောင်းအဝယ်လုပ်ငန်းများ၊ ဟိုတယ်နဲ့ စားသောက်ဆိုင် လုပ်ငန်းများပါ အဆင်ပြေနေတာမြင်ရတဲ့အခါ နိုင်ငံတော် အတွက်တွင် သာမက ပြည်သူတွေအတွက် အလုပ်အကိုင်တွေ၊ အရောင်းအဝယ်တွေပါ ဘယ်လောက်အဆင်ပြေမလဲ တွေးမိ ပြီး အားကျမိပါတယ်။ လာရောက်ကြတဲ့ ခရီးသည်အများစု

www.burmeseclassic.com

www.burmeseclassic.com



ဟာလည်း ခေတ်မီအဆောက်အဦးများထက် ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်တဲ့ ရှေးဟောင်းအနုပညာလက်ရာတွေ၊ ဗိသုကာပညာလက်ရာတွေကို ကြည့်ရှုနေကြတာက ပိုများနေတာတွေ့ရတော့ အမှိုက်ထဲကရွှေဆိုတဲ့စကားကို သတိရမိပါတယ်။ တော်တော်လဲ တတ်နိုင်ကြပါပေတယ်။

ရှေးအမွေအနှစ်တွေကို ထိန်းသိမ်းရင်း ထိန်းသိမ်းခအပြင် အခြားအမြတ်အစွန်းတွေပါ ရနေလိုက်ကြတာ။ တကယ့်ကို ကျေနပ်အားရစရာပါပဲ။ အဲဒီနေရာရဲ့ နေ့ဆွမ်းကိုတော့ ငါးနဲ့ကြက်သားရောထားတဲ့ အီတာလျံခေါက်ဆွဲ ဘုဉ်းပေးခဲ့ရပါတယ်။ အပေါ်ကဆမ်းတဲ့ ခရမ်းချဉ်သီးအနှစ်ကိုက နည်းနည်းပေါ့လို့ ဆားထည့်စားမလို့လုပ်ပေမယ့် ဆားအစား ချိစ်အမှုန့်ကလေးနဲ့ ငရုတ်ကောင်းလေး နဲနဲဖြူးလိုက်တဲ့အချိန်မှာတော့ မြန်မာအရသာ လေးလေးပင်ပင် ဖြစ်သွားတဲ့အတွက် စားလို့အဆင်ပြေသွားပါတယ်။ အဲဒီမှာ ဘုန်းကြီးတစ်ခု သိလိုက်တာကတော့ ရောက်တဲ့အရပ်မှာ ရတာကို စားနိုင်ဖို့အပြင် ကိုယ့်လျှာနဲ့တွေ့အောင် ရှိတာနဲ့ ဘယ်လိုပြုပြင်စားတတ်ရမယ်ဆိုတာ သိမယ်ဆိုရင် ဘာအစာပဲ စားရ စားရ စားလို့အဆင်ပြေနိုင်မှာပါဆိုတာကိုပါပဲ။

အချိုပွဲအဖြစ်နဲ့တော့ အီတလီရဲ့အစားထဲမှာ နောက်ထပ် နာမည်ကြီးဖြစ်တဲ့ အီတာလျံရေခဲမုန့်ပါပဲ။ ကော်ဖီအပျော့စားလို အရသာရှိတဲ့ ရေခဲမုန့်က တစ်မျိုး၊ သခွားချိုသီးနဲ့ ပြုလုပ်ထားတဲ့ ရေခဲမုန့်ကတစ်မျိုး ဆက်ကပ်တာကို ဘုဉ်းပေးခဲ့ရပါတယ်။ အီတလီရဲ့နာမည်ကြီးတဲ့ အစားမုန့်သမျှကို စားလိုက်ရတာကလည်း ဒီခရီးရဲ့ အမှတ်တရကလေးတစ်ခုပါပဲ။ မြို့ရဲ့ အစည်ကားဆုံးနေရာကို ရောက်ခဲ့ပြီမို့ တခြားနေရာများကိုတော့ လိုင်းမော်တော်ဘုတ်ပေါ်ကနေပဲ အမှတ်တရဓာတ်ပုံနဲ့ ဗီဒီယိုများကိုသာ ရိုက်ကူးမှတ်တမ်းတင်ခဲ့ပါတယ်။



တည်းခိုရာဟိုတယ်သို့ လိုင်းမော်တော်ဘုတ်က တစ်ဆင့်၊ လိုင်းကားနဲ့ တစ်ဆင့် နေ့လယ် ၂:၃၀ နာရီမှာ ပြန်လည်ရောက်ရှိခဲ့ပါတယ်။ မောင်မိုးကျော်ကတော့ ဘုန်းကြီးနားနေတဲ့ အချိန်မှာ ကျန်ရှိနေတဲ့ လေ့လာစရာများကို လေ့လာနိုင်ဖို့အတွက် ပြန်လည်ထွက်သွားခဲ့ရာမှာ ည ၆ နာရီမှာ ပြန်လည်ရောက်ရှိခဲ့ပါတယ်။ တည်းခိုတဲ့ဟိုတယ်မှာ ဧည့်သည်များအတွက် လေ့ကျင့်ခန်းပြုလုပ်နိုင်တဲ့ စက်များ၊ အနှိပ်ခုံများထားရှိပေးတဲ့အတွက် ဆရာတပည့် ၂ ဦး တစ်နေ့တာ လေ့လာခဲ့ရသမျှတွေ ပြန်ပြောင်းပြောရင်း အနှိပ်ခုံမှာ နာရီဝက်လောက် အနှိပ်ခံ၊ အညောင်းဖြေခဲ့ကြပြီး အိပ်ရာဝင်ခဲ့ကြပါတယ်။ ဒီတစ်နေ့တာ လေ့လာလည်ပတ်ခဲ့တဲ့ ဗင်းနစ်မြို့ကို ပြန်သုံးသပ်ကြည့်မိတော့ ဗင်းနစ်နဲ့ ရေလှော်ဆိုတာ ခွဲမရတဲ့ ဂဟေဆက် အလှတစ်ခုသာပါ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## လန်ဒန်မှာ ပြန်ကာသာ တစ်ခါနားပါလေဦး

(ဥရောပခရီးစဉ် နောက်ဆုံးနေ့) ဇွန်-၁၉ ရက်၊ ၂၀၀၉

ခါတိုင်းနေ့များအတိုင်း မနက် ၆ နာရီမှာ အိပ်ယာက ထပြီး ၇း၃၀ မှာ ဟိုတယ်က မနက်စာဘုဉ်းပေးပြီး ခဏအနား ယူဖြစ်ပါတယ်။ ဒီနေ့ကတော့ ဥရောပလေ့လာရေးခရီးစဉ် နောက်ဆုံးနေ့အဖြစ် အင်္ဂလန်အပြန် ခရီးစဖို့ ပြင်ဆင်စရာရှိ တာတွေ ပြင်ဆင်ရပါတယ်။ နံနက် ၉ နာရီမှာ တည်းခိုရာ ဟိုတယ်မှ ထွက်ခွာခဲ့ပြီး ဘတ်စ်ကားနဲ့ အင်္ဂလန်အပြန် လေယာဉ်စီးဖို့ လေဆိပ်ကို ထွက်ခဲ့ကြပါတယ်။ လေဆိပ်ကို နံနက် ၁၀း၁၅ နာရီမှာ ရောက်ရှိခဲ့ပါတယ်။ လေဆိပ်က လက် မှတ်ကောင်တာ နှစ်ခုလောက်မှာ မေးပြီးချိန်မှာတော့ ဘုန်းကြီး တို့သွားရမယ့်လေဆိပ် မှားသွားပြီဆိုတာ သိလိုက်ရပါတယ်။ အစောပိုင်းရက်တွေက ဘုန်းကြီးရေးခဲ့သလိုပေါ့။

သူတို့တိုင်းပြည်သွားရတာ တစ်ခါတစ်ရံ အင်္ဂလိပ် စကား တစ်ခုတည်းနဲ့ မလုံလောက်ဘူးဆိုတာ စကားအားလုံး ကို နားမလည်ပေမယ့် မောင်မိုးကျော် ဘတ်စ်ကားဆရာကို



သေချာအောင် အထပ်ထပ်မေးနေတယ်ဆိုတာတော့ သိရပါ တယ်။ သူတို့စကားကို ကိုယ်ကမတတ် ကိုယ်တို့စကားကို လည်း သူတို့က လုံးစေ့ ပတ်စေ့ နားမလည်ဆိုတော့ အခုလို အဆင်မပြေတာမျိုးကို တွေ့ရလိမ့်မယ်ဆိုတာ မျှော်တော့ မျှော်လင့်ထားပြီးသားပါ။ မောင်မိုးကျော်က အစစ စီစဉ်သူ ဆိုတော့ ချက်ချင်း လေဆိပ်(နေရာအမှန်)ကို ရောက်ဖို့အရေး အပြေးအလွှားနဲ့ ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ခဏ အကြာမှာတော့ ဘုန်းကြီးထိုင်စောင့်နေတဲ့ နေရာကိုလာပင့်ပြီး အငှားကားတစ်စင်းနဲ့ လေဆိပ်အမှန်ကို ထွက်ခဲ့ကြပါတယ်။ ၁၁း၁၀ နာရီမှာ သွားရမယ့်လေဆိပ်အမှန်ကို အဆင်ပြေပြေနဲ့ ရောက်ရှိခဲ့ပါတယ်။

ဆွမ်းချိန်ရောက်နေပြီဖြစ်တဲ့အတွက် အဲဒီလေဆိပ်နဲ့ မနီးမဝေးမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်က နောက်ထပ် အီတာလျံခေါက်ဆွဲအပြားကြီးတစ်မျိုးနဲ့ ကော်ဖီအသေး တစ်ခွက်ကို အချိုပွဲအနေနဲ့ ဘုဉ်းပေးခဲ့ရပါတယ်။ ဆွမ်းကိစ္စ ပြီးချိန်မှာတော့ လေဆိပ်ထဲကိုဝင်ပြီး လေယာဉ်ပေါ်တက်ဖို့ စီစဉ်ရပါတယ်။ လေယာဉ်လိုင်းရဲ့ စည်းကမ်းအရ မောင်မိုး ကျော်ရဲ့အိပ်က သတ်မှတ်ထားတဲ့ အလေးချိန်ထက် ပိုနေတဲ့ အတွက် ဦးနှောက်နည်းနည်း ခြောက်ကြရပါသေးတယ်။ တကယ်တမ်းတော့ အဲလိုအခက်အခဲလေးတွေ ကြုံရတာဟာ ကိုယ့်အတွက် ကောင်းဖို့ဖြစ်လာခြင်းပါ။ အဲဒါလေးကိုတွေး

www.burmeseclassic.com

www.burmeseclassic.com



ပြီး စိတ်ခါတ်ကျနေမယ့်အစား ခေါင်းအေးအေးထားပြီး ဖြေရှင်းနိုင်ဖို့က အရေးကြီးတာပါ။

အဲဒီမှာ ဘုန်းကြီးရဲ့အိတ်က သတ်မှတ်ထားတာထက် နည်းနည်းလျော့ပြီး မောင်မိုးကျော်ရဲ့အိပ်က နည်းနည်းကျော်နေပါတယ်။ တာဝန်ရှိသူများကို ပြောပြရာမှာလည်း သူ့အထုပ်က တော်တော်လေးကို ကျော်နေတဲ့အတွက် ငွေပေးဆောင်ရမလို ဖြစ်နေပါတယ်။ ငွေပေးဆောင်ရန် တန်းစီနေရင်းမှပဲ အကြံရသွားပြီး သူ့အိတ်ထဲမှာရှိနေတဲ့ ခရီးသွားလမ်းညွှန်စာအုပ်တချို့ကိုထုပ်ပြီး ပြန်ချိန်ကြည့်တဲ့အခါမှာ သတ်မှတ်ထားတဲ့ ပေါင်ချိန်နဲ့ နီးစပ်သွားတဲ့အတွက် လေယာဉ်လိုင်းဝန်ထမ်းများက သွားခွင့်ပြုလိုက်ပါတယ်။ နောက်ဆုံးပိတ်အိတ်နဲ့လွယ်မဟုတ်ဘဲ၊ နောက်ဆုံးပိတ် အိတ်နဲ့မလွယ်လို့ဆိုရမလိုပါပဲ။ နောက်ဆုံးခရီးစဉ်မှပဲ အဆင်မပြေမှုလေး နှစ်ခုလောက်ကို တွေ့ရပါတယ်။

လုံခြုံရေးဂိတ်ဝကို ဖြတ်ကျော်ပြီး အင်္ဂလန်ကို ပြန်မှာဖြစ်တဲ့အတွက် ပြည်ဝင်ခွင့်ဗီဇာ ပါ/မပါ စစ်ဆေးဖို့အတွက် လူဝင်မှုကြီးကြပ်ရေးဌာနတစ်ခုကို ဖြတ်ကျော်ရပြန်ပါတယ်။ အဲဒီဌာနအပြီးမှာတော့ လေယာဉ်ပေါ်တက်ဖို့အတွက် နားနေဆောင်ကို ရောက်ပါတယ်။ အဲဒီမှာ ခဏအနားယူပြီး နေ့လယ် ၂း၃၀ နာရီမှာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ လေဆိပ်တစ်ခုသို့ ထွက်ခွာခဲ့ပါတယ်။ လန်ဒန်သို့ လန်ဒန်စံတော်ချိန် ၄း၃၀ မှာ



ရောက်ရှိခဲ့ပါတယ်။ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းများဆောင်ရွက်ပြီးချိန်မှာ လန်ဒန်မြို့ထဲကို လေဆိပ်က ဘတ်စ်ကားတစ်စင်းနဲ့ လာခဲ့ကြပါတယ်။ လေဆိပ်မှ အဲဒီဘတ်စ်ကားမှတ်တိုင်သို့ တစ်နာရီသာသာလောက် စီးလိုက်ရပါတယ်။ အဲဒီမှာလည်း လန်ဒန်မြို့ကြီးရဲ့ အကျယ်အဝန်းကို နောက်ထပ် တစ်ခါ သတိထားမိပြန်ပါတယ်။

လန်ဒန်မြို့ထဲမှာ လေ့လာရေးခရီးသွားသမျှ ကားပိတ်လို့ကြာနေတာများပေမယ့် အခုတစ်ခေါက်ကတော့ လမ်းမပိတ်ဘဲ အမြန်မောင်းတဲ့ အချိန်ကိုက တစ်နာရီသာသာလောက်ဆိုတော့ ဖတ်ကြည့်တဲ့ တပည့်တွေ စဉ်းစားကြည့်ရင် သိနိုင်မှာပါ။ အဲဒီမှတ်တိုင်မှာ အသင့်ရောက်ရှိနေတဲ့ ဦးတောသနနဲ့ သူ့ရဲ့ဒကာတစ်ဦးရဲ့ ပင့်ဆောင်မှုနဲ့ လန်ဒန်ဝိဟာရကို ၅း၂၅ နာရီမှာ ရောက်ရှိခဲ့ပါတယ်။ လေးနိုင်ငံ ဒေသန္တရခရီးမှာ ပင်ပန်းထားသမျှ အခုမှပဲ အနားယူရပါတော့တယ်။ လမ်းခရီးမှာ မပြောပလောက်တဲ့ အခက်အခဲ အနည်းငယ်လောက်ကြုံခဲ့ရတာကလွဲလို့ နှစ်ယောက်စလုံးရဲ့ပစ္စည်း တစ်စုံတစ်ရာပျောက်ရှမှုမရှိဘဲ လူပြော သူပြောနဲ့ အရမ်းကို နာမည်ကြီးတဲ့ပါရီမြို့၊ ရောမမြို့နဲ့ ဗင်းနစ်မြို့များမှာ ခါးပိုက်နှိုက်များအန္တရာယ်ကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပြီဆိုတာကို အခုမှပဲ ရဲရဲဝံ့ဝံ့ ပြောနိုင်ပါတော့တယ်။ ရေးရမယ်ဆိုရင်တော့ ဒီဥရောပခရီးဟာ ဘုန်းကြီးတို့အတွက် ဘဝရဲ့စွန့်စားခန်း

www.burmeseclassic.com



တစ်ခုပါလို့ပြောရင်း ဥရောပခရီးစဉ်ကို ဒီမှာပဲ အဆုံးသပ်ပါရစေတော့။

ဇွန်လ ၂၀ ရက်၊ ၂၀၀၉

နံနက်အရုဏ်ဆွမ်းကို ကိုထွန်းကျော် မနန်းသိင်္ဂီချိုတို့က ရှမ်းခေါက်ဆွဲအချိုပွဲတို့ ဆက်ကပ်၊ မေတ္တာပို့ကာ ဘုဉ်းပေးကြပါတယ်။

နေ့ဆွမ်းကို အလှူ့ရှင် မအေးချမ်းမြက ဆက်ကပ်ပါတယ်။ ရန်ကုန်ရွှေမင်းဝံရိပ်သာနဲ့ ပဲခူးရွှေမင်းဝံရိပ်သာတို့မှာ တရားစခန်းဝင်ဘူးတဲ့ ယောဂီလေးဖြစ်ပါတယ်။

၂ နာရီ ၃၀ မှာ တစ်နေ့တာအားလပ်ရက်မှာ အချိန်ပိုင်း တရားအားထုတ်ကြမည့် ယောဂီ ၁၁ ဦးကို ပဌာနိယက် တရားဟောကြားပေးပါတယ်။ ၃၀ မိနစ်ခန့်လည်း လက်တွေ့ရှုမှတ်စေပါတယ်။

ည ၇ နာရီမှာတော့ ယောဂီ ၃၀ လောက်ကို အချိန်တိုင်း အကျိုးရှိအောင်နေ တရားကို ဟောကြားပေးပါတယ်။ ည ၁၂ နာရီမှာ ရှုမှတ်မှုနဲ့ အနားယူခဲ့ပါတယ်။

❖❖❖

## ဘဝချင်းတူ ရိုင်းပင်းကူ

ဇွန်လ ၂၁ ရက်၊ ၂၀၀၉

နေ့စဉ်ပြုလုပ်မြဲအတိုင်း နံနက် ၅ နာရီမှာ ဘုရားဝတ်တက်၊ တရားရှုမှတ် မေတ္တာပို့ အမျှဝေပါတယ်။ နံနက် ၆ နာရီ ၃၀ မှာ ကိုနန္ဒ မဥမ္မာတို့ ကပ်လှူတဲ့ မိုးကုတ်မြီးရှည်နဲ့ အချိုပွဲသစ်သီးတို့ကို မေတ္တာပွားများ ဘုဉ်းပေးကြပါတယ်။ နံနက်ပိုင်းမှာ ဘယ်မှမသွားတော့ဘဲ အနားယူနေပါတယ်။

နေ့ဆွမ်းကို ကိုဝင်းမင်းအောင် မဇာနီပြုံးတို့က နှစ်နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် ကပ်လှူပါတယ်။ အနုမောဒနာတရားဟောပြီး ရေစက်ချပေးပါတယ်။

ဒီနေ့ ညနေမှာတော့ လန်ဒန်မြို့မှာရှိတဲ့ တိသရဏ ဝိဟာရကို တရားဟောကြွဖို့ရှိတာနဲ့ ဘယ်မှမသွားဘဲ ကျောင်းမှာပဲ နားနေပါတယ်။ တိသရဏ ဝိဟာရဆိုတာက မြောင်းမြဆရာတော်ကြီး ဦးဉာဏိက တည်ထောင်ထားတော်မူခဲ့တဲ့ ကျောင်းပါ။ တပည့်အဆက်ဆက်က လက်ဆင့်ကမ်း ထိန်းသိမ်းပြီး ဆရာတော်ကြီး ချမှတ်ထားခဲ့တဲ့မူအတိုင်း ပြည်ပ

www.burmeseclassic.com

www.burmeseclassic.com



သာသနာပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြပါတယ်။

မြောင်းမြဆရာတော်က ဘာသန္တရက ဆေကရယ်လို့ နာမည်ကြီးတဲ့ ဆရာတော်တစ်ပါးပါ။ ဆရာတော် မြောင်းမြမှာ သီတင်းသုံးစဉ်က တပည့်များကို ပါဠိဘာသာကျွမ်းကျင်စွာ ရေးနိုင်ပြောနိုင်စေဖို့ ပါဠိစကားပြောသင်တန်းများကို အထူးပြုကာ ဦးစီးဆောင်ရွက်တော်မူခဲ့တယ်လို့ မှတ်သားရဖူးပါတယ်။ ဆရာတော် ပြုစုပျိုးထောင်မှုနဲ့ အောင်မြင်မှုတွေရပြီး ဘုန်းကြီးတို့ မြန်မာ့သာသနာလောကမှာ အတန်အသင့် ထင်ရှားကာ ရှင်လူအများ လေးစားကြည်ညိုမှုကို ခံရတော်မူတဲ့ ဆရာတော်တစ်ပါးဖြစ်ပါတယ်။

ညနေ ၆ နာရီမှာ လန်ဒန်ဝိဟာရမှ ဆရာတော် ဦးတောသနနဲ့အတူ လာကြိုတဲ့ကားနဲ့ ကြွရောက်ကြပါတယ်။

ဘုန်းကြီးများ တိသရဏကိုရောက်သွားတော့ အမေရိကန်နိုင်ငံ မက်ဆာချူဆက်ပြည်နယ်က ဘောစတွန်မြို့မှာ သီတင်းသုံးကာ သာသနာပြုနေတဲ့ ဆရာတော် ဦးအဘယာလင်္ကာရလည်းရောက်နေတာကို တွေ့ရပါတယ်။ ဦးအဘယာလင်္ကာရဟာလည်း မြောင်းမြဆရာတော်ကြီးရဲ့ တပည့်ကြီးတစ်ပါးပဲဖြစ်ပါတယ်။ ဆရာတော်ကို ကန်တော့နှုတ်ဆက်ပါတယ်။ ပြည်ပမှာရော ပြည်တွင်းမှာပါ သာသနာပြုလုပ်ငန်းတွေ၊ အမျိုးသားရေးလုပ်ငန်းဆိုင်ရာတွေကို လုပ်ဆောင်နေ



တယ်လို့ ကြားသိရတော့ အမျိုးဘာသာသာသနာအတွက် အားတက်ဝမ်းမြောက်မိရပါတယ်။ ဂုဏ်ယူလည်း ဂုဏ်ယူမိပါတယ်။

၇ နာရီ ၁၅ မိနစ်မှာ တရားပွဲစပါတယ်။ တရားနာ ပရိသတ် ၅၀ လောက်ရှိပါတယ်။ ပရိသတ်တွေအတွက် အရိပ်ငါးမျိုးတရားကို ဟောကြားပေးခဲ့ပါတယ်။ တိသရဏမှာ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာမှ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ တပည့်ဒါယကာတစ်ဦးဖြစ်တဲ့ ဦးကိုကိုနဲ့ ဇနီး ရွှေမင်းဝံသာသနာ့ရိပ်သာ စံကျောင်းအမကြီး ဒေါ်ခင်တင့်၏ တူမတို့ကိုလည်း တွေ့ရပါတယ်။

တိသရဏကပြန်လာတာ လန်ဒန်ဝိဟာရကို ည ၉ နာရီ ၁၅ မှာ ရောက်ပါတယ်။ နေ လုံးဝမဝင်သေးပါ။

**ဇွန်လ ၂၂ ရက်၊ ၂၀၀၉**

နေ့စဉ်ပြုလုပ်မြဲအတိုင်း သန့်ရှင်းရေးများပြုလုပ်ပြီး နံနက် ၅ နာရီမှာ ဘုရားဝတ်တတ် တရားရှုမှတ် မေတ္တာပို့ အမျှဝေပါတယ်။ နံနက်အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းပါ တစ်နေ့တာလုံးအတွက် ဒေါက်တာ မင်းကိုကိုသောင်း၊ ဒေါက်တာ စန်းစန်းမင်း၊ သမီး မကေသီမင်းမင်းသောင်းတို့ မိသားစုမှ ဒေါက်တာမင်းကိုကိုသောင်းရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် ကပ်လှူပါတယ်။ မေတ္တာပွားများကာ ဘုဉ်းပေးပြီး အနုမောဒနာ တရားများကိုလည်း ဟောကြားပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်သောင်း ဒေါ်စိုးစိုးနွယ်တို့နဲ့လည်း ပြည်ပသာသနာပြုခရီးအကြောင်း၊ ပြည်တွင်းက ရွှေမင်းဝံသာသနာ့ရိပ်သာအကြောင်းများကို ဆွေးနွေးဖြစ်ပါတယ်။

ဘုန်းကြီးများနဲ့အတူ အမေရိကန်ကတည်းက အတူပါလာတဲ့ မောင်မိုးကျော်လည်း နေ့လယ် ၂ နာရီ လေယာဉ်နဲ့ အမေရိကန်ကို ပြန်သွားပါတယ်။ မောင်မိုးကျော်အတူပါလာတဲ့အတွက်သာ ဘုန်းကြီးခရီးစဉ်မှာ အစစ အဆင်ပြေပါတယ်။ သူသာမပါလာလျှင် ဘုန်းကြီးတစ်ပါးတည်းသာဆိုလျှင် ဥရောပခရီးစဉ်ကိုသွားဖြစ်ဖို့ လွယ်ကူမယ်မဟုတ်ပါဘူး။ လုပ်တတ်ကိုင်တတ်၊ ဘာသာစကား ကျွမ်းကျင်သူပါတာတောင်မှ အချို့နေရာတွေမှာ ပြောရဆိုရ အခက်အခဲရှိတတ်ပါတယ်။ မောင်မိုးကျော်နဲ့ သူ့မိဘများ မိသားစုဟာ ဘုန်းကြီးရဲ့ ပြည်ပသာသနာပြုခရီးစဉ်အတွက် အလွန်အထောက်အကူဖြစ်တဲ့ မိသားစုဖြစ်တယ်ဆိုတာကို ဘုန်းကြီးအနေနဲ့ အထူးပင်မှတ်တမ်းပြုမိပါတယ်။ ကျန်းမာချမ်းသာကြပါစေကြောင်း၊ သံသရာဝဋ်ဒုက္ခကနေ အမြန်ဆုံး ထွက်မြောက်နိုင်တဲ့ ဝိပဿနာကျင့်စဉ်တရားတော်များကို စိုးရိမ်ကြောင့်ကြ ကင်းရှင်းစွာနဲ့ ကျင့်နိုင်ကြပါစေကြောင်း၊ ကျင့်နိုင်တဲ့အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ် အသိဉာဏ်ထူးများကိုလည်း အမြန်ရရှိနိုင်ကြပါစေကြောင်းကိုလည်း ဆုတောင်းမေတ္တာများလည်း ပို့သပ္ပားများရပါတယ်။



နေ့ပိုင်းဆွမ်းဘုဉ်းပေးအပြီးမှာတော့ ဦးတောသန၊ ဦးဉာဏိကတို့နဲ့အတူ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာ ထင်ရှားတဲ့ မဒမ်တူးဆော့ဆိုတဲ့ ဖယောင်းရုပ်တု ပြတိုက်ရှိရာဆီကို သွားရောက်လေ့လာကြပါတယ်။ ပြည်တွင်းက လန်ဒန်ကိုရောက်ဖူးကြတဲ့ ဘုန်းကြီးများရဲ့ ကပ္ပိယဒကာအချို့ကလည်း လန်ဒန်ကိုရောက်လျှင် သွားရောက်လေ့လာသင့်တဲ့ နေရာတွေထဲမှာ ဒီဖယောင်းရုပ်တုပြတိုက်လည်း တစ်ခုအပါအဝင်ဖြစ်တယ်။ ဆရာတော် သွားဖြစ်အောင်သွားပါလို့ တိုက်တွန်းခဲ့ကြတာနဲ့ ဒီကိုသွားဖို့ ခရီးစဉ်ထဲမှာ ဘုန်းကြီးက ထည့်ထားတာ။

ပြတိုက်အတွင်းမှာ ကမ္ဘာကျော်ပုဂ္ဂိုလ်များရဲ့ ဖယောင်းပုံတူတွေကို ထုလုပ်ပြသထားပါတယ်။ နိုင်ငံရေးနယ်ပယ်၊ အနုပညာနယ်ပယ်၊ ဘာသာရေးနယ်ပယ်၊ အားကစားနယ်ပယ် စသည်ဖြင့် သူ့နယ်ပယ်နဲ့သူ ထင်ရှားတဲ့သူများရဲ့ ရုပ်တုများ အစုံအလင်ရှိပါတယ်။ အင်္ဂလန်တော်ဝင်မိသားစုများရဲ့ ပုံတူတွေကိုလည်း ပြသထားပါတယ်။ ဘုန်းကြီးတို့ သိမြင်ကြားသိသူတွေပါသလို မသိမမြင် မကြားသိဘူးသူတွေလည်း ပါပါတယ်။ နာမည်ကောင်းနဲ့ ကျော်ကြားသူတွေပါသလို နာမည်ဆိုးနဲ့ ထင်ရှားတဲ့ ဟစ်တလာလို သူတွေကိုလည်း တွေ့ရပါတယ်။ အချို့သူတွေရဲ့ ပုံတွေကိုတော့ ငွေပေးစရာမလိုဘဲ အတူတွဲကာ ဓာတ်ပုံရိုက်နိုင်ပေမယ့် အလွန်ပေါ်ပြူလာဖြစ်နေတဲ့ပုံတွေကိုတော့ အလွတ်ဓာတ်ပုံရိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



မလွယ်ကူပါဘူး။ လက်ရှိအမေရိကန် လူမည်းသမ္မတ မစ္စတာ အိုဘားမားရဲ့ပုံနဲ့ အတူယှဉ်တွဲကာ ဓာတ်ပုံရိုက်နိုင်အောင်လို့ တန်းစီကာစောင့်နေတဲ့ လူတွေလည်း မနည်းပါဘူး။ အဲဒီလို လူကြိုက်များတဲ့ပုံတွေနေရာမှာတော့ ပြတိုက်ကပဲ ကင်မရာကို စနစ်တကျထောင်ကာ ရိုက်ပေးပါတယ်။ ပြီးတော့ ကျသင့်တာထက် ပိုတဲ့ တန်ဖိုးနဲ့ ကိုယ့်ပုံကို ရွေးယူတဲ့စနစ်ပေါ့လေ။

ပုံတူတွေက တကယ့်ကိုမှ သက်ရှိလူသားနဲ့ တူလှပါတယ်။ သူတို့ဆီက လူတွေကလည်း တကယ့် လူလိုလို၊ ရုပ်တုလိုလို ပုံတွေမို့ ဘယ်ဟာက လူသားစစ်စစ်လား၊ ဘယ်အရာက ပုံတူလားဆိုတာကို ရုတ်တရက် ခွဲခြားလို့မလွယ်ကူလှပါဘူး။ တကယ်တော့ ဘုန်းကြီးတို့ကသာ အခြားသူတွေရဲ့ ပုံတူတွေကို အထူးဂရုပြုပြီး အထူးတလည် ကြည့်နေတာပါ။ အဲဒီအခြားသူတွေရဲ့ ပုံတူတွေကိုကြည့်နေတဲ့ ဘုန်းကြီးတို့ကိုပဲ အထူးအဆန်းအဖြစ် ရှုးရှုးစိုက်စိုက် ကြည့်နေသူတွေလည်း မနည်းလှပါဘူး။ သူတို့အမြင်မှာတော့ ဘုန်းကြီးတို့ကလည်း တကယ့်ကိုမှ အထူးအဆန်းဖြစ်ဖွယ်ပေါ့လေ။ ဘုန်းကြီးတို့ မဒမ်တူးဆော့သွားရောက်ခဲ့တဲ့ခရီးကို အရှင်ဉာဏိကာဘိဝံသကတော့ ခုလိုဖတ်ချင့်စဖွယ် မှတ်တမ်းတင်ထားပါတယ်။

(အင်္ဂလန်ခရီး မပြီးသေးပါ)

❖ ❖ ❖

## မဒမ် တူဆော့ဒ်၊ ထူးပေါ့ ဆန်းပေါ့
## (အရှင်ဉာဏိက)

မဒမ်တူဆော့ဒ် Madame Tussauds (London) ကဖယောင်းရုပ်တုပြတိုက်တစ်ခု၊ ကမ္ဘာမှာထင်ရှားတဲ့ ပုဂ္ဂိုလ်များရဲ့ ရုပ်တုတွေကို တူနိုင်သမျှတူအောင် ဖန်တီးပြုလုပ်ပြီး ပြတိုက်လုပ်ကာ ဝင်ငွေရှာတဲ့နေရာ။ အနုပညာဖက်က ကမ္ဘာကျော် ရုပ်ရှင်ရုပါစတားတွေနဲ့ အဆိုတော်တွေ။ အားကစားဖက်က ကမ္ဘာကျော် ဘောလုံး၊ ဘော့စ်ဘော၊ ခရက်ကက်၊ ဘက်စကတ်၊ လက်ဝှေ့ စတဲ့ အကျော်အမော်တွေ။ နိုင်ငံရေးဘက်မှာ နာမည်ဆိုးကောင်းနဲ့ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့ ထင်ရှားတဲ့ ဘာသာရေးခေါင်းဆောင် အချို့။

အင်္ဂလန်ရဲ့ တော်ဝင်မိသားစုဝင်တွေ စတဲ့ စတဲ့ နယ်ပယ်စုံက သူတွေကို ပြသထားတယ်။ ကွယ်လွန်သွားပြီးသူတွေရော၊ သက်ရှိထင်ရှား ရှိနေသူတွေရော၊ အဟောင်းအသစ်၊ အကောင်းအဆိုး၊ အစုံအလင် ထင်ရှားသူ အစုံအလင်ပြသထားတာ စိတ်ဝင်စားစရာဖြစ်ပေမယ့် အချို့သူတွေအဖို့ ဒါကပဲ သည်းခံဖို့ ခက်ခဲတာမျိုးလည်း ဖြစ်တတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၈ နှစ်လယ်လောက်ဆီက ဂျာမနီနိုင်ငံ ဘာလင်မှာရှိတဲ့ မဒမ်တူဆော့ဒ်ပြတိုက်ထဲက အဒေါ့ဖ်ဟစ်တလာရဲ့ပုံကို ၄၁ နှစ်အရွယ် ဂျာမန်လူမျိုးတစ်ယောက်က အစောင့်တွေ ကျော်ဖြတ်ပြီး ခေါင်းရိုက်ချိုးတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်သွားတာကို ကြားမိလိုက်ပါတယ်။ ပြည်သူတွေ ချစ်ခင်လေးစားတဲ့ အနုပညာရှင်တွေ၊ အားကစားသမားတွေ၊ အခြားကျော်ကြားထင်ရှားသူတွေနဲ့ လူဆိုးတွေ၊ နာမည်ဆိုးနဲ့ ထင်ရှားသူတွေကို အတူထားပြီး ပြသတာဟာ တကယ်ရော သင့်လျော်တာမှ ဟုတ်ပါလေစလို့ မေးခွန်းထုတ်သူတွေလည်း ပေါ်လာပါတယ်။ ဟစ်တလာခေါင်း ရိုက်ချိုးခဲ့တဲ့သူက အလောင်းအစားတစ်ခုကြောင့် ခုလိုလုပ်တာပါလို့ နောက်ပိုင်းမှာ ဝန်ခံခဲ့ပေမယ့် အမုန်းခံသမားများရဲ့ ဆိုးသွမ်းတဲ့လုပ်ရပ်များဟာ ဘယ်လောက်တောင် လူအများအတွက် နာကျည်းစရာတွေကို ချန်ထားခဲ့ရစ်တယ်ဆိုတာ ဒီဖြစ်ရပ်က သင်ခန်းစာ ပေးလိုက်သလိုပါပဲ။ ဆင်ခြင်စဉ်းစားစရာ၊ သံဝေဂလည်း ယူစရာပါ။

ဖယောင်းရုပ်တုပြတိုက်အကြောင်းကို ကြားဖူးပေမယ့် မဒမ်တူဆော့ဒ်ဆိုတဲ့ ပြတိုက်ရဲ့ ဒီနာမည်ကတော့ ကိုယ်နဲ့ သိပ်ပြီး မရင်းနှီးလှပါဘူး။ ကိုယ်လေ့လာလိုတဲ့ နေရာထဲမှာလည်း မဒမ်တူဆော့ဒ်ဆိုတာ ဘယ်တုန်းကမှ မပါဝင်ခဲ့ပါဘူး။ သို့ပေမယ့် ကိုယ်နဲ့ အင်္ဂလန်ခရီးစဉ်ကို အတူသွားခဲ့တဲ့ ရွှေမင်းဝံဆရာတော်ကိုတော့ မြန်မာပြည်က ဒကာများက



လန်ဒန်ကိုရောက်ရင် သွားဖို့သင့်တဲ့နေရာတွေကို ရေးပေးလိုက်တယ်။ ဒီအထဲမှာ ဒီမဒမ်တူဆော့ကိုလည်း ထည့်ရေးပေးလိုက်တော့ ဆရာတော်ကတော့ သွားဖို့ဆန္ဒပြင်းပြပါတယ်။ ဒါနဲ့ ကိုယ်လည်း ဒီပြတိုက်ကို ရောက်ဖြစ်သွားတယ်။

လန်ဒန်မှာရှိနေသူတွေကတော့ ဒီနေရာကို နောက်ထပ်တစ်ခါ သွားလိုကြဟန် မတူပါဘူး။ ပြတိုက်ထဲကိုဝင်ရဖို့ နာရီနဲ့ချီ စောင့်ရတာကို မနှစ်သက်ကြတာကြောင့်ပါ။ ကိုယ်တို့သွားတဲ့နေ့ကတော့ ရုံးဖွင့်တဲ့နေ့၊ ရုံးတွေဖွင့်တဲ့အချိန်။ ဒါကြောင့် ပြတိုက်ထဲဝင်ဖို့ မိနစ် ၂၀ လောက်ပဲစောင့်ရတယ်။ ပြတိုက်ဝင်ကြေးက တစ်ဦးကို ၂၅ ပေါင်တဲ့။ လန်ဒန်မှာ အဖိုးမဖြတ်နိုင်လောက်အောင် သမိုင်းတန်ဖိုးကြီးမားတာတွေကို ပြသထားတဲ့ ဗြိတိသျှနဲ့ ဗစ်တိုးရီးယားစတဲ့ ပြတိုက်လိုမျိုးတွေက အခမဲ့ ပြသထားပါလျက်ကယ်နဲ့ သမိုင်းတန်ဖိုး အလွန်မကြီးလှတဲ့ (ကိုယ့်အယူအဆ) ဒီမဒမ်တူဆော့ဒ်ကျမှ ဘာလို့ခုလို တန်ဖိုးကြီးကြီးယူထားတယ်ဆိုတာကိုတော့ နားမလည်နိုင်ပါဘူး။ အခြားပြတိုက်တွေမှာ အစိုးရ ဘတ်ဂျက်ဆိုတဲ့ ပြည်သူ့ဘဏ္ဍာငွေက အချိုးကျလာပြီး မဒမ်တူဆော့ဒ်မှာတော့ အဲဒီဘက်က အထောက်အပံ့ မလာလို့ဖြစ်မှာပေါ့လို့ တွေးမိပါတယ်။ ဟုတ် မဟုတ်တော့ မပြောနိုင်ပါဘူး။

မဒမ်တူဆော့ဒ်ပြတိုက်တွေက ကမ္ဘာအနှံ့။ အမေရိကမှာဆို နယူးယောက်၊ လပ်စဗေးဂပ်စ်နဲ့ ဝါရှင်တန်ဒီစီမှာ။ ဟောင်

www.burmeseclassic.com



လန်မှာဆို ဒမ်စတာဒမ်၊ ဂျာမနီမှာလည်း ဘာလင်။ တရုတ်ပြည်မှာတော့ ဟောင်ကောင်ကျွန်းနဲ့ ရှန်ဟိုင်း။ အခြား ကမ္ဘာ့မြို့ကြီး အတော်များများမှာလည်း အလားတူ ပြတိုက်မျိုးတွေရှိပါရဲ့။ အမေရိကမှာ မဒမ်တူဆော့ဒ် ပြတိုက်ရှိတဲ့ မြို့အားလုံး အကြိမ်ကြိမ်အခါခါ ရောက်ဖူးပေမယ့် တစ်ခါမှ မဒမ်တူဆော့ဒ်ထဲကို ဝင်မကြည့်ဖူးဘူး။ ခုတစ်ခါက ကိုယ့်အတွက် ပထမဆုံးအကြိမ်။

လန်ဒန်ရှိ မဒမ်တူဆော့ဒ်ပြတိုက်ကိုတော့ ၁၈၃၅ ခုနှစ်မှာ လန်ဒန်ရဲ့ ဘေကာလမ်းပေါ်မှာ စတင်တည်ထောင်ခဲ့တယ်။ နေရာအကန့်အသတ်ကြောင့် လက်ရှိ မရီလီဘွန်းလမ်းပေါ်ကို ၁၈၈၄ ခုနှစ်မှာ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တယ်။ လန်ဒန်ရှိ ပြတိုက်က ကမ္ဘာမှာ ပထမဆုံးသော ဖယောင်းပြတိုက်လို့လဲ ဆိုပါတယ်။ မဒမ်တူဆော့ဒ်ရဲ့ ပထမဆုံး ဖယောင်းရုပ်တုအတွက် မော်ဒယ်လ်သရုပ်ပြခဲ့သူက ဘော့လ်တိုင်းယား (Voltaire) လို့ လူသိများတဲ့ ကမ္ဘာကျော် ပြင်သစ်ဆရာကြီး Francois-Marie Arouet ဖြစ်ပါသတဲ့။ ဒါကလည်း အဆန်း။

ရုပ်တုအများစုက အပြင်က တကယ့်လူသားနဲ့ ခွဲခြားမရအောင် တူလှပါတယ်။ အပြင်မှာ တကယ့်လူအစစ်နဲ့ အတူယှဉ်တွဲကာ အမှတ်တရ ဓာတ်ပုံရိုက်ဖို့ ခက်ခဲတယ် မဟုတ်လား။ ဒါကြောင့် စိတ်ဖြေရာအနေနဲ့ ကမ္ဘာကျော်တွေနဲ့ စိတ်တိုင်းကျ ဒီအထဲမှာ ဓာတ်ပုံတွဲရိုက်ကြတယ်။ မဒမ်တူဆော့ဒ်



ကို လာကြသူအများစုရဲ့ ရည်ရွယ်ချက်ထဲမှာ ခုလို ကမ္ဘာကျော် ပုဂ္ဂိုလ်ရုပ်တုတွေနဲ့ အမှတ်တရဓာတ်ပုံရိုက်ဖို့လည်း ပါမယ်ထင်ပါတယ်။

ကိုယ်ကတော့ မြန်မာတွေနဲ့ ကျွမ်းဝင်ရင်းနှီးတဲ့ ဟာသ သရုပ်ဆောင် ဂျင်မ်ကယ်ရီရုပ်တုနဲ့ အမှတ်တရ ဓာတ်ပုံရိုက်ဖြစ်တယ်။ သူ့ပုံက ပျော်ရွှင်စရာ မဟုတ်လား။ နောက်ပြီး သူက မြန်မာတွေအပေါ် စာနာသူမို့ စိတ်ဝင်စားတာလဲ ပါတာပေါ့။ ကိုယ့်လိုပဲ ကိုယ့်စိတ်ဝင်စားမှုနဲ့ကိုယ် ဓာတ်ပုံတွဲရိုက်ကြသူတွေနဲ့ မဒမ်တူဆော့ဒ်ပြတိုက်အတွင်းမှာတော့ စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင်။ ဒီထဲက ရုပ်တုတွေလည်း ပြင်ပလောကက အခြေအနေကိုလိုက်လို့ လူစိတ်ဝင်စားမှု များ မများလည်း ပြောင်းလဲနိုင်မယ်ထင်တယ်လို့ ခန့်မှန်းမိပါတယ်။ အမေရိကန် သမ္မတ မစ္စတာ အိုဘားမား၊ ဘရစ်တနီစပီယားနဲ့ နစ်ကိုးလ်ကစ်ဒမင်း ရုပ်တုတွေကတော့ ကိုယ်ရောက်သွားချိန်မှာ ပေါ်ပြူလာအဖြစ်ဆုံး သရုပ်ဆောင်တွေပါပဲ။ မစ္စတာ အိုဘားမားရဲ့ ဘဲဥပုံ ရုံးခန်းထဲက သမ္မတထိုင်ခုံလို အတုလုပ်ထားတဲ့ ကုလားထိုင်ပေါ်မှာထိုင်ပြီး ငွေပေးကာ ခဏဓာတ်ပုံအရိုက်ခံလိုသူတွေက တန်းစီစောင့်နေလေရဲ့။ မစ္စတာ အိုဘားမားရဲ့ ရုပ်တုကြီးကတော့ လက်ကိုဟန်ပါပါပိုက်ကာ ကုလားထိုင်ဘေးမှာ ပြုံးပြုံးကြီးရပ်လို့နေရဲ့လေ။ သူ့ကုလားထိုင်ကို ဘယ်သူလုထိုင်မှာမှ မဖြုံပါဘူးဆိုတဲ့ အပြုံးမျိုးနဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ကတော့လည်း ထင်ရှားလို့ ဓာတ်ပုံအတူရိုက်လိုကြတာ မဟုတ်ဘဲ ထူးဆန်းနေလို့ ရိုက်ချင်ကြတာလည်း ပါမှာပါပဲ။ နေရာအနှံ့သွားနေတဲ့ ကိုယ်တောင်မှပဲ ရောက်လေရာရာ နေရာတော်တော်များများမှာ အတူတွဲပြီး အမှတ်တရ ဓာတ်ပုံရိုက်ခွင့်ရနိုင်မလားဆိုပြီး လာပြီးခွင့်တောင်းကာ ဓာတ်ပုံရိုက်တတ်သူတွေနဲ့ တော်တော်များများ တွေ့ခဲ့ဖူးပါတယ်။ အခြားရဟန်းတော်များလည်း ကိုယ့်လိုပဲ တွေ့ဘူးကြမှာပါ။

ကိုယ်ထင်တယ်။ အာရှဖက်ကလာတဲ့သူတွေနဲ့ မီဒီယာတွေအားကောင်းတဲ့ မြောက်အမေရိကနဲ့ အင်္ဂလန်လို နိုင်ငံတွေက သူတွေက ရဟန်းတော်တွေ အဝတ်အစားနဲ့ သိပ်ပြီး မစိမ်းပေမယ့် အာဖရိက၊ တောင်အမေရိက၊ အရှေ့ဥရောပ နိုင်ငံတွေ၊ ဗုဒ္ဓဘာသာနဲ့ အလှမ်းဝေးတဲ့ အနောက်ဥရောပ၊ အချို့နိုင်ငံကသူတွေအဖို့ ရဟန်းတော်များရဲ့ သင်္ကန်းနဲ့ အသွင်အပြင်က အတော်စိမ်းနေဟန်ရှိပါတယ်။ အချို့ဆိုလျှင် ဒါက ဘာအဝတ်အစားလဲ၊ ဘာလူမျိုးလဲ၊ ဘာ ဘာသာလဲ ဆိုတာ မေးကြတဲ့အထိ စိမ်းကြပါတယ်။ ဘာသာရေး ဗဟုသုတ အားနည်းသူများဆိုလျှင် ဗုဒ္ဓဘာသာဆိုတာတောင် ဘာလဲလို့ မသိတဲ့သူတွေကိုပင် တွေ့ရဖူးပါတယ်။

မဒမ်တုဆော့ဒ်ထဲမှာ အဟုတ်လူလား၊ အရုပ်လူလား ခွဲခြားဖို့ ခက်တာတွေက တော်တော်များများပဲ မဟုတ်လား။ ပရိသတ်အများစုကြားမှာ ကင်မရာတစ်လုံးနဲ့ ဂျပန်အမျိုးသမီး



ဓာတ်ပုံသမားတစ်ဦးလို ဝတ်စားထားတဲ့ တစ်ယောက်ကရှေ့မှာရှိတဲ့ ဖယောင်းရုပ်တစ်ရုပ်ကို ဓာတ်ပုံရိုက်နေဟန် ထုလုပ်ထားတာကို သက်ရှိလူသားတစ်ဦးထင်ပြီး ကိုယ်တောင်မှပဲ သူ့ကို Excuse me လုပ်ဖြစ်လိုက်သေးတာ။ ပြတိုက်အတွင်းမှာတွေ့ရတဲ့ အဖြူကလေးအများစုက ကိုယ့်ကို လှည့်ကြည့်လှည့်ကြည့်နဲ့။ ဘာလူမျိုးလဲ၊ ဘာအဝတ်စားလဲပေါ့။ ဒါနဲ့သူတို့ကို စချင်စိတ်ဖြစ်လာပြီး လှေကားအတက်တစ်ခုနားမှာ မျက်မှန်နက်တပ်ပြီး မလှုပ်မယှက် ငြိမ်ငြိမ်လေး ရပ်နေလိုက်တယ်။ ကိုယ့်လက်ထဲမှာလည်း ကင်မရာက တွဲလောင်းဆွဲလျက်။

ကလေးမတစ်ယောက်က လက်ထဲက ကင်မရာကို လာကိုင်ကြည့်ပြီး ဒယ်ဒီ ကြည့်စမ်း ဒီမှာ အဟုတ်ကင်မရာကြီးတဲ့။ ကိုယ်က ပြုံးပြလိုက်မှ သမီးကလည်း အဟုတ် ကင်မရာပေါ့။ သူက အဟုတ်လူတစ်ဦးပဲဟာဆိုမှ ကိုယ့်ကို အရုပ်တစ်ရုပ်မဟုတ်မှန်း သူမသိသွားတယ်။ တစ်ယောက်ကတော့ ကိုယ့်ပခုံးဖက်ပြီး သူ့အဖော်တွေကို ဓာတ်ပုံရိုက်ပေးဖို့ ပြောတယ်လေ။ သူမကလည်း ကိုယ့်ကို အရုပ်တစ်ရုပ်လို ထင်ပုံရတယ်။ သူမရိုက်ပြီးမှ ကျေးဇူးပါပဲလို့ ကိုယ်ကပြောလိုက်မှ အော် ဆောရီးနော်။ ဒီက အရုပ်တစ်ရုပ်မှတ်နေလို့တဲ့။ ရပါတယ်လို့ ဆိုလိုက်မှ တကယ့်လူထူးဆန်းတစ်ဦးကို တွေ့လိုက်ရသလိုမျိုး ရှက်ပြုံးပြုံးလို့ နှုတ်ဆက်ထွက်သွားလေရဲ့။ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အတွက်တောင် နုလို ရေးစရာတစ်ခုဖြစ်လာသေးလျှင် သူတို့အတွက်လည်း အိမ်ကိုပြန်ရောက်တဲ့အခါ အနည်းဆုံး သူတို့မိတ်ဆွေတွေကို ပြောစရာတစ်ခုတော့ ရသွားမှာပါပဲ။ ကိုယ့်ဓာတ်ပုံကိုပြပြီး ဟေး... ကြည့်၊ ဒါ အရုပ်လား၊ လူလားဆိုတဲ့မေးခွန်းကိုလည်း သူ့မိတ်ဆွေတွေကို မေးကောင်းမေးနေဦးမှာ။ ကိုယ် အရုပ်တစ်ရုပ် မဟုတ်ပါဘူးနော်။ အဟုတ် လူသားတစ်ဦးပါ။

စ,လိုစိတ်နဲ့ စ,လိုက်တာ။ ပျော်ပါစေဆိုတဲ့ သဘောနဲ့။ သူတို့တွေ ကျေနပ်တာကိုမြင်ရလို့ ဝမ်းသာမိပါတယ်။ ဒါပေမယ့် နောက်မှ မနှစ် နှစ်လယ်ပိုင်းဆီက ကြားခဲ့ရတဲ့ဘာလင် မဒမ်တူးဆော့ဒ်က အဒေါ် ဟစ်တလာရုပ်တုအကြောင်း ပြန်ပြီးသတိရမိတယ်။ နောက်ပြီးလည်း မတော်လို့များ ကိုယ့်ကိုယ်လည်း ဟစ်တလာကို ခေါင်းရိုက်ချိုးသလိုမျိုး ခေါင်းရိုက်ချိုးချင်တဲ့သူနဲ့များ တွေ့ခဲ့လျှင်ဖြင့် ဒုက္ခပါပဲလို့လည်း တွေးမိပါတယ်။ ဒါပေမယ့် ဘယ်လူသားတစ်ဦးအပေါ်မှာမှ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်စေအောင် အလိုဆိုးနဲ့ တမင်သက်သက် မလုပ်ခဲ့၊ မပြောခဲ့။ ကုန်ကုန်ပြောရလျှင်စိတ်နဲ့တောင် မကြံစည်ခဲ့တဲ့ ကိုယ့်အဖို့ ဟစ်တလာကို မုန်းသလိုမျိုးတော့ မုန်းမည့်သူရှိမှာမဟုတ်ပါဘူးလို့ ကိုယ့်ကိုယ်ကို ယုံကြည်မိပြီး ကျေနပ်မိလို့ ပြုံးမိပါရဲ့။

ကိုယ်စခဲ့လို့ ကိုယ့်ကို အရုပ်တစ်ရုပ်လိုထင်ပြီး ပခုံး



ဖက်လို့ ဓာတ်ပုံရိုက်သွားတဲ့သူလည်း ကိုယ့်ဓာတ်ပုံကို ပြန်ကြည့်ကာ အနည်းဆုံး တစ်ကြိမ်လောက်တော့ ပြုံးနေပြီးသားဖြစ်မှာပါ။ သန့်စင်တဲ့ အပြုံးဖြစ်လို့မို့ သူမရဲ့ အဲဒီအပြုံးဟာသူမကိုယ်တိုင်ရော၊ မြင်ရတဲ့ အခြားသူတွေအဖို့ပါ ကြည်နူးကျေနပ်ဖွယ်ကောင်းမှာပါ။ လူသားတွေရဲ့ သန့်စင်တဲ့အပြုံးဆိုတာ အခြားအရာတွေနဲ့ လဲလှယ်လို့ရနိုင်ကောင်းတဲ့အရာမျိုးမှ မဟုတ်တာ။

မေတ္တာဖြင့်

အရှင်ဉာဏိက

သူဒီလိုပြန်ရေးပြလိုက်တော့ မဒမ်တူဆော့ဒ်က စိတ်ထဲ အသစ်လိုပြန်ဖြစ်လာပါတယ်။ ကျေးဇူးပါ ဦးဉာဏိကရေ။ ဘုန်းကြီးလည်း အချို့ဘာသာရေးခေါင်းဆောင်များ၊ တော်ဝင်မိသားစုများနဲ့ ကိုယ်သိထားဘူးတဲ့ ကျော်ကြားသူအချို့နဲ့ မှတ်တမ်းဓာတ်ပုံရိုက်ဖြစ်ပါတယ်။ ဒီနေရာကို ရောက်အောင်သွားဖို့ လမ်းညွှန်လိုက်တဲ့ ဒကာများကို ရောက်ခဲ့ပါတယ်ဆိုတဲ့အကြောင်း ပြန်ပြောနိုင်တာပေါ့။

မဒမ်တူးဆော့ဒ်ကနေ တစ်ဆင့် မင်းသမီးဒိုင်ယာနာနဲ့ဘာလိုလိုကျော်ကြားခဲ့တဲ့ ဒိုဒီရဲ့ ဖခင်သူဌေးကြီးပိုင်တဲ့ ဟာရော့ ကုန်တိုက်ကြီးဆီကို သွားခဲ့ကြတယ်။ တန်ဖိုးကြီးမားကာ ကောင်းပေ့ဆိုတဲ့ ပစ္စည်းတွေကိုသာ တင်ရောင်းပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးတံဆိပ်အမျိုးမျိုးလည်း ရှိပါသတဲ့။ လက်ကိုင်အိတ်ကလေးပေါ်က အစကပ်ထားတဲ့ ပေါင်စတာလင်တန်ဖိုးတွေက ကြောက်ဖွယ်လိလိမို့ ဘယ်လိုသူတွေကများ ခုလောက်တန်ဖိုးကြီးပစ္စည်းတွေကို ဝယ်ယူသုံးစွဲနိုင်ကြတာပါလိမ့်လို့ အတွေးဖြစ်မိပါတယ်။ ဘယ်ကုန် အမှတ်တံဆိပ်က ဘယ်လိုတန်ဖိုးရှိတယ်။ သာမန်မြင်ရုံမျှနဲ့ ဘာပစ္စည်းက ဘယ်လိုအရည်အသွေးရှိတယ်ဆိုတာကို ခွဲခြားပြီးမသိတဲ့ ဘုန်းကြီးတို့အဖို့တော့ သူ့ပစ္စည်းတွေက အခြားဆိုင်ရှိ ပစ္စည်းများနဲ့ မထူးခြားလှပါဘူးလေလို့ပဲ ထင်မိပါတယ်။

လန်ဒန်ရဲ့ အထင်ကရ နှစ်ထပ်ဘတ်စ်ကားကြီးတွေစီးလိုက်၊ မြေအောက်ရထားတွေ စီးလိုက်နဲ့ လန်ဒန်မြို့လယ်တော်တော်များများကို နှံ့သွားလောက်တယ် ထင်လောက်အောင် သွားဖြစ်ပါတယ်။

ကမ္ဘာအရပ်ရပ်က နှစ်ပေါင်းရာထောင်ရှည်ကြာ ရှေးဟောင်းပစ္စည်းတွေ၊ ပန်းချီပန်းပု အနုလက်ရာတွေ၊ ကျောက်ဆစ်၊ ပန်းတမော့လက်ရာတွေ၊ အသုံးအဆောင်ပစ္စည်းအမျိုးမျိုးတွေကို စုဆောင်းပြသထားတဲ့ ဗြိတိသျှပြတိုက်ကိုလည်း ဦးတောသနကျေးဇူးနဲ့ ရောက်ခဲ့ရလို့ ဗဟုသုတတိုးပွားရပါတယ်။ နိုင်ငံအသီးသီးက ရှေးဟောင်းပစ္စည်းမျိုးစုံကို ခုလိုတစ်နေရာထဲမှာ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကာ ပြသထားလို့ အင်္ဂလိပ်တွေကိုပဲ ကျေးဇူးတင်ရမလိုပါပဲ။ ဒီစကား



ကိုတော့ တချို့ မျိုးချစ်စိတ်အစွဲ ပြင်းထန်လွန်းသူအချို့ကတော့ သဘောတူကောင်းမှ တူပါလိမ့်မယ်။

အင်္ဂလိပ်မသိမ်းခဲ့တဲ့ ကိုယ့်မိဘဘိုးဘွားတို့ရဲ့ ကိုယ်ပိုင် ရှေးဟောင်း အနုလက်ရာပစ္စည်းတွေကို ကိုယ်ကိုယ်တိုင် လေးစားတန်ဖိုးထားကာ ဘယ်လောက်ထိန်းသိမ်း စောင့်ရှောက်မှု ပြုလုပ်ထားနိုင်ခဲ့ကြသလဲဆိုတာ စဉ်းစားမိလျှင်ဖြင့် ဘုန်းကြီးစကားကို အငြင်းပွားဖို့ အတန်အသင့်တော့ ပြေလျော့သွားကောင်းသွားမှာပါ။ အားမနာတမ်းပြောရလျှင် ရှေးဟောင်း အမွေအနှစ် မြတ်နိုးထိန်းသိမ်းတတ်မှု၊ သမိုင်းမှာ အမှန်တကယ်ဖြစ်သွားတဲ့ အချက်လက်မှန်တွေကို အရှိကို အရှိအတိုင်း မှန်မှန်ကန်ကန် စနစ်တကျ မှတ်တမ်းတင်တတ်တဲ့ အလေ့အထက ဘုန်းကြီးတို့လူမျိုးတွေမှာ ခုထိ နည်းပါးနေတုန်းပါပဲ။ ဒါက အလွန်မှပဲ ဝမ်းနည်းစရာကောင်းတဲ့ ချို့ယွင်းပျက်ကွက်မှုတစ်ခုပါ။ သမိုင်းဆိုတာ လူမျိုးတစ်မျိုးရဲ့ ဂုဏ်သိက္ခာကို ရောင်ပြန်ထင်ဟပ်စေတဲ့ ကြေးမုံရိပ်သွင်တစ်ခုပဲ မဟုတ်လား။ ကိုယ့်သမိုင်းကို ကိုယ်ဖုံးရင် ကိုယ့်အနာဂတ်ကို ကိုယ်ဖုံးခြင်း၊ ကိုယ့်သမိုင်းကို ကိုယ်ညာလျှင် ကိုယ့် အနာဂတ်ကို ကိုယ်ညာခြင်းပဲ ဖြစ်မှာပါပဲ။ ည ၈ နာရီကျော်ကျော်မှ ကျောင်းကိုပြန်ရောက်တယ်။ ပင်ပန်းတဲ့အတွက် ဒီနေ့တော့ စောစောပဲ အနားယူဖြစ်ခဲ့ပါတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## စတုန်းဟင်းနှင့် ရှေးဟောင်းတောင်ပေါ်မြို့လေးဆီသို့

ဇွန်လ ၂၃ ရက်၊ ၂၀၀၉

ဘုန်းကြီးနဲ့အတူ လန်ဒန်ဝိဟာရ ဆရာတော်ဦးကုသလ၊ ဦးတောသန၊ ဦးဉာဏိကတို့ တစ်နေ့တာ ယာဉ်အလှူတော် လှူဒါန်းတဲ့ ကိုသက်ထွန်းဦးရဲ့ ကားနဲ့ စတုန်းဟင်းကို သွားကြတယ်။ ရှေးဟောင်းတိုင်လို ကျောက်တုန်းတွေကို အောင်ဖက်က ထောင်ထားပြီး အထက်မှာ ယက်မလို ကျောက်သားတွေကို တစ်တိုင်နဲ့တစ်တိုင် ကူးထားတဲ့ပုံက အလွန်ထင်ရှားတဲ့ ပုံ။ ဘုန်းကြီးတို့လည်း ဒီနေရာကို မရောက်မီက ဘာရည်ရွယ်ချက်နဲ့ ဒီကျောက်တုန်းတွေကို ခုလို ဖန်တီးတည်ဆောက်ထားတယ်ဆိုတာ သေသေချာချာ မသိခဲ့ပါဘူး။ ဘုန်းကြီးတို့ ရောက်သွားတဲ့နေ့ကတော့ နေသာတဲ့နေ့။ ကမ္ဘာလှည့်ခရီးသွားတွေကိုလည်း အမြောက်အများတွေ့ရပါတယ်။ ဒီကျောက်တုန်းတွေကို ကြည့်ရဖို့က တစ်ဦးကို ခြောက်ပေါင်နှန်း ပေးရပါတယ်တဲ့။ သူကလည်း ဈေးမသေးလှပါဘူး။



အင်္ဂလိပ်အစိုးရ တစ်နေ့တာဝင်ငွေတွေ ဘယ်လောက်များမလဲ ဆိုတာ ခန့်မှန်းနိုင်ပါတယ်။

စတုန်းဟင်းက ကွင်းပြင်အလယ်မှာ ကျောက်တုန်းတွေက ထင်ထင်ရှားရှား ထီးထီးမားမား။ အမှတ်တရဓာတ်ပုံရိုက်ကြပါတယ်။ ကြိုးတားထားတာကြောင့် ပေအစိတ် နှစ်ဆယ်လောက် အဝေးကနေပဲ ကြည့်ရ၊ မှတ်တမ်းဓာတ်ပုံလည်း ရိုက်ရပါတယ်။ ဒီလိုမှ ကန့်သတ်မထားလျှင်လည်း ကျောက်တိုင်တွေထိပ်ကို တက်ပြီး စတန့်ထွင် အလှပြ ဓာတ်ပုံရိုက်ကြမည့်သူတွေကလည်း နည်းမယ်မဟုတ်ဘူးလေ။ အဲဒီလိုသာဆိုလျှင်ဖြင့်လည်း ခုလိုအနေအထားမျိုးကို ဘယ်မှာ တွေ့နိုင်မြင်နိုင်ပါတော့မလဲ။

စတုန်းဟင်းက ထွက်လာတော့ နေ့လယ် ၁၁ နာရီနီးပါးရှိပြီ။ ဒါကြောင့် အနီးဆုံးမြို့လေးက အနောက်တိုင်း အစားအစာ၊ ဆိုင်တစ်ဆိုင်ကိုဝင်ပြီး နေ့ဆွမ်းဘုဉ်းပေးကြပါတယ်။ ကိုသက်ထွန်းဦးက ဆက်ကပ်ပါတယ်။ ခရီးသွားရင်းဆိုတော့ အဆင်သင့်သလို ဘုဉ်းပေးနိုင်တာ ဝန်မတက်တော့ဘူးပေါ့။ ဘုဉ်းပေးလို့လည်း အဆင်ပြေပါတယ်။

ဆွမ်းစားပြီးတော့ အင်္ဂလန်သမိုင်းမှာ ထင်ရှားတဲ့ ရိုမန်ယဉ်ကျေးမှုထွန်းကားရာ 'ဘသ်'ဆိုတဲ့ တောင်ပေါ် ရှေးဟောင်းမြို့လေးဆီကိုသွားကြတယ်။ အင်္ဂလန်ကို ဘုန်းကြီးတို့ရောက်တဲ့ ဇွန်လနှောင်းပိုင်းက အင်္ဂလန်ရဲ့ အပူဆုံးအချိန်

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်မယ်ထင်တယ်လေ။ လန်ဒန်လိုနေရာမှာ တော်တော်လေးပူတဲ့အချိန်ဖြစ်ပေမယ့်လည်း ဒီဘာသ်မြို့လေးကတော့ အေးမြမြလေးပါပဲ။ တောင်ပေါ်မြို့လေးဖြစ်တာရယ်။ သစ်ပင်တွေလည်း ပေါများတာကြောင့်ဖြစ်မယ်ထင်တယ်။ မြို့လေးကို လွှမ်းခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တည်ဆောက်ထားတဲ့ ရှေးဟောင်းမြို့ကလေးဆိုပေမယ့် တောင်ပေါ်တောင်ငှန်းတစ်လျှောက် အကွက်ချကာ စနစ်တကျ တည်ဆောက်ထားမှုက မြို့လေးရဲ့အလှကို ရုပ်လုံးကြွစေပါတယ်။ ရိုမန်ဗိသုကာလက်ရာ အဆောက်အဦးများက အလွှမ်းမှုပဲ စိတ်ဝင်စားဖွယ်ကောင်းပါတယ်။

ဒီမြို့လေးကို ကမ္ဘာအရပ်ရပ်က ခရီးသည်တွေ တစ်နှစ်ကို သုံးသန်းကျော်လောက် လာရောက်လည်ပတ်လေ့ရှိပါတယ်တဲ့။ ထင်ရှားတဲ့နေရာတွေကတော့ ရိုမန်ဘာသ်ခေါ်တဲ့ ရှေးဟောင်းရိုမန်တွေ ရေချိုးတဲ့နေရာရယ်။ ရိုမန်ဘာသ်နဲ့ ကပ်ရက်မှာရှိတဲ့ ရှေးဟောင်း ခရစ်ယန်ဘုရားရှိခိုးကျောင်းကြီးရယ်၊ လပြည့်ပုံ ရိုမန်အဆောက်အဦးနဲ့ လခြမ်းပုံ အဆောက်အဦးတို့ ဖြစ်ပါတယ်။ မြို့လေးအတွင်းမှာ ကားလျှောက်မောင်းကြည့်ပြီး ဘုရားရှိခိုးကျောင်း၊ လခြမ်းပုံအဆောက်အဦးတို့နဲ့ အမှတ်တရ ဓာတ်ပုံရိုက်ကြပါတယ်။ အင်္ဂလန်ကိုရောက်မယ်ဆိုလျှင်ဖြင့် ဒီမြို့လေးကို အရောက်သွားဖို့ သင့်မယ်ထင်ပါတယ်။



အပြန်မှာတော့ လန်ဒန်မှာ ဦးစိုးလွင်ကျောင်းလို့ အများကခေါ်ကြတဲ့ ဒကာကြီး ဦးစိုးလွင် လှူဒါန်းထားတဲ့ မြန်မာကျောင်းကိုလည်း ဝင်ရောက်ခဲ့ပါတယ်။ ကျောင်းမှာ လောလောဆယ် မြန်မာနိုင်ငံကနေ ပညာသင်ရန်ရောက်ရှိနေတဲ့ သံဃာတော်လေးပါးကိုလည်း တွေ့ရပါတယ်။ သူတို့နေမှုထိုင်မှု ပညာသင်ကြားမှုအကြောင်း စသည် မေးမြန်းပြောဆိုပြီး လန်ဒန်ဝိဟာရကို ပြန်လာခဲ့ပါတယ်။ ကျောင်းရောက်တော့ ၇ နာရီထိုးနေပါပြီ။

ကျောင်းမှာလည်း ခေတ္တသာသနာ့ဘောင်ဝင်ရောက်မယ့် မောင်ကျော်ဇေရဲထွန်းလည်း ရဟန်းခံသိမ်တက်ဖို့ အဆင်သင့်ရောက်ရှိနေပါပြီ။ ဘုန်းကြီးအပါအဝင် သံဃာတော်ငါးပါးက ချီးမြှောက်ပေးပါတယ်။

ည ၁၁ နာရီမှာ အိပ်ရာဝင်ပါတယ်။

## ဥရောပတွင် ရှင်သန်နေမယ့် အာရှအငွေ့အသက်များ

**ဇွန်လ ၂၄ ရက်၊ ၂၀၀၉**

ငါးနာရီ အိပ်ရာထ၊ နေ့စဉ်ဝတ်ပြုနေကြလုပ်ငန်းများ လုပ်ပြီး ၆ နာရီမှာ အရုဏ်ဆွမ်းဘုဉ်းပေး။

မြန်မာပြည်ပြန်ဖို့ လေယာဉ်လက်မှတ်ရောက်မလာသေးတဲ့အတွက် စိတ်ပူပန်မှု အနည်းငယ်ဖြစ်လာတယ်။ ဘယ်နေ့ ပြန်ရောက်မယ်ဆိုတာ မြန်မာပြည်က ရွှေမင်းဝံရိပ်သာကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ပြီး အကြောင်းကြားရမယ့်တာဝန်ကလည်း ရှိနေတာမို့ စိတ်ပူရတာပါ။ ရဟန်းငယ်လေးတစ်ပါး ထသွား ထပြန်သလို ကောက်ကာငင်ကာ သွားလို့လာလို့ကလည်း မသင့်တော်ဘူးလေ။ ဆရာတော်ပြန်လာမယ်ဆိုလျှင် နီးစပ်ရာ ဒကာဒကာမတွေအနေနဲ့က ကြိုတင်စီမံရတာ။ ဒီတော့ အချိန်နီးကပ်ကာမှ သူတို့ကို အကြောင်းကြားခဲ့မယ်ဆိုလျှင် သူတို့အဖို့ စီမံရတာ လွယ်ကူမယ် မဟုတ်ပေဘူး။

ဆရာတော်ပြန်ကြွမယ်ဆိုတော့ ဒကာ၊ ဒကာမများအနေနှင့် ကြိုဆိုလိုကြ နှုတ်ဆက်လိုကြတာ။ ဒါကြောင့် လေယာဉ်လက်မှတ် စီစဉ်ကြသူတွေဆီကို ဖုန်းဆက်မေးမြန်းရပါတယ်။ လေယာဉ်လက်မှတ်ကို စီမံသူတွေက အမေရိက, ကဆိုတော့ ဘုန်းကြီးတို့ လန်ဒန်အချိန်နဲ့ကလည်း ချိန်ဆရသေးတယ်။ ဒီအချိန်ကို ဖုန်းဆက်လျှင် သူတို့ဆီမှာ သိပ်စော၊ သိပ်နောက်ကျနေမလား။ ဒါမှမဟုတ် ခုချိန်က အလုပ်မှာပဲရှိနေသေးချိန်လား စသည်ဖြင့် နိုင်ငံကွာ၊ အချိန်ကွာတော့လည်း ချိန်ရ ဆရတာတွေက အများသားပါပဲ။ ပြည်ပရောက်ကတည်းက ဘယ်သူ့ဆီကိုမှ ဖုန်းမခေါ်ခဲ့ပေမယ့် ဒီကနေ့ စိတ်သိပ်ပင်ပန်းတဲ့အတွက် ဦးတောသနကို မခင်ခင်ကျော်ရဲ့ ဖုန်းနံပါတ်ပေးပြီး ခေါ်ခိုင်းခဲ့ပါတယ်။ ဖြစ်ချင်တာတွေကို ပြောဖြစ်ခဲ့တယ်။ မချိုဆီကိုလည်း ဖုန်းခေါ်ခိုင်းပြီး ဖြစ်ချင်တာတွေ ပြောဖြစ်ခဲ့တယ်။ စိတ်ပူမိတယ်ဆိုတာကိုလည်း ပြောဖြစ်လိုက်ပါတယ်။



မောင်မိုးကျော်မှ ၃၀ ရက်နေ့မှာ ထိုင်းလေကြောင်းနဲ့ ဒေါက်တာမြတ်စံက စီစဉ်ထားပြီးပြီဆိုမှ စိတ်နည်းနည်းသက်သာရာရတယ်။ ဒါပေမယ့် လက်မှတ်က ကိုယ့်လက်ထဲ ရောက်မလာသေးတော့ စိတ်လုံးလုံးအေးပြီလို့ ပြောလို့မရသေးဘူး။ မြန်မာပြည်ကရိပ်သာကိုလည်း အကြောင်းကြားစေခဲ့ပါတယ်။

ဒီနေ့ နေ့လယ် ၁ နာရီ ၃၀ မှာတော့ ဘုန်းကြီးနဲ့အတူ ဦးတောသန၊ ဦးဉာဏိကတို့ကို ဒေါက်တာအောင်ကြည်မြင့်၊ ဒေါက်တာဋ္ဌေးဋ္ဌေးရီတို့က လန်ဒန်မှာထင်ရှားတဲ့ အမရဝတီရိပ်သာဆီကို လိုက်ပို့ပါတယ်။ အနောက်တိုင်းသား ရဟန်းတော် ဦးစီးတည်ထောင်ထားတာပါ။ လန်ဒန်မြို့ကနေ ၂ နာရီ ၄၅ မိနစ်ခန့် ကားမောင်းရပါတယ်။ ကျောင်းဝင်းက ဧက ၄၀ လောက်ကျယ်တယ်လို့ဆိုပါတယ်။ ဆိတ်ငြိမ်အေးချမ်းပြီး အဆောက်အဦးတွေနဲ့ သပ်သပ်ရပ်ရပ် စနစ်ကျတဲ့ နေရာလေးတစ်ခုပါ။ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်တဲ့နေရာမို့ ရိပ်သာအင်္ဂါနဲ့ ညီညွတ်ပါတယ်။ တရားရှုမှတ်ပွားများလိုသူတွေအတွက် သမာဓိဖြစ်ဖွယ်နေရာဌာန တစ်ခုပါ။ ဦးဆောင်ဆရာတော်ကျောင်းဆောင်၊ ရဟန်းသံဃာတော်တွေအဆောင်၊ အမျိုးသား/အမျိုးသမီး ယောဂီဆောင်၊ ဓမ္မာရုံခန်းမ၊ စာကြည့်တိုက်၊ ဆွမ်းစားဆောင် စသည်ဖြင့် စနစ်တကျ တည်ဆောက်ထားတာကို ဗဟုသုတဖြစ်ဖွယ် လေ့လာ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရခဲ့ပါတယ်။ စားသောက်ရာမှာလည်း ဘူဖေးစနစ်နဲ့ မီးဖို ခန်းမှာ စီမံထားတဲ့ အိုးခွက်ပန်းကန်တွေ ထားဟန်၊ သန့်သန့် ရှင်းရှင်း ဖြစ်ဟန်တွေက အထူးပြုမိလောက်အောင်ကိုပဲ စနစ် ကျနလှပါတယ်။ ပစ္စည်းပစ္စယတွေကလည်း စတီးလ်တွေပဲ များတာမို့ မီးဖိုခန်းတစ်ခုလုံးက ပြောင်လက်လို့နေပါတယ်။

ဘုရားဆင်းတုနဲ့ ကျောင်းဆောင်များ၊ ဘာသာရေး နဲ့ စပ်နွယ်တဲ့ အသုံးအဆောင်ပစ္စည်းများကတော့ ယိုးဒယား နွယ်တာတွေက များပါတယ်။ မှတ်တမ်းတင်သင့်တယ်ထင် တဲ့ အရာများကို မှတ်တမ်းတင်ဓာတ်ပုံတွေ ရိုက်ဖြစ်သလို ဦး ဆောင် ဆရာတော်နဲ့လည်း မှတ်တမ်းတင်ဓာတ်ပုံ အတူရိုက် ဖြစ်ပါတယ်။

အပြန်လန်ဒန်ဝိဟာရကို မရောက်မီမှာတော့ လန်ဒန် ဝိဟာရနဲ့ အလွန်မဝေးလှတဲ့နေရာမှာရှိတဲ့ ဟိန္ဒူ ဘုရားကျောင်း ကိုလည်း ဝင်ရောက်လေ့လာခဲ့ပါတယ်။ ဟိန္ဒူဘုရားကျောင်း ကတော့ တွေ့ဖူးတဲ့ ဟိန္ဒူကျောင်းတွေထဲမှာ အကြီးအကျယ် ဆုံးနဲ့ အခန်းနားဆုံးကျောင်းပါပဲ။ ကျောင်းဆောင်တစ်ခုလုံး စကျင်ကျောက်နဲ့ ဆောက်လုပ်ထားပါတယ်။ ကျောက်ရိုင်း တုန်းတွေကို အီတလီနိုင်ငံကနေ အိန္ဒိယကိုပို့ပေးပြီး အိန္ဒိယက ပန်းပုဆရာ အကျော်တွေနဲ့ ထုလုပ်ကာ အင်္ဂလန်ကို ပြန်လည် သယ်လာပြီး ဆောက်လုပ်ထားတာပါတဲ့။ လူပေါင်း တစ် သောင်းကျော် တစ်နှစ်တာလုပ်အားနဲ့ ဆောက်လုပ်ထားတယ်



လို့ ဆိုပါတယ်။ အလွန်အနုစိပ်လှပြီး လှပဆန်းကြယ်စွာ ထု လုပ်ထားတဲ့ ကျောက်ပန်းကျောက်ခက် ကျောက်နွယ်တွေ။ လူလောက်ကြီးမားတဲ့ သူတို့ရဲ့ ကိုးကွယ်မှုဆိုင်ရာ ရုပ်တုအမျိုး မျိုးတွေကို ရွှေပိန်းချ အဆောင်များမှာ ပြသကိုးကွယ်ထားတာ က ချီးမွမ်းအံ့သြဖွယ်ပါ။

အဆောင်တစ်ဆောင်မှာတော့ အလွန်အနုစိပ်ကာ လက်ရာမြောက်လှတဲ့ ကျွန်းနဲ့ပြုလုပ်ထားတဲ့ လက်ရာများ ကိုလည်း တွေ့ရပါတယ်။ ဒကာအောင်ကြည်မြင့်က ဒီကျွန်း တွေက မြန်မာပြည်ကဖြစ်မယ်ဟုဆိုလို့ ဘုန်းကြီးလည်း ဖြစ် နိုင်လောက်မယ် ယူဆမိပါတယ်။ အတွင်းထဲကို ဓာတ်ပုံကင် မရာ ယူဆောင်ခွင့်မပြုလို့ အပြင်ကနေပဲ ကျောင်းဆောင်ကို နောက်ခံထားကာ မှတ်တမ်းဓာတ်ပုံရိုက်ဖြစ်ပါတယ်။ ဘုရား ကျောင်းကြီးအတွင်းအပြင် ကျောက်ဆစ်ပညာ၊ ကျောက်ထွင်း ပန်းပုပညာရှင် မြောက်များစွာနဲ့ ပန်းကနုတ်များ၊ ပန်းပုရုပ် များ၊ အသေးစိတ်ထွင်းထုထားမှုကို အနီးကပ်လေ့လာကြည့် ရှုခွင့်ရတဲ့အတွက် လိုက်ပါပို့ဆောင်ပေးကြတဲ့ ပုဂ္ဂိုလ်များအား လုံးကို အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းပြုပါတယ်။ အပြန်မှာ တရုတ်စတိုးဆိုင်ကြီးကိုလည်း ဝင်ရောက်လေ့လာ ခဲ့ကြပါတယ်။

ည ၁၀ နာရီ ၃၀ မှာ အနားယူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇွန်လ ၂၅ ရက်၊ ၂၀၀၉

၅ နာရီမှာ အိပ်ရာထ၊ ပြုဖွယ်ကိစ္စများပြုလုပ်၊ ဘုရားဝတ်တက်၊ တရားရှုမှတ်၊ မေတ္တာပို့။ ၆ နာရီမှာ ကုသိုလ်ရှင် မခိုင်လှူဒါန်းတဲ့ အရုဏ်ဆွမ်းကို မေတ္တာပွားများ ဘုဉ်းပေးပါတယ်။

၇ နာရီ ၃၀ မှာ ဘုန်းကြီး ဦးတေဇသနနဲ့ ဦးဉာဏိက တို့ကို တစ်နေ့တာ ယာဉ်အလှူရှင် မောင်ရန်ရှင်းဦးက ဘာမင်ဂန်မြို့ကို လိုက်ပို့ပေးပါတယ်။ ဘာမင်ဂန်က လန်ဒန်မြို့ကနေ ကား ၂ နာရီလောက် မောင်းရပါတယ်။

ကျောင်းမရောက်ခင် ခပ်လှမ်းလှမ်းကနေပဲ ရွှေတိဂုံပုံတော် စေတီကို ဖူးတွေ့ရပါတယ်။ ပြည်ပနိုင်ငံမှာ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာတရားရဲ့ အငွေ့အသက်စစ်စစ်နဲ့ တည်ဆောက်ထားတဲ့ ခုလို စေတီတော်ကို ဖူးတွေ့ရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဘာမင်ဂန်ကျောင်းတိုက်ကြီးနဲ့ ခုလိုစေတီတော်ကြီးကို ခက်ခဲပင်ပန်းကြီးစွာ ကြိုးစားကာတည်ဆောက်တော်မူသွားခဲ့တဲ့ ကမ္ဘာ့သာသနာပြု အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ရေဝတဆရာတော်ဘုရားကြီးရဲ့ သာသနာပြုစိတ်ဓာတ်နဲ့ ဇွဲရှိရှိ အောင်မြင်အောင် လုပ်ဆောင်ချက်ဟာဖြင့် ချီးကျူးဂုဏ်ယူလို့ မဆုံးနိုင်အောင် ရှိလှပါပေတယ်။

ကမ္ဘာ့သာသနာပြု အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ရေဝတ ဆရာတော်ဘုရားကြီးတည်ထောင်သွားခဲ့တဲ့ ကျောင်း



တိုက်ကြီးနဲ့ စေတီတော်ကြီးဟာ ယနေ့ အင်္ဂလန်နိုင်ငံ မူလတန်း၊ အလယ်တန်း၊ တက္ကသိုလ် ကောလိပ် ကျောင်းသူ/ကျောင်းသားများရဲ့ ဗုဒ္ဓဘာသာကိုလေ့လာရာ သင်တန်းကျောင်းကြီးဖြစ်နေတာ။ ကျောင်းသားများကို လက်တွေ့သင်ကြားပေးနေတာကို တွေ့ရတဲ့အတွက် အထူးဂုဏ်ယူမိပါတယ်။ လက်ရှိကျောင်းတိုက်ကြီးကို စီမံအုပ်ချုပ်သီတင်းသုံးနေတဲ့ ဆရာတော် ဒေါက်တာ ဥတ္တရဉာဏကလည်း ကျောင်းတိုက်ကြီး တိုးတက်စည်ကားအောင် တပည့်သံဃာတော်များနဲ့အတူ အဘိဓမ္မာသင်တန်းတွေ၊ ဝိသုဒ္ဓိ မဂ်သင်တန်းတွေ၊ လက်တွေ့အားထုတ်နိုင်ရန် တရားစခန်းတွေကျင်းပပြီး နေ့ညမနား သာသနာ့ကိစ္စတွေ ဆောင်ရွက်နေတာကိုသိရတဲ့အတွက် အထူးကျေနပ်အားရ ဂုဏ်ယူမိပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အလှပေါင်းစုံညီ ရှိတ်စပီးယားမွေးဌာနီ

ဘာမင်ဂန်ဝိဟာရမှာ နေ့ဆွမ်းဘုဉ်းပြီး ဘာမင်ဂန်နဲ့ တကြောတည်းဖြစ်တဲ့ ကမ္ဘာကျော် စာရေးဆရာကြီး ရှိတ်စပီးယားမွေးဖွားရာ စတရက်ဖို့ အပ်ပန် အေဗွန်မြို့လေးဆီကို သွားရောက်ကြပါတယ်။ ဒီမြို့လေးမှာ ရှိတ်စပီးယားမွေးဖွားရာနေရာ၊ ရှိတ်စပီးယားခန္ဓာကိုယ်မြှုပ်နှံရာ နေရာတွေကို အမှတ်တရ လေ့လာနိုင်ပါတယ်။ တစ်မြို့လုံးကို ကမ္ဘာလှည့်ခရီးသွားတွေ ဆွဲဆောင်ရာနေရာအဖြစ် ဖန်တီးကာ ဝင်ငွေရှာနေတာမို့ ဒီကနေ ဝင်ငွေအမြောက်အများရရှိနေတာကို တွေ့ရပါတယ်။ ဒီမြို့လေးက သာယာလှပတဲ့အတွက် နေချင်စရာ၊ လေ့လာပြီး အနားယူစရာကောင်းလှပါတယ်။

ရှိတ်စပီးယားမြို့ရဲ့ အလှကို ပြည့်ပြည့်ဝဝ မျှဝေခံစားနိုင်ဖို့ အရှင်ဉာဏိကာဘိဝံသရဲ့ မှတ်တမ်းတင်ထားမှုကို လေ့လာဖတ်ကြည့်ပါဦး။

## Stratford-upon-Avon (သို့မဟုတ်) ရှိတ်စပီးယားမြို့တော်

စတရက်ဖို့ အပ်ပန် အေဗွန် (Stratford-upon-Avon) တဲ့။ ဒီစာလုံးတွေကို ဖတ်ရလို့ပဲဖြစ်ဖြစ်၊ ဒီစာလုံးရဲ့အသံကို



ကြားရရင်ပဲဖြစ်ဖြစ်၊ ဒါဟာ မြို့တစ်မြို့ရဲ့ နာမည်ဖြစ်တယ်လို့ ထင်သူက အတော်နည်းမှာပါ။ တစ်ဦးဦးက ဒါဟာ အထင်ကရ မြို့တစ်မြို့ရဲ့ နာမည်ပါလို့ ဆိုလိုက်ရင်ဖြင့် အံ့တောင် အံ့သြသွားနိုင်ပါတယ်။ ဒီထက်ပိုပြီး ဒီမြို့ဟာ ကမ္ဘာကျော် စာရေးဆရာကြီး ရှိတ်စပီးယား မွေးဖွားရာ မြို့လေးရဲ့ နာမည်ဖြစ်တယ်ဆိုလျှင်ဖြင့် အံ့သြတာထက် ဟိုဖက်ကိုပင် လွန်သွားနိုင်မလားပါ။

ရိုမီယိုနဲ့ ဂျူလီယက်၊ ဂျူလီယက်ဆီဇာ၊ ဟမ္မလက်တ်၊ မက်ကဘက်၊ လီယာမင်းကြီးစတဲ့ ကမ္ဘာကျော်စာပေတွေကို ရေးခဲ့တဲ့ ကမ္ဘာကျော်စာရေးဆရာကြီး ရှိတ်စပီးယားရဲ့ မွေးဖွားရာမြို့တဲ့လေ။ ကိုယ့်ကိုလိုက်ပို့မည့်သူတွေက ရှိတ်စပီးယားမြို့ကို ပို့မယ်ဆိုတော့ ကိုယ်က ရှိတ်စပီးယားမွေးဖွားရာဒေသကို စွဲပြီး မြို့အမည်ကိုလည်း ရှိတ်စပီးယားလို့ပဲ ပေးထားတယ်ထင်ခဲ့တာ။ တကယ်လို့သာ ရှိတ်စပီးယားမြို့လို့ အမည်ပေးထားမယ်ဆိုလျှင် ဒီမြို့လေးရဲ့ နာမည်ဟာ ကမ္ဘာကျော်နေမှာလို့လည်း တွေးမိပါတယ်။

ရှိတ်စပီးယားဆိုတဲ့နာမည် ထင်ရှားသလောက် ဘာဖြစ်လို့ ဒီစရက်ဖို့အပ်ပန်အေဗွန်ဆိုတဲ့ နာမည်က မထင်ရှားရတာလဲဆိုတာကိုတော့ မသိပါဘူး။ သူများတွေ အံ့သြ မအံ့သြခြင်းဆိုတာထက် ကိုယ့်အနေနဲ့ ကမ္ဘာကျော် စာရေးဆရာကြီး မွေးဖွားခဲ့တဲ့ ဒီမြို့လေးရဲ့နာမည်ကို ဘာကြောင့် ကြိုတင်အ

www.burmeseclassic.com



မထားခဲ့ရတာလည်း ဆိုတာကိုပဲ အံ့သြနေမိပါတယ်။ စတရက်ဖို့ဆိုတဲ့စကားကိုလည်း ကြားဖူးနေပြီး။ အေဗွန်ကလည်း သိပ်မစိမ်းလှ။ အပ်ပွန်ဆိုတဲ့ အင်္ဂလိပ်စာ ပရိုဖေးရှင်းကလည်း တွေ့နေကြ။ သို့ပေမယ့် ဒီစကားလုံးသုံးလုံးပေါင်းပြီးကာမှ မြို့တစ်မြို့နာမည်ဖြစ်နေတဲ့ ဒီနာမည်ကတော့ ကိုယ့်အတွက် အလွန်ထူးဆန်းနေတာ။ ပြီးတော့ ဒီမြို့လေးက ကိုယ်အမြဲကြားနေတတ်တဲ့ ရှိတ်စပီးယားရဲ့ မွေးရာအရပ်တဲ့လေ။

စိမ့်စိမ့်လေးအေးပြီး ငြိမ့်ငြိမ့်လေးပြေးစီးနေတဲ့ အေဗွန်မြစ်ကလေးရဲ့ ကမ်းခြေမှာ လှလှပပလေးတည်နေတဲ့မြို့။ စိမ်းညို ရွှေလွှာ ဖြူနီဝါပြာ ရောင်စုံပန်းအလှတွေနဲ့ လှချင်တိုင်းလှနေတဲ့မြို့လေးတစ်မြို့။ ဘလက်ကင်ဂိုက် ရှေးဟောင်းလက်ကျန်အိမ်လေးတွေနဲ့ ဆွဲဆောင်မှုရှိလှတဲ့ မြို့လေးတစ်မြို့။ အေဗွန်ရဲ့ နှစ်လုံးအသည်း အလယ်ဗဟိုချက်မလောက်ကနေပြီး ကွေ့ကာရစ်ကာ အေဗွန်မြစ်ငယ်လေးက ချစ်စဖွယ်စီးဆင်းနေတဲ့မြို့။ ဒီမြို့လေးရဲ့ နာမည်ကိုတောင်မှ မကြားမိဘူးလောက်အောင် ညံ့ခဲ့တဲ့ ကိုယ့်ကိုယ်ကိုပဲ ပြစ်တင်စကားဆိုရမလိုပါ။ Avon ဆိုတဲ့ ဒီစကားလေးကလည်း Celtic ဘာသာစကားအရ River မြစ်လို့ပဲ အဓိပ္ပာယ်ဆောင်ပါသတဲ့။ ဒီတော့ ဒီမြို့လေးအလယ်မှာ ဒီအေဗွန်မြစ် ကလေးစီးမျောနေတာ အဆန်းဘယ်မှာ ဟုတ်လိမ့်မလဲ။ အဲပါလေ။ ဆန်းနေခဲ့တာက ကိုယ်သာပါ။



ကိုယ်တို့ရောက်တဲ့နေ့က ဒီမြို့လေးမှာ အပူချိန်အတန်အသင့်မြင့်တဲ့နေ့။ သို့ပေမယ့် မြို့လေးထဲကားစဝင်တော့ သစ်ပင်စိမ်းစိမ်းတွေ အုပ်ကာဆိုင်းနေမှုက မြို့တွင်းရှိနေသူအားလုံး အပူဒဏ်နဲ့မဆိုင်သလို ဖြစ်နေသလို ထင်မိစေတယ်။ လမ်းတစ်ခိုမှာလည်း ပန်းဆိုင်းတွေက အိမ်ရှေ့၊ ဈေးဆိုင်၊ ဓာတ်မီးတိုင်မှန်သမျှ တွဲလဲကျလို့။ လှချင်တိုင်း လှနေလိုက်တဲ့မြို့။ ကားရပ်နားရာနေရာဘေးက ဥယျာဉ်ကျယ်တစ်ခုထဲက မြက်ခင်းပြင်ပေါ်မှာတော့ လူတွေနဲ့အပြည့်။ ကားရပ်တဲ့နေရာကနေ မြက်ခင်းပြင်ကိုဖြတ် ရှိတ်စပီးယား အလောင်းခန္ဓာလဲလျောင်းရာ ဟိုးလီးတရိုင်နတီ ဘုရားရှိခိုးကျောင်းလေးကို သွားတော့ ကြားထဲမှာ အေဗွန်မြစ်လေး ခြားနေတယ်။

ခပ်လှမ်းလှမ်း ကိုက်သုံးရာလောက်ကနေ လှည့်သွားမယ်ဆိုလျှင် ဘုရားကျောင်းလေးဆီကို ရောက်နိုင်တဲ့ အနီးဆုံးတံတားလေးရှိတယ်။ သို့ပေမယ့် အများစုသောသူတွေက အဲဒီသွားလို့ရတဲ့တံတားက လှည့်မသွားဘဲ ပေ ၆၀ ခန့်သာကျယ်တဲ့ ဒီမြစ်လေးကိုဖြတ်ပြီး အေဗွန်တစ်ဖက်ကမ်းကူးဖို့ ဖန်တီးထားတဲ့ လှေကလေးတွေနဲ့ပဲ ကူးကြတယ်။ ဒါဟာ အေဗွန်ကိုရောက်ခိုက် အမှတ်တရအေဗွန်မြစ်ကို လှေနဲ့ဖြတ်တဲ့ အတွေ့အကြုံတစ်ခု သက်သက်ယူရုံမျှသာဖြစ်မယ်လို့ တွေးမိတယ်။ မြစ်လယ်ကနေ ဟိုးလီး တရိုင်နီတီဖက်ကို မျှော်ကြည့်လိုက်တော့ ရှေးဟောင်းအဆောက်အဦး တရိုင်နီတီဘုရားကျောင်း

www.burmeseclassic.com



လေးက မြစ်ရေစီးကြောင်းလေးထိပ်တည့်တည့်မှာ ရှိနေသလို လို ထင်ရတယ်။ ဒီလှေခရီးလေးဟာ တရိုနီတိဘုရားကျောင်း လေး အောက်ကနေ အေဗွန်မြစ်လေး စီးဆင်းလာတယ်လို့ ထင်စေချင်တဲ့ ခံစားမှုအတွေ့အကြုံမျိုးရစေချင်လို့ တမင်များ ဖန်တီးထားလေသလားလို့ တွေးမိတယ်။ လှေကူးခတစ်ဦး နှစ်ဆယ့်ငါးပင်းစ် (တစ်ပေါင်ရဲ့ လေးပုံတစ်ပုံ)ဆိုတဲ့ ငွေကြေး ဟာ စီးပွားရေးအကျိုးအမြတ်အတွက် ဒီလှေခရီးစဉ်လေး တို တိုလေးကို စီစဉ်ထားတာ ဟုတ်လိမ့်မယ် မဟုတ်ဘူးဆိုတဲ့ အတွေးကိုလည်း ရောက်စေပါတယ်။

ကိုယ်တို့လှေကလေး တစ်ဖက်ကမ်းကူးခိုက်မှာပဲ အေဗွန်မြစ်ကလေးတစ်လျှောက် သဘော်ငယ်လေးတွေကို အပျော်တမ်းစီးနင်းကာ အေဗွန်ရဲ့အလှကို မြစ်ထဲက ရှုစားနေ ကြတဲ့ ခရီးသည်တွေကိုလည်း တွေ့ရတယ်။ သူတို့အားလုံး မျက်နှာပေါ်မှာတော့ အပြုံးကိုယ်စီနဲ့ မြစ်ကြီးချောင်းကြီးမှ မဟုတ်ဘဲ မြစ်ငယ်ချောင်းငယ်လေးပေမယ့် ပျော်ရွှင်မှုအပြည့် ရအောင် ဖန်တီးနိုင်လျှင်ဖြင့် ဖြစ်နိုင်တာပဲဆိုတဲ့ အသိတစ်ခု လည်း ရလိုက်ပါတယ်။ အေးပေါ့လေ။ လာလည်သူတွေ ပျော် နိုင်စေဖို့ ပျော်စရာနေရာလည်းဖြစ်ဦးမှဟာကိုး။

ဟိုးလီးတရိုင်နီတီကိုရောက်တော့ မီနီစတာ တစ် ယောက် ဘုရားရှိခိုးကျောင်းက ထွက်အလာနဲ့ ကြုံလို့ ဖော် ဖော်ရွေရွေ ဖိတ်ခေါ်ပြီး-အတွင်းမှာ လက်ရှိတာဝန်ကျနေတဲ့



တာဝန်ရှိသူတွေနဲ့ မိတ်ဆက်ပေးတယ်။ သိလိုတာများရှိလျှင် လည်း မေးမြန်းနိုင်ပါကြောင်း ဖိတ်မန်တယ်။ ခက်တာက ကိုယ်က ရှိတ်စပီးယား ခန္ဓာအလောင်း လဲလျောင်းရာနေရာ ဖြစ်တယ်ဆိုလို့သာ လာခဲ့တာ။ ဒီဘုရားကျောင်းရဲ့ ရာဇဝင် ကို နည်းနည်းလေးမှ သိထားသူမဟုတ်ဘူးလေ။ တကယ်ဆို ကိုယ်သွားမယ့်နေရာတွေရဲ့အကြောင်းကို ကြိုတင်လေ့လာ ထားဖို့ သင့်တာ။ ကိုယ်က သွားခဲ့တဲ့ ဘယ်နေရာအကြောင်း ကိုမှ ကြိုတင်လေ့လာထားတာ မရှိခဲ့ဘူး။ ကြိုသိထားတဲ့ ကိုယ့် ရဲ့ ရှေ့ပြေးအသိတွေက ကိုယ် တကယ်တွေ့ရမယ့်နေရာတွေ နဲ့ဆိုင်တဲ့ တကယ့်ခံစားမှုအပေါ်မှာ အရိပ်ထိုးနေမှာ စိုး ကြောက်တဲ့ ကိုယ့်ယုံကြည်မှုက ကိုယ့်ကို ကြိုတင်လေ့လာဖို့ နောက်တွန့်စေခဲ့တယ်လေ။

ကိုယ်ရောက်သွားတဲ့အချိန်မှာတော့ တရိုင်နီတီ ဘုရား ကျောင်းလေးကို ပြန်လည်မွမ်းမံနေလေရဲ့။ ကိုယ့်စိတ်ထဲမှာ လည်း ၁၂၁၀ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တဲ့ တရက်ဖို့ ရဲ့ ရှေးအကျဆုံး အဆောက်အဦးလေး၊ တရိုင်နီတီရဲ့ ရှေး ဟောင်းအလှလေး မပျက်စီးသွားတန်ကောင်းစေဖို့ကိုတော့ လိုလားနေမိတယ်လေ။ ကိုယ်က စိုးရိမ်လို့သာ စိုးရိမ်နေမိတာ ပါ။ အင်္ဂလိပ်တွေက အဟောင်းထိန်းသိမ်းရာမှာ ကျွမ်းကျင် သလို ရှေးဟောင်းတန်ဖိုးကိုလည်း လေးစားမြတ်နိုးတတ်သူ တွေပါ။ အေဗွန်ကိုရောက်တော့ ရှိတ်စပီးယားရဲ့ သမီး ဆူဇန်း

www.burmeseclassic.com

www.burmeseclassic.com



နားနဲ့ သူ့ခင်ပွန်းဒေါက်တာ ဂျွန်ဟောတို့နေထိုင်ခဲ့တဲ့ အိမ်လေးထဲကိုလည်း ဝင်ရောက်ကြည့်ခဲ့သေးတယ်။

အိမ်ထဲကိုဝင်ရောက်ကြည့်ရှုဖို့ လက်မှတ်ဝယ်ဖို့လိုတယ်လေ။ ဘာမှ အထူးလည်း ရှိလောက်မယ်မထင်တာနဲ့ မဝင်တော့ဘူးဆိုပြီး တံခါး ဝကနေ ပြန်ထွက်မယ်အလုပ်မှာ တာဝန်ရှိသူအမျိုးသမီးက လက်မှတ်မဝယ်ဘဲ သူ့ရဲ့ အထူးဧည့်သည်အဖြစ် အခမဲ့ဝင် ရောက်ကြည့်ရှုနိုင်ကြောင်း လိုလိုလားလား ပြောလာလို့ ဝင်ကြည့်ဖြစ်တယ်။ အိမ်လေးအတွင်းမှာတော့ ၁၆ နဲ့ ၁၇ ရာစု ပန်းချီလက်ရာ အချို့နဲ့ စားပွဲကုလားထိုင်တွေကို ပြသထားတယ်။ ဒေါက်တာ ဂျွန်ဟောရဲ့ စမ်းသပ်မှု အချို့ကိုလည်း ပြသထားတယ်။

အိမ်လေးရဲ့နောက်မှာရှိတဲ့ ဂါးဒင်းဝေါလ်လို့ခေါ်တဲ့ ဥယျာဉ်စည်းရိုးနံရံလေးက စိတ်ဝင်စားစရာပါ။ သစ်ပင်တွေနဲ့ နှစ်ထပ်နံရံလုပ်ထားတဲ့ အတွင်းကနေ အိမ်နောက်ဥယျာဉ်လေးထဲမှာ ပုံစံအမျိုးမျိုးဖော်ထားတဲ့ ပန်းမျိုးစုံအလှကို ကျကျနန တစ်ဝကြီး ကြည့်ရှုနိုင်တယ်။ ရောင်စုံပွင့်ဖူးနေတဲ့ ပန်းခင်းလေးတစ်ခု တစ်ခုရဲ့ အလယ်မှာ ရေးဟောင်း ရေပန်းလေး နောက်ခံပြုကာ ကဗျာဆန်ဆန်လေး ဓာတ်ပုံရိုက်ချင်တယ်ဆိုလျှင်ဖြင့် ဒီနေရာလေးဟာ အသင့်လျော်ဆုံးဖြစ်မှာပါ။ ဒါပေမယ့် သင့်အနေနဲ့ ကိုယ့်ဓာတ်ပုံ ကိုယ်ပြန်ကြည့်တိုင်း ငါ တကယ့်ပန်းခင်းကို နောက်ခံပြုလို့ ရိုက်ခဲ့တာမှ



ဟုတ်ပါလေစ၊ ပန်းချီကား တစ်ကားကိုများ နောက်ခံထားလို့ ရိုက်ဖြစ်ခဲ့တာလားလို့ သံသယဖြစ်ကောင်းဖြစ်နိုင်မယ်။ တစ်ခါခါမှာ လှပလွန်းတဲ့ သဘာဝတရားဟာ ပန်းချီကားနဲ့ အထင်မှားတတ်တာကြောင့်ပါ။ လှပလွန်းတဲ့ ပန်းခင်းလေး အလှပျက်သွားမှာစိုးလို့ ဒီနေရာမှာ ကိုယ့်ပုံပါတဲ့ ဓာတ်ပုံကိုတောင် ထည့်သွင်း မမျှဝေချင်လောက်အောင် ဖြစ်မိတယ်ဆိုလျှင် ကိုယ်လွန်ရန်ကောလို့ သင်မဆိုလောက်ပါဘူးလို့ ယုံကြည်မိပါရဲ့။

ဟင်လီ (Henley Street)လမ်းပေါ်အဖြတ်မှာတော့ ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်ကြီးကို တည်ထောင်ခဲ့တဲ့ မစ္စတာဟားဗတ်ရဲ့အိမ်ကိုလည်း အိမ်ရှေ့မှာ အမေရိကန်အလံဟောင်းတစ်ခုကို လွှင့်ထူလို့တွေ့ခဲ့ရတယ်။ ဒီအိမ်ကိုတော့ ဟားဗတ်တက္ကသိုလ်က ပိုင်ပါသတဲ့။ ဟောင်းနွမ်းမှုတွေနဲ့ လွှမ်းခြုံထားတဲ့ ဒီမြို့လေးမှာ သန့်ရှင်းသပ်ရပ်မှုတွေနဲ့ ပေါင်းစပ်ထားပုံက စိတ်ချမ်းမြေ့မှုကို အပြည့်အဝပေးနိုင်လိုက်တာများ။ လှပတဲ့ ညနေခင်းဆိုတာ အခြားမှာရှာလို့ရနိုင်မယ်လို့ပင် မထင်မိတော့။

ကိုယ်သွားခဲ့ဖူးတဲ့ မြို့တွေထဲမှာ ပန်းချီကားတစ်ခုထဲက ပန်းမြို့တော်လေးတွေနဲ့ အလားတူတဲ့ မြို့နှစ်မြို့ရှိတယ်။ တစ်မြို့က ကနေဒါနိုင်ငံ အနောက်ခြမ်း ဗန်ကူးဗားအနီးက ဗစ်တိုးရီးယားဆိုတဲ့ မြို့လေး။ နောက်တစ်မြို့ကတော့ ခုကိုယ့်မျက်စိရှေ့ရောက်နေတဲ့ စတာရက်ဖို့အပ်ပန် အေဗွန်မြို့လေး

www.burmeseclassic.com

ပေါ့။ ဒီမြို့လေးတွေမှာ အမှတ်ထားမိနိုင်လောက်အောင် ဖြစ်နေတဲ့ ရှေးဟောင်းမြို့ပြအငွေ့လေးတွေနဲ့ ရောင်စုံပန်းလေးတွေ တွဲလဲခိုနေတဲ့ လျှပ်စစ်ဓာတ်မီးတိုင်လေးတွေက ကိုယ့်မျက်စိကို အတော်ဖမ်းစားနိုင်တာ။

ရှိတ်စပီးယားကိုမွေးဖွားခဲ့တဲ့ အိမ်ရှိရာလမ်းထဲ ကိုယ်ရောက်တော့ ညနေစောင်းစပြုပြီ။ ရှိတ်စပီးယား ညနေချမ်းနဲ့ တစ်နေ့တာ၊ တစ်နှစ်တာ၊ တစ်ဘဝတာ အပန်းဖြေဖို့ လမ်းလေးထဲကို လူတွေရောက်လာစပြုပြီ။ ပန်းရောင်စုံတဲ့လမ်းလေးမှာ အသားအရောင်၊ အဆင်းအရောင်စုံတဲ့ လူသားတွေနဲ့ မကြာမီမှာ ပြည့်တော့မယ်။ ဒီလမ်းလေးထဲရောက်နေတဲ့ သူအများစုဟာလည်း တစ်နည်းနည်းနဲ့ ရှိတ်စပီးယားအကြောင်း သိထားကြသူတွေ အများစုဖြစ်လိမ့်မယ်လို့ ကိုယ်ကတော့ ထင်မိတယ်။

ဒီလမ်းလေးက စတာရက်ဖို့ အပ်ပန် အေဗွန်ရဲ့ အသည်း။ ကိုယ့်ကိုတစ်ယောက်ယောက်ကများ နောက်တစ်ခေါက် ပြန်လျှောက်ချင်တဲ့လမ်းကလေးတစ်လမ်းကို ပြောပြပါလို့ ဆိုလာရင် ခုချိန်မှာတော့ Henley Street ဆိုတဲ့ ဒီလမ်းလေးပဲဖြစ်မှာပါ။ ဒီလမ်းလေးကလွဲလို့ ကိုယ့်မှာပြောပြစရာ အခြားလမ်းလည်း မရှိသေးပါဘူး။ ကိုယ်တင်လားဆိုတော့ ဘယ်ဟုတ်လိမ့်မလဲ။ ကြည့်ပါလား။ ဒီလမ်းလေးကို "a Mecca for all lovers of literature." လို့ တင်စားခေါ်ကြတယ်



လေ။ စာပေမြတ်နိုးသူတွေရဲ့ အထွတ်အမြတ်ထားရာ နယ်မြေပေါ့။ ဒါပေမယ့် ကိုယ်တော့ထင်တယ်။ ဒီလမ်းလေးထဲကို လာဖို့ဆိုလျှင် ခုလိုနွေတစ်နေ့ရဲ့ ညနေစောင်းတဲ့ အချိန်လေးတော့ဖြစ်ဖို့လိုလိမ့်မယ်လို့။

ကိုယ်နောက်တစ်ခေါက် ရှိတ်စပီးယားမြို့ကို ရောက်ဖြစ်ဦးမယ်ဆိုလျှင်တော့ ဒီမြို့လေးမှာ တစ်ညတာအိပ်ဖြစ်ဖို့ စီစဉ်ဦးမှာ။ နောက်ပြီးလည်း ဒီလမ်းလေးထဲမှာရှိတဲ့ ဆိုင်လေးတစ်ဆိုင်မှာထိုင်ပြီး ရှိတ်စပီးယားပြဇာတ်တစ်ပုဒ်ပုဒ်ကိုလည်း ဖတ်ဖြစ်နေဦးမှာ။ ကမ္ဘာကျော် စာရေးဆရာကြီး မွေးဖွားရာဖြစ်တဲ့ ဒီဟင်လီလမ်းပေါ်ရှိ ကော်ဖီဆိုင်လေးတွေက လေဟာပြင်ထိုင်ခုံလေးပေါ်မှာ တစ်ညနေခင်းလောက်ထိုင်ကာ ရိုမီယိုနဲ့ ဂျူလီယက်ကိုသာ ဖတ်ဖြစ်ခဲ့လျှင် ရှိတ်စပီးယားဝိညာဉ် ဝင်မလာနိုင်ဖူးလို့ ဘယ်သူပြောနိုင်မှာလဲ။ ကိုယ်ဖတ်ချင်တဲ့ ပြဇာတ်တွေထဲမှာ ရိုမီယိုနဲ့ဂျူလီယက်က နံပါတ် တစ်ဖြစ်နေတာအတွက်တော့ စာပေသမားတစ်ယောက်ဖြစ်တဲ့ ကိုယ့်အတွက် သင့်မြတ်လျော်ကန်တဲ့ အတွေးလည်းပဲဖြစ်မှာပါ။

ဒီစာကိုဖတ်ပြီး ကိုယ့်ကို စိတ်ကူးယဉ်တတ်သူတစ်ဦးလို့ သင်က ဆိုချင်ကောင်း ဆိုချင်မလားဘဲပေါ့။ အင်း... သင်ခုလို ဒီစာကို ဖတ်ခွင့်ရနေခြင်းဟာ ကိုယ်စိတ်ကူးယဉ်တတ်တာကြောင့်လို့ ပြောရင်ဖြင့် သင့်စကား ရပ်နားသွားမှာပါ။ ကိုယ်က ချစ်သူတွေနဲ့ ကွဲကွာရ၊ ခွဲခွာရခြင်းတွေ၊ မုန်းသူ

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ကြုံတွေ့ရ၊ ဆုံတွေ့ရခြင်းဒုက္ခတွေကို ကိုယ်ကိုယ်တိုင်လည်း မလိုလားသလို၊ ဘယ်သူ့ကိုမှလည်းပဲ မတွေ့မကြုံမဆုံစေချင်ဘူးလေ။ ပီယေဟိ ဝိပ္ပယောဂေါ–ဟာ ဒုက္ခဆိုတဲ့ ဆင်းရဲခြင်း နောက်ဆက်တွဲကို ဖြစ်စေတတ်တယ် မဟုတ်လား။

ရှိတ်စပီးယားရဲ့လက်ရာတွေက သူ့နောင်းခေတ် အနုပညာလောကသားတွေအပေါ်မှာ အများကြီး လွှမ်းမိုးနေခဲ့တယ်လို့ ပညာရှင်အများက ပြောကြတယ်။ အထူးသဖြင့် ဇာတ်ဆောင်တွေရဲ့ အပြန်အလှန်ပြောတဲ့စကားတွေ၊ သူတို့ရဲ့ အမူအကျင့်တွေ၊ ဆန်းပြားတဲ့ ဇာတ်လမ်းဇာတ်ကွက်တွေနဲ့ စကားလုံးအသုံးပြုပုံတွေဟာ နောင်းခေတ်အနုပညာရှင်တွေရဲ့ စံနမူနာယူဖွယ်တွေ ဖြစ်ခဲ့ပါတယ်။ ရှိတ်စပီးယားရဲ့ စာတွေဟာ ဇာတ်လမ်းမှာပါဝင်တဲ့ ဇာတ်ဆောင်တွေရဲ့ အတွင်းအရှုပ်ထွေးကို ဖောက်ထွင်းပြီး မြင်နိုင်လောက်အောင် စွမ်းဆောင်နိုင်တယ်လို့လည်း ပြောတတ်ကြပါတယ်။

၁၆ ရာစုခေတ်က တည်ဆောက်ခဲ့တဲ့ ရှိတ်စပီးယား မွေးဖွားရာအိမ်လေးဟာ ဗိသုကာပညာအရ မဆန်းပြားသလို နေထိုင်စရာ အနေအရလည်း မခန်းနားပါဘူး။ မခန်းနား မထည်ဝါပေမယ့် ရှိတ်စပီးယားနဲ့နွှယ်နေတဲ့ ဒီနေရာလေးကို ကြည့်ရှုဖို့ ကမ္ဘာအရပ်ရပ်က ခရီးသွားတွေ တစ်နှစ်ကို သုံးသန်းခွဲလောက် ဒီမြို့လေးကို လာလေ့ရှိပါတယ်တဲ့။ နောင်



နှစ်များမှာ သူတို့ရေတွက်မယ့် ဒီသုံးသန်းခွဲဆိုတာထဲ ကိုယ်လည်း တစ်ဦးအပါအဝင်ဖြစ်သွားဦးမှာအတွက် ကိုယ်ကတော့ ကြိုတင်ကာ ဂုဏ်ယူနေမိတယ်။

နေရောင်ခြည်လေး မှုန်ပျပျ။ မကြာမီအချိန်လေးမှာပဲ ကောင်းကင်ဝမှာ ယီးလေးခိုနေကြ ကြယ်တာရာလေးတွေရဲ့ အလင်းစက အေဗွန်မြစ်လေးထဲ ရေသောက်ဆင်းရင်း လှေကလေးတွေပေါ် ခဏနားခိုကာ အေဗွန်ရဲ့ သံစဉ်တေးအလိုက် ခုန်ပေါက်လို့ ကကြတော့မယ်လေ။ ဒီအချိန်မှာပဲ စတာရက်ဖို့ အပ်ပန်အေဗွန်မြို့လေး၊ ရှိတ်စပီးယားမြို့လေးကနေ ကိုယ်တို့ထွက်ခဲ့ကြတယ်။ ကိုယ့်စိတ်တွေကတော့ ရှိတ်စပီးယားမွေးဖွားရာ ဟင်လီလမ်းလေးပေါ်မှာတစ်လှည့်၊ အေဗွန်မြစ်လေးထဲက လှေလေးတစ်စင်းပေါ်မှာ တစ်ခါ၊ လမ်းလျှောက်ကာ၊ လဲလျောင်းကာ၊ ကူးချည်သန်းကာ ကျန်နေရစ်ဆဲ။

မေတ္တာဖြင့်

အရှင်ဉာဏိက

ဦးဉာဏိကပြောသလိုပါပဲ။ ဒီကမ္ဘာကျော် ရှိတ်စပီးယား မွေးဖွားရာမြို့လေးက စိတ်ဝင်စားစရာအပြည့်ပါ။ ခုလို ကမ္ဘာကျော်နေရာများကို လိုက်ပို့ပေးတဲ့ ဦးတောသနနဲ့ ယဉ်အလှူဒကာတော် ကိုရန်ရှင်းဦးတို့ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကျောင်းကို ၆ နာရီမှ ပြန်ရောက်ပါတယ်။ ဆွေ့ဘွာ

www.burmeseclassic.com



နား‌ကာ ရေချိုးခေါင်းရိတ်ပြီး ဦးကုသလနဲ့ သာသနာရေး၊ ဘာသာရေးဆွေးနွေးပြောဆိုပြီး ည ၁၀ နာရီ ၃၀ မှာ အနားယူခဲ့ပါတယ်။

❖ ❖ ❖



## ကာရံမညီခဲ့တဲ့ ကမ်းခြေ

ဇွန်လ ၂၆ ရက်၊ ၂၀၀၉

ပြဖွယ်များပြုလုပ်၊ ဘုရားဝတ်တက်၊ မေတ္တာပို့ အမျှဝေ။ ၆ နာရီအရုဏ်ဆွမ်းဘုဉ်းပေး။

အရုဏ်ဆွမ်းအလှူရှင်များက မောင်ဆေလင်း မယုယမေ တို့ပေါ့။ နန်းကြီးသုတ်ဆွမ်း၊ အချိုပွဲအစုံအလင်။ မေတ္တာပွား များ ဘုဉ်းပေးခဲ့။

၈ နာရီမှာ ဘုန်းကြီး ဦးကုသလ၊ ဦးတောသနနဲ့ ဦးဉာဏိက တို့ကို မောင်ကောင်းညွှန့်စိုးက တစ်နေ့တာ ယာဉ် အလှူအဖြစ် လန်ဒန်ကနေ အတန်ဝေးတဲ့ ပို့စမောက်ဆိုတဲ့ ဆိပ်ကမ်းမြို့လေးကို လိုက်ပို့ပါတယ်။ သာယာလှပတဲ့ မြို့ လေး တစ်မြို့ပါ။ ရေပတ်လည်ဝိုင်းနေတဲ့ မြို့လေး။ ဒီမြို့လေး မှာ တစ်ချိန်က ပင်လယ်ထဲကနေတက်လာမယ့် ရန်သူတွေ ရန်ကနေ ကာကွယ်ဖို့တည်ဆောက်ထားတဲ့ ခံတပ်မြို့ရိုးကို လည်း တွေ့ရပါတယ်။ ပင်လယ်ကမ်းခြေဖြစ်တဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



သဘော်ကြီးငယ်အစုံ ဆိုက်ကပ်ရပ်နားထားတာကိုလည်း တွေ့ရပါတယ်။ အင်မတန်လှပတဲ့ မြို့တစ်မြို့ပါပဲ။

စပင်စကာလို့ခေါ်တဲ့ ကမ်းခြေတာဝါကြီးကိုလည်း တခြားမြို့တွေမှာ မတွေ့နိုင်တဲ့ပုံစံနဲ့ တည်ဆောက်ထားပါတယ်။ ဒီအပေါ်ကနေကြည့်လျှင် တစ်မြို့လုံးကိုပါမက တော်တော်လှန်းလှန်းအထိပင် လှမ်းလို့မြင်နိုင်တာမို့ အပေါ်ကနေကြည့်ရတဲ့မြင်ကွင်းက ရင်သပ်ရှုမောဖွယ်ရာပါ။ ကမ်းခြေတစ်လျှောက် ဖောက်လုပ်ထားတဲ့လမ်းပေါ်မှာ လမ်းလျှောက်ရင်း လေကောင်းလေသန့်ကို ရှူ၊ ဝင်ထွက်သွားလာနေတဲ့ ပင်လယ်ကူး သဘော်ကြီးတွေကိုလည်း ကြည့်ရှုနိုင်တာက ဒီမြို့ရဲ့ ထူးခြားတဲ့အချက်တစ်ခုလည်းဖြစ်မှာပါ။

မျှော်စင်တာဝါကြီးအနီးက ပစ္စည်းအသစ်တွေကို လျှော့ဈေးနဲ့ရောင်းတဲ့ အောက်လက်ဆိုတဲ့ ဈေးဆိုင်ကြီးထဲကို ဝင်ရောက်လေ့လာရင်း သင့်လျော်တဲ့ ပစ္စည်းအချို့ကိုလည်း ဝယ်ယူကြပါတယ်။ မြင်မြင်သမျှ ပစ္စည်းတွေကဖြင့် လိုချင်စရာတွေချည်းပါပဲ။ နေ့ဆွမ်းအတွက်ကို လန်ဒန်ဝိဟာရကနေ အလှူရှင်များက လွယ်လွယ်ကူကူ ဘုဉ်းပေးနိုင်ရန် တစ်ခါသုံး ဆွမ်းဘူးများနဲ့ ထည့်ပေးလိုက်ပါတယ်။ ဒကာတွေ ထည့်ပေးလိုက်တဲ့ ဒန်ပေါက်၊ ခေါက်ဆွဲဆွမ်းနဲ့ သစ်သီးမျိုးစုံတို့ကို ကားပေါ်မှာပဲ ဘုဉ်းပေးလိုက်ကြပါတယ်။ တကယ်တော့ အလွန်သာယာလှပတဲ့ကမ်းခြေမှာ လေညင်းခံရင်း ဆွမ်းဘုဉ်းပေးကြမယ်လို့ စိတ်ကူးထားခဲ့ကြတာပါ။ ဒါပေမယ့် လန်ဒန်က စ, ထွက်လာပြီး မကြာမီအချိန်ကတည်းက သည်းနေခဲ့တဲ့မိုးက ပို့စမောက်ရောက်လို့ ဆွမ်းစားချိန်အထိကိုပဲ မစဲနိုင်သေးတော့ ခုလို ရှော့ပင်းမောအောက်က ကားပေါ်မှာပဲ မောင်ကောင်းညွှန့်စိုး ပြင်ဆင်ဆက်ကပ်တာကို ဘုဉ်းပေးလိုက်ရတာပါ။ ဘုန်းကြီးတို့ ဆွမ်းဘုဉ်းပေးပြီးကာမှပဲ မိုးကလင်းသွားပါတယ်။ ကမ်းခြေတစ်လျှောက် လေ့လာသင့်တဲ့နေရာများကို လေ့လာ၊ အချို့နေရာများမှာ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံတွေ ရိုက်ကြပါတယ်။ ကျောင်းကိုတော့ ည ၈ နာရီ ၄၅ မိနစ်မှာမှ ပြန်ရောက်ပါတော့တယ်။



ပြန်ရောက်တာနဲ့ အိပ်ရာပေါ် ခေတ္တအနားယူလိုက်တာ တစ်ခါတည်းအိပ်ပျော်သွားပြီး ည ၁၁ နာရီမှ ပြန်နိုးပါတယ်။ အိပ်ရာထပြီး ရေးမှတ်ရမယ့် တစ်နေ့တာအကြောင်းအရာများကို ရေးမှတ်ပြီး တစ်ခါပြန်အနားယူပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆုံးအနမ်း ဘက်ကင်ဟန်နန်း

ဇွန်လ ၂၇ ရက်၊ ၂၀၀၉

ပြုဖွယ်ကိစ္စများ ပုံမှန်အတိုင်းပြုလုပ်။

အရုဏ်ဆွမ်းက အီတာလျံခေါက်ဆွဲပါ။ အချိုပွဲများလည်း စုံစုံလင်လင်။ အလှူရှင်များက ဦးရန်ရှောင်လှ ဒေါ်နန်းလှတို့ ဖြစ်ပါတယ်။ မေတ္တာပွားများက ဘုဉ်းပေးခဲ့ပါတယ်။ ဆွမ်းဘုဉ်းပေးအပြီး အလှူရှင်များကို ဆွမ်းအနုမောဒနာ တရားချီးမြှင့် ရေစက်ချပေးပါတယ်။

၁၀ နာရီမှာတော့ ရန်ကုန်နိုင်ငံတော် ပရိယတ္တိ တက္ကသိုလ်မှ ပါမောက္ခချုပ် တာဝန်ဆောင်ရွက်ခဲ့တဲ့ ဆရာတော် ဦးပဏ္ဍိတာဘိဝံသနဲ့ သံဃာတော်နှစ်ပါးကိုလည်း နေ့ဆွမ်း အလှူရှင်များက ပင့်ဖိတ်ထားတဲ့အတွက် ကြွရောက်လာတာကြောင့် ဖူးတွေ့ခွင့် နှုတ်ဆက်ခွင့်ရပါတယ်။ နေ့ဆွမ်းဝိုင်းမှာတော့ သံဃာတော်ရှစ်ပါးဆိုတော့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါတယ်။ နေ့ဆွမ်းကို ဦးစောမြအောင်အား ရည်စူး၍ သား



သမီးမြေးများက ဆက်ကပ်လှူဒါန်း လှူဒါန်းကြတာဖြစ်ပါတယ်။

ဆွမ်းဘုဉ်းအပြီးမှာ မောင်နန္ဒ မအေးဥမ္မာတို့က တစ်နေ့တာ မော်တော်ယာဉ်အလှူအဖြစ် ဘုန်းကြီးနဲ့ ဦးဉာဏိကတို့ကို ဘက်ကင်ဟန်နန်းတော်နဲ့ နန်းတော်အနီးမှာရှိတဲ့ ပန်းခြံတို့ကို လိုက်ပို့ပေးပါတယ်။ ဘက်ကင်ဟန် နန်းတော်မှာရှိတဲ့ လက်ဆောင်ပစ္စည်း အရောင်းပြခန်းကို ဝင်ရောက်ကြည့်ရှုပါတယ်။ အရောင်းပြခန်းနဲ့အတူ နန်းတော်တွင်းရှိ ပစ္စည်းမျိုးစုံကို အင်တာနက်ကနေ ကြည့်လို့ရနိုင်တဲ့ နေရာတစ်ခုကိုလည်း စီစဉ်ထားပါတယ်။ အဲဒီကနေ အမြည်းသဘောကြည့်ပြီးမှ စိတ်ဝင်စားလျှင် နန်းတော်ထဲကို ဝင်ကြည့်ပါလို့လည်း ပြောပြပါတယ်။ ဘုန်းကြီးတို့ကတော့ ကွန်ပျူတာကနေပဲ အနည်းအကျဉ်းကြည့်ပြီး နန်းတော်ရှေ့မှာပဲ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ပါတယ်။

ခုချိန်က နွေရာသီဆိုတော့ အင်္ဂလန်မှာ ပန်းရောင်စုံဖူးပွင့်ချိန်လေ။ နန်းတော်ရှေ့ ပန်းခြံငယ်နဲ့ လမ်းအကျော်က ဥယျာဉ်ကျယ်ထဲမှာတော့ ပန်းပေါင်းစုံတို့က ရောင်စုံဖူးပွင့်လို့။ ရာသီကလည်း သာယာချိန်ဖြစ်တာကြောင့် နန်းတော် တစ်ဝိုက်၊ ဥယျာဉ်အတွင်းနေရာစုံမှာ လူတွေက အပုံပုံ အထပ်ထပ်၊ ခြေချင်းထပ်လို့လို့ ပြောရမလိုပါပဲ။ အဲဒီက အပြန်မှာတော့ လမ်းပေါ်မှာ မိုးအကြီးအကျယ်ရွာချတာနဲ့ ကြုံရပါတယ်။ မိုး

www.burmeseclassic.com

www.burmeseclassic.com



သည်းရုံမက မိုးသီးများလည်းပါလာလို့ ငယ်စဉ်က မိုးရွာထဲမှာ မိုးသီးထွက်ကောက်ခဲ့ရတာကို သတိရမိပါတယ်။ လမ်းပေါ်မှာ ကားကျပ်နေတာကြောင့် အချိန်သုံးလေးဆလောက်ပိုကြာသွားတယ်လို့ ပြောပါတယ်။ မြို့ကြီးတွေမှာ တွေ့ရတတ်တဲ့ နေ့စဉ်လူမှုဘဝ ဒုက္ခတွေထဲက တစ်ခုပေါ့လေ။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရဲ့ အခြားရောက်သင့်ရောက်ထိုက်တဲ့နေရာ တော်တော်စုံစုံလင်လင်ကို ဦးတောသနစီစဉ်ပေးမှုနဲ့ ရောက်ဖြစ်ပါတယ်။ လေ့လာသင့်တဲ့နေရာအားလုံးကို စေ့စေ့စုံစုံ လေ့လာရမယ်ဆိုလျှင်တော့လည်း နှစ်ချီပြီးလေ့လာလျှင်တောင် စုံနိုင်ဦးမယ်မထင်ပါဘူး။ သို့ပေမယ့် ခုလိုရက်တိုတိုလေးအတွင်းမှာပဲ ခုလောက်စုံလင်အောင် သွားရောက်လေ့လာခွင့်ရနိုင်တာကပင်လျှင် အင်္ဂလန် နေ့စဉ်ခရီးကို စီစဉ်ရေးဆွဲပေးသလို ကိုယ်တိုင်လည်း လိုက်ပါပို့ဆောင်ပေးတဲ့ ဦးတောသနရဲ့ ကျေးဇူးကြောင့်သာ ခုလို စုံစုံလင်လင်ရောက်နိုင်တာပါ။

အနောက်နိုင်ငံသူ နိုင်ငံသားတွေကတော့ နွေရဲ့အပူကို စောင့်စားပြီး ဝမ်းသာကြတယ်။ ဘုန်းကြီးတို့လို အာရှသားတွေကတော့ ရာသီဉတုရဲ့ အပူဒဏ်ကို အမြဲခံစားလာခဲ့ရတာဆိုတော့ အပူနဲ့တွေ့ရမှာကို ကြောက်နေပါတယ်။ ဒါကြောင့် ခုချိန်က နွေအခါဆိုတော့ ပူတာကတစ်ကြောင်း၊ နောက်ပြီး ဟိုဟိုဒီဒီသွားတဲ့အခါမှာလည်း ထရပ်ဖစ်ဂျမ်းဆို



တဲ့ ကားလမ်းပိတ်ဆို့မှုကြောင့် ကားလမ်းပေါ်မှာ အချိန်အကြာကြီး နေနေရတာစတဲ့ အကြောင်းများကြောင့် ခရီးသွားရတာပင်ပန်းသလို ခံစားမိပါတယ်။ ဒီနိုင်ငံမှာ ဒီလောက်လေ့လာခွင့်ရလျှင်ဖြင့် ကျေနပ်ပါပြီလို့ နှလုံးသွင်းပြီး နောက်ရက်တွေမှာ တပည့်တော်အတွက် ဘယ်ကိုမှသွားဖို့ အထူးမစီစဉ်ပါတော့နဲ့။ မပြန်ခင်မှာ ကျောင်းမှာပဲ အေးအေးဆေးဆေး အနားယူတော့မယ်လို့ ဆရာတော် ဦးကုသလနဲ့ ဦးတောသနတို့ကို ပြောလိုက်ပါတယ်။

ည ၁၁ နာရီမှာ အနားယူခဲ့ပါတယ်။

## ဇွန်လ ၂၈ ရက်၊ ၂၀၀၉

ပြုမြဲကိစ္စများကို ဝတ္တရားမပျက် ပြုလုပ်ခဲ့ပါတယ်။ ၆ နာရီမှာ အရုဏ်ဆွမ်းကို အလှူရှင် အမေ့အိမ် မြန်မာထမင်းဆိုင်မှ လှူဒါန်းသော ရခိုင်မုန့်တီ အချိုပွဲတို့ကို မေတ္တာပွားကာ ဘုဉ်းပေးပါတယ်။

နေ့လယ်ပိုင်းမှာတော့ စာကြည့်တိုက်က ကောင်းနိုးရာရာ စာအုပ်တွေယူကြည့်ကာ အေးအေးသက်သာ နေနေလိုက်တယ်။ နေ့ဆွမ်းအလှူရှင်များကတော့ အရှင်ကိတ္တိသာရ (ခ) မောင်အောင်ဇေရဲထွန်း မိသားစုတို့က ဖြစ်ပါတယ်။ စာအုပ်များ ကြည့်၊ ဆရာတော် ဦးကုသလနဲ့ ဘာသာရေး သာသနာရေးများ ဆွေးနွေးပြောဆိုဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းမှာတော့ မြန်မာပြည်ကို ပြန်ကြတော့မှာဖြစ်တာကြောင့် ကြိုကြိုတင်တင် သိမ်းဆည်းစရာရှိတာများကို သိမ်းဆည်းပါတယ်။ မချိုကတစ်ဆင့် ၃၀ ရက်နေ့မှာ မြန်မာပြည်ကို ပြန်ရောက်မည်ဖြစ်ကြောင်းလဲ အကြောင်းကြားစေခဲ့ပါတယ်။

ည ၁၁ နာရီမှာ အနားယူခဲ့ပါတယ်။

❖ ❖ ❖



## ခမ်းနားပါပေ ဝင်ဘလေ

**ဇွန်လ ၂၉ ရက်၊ ၂၀၀၉**

နံနက် ၅ နာရီ အိပ်ရာထ။ ပြုဖွယ်ကိစ္စများ ပြုလုပ်။ ဘုရားဝတ်တက်၊ တရားရှုမှတ်၊ မေတ္တာပို့၊ အမျှဝေ။

နံနက် ၆ နာရီမှာ အလှူရှင် မစပယ်အောင် ဆက်ကပ်လှူဒါန်းတဲ့ အရဏ်ဆွမ်း အချိုပွဲတို့ကို မေတ္တာပွားပြီး ဘုဉ်းပေးကြပါတယ်။

အရဏ်ဆွမ်းဘုဉ်းပေးအပြီးမှာ လန်ဒန်ဝိဟာရ ဆရာတော် ဦးကုသလ၊ ဘုန်းကြီးနဲ့ ဦးဉာဏိကတို့သုံးပါး လန်ဒန်ဝိဟာရကနေ မိနစ် ၃၀ လောက် လမ်းလျှောက်ရတဲ့ ဝင်ဘလေ အားကစားကွင်းကြီးဆီ လမ်းလျှောက်ပြီးသွားဖို့ စီစဉ်ကြပါတယ်။ သို့ပေမယ့် မနေ့ကမှ လူဝတ်လဲသွားတဲ့ လူပျိုတော် ဒုလ္လဘလူထွက် မောင်အောင်ဖေရဲထွန်းက ကားနဲ့လိုက်ပို့တာနဲ့ ကားနဲ့သွားကြပါတယ်။ ဒီအားကစားကွင်းကြီးရဲ့ နာမည်ကိုတော့ ကြားဖူးနေတာ ကြာပါပြီ။ ကမ္ဘာမှာထင်ရှားတဲ့ အားကစားပွဲတွေကို ဒီအားကစားကွင်းကြီးမှာ ကျင်းပလေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိတတ်တာမို့ သတင်းစာတွေ ရေဒီယိုတွေကတစ်ဆင့် ကြားဖူးနေခဲ့တာပါ။

လန်ဒန်ကိုရောက်ကတည်းက ရထားနဲ့ ဘယ်ကိုသွားသွား ဒီအားကစားကွင်းကြီးအနီးမှာရှိတဲ့ ဝင်ဘလေရထားဘူတာရုံကပဲ သွားရတာမို့ အနားကိုတော့ ရောက်နေကျ။ ဒါပေမယ့် အားကစားကွင်းကြီးဆီကိုတော့ တကူးတကသွားမလေ့လာဖြစ်ပါဘူး။ ဒီနေ့တော့ နေသာနေတာရယ်၊ ပြန်ခါနီးလည်းဖြစ်တာရယ်ကြောင့် အားကစားကွင်းကြီးဆီရောက်ဖြစ်ပါတယ်။ ဘုန်းကြီးတို့သုံးပါးလည်း အားကစားကွင်းကြီးအနီး ဝင်လို့သွားလို့ရသမျှ နေရာအထိ လမ်းလျှောက်ကာ လှည့်လည်ကြည့်ရှုကြပါတယ်။ ဓာတ်ပုံမှတ်တမ်းများလည်း ရိုက်ကြပါတယ်။

အခြားအားကစားကွင်းတွေကိုတော့ ဘယ်မှမရောက်ခဲ့ဘူးလို့ မသိပါဘူး။ ဒီဝင်ဘလေ အားကစားကွင်းကြီးကတော့ အင်မတန်ခမ်းနားကြီးကျယ်ပါတယ်။ အတွင်းထဲအထိ ဝင်မရတဲ့အတွက် အတွင်းမှာ ဘယ်လောက်ခန်းနားတယ်ဆိုတာကိုတော့ မသိရပါ။ အပြင်ဘက်က မြင်ကွင်းကိုပြောရလျှင်ဖြင့် ကွင်းကြီးက အဝိုင်းပုံသဏ္ဌာန်၊ အပေါ်မှာက ဘီးကုံးလို သံကိုင်းတွေကိုလည်း ကွေးကွေးကြီး တင်ထားလို့။ ကားတွေကိုလည်း အပေါ်ထိမောင်းတက်နိုင်အောင် လမ်းဖောက်လုပ်ထားတယ်။ ကွင်းရှေ့မှာလည်း အင်္ဂလန်ရဲ့သမိုင်းဝင် ဘောလုံးသမားကြီးတစ်ဦးရဲ့ ရုပ်တုကြီးကို ထုလုပ်ထား



တယ်။ ရုပ်တုဘေးမှာ အင်္ဂလန်အလံကိုလည်း လွှင့်ထူလို့။ ဝင်ဘလေကွင်းကြီးကနေ ဝင်ဘလေဘူတာရုံအထိ လူသွားလမ်းမကြီးကလည်း ဖြောင့်လို့။ လမ်းဘေးဝဲယာမှာတော့ အလံတွေက တလွှင့်လွှင့် တလူလူ။ အင်္ဂလိပ်တွေက ဘောလုံး ခရေဇီ(Crazy)ဖြစ်တဲ့သူတွေ၊ သူတို့ခရေဇီက ဘုန်းကြီးတို့နိုင်ငံအထိပင် ကူးစက်ပျံ့နှံ့လို့လာတာကို မကြာ မကြာ ကြားမိနေရပါတယ်။ ဘောလုံးပွဲတွေရှိတဲ့အခါမှာဆိုလျှင် ဒီအနီးအနား ပတ်ဝန်းကျင်က စားသောက်ဆိုင်တွေ၊ ယမကာဆိုင်တွေ၊ ဘူတာရုံတွေ၊ ကားဂိတ်တွေမှာ လူတွေကြိတ်ကြိတ်တိုးစည်ကားတယ်လို့ ဆရာတော်ဦးကုသလက ပြောပြပါတယ်။ ပရိသတ် သိန်းချီဆန့်တဲ့ အားကစားကွင်းကြီးထဲကို လာရောက်ကြည့်ရှုသူတွေ၊ သက်ဆိုင်ရာ အားကစားသမားတွေ၊ ဝန်ထမ်းတွေ၊ ဒီလူတွေကို စနစ်တကျဖြစ်အောင် စောင့်ရှောက်ကြသူ၊ ဒီလူတွေအတွက် အစားအသောက် အဖျော်ယမကာရောင်းချကြမယ့်သူတွေ၊ သွားရေးလာရေး ပို့ဆောင်ပေးမယ့်သူတွေနဲ့ဆိုတော့ လူတွေ ဘယ်မများပဲရှိနိုင်ပါ့မလဲလေ။

ကျောင်းပြန်ရောက်တော့ ခဏနားရင်း အမျိုးဘာသာသာသနာအရေး ဆွေးနွေးဝေဖန်ဖြစ်ကြပါတယ်။ ဦးတောသနကတော့ ဘုန်းကြီးရဲ့ ခြောက်နိုင်ငံခရီးစဉ် ဓာတ်ပုံမှတ်တမ်းများကို ဒီဗီဒီထဲထည့်ပြီး ဓာတ်ပုံအယ်လ်ဘန် ကောင်းကောင်းတစ်ခုဖြစ်အောင် မနားမနေ ကြိုးစားနေပါတယ်။ ဒီအတွက် ဦးတောသနကို ကျေးဇူးတင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နေ့ဆွမ်းကို ရေနံချောင်းဆရာတော် ဦးဓမ္မိက၏ တပည့်တစ်ဦးဖြစ်တဲ့ ဦးကိုကိုခိုင်မှ ဆက်ကပ်ပါတယ်။ ဘုန်းကြီးများ လန်ဒန်ဝိဟာရမှာ သီတင်းသုံးနေထိုင်ခိုက်မှာ အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းတို့အတွက် အများဆုံး ဝေယျာဝစ္စပြုကာ ဆောင်ရွက်ပေးတဲ့အတွက် ဦးကိုကိုခိုင်ကိုလည်း ကျေးဇူးတင်ပါတယ်။ ခုလို ကျေးဇူးတင်မှုနဲ့အတူ ဒီနေ့ နေ့ဆွမ်းကို ဆွမ်းဟင်းတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ဘုဉ်းပေးချင်သဖွယ် ဖြစ်အောင် ချက်ပြုတ်စီမံကာ ဆက်ကပ်လှူဒါန်းတာကိုလည်း မေတ္တာပွားကာ ဘုဉ်းပေးပါတယ်။

❖ ❖ ❖



## နိဂုံးစကား နှလုံးသားကစာ ကျေးဇူးတင်လွှာ

ဘုန်းကြီးများ ခရီးစဉ်တစ်လျှောက်မှာ အစစအရာရာ အဆင်ပြေချောမွေ့အောင် တည်းခိုနေထိုင်စရာ စီမံပေးကြတဲ့ ကျောင်းထိုင်ဆရာတော်များနဲ့ ကျောင်းနေသံဃာတော်များ။ ဆွမ်းကွမ်းဝေယျာဝစ္စ အစစအရာရာ လှူဒါန်းထောက်ပံ့ကြတဲ့ ဒကာ ဒကာမများအားလုံး၊ ခရီးစဉ်များမှာ လိုက်ပါပို့ဆောင်ပေးကြသူများအားလုံးကိုလည်း ဘုန်းကြီးအနေနဲ့ ကျေးဇူးတင်ပါကြောင်း ပြောပါတယ်။

ကျေးဇူးတင်ရမည့်သူတွေထဲမှာ နာမည်ထုတ်ဖော်ကာ ကျေးဇူးတင်စကားပြောရမည့်သူတစ်ဦးကတော့ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၊ ဖရီးမောင့်မြို့၊ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာမှာ သီတင်းသုံးနေထိုင်နေတဲ့ ဦးဉာဏိကာဘိဝံသ ဖြစ်ပါတယ်။ အရှင်ဉာဏိကာဘိဝံသ (ကာလီဖိုးနီးယားတက္ကသိုလ်)။ အရှင်ဉာဏိက၊ ဉာဏ်ဦးမောင်ဆိုတဲ့ အမည်တွေနဲ့ အတွေးအခေါ်နဲ့ ဘာသာရေးဆောင်းပါးတွေကိုလည်း ရေးနေတဲ့ ဆရာတော်လေးတစ်ပါးပါ။ အမေရိကန်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံက တက္ကသိုလ်တစ်ခုမှာ စိတ်ပညာကိုလည်း လေ့လာနေပါတယ်။ မက်ဒီတေးရှင်းနဲ့ စိတ်ပညာရဲ့ ဆက်နွယ်တဲ့အချက်ကို စိတ်ဝင်စားတာကြောင့် လေ့လာစူးစမ်းလိုလို့ စိတ်ပညာကို လေ့လာနေတာဆိုတာကြောင့် သူ့ရဲ့ အရှေ့အနောက်အဟောင်းအသစ် ကူးလူးယှက်နွယ် ဆက်သွယ်တင်ပြမှုများကိုလည်း မကြာမီဖတ်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ဘုန်းကြီး ၂၀၀၇ ခုနှစ် အမေရိကန်ပြည်ထောင်စုကို ပထမအခေါက်ကြွစဉ်က ဘုန်းကြီးရောက်ခဲ့တဲ့ ပြည်နယ်၊ မြို့နယ်တိုင်းမှာ ဆောင်ရွက်ခဲ့တဲ့ သာသနာပြုလုပ်ငန်းများနဲ့ လေ့လာခဲ့တဲ့ ဗဟုသုတဖြစ်ဖွယ်များကို ရေးမှတ်ခဲ့ပါတယ်။ အဲဒီစာမူကြမ်းကို ဘုန်းကြီးအတွက် မှတ်တိုင်တစ်ခုဖြစ်အောင် ဆရာတော်လေး ဦးဉာဏိကာဘိဝံသ လိုတာဖြည့်စွက် ပိုတာဖျက်ကာ ဖတ်ရှုလေ့လာသူတွေအတွက် အဆင်ပြေအောင် စာမူချောလေးဖြစ်အောင် ပြုပြင်ပေးခဲ့လို့ အမေရိကန်သာသနာပြု ခရီးသွားမှတ်တမ်းဆိုတဲ့ မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ပါတယ်။

ခု ၂၀၀၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့ကစပြီး အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၊ တက္ကဆပ်ပြည်နယ်၊ ဝါရှင်တန်ဒီစီ၊ မေရီလင်းပြည်နယ်၊ နယူးယောက်ပြည်နယ်၊ နယူးဂျာစီပြည်နယ်၊ မက်ဆာချူးဆက်ပြည်နယ် စတဲ့ ပြည်နယ်များနဲ့ အဲဒီပြည်နယ်များမှာနေထိုင်ကြတဲ့ ဗုဒ္ဓတရား မြတ်



နိုးလိုလားကြတဲ့သူတွေအတွက် ဆင်းရဲငြိမ်းကြောင်း မဂ္ဂင်ရည်တို့ကို သုံးလတိုင်တိုင် စွမ်းနိုင်သမျှ ထုတ်ဖော်ဟောပြောခဲ့တာတွေကို သိလို၍ မေးမြန်းလျှောက်ထားသမျှ ဖြေကြားပေးခဲ့တာတွေ၊ ရောက်ရာဒေသမှာ လေ့လာခဲ့တဲ့ ဒေသန္တရဗဟုသုတတွေကို ဘုန်းကြီးသိသလို ရေးမှတ်ခဲ့တာတွေနဲ့ ဇွန်လ ၁ ရက်မှစပြီး ဥရောပနိုင်ငံများဖြစ်တဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို ရောက်ခဲ့ပြီး သာသနာပြုဆောင်ရွက်ခဲ့မှုများနဲ့ လေ့လာခဲ့တာတွေကို ရေးမှတ်ခဲ့တဲ့ စာမူကြမ်းတွေကို ဘုန်းကြီးရဲ့ သက်တော် (၆၃) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သာသနာပြုမှတ်တိုင်အနေနဲ့ ထုတ်ဝေလိုတဲ့အတွက် ဦးဉာဏိကအား လိုတာဖြည့်စွက် ပိုတာပယ်နုတ်ကာ စကားစဉ်ချောမွေ့အောင်၊ ဖတ်ရှုလေ့လာသူတွေအနေနဲ့ နိုင်ငံခြားမှာ သာသနာပြုနေကြရတဲ့ သံဃာတော်များနဲ့ ပြည်ပရောက်နေကြတဲ့ မြန်မာနွယ်ဖွားများရဲ့ အမျိုးဘာသာ သာသနာအတွက် ကြိုးစားပြီး ထောက်ပံ့လှူဒါန်းနေမှုများ။ အားထုတ်လုပ်ကိုင်နေမှုများကို ပေါ်လွင်နားလည်လွယ်အောင် ပြင်ဆင်ဖြည့်စွက် ရေးသားပေးရန် လေးလတိုင်တိုင် ဘုန်းကြီးမှတ်သားခဲ့တဲ့ မှတ်စုစာမူကြမ်းကို ပေးအပ်ခဲ့ပါတယ်။

ဆရာတော် ဦးဉာဏိကာဘိဝံသကလည်း ဝမ်းမြောက် ဝမ်းသာ လက်ခံယူပြီး ပြီးစီးအောင် အမြန်ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ကာ မြန်မာနိုင်ငံသို့ ပို့ပေးမည်ဆိုတဲ့အကြောင်း တာဝန်ယူ လျှောက်ထားလိုက်ပါတယ်။ ဒုတိယအကြိမ် ပြည်ပသာသနာပြုမှတ်တိုင်တစ်ခု စိုက်ထူနိုင်တော့မှာဖြစ်တဲ့အတွက် ဆရာတော်လေး ဦးဉာဏိကာဘိဝံသအား ကြိုတင်ပြီး ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားရင်း ဘုန်းကြီးရဲ့ ခရီးသွားမှတ်တမ်းရှည်ကြီးကို နိဂုန်းချုပ်လိုက်ပါတယ်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနဲ့ မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဆရာတော် ဦးသောဘန
ရွှေမင်းဝံသာသနာ့ရိပ်သာ
အမှတ် ၇၀၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။





www.burmeseclassic.com

www.burmeseclassic.com

## ရွှေပြည်တော် မျှော်မဝေးပြီဘူး

ဇွန်လ ၃၀ ရက်၊ ၂၀၀၉

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သာသနာပြုခရီးစဉ်များ မတိမ်မြုပ်စေရန်၊ သူတော်ကောင်း ဓာတ်ခံတရားတော်တွေ တိုးပွားစေရန် ရည်ရွယ်လျက်၊ ပြည်ပ ရောက် တပည့် ဒကာ၊ ဒကာမတွေရဲ့ ပင့်ဖိတ်ချက်အရ၊ ဘုန်းကြီးအနေနဲ့ ပြည်ပသို့ ဓမ္မဂုဏ်ရည်ပြခရီးကို စတင်ခဲ့တာ ယနေ့ဆို (၄-လ)ပြည့်လုနီးပါပြီ။ လက်ရှိအခြေအနေမှာ ဘုန်းကြီးရဲ့ဘ၀ဟာ ပြည်ပမှာဖြစ်နေပေမယ့်၊ ဆန္ဒကတော့ ရွှေပြည်ဌာနကိုပဲ မျှော်နေမိပါတယ်။ ယနေ့တော့ မျှော်လင့်နေတဲ့ ရွှေပြည်တော်ကြီးဟာ တဖြည်းဖြည်းနှင့် နီးတော့မှာ ပါလား.....။

ဒါကြောင့် ဒီနေ့ နံနက် ၅ နာရီ အိပ်ရာထ။ ပြုဖွယ်ကိစ္စပြု။ ဘုရားဝတ်တက်၊ မေတ္တာပွား၊ တရားရှုမှတ်။ နံနက် ၆ နာရီမှာ ကုသိုလ်ရှင်များလှူဒါန်းတဲ့ အရုဏ်ဆွမ်းကို

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသံဃာများနှင့်အတူ မေတ္တာပွားပြီး ဘုဉ်းပေးကြပါတယ်။ ကျောင်းရှေ့မှာ ကျောင်းရှိသံဃာများနဲ့ မှတ်တမ်းဓာတ်ပုံရိုက်ကြပါတယ်။

မိမိဌာနေ မြန်မာပြည်သို့ ပြန်တော့မှာဖြစ်တဲ့အတွက် လန်ဒန်ဝိဟာရမှာ သီတင်းသုံးနေကြတဲ့ ဆရာတော် ဦးကုသလ၊ ဦးဝိသုတ၊ ဦးတောသနတို့ကို ဘုန်းကြီးရောက်ရှိနေစဉ် အာဝါသိကဝတ်ကျေပြွန်စွာ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ကြပြီး ဗဟုသုတဖြစ်စေမည့် ရောက်သင့် ရောက်ထိုက်တဲ့နေရာများ ပို့ဆောင်ပေးကြ။ အထူးသဖြင့် ဘုန်းကြီးရောက်ခိုက်မှာ တရားအားထုတ်လိုသူများအတွက် တရားစခန်းဖြစ်အောင် ဆောင်ရွက်ပေးကြတဲ့အတွက် အထူးကျေးဇူးတင်ပါကြောင်းနဲ့ နှုတ်ခွန်းဆက်ပါကြောင်း ပြောကြားပြီး မြန်မာနိုင်ငံကို ကြွရောက်ခဲ့လျှင်လည်း ရွှေမင်းဝံသာသနာ့ရိပ်သာသို့ ကြွရောက်သီတင်းသုံးကြပါရန် ဖိတ်မန္တကပြု နှုတ်ဆက်ခဲ့ပါတယ်။

နံနက် ၈ နာရီအချိန် ဦးဉာဏိကာဘိဝံသ၊ ဦးတောသနတို့နဲ့အတူ မောင်နန္ဒ+မအေးဥမ္မာတို့ ဇနီးမောင်နှံက ဟီးသရိုး လေဆိပ်ကို ပို့ဆောင်ကုသိုလ်ပြုပါတယ်။

ဆွမ်းဘုဉ်းပေးချိန်ရောက်နေပြီဖြစ်တဲ့အတွက် မောင်နန္ဒ+မအေးဥမ္မာတို့မှ ကာလဒါနကုသိုလ်အဖြစ် လေဆိပ်ထဲမှ စားသောက်ဆိုင်ပင့်ပြီး ဥရောပအစားအစာများမှာယူပြီး



ဘုန်းကြီးသုံးပါးကိုလည်း ကပ်လှူ၊ သူတို့လဲ မှာယူသုံးဆောင်ကြပါတယ်။

ဆွမ်းဘုဉ်းပေးအပြီးမှာတော့ မိမိစီးနင်းလိုက်ပါရမည့် ထိုင်းလေကြောင်းလိုင်း ဂိတ်ကိုရောက်အောင်သွားပြီး ပတ်စပို့ လေယာဉ်လက်မှတ် စသည့်ဆောင်ရွက်စရာရှိတာများကို ဆောင်ရွက်ပေးကြပြီး ဘုန်းကြီးကို ဝှီးချဲပေါ်တင်ပေးကာ အပြန်အလှန် နှုတ်ဆက်ခွဲခွာခဲ့ကြပါတယ်။

ရှေ့မှာဆောင်ရွက်စရာရှိသည်များကိုလည်း ဝှီးချဲဆရာကပဲ ပတ်စ်ပို့နဲ့ လေယာဉ်လက်မှတ်ကိုင်ဆောင်ပြီး ဝန်ဆောင်မှုပြု၍ လေယာဉ်ပေါ်အရောက်ပို့ပေးပါတယ်။ မိမိဘာမှ လုပ်စရာမလိုပါ။

လေယာဉ်ပေါ်ရောက်တော့လည်း လေယာဉ်မောင်မယ်များရဲ့ ကူညီဝန်ဆောင်ပေးမှုဖြင့် မိမိလိုက်ပါရမည့် အထူးခန်းခုံအမှတ် C-2 မှာ ပို့ဆောင်ပေးကြပါတယ်။

ဘုန်းကြီးလိုက်ပါမည့် အထူးခန်းထဲမှာ ခရီးသည် ၁၂ ဦးခန့် လိုက်ပါကြပါတယ်။ ထိုင်ခုံက ကြီးလည်းကြီး၊ ကျယ်လည်း ကျယ်ပါတယ်။ ထိုင်တဲ့အခါမှာလည်း တည့်တည့်ထိုင်ချင်လည်းရ၊ အနည်းငယ်လှန်ပြီး သက်သောင့်သက်သာထိုင်ချင်လည်းရ၊ အိပ်စက်အနားယူချင်လို့ ခလုတ်ကို အဆုံးထိနှိပ်ပြီး နံကိုလှန်ချလိုက်လို့ရှိရင်လည်း မိမိအိပ်ရာပေါ် အိပ်စက်

www.burmeseclassic.com

www.burmeseclassic.com



ရသလို ချမ်းချမ်းသာသာ အိပ်စက်အနားယူပြီး လိုက်ပါလို့ရပါတယ်။ သိပ်အဆင်ပြေပါတယ်။

မိမိလိုက်ပါတဲ့ အခန်းရှေ့မှာ တစ်ခန်းရှိပါသေးတယ်။ အထူးခန်းဖြစ်သည့်အတွက် လေယာဉ်မောင်မယ်များရဲ့ ဝန်ဆောင်မှုကတော့ ပြောစရာမလိုလောက်အောင် ဂရုစိုက်ကြတာကို တွေ့ရပါတယ်။

လေယာဉ်ကြီးဟာ ဥရောပစံတော်ချိန် ၁ နာရီလောက်မှာ စတင်ထွက်ခွာပါတယ်။

လေယာဉ်တက်ပြီးမကြာမီအချိန်ကစပြီး စားဖွယ်သောက်ဖွယ်များကို တစ်နာရီ တစ်ကြိမ်လောက် ဝန်ဆောင်မှုပြုနေကြပါတယ်။

ဘုန်းကြီးအတွက်ကတော့ ရေတစ်လှည့်၊ ရေတစ်လှည့် ပါပဲ။ အချိုရည်ကိုလည်း ဘုန်းကြီးက မဘုဉ်းပေးပါ။

ယခုလို အဆင်ပြေပြေ ချမ်းချမ်းသာသာနဲ့ မြန်မာနိုင်ငံပြန်ကြွနိုင်အောင် အထူးတန်းလေယာဉ်လက်မှတ်လှူဒါန်းကြတဲ့ ဆရာကြီး ဒေါက်တာမြတ်စံနဲ့ ညီမ မခင်ခင်ကျော်တို့ မောင်နှမအား အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းပြုပါတယ်။ ၂၀၀၇ ခုနှစ် သာသနာပြုခရီးကြွစဉ်ကလည်း ယခုလို မြန်မာနိုင်ငံအပြန်ခရီးအတွက် အထူးတန်းလေယာဉ်လက်မှတ် လှူဒါန်းလို့ ချမ်းသာစွာပြန်ကြွခဲ့ရတာကိုလည်း အမှတ်ရနေဆဲပါ။



လေယာဉ်ကြီးဟာ ဟီးသရိုးလေဆိပ်မှ နေ့လယ် ၁ နာရီမှ စတင်ပြီး ပျံသန်းလာလိုက်တာ နံနက် ၆ နာရီမှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးသို့ ဆိုက်ရောက်ရပ်နားပါတယ်။

လေယာဉ်ကြီးမဆင်းသက်ခင်မှာ နံနက်စာများ ဆက်ကပ်လို့ ဘုဉ်းပေးခဲ့ရပါတယ်။

လေဆိပ်ရောက်တဲ့အခါမှာလည်း ဗိုးချဲဆရာက ဝန်ဆောင်မှုပေးဖို့အတွက် ဘုန်းကြီးနာမည်ပါ စာတမ်းလေးကိုင်ပြီး စောင့်ဆိုင်းနေပါတယ်။

သူ့ကို ပတ်စ်ပို့နဲ့ လေယာဉ်လက်မှတ်ပေးလိုက်ပြီး သူခေါ်ဆောင်ရာနောက်လိုက်သွားပါတယ်။ ဗိုးချဲဆရာရဲ့ ဝန်ဆောင်မှုနဲ့ ခေတ္တစောင့်ဆိုင်းရမည့်နေရာကို ပို့ပေးပါတယ်။

၇း၃၀ နာရီလောက်မှာတော့ ဗိုးချဲဆရာပြန်ရောက်လာပြီး ပတ်စ်ပို့နဲ့လေယာဉ်လက်မှတ်ကိုယူခဲ့ စစ်ဆေးရေးဂိတ်များကို ပြသပြောဆို စစ်ဆေးအပြီး မြန်မာနိုင်ငံကိုသွားမည့် လေယာဉ်ပေါ်အရောက် ကျွမ်းကျင်ပိုင်နိုင်စွာ ဝန်ဆောင်မှုပေးပါတယ်။ ဘုန်းကြီးစိတ်ထဲမှာ ဗိုးချဲအကူအညီနဲ့သာဆိုရင် ကမ္ဘာကိုတောင်ပတ်လို့ရနေပြီဆိုတာလိုပဲ....

၈း၁၀ နာရီမှာ ထိုင်းလေကြောင်းခရီးစဉ် တီဂျီလေယာဉ်ကြီးဖြင့် မြန်မာနိုင်ငံသို့ ဆက် လက်ကြွခဲ့ပါတယ်။ လေယာဉ်ပေါ်မှာ နံနက်စာ ကော်ဖီနဲ့မုန့်များ ကပ်လှူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးသို့ မြန်မာစံတော်ချိန် နံနက် ၉း၁၀ နာရီအချိန်မှာ ဆိုက်ရောက်ပါတယ်။

မဟာပုဗ္ဗာရာမ ဆရာတော်ကြီး ဘဒ္ဒန္တကေသရနှင့် ဦးညဘာသတို့ ဦးဆောင်ပြီး ရိပ်သာဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့် အမှူးရှိသော ဂေါပကအဖွဲ့ဝင်များ ပုညသီ အမျိုးသမီးဝေယျာဝစ္စအဖွဲ့၊ ဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင် တင့် အမှူးရှိသော ပုညသီ အမျိုးသမီးဝေယျာဝစ္စအဖွဲ့ဝင် များ၊ တပည့်ဒါယကာ ဒါယိကာမများက လေဆိပ်မှာ ကြိုဆို ကြပြီး ရိပ်သာသို့ ပင့်ဆောင်ခဲ့ကြပါတယ်။

ရိပ်သာရောက်ပြီး စံကျောင်းတော်မှာ ခေတ္တနားကာ ဂေါပကအဖွဲ့မှ ဦးဆောင်၍ မဟာဓမ္မဗိမာန်တော်အပေါ်ထပ် ဓမ္မခန်းမသို့ ပင့်ဆောင်ခဲ့ကြပါတယ်။

ဓမ္မဗိမာန်တော်အပေါ်ထပ် တရားခန်းမတွင် ကြိုတင် နေရာယူထားကြသော ရိပ်သာမှ တပည့်သံဃာတော်များ၊ တရားအားထုတ်ဆဲ သံဃာတော်များ၊ အမျိုးသားယောဂီ၊ သီလရှင်ယောဂီ၊ အမျိုးသမီးယောဂီများ၊ ဂေါပကအဖွဲ့ဝင်များ၊ ပုညသီအမျိုးသမီးအဖွဲ့ဝင်များ၊ ဝေယျာဝစ္စအဖွဲ့များမှ ကြိုဆို ပူဇော်ကန်တော့ကြပါသည်။

ဘုန်းကြီးမှ ဒုတိယအကြိမ် အမေရိကန်၊ အင်္ဂလန်စတဲ့ ခြောက်နိုင်ငံ ဓမ္မဂုဏ်ရည်ပြခရီးရဲ့ ဘုန်းကြီးဆောင်ရွက်ခဲ့တဲ့



သာသနာပြု အတွေ့အကြုံ အကျဉ်းချုပ် ဟောပြောပြီး နှုတ်ဆက်ပူဇော်ခြင်းအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြပါတယ်။

ရွှေမင်းဝံသာသနာ မြန်မကြာ ကမ္ဘာပြန့်စေသော်။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ဘဒ္ဒန္တ သောဘန
ရွှေမင်းဝံဆရာတော်



www.burmeseclassic.com

www.burmeseclassic.com













BURMESE CLASSIC .com

မဟာကမ္မဋ္ဌာနာစရိယ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# ရွှေမင်းဝံဆရာတော်

## အမေရိက ဥရောပ
## (၆)နိုင်ငံဓမ္မဂုဏ်ရည်ပြ
## အမှတ်တရနေ့ရက်များ



www.burmeseclassic.com